vltYcGJa&;rwfvrf;jyKjcif;
vufpOfsm;

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)
ဒီဇင်ဘာ ၂၀၀၉ ခုနှစ်။

ndburma2.indd 1 26-Dec-09 13:05:17

jrefmbmomjzifxkwf0jcif;t wGuft rsS

လူ့အခွင့်အရေးမှတ်တမ်းပြုခြင်း လက်စွဲစာစဉ်များအား လူ့အခွင့်အရေးမှတ်တမ်းကွန်ယက် (မြန်မာနိုင်ငံ) မှ အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုခဲ့ရာ ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် လက်စွဲစာစဉ် ၁၃ ခုလုံး ပြီးစီးခဲ့ပါသည်။ အဆိုပါစာစဉ်များအား ကွန်ယက်၏ အင်တာနက်စာမျက်နှာ (www.nd-burma.org) တွင် ကြည့်ရှုနိုင်ပါသည်။

ကွန်ယက်၏ မူလရည်ရွယ်ချက်မှာ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နေသည့် အဖွဲ့အစည်းများအနေဖြင့် လက်စွဲစာစဉ်များအား လက်တွေ့အသုံးချနိုင်စေရန်ဖြစ်ပါသည်။ ထို့ကြောင့် National Endowment for Democracy (NED) ၏ အကူအညီဖြင့် လက်စွဲစာစဉ်များအား အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ၂၀၀၉ ခုနှစ် ဇူလိုင်လမှ စတင် ပြန်ဆိုခဲ့ပါသည်။ မြန်မာဘာသာ လက်စွဲစာစဉ်များအား စာအုပ်အဖြစ် မထုတ်ဝေမီ ကွန်ယက်အဖွဲ့ဝင်များမှ ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းများပြုလုပ်ခဲ့ပါသည်။ ထို့နောက် People in Need ၏ အကူအညီဖြင့် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။

ယခုစာအုပ်တွင် လက်စွဲစာစဉ် ၁၃ ခုအပြင်၊ လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ) မှ ပြုစုထားသည့် "ကလေးများနှင့် အင်တာဗျူးခြင်း" နှင့် "အကြမ်းဖက်ခံရသော အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းခြင်း" အခန်းများကို အချပ်ပိုအနေဖြင့် ထပ်မံဖြည့်စွက် ထည့်သွင်းထားပါသည်။

ယခုလက်စွဲစာစဉ်များအား ဖတ်ရှုလေ့လာပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို လက်တွေ့ မှတ်တမ်းကောက်ယူနေသူများ (သို့မဟုတ်) လူ့အခွင့်အရေးမှတ်တမ်းပြုခြင်းဆိုင်ရာ သင်တန်းပေးနေသူများအနေဖြင့် အဆိုပါစာစဉ်များအသည် လက်တွေ့ အခြေအနေနှင့် ကိုက်ညီမှု ရှိ၊ မရှိ၊ အားနည်းချက်၊ လိုအပ်ချက်များကို ဝေဖန်အကြံပြုလိုပါက ကွန်ယက်ရုံးသို့ အီးမေးလ် (office@nd-burma.org) ပေးပို့နိုင်ပါသည်။ ရရှိလာမည့် ဝေဖန်၊ အကြံပြုချက်များအပေါ်အခြေခံ၍ လက်စွဲစာစဉ်များအား ပိုမိုကောင်းမွန်အောင် တည်းဖြတ် ထုတ်ဝေသွားမည်ဖြစ်ပါသည်။

လက်စွဲစာစဉ်များအား မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေနိုင်စေရန်အတွက် ဘာသာပြန်ပေးခဲ့သော အင်းဝ ဘာသာပြန်အုပ်စု၊ ဘာသာပြန် လက်စွဲစာစဉ်များအား အချိန်ယူ၊ ဖတ်ရှု တည်းဖြတ်ပေးသည့် ကွန်ယက်အဖွဲ့ဝင်များ၊ စာအုပ်ထုတ်ဝေနိုင်စေရေးအတွက် အကူအညီပေးကြသည့် NED နှင့် PIN၊ တွေ့ဆုံမေးမြန်းခြင်းနှင့်ပတ်သက်သည့် အခန်းများအား အသုံးပြုခွင့်ပေးသည့် လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ) တို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စိမံခန့်ခွဲရေးအဖွဲ့
လူ့အခွင့်အရေးမှတ်တမ်းကွန်ယက် (မြန်မာနိုင်ငံ)
၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ

စာအုပ်အတွင်းအပြင် ဒီဇိုင်း – MMM LWIN
ပထမအကြိမ် အရေအတွက် ကန့်သတ်ထုတ်ဝေသည်။

ပထမအကြိမ် ပုံနှိပ်မှတ်တမ်း

မူပိုင်	လူ့အခွင့်အရေးမှတ်တမ်းကွန်ယက် (မြန်မာနိုင်ငံ)
ထုတ်ဝေသည့်ခုနှစ်	၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ၊ (ပထမအကြိမ်)
ထုတ်ဝေသူ	လူ့အခွင့်အရေးမှတ်တမ်းကွန်ယက် (မြန်မာနိုင်ငံ)
Funded by	National Endowment for Democracy (NED) and People In Need (PIN).
ဆက်သွယ်ရန်	office@nd-burma.org P.O Box 67 CMU Post Office Chiang Mai 50202 Thailand

rnwdm

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ကျေးဇူးတင်လွှာ	၄
၂။	လက်စွဲစာစဉ်များအကြောင်း	၅
၃။	လူ့အခွင့်အရေးမှတ်တမ်းကွန်ယက်အကြောင်း	၆
၄။	**အခန်း (၁) မှတ်တမ်းပြုခြင်း ချိုးဖောက်မှုကို အဓိပ္ပါယ်သတ်မှတ်ခြင်း**	၉
	– မတရားဖမ်းဆီးမှုနှင့် ထိမ်းသိမ်းချုပ်နှောင်မှုများ၊	၁၀
	– အဓမ္မလုပ်အားခိုင်းစေမှု၊	၂၅
	– အတင်းအဓမ္မ လက်ထပ်စေခြင်း၊	၄၀
	– လူကုန်ကူးခြင်း၊	၅၄
	– သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပြစ်ခြင်း၊	၆၇
	– ကလေးစစ်သားများ	၈၂
	– ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသောမလျော်ကန် ပြုမူခြင်းပုံစံများ	၉၅
	– လိင်ဖျော်ဖြေရေးလုပ်ငန်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်း	၁၁၀
	– အဓမ္မ‌ရွှေ့ပြောင်းခံရခြင်း	၁၂၄
	– လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ချိုးဖောက်မှု	၁၄၀
	– မုဒိမ်းပြုကျင့်မှုနှင့် အခြားသောလိင်မှုဆိုင်ရာ အကြမ်းဖက်မှုပုံသဏ္ဌာန်များ	၁၅၄
	– ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း	၁၆၆
	– လွတ်လပ်စွာဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်ကို ပိတ်ပင်တားမြစ်ခြင်း၏ ချိုးဖေါက်မှု	၁၈၀
၅။	**အခန်း(၂) ပိုင်းခြားသုံးသပ်ခြင်း အထောက်အထားများကို အကဲဖြတ်ခြင်း**	၁၉၇
	– အထောက်အထားများကို စနစ်တကျစုစည်းခြင်း	၁၉၈
	– အချက်အလက်များ အင်အားကောင်းစေခြင်း	၂၀၂
	– နိုင်ငံတကာဥပဒေအရ ကြီးလေးသောရာဇဝတ်မှုများ – လူမျိုးတုံးသတ်ဖြတ်ခြင်းနှင့် လူသားမျိုးနွယ်တရပ်လုံးကို ဆန့်ကျင်ရေး ရာဇဝတ်မှုများ	၂၀၂
	– နိဂုံးချုပ်	၂၁၆
၆။	**အခန်း(၃) အစီရင်ခံတင်ပြခြင်း အထောက်အထားများကို အသုံးပြုခြင်း**	၂၁၇
	– အထောက်အထားများကိုတင်ပြခြင်း	၂၁၈
	– ကုလသမဂ္ဂ၏ အခန်းကဏ္ဍ	၂၁၈
	– ကုလသမဂ္ဂရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ရန် လိပ်စာများ	၂၅၈
၇။	စံပြုမေးခွန်းလွှာပုံစံများ	၂၆၄
၈။	အချုပ်ပို (၁) ကလေးများနှင့် အင်တာဗျူးခြင်း	၂၉၇
၉။	အချုပ်ပို (၂) အကြမ်းဖက်ခံရသောအမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းခြင်း	၃၀၀

au&;Zl;wifvm

ဤလက်စွဲစာစောင်သည် မြန်မာနိုင်ငံမှာ ကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများ အကြောင်းမှတ်တမ်းပြုနေကြသော အဖွဲ့ပေါင်း (၁၂) ဖွဲ့ကို ပေါင်းစုထားသည့် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်အဖွဲ့ (မြန်မာနိုင်ငံ) (ND-Burma)၏ ကြိုးပမ်းအားထုတ်မှု ရလဒ်တခုဖြစ်ပါသည်။ (ND-Burma)သည် မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့များက လူတွေ့မေးမြန်းခြင်းနှင့် အခြားသော အချက်အလက်ရှာဖွေရေးနည်းလမ်းများဖြင့် စုဆောင်းထားသော သတင်းအချက်အလက်များ စုစည်းသိမ်းထားရာ အချက်အလက်ဘဏ်တခုကို တည်ဆောက်လျက်ရှိပါသည်။ (ND-Burma)သည် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အလားအလာကို ပိုင်းခြားသုံးသပ်ရာ၌ အထောက်အကူဖြစ်စေရန်၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို တားဆီးရေးတွင် တိုက်တွန်းတင်ပြမှုများဆောင်ရွက်ရန်၊ မြန်မာနိုင်ငံတွင် အသွင်ကူးပြောင်းရေးကာလ တရားဥပဒေရေးရာလုပ်ငန်းစဉ်များ ရေးဆွဲရေးတွင် အထောက်အကူ ဖြစ်စေရန်တို့အတွက် ဤစီမံချက်ကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဤရည်မှန်းချက်များ ပေါက်မြောက်ရေးအတွက် ဆောင်ရွက်ရာ၌ ဤစာစောင်သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းပြုနည်းနှင့်ပတ်သက်၍ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့်အညီ၊ (ND-Burma) အဖွဲ့ဝင်များ၏ အတွေ့အကြုံများပေါ်မှာအခြေခံလျက် လမ်းညွှန်ချက်များပေးရန် ရည်ရွယ်ထားသော လက်စွဲစာစဉ်များဖြစ်ပါသည်။

(ND-Burma) သည် ဤစီမံချက် ပေါက်မြောက်အောင်မြင်ရေးအတွက် အရေးပါသော ကူညီထောက်ပံ့မှုများနှင့်အချက်အလက်များဖြည့်ဆည်းပေးသော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိပါသည်။ ဤစီမံချက်ကို ရေးဆွဲရာ၌ရော၊ စီမံ အုပ်ချုပ်ရာ၌ပါ အတွင်းကျကျပါဝင်ခဲ့သော ပက်ထရစ် ပီးယားစ်(Patrick Pierce)၏ တစိုက်မတ်မတ်ဆောင်ရွက်ပေးမှုနှင့် အကျိုး ပြုမှုတို့ကို (ND-Burma)က အထူးတန်ဖိုးထားပါသည်။ ဤလက်စွဲစာစောင်များအတွက် ရှေ့ဦးရှုစမ်းမှုများပြုရာနှင့်ပုံစံထုတ်ရာတွင် တိုင်လာ ဂီယန်နီနီ (Tyler Giannini)နှင့် ဟားဗတ်တကက္ကသိုလ်၊ ဥပဒေကျောင်း၊ လူ့အခွင့်အရေးဌာနတို့၏ ပါဝင်ဆောင်ရွက်ပေးမှုကိုလည်း များစွာ တန်ဖိုးထားပါသည်။ ဤကွန်ရက်အဖွဲ့ ဖွဲ့စည်းရေးနှင့် ကောင်စွာ လှုပ်ရှားနိုင်ရေးတွင် (ND-Burma)၏ လက်ရင်းအဖွဲ့ဝင်တခုဖြစ်သော လူ့အခွင့်အရေး ပညာပေးဌာန (မြန်မာနိုင်ငံ) (HREIB) ကမူ ဤစီမံချက်အတွက် မရှိမဖြစ် လိုအပ်သော စီမံအုပ်ချုပ်မှုဆိုင်ရာ အထောက်အကူများ ပံ့ပိုးပေးခဲ့ပါသည်။

(ND-Burma) အနေနှင့် မိမိတို့၏ အချိန်နှင့် ကျွမ်းကျင်မှုပညာရပ်များကို ရက်ရောစွာအသုံးပြုကာ၊ ဤလက်စွဲစာစောင်၏ အကြောင်းအရာနှင့်ပတ်သက်၍ စိစစ်သုံးသပ်ခြင်း၊ ထင်မြင်ချက်ပေးခြင်း ပြုခဲ့ကြသော ပတ်ဘလို အက်စပင်နီယဲလား (Pablo Espiniella)နှင့်တကွ၊ ပညာရှင်ပုဂ္ဂိုလ်များ၊ ရှေ့နေများ၊ လူ့အခွင့်အရေး လှုပ်ရှားသူများကို ကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် စာစောင်ကို ရှေးဦးထုတ်ဝေခဲ့စဉ်က စိစစ်သုံးသပ်ပေးခဲ့သော ဂျိုးဇက်နော်လွန်း (Joseph Naw Lum)၊ မိုက်ပေလာ (Mike Paller)၊ Cecile Aptel၊ David Arnott၊ Chris Lewa၊ နိုင်ထူး၊ Manav Bhatnagar၊ Eric Rutkow၊ Gabe Kuris၊ Lindsey Finch၊ Andrew Woods၊ Adrienne Fricke၊ ဘွန်နီ ဒိုချာတီ (Bonnie Docherty)အား ကျေးဇူးတင်ရှိကြောင်း ဖေါ်ပြလိုပါသည်။

(ND-Burma) အနေနှင့် ဤစာစောင်ပြုစုရေးနှင့် ထုတ်ဝေရေးဖြစ်မြောက်အောင် ဘဏ္ဍာရေးအကူအညီပေးခဲ့သော ဘန်ကောက်၊ နယ်သာလန်သံရုံးနှင့် Open Society Institute တို့ကိုလည်း ကျေးဇူးတင်ကြောင်း အသိအမှတ်ပြုပါသည်။ ဤစာစောင်ကို အေမီအလက်ဇန္ဒား (Amy Alexander)၊ ဂျရမီ မက် (Jeremy Mak)၊ ပက်ထရစ် ပီးယားစ် (Patrick Pierce)၊ တို့၏ ပူးပေါင်းအားထုတ်မှုဖြင့် ရေးသားခဲ့ခြင်းဖြစ်ပါသည်။ (ND-Burma) အဖွဲ့ဝင်များကမူ စာစောင်၏ အချက်အလက် တိကျသေချာမှု၊ ပြည့်စုံမှု၊ ရှေ့နောက်ညီညွတ်မှု ရှိစေရေးအတွက် အကြောင်းအရာနှင့်ပတ်သက်၍ အထူးကြီးကြပ်ခြင်း၊ တည်းဖြတ်ခြင်း ပြုခဲ့ကြပါသည်။

(ND-Burma) ၏ ရိုးသားစစ်မှန်သော မျှော်လင့်ချက်မှာ မြန်မာနိုင်ငံ ပြည်သူတရပ်လုံး လူ့အခွင့်အရေး ရရှိခံစားရမည့် နေ့ဆဲ ဦးတည်လျက် မမောနိုင်မပမ်းနိုင် ဆောင်ရွက်နေကြသော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဘက်တော်သားများအတွက် ဤစာစောင်သည် အစွမ်းထက်သော လက်နက်တရပ် အဖြစ်အကျိုးပြုလိမ့်မည် ဖြစ်ပါကြောင်း။

ndburma2.indd 4 26-Dec-09 13:05:18

v u f p D m p O f s m ; t a l u m i f

ဤလက်စွဲစာစောင်သည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းပြုခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာဥပဒေချိုးဖောက်မှုရှိ–မရှိ ပိုင်းခြားသုံးသပ်ခြင်းနှင့် ဤအကြောင်းများကို အစီရင်ခံတင်ပြခြင်းနည်းတို့အတွက် သတင်းအချက်အလက်များ ပေးထားပါ သည်။

အခန်း (၁) – မှတ်တမ်းပြုခြင်း။ ။ လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့်သက်ဆိုင်သော နိုင်ငံတကာဥပဒေများကိုဖေါ်ပြထားပြီး၊ ဤချိုးဖောက်မှုများကို မှတ်တမ်းပြု၍ ရနိုင်ဖွယ်ရှိသောနည်းလမ်းများနှင့် ပတ်သက်၍ လမ်းညွှန်ချက်များ ပေးထားပါသည်။ ထို့နောက် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေ၊ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ၊ အချိန်အခါတို့အကြောင်း သတင်း အချက်အလက်များ ပေးထားပါသည်။ ထို့ပြင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သော နမူနာအချက်အလက်ပုံစံပေါ် အခြေခံလျက် တွေ့ဆုံမေးမြန်းခြင်းအတွက် ကောင်းသောနမူနာပုံစံနှင့် ညှဲ့ဖျင်းသော နမူနာပုံစံ တို့ကိုလည်း ဖော်ပြပေးထားပါသည်။

အခန်း (၂) – ပိုင်းခြားသုံးသပ်ခြင်း။ ။ နိုင်ငံတကာ ဥပဒေချိုးဖောက်မှုအဖြစ် သတ်မှတ်ရေးအတွက် အထောက်အထားများကို အကဲဖြတ်နည်း အကြောင်းကို ဆွေးနွေးထားပါသည်။ ချိုးဖောက်မှု အထောက်အထားများကို အားကောင်းစေမည် ဖြစ်သော အလားအလာများနှင့် ဖြစ်နေကျပုံစံများကို အကဲဖြတ်နည်းအကြောင်း ဆွေးနွေးထားပါသည်။ အခန်း (၂) တွင် လူမျိုးတုံးသတ်ဖြတ်ခြင်းနှင့် လူသားမျိုးနွယ် တရပ်လုံးအပေါ် အန္တရာယ်ပြုဆန့်ကျင်သော ရာဇဝတ်မှုများကဲ့သို့သော နိုင်ငံတကာ ဥပဒေအရ ကြီးလေးသောအမှုများအဖြစ် သတ်မှတ်ရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များလည်း ပါဝင်ပါသည်။

အခန်း (၃) – တိုက်တွန်းစည်းရုံးခြင်း။ ။ နိုင်ငံတကာ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများထံသို့ လူ့အခွင့်အရေး ချိုးဖောက်မှု အထောက်အထားများ တင်ပြခြင်းနှင့်ပတ်သက်သော သတင်းအချက်အလက်များပါဝင်ပါသည်။ ဤအခန်း သည် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို အလေးတင်း တင်ပြထားပြီး၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ အသုံးပြုနိုင်သော လုပ်ထုံးလုပ်နည်းများ အကြောင်းကို အကျဉ်းရုံး တင်ပြထားပါသည်။

အချပ်ပိုတွင် ကလေးများနှင့် အင်တာဗျူးခြင်းနှင့် အကြမ်းဖက်ခံရသော အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းခြင်း အကြောင်းများကို ထည့်သွင်းဖော်ပြထားပါသည်။

ndburma2.indd 5 26-Dec-09 13:05:18

vlxkcGifta&;rSwfwrf;uGef, uftaqumif;

မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့များ လူ့အခွင့်အရေးမှတ်တမ်းပြုခြင်းလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နည်းလမ်းတရပ် ဖြည့်ဆည်းပေးသောအားဖြင့် (၂၀၀၃) ခုနှစ်တွင် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma)ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ (ND-Burma) ၏အဖွဲ့ဝင် (၁၂)ဖွဲ့တို့သည် မြန်မာနိုင်ငံရှိ လူမှုအသိုင်းအဝိုင်းများတွင် မည်သို့သော ဒုက္ခဝေဒနာများ ခံစားနေရပုံအကြောင်း အဖြစ်မှန် အမှန်တရားကို စုပေါင်းအသုံးပြုကာ၊ လောလောဆယ် စည်းရုံးတိုက်တွန်းတင်ပြခြင်းနည်းလမ်းဖြင့် စစ်အစိုးရ၏အာဏာကို စုပေါင်းစိန်ခေါ်ရန် ကြိုးစားနေကြပါသည်။ ထို့အပြင် နိုင်ငံရေးအသွင်ကူးပြောင်းရေးကာလတွင် တရားမျှတမှုနှင့် တာဝန်သိမှုရှိသော လုပ်ဆောင်ချက်အစီအစဉ်များအတွက်လည်း ကြိုတင်ပြင်ဆင်ထားရန် ကြိုးစားနေပါသည်။ (ND-Burma) သည် ကွင်းဆင်း အချက်အလက်စုဆောင်းရေး လုပ်ငန်းများအတွက် သင်တန်းများလည်းပေးပါသည်။ (Benetech) တီထွင်ထားသော လွတ်လပ်စွာ အခမဲ့သုံးနိုင်သော Open-source software ကို အသုံးပြုလျက် အဖွဲ့ဝင်များပေးသော သတင်းအချက်အလက်များကို ညှိနှိုင်းပြီး၊ ဘုံအချက် အလက်ဘဏ်မှာ ထည့်သွင်းပါသည်။ ထို့အပြင် ပူးတွဲ အစီရင်ခံတင်ပြခြင်းနှင့် စည်းရုံးလှုံ့ဆော်တိုက်တွန်းခြင်း လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်ပါသည်။ အခွင့်သင့်ပါက (ND-Burma) သည် မိမိ၏ လုပ်ငန်းနယ်ပယ်မှန်သမျှတွင် အခြားသောလူ့အခွင့်အရေး အဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ (၂၀၀၈)ခုနှစ်၊ စက်တင်ဘာလကစ၍ ယခုအထိ (ND-Burma) တွင် အောက်ပါ အဖွဲ့အစည်းများ ပါဝင်လှုပ်ရှားနေကြပါသည်။

- All Arakan Students' and youths' Congress (AASYC)
- Assistance Association for Political Prisoners - Burma (AAPPB)
- Burma Issues
- EarthRights International (ERI)
- Human Rights Documenation Unit (HRDU)
- Human Rights Education Institute of Burma (HREIB)
- Human Rights Foundation of Monland (HURFOM)
- Kachin Women's Association – Thailand (KWAT)
- Lahu Women's Organization (LWO)
- Palaung Women's Organization (PWO)
- Ta'ang Students and Youth Organization (TSYO)
- Yoma 3 News Service တို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံမှာဖြစ်ပွားသော လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးအစားများကား များပြားလှသည်ဖြစ်ရာ (ND-Burma) ၏ အဖွဲ့ဝင်အသီးသီးသည် မိမိတို့၏ သတ်မှတ်ထားသောတာဝန်နှင့် အထူးသက်ဆိုင်သော ချိုးဖောက်မှုများကိုသာအထူးအာရုံစိုက် မှတ်တမ်းတင်ကြပါသည်။ အဖွဲ့ဝင်များပူးပေါင်းဆောင်ရွက်ရေးအတွက် စည်းမျဉ်းကန့်သတ်ချက်ဘောင်တခု ပေါ်ပေါက်လာရေးတွင် ဦးစားပေးလုပ်ငန်းတာဝန်တခုမှာ ကွန်ရက်အဖွဲ့အနေနှင့် အထူးအာရုံစိုက်မည့် လူ့အခွင့်အရေး ချိုးဖောက်မှုအမျိုးအစားများကို "သတ်မှတ်ထားသော ဝေါဟာရများ" စာရင်းဖြင့် ပြုစုထားကြရန်ဖြစ်ပါသည်။ ဤ စာရင်းကို အခြေခံ လျက် (ND-Burma) က ချိုးဖောက်မှု (၁၃) ခုကို အထူးပြုထားသည့် လက်စွဲစာစောင်များနှင့် အထွေထွေ မှတ်တမ်းပြုခြင်း လက်စွဲစာစောင်တို့ ပါဝင်သော ဤမှတ်တမ်းပြုခြင်း လက်စွဲစာစောင်များကို ရေးသားပြုစုထားခြင်းဖြစ်ပါသည်။ ဤစာစဉ်မှာ အောက်ပါ လက်စွဲစာစောင်များ ပါဝင်ပါသည်။

ndburma2.indd 6 26-Dec-09 13:05:18

၁။ သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်း၊

၂။ မတရား ဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ၊

၃။ ကလေးစစ်သားများ အသုံးပြုမှု၊

၄။ အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်း၊

၅။ မုဒိမ်းပြုကျင့်မှုနှင့် အခြားသော လိင်မှုဆိုင်ရာအကြမ်းဖက်မှု ပုံသဏ္ဌာန်များ၊

၆။ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသော မလျော်ကန်ပြုမူခြင်းပုံစံများ၊

၇။ အဓမ္မလုပ်အားစေခိုင်းမှု၊

၈။ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်း၊

၉။ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း၊

၁၀။ အတင်းအဓမ္မ လက်ထပ်စေခြင်း၊

၁၁။ လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်း၊

၁၂။ လူကုန်ကူးရောင်းဝယ်ခြင်း၊

၁၃။ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်ကို ထိပါးနှောက်ယှက်မှု၊

၁၄။ အထွေထွေမှတ်တမ်းပြုခြင်း

တို့ ဖြစ်သည်။

(ND-Burma)အနေဖြင့် အများသုံးဝေါဟာရစာရင်းကို နောက်ထပ်လက်စွဲ စာစောင်အဖြစ်ရေးသားပြုစုဖွယ်ရှိပါသည်။

ndburma2.indd 7 26-Dec-09 13:05:18

ndburma2.indd 8 26-Dec-09 13:05:18

t ceÍ(1)

rSwfwrÍjyKjcif - csKdazmufrlukt "dÜ,olwfSwfcif

ndburma2.indd 9 26-Dec-09 13:05:19

rw&m;zrf;qD;Dr;m;ESifhxdef;odrf;cs;yfaEmS ifhr;m;

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများအရလူ့အခွင့်အရေးချိုးဖောက်မှုမြောက်ရန်မှာချိုးဖောက်မှု၏အဓိကအင်္ဂါရပ်များပြည့်မီရန်လိုအပ်ပါသည်။ ဤအင်္ဂါရပ်များသည် တိကျရေရာသော စံချိန်စံညွှန်းများဖြစ်သည်။ သို့တည်းမဟုတ် ဥပဒေနှင့် ဆန့်ကျင်သောလုပ်ရပ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ရှိနေရမည့် ပတ်ဝန်းကျင်အခြေအနေတစုံ လိုအပ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အင်္ဂါရပ်များသည် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ တရားဝင်စာချုပ် စာတမ်းပြဋ္ဌာန်းချက်များမှနေ၍ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုမှန်သမျှကို စတင်မှတ်တမ်းတင်ခြင်းမပြုမီ ချိုးဖောက်မှုဟူသော အဓိပ္ပါယ်ကို သတ်မှတ်ရာ၌ လိုအပ်သည့် အင်္ဂါရပ်များအကြောင်း ရှင်းလင်းတိကျစွာ နားလည်ထားသင့်ပါသည်။ ဤအခန်းတွင် မတရားဖမ်းဆီးထိန်းသိမ်းချုပ်နှောင်မှုတည်းဟူသော ချိုးဖောက်မှု ပေါ်လွင်စေရေးအတွက် လိုအပ်သော အင်္ဂါရပ်များကြောင်း ရှင်းလင်းဖေါ်ပြထားပါသည်။

ဝေါဟာရနှင့်ပတ်သက်၍သတိပြုရန် ။ ။ နိုင်ငံတကာ စာချုပ်စာတမ်း ပြဋ္ဌာန်းချက်များသည် လူတဦးချင်းလွတ်လပ်မှုဆိုင်ရာ ချိုးဖောက်မှုအကြောင်းကို ရှင်းလင်းဖေါ်ပြရာ၌ "ဖမ်းဆီးမှု" (arrest) နှင့် "ထိန်းသိမ်းချုပ်နှောင်မှု" (detention) ဟူသော စကားရပ်များကို သုံးစွဲပုံ ရှေ့နောက်ညီညွတ်ခြင်း မရှိချေ။ အချို့သောစာချုပ်စာတမ်း ပြဋ္ဌာန်းချက်များက ဤဝေါဟာရကို ဖမ်းဆီးခြင်း (apprehension)၊ ချုပ်နှောင်ခြင်း (incarceration)၊ ထောင်ချခြင်း (imprisonment) စသည့် စကားရပ်များ အတွက်ပါ အသုံးပြုလေ့ ရှိကြသည်။ ရှေ့နောက်ညီညွတ်ရေးအတွက် ဤစာစောင်က "ဖမ်းဆီးမှု"နှင့် "ချုပ်နှောင်မှု"ဟူ၍သာ သုံးပါမည်။

(၂) အင်္ဂါရပ်များ

(က) နိုင်ငံတကာဥပဒေအရဆိုလျှင် မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုတို့၏ အင်္ဂါရပ်များကား အဘယ်နည်း။

မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုကို လူ့အခွင့်အရေးချိုးဖောက်မှုတရပ်အဖြစ် မှတ်တမ်းပြုရန်အလို့ငှာ

၁။ အဓိကကျသော အပြည်ပြည်ဆိုင်ရာ ဥပဒေများက အတင်းအကျပ် ဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှုကို ပွင့်ပွင့်လင်းလင်း တားမြစ်ထားကြပါသည်။ ဤ ဥပဒေများတွင်–
– အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း Universal Declaration of Human Rights (UDHR), Article 9;
– လူ့မှုအခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေး များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (ICCPR), Article 9(1)) တို့ ဖြစ်သည်။
ဒေသဆိုင်ရာသဘောတူညီချက်များကလည်း အတင်းအကျပ် ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းချုပ်နှောင်ခြင်းကို တားမြစ်ကြောင်း ဖော်ပြထားကြပါသည်။ ဥပမာ– ဥရောပနိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက် the European Convention on Human Rights (Article 5(1)) ၊ အာဖရိကနိုင်ငံများ၏ သဘောတူညီချက် ပဋိညာဉ်စာတမ်း the African Charter (Article 6) ၊ အမေရိကတိုက်နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက် the American Convention on Human Rights (Article 7) တို့ ဖြစ်သည်။ အာဆီယံအဖွဲ့တွင် အလားတူ သဘောတူညီချက်ရှိသော်လည်း လက်မှတ်မရေးထိုးရသေးပါ။
ဥပဒေအရုထည်းနှောင်မှု မရှိသော်လည်း အတင်းအကျပ်ဖမ်းဆီး၊ ထိန်းသိမ်းမှုကို တားမြစ်ထားသည့် အပြည်ပြည်ဆိုင်ရာ အထောက်အထား၊ မှတ်တမ်းများရှိပါသည်။ ၎င်းတို့မှာ– လူအားလုံးကို မည်သည့်နည်းနှင့် မဆို ထိန်းသိမ်းခြင်းနှင့် အကျဉ်းချခြင်းမှ ကာကွယ်ပေးရေးဆိုင်ရာမူဝါဒများ Principles for the Protection of All Persons Under Any Form of Detention or Imprisonment ၏ စာကိုယ် (ထိန်းသိမ်းမှုဆိုင်ရာ အခြေခံမူများ)၊ အကျဉ်းသားများကို ပြုမူဆက်ဆံပုံအတွက် အခြေခံမူဝါဒစံများ Standard Minimum Rules for the Treatment of Prisoners ("Standard Minimum Rules") ၊ အကျဉ်းသားများကို ပြုမူဆက်ဆံပုံအတွက် အခြေခံမူများ the Basic Principles for the Treatment of Prisoners ကုလသမဂ္ဂ၏ အရွယ်ရောက်သေးသူများကို သူတို့၏ လွတ်လပ်ခွင့် မဆုံးရှုံးရစေရေးအတွက် ကာကွယ်ပေးမှုဆိုင်ရာဥပဒေများ UN Guidelines for the Protection of Juvenile Delinquency, and the UN Rules for the Protection of Juveniles Deprived of their Liberty ၊ ကုလသမဂ္ဂ၏ အရွယ်မရောက်သေးသူများကို တရားစီရင်ရေးအုပ်ချုပ်မှုလုပ်ထုံးများအတွက် အနိမ့်ဆုံးအခြေခံမူများ UN Standard Minimum Rules for the Administration of Juvenile Justice ("The Beijing Rules") ၊ ဥပဒေစည်းကြပ်ရေးအရာရှိများ အင်အားသုံးမှုနှင့် သေနတ်၊ လက်နက်များကို အသုံးချရေးအတွက် အခြေခံမူများ Basic Principles on the Use of Force and Firearms by Law Enforcement Officials ၊ ရာဇဝတ်မှုများတွင် သားကောင်ဖြစ်ရသူများအတွက် တရားမျှတမှုနှင့် အာဏာ အလွဲသုံးစားပြုမှုဆိုင်ရာ အခြေခံမူများ ထုတ်ပြန်ကြေညာချက် the Declaration of Basic Principles of Justice for Victims of Crime and Abuse of Power ၊ သီးခြားလွတ်လပ်စွာ တရားစီရင်မှုအောက်တွင် အခြေခံမူများအတိုင်း ပြစ်မှုကျူးလွန်သူများကို ပြုမူဆက်ဆံရေးနှင့် ရာဇဝတ်မှုများတားဆီး ကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂ ၇ ကြိမ်မြောက် ကွန်ဂရက် the Seventh UN Congress on the Prevention of Crime and the Treatment of Offenders in the Basic Principles on the Independence of the Judiciary နှင့် ကုလသမဂ္ဂ ကလေးဆိုးများကို ကာကွယ်ပေးခြင်းဆိုင်ရာ လမ်းညွှန်မူများ UN Rules for the Protection of Juveniles Deprived of their Liberty တို့ ဖြစ်သည်။

ဤ မှတ်တမ်းများကို ဖော်ပြပါအင်တာနက်စာမျက်နှာတွင် ကြည့်ရှု ရယူနိုင်ပါသည်။ see http://www2.ohchr.org/english/law/ (last visited 27 July 2008).

ndburma2.indd 10 26-Dec-09 13:05:19

အောက်ပါ အင်္ဂါရပ် (၄) ရပ် ထင်ရှားကြောင်းဖေါ်ပြရပါမည်။[၁]

(က) လူတဦးတယောက်ကို ဖမ်းဆီးခြင်း သို့မဟုတ် အချုပ်ခန်းသို့ပို့ခြင်း။

(ခ) တရားဥပဒေမဲ့ အတင်းအကျပ်ပြုမှု။

(ဂ) ပုဂ္ဂိုလ်ရေး လွတ်လပ်မှုကို ရုပ်သိမ်း ထိခိုက်စေခြင်း။

(ဃ) အစိုးရ၏ လုပ်ဆောင်ချက်။

(ခ) မတရား ဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုဆိုသည်မှာ

အကယ်၍ ဖမ်းဆီးမှုနှင့် ချုပ်နှောင်မှုများသည် တရားဥပဒေနှင့် မညီခြင်း၊ (သို့မဟုတ်) အကြောင်းပြချက်မပေးနိုင်ခြင်း၊ (သို့မဟုတ်)မတန်တဆဖြစ်ခြင်း၊ သို့မဟုတ် ကံသေကံမ (ကြိုတင်တွက်ချက်၍) မပြောနိုင်ခြင်း တို့ရှိနေပါလျှင် မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုဟု ဆိုနိုင်ပါသည်။[၂] သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ အောက်ပါအခြေအနေများ၌ ဖမ်းဆီးချုပ်နှောင်ခြင်းပြုပါက တရားဥပဒေမဲ့ အတင်းအကျပ်ပြုမှု၊ အဖြစ်မှတ်ယူပါသည်။

- တစုံတယောက်သည် နိုင်ငံတကာဥပဒေက အာမခံထားသော အခြေခံအခွင့်အရေးတရပ်နှင့်အညီ ပြုမူနေလျှင်ဖြစ်စေ၊
- တရားမျှတသော တရားစီရင်မှု အခွင့်အရေးကဲ့သို့သော အခြေခံကျသော တရားဥပဒေဆိုင်ရာ ကျင့်ထုံးကို ချိုးဖောက်ခြင်းပြုလျှင်[၃]ဖြစ်စေ၊
- စီရင်ချက်အတိုင်းပြစ်ဒဏ်ကျခံပြီးဖြစ်နေပါလျက် သို့တည်းမဟုတ် လွတ်ငြိမ်းချမ်းသာခွင့်ရပြီးဖြစ်နေပါလျက် တစုံတယောက်ကို ဆက်လက်ချုပ်နှောင်ထားခြင်းကဲ့သို့သော ဥပဒေအခြေခံ ကင်းမဲ့မှုမျိုး ဖြစ်နေလျှင်ဖြစ်စေ၊
- လက်ခံနိုင်လောက်သော၊ သို့မဟုတ် လုံလောက်သော သို့မဟုတ် တရားမျှတသော၊ သို့မဟုတ် ကျော်သား ရင်သားမခွဲခြားသော အကြောင်းကိစ္စမရှိလျှင်[၄]ဖြစ်စေ။

> နိုင်ငံတကာဥပဒေ– ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်
>
> နိုင်ငံတကာဥပဒေက ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် မတရား ရုပ်သိမ်းခြင်းကို ပိတ်ပင်တားဖြစ်ထားသည်။ မတရားဖမ်းဆီးမှုနှင့် ထိန်း သိမ်းချုပ်နှောင်မှုတို့သည် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် မတရားရုပ်သိမ်းခြင်းအဖြစ် နိုင်ငံတကာ ဥပဒေချိုးဖောက်မှုတရပ်ဖြစ်သည်။

၂၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များတွင် အုပ်ချုပ်ရေးအာဏာပိုင်များနှင့် တရားဥပဒေစည်းကြပ်ရေးအဖွဲ့များ လိုက်နာရမည့် အနိမ့်ဆုံးအခြေခံစံများကို သတ်မှတ်ဖော်ပြထားပါသည်။ တရားရေးစနစ်များ၊ ဥပဒေရေးရာအရာရှိများ၊ ဥပဒေစည်းကြပ်ရေးအရာရှိများနှင့် အပြစ်ဒဏ်ပေးရေးဌာနများသည် ဖော်ပြပါအခြေခံ အနိမ့်ဆုံး စံသတ်မှတ်ချက်ကို လိုက်နာရန် လိုအပ်သည်။ အကြောင်းမှာ လူတဦး၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်မဆုံးရှုံးစေရန် လူတဦး၏ အခွင့်အရေးကို အတင်းအကျပ်တားဆီးပိတ်ပင်ရာရောက်မည်စိုးရိမ်သောကြောင့် ဖြစ်ပါသည်။

၃၊ မျှတစွာ စီရင်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးဟုဆိုရာ၌ မျှတသော တရားခံရုံး ရှိပိုင်ခွင့်၊ သီခြားလွတ်လပ်သော ဥပဒေရေးရာအာဏာပိုင်များက ကြားနာစီရင်နိုင်ခွင့်၊ ဥပဒေ ကြောင်းအရ ကိုယ်စားပြုခံခွင့်ရှိခြင်းတို့ပါဝင်သည်။ ထိုမျှမက ပုဂ္ဂိုလ်တဦးသည်သူ့ကို ဖမ်းဆီးရသည့် အကြောင်းချင်းရာကိုလည်း သေချာအသိပေးရန် လိုအပ်သည်။ ဖမ်းဆီးသူအဖွဲ့များကလည်း ဖမ်းဆီးမှုမပြုမီ ဖမ်းဆီးခွင့် ဝရမ်းရရှိလာရန်လိုအပ်သည်။ အောက်ဖော်ပြပါ မှတ်စုများ (၆) နှင့် (၇) ကို ကြည့်ပါ။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ မျှတစွာ စီရင်ပိုင်ခွင့်အတွက် မည်သည့်အခွင့်အရေး များ အသေးစိတ်ဖော်ပြထားသည်ကို တွေ့ရှိရပါလိမ့်မည်။

၄၊ ဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှုများသည် နိုင်ငံတခု၏ ပြည်တွင်းဥပဒေအရ ဆောင်ရွက်သော်လည်း၊ အကယ်၍ ပြည်တွင်းဥပဒေအရ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း ပြုရာတွင် အတင်းအကျပ်ဖမ်းဆီးခြင်းကို တရားဝင်သဖွယ် ပြဋ္ဌာန်းထားပါက၊ ဤအမှုသည် အတင်းအကျပ် ဖမ်းဆီးခြင်းအသွင် ရောက်နိုင်ပါသေးသည်။

ndburma2.indd 11 26-Dec-09 13:05:19

(ဃ) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ

လူပုဂ္ဂိုလ်တစုံတယောက်အနေနှင့် သူ–သူမ၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် ရှပ်သိမ်းခံနေရသည့် ကာလမှာပင်လျှင် အနိမ့်ဆုံး ရှိအပ်သော ချုပ်နှောင်မှုအခြေအနေ မပြည့်စုံပါက အစိုးရများအနေနှင့် နိုင်ငံတကာဥပဒေအရ ဆောင်ရွက်ရမည့် မိမိတို့၏ တာဝန် ဝတ္တရားများကို ချိုးဖောက်ရာ ရောက်နိုင်ပေသည်။[၅]

နိုင်ငံတကာတရားဥပဒေအရဆိုလျှင် မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှု မြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်များဖြစ်ရန် လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာအခြေစိုက်ထားပြီး၊ နိုင်ငံတကာအသိအမှတ်ပြု ပိုင်နက်နယ်မြေရှိလူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန်ကြိုးပမ်းသော အမျိုးသား(နိုင်ငံတော်အဆင့်) အဖွဲ့အစည်း"[၆]ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အစိုးရ၏လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ အစိုးရအရာရှိတဦးက မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုတခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။[၇]အစိုးရလုပ်ဆောင်ချက်တွင် တရားဝင်အသိအမှတ်ပြုမှုဖြင့်သော်လည်းကောင်း၊ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက်၍ လုံလောက်စွာ အရေးယူရန်သော်လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်းပါဝင်ပါသည်။[၈] သာဓကအားဖြင့်ဖေါ်ပြရပါလျှင်၊ မတရားဖမ်းဆီးမှုနှင့် ချုပ်နှောင်မှုတို့ ကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေးအရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ပါသည်။

၅၊ အကျဉ်းသားများကို ပြုမူဆက်ဆံရေးဆိုင်ရာ အနိမ့်ဆုံး အခြေခံလမ်းညွှန်မှုများ The Standard Minimum Rules for the Treatment of Prisoners သည် ထိန်းသိမ်းထားရမည့်နေရာဌာန အခြေအနေအတွက် အနိမ့်ဆုံးလိုအပ်ချက် ဖြစ်ပါသည်။ ဤမူများကို ကုလသမဂ္ဂ ပထမအကြိမ်ကွန်ဂရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး၊ ရာဇဝတ်မှုများ ကာကွယ်ရေးနှင့် ပြစ်မှုကျူးလွန်သူများကို ပြုမူဆက်ဆံရေးကိစ္စ ၁၉၅၅ ခုနှစ်၊ ဂျီနီဗာအစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီက ၎င်း၏ ဆုံးဖြတ်ချက်အမှတ် ၆၆၃ (ဂ)(၂၄)C (XXIV) ၁၉၅၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နှင့် ၁၉၇၇ ခုနှစ်၊ မေလ ၁၃ ရက် ဆုံးဖြတ်ချက်အမှတ် ၂၀၇၃ (LXII) အရ ထပ်မံအတည်ပြုခဲ့ပါသည်။ အနိမ့်ဆုံး စံသတ်မှတ်ချက်များတွင် ထိန်းသိမ်းခံထားရသူများကို အောက်ပါ အခြေအနေများ ရရှိအောင် အာမခံထားပါသည်။

– နေရာထိုင်ခင်းသည် ကျန်းမာရေးနှင့် ညီညွတ်သည့် အနိမ့်ဆုံး အခြေအနေ ရှိရမည်။ (ပုဒ်မ ၁၀ နှင့် ၁၉)
– လူတဦးချင်း သန့်ရှင်းမှု (ပုဒ်မ ၁၅)
– သန့်ရှင်း၍ လုံလောက်သော အဝတ်အစားရရှိမှု (ပုဒ်မ ၁၇ နှင့် ၁၈)
– လေဟာပြင်တွင် နေ့စဉ်လေ့ကျင့်ခန်း ဆောင်ရွက်နိုင်ခွင့် (ပုဒ်မ ၂၁)
– လုံလောက်သော အစာနှင့် သောက်သုံးရေ (ပုဒ်မ ၂၀ နှင့် ၂၁)
– လုံလောက်သော ကျန်းမာရေး၊ ဆေးဝါး၊ စိတ်ပိုင်းဆိုင်ရာနှင့် သွားဖက်ဆိုင်ရာ စောင့်ရှောက်မှု (ပုဒ်မ ၂၂၊ ၂၄ နှင့် ၂၅)
– မိတ်ဆွေများ၊ မိသားစုများနှင့် ဆက်သွယ်ခွင့် (ပုဒ်မ ၉၂)
– ဘာသာရေးအရ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် (ပုဒ်မ ၄၂)
– လျော်ကန်သော ပညာရေး၊ ယဉ်ကျေးမှုနှင့် သတင်းအချက်အလက်များ ရယူပိုင်ခွင့် (ပုဒ်မ ၃၉ နှင့် ၄၀)
– သူတို့ကို ပြုမူဆက်ဆံပုံနှင့် ပတ်သက်၍ ဆင်ခြေစောဒက တက်ပိုင်ခွင့်နှင့် တောင်းဆိုပိုင်ခွင့် (ပုဒ်မ ၃၆)

ဤအင်တာနက် စာမျက်နှာကို ကြည့်ပါ။ See http://www.unhchr.ch/html/menu3/b/h_comp34.htm.

လူမှုအခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက် (ICCPR)၊ လူအားလုံးကို မည်သည့်နည်းနှင့်မဆို ထိန်းသိမ်းခြင်းနှင့် အကျဉ်းချခြင်းမှ ကာကွယ်ပေးရေးဆိုင်ရာ မူဝါဒများ Principles for the Protection of All Persons Under Any Form of Detention or Imprisonment. စာကိုယ်၊ အကျဉ်းသားများကို ပြုမူဆက်ဆံပုံအတွက် အခြေခံ မူဝါဒစံများ the Basic Principles for the Treatment of Prisoners အရအလားတူ အာမခံချက်နှင့် ကာကွယ် ပေးထားမှုများ ရှိနေပါသည်။

ထို့အပြင် အချို့သော အမျိုးအစား ထိန်းသိမ်းထားသူများအတွက် ကာကွယ်ပေးမှုဆိုင်ရာနှင့် လမ်းညွှန်ချက်များလည်း ရှိပါသေးသည်။ ဥပမာ– အမျိုးသမီးများဖြစ်သည်။ (အနိမ့်ဆုံး စံဥပဒေများ၊ ဥပဒေပုဒ်မ– ၈၃ နှင့် ၂၃ (၁) ကို ကြည့်ပါ။ ကလေးများအတွက်ဆိုလျှင် ကလေးများ အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ဘေဂျင်း ဥပဒေသတ်မှတ်ချက်များ၊ ကုလသမဂ္ဂ ကလေးဆိုးများကို ကာကွယ်ပေးခြင်းဆိုင်ရာ လမ်းညွှန်မှုများ UN Guidelines for the Prevention of Juvenile Delinquency နှင့် ကုလသမဂ္ဂ၏ အရွယ်မရောက်သေးသူများကို သူတို့၏ လွတ်လပ်ခွင့် မဆုံးရှုံးရစေရေးအတွက် ကာကွယ်ပေးမှုဆိုင်ရာ ဥပဒေများ UN Guidelines for the Prevention of Juvenile Delinquency, and the UN Rules for the Protection of Juveniles Deprived of their Liberty လည်း ရှိနေပါသည်။

၆၊ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East-West Center Washington, 2007, p. vix, ဤကိစ္စကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (state) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင်မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရသုံးစွဲပါသည်။

၇၊ အစိုးရအရာရှိများဟုဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင်အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်းပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင်အဖွဲ့များ၊ လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

၈၊ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

ndburma2.indd 12 26-Dec-09 13:05:19

(၈) ဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုသည် မည်သည့် အခါမျိုးမှာ တရားဝင်ပါသနည်း။

မတော်မတရား ပြုလုပ်သည်မဟုတ်ဘဲ၊ တည်ဆဲ လုံလောက်သော၊ ကျင့်ထုံးဆိုင် ရာဥပဒေစံချိန်စံညွှန်းနှင့်အညီ ပြုလုပ်မှ သာလျှင် ဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုကို ပြုလုပ်ခွင့်ရှိပါသည်။[၉] သာဓကအားဖြင့် ပေါ်ပြရပါလျှင်၊ အောက်ပါအခြေအနေအချိန်မျိုးများတွင် တစုံတယောက်ထံမှ သူ–သူမ၏ လွတ်လပ်ခွင့်ကို တရားဝင်ရုပ်သိမ်းခွင့် ရှိသည်။

- တစုံတယောက်ကို နည်းလမ်းတကျ အမှုစွဲဆိုပြီး၊ သို့မဟုတ် ပြစ်မှုကျူးလွန်သည်ဟု ခိုင်လုံကြောင်း စီရင်ဆုံးဖြတ် ပြီးသော အခြေအနေမျိုးမှာ နိုင်ငံတကာ ကျင့်ထုံးဆိုင်ရာ ဥပဒေစံချိန်စံညွှန်းနှင့်အညီ ဖမ်းဆီး– ချုပ်နှောင်ခြင်းပြုလျှင်၊[၁၀]
- တစုံတယောက်သည် အကြမ်းဖက်ရာဇဝတ်မှု တခုကို ကျူးလွန်မည် တကဲကဲလုပ်ခြင်း ကဲ့သို့သော လုပ်ရပ်မျိုးဖြင့် ရပ်ရွာလုံခြုံရေးကို ဖြစ်စေ၊ ရပ်ရွာသူ ရပ်ရွာသားတို့ကိုဖြစ်စေ လူသိရှင်ကြား ခြိမ်းခြောက်ခြင်းပြုလျှင်၊
- ပုဂ္ဂိုလ်ရေးလွတ်လပ်မှုကို ထိပါးစေခြင်းသည် လက်ခံဖွယ်လည်းဖြစ်၊ လိုလည်းလိုအပ်သော အရေးပေါ်အခြေအနေကာလမျိုးဖြစ်လျှင်။

(၉) အရေးကြီးသောမေးခွန်းများ မေးခြင်း

မေးခွန်းများမေးခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းတို့သည် လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း သတင်းအချက်အလက်များစုဆောင်းရာ၌ အလွန်အရေးကြီးပါသည်။ တွေ့ဆုံမေးမြန်းမှုတရပ်၏ အသုံးဝင်မှုသည် အချက်အလက် ရှာဖွေစုဆောင်းသူ၏ ထိရောက်ပြီး၊ လုံလောက်သော မေးခွန်းများမေးသည့် အတွေ့အကြုံနှင့် စွမ်းရည်ပေါ်မှာ အဓိကအားဖြင့် မူတည်ပါလိမ့်မည်။

အချက်အလက် ရှာဖွေစုဆောင်းသူအဖို့ ချိုးဖောက်မှု၏ အရေးကြီးသော အင်္ဂါရုပ်များကို သိရှိနားလည်ခြင်းအားဖြင့်၊ နိုင်ငံတကာ ဥပဒေချိုးဖောက်ကြောင်း သတ်မှတ်ရေးအတွက် အရေးကြီးမေးခွန်းများပြုစုရာ၌ အထောက်အကူ ဖြစ်စေပါသည်။ ချိုးဖောက်မှု အင်္ဂါရုပ်များမှနေ၍ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရရှိရေးတွင် အသုံးဝင်သော ဘောင်စည်းကမ်းသတ်မှတ်ချက်တခု ရရှိနိုင်ပါသည်။

၉၊ Fact Sheet No. 26: The Working Group on Arbitrary Detention, အတင်းအကျပ် ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ အလုပ်အဖွဲ့၊ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်နာမင်းကြီးရုံး။ Office of the High Commissioner for Human Rights, http://www.ohchr.org/english/about/publications/sheets.htm (last visited 30 August 2006).

၁၀၊ အပြည်ပြည်ဆိုင်ရာ ဥပဒေများက ဖမ်းဆီးခံရသူများနှင့် ထိန်းသိမ်းခံရသူများသည် စီရင်ခွင့် လုပ်ထုံးလုပ်နည်းအရ ကာကွယ်ပေးမှုများ (procedural safeguards) ရရှိစေရန်၊ အတင်းအကျပ် ဖမ်းဆီး၊ ထိန်းသိမ်းခံရသည့် အခြေအနေမှ ကာကွယ်ပေးရန် ပြဋ္ဌာန်းထားကြပါသည်။ ဥပမာအားဖြင့်– အပြည်ပြည်ဆိုင်ရာ ဥပဒေများအရဖမ်းဆီး၊ ထိန်းသိမ်းခံရသူများသည် အောက်ပါ အခွင့်အရေးများ ရှိပါသည်။

- ဖမ်းဆီးခံရသည့် အချိန်တွင် မည်သည့်အကြောင်းကြောင့် ဖမ်းဆီးခံရကြောင်း အသိပေးခြင်း။ (လူ့အခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေး များဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက် ICCPR, Article 9(2); အကျဉ်းချခြင်းဆိုင်ရာ အခြေခံမူများ Principles on Imprisonment, Principle 10);
- ဥပဒေ အာဏာပိုင်များ ရှေ့မှောက်တွင် ဖမ်းဆီးသည့်ကိစ္စကို ပြန်လည်ငြင်းဆိုနိုင်ခြင်း (UDHR, Article 8; ICCPR, Article 9(4); Principles on Detention, Principle 32); နှင့်
- ဥပဒေကြောင်းအရ အကြိဉာဏ် ရယူပိုင်ခွင့် (UDHR, Article 11; ICCPR, Article 14(3); Standard Minimum Rules, Rule 93; Principles on Detention, Principles 17 and 18)၏ တို့ ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေများကပို၍ အသေးစိတ်ကျသော အကြောင်းအချက်များနှင့် စီရင်ထုံးစံသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များကို တရားရေးနှင့် အုပ်ချုပ်ရေး တရားရေးစနစ်များ၊ ဆောင်ရွက်သူများ အတွက် ပြဋ္ဌာန်းထားရှိပါသည်။ ဤသို့သော စနစ်များတွင် –

- သီးခြား လွတ်လပ်စွာ တရားစီရင်မှုအောက်တွင် အခြေခံမူများအတိုင်း ပြစ်မှုကျူးလွန်သူများကို ပြုမူဆက်ဆံရေးနှင့် ရာဇဝတ်မှုများ တားဆီးကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂ ၇ ကြိမ်မြောက် ကွန်ဂရက် Seventh United Nations Congress on the Prevention of Crime and the Treatment of Offenders in the Basic Principles on the Independence of the Judiciary
- တရားလို ရှေ့နေများ၏ အခန်းကဏ္ဍဆိုင်ရာ လမ်းညွှန် The Guidelines on the Role of Prosecutors
- ရှေ့နေများ၏ အခန်းကဏ္ဍဆိုင်ရာ အခြေခံမူများ The Basic Principles on the Role of Lawyers
- ဥပဒေစည်းကြပ်ရေး အရာရှိများ လိုက်နာရမည့် ကျင့်ထုံးများ The Code of Conduct for Law Enforcement Officials စသည် တို့ ပါဝင်သည်။

ndburma2.indd 13 26-Dec-09 13:05:19

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ဆောင်ရန်

- လုံခြုံရေးနှင့် လျှို့ဝှက်ရေးအတွက် ကြပ်ကြပ်ဂရုစိုက်ရန်။
- နောက်ခံအကြောင်းဖြင့် အစချီပြီးလျှင်၊ ပို၍ အရေးကြီးသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆောင်ရွက်ပါ။
- ဂရုတစိုက်နားထောင်ပါ။ ပြောစရာရှိသည်ကို မျက်မြင်သက်သေအား ပြောခွင့်ပေးပါ။
- လှုပ်ရှားစိတ်ဖြင့် တုံ့ပြန်မှုများကို သိရှိအောင် ဂရုပြုပါ။
- ရှေ့နောက်မညီညွတ်မှုများကို သိရှိအောင် ဂရုပြုပါ။
- စိတ်ရှည် သည်းခံပါ။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ရှောင်ရန်

- မှတ်ချက်ချခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်း မပြုပါနှင့်။
- နိမိတ်ပြမေးခွန်းများ မေးခြင်းကို ရှောင်ကျဉ်ပါ။
- အခြားသက်သေများကို ဖေါ်ပြခြင်း မပြုပါနှင့်။
- မိမိ လုပ်မပေးနိုင်သော ကတိများကို မပေးပါနှင့်။
- အပေါ်စီးဟန် သို့မဟုတ် စစ်ကြောရေးလုပ်နေသော ဟန်ဖြင့် မေးခွန်းမေးခြင်းများကို ရှောင်ကျဉ်ပါ။
- သတင်းနှင့်ပတ်သက်၍ မိမိ၏သြဇာ မလွှမ်းမိုးမိအောင် ရှောင်ကျဉ်ပါ။

(က) ဖမ်းဆီးမှု– ထိန်းသိမ်းချုပ်နှောင်မှုအဖြစ် သတ်မှတ်ခြင်း

– မည်သူအဖမ်းခံ/ချုပ်နှောင်ခံရသနည်း။

– မည်သို့ ဖြစ်ပွားခဲ့သနည်း။

– မည်သည့် အချိန်အခါမှာ ဖြစ်ပွားခဲ့သနည်း။

– မည်သည့်နေရာမှာ ဖမ်းဆီးမှု ဖြစ်ပွားခဲ့သနည်း။ ဖမ်းဆီး/ချုပ်နှောင်ခံရသူသည် ယခု မည်သည့်နေရာမှာရှိနေ သနည်း။

– အဖြစ်အပျက်ကို သင်မည်သည့်နည်းဖြင့် သိရှိသနည်း။

(ခ) ဖမ်းဆီး ချုပ်နှောင်မှုသည် မတရားဖမ်းဆီးချုပ်နှောင်မှုဖြစ်ကြောင်း သတ်မှတ်ခြင်း

- ဖမ်းဆီး/ချုပ်နှောင်မှုကို မည်သူက ဦးဆောင်သနည်း။
- ဖမ်းဆီး/ချုပ်နှောင်ခံရသူ ပုဂ္ဂိုလ်ကို မည်သည့်အမှုဖြင့်စွပ်စွဲ၊ သို့မဟုတ် တရားစွဲခဲ့သနည်း။
- မိမိကိုယ်မိမိ ခုခံကာကွယ်ရေးအတွက် ထိုပုဂ္ဂိုလ်အား မည်သည့်အခွင့်အရေးပေးခဲ့သနည်း။
- ချုပ်နှောင်ထားမှု အခြေအနေများကား မည်သို့ရှိနေသနည်း။
- ဤသတင်းအချက်အလက်များကို သင်မည်သည့်နည်းဖြင့် သိရှိသနည်း။

ndburma2.indd 14 26-Dec-09 13:05:19

(၇) လွတ်လပ်မှု ကို ရှုပ်သိမ်းမှုရှိနေသည်ဟု သတ်မှတ်ခြင်း

- ပုဂ္ဂိုလ်တဦး ဖမ်းဆီးခံရပြီးနောက်ပိုင်းတွင် မည်သို့ဖြစ်ပွားသနည်း။
- ဖမ်းဆီးပြီးနောက်တွင် ထိုပုဂ္ဂိုလ်အား မည်သည့်နေရာသို့ ခေါ်ဆောင်သွားသနည်း။
- သူ/သူမကို မည်သို့ ထိန်းသိမ်းချုပ်နှောင်ထားသနည်း။
- သူ/သူမကို မည်မျှကြာသည်အထိ ထိန်းသိမ်းချုပ်နှောင်ထားသနည်း။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

(ဃ) အစိုးရ၏ လုပ်ဆောင်ချက်ဟု သတ်မှတ်ခြင်း

- ထိန်းသိမ်း/ချုပ်နှောင်မှုကို မည်သူတို့ကလုပ်သနည်း။ မည်သူက အမိန့်ပေးအနည်း။ ဤဖမ်းဆီး/ချုပ်နှောင်မှု လုပ်ခြင်းကို မည်သူတို့က ကူညီဆောင်ရွက်ပေးသနည်း။
- ဤအဖြစ်အပျက်နှင့် ပတ်သက်၍ သင်တိုင်ကြားခြင်းပြုပါသလား။ အဘယ်ကြောင့် တိုင်ကြားပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်းမပြုပါသနည်း။ ဤသို့ ဤသို့ ဖမ်းဆီး/ချုပ်နှောင်မှု မဖြစ်ရအောင်အစိုးရကကြိုတင်ကာကွယ်ပေးပါသလား။ သို့မဟုတ် ၎င်းနှင့်ပတ်သက်၍ အရေးယူ ဆောင်ရွက်ပေးပါသလား။
- ဤသတင်းအချက်အလက်များကို သင်မည်သည့်နည်းဖြင့် သိရှိသနည်း။

(၄) မှတ်တမ်းပြုခြင်း

နိုင်ငံတကာဥပဒေချိုးဖောက်မှုအဖြစ် အဓိပ္ပါယ်သတ်မှတ်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များရှာဖွေစုဆောင်းရာ၌ အချိန်နှင့်လုပ်ဆောင်ချက်တို့ လိုအပ်ပါသည်။ ချိုးဖောက်မှုတခု၏ အင်္ဂါရုပ်များသည် အစဉ်သဖြင့်အဆင်သင့် ပေါ်လွင် ထင်ရှားနေသည် မဟုတ်ချေ။ အချက်အလက်ရှာဖွေ စုဆောင်းသူတဦးအနေနှင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သော သတင်းအချက်လက်များကို ထုတ်ယူနိုင်စွမ်း ရှိရမည်ဖြစ်သည့်အပြင်၊ စုဆောင်းရရှိထားသော သတင်းအချက်အလက်များမှန်ကန်၍ ချိုးဖောက်မှု၏ အရေးကြီးအင်္ဂါရုပ်များကိုလည်း နည်းလမ်းတကျ ဖေါ်ထုတ်နိုင်စွမ်း ရှိရမည်ဖြစ်ပါသည်။ ချိုးဖောက်မှု၏ အင်္ဂါရုပ်များကို ဖေါ်ထုတ်မှုပြုရန်အတွက် ဤအခန်းက မြန်မာနိုင်ငံ၏ အခြေအနေအချိန်အခါမှာ ဖြစ်ပွားနေကျ မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုမျိုး အတွက် အထောက်အထားပါသော ဖြစ်ရပ်မှန်ပုံစံတခုကို ဖေါ်ပြပေးပါမည်။

ဖြစ်ရပ်မှန်ပုံစံ ပေါ်အခြေခံလျက် ဤအခန်းက တွေ့ဆုံမေးမြန်းမှုနည်းနာနှင့် ပတ်သက်သောအကောင်းနှင့်အဆိုး သာဓကများကို ဖေါ်ပြထားပါသည်။ တွေ့ဆုံမေးမြန်းခြင်းနှင့်ပတ်သက်သော အချက်အလက်များအပြင်၊ ထိရောက်စွာ အချက်အလက်ရှာဖွေရေးနှင့်ပတ်သက်သော အကြံပြုချက်များကို နောက်ထပ် သိရှိလိုပါက ဤစာစောင်ပါ "မြန်မာနိုင်ငံ လူ့အခွင့်အရေးချိုးဖောက်မှုများ အကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကို ကြည့်ပါ။

(က) အခြေအနေ အချိန်အခါကို နားလည်ခြင်း။

လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ဖေါ်ထုတ်ရေးအတွက် အချက်အလက်ရှာဖွေရေးလုပ်ငန်း သို့မဟုတ် တွေ့ဆုံမေးမြန်းခြင်းများ မစတင်မီမှာ ချိုးဖောက်မှုများ ဖြစ်ပွားရာနေရာ၏ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာအခြေအနေအချိန်အခါကိုနားလည်ထားရန်အရေးကြီးပါသည်။ အခြေအနေအချိန်အခါကို နားလည်ခြင်းအားဖြင့် အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ ထိရောက်သောမေးခွန်းများပြုစုရေးနှင့် လက်ရှိအခြေအနေကို ထိုးထွင်းသိမြင်ရေးတွင် အထောက်အကူရနိုင်ပါသည်။ အတွေ့အကြုံရှိသော အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ပင်လျှင် အချက်အလက်ရှာဖွေစုဆောင်းမှုမပြုမီ၊နောက်ခံ သတင်းအချက်အလက်များကို စီစစ်ကြည့်ရေးတွင် အထောက်အကူရနိုင်ပါသည်။ အောက်မှာဖေါ်ပြထားသည်မှာ မြန်မာနိုင်ငံ

ndburma2.indd 15 26-Dec-09 13:05:19

အတွင်း မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုများဖြစ်ပွားရာ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေအချိန်အခါ အကြောင်း သတင်းအချက်အလက်အချို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း မတရားဖမ်းဆီးမှုနှင့် ချုပ်နှောင်မှုများဖြစ်ပွားရာ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ အချိန်အခါအကြောင်း သတင်းအချက်အလက်များ

ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော စစ်အာဏာသိမ်းအစိုးရက တိုင်းပြည်ကို စတင်အုပ်ချုပ်ခဲ့သော(၁၉၆၂) ခုနှစ်မှ စ၍ အဆက်ဆက်သော စစ်အစိုးရများက ခြိမ်းခြောက်ခြင်းနှင့် အတိုင်းမသိ ရက်စက်ခြင်းနည်းဗျူဟာဖြင့် တိုင်းပြည်ကို အုပ်စိုးလာခဲ့ကြသည်။ ဆယ်စုနှစ်ပေါင်းများစွာကြာခဲ့သည့်အထိ မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုများသည် တိုင်းပြည်အနှံ့အပြားတွင် လျှော့သွားသည်ဟူ၍ မရှိဘဲ၊ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ အကြမ်းမဖက်သောနိုင်ငံရေး အတိုက်အခံ လှုပ်ရှားမှုများ၊ ခုခံရေးစစ် ဆင်နွှဲနေသော လူမျိုးစုအုပ်စုများဘက်က ထောက်ခံအားပေးသူများနှင့် အခြားသောအရပ်သားများသည် ဤသို့သော ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်မှုများအတွက် ပစ်မှတ်များဖြစ်နေတတ်သည်။ (၂၀၀၈) ခုနှစ်၊ စက်တင်ဘာလမှစ၍ ရေတွက်လျှင် ဖမ်းဆီးခံထားရသော နိုင်ငံရေးအကျဉ်းသားများသည် (၂၀၀၀) ကျော် ရှိနေသည်။ ဤအထဲတွင် ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းစွာဆန္ဒပြသူများ၊ အမျိုးသမီးများ၊ ရဟန်းသံဃာများနှင့် ဘာသာရေးခေါင်းဆောင်များအပြင်၊ သံသယဖြစ်ခံရသော နိုင်ငံရေးအသင်းအဖွဲ့များနှင့် ပတ်သက်နေသူများ အပါအဝင်ဖြစ်သည်။[၁၀] သိသာထင်ရှားသော နိုင်ငံရေးအကြောင်းအချက်မရှိဘဲ၊ အခြား မတရားဖမ်းဆီးမှုများလည်းဖြစ်ပွား သည်။ အများအားဖြင့် ဖမ်းဆီးချုပ်နှောင်ခံရသူဆီမှ ငွေ သို့မဟုတ် အခြားသော တန်ဖိုးလက်ဆောင်များ ညှစ်ယူရန် ဖမ်း ဆီးချုပ်နှောင်ခြင်း ဖြစ်သည်။

ဖမ်းဆီးချုပ်နှောင်မှုများသည် အများအားဖြင့်၊ ညအခါမှာဖြစ်ပွားတတ်ပြီး၊ တရားဝင် ဝရမ်းစာလည်းမပါတတ်ချေ။ စွဲဆိုမှု သို့မဟုတ် ဖမ်းဆီးချုပ်နှောင်ရသည့် အကြောင်းပြချက်ကိုလည်း ပြောပြခြင်းမရှိဘဲ၊ ဖမ်းဆီးခံရသူကို စစ်ကြောရေးစခန်းသို့ တန်းပို့ပြီးလျှင်၊ စစ်ကြောရေးစခန်း၌ စစ်ကြောမေးမြန်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းပြုသည်။ အပြစ် ရှိကြောင်း ဖော်ထုတ်ရန် မဟုတ်မမှန်သော ဝန်ခံချက် သို့မဟုတ် အစစ်ခံချက်ကို ညှစ်ထုတ်ယူရာ၌ ညှဉ်းပန်းနှိပ်စက်ခြင်းသည် ရိုးနေသော သာမန်ပြုနေကျ ကိစ္စဖြစ်သည်။ ရုံးမတင်မီ အချုပ်ကာလနှင့် စစ်ကြောရေးကာလများ အတွင်းမှာ ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးမှုများလည်း ရှိသည်။ ဤသေဆုံးမှုများနှင့်ပတ်သက်၍ စုံစမ်းလေ့လာမှုများ လည်း လုပ်ဆောင်လေ့ မရှိချေ။[၁၂]

အချုပ်ခံရသူအချို့ကို ရက်အနည်းငယ် သို့မဟုတ် သီတင်းပါတ်အနည်းငယ်အကြာတွင် လွှတ်ပေးသော်လည်းကျန်သူများကို အလုပ်ကြမ်းစခန်းများသို့ လည်းကောင်း၊ ထောင်ကြီးများသို့လည်းကောင်း ပို့တတ်သည်။ အချို့သော ဖမ်းဆီးချုပ်နှောင်ခံရ သူတို့သည် အလွယ်ပင်ပျောက်ဆုံးသွားတတ်ကြကာ၊ ဤသို့ပျောက်ဆုံးသွားကြောင်း တရားဝင်ရှင်းပြခြင်း သော်လည်းကောင်း၊ စုံစမ်း လေ့လာခြင်းသော်လည်းကောင်း မရှိတတ်ချေ။ ဖမ်းဆီးချုပ် နှောင်ခံရသူတို့ကိုပင်ပန်းဆင်းရဲသော အခြေအနေမျိုးမှာ စစ်တပ်အတွက် ပေါ်တာအဖြစ်လည်းကောင်း၊ အလုပ်ကြမ်းသမား အဖြစ် လည်းကောင်း အလုပ်ခိုင်းစေတတ်သည်။ အချို့အကျဉ်းသားများကို စစ်ဖြစ်ပွားရာနယ်မြေများသို့ စစ်တပ်နှင့်အတူလိုက်ပါစေပါသည် လည်းရှိသည်။[၁၃]

ထိန်းသိမ်းချုပ်နှောင်ရေးစခန်းများ၏ မနှစ်မြို့ဖွယ်ရာ ဆိုးရွားလှပြီး၊ နိုင်ငံတကာ စံချိန်စံညွှန်းအောက် များစွာနိမ့်နေပါသည်။ အကျဉ်းသားများသည် ကျန်းမာရေးနှင့်မညီညွတ်သော နေထိုင်မှုအခြေအနေ၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာဆက်ဆံခံရခြင်း၊ အစာအာဟာရ ဝလင်အောင် မစားရခြင်းနှင့် ဆေးဝါးကုသမှု လုံလောက်စွာမရခြင်းတို့၏ဒဏ်

၁၁၊ Assistance Association for Political Prisoners, www.aappb.org (last visited September 25, 2008).

၁၂၊ Eight Seconds of Silence: The Death of Democracy Activists Behind Bars, Assistance Association for Political Prisoners (Burma), May 2006.

၁၃၊ Enduring Hunger and Repression: Food Scarcity, Internal Displacement, and the Continued Use of Forced Labor in Toungoo District, Karen Human Rights Group, September 2004.

ndburma2.indd 16 26-Dec-09 13:05:20

များကိုခံစားကြရသည်။ အကျဉ်းသားများသည် ညစ်ပတ်နုံချာသော ပတ်ဝန်းကျင်မှာနေထိုင်ရခြင်းနှင့် အမြဲတစေရိုင်းစိုင်းကြမ်းတမ်းစွာ ဆက်ဆံခံရခြင်းတို့ကြောင့် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ နာတာရှည်အသည်းရောင်ရောဂါ၊ အစာအိမ်ရောင်ရောဂါ၊ တီဘီ အဆုပ်နာ ရောဂါ၊ ဆီးချိုရောဂါ၊ ရိုးဆက်ရောင်နာရောဂါ၊ စိတ်ကျရောဂါ၊ အာရုံကြောပျက်စီး မှုရောဂါတို့ကိုခံစားကြရသည်။ အကျဉ်းသား အဖြစ်နေခဲ့ရသော အခြေအနေများကြောင့် နှစ်နှင့်ချီ၍ကြာလာသည်နှင့်အမျှ အကျဉ်းသားများသော်လည်းကောင်း၊ အကျဉ်းသားဟောင်းများသော်လည်းကောင်း ရာနှင့်ချီ၍ သေဆုံးကြသည်။ သည်ကြားထဲ၊[၁၄] (၂၀၀၆) ခုနှစ်ကစ၍ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ကို အကျဉ်းထောင်များသို့ လွတ်လွတ်လပ်လပ်နှင့် စိတ်ချလက်ချသွားရောက် လေ့လာကြည့်ရှုခွင့်မပြုဘဲ ပိတ်ပင်ထားခဲ့သည်။[၁၅]

အကျဉ်းသားများသည် တရားရုံးတင်ခြင်းမခံရဘဲ သို့မဟုတ် တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုမရဘဲ၊ အချုပ်ခံရသည်မှာ ဖြစ်နေကျကိစ္စဖြစ်သည်။ အမှုများကို တရားရုံးသို့ တင်သည့်အခါမှာပင်၊ တရားစွဲဆို ခံရသူတို့သည် ဥပဒေကျင့်ထုံးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုကို မရရှိကြချေ။ ကြားနာစစ်ဆေးမှုများကို တံခါးပိတ်၍ လုပ်လေ့ရှိသည်။ ရှေ့နေရှေ့ရပ်များနှင့် တိုင် ပင်ခွင့်လည်းမပေး၊ သီးခြားလွတ်လပ်သော တရားစီရင်ပိုင်ခွင့် အာဏာလည်းမရှိချေ။ အဓိကအားဖြင့် (နအဖ) စစ်အစိုးရ၏ နိုင်ငံရေးအရ ဆုံးဖြတ်ချက်က တရားရုံးစီရင်ချက်များကို လွှမ်းမိုးထားသည်။[၁၆]

ထို့အပြင် (နအဖ) စစ်အစိုးရသည် (၁၉၇၅) ခုနှစ်၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးသူများ၏ အန္တရာယ်မှ ကာကွယ်ရေး ဥပဒေ၊ ပုဒ်မ (၁၄) ကို ပြင်ဆင်ထားသော ဥပဒေဖြစ်သည့် ပြည်ထဲရေးတည်ဆဲ ဥပဒေ အမှတ် ၁၁/၉၁ ကိုလည်း သုံးလေ့ရှိကာ၊ ရုံးတင်ခြင်း သို့မဟုတ် အမှုစွဲဆိုခြင်း မရှိဘဲ၊ မတရားဖမ်းဆီး ချုပ်နှောင်ထားသော ကာလကို ထပ်တိုးလေ့ရှိသည်။ ဤဥပဒေ အရပင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်များသည် မူလစီရင်ချက် သက်တမ်းကုန်သွားသည့်တိုင် နေအိမ်အချုပ် သို့မဟုတ် (နအဖ) စစ်အစိုးရ၏ အကျဉ်းထောင်ထဲတွင် ဆက်လက်၍ နေနေရသည်။[၁၇] (နအဖ) စစ်အစိုးရအနေနှင့် ချုပ်နှောင်ထိန်းသိမ်းမှုသက်တမ်းထပ်တိုးစရာမလိုသော အခြားအကျဉ်းသားများအဖို့မူ လွတ်မြောက်ရေး အတွက် အာဏာပိုင်များကို ငွေအမြောက်အများပေး၍ လာဘ်ထိုးရတတ်သည်။

(ခ) ဖြစ်တတ်သည့် ပုံစံများ

မြန်မာနိုင်ငံ၏ တည်ဆဲအခြေအနေတွင် ဖြစ်လေ့ရှိသော ဖမ်းဆီးမှုနှင့် ထိန်းသိမ်း ချုပ်နှောင်မှုမျိုးအတွက် အချက်အလက်ပုံစံတခုကို အောက်မှာ ဥပမာဖော်ပြပေးထားပါသည်။ ဤအချက်အလက်ပုံစံသည် ချိုးဖောက်မှုတရပ်၏ အဓိကအင်္ဂါရပ်များကို ဖော် ထုတ်ပြရာ၌ အသုံးဝင်ဖွယ် ရှိပါသည်။ မတရားဖမ်းဆီးမှုနှင့်ချုပ်နှောင်မှုတည်းဟူသော ချိုးဖောက်မှုတရပ်ကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် အညီ သတ်မှတ်နိုင်ရေးအတွက် အောက်ပါ အချက်များပါရှိရမည်ကို သတိရပါ။

၁။ လူတဦးတယောက်ကို ဖမ်းဆီးခြင်း သို့မဟုတ် အချုပ်ခန်းသို့ပို့ခြင်း။

၂။ တရားဥပဒေမဲ့ အတင်းအကျပ်ပြုမှု။

၃။ ပုဂ္ဂိုလ်ရေး လွတ်လပ်မှုကို ရုပ်သိမ်း ထိခိုက်စေခြင်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက် တို့ဖြစ်ပါသည်။

၁၄၊ The Darkness We See: Torture in Burma's Interrogation Centers and Prisons, Assistance Association of Political Prisoners of Burma, 2 December 2005.

၁၅၊ Eight Seconds of Silence: The Death of Democracy Activists Behind Bars, Assistance Association for Political Prisoners (Burma), May 2006.

၁၆၊ Myanmar: Justice on Trial, Amnesty International, 30 July 2003; Country Reports on Human Rights Practices-2004, Bureau of Democracy, Human Rights and Labor, U.S. Department of State, 28 February 2005.

၁၇၊ Burma Briefing: Issues and Concerns, Vol. 3, Alternative ASEAN Network of Burma, July 2006.

ndburma2.indd 17 26-Dec-09 13:05:20

ဖြစ်ရပ်မှန်ပုံစံ။ ။ မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှု[၁၈]

ကိုအောင်ကျော်စိုးသည် ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်နေစဉ်၊ (၂၀၀၄) ခုနှစ်တွင် နိုင်ငံရေးထဲ စတင်ပါဝင်ခဲ့သည်။ သူသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ပြီးလျှင်၊ လူငယ်ခေါင်းဆောင်တဦးအဖြစ် လှုပ်ရှားခဲ့သည်။(၂၀၀၆)ခုနှစ်၊ဇန်နဝါရီတွင် ကိုအောင်ကျော်စိုးသည် ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်များကို ဖမ်းဆီးခြင်း၊ လူမျိုးစုကျေးရွာသားများကို နှိပ်ကွပ်ခြင်း၊ တိုင်းပြည်တွင်း ပညာရေးလွတ်လပ်ခွင့်မရှိခြင်း စသည်တို့ အပါအဝင် စစ်အစိုးရ၏ လုပ်ရပ်အချို့ကို ဆန့်ကျင်ကန့်ကွက်လျက် လက်ကမ်းစာစောင်တစောင် ရေးသားခဲ့သည်။ သူသည် လက်ကမ်းစာရွက်ကို မိတ္တူအများအပြား ပွားပြီးနောက်၊ လက်ဖက်ရည်ဆိုင်ထိုင်သူများ၊ ကျောင်းသားများနှင့် ဆိုင်ရှင်များကို ဖြန့်ဝေပေးခဲ့သည်။

လက်ကမ်းစာရွက်များကို ဖြန့်ဝေပေးပြီး သီတင်းပတ်အချို့အကြာ၊ သူ့အိမ်မှာ အိပ်ပျော်နေစဉ် အိမ်ရှေ့တခါးကို ခပ်ပြင်းပြင်း ခေါက်လိုက်သံကြောင့် လန့်နိုးသွားခဲ့သည်။ ကိုအောင်ကျော်စိုး၏ အဖေက အိပ်ရာမှထပြီး၊ ထူးသည်။ သို့ရာတွင် တံခါးဖွင့် မပေးရသေးမီမှာပင်၊ စစ်ယူနီဖေါင်းဝတ်ထားသူ (၄) ဦးက တံခါးကို ခြေနှင့်ကန်ချိုဖွင့်ပြီးလျှင် ကိုအောင်ကျော်စိုးကို တွေ့ချင်သည် ဟုဆိုသည်။ ကိုအောင်ကျော်စိုး အိမ်ယာထဲမှထပြီး၊ လူမြင်ကောင်းအောင် အဝတ်မလဲရသေးမီမှာပင် စစ်သားများက သူ့ အခန်းကို တွေ့သွားသည်။ သူ့ကို ဆွဲပြီး၊ ကြမ်းပြင်ပေါ်သို့ တွန်းလဲချလိုက်သည်။ စစ်သားတယောက်က သူ့ကို လက်ပြန်ကြိုး တုပ်နေစဉ်မှာပင်၊ နောက်တယောက်က သူ့ခေါင်းမှာ အဝတ်အိတ် တအိတ် စွပ်လိုက်သည်။ ကိုအောင်ကျော်စိုး၏ ဖခင်ဖြစ်သူက ဘယ်လိုဖြစ်တာလဲ ဟုမေးလိုက်ရာ စစ်သားတယောက်က သူ့ကိုပါးရိုက်လိုက်ပြီး၊ "မမေးနဲ့။ မေးရမှာက ခင်ဗျားသား ဘာကြောင့် ခုလို ဒုက္ခဖြစ်ရသလဲ ဆိုတာကိုဘဲ မေးရမှာ"ဟု ပြောသည်။

စစ်သားများက ကိုအောင်ကျော်စိုးကို အိမ်ထဲမှနေ၍ဆွဲခေါ်သွားပြီးနောက် ကားထဲသို့ ထည့်လိုက်ကြသည်။ တနာရီခန့် ကားမောင်းသွားပြီးနောက် ကိုအောင်ကျော်စိုးကို ကားထဲမှဆွဲချကာ အဆောက်အဦးတခုထဲသို့ ခေါ်သွားခဲ့ကြသည်။ သူ့ခေါင်းမှ အိတ်ကို ချွတ်လိုက်သောအခါ၌ သူသည် အခန်းကျဉ်းကလေးတခုထဲ ရောက်နေသည်ကို တွေ့ရသည်။ အခန်းထဲမှာ အရာရှိ (၃) ယောက် ရှိနေသည်။ တယောက်က ကိုအောင်ကျော်စိုးရေးခဲ့သော လက်ကမ်းစာ၏ မိတ္တူတစောင်ကို ကိုင်ထားသည်။ အရာရှိများက လက်ကမ်းစာရွက်အကြောင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ လှုပ်ရှား ခဲ့ပုံများအကြောင်း သူ့ကိုမေးသည်။ သူရေးသားခဲ့ကြောင်းကို ဝန်မခံသောအခါ၌ သူ့ကို စ၍ရိုက်တော့သည်။ ရိုက်နေရင်းမှ သူ့လက်များကို ကြိုးနှင့်တုပ် လိုက်ပြီး၊ "ဒါမှ မဟုတ်မဟတ်တွေ့ မရေးတော့မှာ"ဟုပြောရင်း လက်ကို သေနတ်ဒင်နှင့် အကြိမ်ကြိမ် ထုသည်။

တနာရီကြာမျှ သဲကြီးမဲကြီးမေးလိုက်၊ ရိုက်လိုက်လုပ်ပြီးနောက် အရာရှိများက ကိုအောင်ကျော်စိုးကို ကွန်ကရစ်အခန်းကျဉ်းလေးတခုထဲမှာ ထည့်ပိတ်ထားလိုက်သည်။ သူသည် အခန်းကျဉ်းလေးထဲမှာ လပေါင်းများစွာ တိုက်ပိတ်ထားခံခဲ့ရသည်။ တနေ့လျှင်တကြိမ် အစောင့်တယောက်က သူ့ကို ထမင်းတပန်းကန်နှင့် အမဲသားပုပ် တတုံးလာပေးသည်။ သီတင်းတပတ် လျှင် တကြိမ် ညစ်ပတ်နေသော ရေတပုံးပေးသည်။ သောက်စရာလည်းဤရေ၊ ချိုးစရာလည်း ဤရေပင်ဖြစ်သည်။ အခန်း ထဲမှာ အိမ်သာလည်း မရှိသဖြင့် သူသည် ကြမ်းပြင်ပေါ်မှာပင် ကျင်ကြီး၊ ကျင်ငယ်စွန့်ရသည်။ သူ့မှာ ကျောခင်းအိပ်စရာ ဘာတခုမျှ မရှိချေ။ အခန်းကျဉ်းလေးထဲမှာ ကြွက်နှင့် ခြင်များလည်းပေါသည်။ ဤအခြေအနေမျိုးဖြင့် (၂)လကြာအောင်နေပြီးသောအခါ၌ ကိုအောင်ကျော်စိုးသည် အကြီးအကျယ် နာမကျန်းဖြစ်တော့သည်။ သူသည် အပြင်း ဖျားသည့်အပြင် ဝမ်းပိုက် ကလည်း အပြင်းအထန် နာသည်။ အော့အန်စ ပြုလာပြီး ဆီးသွားရာ၌လည်း သွေးပါလာသည်။ သူက အစောင့်များအား သူ့ကိုဆေးရုံသို့ပို့ပေးရန် တောင်းတောင်းပန်ပန် ပြောဆိုခဲ့သော်လည်း ပို့မပေးကြချေ။ သူသည့် အလွန်အားနည်းလာခဲ့သည်။

(၅) လကြာပြီးနောက်တွင် ကိုအောင်ကျော်စိုးရှိရာ အခန်းကျဉ်းသို့ စစ်သား (၂)ယောက် ရောက်လာပြီး၊ သူ့ကို စစ်ကြောရေး အခန်းထဲသို့ ဆွဲခေါ်သွားသည်။ အရာရှိလုပ်သူက အသင့်ရေးထားသော ထွက်ဆိုချက်ကို ထုတ်ပေးပြီး

၁၈၊ ယခု ဖော်ပြထားသည့် စိတ်ကူးဖော်ပြချက် ပုံစံသည် လူအများ၏ အတွေ့အကြုံများကို အခြေခံရေးသားထားခြင်း ဖြစ်ကြောင်း သတိပြုစေလို ပါသည်။ ယခု လက်စွဲစာအုပ်တွင် အသုံးပြုဖော်ပြနိုင်ရန်အတွက်သာ ဖန်တီး ရေးသားထားခြင်း ဖြစ်ပါသည်။ လူတဦး၏ ဖြစ်ရပ်၊ အမှန်ဖြစ်ရပ် တခု ကို ဖော်ပြရေးသားထားခြင်း မဟုတ်ပါ။

ndburma2.indd 18 26-Dec-09 13:05:20

ကိုအောင်ကျော်စိုးအား လက်မှတ်ရေးထိုးစေသည်။ ထွက်ဆိုချက်ထဲမှာ ကိုအောင်ကျော်စိုးအနေနှင့် နောက်နောင် တွင်အစိုးရ ဆန့်ကျင်ရေးစကားများ မပြောတော့ပါကြောင်း၊ မဟုတ်မမှန်သော ပြောဆိုရေးသားမှုများကြောင့် ဒဏ်ငွေ အဖြစ်ငွေကျပ် (၂၀၀၀၀၀) ပေးဆောင်ရန် သဘောတူပါကြောင်း ပါရှိသည်။ ကိုအောင်ကျော်စိုး၏ ဖခင်က ငွေယူလာသောအခါ၌ စစ်သားများက ကိုအောင်ကျော်စိုးကို လွှတ်ပေးလိုက်သည်။

လွှတ်ပြီး မကြာမီမှာပင် ကိုအောင်ကျော်စိုးသည် အားပြန်ရှိလာသည်။ အာဏာပိုင်များက သူ့ကို ဆက်လက် စောင့်ကြည့်နေကြသည်။ ကိုအောင်ကျော်စိုး၏ သူငယ်ချင်းများက နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်နေကြရာ၊ သူသည် အာဏာပိုင်များက သူ့သူငယ်ချင်းများ၏ လှုပ်ရှားမှုထဲမှာ သူပါသည်ဟု ဆွဲထည့်မည်ကို ကြောက်နေရသည်။ နောက်တချို့ အချုပ်ခံရလျှင် သူအသက် ဆက်ရှင်နိုင်တော့မည်မဟုတ်ဟု တွေးကြောက်ပြီးလျှင် သူသည် မြန်မာနိုင်ငံမှ ထွက်ပြေးကာ ယခုအခါ၌ ထိုင်းနိုင်ငံမှာ တရားဝင် စာရွက်စာတမ်းမရှိဘဲ နေထိုင်နေလျက်ရှိသည်။

၄။(ဂ) တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာပုံစံ

တွေ့ဆုံမေးမြန်းခြင်းသည် အဓိကကျသော အချက်အလက်များကို ရှာဖွေစုဆောင်းနည်းပင် ဖြစ်သည်။ အဓိကအကြောင်းရင်းမှာ အဖြစ်အပျက်တခုနှင့် ပတ်သက်၍ လူတို့သည် သတင်းအချက်အလက်များကို အများဆုံးရရှိထားသူများဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခြင်းသည် အချက်အလက်ရှာဖွေစုဆောင်းသောလုပ်ငန်းအတွက် အခြေခံကျသည်ဖြစ်ရာ၊ တွေ့ဆုံမေး မြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အကောင်းဆုံး ရရှိထားခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘက်ပေါင်းစုံမှနေ၍ အသေးစိတ်ကျကျ ဖေါ်ထုတ်ရေးတွင် သော့ချက်တခုဖြစ်ပါသည်။ အထက်ဖေါ်ပြပါ ဖြစ်ရပ်မှန်ပုံစံကို အခြေခံထားသောတွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ (၂) ခုကို အောက်မှာ ဖေါ်ပြထားပါသည်။ ပထမ တွေ့ဆုံမေးမြန်းခြင်းသည် အရည်အသွေး ညံ့ဖျင်းသောတွေ့ဆုံမေးမြန်းခြင်း၏ သာဓက ဖြစ်ပြီး၊ ဒုတိယ တွေ့ဆုံမေးမြန်းခြင်းသည် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပါသည်။ သာဓကတခုစီ၏ အောက်ခြေတွင် ပိုင်းခြားသုံးသပ်ချက်များကို ဖေါ်ပြထားပါသည်။

တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ညံ့)

မေး – ဒါဖြင့်၊ ခင်ဗျားကို စစ်တပ်က ဖမ်းတာပေါ့၊ ဟုတ်သလား။

အောင်ကျော်စိုး – ဟုတ်ပါတယ်။ ကြောက်စရာပါဘဲ။ ချုပ်ထားတုန်းမှာ ကျနော်တော့ အသက်ဆက်ရှင်တော့မယ်တောင်မထင်ပါဘူး။ ရိုက်ထားတဲ့ ဒဏ်တွေကြောင့် ကျနော့်လက်တွေ ခုထိ နာနေတုန်းပါဘဲ။

မေး – ခင်ဗျားက (NLD) ထဲမှာပါပြီး နိုင်ငံရေးလုပ်ခဲ့လို့ အဖမ်းခံခဲ့ရတာပေါ့။

အောင်ကျော်စိုး – ဟုတ်ပါတယ်။

မေး – ခင်ဗျားကို တရားမျှတတဲ့ ကြားနာစစ်ဆေးမှု မခံခဲ့ရဘူးပေါ့။

အောင်ကျော်စိုး – မတင်ခဲ့ပါဘူး။ ကျနော့်ကို ဘယ်တရားရုံးမှာမှ မတင်ခဲ့ပါဘူး။ တရားသူကြီးတို့ဘာတို့ကို မြင်တောင်မမြင်ခဲ့ရပါဘူး။

မေး – ခင်များကို ထိမ်းသိမ်းရေးစခန်းမှာထားခဲ့တယ်ပေါ့။

အောင်ကျော်စိုး – ဟုတ်ပါတယ်။

မေး – ခင်ဗျားကို ဖမ်းတာ အစိုးရအရာရှိတွေလား။

အောင်ကျော်စိုး – အစိုးရအရာရှိလို့ ထင်တာဘဲ။ ကျနော့်ကို စစ်သားတွေက ဖမ်းသွားကြတာပါ။

ndburma2.indd 19 26-Dec-09 13:05:20

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် ညှဉ်ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

ညှဉ်ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရသည့်မှာ အကြောင်းအချက်များစွာ ရှိပါသည်။ ပထမအချက်– တိုလွန်းသည်။ ချိုးဖောက်မှုတခုဖြစ်ကြောင်း ဖေါ်ပြရန်လိုအပ်သည့် အင်္ဂါရပ်များအကြောင်း မှတ်တမ်းပြုရန်တည်းဟူသော တွေ့ဆုံမေးမြန်းခြင်း၏ရည်မှန်းချက် ပေါက်မြောက်ခြင်းမရှိချေ။ ဖြစ်ပွားပုံကို အသေးစိတ်ပေါ်လွင်စေရေးအတွက် မေးခွန်းများလုံလောက်ခြင်း မရှိ။ နောက်ဆက်တွဲမေးခွန်းများသည်ဖြစ်ရပ်၏ ပုံကားချပ်ကို အပြည့်အဝဖေါ်ပြရေးတွင် အထူးအရေးကြီးပါသည်။

ဒုတိယအချက်– ဤမေးခွန်းများသည် အများအားဖြင့် နိမိတ်ပြမေးခွန်းများဖြစ်နေသည်။ ဆိုလိုသည်မှာ ကိုအောင်ကျော်စိုး အနေနှင့် မည်သို့ ဖြေကြားသင့်ကြောင်း အရိပ်အကဲပြသည့်သဘော ဖြစ်နေသည်။ သူက ''ဟုတ်ပါသည်'' သို့မဟုတ် ''မဟုတ်ပါ'' ဟုဖြေနေပါက အရေးကြီးသော အသေးစိတ်အချက်အလက်များကို ကျန်သွားနိုင်ပြီးတွေ့ဆုံ မေးမြန်းသူ အနေနှင့်လည်း အရေးကြီးသော သတင်းအချက်အလက်များကို လက်လွတ်သွားလိမ့်မည်။ ထို့အပြင် ကိုအောင်ကျော်စိုး ဘက်ကလည်း သူ့ဟာသူ လွတ်လွတ်လပ်လပ် ပြောပြလိုသည့် သဘောနည်းသွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူကြားလိုသော အဖြေများကို ပေးသည့်သဘောပို့များသွားနိုင်ပါသည်။

တတိယအချက်– ဤတွေ့ဆုံမေးမြန်းခြင်းသည် တွေ့ဆုံမေးမြန်းသူ မူလကတည်းက သံသယရှိနေသော ချိုးဖောက်မှုကိုသာလျှင် အာရုံစိုက်ထားပြီး၊ အခြား ချိုးဖောက်မှုများအတွက် အထောက်အထားရနိုင်သော မေးခွန်းများကို မေးခြင်းမရှိချေ။ ဤသာဓက ဖြစ်ရပ်ကဲ့သို့သော မတရားဖမ်းဆီးမှုနှင့် ချုပ်နှောင်မှုဖြစ်ရပ်များသည် အခြားသောလူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနေသည့်ကြားမှာ ဖြစ်ပွားတတ်ပါသည်။ အသေးစိတ်ကျသော တွေ့ဆုံမေးမြန်းမှုတခုကို လုပ်ခြင်းအားဖြင့် ကိုအောင်ကျော်စိုး ထိန်းသိမ်းခံနေရစဉ်ကာလအတွင်းမှာ ဖြစ်ပွားခဲ့သည့် အခြားရာဇဝတ်မှုကျူးလွန်မှုများ ကဲ့သို့သော ကျူးလွန်မှုများအတွက် အထောက်အထားများ ရနိုင်ဖွယ်ရှိပါသည်။

နောက်ဆုံးအချက်– ကိုအောင်ကျော်စိုး၏ ဖြစ်ရပ်ကို အတည်ပြုဖေါ်ပြပေးမည့် သတင်းအချက်အလက်တစုံတရာကို ဤတွေ့ဆုံ မေးမြန်းခြင်း မှနေ၍ မရရှိချေ။ ကိုအောင်ကျော်စိုး၏ သတင်းကို ပံ့ပိုးအတည်ပြုရေးအတွက် သက်သေအထောက်အထားရှိ–မရှိ၊ သို့မဟုတ် ဆရာဝန်ဆေးစစ်ချက်ကဲ့သို့သော အခြားအထောက်အထားများရနိုင် – မရနိုင်ကို သူ့အား မေးကြည့်ခြင်းသည် ကောင်းမွန်သော မှတ်တမ်းပြမှုတခု၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။

တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ကောင်း)

မေး – ကိုအောင်ကျော်စိုး ဗမာပြည်ကနေထွက်လာဖို့ ဘာကြောင့်ဆုံးဖြတ်ခဲ့ရတယ်ဆိုတာကို ပြောပြနိုင်မလား။

အောင်ကျော်စိုး – ကျနော် မြန်မာနိုင်ငံကထွက်ဖို့ ဖြစ်လာခဲ့ပါတယ်။ နောက်ထပ် စစ်တပ်ဖမ်းမှာကို ကျနော် တော်တော်ကြောက်ပါတယ်။ နောက်ထပ် ထိမ်းသိမ်းခံရရင် ကျနော် အသက်ရှင်တော့မယ် မထင်ပါဘူး။

မေး – စစ်တပ်က ဖမ်းလိမ့်ဦးမယ်လို့ ဘာကြောင့် ခင်ဗျားထင်ပါသလဲ။

အောင်ကျော်စိုး – ထိန်းသိမ်းရာကနေ ကျနော်လွတ်လာပြီးတဲ့အခါ (NLD) ပါတီထဲမှာ တက်တက်ကြွကြွလှုပ်ရှားနေကြ သေးတဲ့ ကျနော့်သူငယ်ချင်းတွေရဲ့ လှုပ်ရှားမှုထဲ ကျနော် ပါတယ်လို့ စစ်တပ်ကဆွဲထည့်မှာကို ကျနော်ကြောက်ပါတယ်။

မေး – ခင်ဗျားအဖမ်းခံရတဲ့ အခါ ဘာတွေဖြစ်ခဲ့သလဲဆိုတာကို ပြောပြနိုင်မလား။

အောင်ကျော်စိုး – ပြောပြနိုင်ပါတယ်။ (၂၀၀၆) ခုနှစ်၊ ဇန္နဝါရီလတုန်းက ကျနော့်ကို ဖမ်းပါတယ်။ ယူနီဖေါင်းဝတ် စစ်သား (၄) ယောက် ကျနော့်အိမ်ကို ရောက်လာပါတယ်။ ကျနော့်ကို လက်ပြန်ကြိုးတုပ်၊ ခေါင်းမှာ အဝတ်အိတ်စွပ်ပြီး၊ ရန်ကုန်မြို့အပြင်ဘက်က ထိန်းသိမ်းရေးစခန်းတခုဆီကို ခေါ်သွားခဲ့ပါတယ်။ ကျနော် (၅)လကြာအောင် ထိန်းသိမ်းခံ ခဲ့ရပါတယ်။ အကြီးအကျယ် ဒုက္ခရောက်ခဲ့ပါတယ်။

ndburma2.indd 20 26-Dec-09 13:05:20

မေး – ဘာကြောင့် ခင်ဗျားကို ဖမ်းတာပါလဲ။

အောင်ကျော်စိုး – ကျနော့်ကို ဘာကြောင့်ဖမ်းတယ်ဆိုတာကို ဘယ်သူမှတိတိကျကျ မပြောပြပါခဲ့ပါဘူး။ ဒါပေမယ့် (NLD) မှာ ကျနော်ပါခဲ့လို့ ဖမ်းတယ်ထင်ပါတယ်။ ကျနော်က (NLD) မှာ လူငယ်ခေါင်းဆောင်တယောက်အနေနဲ့ တာဝန်ယူခဲ့ပြီး၊ အဖမ်း မခံရခင် (၂) ပတ်လောက်က အစိုးရရဲ့လုပ်ရပ်တွေကို ဆန့်ကျင်တဲ့ လက်ကမ်းစာစောင်တစောင်ကို ကျနော်ရေးပြီး ဖြန့်ခဲ့ပါတယ်။ ကျနော့်ကို စစ်ကြောရေးလုပ်တော့ (NLD)ထဲမှာကျနော်လှုပ်ရှားခဲ့ပုံတွေနဲ့ ပတ်သက်လို့ တော်တော်မေးပါတယ်။ သူတို့လက်ထဲမှာလည်း ကျနော့်လက်ကမ်းစာတွေရထားပါတယ်။ ပြီးတော့၊ ကျနော့်ကို လွှတ်မပေးခင်မှာ (NLD) ထဲမှာ မပါ တော့ပါဘူးလို့ သဘောတူကြောင်းလက်မှတ် ထိုးခိုင်းခဲ့ပါတယ်။

မေး – ခင်ဗျားကို ဘယ်သူက ဖမ်းတာပါလဲ။

အောင်ကျော်စိုး – စစ်အစိုးရရဲ့ ဘယ်ဌာနလဲ၊ ဘာလဲ ကျနော် သေသေချာချာမသိပါဘူး။ ကျနော့်အိမ်ကို လာဖမ်းတာကတော့ အစိုးရစစ်သားတွေ ပါဘဲ။

မေး – သူတို့က အစိုးရစစ်သားတွေလို့ ခင်ဗျားဘာကြောင့်ပြောနိုင်ပါသလဲ။

အောင်ကျော်စိုး – အစိုးရ စစ်သားတွေ ဝတ်နေကျ ယူနီဖေါင်းတွေဝတ်ထားကြလို့ သိရတာပါ။

မေး – ဖမ်းသွားပြီးတဲ့နောက် ဘာတွေဖြစ်ပါသလဲ။

အောင်ကျော်စိုး – သူတို့က (NLD) ထဲမှာ ကျနော်လှုပ်ရှားခဲ့ပုံတွေ အကြောင်းမေးပါတယ်။ လက်ကမ်းစာရွက်ကိုကျနော်ရေးခဲ့တာ၊ ကျနော်ဟာ ဘေးအန္တရယ်များတဲ့ အယူအဆတွေကို ဖြန့်နေတာ သူတို့သိကြောင်းပြောပါ တယ်။ ကျနော့်ကို ခပ်ကြမ်းကြမ်းရိုက်ပါတယ်။ ကျနော့်လက်တွေကို သေနတ်ဒင်တွေနဲ့ ရိုက်ချေပါတယ်။ ဒါမှ မဟုတ် မဟတ်တွေ မရေးတော့မှာလို့လည်း ပြောပါတယ်။ နောက်တော့ ကျနော့်ကို (၅) လလောက် အခန်းထဲမှာ ပိတ်ထားပါတယ်။

မေး – ခင်ဗျားကို တကြိမ်တလေမှ ရုံးမထုတ်ဘူးလား။

အောင်ကျော်စိုး – မထုတ်ပါဘူး။ အခန်းထဲမှာဘဲ ပိတ်ထားခဲ့ပါတယ်။

မေး – ခင်ဗျားကို ထိန်းသိမ်းထားခဲ့တာနဲ့ပတ်သက်လို့ ခင်ဗျားအနေနဲ့ တိုင်တန်းလို့ရနိုင်မယ်ထင်ပါသလား။

အောင်ကျော်စိုး – ကျနော်တော့ ရနိုင်မယ် မထင်ပါဘူး။ တကယ်လို့ ရနိုင်မယ်ဆိုရင်လည်း ဘယ်လို တိုင်တန်းရမယ် ဆိုတာကို ကျနော် မသိပါဘူး။ ဗမာပြည်ရဲ့ စနစ်ကြီးတခုလုံးကို စစ်တပ်က ဖျက်ဆီးထားခဲ့လို့ တိုင်တန်းလည်း ဘာမှထူးမယ် မထင်ပါဘူး။ အဖမ်းခံလိုက်ရပြီဆိုရင် ဘာမှလုပ်လို့မရတော့ပါဘူး။

မေး – ထိန်းသိမ်းထားတဲ့နေရာမှာ အခြေအနေ ဘယ်လိုရှိပါသလဲ။

အောင်ကျော်စိုး – အခြေအနေကတော့ တကယ့်ကို ကြောက်စရာပါဘဲ။ ကျနော့်ကို အခန်းကျဉ်းလေးထဲမှာ တယောက်ထဲထားပါတယ်။ ကျနော့်ဆီကိုဘယ်သူ့ကိုမှ လာခွင့်မပေးပါဘူး။ ကျနော့်ကိုနေ့တိုင်း စားစရာနည်းနည်းလေး လောက်ပဲပေးပါတယ်။ ဒါတောင် မြို့လို့မကျလောက်တဲ့ဟာတွေပါ။ သောက်စရာနဲ့ ချိုးစရာရေ လုံလုံလောက်လောက် မရတဲ့အပြင်၊ အိမ်သာသွား စရာလည်းမရှိပါဘူး။ ဒီအခြေအနေတွေကြောင့် ကျနော် မမာမကျန်း ဖြစ်ပါတယ်။ ဒါပေမယ့် ကျနော့်ကို ဆရာဝန်နဲ့တွေ့ခွင့် မပေးပါဘူး။

မေး – ထိန်းသိမ်းရေးစခန်းမှာ ဘယ်သူတွေက တာဝန်ယူနေကြတာလဲ။

အောင်ကျော်စိုး – ကျနော်ကိုဖမ်းတဲ့ တပ်ဘဲလို့ကျနော်ထင်ပါတယ်။ အစောင့်တွေရော အရာရှိတွေပါအားလုံးပဲ၊ ကျနော့်ကို ဖမ်းတဲ့ စစ်သားတွေနဲ့ ယူနီဖေါင်း တဆင်ထဲဝတ်ထားကြပါတယ်။

မေး – ခင်ဗျား ဘယ်လိုလုပ်ပြီး လွတ်လာပါသလဲ။

အောင်ကျော်စိုး – တနေ့မှာ စစ်သားတချို့ ကျနော့်ကို အခန်းထဲကနေ လာခေါ်ထုတ်သွားပါတယ်။ နောက်ကို နိုင်ငံရေးမလုပ်တော့ပါဘူးဆိုတဲ့ ကတိခံဝန်ချက်မှာ လက်မှတ်ထိုးရင် ထွက်သွားလို့ရတယ်လို့ ကျနော့်ကိုပြောပါတယ်။ ပြီးတော့ ဒဏ်ငွေကျပ် (၂၀၀,၀၀၀) ပေးရမယ်လို့လည်းပြောပါတယ်။ ကျနော်လည်း ထောင်ထဲမှာ သေမသွားချင်တာနဲ့၊ ဝန်ခံကတိကို လက်မှတ် ထိုးခဲ့ပါတယ်။ ဒဏ်ငွေက ကျနော့် မိသားစုအဖို့ တော်တော့်ကိုများပါတယ်။ ဒါပေမယ့် ကျနော့်အဖေက အိမ်နီးချင်းတွေဆီက ချေးယူခဲ့ပါတယ်။ နောက်တော့ သူတို့ကျနော့်ကို လွှတ်ပေးပါတယ်။ ဘာကြောင့် ကျနော့်ကို လွှတ်ပေးဖို့ ဆုံးဖြတ်ခဲ့တယ်ဆိုတာကို ကျနော်မသိပါဘူး။

မေး – လွှတ်ပြီးနောက်မှာ ဘယ်လိုဖြစ်ပါသလဲ။

အောင်ကျော်စိုး – အဖေနဲ့အတူ ကျနော်အိမ်ကိုပြန်ပါတယ်။ ကျနော်သူငယ်ချင်းတွေက သတင်းကြားပြီး၊ အိမ်ကိုလာလည်ကြပါတယ်။ ဒါပေမယ့် အာဏာပိုင်တွေက ကျနော့်ကိုစောင့်ကြည့်နေကြတာ၊ ကျနော့်အိမ် လာတဲ့လူတွေကို သူတို့သိနေကြတယ်ဆိုတာကို ကျနော်သိပါတယ်။ ဘာကြောင့်လဲဆိုတော့၊ စစ်သားတွေကတခါတခါ ကျနော့်အိမ်ကိုလာပြီး၊ ကျနော့်ဆီ ဘယ်သူ တွေ လာသလဲ။ ဘာတွေ ဆွေးနွေးကြသလဲဆိုတာတွေကို မေးကြလို့ပါပဲ။ စောစောက ကျနော်ပြောခဲ့တဲ့အတိုင်း စစ်တပ်က ကျနော့် သူငယ်ချင်းတွေရဲ့ လှုပ်ရှားမှုထဲ ကျနော်ပါတယ်ဆိုပြီး ဆွဲထည့်မှာကို ကျနော်ကြောက်ပါတယ်။ ဒါနဲ့ပဲ၊ ကျနော် မြန်မာနိုင်ငံကနေ ထွက်လာခဲ့ပါတယ်။

မေး – ထိန်းသိမ်းရာကနေ လွှတ်လာပြီးတဲ့ နောက်မှာ ဆရာဝန်တယောက်ယောက်ဆီ သွားတွေ့ခဲ့ပါသလား။

အောင်ကျော်စိုး – ဟုတ်ကဲ့။ လွှတ်ပြီးနောက်မှာ၊ ကျနော် ဆရာဝန်တယောက်ဆီသွားတွေ့ပါတယ်။ အဖျားရှိသေးတဲ့ အပြင်၊ အားလည်းနည်းနေလို့ ဖြစ်ပါတယ်။ သူတို့ သေနတ်ဒင်နဲ့ထုထားတုန်းက ကျနော့်လက်တွေဟာ ခုထိတော်တော့်ကိုနာနေတုန်းပါပဲ။ ဆရာဝန်ကဆေးပေးပြီးအနားယူဘို့ပြောပါတယ်။ထိုင်းနိုင်ငံထဲကိုရောက်လာတော့ ကျနော်ဆရာဝန် တယောက်ဆီသွားပြပါသေးတယ်။ လက်တွေကနာနေတုန်းမို့ပါပဲ။ သူက ခွဲစိတ်ကုသဖို့လိုတယ်လို့ ပြောပေမယ့်၊ ကျနော်က မတတ်နိုင်တော့ အကိုက်အခဲပျောက်ဆေးပဲ စားနေရပါတယ်။

မေး – ခင်ဗျားမှာ ဆေးစစ်ချက်မိတ္တူရှိပါသလား။

အောင်ကျော်စိုး – ထိုင်းထဲက ဆရာဝန်တယောက်ဆီကနေ မိတ္တူတစောင်လောက် ရနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ကျနော်သွားတွေ့တဲ့ ဆရာဝန်ဆီက ဆေးစစ်ချက်မိတ္တူတော့ ကျနော့်မှာ မရှိပါဘူး။ ဒါပေမယ့် အသုံးဝင်မယ်ဆိုရင် ပို့ပေးဖို့ ကျနော့် အမေကိုမှာလို့ ရနိုင်ပါတယ်။

မေး – ဒါဆိုရင်သိပ်ကောင်းတာပေါ့ဗျာ။ ဒီအတွက်ခင်ဗျားအမေမှာ အန္တရာယ်မဖြစ်ဘူးဆိုရင်ပေါ့ဗျာ။ ခင်ဗျားဖြစ်ရပ်ကို သိထားတဲ့ လူ တွေထဲက ကျနော်စကားပြောလို့ရမယ့်သူ တခြားတယောက်ယောက် ရှိပါသလား။

အောင်ကျော်စိုး – ကျနော့်အဖေနဲ့ ပြောလို့ရပါတယ်။ ကျနော် ထွက်လာပြီး မကြာခင်မှာဘဲ သူထိုင်းနိုင်ငံကို ရောက်လာခဲ့ပြီး၊ ခုကျနော်နဲ့အတူ နေ နေပါတယ်။ ကျနော်အဖမ်းခံရတုန်းက သူရှိပါတယ်။ ကျနော်လွတ်ရေးအတွက် ပိုက်ဆံကို သူပဲပေးပါတယ်။ သူလည်း ခင်ဗျားနဲ့ စကားပြောချင်မှာပါ။

မေး – ကောင်းပါပြီ။ နောက်ထပ်ပြောစရာ ရှိပါသေးသလား။ ဒါမှမဟုတ် ကျနော့်ကို မေးစရာတခုခုရှိပါသလား။

အောင်ကျော်စိုး – အဖြစ်က ကြောက်စရာပါဘဲ။ ဒီအခြေအနေမျိုးမှာ ထိန်းသိမ်းခံရရင် အသက်ရှင်ဖို့လမ်းမရှိပါဘူး။ ကျနော့်ကို တိရိစ္ဆာန်တကောင်လို ဆက်ဆံခဲ့ကြပါတယ်။ ကျနော် ကြုံခဲ့ရတာတွေဟာ တိုင်းပြည်မှာ ဖြစ်ပွားနေတဲ့ မတရားမှုတွေ အကြောင်းကို အမှန်အတိုင်းဖေါ်ပြရာရောက်နေပါတယ်။ ကျနော်ဟာ ရာဇဝတ်ကောင် တယောက်မဟုတ်ပါဘူး။ ကျနော်ဟာ လွတ်လွတ်လပ်လပ်နဲ့ အကြောက်အရွံ့မရှိ နေနိုင်ခွင့်ကိုလိုချင်တာသာဖြစ်ပါတယ်။

မေး – ခင်ဗျားရဲ့အတွေ့အကြုံကို ပြောပြတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ဒီလိုပြောပြဖို့ တော်တော့်ကို မလွယ်မှန်း ကျနော်သိပါတယ်။ ကျနော်ခင်ဗျားနဲ့ နောက်ထပ် စကားပြောဖို့လိုမယ်ဆိုရင် ခင်ဗျားကို ဘယ်လို

ndburma2.indd 22 26-Dec-09 13:05:20

ဆက်သွယ်လို့ ရနိုင်ပါမလဲ။

အောင်ကျော်စိုး – အချိန်မရွေး ဒီရှာကိုလာပြီး၊ ကျနော်နဲ့စကားပြောနိုင်ပါတယ်။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

ဤတွေ့ဆုံမေးမြန်းခြင်းသည်ကောင်းပါသည်ဟုဆိုရခြင်းမှာကိုအောင်ကျော်စိုးက သူ့ဖြစ်ရပ်ကိုပြောပြသောကြောင့် ဖြစ်ပါ သည်။ ပွဲဦးထွက်မေးခွန်းများသည် လမ်းဖွင့်မေးခွန်းများ ဖြစ်ပြီး၊ နောက်ဆက်တွဲမေးခွန်းများလည်း ပါပါသည်။ သူ၏ဖြေကြားချက်များသည် ချိုးဖောက်မှုတခုအဖြစ် သတ်မှတ်ရေးအတွက် အင်္ဂါရပ်အသီးသီးကို မှတ်တမ်းပြုရာ၌ အထောက်အကူ ဖြစ်စေပါသည်။ သာဓကအားဖြင့်ဖော်ပြရလျှင် ကိုအောင်ကျော်စိုးသည် ဖမ်းဆီးချုပ်နှောင်မှုနှင့်ပတ်သက်၍ အောက်ပါသတင်းအချက် အလက်များကို ပေးပါသည်။

ပထမ– ကိုအောင်ကျော်စိုးသည် ဖမ်းဆီးမှုအဖြစ် သတ်မှတ်ရေးအတွက် သတင်းအချက်များပေးသည်။ စစ်သားများသူ့အိမ် သို့ရောက်လာပြီး၊ သူ့ကို လက်ပြန်ကြိုးတုပ်ကာ၊ အိမ်ထဲမှနေ၍ ဆွဲခေါ်သွားကြောင်း ပြောပြခဲ့သည်။ သူ့ကို ဖမ်းဆီးစဉ်က သူ၏အဖေရှိနေသောကြောင့် ဖြစ်ရပ်အကြောင်း ကိုအောင်ကျော်စိုး၏ ပြောပြချက်ကို အတည်ပြုဖော်ပြ ပေးရန်အတွက် ဖခင်ဖြစ်သူကိုပါ တွေ့ဆုံမေးမြန်းလျှင် အကျိုးရှိလိမ့်မည် ဖြစ်သည်။

ဒုတိယ– မတရားဖမ်းဆီးချုပ်နှောင်မှု၏ သဘောသဘာဝအဖြစ်ဖော်ပြရေးအတွက် အသေးစိတ်အချက်အလက်များကို ကိုအောင်ကျော်စိုးကပေးခဲ့သည်။ သူ့ကိုမည်သို့စွဲဆိုချက်ဖြင့် ဖမ်းသည်ဟု ပြောပြခြင်းမရှိဘဲ၊ ဖမ်းဆီးခြင်း၊ စစ်ကြောမေးမြန်းခြင်းနှင့် ထိန်းသိမ်းခြင်းပြုပုံအကြောင်းကို ကိုအောင်ကျော်စိုးက ရှင်းပြခဲ့သည်။ သူ့အတွက် မိမိကိုယ်မိမိခုခံကာကွယ်ရန် သို့မဟုတ် တရားရုံး၌ကြားနာစစ်ဆေးခံရန် အခွင့်အလမ်း မပေးခဲ့ကြောင်း ပြောပြခဲ့သည်။ နိုင်ငံရေးလက်ကမ်းစာစောင်တစောင် ရေးသား၊ ဖြန့်ဝေပြီးနောက်မှာ အဖမ်းခံခဲ့ရကြောင်း၊ သူ၏နိုင်ငံရေးလှုပ်ရှားမှုများနှင့် ပတ်သက်၍ သော်လည်းကောင်း၊ လက်ကမ်းစာ ထုတ်ဝေရာမှာ သူ၏ ပါဝင်မှုနှင့်ပတ်သက်၍ သော်လည်းကောင်း စစ်ကြောမေးမြန်းခံခဲ့ရကြောင်းနှင့်၊ ထို့အပြင် သူသည် နောက်နောင်တွင် နိုင်ငံရေးမလုပ်တော့ပါဟုဆိုသော ကတိခံဝန်ချက်ကို လက်မှတ်ရေးထိုး ခဲ့ရကြောင်းဟူသော သူ၏ထွက်ဆိုချက်အပေါ်အခြေခံ၍ တွေ့ရှိရသောအချက်မှာ သူသည် အခြေခံလူ့အခွင့်အရေးတရပ်ဖြစ်သည့် အကြမ်းမဖက်သော နိုင်ငံရေးထုတ်ဖော်မှုမှာ ပါဝင်ပတ်သက်မှုအတွက် ဖမ်းဆီး၊ ချုပ်နှောင်ခံခဲ့ရသည်ဟူ၍ ဖြစ်ပါသည်။

တတိယ– တွေ့ဆုံမေးမြန်းခြင်းက ဖော်ပြလိုက်သည်မှာ ကိုအောင်ကျော်စိုးသည် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် ရုပ်သိမ်းခံခဲ့ရသည်ဟူ၍ ဖြစ်ပါသည်။ သူ့ကို ထိန်းသိမ်းရေးစခန်းသို့ အတင်းအဓမ္မဖော်ဆောင်သွားပြီး၊ မနှစ်မြို့ဖွယ်ရာအခြေအနေထဲမှာ လပေါင်းများစွာ ချုပ်နှောင်ထားခဲ့ကြောင်း ကိုအောင်ကျော်စိုးက ပြောပြခဲ့သည်။ ဝန်ခံချက်တခုကို လက်မှတ်ထိုးကာ၊ ဒဏ်ငွေပေးဆောင်လိုက်မှသာ လွတ်လာခဲ့ကြောင်းကိုလည်း ဖော်ပြခဲ့သည်။

နောက်ဆုံးအချက်– ဖမ်းဆီးမှုနှင့် ချုပ်နှောင်မှုတွင် အစိုးရပိုင်းမှ ပုဂ္ဂိုလ်များပါဝင်ကြောင်းကို ကိုအောင်ကျော်စိုးက ဖော်ပြခဲ့သည်။ သူ့ဖမ်းဆီး၊ ချုပ်နှောင်မှုမှာ တာဝန်ရှိသော စစ်တပ်၏ တပ်ဖွဲ့အမည် သို့မဟုတ် တပ်ဖွဲ့၏တံဆိပ် အမှတ်အသားတို့ကို ရေရေ ရာရာတိတိကျကျ ဖော်ထုတ် မပြနိုင်သော်လည်း၊ အစိုးရယူနီဖေါင်းဝတ်ထားကြောင်းကိုတော့ သူ ဖော်ပြခဲ့သည်။ ဤအချက်နှင့်ပင်လျှင် အစိုးရ၏ ပါဝင်ပတ်သက်မှုကို ပြသရန် လုံလောက်ပါသည်။

ဤတွေ့ဆုံမေးမြန်းခြင်းမှနေ၍ မတရားဖမ်းဆီးချုပ်နှောင်မှုနှင့် ဆက်သွယ်နေသော ညှဉ်းပန်းနှိပ်စက်ခြင်း ကဲ့သို့သော အခြား ချိုးဖောက်မှုများ အတွက် အထောက်အထားများရရှိပါသည်။ အပြင်းအထန်ရိုက်နှက်ခံခဲ့ရကာ၊ ဆက်လက်၍ အနာတရ ခံစားနေရသေးကြောင်း သူဖော်ပြခဲ့သည်။ ရိုက်နှက်ခံရရာမှ ရရှိခဲ့သော သူ၏အနာတရဖြစ်မှုများနှင့်ပတ်သက်၍ သူ့ဆရာဝန်၏ မှတ်တမ်းများသည် သူ့ဖြစ်ရပ်ကို သက်သေခံရေးအတွက် အထောက်အကူ ပေးပါလိမ့်မည်။ အခြားသော ချိုးဖောက်မှုများကို သတ်မှတ်ဖော်ပြရေးအတွက် နောက်ထပ်မေးခွန်းများမေးရန် လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။ တွေ့ဆုံမေးမြန်းခြင်းသည် ကောင်းစွာပြီးဆုံးသွားပါသည်။ အကြောင်းမှာ အောင်ကျော်စိုးက နောက်ထပ်မေးခွန်းများကို ဖြေကြားပေးမည်ဟု သဘောတူ ခဲ့သည့်အပြင်၊ တွေ့ဆုံမေးမြန်းသူအဖို့လည်း သူနှင့် မည်သို့ ဆက်သွယ်ရမည်ကို သိလိုက်ရသောကြောင့်ဖြစ်ပါသည်။

ndburma2.indd 23 26-Dec-09 13:05:20

(၅) နိဂုံးချုပ်။

ဤအခန်းကို ဖတ်ပြီးလျှင် သင့်အနေနှင့် အောက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်စွမ်းရှိရမည်။

- မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုတို့၏ အဂိါရပ်များကို နိုင်ငံတကာဥပဒေနှင့်အညီ မှတ်သား သိရှိလာခြင်း။
- မတရားဖမ်းဆီးမှုနှင့် ချုပ်နှောင်မှုအကြောင်း သတင်းအချက်အလက်များကို စုဆောင်းရရှိရေးအတွက် အရေးကြီး သော မေးခွန်းများ ရေးသားပြုစုခြင်း။
- ချိုးဖောက်မှုတရပ် ဖြစ်ပွားခဲ့ခြင်း ရှိ–မရှိ သိရှိရေးအတွက် ထိရောက်သော တွေ့ဆုံမေးမြန်းခြင်းတရပ်ကို ဆောင်ရွက် ခြင်း။

ဤလက်စွဲစာစောင်၏ နောက်လာမည့်အခန်းများက မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုတို့၏ အထောက် အထားများကို အကဲဖြတ်နည်းအကြောင်း ပို၍ အသေးစိတ်ကျကျ ဆွေးနွေးထားပါသည်။

ndburma2.indd 24 26-Dec-09 13:05:20

(1) t "r|v kyfft m;apckdkfr l

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လူ့အခွင့်အရေးချိုးဖောက်မှုမြောက်ရန်မှာ ချိုးဖောက်မှု၏ အဓိကအင်္ဂါရပ်များပြည့်မီရန် လိုအပ်ပါသည်။ ဤအင်္ဂါရပ်များသည် တိကျရေရာသော စံချိန်စံညွှန်းများဖြစ်သည်။ သို့တည်းမဟုတ် ဥပဒေနှင့်ဆန့်ကျင်သော လုပ်ရပ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ရှိနေရမည့် ပတ်ဝန်းကျင်အခြေအနေတစုံ လိုအပ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အင်္ဂါရပ်များသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တရားဝင်စာချုပ် စာတမ်းပြဋ္ဌာန်းချက်များမှနေ၍ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှု မှန်သမျှကို စတင်မှတ်တမ်းတင်ခြင်းမပြုမီမှာ ချိုးဖောက်မှုဟူသော အဓိပ္ပါယ်ကို သတ်မှတ်ရာ၌ လိုအပ်သည့် အင်္ဂါရပ်များအကြောင်း ရှင်းလင်းတိကျစွာ နားလည်ထားသင့်ပါသည်။ ဤအခန်းတွင် အဓမ္မလုပ်အားစေခိုင်းမှုဟူသော ချိုးဖောက်မှု ပေါ်လွင်စေရေး အတွက် လိုအပ်သော အင်္ဂါရပ်များကြောင်း ရှင်းလင်းဖေါ်ပြထားပါသည်။

(၂) အဓမ္မလုပ်အားစေခိုင်းမှု၏ အဓိပ္ပါယ်ကို သတ်မှတ်ခြင်း။

(က) နိုင်ငံတကာဥပဒေအရဆိုလျှင် အဓမ္မလုပ်အားစေခိုင်းမှု၏ အင်္ဂါရပ်များကား အဘယ်နည်း။

အဓမ္မလုပ်အားစေခိုင်းမှုကို လူ့အခွင့်အရေး ချိုးဖောက်မှုတရပ်အဖြစ် မှတ်တမ်းပြုရန်အလို့ငှာ အောက်ပါအင်္ဂါရပ် (၄)ရပ် ထင်ရှားကြောင်းဖေါ်ပြရပါမည်။

၁။ အလုပ် (လုပ်အား) သို့မဟုတ် ဝန်ဆောင်မှု။

၂။ အတင်းအဓမ္မ (ဆန္ဒမပါဘဲ) ထုတ်ယူခြင်း။

၃။ အပြစ်ပေး ဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခြင်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက်။

၁၊ အဓမ္မ လုပ်အားခိုင်းစေမှုကို ပြောင်ပြောင်တင်းတင်း တားမြစ်ထားသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များမှာ အောက်ပါတို့ ပါဝင်သည်။

- လူ့အခွင့်အရေး ကြေညာစာတမ်း။ ပုဒ်မ–၄ Universal Declaration of Human Rights, Article 4
- လူမှုအခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ (ICCPR) ပုဒ်မ–၈
- ကျေးကျွန်ပြုမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်။ ပုဒ်မ ၁ (1) Slavery Convention, Article 1(1)
- ကျွန်ပြုမှု၊ ကျွန်ကုန်ကူးမှု၊ ကျွန်ပြုမှုနှင့် အလားတူဖြစ်သည့် အင်စတီကျူးရှင်းများနှင့် လုပ်ဆောင်ကျင့်သုံးနေမှုများ ဖျက်သိမ်းခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် နောက်ထပ်ဖြည့်စွက်မှု။ ပုဒ်မ– ၇
- အိုင်အယ်လ်အို အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် အမှတ်– ၂၉ ILO Convention No. 29
- အိုင်အယ်လ်အို အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် အမှတ် (၁၀၅) ILO Convention No. 105 (အဓမ္မ လုပ်အားခိုင်းစေမှုကို တားမြစ်ထားသည်။)
- အိုင်အယ်လ်အို အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်။ အမှတ် – ၁၈၂ ပုဒ်မ– ၃ (က) ILO Convention No. 182 Article 3(a) ကလေးများကို အဆိုးရွားဆုံး ပုံစံဖြင့် အလုပ်ခိုင်းစေမှုများကို ချက်ချင်းတားမြစ်ရန်နှင့် အဆုံးသတ်စေရန်အတွက် အရေးယူဆောင်ရွက်ရန်။
- အိုင်အယ်လ်အို လုပ်သားခန့်ထားမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် အမှတ် –၁၂၂ ILO Employment Policy Convention No. 122
- အိုင်အယ်လ်အို ဌာနေတိုင်းရင်းသားများနှင့် လူမျိုးစုများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် အမှတ်– ၁၆၉။ ILO Indigenous and Tribal Peoples Convention No. 169

ဒေသဆိုင်ရာသဘောတူညီချက်များကလည်း အဓမ္မလုပ်အားခိုင်းစေမှုကို တားမြစ်ကြောင်းဖော်ပြထားကြသည်။ ဥပမာအမေရိကနိုင်ငံများ၏ သဘောတူညီချက်ဖြစ်သည်။ လုပ်အားပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မြောက်အမေရိကတိုက် သဘောတူညီချက် North American Agreement on Labor Cooperation နှင့် အမေရိကန် လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် American Convention on Human Rights (Art. 6) များဖြစ်သည်။ ဥရောပတိုက်တွင်လည်း လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်ပေးရေး ဥရောပနိုင်ငံများ သဘောတူညီချက် European Convention on the Protection of Human Rights and Fundamental Freedoms (Art. 4) နှင့် ဥရောပလူမှုရေးဆိုင်ရာ ကြေညာစာတမ်း European Social Charter (Art. 1) တို့ ရှိနေသည်။ အာဖရိကတိုက်တွင်လည်း လူ့အခွင့်အရေးနှင့် ပြည်သူများ အခွင့်အရေးဆိုင်ရာ အာဖရိကတိုက် ကြေညာစာတမ်း African Charter on Human Rights and Peoples' Rights (Art. 5) ရှိသည်။ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)တွင် အလားတူ သဘောတူညီချက် ရှိသော်လည်း လက်မှတ်ရေးထိုးခြင်း မပြုရသေးပါ။

အဓမ္မလုပ်အားခိုင်းစေမှုကို တားမြစ်ထားသည့် ဥပဒေအရတင်းကျပ်စည်းနှောင်ထားမှုမရှိသော အပြည်ပြည်ဆိုင်ရာစာချုပ်၊ မှတ်တမ်းများရှိပါသည်။ ၎င်းတို့တွင် ကျွန်ကုန်ကူးမှုတကမ္ဘာ လုံးတွင်ဖျက်သိမ်းရေးနှင့် သက်ဆိုင်သောကြေညာချက် Declaration Relative to the Universal Abolition of the Slave Trade အိုင်အယ်လ်အို၏ လုပ်ငန်း

ndburma2.indd 25 26-Dec-09 13:05:20

(ခ) လုပ်အား သို့မဟုတ် ဝန်ဆောင်မှုကို အတင်းအဓမ္မ သို့မဟုတ် ဆန္ဒမပါဘဲ ထုတ်ယူခြင်းအဖြစ် မည်သည့်အချက်များက ဖေါ်ပြသနည်း။

လုပ်အားကို အတင်းအဓမ္မ (ဆန္ဒမပါဘဲ) ထုတ်ယူခြင်း ဆိုသည်မှာ လူပုဂ္ဂိုလ်တစုံတယောက် အလုပ်အစီအစဉ်ထဲသို့ ဝင်သွားပုံ ဝင်သွားနည်းနှင့် သက်ဆိုင်ပါသည်။ လုပ်အား သို့မဟုတ် ဝန်ဆောင်မှုသည် သဘောတူ ခွင့်ပြုချက် မရဘဲဖြစ်စေ၊ နိုင်ထက် ကလူပြုသော အခြေအနေအောက်မှာဖြစ်စေ သွတ်သွင်းခြင်းခံရပါက အတင်းအဓမ္မထုတ်ယူခြင်းအဖြစ် မှတ်ယူရပါသည်။ နိုင်ထက်ကလူပြု လုပ်အားထုတ်ယူမှုတွင် အောက်ပါ အခြေအနေများပါဝင်ပါသည်။[၂]

- ''ကျေးကျွန်ဘဝ''ဖြင့်ဖြစ်စေ၊ အနှောင်အဖွဲ့ခံ ဘဝဖြင့် ဖြစ်စေ မွေးဖွားလာခြင်း သို့မဟုတ် ဆင်းသက်လာရခြင်း။
- ဥပဒေနှင့် ဆန့်ကျင်စွာ ခေါ်ဆောင်သွားခြင်း သို့မဟုတ် ပြန်ပေးဆွဲခြင်း။
- လူပုဂ္ဂိုလ်တစုံတယောက်ကို အခြားတစုံတယောက်၏ ပိုင်ဆိုင်မှုအဖြစ်သို့ ရောင်းချခြင်း။
- အကျဉ်းထောင် သို့မဟုတ် ကိုယ်ပိုင်ထိန်းသိမ်းရေးစခန်း ကဲ့သို့သောနေရာရှိ အလုပ်ခွင်ထဲမှာ ပိတ်ထားခြင်း။
- စိတ်ဓါတ်ရေးအရ နိုင်ထက်ကလူပြုခြင်း။ (ဥပမာ –ခြိမ်းခြောက်ခြင်း။)
- ကြွေးတင်အောင် တမင်ဖန်တီးခြင်း။[၃]
- အလုပ်အမျိုးအစား သို့မဟုတ် အလုပ်လုပ်ရမည့် ကာလတာနှင့်ပတ်သက်၍ လိမ်ညာလှည့်ဖြားခြင်း၊ သို့မဟုတ် မဟုတ် မမှန် ကတိပေးခြင်း။
- လုပ်ခကို မပေးဘဲ ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် လုံးဝ မပေးဘဲထားခြင်း။
- မှတ်ပုံတင် စာရွက်စာတမ်း၊ သို့မဟုတ် တန်ဖိုးရှိသော ကိုယ်ပိုင်ပစ္စည်းများကို အကျပ်ကိုင်သည့် သဘောဖြင့် ထိန်းသိမ်းထားခြင်း။

(ဂ) အပြစ်ပေး ဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခြင်းအဖြစ် မည်သည့်အချက်များက ဖေါ်ပြပါသနည်း။

''အပြစ်ပေး ဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခြင်း''ဆိုသည်မှာ လူပုဂ္ဂိုလ်တစုံတယောက်ကို အတင်းအဓမ္မလုပ်အားစေခိုင်းသောအခြေအနေမှာ ထားရှိရန်အတွက် အသုံးပြုသောနည်းလမ်းပင်ဖြစ်သည်။ တကယ်တမ်း အပြစ်ပေးဒဏ်ခတ်ခြင်း၊ သို့မဟုတ် အပြစ်ပေးဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခြင်း၏ ရလဒ်အဖြစ် လုပ်ပေးသောအလုပ်၊ သို့မဟုတ် ဝန်ဆောင်မှုသည် အပြစ်

ခွင့်တွင် အခြေခံမူများနှင့် အခွင့်အရေးများဆိုင်ရာ ကြေညာချက် Declaration on Fundamental Principles and Rights at Work နှင့် အဓမ္မလုပ်အားခိုင်းစေမှုဆိုင်ရာ အကြံပြုချက်များ (တိုက်ရိုက် မဟုတ်သော တိုက်တွန်းချက်)– အမှတ် –၃၅ Forced labor (Indirect Compulsion) Recommendation No. 35. တို့ ရှိနေသည်။ ဤဥပဒေ မှတ်တမ်းများကို အင်တာနက်စာမျက်နှာ http://www2.ohchr.org/english/law/ (last visited 27 July 2008). တွင် ရယူနိုင်ပါသည်။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ (CIL) ကို လက်မှတ်ရေးထိုး အသိအမှတ်ပြုထားခြင်း မရှိပါ။ (CIL) သည် အစိုးရ၏ ယေဘုယျလုပ်ဆောင်ချက်မှ လာသည့် ဥပဒေကျောရိုး တခုဖြစ်ပြီး၊ အချိန်ရလာသည်နှင့်အမျှ စည်းနှောင်မှုရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြပါသည်။ သို့သော်လည်း နိုင်ငံတခုသည် စဉ်ဆက်မပြတ် ဤဥပဒေကို ငြင်းပယ်လာခဲ့ပါက နိုင်ငံတခုသည် ဤဥပဒေအရ စည်းနှောင်မှုမရှိပါ။

အဓမ္မ လုပ်အားခိုင်းစေမှုကို အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများအရ တားမြစ်ထားပါသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံသည် အထက် ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးမထားသော်လည်း၊ ဤ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများနှင့် ဆက်နွယ်မှု ရှိနေသည်ဟု ယူဆနိုင်ပါသည်။ (သို့မဟုတ်ပါက ဤဥပဒေအရ စည်းနှောင်မှုမရှိစေရန် အစဉ်အဆက် ငြင်းပယ်ဖော်ပြမှုမျိုး ပြုလာရမည်ဖြစ်သည်။

လူအများစုက အဓမ္မလုပ်အား ခိုင်းစေမှုသည် ယေဘုယျ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ၏ အစိတ်အပိုင်း တခုမျှသာ မဟုတ်ဘဲ ကြာ ခသါနည်း ညသမာ ဟုလည်း ယူဆကြပါသည်။ ဆိုလိုသည်မှာ နိုင်ငံတခုက မည်သည့်အခါမျှ မချိုးဖောက်ရသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အခြေခံ တန်ဖိုးထားချက် ဖြစ်သည်ဟု ဆိုခြင်းပင်။ ဤနိုင်ငံက အစဉ်တစိုက် ကန့်ကွက်ငြင်းပယ် လာခဲ့လျှင်သော်မှ လိုက်နာရမည် ဖြစ်သည်။ တနည်း ပြောရလျှင် နိုင်ငံများသည် ဤတန်ဖိုးထားချက်ကို ပစ်ပယ်ရောင်းစားခြင်း မပြုရပါ။

၂။ Michaëlle De Cock, "Directions for National and International Data Collection on Forced Labor," အဓမ္မလုပ်အားခိုင်းစေမှုဆိုင်ရာ အချက်အလက်များကောက်ယူရာတွင် နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့်အတွက် လမ်းညွှန်ချက်များ။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံး။ International Labor Office, February 2007; International Labour Organization, "A global alliance against forced labour: Global Report under the Follow-up to the ILO Declaration on Fundamental Principles and Rights at Work," 2005.

၃။ ကြွေးတင်အောင် တမင်ဖန်တီးခြင်းဆိုသည်မှာ စာရင်းဇယားများကို အတုပြုခြင်း၊ ဈေးနှုန်းများပိုရေးခြင်း၊ ထုတ်ကုန်နှင့်ဝန်ဆောင်မှုကို ဈေးလျှော့ချခြင်း၊ အတိုးနှုန်းကြီးမားစွာယူခြင်းဖြင့် ကြွေးတင်ရသော အခြေအနေ ဆိုက်စေခြင်းဖြစ်သည်။

ndburma2.indd 26 26-Dec-09 13:05:20

ပေးဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခြင်း အခြေအနေအောက်မှာ လုပ်ပေးသောအလုပ် သို့မဟုတ် ဝန်ဆောင်မှုအဖြစ် မှတ်ယူရပါသည်။ ဤအခြေအနေအောက်တွင် အောက်ပါ အခြေအနေများပါဝင်ပါသည်။[၄]

- အတင်းအဓမ္မလုပ်အား စေခိုင်းခံရသူကို သော်လည်းကောင်း၊ ဆွေမျိုးများကိုသော်လည်းကောင်း၊ ပတ်သက်ရာ ပတ်သက်ကြောင်း ပုဂ္ဂိုလ်များကိုသော်လည်းကောင်း ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်း။
- အကျဉ်းချခြင်း၊ သို့မဟုတ် အခြားသော ကိုယ်ခန္ဓာအရ ချုပ်နှောင်ထားမှုသဏ္ဌာန်သုံးခြင်း။
- ငွေ ဒဏ်တပ်ခြင်းများ။
- အာဏာပိုင်များထံ အပ်ခြင်း။
- လက်ရှိ အလုပ်မှ ဖြုတ်ပစ်ခြင်း။
- နောက်နောင်တွင် အလုပ်မခန့်ရန် ပစ်ပယ်ထားခြင်း။
- ရပ်ရွာ သို့မဟုတ် လူမှုရေးဘဝမှ ထုတ်ပယ်ထားခြင်း။
- အခွင့်အရေး သို့မဟုတ် အထူးအခွင့်အရေးများ ရုပ်သိမ်းခြင်း။
- စားစရာကိုသော်လည်းကောင်း၊ နေစရာကိုသော်လည်းကောင်း အခြားလိုအပ်ချက်များကိုသော်လည်းကောင်း ရုပ်သိမ်းခြင်း။
- ပိုမိုဆိုးရွားသော အလုပ်ခွင်သို့ ပြောင်းရွှေ့စေခြင်း။
- လူမှုရေးအဆင့်အတန်း ဆုံးရှုံးခြင်း။

(ဃ) အတင်းအဓမ္မ လုပ်အားစေခိုင်းမှုကို မည်သည့် အခါမျိုးမှာ ခွင့်ပြုနိုင်ပါသနည်း။

တိကျရှင်းလင်းစွာသတ်မှတ်ထားပြီး အလွန်ရှားပါးသော အခြေအနေ၊ အချိန်အခါမျိုးမှာသာလျှင် အတင်းအဓမ္မလုပ်အား စေခိုင်းမှုကို ခွင့်ပြုပါသည်။ နိုင်ငံတကာဥပဒေအရဆိုလျှင် အောက်ပါ မလုပ်မနေရအလုပ်နှင့် ဝန်ဆောင်မှုသဏ္ဌာန်များကိုသာခွင့်ပြုပါသည်။[၅]

- မဖြစ်မနေ စစ်မှုထမ်းရခြင်း– သာဓကအနေနှင့်၊ 'စစ်ရေးသက်သက် လက္ခဏာဆောင်သော'' လုပ်ငန်းများ။ (အစိုးရစီမံကိန်းလုပ်ငန်းများ မဟုတ်ဘဲ၊ အမျိုးသားကာကွယ်ရေးလုပ်ငန်းများ)။[၆]
- လုပ်ရိုးလုပ်စဉ် နိုင်ငံသားတဦး၏ တာဝန်ဝတ္တရားများ– သာဓကအနေနှင့်၊ တရားသူကြီးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပေးရခြင်း၊ ဘေးအန္တရာယ်ကျရောက်နေသူတဦးဦးကို ကူညီပေးရခြင်း။
- အကျဉ်းသားအလုပ် – အကျဉ်းထောင်အာဏာပိုင်များ၏ ကြီးကြပ်မှုအောက်မှာလုပ်ရသော ပြစ်ဒဏ်ကျအကျဉ်းသားများ၏ အလုပ်၊ သို့မဟုတ် ဝန်ဆောင်မှု။ မည်သည့် ပုဂ္ဂလိက ပိုင်လုပ်ငန်းမျိုးမှာဖြစ်စေ၊ အကျဉ်းသားများကို အလုပ်စေခိုင်းခွင့် မပြုချေ။

၄၊ Michaëlle De Cock, Ibid.

၅၊ UN International Covenant on Civil and Political Rights, Article 8(3). ILO Forced Labour Convention, No. 29, Article 2(2). International Labor Organization, "Eradication of Forced Labour," 2007, International Confederation of Free Trade Unions, "Forced Labour in the 21st Century," undated.

၆၊ စစ်တပ်က လူသစ်စုဆောင်းခံရသူများသည် စစ်ရေးနှင့် မသက်ဆိုင်သည့် အခြားလုပ်ငန်းခွင်တွင်လည်း ဆောင်ရွက်ရန် ခွင့်ပြုနိုင်ဖွယ်ရှိပါသည်။ ဤလုပ်ငန်းမျိုးကို အခြားခွင်းချက်အောက်၌ အကျုံးဝင်နိုင်သည်။ (ဥပမာ– အရေးပေါ် အခြေအနေမျိုး)

ndburma2.indd 27 26-Dec-09 13:05:20

– ရုတ်တရက်လည်းဖြစ်၊ ကြိုတင်၍လည်း မသိနိုင်ဘဲ၊ လတ်တလော ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းများ– (သာဓက အနေနှင့်၊ စစ်ပွဲ၊ မီးလောင်မှု၊ ရေကြီးမှု၊ အငတ်ဘေး ကျရောက်ခြင်း၊ မြေငလျင်ဘေး ကျရောက်ခြင်း စသည် များ) အတွက် အကန့်အသတ်နှင့် လုပ်ပေးရခြင်း။ (မဖြစ်မနေ လုပ်ပေးရသော အလုပ်နှင့် ဝန်ဆောင်မှု များ၏ ကာလတာနှင့် ပမာဏတို့ကို လိုအပ်သည်ထက် မပိုစေရ။)

– အငယ်စားရပ်ရွာလုပ်ငန်းများ – ရပ်ရွာအတွက် တိုက်ရိုက်အကျိုးရှိစေသော အသေးစားလုပ်ငန်းများ (သာဓက အနေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ သို့မဟုတ် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများ) ဖြစ်ရမည့်အပြင် ရပ်ရွာကိုယ်၌က လိုအပ်သည် ဟု သဘောတူထားသော လုပ်ငန်းများဖြစ်ရမည်။

ဤခွင်းချက် (၅) ချက်သည် အတင်းအဓမ္မ လုပ်အားစေခိုင်းမှုကို ခွင့်ပြုသော သာဓကများ ဖြစ်ပါသည်။ အခြားသော လုပ်အားစေခိုင်းမှု သဏ္ဌာန်မှန်သမျှကို နိုင်ငံတကာဥပဒေက ပိတ်ပင်တားမြစ်ထားပါသည်။

(၄) အစိုးရ၏ လုပ်ဆောင်ချက် ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေအရဆိုလျှင် အဓမ္မလုပ်အားစေခိုင်းမှု မြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်များဖြစ်ရန်လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာအခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိလူများ နှင့် အရင်းအမြစ်များကိုချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန်ကြိုးပမ်းသော အမျိုးသား(နိုင်ငံတော်အဆင့်)အဖွဲ့ အစည်း" ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။[၇] သို့ဖြစ်ရာ အစိုးရ၏လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင်တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ အစိုးရအရာရှိ တဦးက အဓမ္မလုပ်အားခိုင်းစေမှုတခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။[၈] အစိုးရလုပ်ဆောင်ချက်တွင် တရားဝင်အသိအမှတ်ပြုမှုဖြင့်သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက်၍လုံလောက်စွာ အရေးယူရန်သော် လည်းကောင်း အစိုးရ၏ပျက်ကွက်မှုများလည်းပါဝင်ပါသည်။[၉] သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ အတင်းအဓမ္မ အလုပ်စေခိုင်းမှုတို့ ကျူးလွန်သောတဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေးအရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့်နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။

ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ပြုမူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA)သည် ပြည်တွင်း ဥပဒေအရသူတို့လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရ မဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA)သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော်အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့်အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝမှတ်တမ်းတင်ထားခြင်း ဖြစ်ရန် အတွက်၊ အစိုးရက ကျူးလွန်သည် ဖြစ်စေ၊ အစိုးရမဟုတ်သော အခြားအင် အားစုများ (Non State Actors - NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

၈၊ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံ သတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

၉၊ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကိုအန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

ndburma2.indd 28 26-Dec-09 13:05:20

(၃) အရေးကြီးသောမေးခွန်းများ မေးခြင်း

မေးခွန်းများမေးခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းတို့သည် လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း သတင်းအချက်အလက်များ စုဆောင်းရာ၌ အလွန်အရေးကြီးပါသည်။ တွေ့ဆုံမေးမြန်းမှုတရပ်၏ အသုံးဝင်မှုသည် အချက်အလက် ရှာဖွေစုဆောင်းသူ၏ ထိရောက်ပြီး၊ လုံလောက်သောမေးခွန်းများမေးသည့် အတွေ့အကြုံနှင့်စွမ်းရည်ပေါ်မှာ အဓိကအားဖြင့်မူတည်ပါလိမ့်မည်။ အချက်အလက် ရှာဖွေစုဆောင်းသူအဖို့ ချိုးဖောက်မှု၏ အရေးကြီးသော အဂီါရပ်များကို သိရှိနားလည်ခြင်းအားဖြင့်၊ နိုင်ငံတကာဥပဒေ ချိုးဖောက်ကြောင်း သတ်မှတ်ရေးအတွက် အရေးကြီးမေးခွန်းများ ပြုစုရာ၌ အထောက်အကူ ဖြစ်စေပါသည်။ ချိုးဖောက်မှု အဂီါရပ်များမှနေ၍ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရရှိရေးတွင် အသုံးဝင်သော ဘောင်စည်းကမ်း သတ်မှတ်ချက်တခု ရရှိနိုင်ပါသည်။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ဆောင်ရန်

– လုံခြုံရေးနှင့် လျှို့ဝှက်ရေးအတွက် ကြပ်ကြပ်ဂရုစိုက်ရန်။

– နောက်ခံအကြောင်းဖြင့် အစချီပြီးလျှင်၊ ပို၍ အရေးကြီးသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆောင်ရွက်ပါ။

– ဂရုတစိုက်နားထောင်ပါ။ ပြောစရာရှိသည်ကို မျက်မြင်သက်သေအား ပြောခွင့်ပေးပါ။

– လှုပ်ရှားစိတ်ဖြင့် တုံ့ပြန်မှုများကို သိရှိအောင် ဂရုပြုပါ။

– ရှေ့နောက်မညီညွတ်မှုများကို သိရှိအောင် ဂရုပြုပါ။

– စိတ်ရှည် သည်းခံပါ။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ရှောင်ရန်

– မှတ်ချက်ချခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်း မပြုပါနှင့်။

– နိမိတ်ပြမေးခွန်းများ မေးခြင်းကို ရှောင်ကျဉ်ပါ။

– အခြားသက်သေများကို ဖေါ်ပြခြင်း မပြုပါနှင့်။

– မိမိ လုပ်မပေးနိုင်သော ကတိများကို မပေးပါနှင့်။

– အပေါ်စီးဟန် သို့မဟုတ် စစ်ကြောရေးလုပ်နေသော ဟန်ဖြင့် မေးခွန်းမေးခြင်းများကို ရှောင်ကျဉ်ပါ။

– သတင်းနှင့်ပတ်သက်၍ မိမိ၏သြဇာ မလွှမ်းမိုးမိအောင် ရှောင်ကျဉ်ပါ။

၁။ အလုပ်နှင့် ဝန်ဆောင်မှုများကို သတ်မှတ်ခြင်း

– အလုပ်ရှင်က မည်သူ ဖြစ်သနည်း။ အလုပ်သမားက မည်သူဖြစ်သနည်း။

– မည်သည့် အလုပ်အမျိုးအစား၊ သို့မဟုတ် ဝန်ဆောင်မှုကို ဆောင်ရွက်ခဲ့သနည်း။

– အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို မည့်သည့် နေရာမှာဆောင်ရွက်ခဲ့သနည်း။

– အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို မည့်သည့် အချိန်အခါမှာ ဆောင်ရွက်ခဲ့သနည်း။

– ဤအလုပ်ကို မည်မျှ ကြာကြာဆောင်ရွက်ခဲ့သနည်း။

ndburma2.indd 29 26-Dec-09 13:05:20

– ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၂။ အတင်းအဓမ္မ ထုတ်ယူခြင်း အခြေအနေကို သတ်မှတ်ခြင်း။

– အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို ဆောင်ရွက်ပေးရန် သဘောတူညီမှု တရပ် ရှိခဲ့ပါသလား။ အဘယ့်ကြောင့် ရှိခဲ့သနည်း။ သို့မဟုတ် အဘယ့်ကြောင့် မရှိခဲ့သနည်း။

– အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို မည်သူက စီစဉ်ခဲ့သနည်း။

– အလုပ်သဘောတူညီမှု စာချုပ်မှာပါသော အချက်များကားအဘယ်နည်း။

– အလုပ် သို့မဟုတ် ဝန်ဆောင်မှုနှင့် ပတ်သက်သော စီမံမှုကို အဘယ်ကြောင့် ထားရှိခဲ့သနည်း။

– ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၃။ အပြစ်ပေး ဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခြင်း အခြေအနေကို သတ်မှတ်ခြင်း။

– အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို မည်သူက ကြီးကြပ်သနည်း။

– လုပ်ငန်းသဘောတူညီမှုမှာ ပါသော အချက်များကား အဘယ်နည်း။

– အလုပ်ကို မဆောင်ရွက်မီ/ဆောင်ရွက်နေစဉ်/ ဆောင်ရွက်အပြီးမှာ မည်သို့ ဖြစ်ပွားသနည်း။

– အကယ်၍ အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို မဆောင်ရွက်လိုပါဟု ငြင်းဆန်လျှင် မည်သို့ဖြစ်မည်နည်း။

– အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို အဘယ့်ကြောင့်ဆောင်ရွက်ခဲ့သနည်း။

– ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက်ကို သတ်မှတ်ခြင်း။

– စီစဉ်မှုကို မည်သူကပြုလုပ်သနည်း။ မည်သူက အမိန့်ပေးသနည်း။ ဤအကြောင်းကို မည်သူတို့သိသနည်း။ ဤအလုပ်စေခိုင်းမှုကို မည်သူတို့က ကူညီဆောင်ရွက်ပေးသနည်း။

– ဤအဖြစ်နှင့် ပတ်သက်၍ တိုင်ကြားခြင်းပြုခဲ့ပါသလား။ အဘယ်ကြောင့် တိုင်ကြားပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်း မပြုပါသနည်း။

– ဤသတင်းအချက်အလက်များကို သင်မည်သည့်နည်းဖြင့် သိရှိသနည်း။

(၄) မှတ်တမ်းပြုခြင်း

နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုအဖြစ် အဓိပ္ပါယ်သတ်မှတ်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ ရှာဖွေစုဆောင်းရာ၌ အချိန်နှင့်လုပ်ဆောင်ချက်တို့ လိုအပ်ပါသည်။ ချိုးဖောက်မှုတခု၏ အင်္ဂါရုပ်များသည် အစဉ်အဖြင့်အဆင်သင့် ပေါ်လွင်ထင်ရှားနေသည် မဟုတ်ချေ။ အချက်အလက်ရှာဖွေ စုဆောင်းသူတဦးအနေနှင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သော သတင်းအချက်လက်များကို ထုတ်ယူနိုင်စွမ်း ရှိရမည်ဖြစ်သည့်အပြင်၊ စုဆောင်းရရှိထားသော သတင်းအချက်အလက်များမှနေ၍ ချိုးဖောက်မှု၏ အရေးကြီးအင်္ဂါရုပ်များကိုလည်း နည်းလမ်းတကျ ဖေါ်ထုတ်နိုင်စွမ်း ရှိရမည်ဖြစ်ပါသည်။ ချိုး

ndburma2.indd 30 26-Dec-09 13:05:20

ဖောက်မှု၏ အင်္ဂါရပ်များကို ဖေါ်ထုတ်မှုပြုရန်အတွက် ဤအခန်းက မြန်မာနိုင်ငံ၏ အခြေအနေအချိန်အခါမှာ ဖြစ်ပွားနေကျ မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုမျိုး အတွက် အထောက်အထားပါသော ဖြစ်ရပ်မှန်ပုံစံ တခုကိုဖေါ်ပြပေးပါမည်။

ဖြစ်ရပ်မှန်ပုံစံပေါ်အခြေခံလျက် ဤအခန်းက တွေ့ဆုံမေးမြန်းမှုနည်းနာနှင့်ပတ်သက်သော အကောင်းနှင့်အဆိုး သာဓကများကိုဖေါ်ပြထားပါသည်။ တွေ့ဆုံမေးမြန်းခြင်းနှင့်ပတ်သက်သော အချက်အလက်များအပြင်၊ ထိရောက်စွာ အချက်အလက်ရှာဖွေရေးနှင့်ပတ်သက်သော အကြံပြုချက်များကို နောက်ထပ်သိရှိလိုပါက ဤစာစောင်ပါ "မြန်မာနိုင်ငံလူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကို ကြည့်ပါ။

(က) အခြေအနေ အချိန်အခါကို နားလည်ခြင်း။

လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ဖေါ်ထုတ်ရေးအတွက် အချက်အလက်ရှာဖွေရေးလုပ်ငန်း သို့မဟုတ် တွေ့ဆုံမေးမြန်းခြင်းများ မစတင်မီမှာ ချိုးဖောက်မှုများ ဖြစ်ပွားရာနေရာ၏ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေအချိန်အခါကို နားလည်ထားရန် အရေးကြီးပါသည်။ အခြေအနေအချိန်အခါကို နားလည်ခြင်းအားဖြင့် အချက် အလက်ရှာဖွေစုဆောင်းသူအဖို့ ထိရောက်သော မေးခွန်းများပြုစုရေးနှင့် လက်ရှိအခြေအနေကို ထိုးထွင်း သိမြင်ရေးတွင်အထောက်အကူရရှိနိုင်ပါသည်။ အတွေ့အကြုံရှိသော အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ပင်လျှင် အချက်အလက် ရှာဖွေစုဆောင်းမှုမပြုမီ၊ နောက်ခံသတင်းအချက်အလက်များကို စီစစ်ကြည့်ရေးတွင် အထောက်အကူ ရနိုင်ပါသည်။ အောက်မှာ ဖေါ်ပြထားသည်မှာ မြန်မာနိုင်ငံအတွင်း အဓမ္မလုပ်အားစေခိုင်းမှုနှင့် ပတ်သက်၍ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေနောက်ခံ အကြောင်းအချက် အချို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း အဓမ္မလုပ်အားစေခိုင်းမှုဖြစ်ပွားရာ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေအချိန်အခါအကြောင်း သတင်းအချက်အလက်များ

ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော စစ်အာဏာသိမ်းအစိုးရက တိုင်းပြည်ကို အုပ်ချုပ်ခဲ့သော (၁၉၆၂) ခု နှစ်က စ၍ အဆက်ဆက်သော စစ်အစိုးရများက ခြိမ်းခြောက်ခြင်းနှင့် အတိုင်းမသိရက်စက်ခြင်း နည်းပဏ္ဏာဖြင့်တိုင်းပြည်ကိုအုပ်စိုးလာခဲ့ကြသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) စစ်အစိုးရသည် (၁၉၈၈) ခုနှစ်၊ လူထုဒုံကြွမှုနောက်ပိုင်းတွင် အတင်းအဓမ္မလုပ်အားစေခိုင်းမှုကို အကြီးအကျယ်တိုး၍ လုပ်လာခဲ့သည်။[၁၀] အတင်းအဓမ္မလုပ်အားစေခိုင်းမှုသည် အဖြစ်အများဆုံးနှင့် အကျယ်ပြန့်ဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုကြီး တရပ်ဖြစ်ပြီး။ အိုးအိမ်အခြေပျက် စွန့်ခွာထွက်ပြေးရမှုများကို ဖြစ်ပွားစေပါသည်။[၁၁] မြန်မာ့တပ်မတော်နှင့် ဗုဒ္ဓဘာသာကရင် အမျိုးအသား အစည်းအရုံး၏ တပ်မတော် (DKBA) တို့သည် စစ်တပ်တိုးချဲ့ရေးနှင့် တိုက်ပွဲများဖြစ်ပွားရာ နယ်မြေများတွင် လူမျိုးစုသူပုန်များကို တိုက်ရန်စစ်တပ်များ တိုး၍ချထားရေးတို့အတွက် အရပ်သားများနှင့် ကျေးရွာသားများကို လုပ်သားများအဖြစ်လည်းကောင်း၊ ပေါ်တာများအဖြစ်လည်းကောင်း အတင်းအဓမ္မစေခိုင်းခဲ့သည်။[၁၂]

အတင်းအဓမ္မ လုပ်အားစေခိုင်းမှုသည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် အထူးသဖြင့် အဖြစ်များပါသည်။ ကျေးလက် ဒေသ များ၌ အလုပ်သမားများကို တနှစ်အတွင်း အကြိမ်များစွာခေါ်ပြီး၊ နာရီပေါင်းများစွာအလုပ်လုပ်ခိုင်းသည်။ မြန်မာနိုင်ငံတွင် အတင်းအဓမ္မလုပ်ခိုင်းသော အလုပ်များသည် အချိန်လည်းကုန်၊ ပင်ပန်းတကြီးလည်းလုပ်ရ၊ အန္တရာယ်လည်းများသည်။ လုပ်အား ဆင့်ဆိုခံရသူများသည် စစ်တန်းလျားများ၊ ကင်းတဲများဆောက်ပေးကြရသည်။ ကတုတ်ကျင်းများ တူးပေးရသည်။ ဆောက်လုပ်ရေး စီမံကိန်းများနှင့် အခြားသော ဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းများတွင် အလုပ်လုပ်ကြရသည်။[၁၃] ထို့အပြင် လုပ်အားဆင့်ဆိုခံရသူများသည် (နအဖ) စစ်အစိုးရ၏ စိုက်ပျိုးစိုးပွားရေးလုပ်ငန်း

၁၀၊ Human Rights Watch, "New Burma Policy Needed After Decade of No Results," 6 Aug. 1998, http://www.hrw.org/english/docs/1998/08/06/burma1288.htm (last visited 25 August 2008).

၁၁၊ Karen Human Rights Group, "Shouldering the Burden of Militarisation: SPDC, DKBA, and KPF Order Documents and Forced Labour Since September 2006," August 2007, http://www.khrg.org/khrg2007/khrg0702.pdf, (last visited 2 September 2008).

၁၂၊ Union Aid Abroad, "Burma-Forced Labour," http://www.apheda.org.au/campaigns/burma_campaign/resources/1067568160_29942.html, (last visited 25 August 2008).

၁၃၊ Human Rights Documentation Unit, "Burma Human Rights Yearbook 2006," National Coalition Government of the Union of Burma," http://www.ncgub.net/BHRY/2006/labour.html, (last visited 25 August 2008).

ndburma2.indd 31 26-Dec-09 13:05:20

အစီအစဉ်၏ အစိတ်အပိုင်းတရပ်ဖြစ်သော လက်ဖက်၊ သို့မဟုတ် ကြက်ဆူပင် စိုက်ခင်းများတွင်လည်း အလုပ်လုပ်ပေးကြရသည်။[၁၄] လုပ်အားဆင့်ဆိုခံရသူများသည် လိုအပ်သောအလုပ်နှင့် သက်ဆိုင်သည့် ကရိယာတန်ဆာပလာများနှင့်ပစ္စည်းများကို ယူဆောင်သွားကြရလေ့ရှိပြီး၊ သတ်မှတ်ပေးထားသော အလုပ်တာဝန်ကို အပြီးသတ်အောင်လုပ်ပေးကြရသည်။ ထို့အပြင် နေ့စဉ်စားရေးရိက္ခာကိုပါ ယူဆောင်သွားကြရသည်။ အမျိုးသမီး၊ ကလေး၊ သက်ကြီးဝါကြီးပုဂ္ဂိုလ်များနှင့် နာဖျားမကျန်းသူများကိုလည်း လုပ်အားပေး သို့မဟုတ် ပေါ်တာအဖြစ်မှ လွှတ်ငြိမ်းခွင့်မပေးချေ။ လုပ်အားပေးရခြင်းမှ လွှတ်ရန် တခုတည်းသောနည်းလမ်းမှာ မြန်မာစစ်တပ်အရာရှိ များကို ငွေအမြောက်အမြားပေး၍ လာဘ်ထိုးခြင်းပင် ဖြစ်သည်။[၁၅]

မြန်မာနိုင်ငံမှာ အဖြစ်များဆုံးသော အတင်းအဓမ္မလုပ်အားစေခိုင်းမှုသည် ပေါ်တာဆွဲခြင်းပင်ဖြစ်သည်။ ပေါ်တာများကို မြန်မာစစ်တပ်က အတင်းအဓမ္မဆွဲခေါ်ကာ၊ စစ်တပ်ရိက္ခာနှင့် စစ်ပစ္စည်းများကို ဝေးလံသောခရီးမှာ ခြေလျင်သယ်ပို့ခိုင်းသည်။[၁၆] အချို့နေရာများ၌ ပေါ်တာများကို မြန်မာစစ်တပ်၏ စစ်ကြောင်း ရှေ့ကသွားခိုင်းကာ၊ လူသားမိုင်ရှင်း ကရိယာအဖြစ် အသုံးချသည်။[၁၇] ပေါ်တာများကို ရိက္ခာလည်း ထုတ်မပေးသည့်အပြင်၊ စစ်သားများက အမြဲလိုလို လည်းရိုက်နှက်လေ့ရှိသည်။ မြေမြုပ် မိုင်းဒဏ်၊ ရိုက်နှက်ခံရသည့် ဒဏ်၊ ငတ်ပြတ်သည့် ဒဏ်၊ ရောဂါဘယဒဏ်နှင့် အားပြတ် သည့်ဒဏ်များကြောင့် ပေါ်တာများသေဆုံးခဲ့ရသည်မှာ ထောင်နှင့်ချီခဲ့ပြီ ဖြစ်သည်။[၁၈]

အတင်းအဓမ္မ လုပ်အားစေခိုင်းမှုကြောင့် လူအများ၏ စားဝတ်နေရေးနှင့် အထွေထွေအရေးကိစ္စများ ထိခိုက်ကြရသည်။ အကြောင်းမှာ ကျေးရွာသူကျေးရွာသားများအနေနှင့် မိမိတို့၏လယ်ယာများ၊ လုပ်ငန်းများ၊ ကျောင်းများ၊ မိသားစုများနှင့် ဝေးကွာသောနေရာများမှာ တာရှည်တာမျော အချိန်ကုန်ခံခဲ့ရသောကြောင့်ဖြစ်သည်။[၁၉] ထို့အပြင် ညှဉ်း ပန်းနှိပ်စက်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ ဥပဒေမဲ့သတ်ဖြတ်ခြင်း ကဲ့သို့သော အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကိုအတင်း အဓမ္မလုပ်အားစေခိုင်းသော အခြေအနေထဲမှာ ကျူးလွန်ခဲ့သည်မှာ ရိုးနေပြီ ဖြစ်ပါသည်။[၂၀]

(၁၉၆၀) ခုလွန် နှစ်များမှစ၍ နိုင်ငံတကာ အလုပ်သမားအဖွဲ့ (ILO) က မြန်မာနိုင်ငံအစိုးရအား အတင်းအဓမ္မလုပ်အားစေခိုင်းမှုများကို ရပ်တန်းကရပ်ပေးရန် တောင်းဆိုလာခဲ့သည်။ မြန်မာနိုင်ငံသည် (၁၉၉၅) ခုနှစ်တွင် အတင်းအဓမ္မလုပ်အားစေခိုင်းမှု ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်စာချုပ် (၁၉၃၀–ခုနှစ်) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ သို့ရာတွင်၊ နိုင်ငံတကာ လွှတ်လပ်သော အလုပ်သမားများသမဂ္ဂ (ICFTU) က မြန်မာနိုင်ငံမှာ ဖြစ်ပွားနေသော ပြင်းထန် ဆိုးရွားလာနေသည့် အတင်းအဓမ္မ လုပ်အားစေခိုင်းမှုများအကြောင်း အစီရင်ခံတင်ပြခဲ့သည်။

မြန်မာနိုင်ငံမှာ ဖြစ်ပွားနေသော ချိုးဖောက်မှုများအကြောင်း အစီရင်ခံစာများကို တုန့်ပြန်သောအားဖြင့် (ILO) က (၁၉၉၉) ခုနှစ်တွင် အတင်းအဓမ္မ လုပ်အားစေခိုင်းမှုဆိုင်ရာ ချိုးဖောက်မှုများနှင့် ပတ်သက်၍ ပြည့်စုံသောအကဲဖြတ် ချက်တရပ် ဆောင်ရွက်ရန်အတွက် စုံစမ်းလေ့လာရေး ကော်မရှင်တရပ်နှင့် အဆင့်မြင့်အဖွဲ့တဖွဲ့တို့ကို ဖွဲ့စည်းပေးခဲ့သည်။ ထွက်ပေါ်လာသော အစီရင်ခံစာက တွေ့ရှိခဲ့သည်မှာ မြန်မာနိုင်ငံရှိ အခြေအနေများသည် (ILO) အဖွဲ့ဝင် နိုင်ငံ တနိုင်ငံအနေနှင့် "လွန်စွာမှပင် မအပ်စပ်"ကြောင်း ဟူ၍ ဖြစ်သည်။ ထို့အပြင် အကြံပြုချက်ပေးခြင်းနှင့်မသက်ဆိုင်သော (ILO) ၏ လုပ်ဆောင်ချက်အားလုံး ကို မြန်မာနိုင်ငံမှာ ဆိုင်းငံ့ထားရန်လည်း အစီရင်ခံစာက အကြံပြုခဲ့သည်။

၁၄၊ Ethnic Community Development Forum, Biofuel by Decree: Unmasking Burma's Bio-enegery Fiasco, http://www.terraper.org/file_upload/BiofuelbyDecree.pdf, (last visited 25 August 2008).

၁၅၊ Karen Human Rights Group, "Surviving in Shadow: Widespread Militarization and the Systematic Use of Forced Labour in the Campaign for Control of Thaton District," January 2006, http://www.khrg.org/khrg2006/khrg0601d.htm, (last accessed 25 August 2008).

၁၆၊ Human Rights Documentation Unit, "Burma Human Rights Yearbook 2006," National Coalition Government of the Union of Burma, http://www.ncgub.net/BHRY/2006/labour.html, (last visited 25 August 2008).

၁၇။ Human Rights Watch, "Burma: Landmines Kill, Maim and Starve Civilians Forced to Serve as Human Minesweepers," 20 December 2006, http://www.hrw.org/english/docs/2006/12/20/burma14904.htm, (last visited 25 August 2008).

၁၈၊ Burma Humanitarian Mission, "Health Crisis," http://www.burmamission.org/health_crisis.php, (last visited 25 August 2008).

၁၉၊ International Centre for Human Rights and Democratic Development, "Su Su Nway's Case," Libertas, Vol. 16, No. 2. pg. 4, Novembber 2004, http://www.dd-rd.ca/site/publications/index.php?id=2004&page=3&subsection=newsletter (last visited 25 August 2008).

၂၀၊ Human Rights Documentation Unit, "Burma Human Rights Yearbook 2006," National Coalition Government of the Union of Burma, http://www.ncgub.net/BHRY/2006/labour.html, (last visited 25 August 2008).

ndburma2.indd 32 26-Dec-09 13:05:20

ဤကဲ့သို့သော ဒဏ်ခတ်အရေးယူမှုများကို ကြုံတွေ့ ရသည်၌ (နအဖ)သည် အတင်းအဓမ္မ လုပ်အားစေခိုင်းမှုကို ရာဇဝတ်မှုအဖြစ် ပြန်လည် အတည်ပြုပေးသောအားဖြင့်၊ ၎င်း၏ (၁၉၉၉) ခုနှစ် မေလ၊ အမိန့်အမှတ် ၁/၉၉ ကို ပြင်ဆင်ဖြည့်စွက် သောအမိန့်တရပ်ထုတ်ပြန်ခဲ့သည်။ များမကြာသေးမီ (၂၀၀၇) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့ကပင်(ILO) နှင့် (နအဖ) စစ်အစိုးရတို့သည် နောက်ဆက်တွဲနားလည်မှုတခုကို သဘောတူ ချမှတ်ခဲ့ကြသည်။ ဤသဘောတူညီချက်အရ ချိုးဖောက်မှုများကို တိုင်ကြားရေးနှင့် အတင်းအဓမ္မ လုပ်အားစေခိုင်းမှုဆိုင်ရာ ချိုးဖောက်မှုများကို အရေးယူရေးတို့အတွက် တဦးချင်း အမှုတိုင်ကြားရေး လုပ်ထုံးလုပ်နည်းများကို ချမှတ်ခဲ့ကြသည်။

ဤကဲ့သို့သော စီမံချက်များရှိနေသည့် ကြားထဲကပင်၊ မြန်မာနိုင်ငံ လွတ်လပ်သော အလုပ်သမားများသမဂ္ဂများအဖွဲ့ချုပ် (FTUB) က (၂၀၀၇) ခုနှစ်တွင် မြန်မာနိုင်ငံမှာဖြစ်ပွားသော အတင်းအဓမ္မလုပ်အားစေခိုင်းမှုပေါင်း (၃, ၄၀၅) မှုကို မှတ်တမ်းပြု ဖော်ပြခဲ့သည်။[၂၁]

(ခ) ဖြစ်တတ်သည့် ပုံစံများ

မြန်မာနိုင်ငံ၏ တည်ဆဲအခြေအနေတွင် ဖြစ်လေ့ရှိသော အတင်းအဓမ္မ လုပ်အားစေခိုင်းမှုမျိုးအတွက် အချက်အလက်ပုံစံတခုကို အောက်မှာ ဥပမာဖော်ပြပေးထားပါသည်။ ဤအချက်အလက်ပုံစံသည် ချိုးဖောက်မှုတရပ်၏ အဓိကအင်္ဂါရပ်များကို ဖော် ထုတ်ပြရာ၌ အသုံးဝင်ဖွယ် ရှိပါသည်။ အတင်းအဓမ္မ လုပ်အားစေခိုင်းမှုတည်းဟူသော ချိုးဖောက်မှုတရပ်ကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် အညီ သတ်မှတ်နိုင်ရေးအတွက် အောက်ပါအချက်များပါရှိရမည်ကို သတိရပါ။

၁။ အလုပ် (လုပ်အား) သို့မဟုတ် ဝန်ဆောင်မှု။

၂။ အတင်းအဓမ္မ (ဆန္ဒမပါဘဲ) ထုတ်ယူခြင်း။

၃။ အပြစ်ပေး ဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခြင်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက်တို့ ဖြစ်သည်။

ဖြစ်ရပ်မှန်ပုံစံ– အတင်းအဓမ္မလုပ်အားစေခိုင်းမှု[၂၂]

ရှားရယ်၊ သူ့သမီးငယ်နှင့် ကိုယ်ဝန်သည်ဖနီးတို့သည် ညစာစားရန် ထိုင်လိုက်စဉ်မှာပင် တံခါးခေါက်သံကြားလိုက်ရသည်။ ရှားရယ် တံခါးသွားဖွင့်ပေးလိုက်သာအခါ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရအဖ)အဖွဲ့ဝင်တဦးက သူ့ကို နှုတ်ဆက် လိုက်သည်။ "(ရအဖ) မှာ (နအဖ) စစ်အစိုးရဆီက တအိမ်တယောက် လုပ်အားပေးခေါ်ပေးဖို့ အမိန့်ရောက်နေ တယ်။ နက်ဖြန် လုပ်အားပေးမယ်ဆိုတဲ့ အကြောင်း ကျေးရွာရုံးမှာ ခင်ဗျားသတင်းသွားပို့ရမယ်" ဟု ထိုသူကပြောသည်။

ရှားရယ်သည် မိသားစုကို တောင်ယာအလုပ်ဖြင့် လုပ်ကျွေးနေသူဖြစ်သည်။ သူ့တောင်ယာ၏ စပါးခင်းများတွင် စပါးများ မှည့်နေလျက်ရှိသည်။ မကြာခင် ရိပ်သိမ်းခြင်း မပြုပါကစပါးခင်းအများစု ဆုံးရှုံးသွားနိုင်သည်။ သို့ရာတွင် သူ့မိသားစုမှာ သူမှလွဲ၍ လုပ်အားပေးသွားမည့်သူ မရှိချေ။ (နအဖ) စစ်အစိုးရက ဆင့်ခေါ်သော လုပ်အားပေးအတွက် ပျက်ကွက်ပါက (နအဖ) စစ် အစိုးရက သူ့ကို ဖမ်းမည်၊ သို့မဟုတ် သည့်ထက် ဆိုးမည်မှန်း သူသိနေသည်။

၂၁။ Federation of Trade Unions Burma, "Forced Labor in Burma (Myanmar) Country Report under the Follow-up to the ILO Declaration on Fundamental Principles and Rights at Work," Report to the International Labor Conference, Geneva, June 2007.

၂၂။ ယခုဖော်ပြထားသည့် စိတ်ကူးဖော်ပြချက် ပုံစံသည် လူအများ၏ အတွေ့အကြုံများကို အခြေခံရေးသားထားခြင်း ဖြစ်ကြောင်း သတိပြုစေလိုပါသည်။ ယခု လက်စွဲစာအုပ်တွင် အသုံးပြုဖော်ပြနိုင်ရန်အတွက်သာ ဖန်တီးရေးသားထားခြင်း ဖြစ်ပါသည်။ လူတဦး၏ ဖြစ်ရပ်၊ အမှန်ဖြစ်ရပ်တခုကို ဖော်ပြရေးသားထားခြင်း မဟုတ်ပါ။

ndburma2.indd 33 26-Dec-09 13:05:20

အခြားရွေးစရာ လမ်းမရှိသဖြင့်၊ နောက်တနေ့မနက်တွင် အခြားရွာသား (၅၀) နှင့်အတူ လုပ်အားပေးအတွက် ကျေးရာရုံး သို့ သူသွားခဲ့သည်။ သူတို့ကို သူတို့ရွာမှ နာရီပေါင်းများစွာ လမ်းလျှောက်သွားရသော စစ်တပ်စခန်းတခုသို့ ပို့သည်။ တပ်စခန်း ပတ်ပတ်လည်တွင် ခြံစည်းရိုး ကာပေးရန် သူတို့ကိုပြောသည်။ ရွာသားများသည် တနေကုန် အလုပ် လုပ်ကြရသည်။ နေ့လည်စာ စားရန် ခဏလေးသာနားရသည်။ စစ်သားအများအပြားက ရွာသားများကို စောင့်ကြည့် ကြိုးကြပ်သည်။

ရွာသားများအလုပ်လုပ်နေစဉ်မှာ စစ်သားများက သူတို့ကို ခြိမ်းခြောက်ခြင်း၊ ရမ်းကားခြင်းများလုပ်သည်။ တနေ့တွင် စစ်သားတယောက်က အဖိုးကြီးတယောက်ကို ရိုက်နှက်နေသည်ကို ရှားရယ်မြင်လိုက်ရသည်။ ရှားရယ်က ဝင်တားရန် ကြိုးစားသည်။ သို့ရာတွင် စစ်သားက သူ့နံဘေးကို ရိုက်ဖယ်သေနတ်ဒင်နှင့် ထုသည်။ သူနှံရိုးနှစ်ချောင်း ကျိုးသွားခဲ့သည်။ စစ်သားက "ကိုယ့် အလုပ်ကိုယ်သွားလုပ်၊ ဒါကျုပ်နဲ့ ခွေးကောင်အဖိုးကြီးရဲ့ကိစ္စ။"ဟု ပြောသည်။ ရှားရယ်က သူ့အလုပ်ကို သူပြန်လုပ်သည်။ နောက်ပိုင်းတွင် စစ်သားနှစ်ယောက်က အသက်မရှိတော့သော အဖိုးကြီး၏ ရုပ်အလောင်းကို အလုပ်လုပ်နေသည့် နေရာမှနေ၍ ဆွဲထုတ်သွားသည်ကို သူမြင်လိုက်ရသည်။

သီတင်းတပတ်အကုန်တွင် ရွာသားများကို အလုပ်လုပ်ရာနေရာမှနေ၍ လွှတ်ပေးပြီး၊ ရွာပြန်ခွင့်ပေးလိုက်သည်။ ရှားရယ် သူ့တောင်ယာထဲသို့ရောက်သောအခါ၌ သူ့စပါးခင်းအတော်များများ ပျက်စီးကုန်ကြောင်းတွေ့ရသည်။ ကျန်သော စပါးများကို ရိပ်သိမ်း၍ ပြီးအောင် သူအလုပ်ကို ခပ်သွက်သွက် လုပ်တော့သည်။

သူ တောင်ယာထဲမှာ အလုပ်လုပ်နေစဉ် (နအဖ) စစ်သားအချို့ သူ့ဆီလာနေသည်ကို သူတွေ့လိုက်ရသည်။ အနီး အနားရှိ ရွာ တရွာဆီ သွားရာလမ်းကို သိသလားဟု သူ့ကိုမေးသည်။ သိပါသည်ဟု သူပြောလိုက်သည်။ ထိုရွာသည် ခြေလျင် (၂) ရက် ခရီးမျှဝေးသည်။ အကြီးအကဲဖြစ်သူ စစ်သားက သူပိုးလာသော ကျောပိုးအိတ်ကို ရှားရယ်ဆီ ပေးလိုက်ပြီးလျှင်၊ လမ်းပြအဖြစ် ရှေ့ကသွားရန်သူ့ကိုပြောသည်။ ရှားရယ်က ကန့်ကွက်ရန်ကြိုးစားသည်။ သူမှာ (နအဖ) အတွက် သီတင်းတပတ် လုပ်အားပေးခဲ့ရ၍ ပြီးရုံသာ ရှိသေးကြောင်း၊ သူ့တောင်ယာကို ရိပ်သိမ်းစရာ ရှိသေးကြောင်း၊ ဤသို့မှ မရိပ်သိမ်းလျှင် သူ့မိသားစု ငတ်ကုန်မည် ဖြစ်ကြောင်းရှင်းပြသည်။ စစ်သားက "အမိန့်မနာခံလို့ ခင်ဗျားထောင်ထဲမှာနေရရင်၊ ခင်ဗျားတောင်ယာလည်း ရိတ်လို့ရပါဦးမလား။ ခင်ဗျား မိသားစုလည်း စားစရာ ရှိပါဦးမလား" ဟု သူ့ကို မေးခွန်းပြန်ထုတ်သည်။

ရှားရယ်သည် ကျောပိုးအိတ်ကို ကောက်လိုက်ပြီး၊ အနီးအနားရွာသို့ ခရီးထွက်ရတော့သည်။ ညနေချိန် ရောက်လာသောအခါ၌ စစ်သားများက အိပ်စက်နားနေရန်ပြင်တော့သည်။ စပါးခင်းတခင်းလုံး ဆုံးသွားမှဖြင့်ဟု စဉ်းစားမိကာ၊ ရှားရယ်သည် သူ့မိသားစုအတွက် စိုးရိမ်ပူပန်မိသည်။ ထိုညမှာပင် သူ့ရွာသို့ပြန်ပြေးရန် သူဆုံးဖြတ်လိုက်သည်။ စစ်တပ်က သူ့ကို လိုက်ရှာ မည်မဟုတ် ဟုလည်း သူထင်သည်။ တညလုံး သူ လမ်းလျှောက်သွားရာ မိုးစင်စင် လင်းချိန်တွင် သူ့နေအိမ်သူပြန်ရောက်သည်။

နောက်နေ့တွင် ရှားရယ်သည် တောင်ယာထဲသို့ပြန်သွားပြီး၊ စပါးဆက်ရိပ်သည်။ နေ့လည်တွင် သူ့အိမ်နီးချင်းတယောက်က သူ့တောင်ယာထဲသို့ ပြေးလာပြီး၊ စစ်သားများသူ့အိမ်ကိုဝိုင်းထားကြောင်း သတိပေးသည်။ မကြာခင်မှာ သူ့ကို ရှာတွေ့သွားမည်စိုးသဖြင့် သူချက်ချင်းပင်ထွက်ပြေးရပြန်သည်။ ရက်ပေါင်းများစွာ ကြာပြီးနောက်တွင် ထိုင်းနယ်စပ်ကို သူကျော်ဖြတ်ပြီး ဖြစ်နေသည်။ ယခုအခါ၌ သူသည် ထိုင်းနိုင်ငံရှိ ဒုက္ခသည် စခန်းတခုတွင် နေထိုင်လျက်ရှိသည်။

(၈) တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာပုံစံ

တွေ့ဆုံမေးမြန်းခြင်းသည် အဓိကကျသော အချက်အလက်များကို ရှာဖွေစုဆောင်းနည်းပင်ဖြစ်သည်။ အဓိကအကြောင်းရင်းမှာ အဖြစ်အပျက်တခုနှင့် ပတ်သက်၍ လူတို့သည် သတင်းအချက်များကို အများဆုံးရရှိထားသူများဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခြင်းသည် အချက်အလက်ရှာဖွေစုဆောင်းသောလုပ်ငန်းအတွက် အခြေခံကျသည်ဖြစ်ရာ၊ တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အကောင်းဆုံးရရှိထားခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘက်ပေါင်းစုံမှနေ၍

ndburma2.indd 34 26-Dec-09 13:05:20

အသေးစိတ်ကျကျ ဖေါ်ထုတ်ရေးတွင် သော့ချက်တခုဖြစ်ပါသည်။ အထက်ဖေါ်ပြပါ ဖြစ်ရပ်မှန်ပုံစံကို အခြေခံထားသောတွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ (၂) ခုကို အောက်မှာ ဖေါ်ပြထားပါသည်။ ပထမတွေ့ဆုံမေးမြန်းခြင်းသည် အရည်အသွေးညှံ့ဖျင်းသောတွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပြီး၊ ဒုတိယ တွေ့ဆုံမေးမြန်းခြင်းသည် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပါသည်။ သာဓကတခုစီ၏ အောက်ခြေတွင် ပိုင်းခြားသုံးသပ်ချက်များကို ဖေါ်ပြထားပါသည်။

၁။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ညံ့)

မေး – ခင်ဗျား လုပ်အားပေး အခိုင်းခံရတဲ့သူတယောက် ဟုတ်ပါသလား။

ရှားရယ် – ဒါကြောင့်ဘဲ၊ ကျနော်ထွက်ပြေးလာခဲ့တာပါ။ ကျနော်ဟာစစ်တပ်အတွက် လုပ်အားပေးအခိုင်းခံရလို့ ကျနော့် မိသားစုကို ဆက်လုပ်မကျွေးနိုင်တာ့ပါဘူး။

မေး – ခင်ဗျားက စစ်တပ်အတွက် အလုပ်လုပ်ပေးရတယ်ပေါ့။

ရှားရယ် – ဟုတ်ပါတယ်။

မေး – ဒီအလုပ်ကို ခင်ဗျား သဘောဆန္ဒနဲ့ ခင်ဗျားလုပ်ခဲ့တာလား။

ရှားရယ် – ကျနော် မတတ်သာလို့ လုပ်ပေးခဲ့ရတာပါ။ စစ်တပ်ကအမိန့်ပေးရင် ကျနော်တို့ကလိုက်နာရပါတယ်။ သူတို့က ကျနော်တို့သဘောဆန္ဒနဲ့ ကျနော်တို့လုပ်တာပါလို့ပြောပါတယ်။ တကယ့်တကယ်ကျတော့ ကျနော်တို့မှာတခြားဘာမှ မတတ်နိုင်ပါဘူး။

မေး – ဒါဖြင့်၊ အတင်းအဓမ္မခိုင်းလို့ ခင်ဗျားတို့က လုပ်ရတယ်ပေါ့။

ရှားရယ် – ဟုတ်ကဲ့၊ သူတို့ဖမ်းမှာကိုကြောက်ပါတယ်။

မေး – ဒီလို အတင်းအဓမ္မ အလုပ် လုပ်ခိုင်းတာနဲ့ပတ်သက်လို့ စစ်တပ်မှာတာဝန်ရှိတယ်ဆိုတာ မှန်ပါသလား။

ရှားရယ် – ဟုတ်ကဲ့၊ မှန်ပါတယ်။

မေး – ခုလို အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

၎တွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် အရည်အသွေးညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရခြင်းမှာ အကြောင်းအချက်များစွာရှိပါသည်။

ပထမအချက်– တိုလွန်းသည်။ ချိုးဖောက်မှုတခုဖြစ်ကြောင်း ဖေါ်ပြရန်လိုအပ်သည့်အင်္ဂါရုပ်များအကြောင်း မှတ်တမ်းပြုရန် တည်းဟူသော တွေ့ဆုံ မေးမြန်းခြင်း၏ ရည်မှန်းချက် ပေါက်မြောက်ခြင်းမရှိချေ။ ဖြစ်ပွားပုံကို အသေးစိတ်ပေါ်လွင်စေရေးအတွက် မေးခွန်းများလုံလောက်ခြင်းမရှိ။ နောက်ဆက်တွဲမေးခွန်းများသည် ဖြစ်ရပ်၏ ပုံကားချပ်ကို အပြည့်အဝ ဖေါ်ပြရေး တွင် အထူးအရေးကြီးပါသည်။

ဒုတိယအချက်– ဤမေးခွန်းများသည် အများအားဖြင့် နိမိတ်ပြမေးခွန်းများဖြစ်နေသည်။ ဆိုလိုသည်မှာမည်သို့ဖြေကြားသင့်ကြောင်း ရှားရယ်ကို အရိပ်အကဲပြသည့်သဘောဖြစ်နေသည်။ သူက“ဟုတ်ပါသည်” သို့မဟုတ် “မဟုတ်ပါ” ဟုဖြေနေပါက အရေးကြီးသော အသေးစိတ်အချက်အလက်များကို ကျန်သွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ အနေနှင့်လည်း အရေးကြီးသော သတင်းအချက်အလက်များကို လက်လွတ်သွားလိမ့်မည်။ ထို့ပြင်၊ ရှားရယ် ဘက်ကလည်း သူ့ဟာသူ လွတ်လွတ်လပ်လပ် ပြောပြလိုသည့် သဘောနည်းသွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ ကြားလိုသော အဖြေများကို ပေးလိုသည့် သဘောပိုများသွားနိုင်ပါသည်။

ndburma2.indd 35 26-Dec-09 13:05:20

တတိယအချက်– ဤတွေ့ဆုံမေးမြန်းခြင်းသည် တွေ့ဆုံမေးမြန်းသူ မူလကတည်းကသံသယရှိနေသော ချိုးဖောက်မှုကိုသာလျှင် အာရုံစိုက်ထားပြီး၊ အခြားချိုးဖောက်မှုများအတွက် အထောက်အထားရနိုင်သော မေးခွန်းများကို မေးခြင်းမရှိချေ။ ဤသာဓက ဖြစ်ရပ်ကဲ့သို့သော အတင်းအဓမ္မလုပ်အားစေခိုင်းမှု ဖြစ်ရပ်များသည် အခြားသောလူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနေသည့် ကြားမှာ ဖြစ်ပွားတတ်ပါသည်။ အသေးစိတ်ကျသော တွေ့ဆုံမေးမြန်းမှုတခုကို လုပ်ခြင်းအားဖြင့် ရာဇဝတ်မှု ကျူးလွန်မှုများကဲ့သို့သော ကျူးလွန်မှုအများအပြားအတွက် အထောက် အထားများ ရနိုင်ဖွယ် ရှိပါသည်။

နောက်ဆုံးအချက်– ရှားရယ်၏ဖြစ်ရပ်ကို အတည်ပြုဖေါ်ပြပေးမည့် သတင်းအချက်အလက် တစုံတရာကို ဤတွေ့ဆုံမေးမြန်းခြင်းမှနေ၍ မရရှိချေ။ ရှားရယ်၏ သတင်းကို ပံ့ပိုးအတည်ပြုရေးအတွက် သက်သေအထောက်အထား ရှိ– မရှိ။ သို့မဟုတ် ဆရာဝန်ဆေးစစ်ချက်ကဲ့သို့သော အခြား အထောက်အထားများ ရနိုင် –မရနိုင် သူ့အား မေးကြည့်ခြင်းသည် ကောင်းမွန်သော မှတ်တမ်း ပြုမှုတခု၏ အရေးကြီးသော အစိတ်အပိုင်း ဖြစ်သည်။

၂။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ကောင်း)

မေး – ရှားရယ်ခင်ဗျား၊ ခင်ဗျားထွက်ပြေးဖို့ ဘာကြောင့်ဆုံးဖြတ်ရသလဲဆိုတာနဲ့ပတ်သက်လို့ မြန်မာနိုင်ငံမှာဖြစ်ပျက်နေပုံတွေကို ပြောပြ နိုင်မလား။

ရှားရယ် – ကျနော် ထွက်ပြေးလာခဲ့ရတာ ကတော့၊ ကျနော့်မိသားစုကို ဆက်ပြီး လုပ်မကျွေးနိုင်တော့လို့ဘဲ ဖြစ်ပါတယ်။ ကျနော်က တောင်သူတယောက်ပါ။ ဒါပေမယ့် စစ်တပ်ကလုပ်အားပေးဖို့ဘဲ၊ ခေါ်ခေါ်နေတော့၊ တောင်ယာလုပ်ရတယ်လိုကို မရှိတော့ပါဘူး။ ပြီးခဲ့တဲ့ စပါးရိပ်ချိန်တုန်းက စစ်တပ်စခန်းအတွက် ခြံစည်းရိုးကာပေးဖို့ လုပ်အားပေး အခေါ်ခံခဲ့ရပါတယ်။ သီတင်းတပတ်ကြာပြီးတဲ့နောက် ကျနော်တောင်ယာထဲ ပြန်ဆင်းသွားတော့၊ တောင်ယာတဝက်လောက်ပျက်စီးနေတာကို တွေ့ရပါတယ်။

မေ – လုပ်အားပေး ဘယ်နှစ်ကြိမ်လောက် အခေါ်ခံခဲ့ရဖူးပါသလဲ။

ရှားရယ် – အကြိမ်တွေအများကြီးပါဘဲ။ ဘယ်လောက်များသလဲ ဆိုတာ ရေတွက်လို့တောင်မထိတော့ပါဘူး။ တနှစ်၊ တနှစ်မှာ စစ်တပ်က လုပ်အားပေးဖို့ အကြိမ်အများကြီးခေါ်ပါတယ်။ ပြီးခဲ့တဲ့ စပါးရိပ်ချိန်တုန်းကဆိုရင် သီတင်းပတ်(၁) ပတ် လုပ်အားပေးဖို့ တကြိမ်ခေါ်ပါတယ်။ နောက်တော့ နှစ်ရက်ခရီးလောက်ဝေးတဲ့ ရွာတရွာကို တိုက်ကင်းအတွက် လမ်းပြဖို့ ခေါ်ပြန်ပါ တယ်။ ကျနော် ထွက်ပြေးတာ အဲဒီအကြိမ်တုန်းကပါဘဲ။

မေး – ပထမအကြိမ် လုပ်အားပေးအခေါ်ခံရတုန်းက ဘာတွေဖြစ်ခဲ့ပါသလဲ။

ရှားရယ် – စပါးရိပ်ရမယ့်ဆဲဆဲ ဖြစ်နေလို့ ကျနော့်အနေနဲ့တောင်ယာထဲမှာ ရှိနေရမယ့်အချိန်ဖြစ်ပါတယ်။ ဒါပေမယ့် ကျေးရွာကောင်စီလူကြီး တယောက်ကအိမ်ကိုလာပြီး၊ စစ်တပ်က တအိမ်တယောက် လုပ်အားပေးရမယ်လို့ အမိန့်ထုတ်ထားကြောင်းပြောပါတယ်။ လုပ်အားပေး သွားနိုင်တဲ့လူဆိုလို့ ကျနော့်အိမ်မှာ ကျနော်တယောက်ထဲရှိပါတယ်။ ဒါကြောင့် ကျနော့်မှာ တခြားဘာမှ မတတ်နိုင်ပါဘူး။

မေး – ဘယ်လိုအလုပ်မျိုး လုပ်ရပါသလဲ။

ရှားရယ် – စစ်တပ်စခန်း တခုအတွက် ခြံစည်းရိုးကာခိုင်းပါတယ်။ သီတင်းပတ် (၁)ပတ် အလုပ်လုပ်ခဲ့ရပါတယ်။ နားခိုန်ရယ် လို့ တောင်မရှိပါဘူး။

မေး – အလုပ်လုပ်ပေးတဲ့အတွက် ခင်ဗျားတို့ကို နစ်နာကြေးပေးပါသလား။

ရှားရယ် – သူတို့ကတော့ စေတနာနဲ့ လုပ်အားပေးတယ်လို့ပြောပါတယ်။ ဒါပေမယ့် တကယ့် တကယ်မှာတော့ ကျနော်တို့မှာ တခြား ဘာမှမတတ်နိုင်ပါဘူး။

မေး – လုပ်မပေးနိုင်ဘူးလို့ ငြင်းဆန်ရင် ဘာတွေ ဖြစ်လာနိုင်ပါသလဲ။

ndburma2.indd 36 26-Dec-09 13:05:20

ရှားရယ် – ငြင်းဆန်လို့ မရပါဘူး။ ငြင်းတဲ့လူဆိုရင် အဖမ်းခံရပါလိမ့်မယ်။ ဒါမှမဟုတ် ဒီထက်တောင် ပိုဆိုးသွားပါလိမ့်မယ်။ သူတို့ စိတ်တိုင်းကျအောင် လုပ်မပေးတဲ့လူဆိုရင် အရိုက်အနှက်ခံရပါတယ်။ ကျနော် ခြံစည်းရိုးကာနေတုန်းမှာ အားမရှိလို့ အလုပ် မလုပ်နိုင်တဲ့ အဖိုးကြီးတယောက်ကို စစ်သားတယောက်က ရိုက်နှက်နေတာကို တွေ့ရပါတယ်။ အဖိုးကြီးကို သေတဲ့အထိ ရိုက်ကြတယ်လို့ ကျနော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့၊ နောက်ပိုင်းမှာ အဖိုးကြီးရဲ့ အလောင်းကို စစ်သားနှစ်ယောက် ဆွဲထုတ်သွားတာကို ကျနော်တွေ့လိုက်ရလို့ပါပဲ။

မေး – အလုပ်လုပ်ရင်း၊ ခြိမ်းခြောက်ခံရတာတို့ အရိုက်အနှက် ခံရတာတို့ရှိပါသလား။

ရှားရယ် – အမြဲပဲ၊ ခြိမ်းခြောက်ခံခဲ့ရပါတယ်။ စစ်သားတွေက ကျနော်တို့ကို လူပျင်းတွေဆိုပြီးဆဲပါတယ်။ အဖိုးကြီးကို စစ်သား ရိုက်နေတာမြင်တော့ ကျနော်က ဝင်တားဘို့ ကြိုးစားပါတယ်။ စစ်သားက ကျနော့် နံဘေးကို သေနတ်ဒင်နဲ့ ထုပါတယ်။ နံရိုး တချို့ကျိုးသွားတယ်လို့ ထင်ပါတယ်။ ရိုက်ထားတဲ့နေရာမှာ အခုထိ နာနေတုန်းပါပဲ။

မေး – ဒီလိုနာနေတာနဲ့ ပတ်သက်လို့ ခင်ဗျားဆရာဝန်ဆီ သွားပြပါသလား။

ရှားရယ် – မြို့ထဲက အခမဲ့ ဆေးခန်းတခန်းကို ကျနော်သွားပြပါတယ်။ နံရိုး (၂) ချောင်း ယောင်နေပုံရတယ်။ ကျိုးသွားတာ လည်း ဖြစ်နိုင်တယ်လို့ ဆေးခန်းကပြောပါတယ်။ ဒီထက် အဆင့်မြင့်တဲ့ ဆေးခန်းမှာသွားပြဖို့ လိုလိမ့်မယ်လို့လည်း ပြောပါ တယ်။

မေး – ခင်ဗျားရဲ့ ဆေးမှတ်တမ်းအတွက် အဲဒီဆေးခန်းကို ကျနော်ဆက်သွယ်လို့ရနိုင်မလား။

ရှားရယ် – ရနိုင်ပါတယ်။

မေး – လုပ်အားပေးအမိန့်ကို ဘယ်သူက ထုတ်တာပါလဲ။

ရှားရယ် – ကျနော်ကတော့ ကျနော်တို့ရွာနားက စစ်တပ်တပ်ရင်းလို့ထင်ပါတယ်။ သူတို့တပ် နံပါတ်ကိုတော့ ကျနော်သေသေချာ ချာ မသိပါဘူး။

မေး – ခြံစည်းရိုး ဆောက်လုပ်တဲ့ လုပ်ငန်းကို ဘယ်သူက ကြီးကြပ်ပါသလဲ။

ရှားရယ် – ဗမာစစ်တပ်က စစ်သားတွေပါ။

မေး – ခြံစည်းရိုးကာရမယ်ဆိုတဲ့ အမိန့်အတိုင်း သိတင်းတပတ် လောက်ကြာအောင် လုပ်ပြီးတဲ့နောက်၊ ခင်ဗျားမှာ ဘာတွေ ဖြစ်ခဲ့ပါ သေးသလဲ။

ရှားရယ် – ကျနော် တောင်ယာထဲကို အပြေးအလွှားသွားပြီး၊ ကျန်တဲ့စပါးကို ရိပ်ပါတယ်။ ကျနော်စပါးရိပ်နေတုန်းမှာ စစ်သား တချို့ရောက်လာပြီး၊ တခြားရွာတရွာဆီ လမ်းပြခိုင်းပါတယ်။ အဲဒီရွာက ခြေလျှင် (၂) ရက် ခရီးလောက် ဝေးပါတယ်။ လမ်းတဝက်လာက်အထိ ကျနော်လိုက်ပြပေးပြီး၊ တောင်ယာဆီ ပြန်ပြေးပါတယ်။ စစ်သားတွေ လိုက်လာလိမ့်မယ်လို့ လည်း မထင်ခဲ့ပါဘူး။ ဒါပေမယ့် သူတို့လိုက်လာခဲ့ပါတယ်။ သူတို့ ဖမ်းမှာစိုးလို့ ကျနော်ထွက်ပြေး လာခဲ့ပါတယ်။

မေး – ခင်ဗျားဖြစ်ရပ်ကို သိထားတဲ့လူတွေထဲက ကျနော် စကားပြောလို့ရမယ့်သူ တခြားတယောက်ယောက်ရှိပါသလား။

ရှားရယ် – မကြာသေးခင်လေးကဘဲ၊ ကျနော်တို့ရွာကနေ နယ်စပ်ကိုထွက်ပြေးလာတဲ့ ကျနော့်မိတ်ဆွေတွေရှိပါတယ်။ ကျနော့် အဖြစ်ကို သူတို့သိပါတယ်။ သူတို့လည်း ခင်ဗျားနဲ့စကားပြောချင်မှာပါ။

မေး – ဒါဆို သိပ်ကောင်းတာပေါ့ဗျာ။ ခင်ဗျားမှာ နောက်ထပ်ပြောစရာ ရှိပါသေးသလား။ ဒါမှမဟုတ် ကျနော့်ကို မေးစရာ တခုခုရှိပါ သလား။

ရှားရယ် – မြန်မာပြည်မှာ ကျန်ရစ်ခဲ့တဲ့ ကျနော့်မိသားစုအတွက် ကျနော်စိတ်ပူပါတယ်။ ကိုယ်ဝန်သည် ကျနော့်မိန်းမနဲ့ (၃) နှစ်အရွယ် သမီးအတွက်ပါ။ ကျနော့် တောင်ယာကို ကြည့်ရှုပေးမယ်လူလည်းမရှိ၊ သူတို့ကို ကျွေးမွေးစောင့်ရှောက် ပေးမယ့်လူလည်း မရှိပါဘူး။ သူတို့ကို ဒီကိုခေါ်လာဖို့ ကျနော်ပိုက်ဆံရှာနေပါတယ်။ ဒီလိုမှ မဟုတ်ရင် သူတို့ ဘယ်လို အသက်ဆက်မလဲဆိုတာ ကျနော်စဉ်းစားလို့မရပါဘူး။ ကျနော့်အဖို့ ဒီအကြောင်းတွေစဉ်းစားကြည့်ရင် တော်တော်

ndburma2.indd 37 26-Dec-09 13:05:20

မောပါတယ်။

မေး – ခင်ဗျားရဲ့အတွေ့အကြုံကို ပြောပြတဲ့အတွက် အထူးဘဲကျေးဇူးတင်ပါတယ်။ ဒီလိုပြောပြဖို့ တော်တော့်ကို မလွယ်မှန်း ကျနော် သိပါတယ်။ ခင်ဗျားနဲ့ တိုင်ပင်ဖေါ် တိုင်ပင်ဖက်တွေထဲမှာ ကျနော်နဲ့တွေ့ပေးလို့ရမယ့်သူတွေ ရှိရင် ကျနော်နဲ့ တွေ့ပေးနိုင်မလား။

ရှားရယ် – ကျနော် တွေ့ပေးချင်ပါတယ်။

မေး – ကျနော် ခင်ဗျားနဲ့နောက်ထပ် တွေ့ဖို့လိုမယ်ဆိုရင် ခင်ဗျားကို ဘယ်လို ဆက်သွယ်လို့ ရနိုင်ပါမလဲ။

ရှားရယ် – ကျနော် မြို့ထဲက စျေးမှာအလုပ်လုပ်နေပါတယ်။ ကျနော့် အခုလက်ရှိနေရာမှာ မရှိရင်၊ မြို့ထဲက ကျနော် အလုပ် လုပ်ရာ နေရာမှာရှာလို့ ရနိုင်ပါတယ်။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

ဤတွေ့ဆုံမေးမြန်းခြင်းသည် ကောင်းပါသည်ဟုဆိုရခြင်းမှာ ရှားရယ်က သူ့ဖြစ်ရပ်ကို ပြောပြသောကြောင့် ဖြစ်ပါသည်။ ပွဲဦးထွက်မေးခွန်းများသည် လမ်းဖွင့်မေးခွန်းများဖြစ်ပြီး၊ နောက်ဆက်တွဲ မေးခွန်းများလည်း ပါဝင်ပါသည်။ ချိုးဖောက်မှုတခုအဖြစ် သတ်မှတ်ရေးအတွက် အင်္ဂါရုပ်အသီးသီးကို မှတ်တမ်းပြုရာ၌ သူ၏ဖြေကြားချက်များသည် အထောက်အကူ ဖြစ်စေပါသည်။ သာဓကအားဖြင့်ဖေါ်ပြရလျှင် ရှားရယ်သည် အတင်းအဓမ္မ လုပ်အားစေခိုင်းမှုနှင့် ပတ် သက်၍ အောက်ပါ သတင်းအချက် အလက်များကို ပေးပါသည်။

ပထမ– ရှားရယ်သည် အလုပ် သို့မဟုတ် ဝန်ဆောင်မှုပေးရကြောင်း သတ်မှတ်ရေးအတွက် လိုအပ်သော သတင်း အချက်အလက်များပေးသည်။ စစ်တပ်စခန်းတခုအတွက် ခြံစည်းရိုးဆောက်လုပ်ပေးရာမှာ သူအလုပ်လုပ်ပေးခဲ့ရ ကြောင်းကို သူပြောပြခဲ့သည်။ အခြားရွာတရွာသို့ စစ်သားများကို လမ်းပြအဖြစ် လိုက်လံပို့ဆောင်ပေးရကြောင်းကို လည်း သူပြောပြခဲ့သည်။ သူနှင့်တရွာတည်းနေ မိတ်ဆွေထံမှ သတင်းအချက်အလက်များက သူ့ဖြစ်ရပ်ကို အတည်ပြု ပေးပါလိမ့်မည်။

ဒုတိယ– လုပ်အားကို အတင်းအဓမ္မထုတ်ယူကြောင်း ဖေါ်ပြရေးအတွက် အသေးစိတ်အချက်အလက်များကို ရှား ရယ်ကပေးခဲ့သည်။ အလုပ်သမားများကို ဆင့်ခေါ်ပေးရန် စစ်တပ်၏အမိန့်ပေးခြင်းခံရသော ကျေးရွာကောင်စီလူကြီး ထံမှနေ၍ လုပ်အားပေးအမိန့်ကို သူရရှိခဲ့ကြောင်းကိုလည်း သူပြောပြခဲ့သည်။ အဖမ်းခံရမည်စိုး၍ သူလုပ်ပေးခဲ့ကြောင်း ကိုလည်း သူဖေါ်ပြခဲ့သည်။ သူ၏ ထွက်ဆိုချက်အရဆိုလျှင် လုပ်အားကို အတင်းအဓမ္မ ထုတ်ယူခဲ့ကြောင်း ပေါ်လွင် ထင်ရှားနေပါသည်။

တတိယ– အပြစ်ပေးဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခြင်းကြောင့် အလုပ်လုပ်ပေးခဲ့ရကြောင်းကို ရှားရယ်ကအခိုင် အမာပြောပြခဲ့သည်။ စစ်သားများလုပ်ခိုင်းသောအလုပ်ကို လုပ်မပေးနိုင်ပါဟု ငြင်းဆန်လျှင် အဖမ်းခံရမည်ဖြစ်ကြောင်း ဖေါ်ပြခဲ့သည်။ စစ်သားများအတွက် လမ်းပြလိုက်ပေး၍ မဖြစ်ကြောင်း ရှင်းပြသောအခါ၌ သူ့ကိုဖမ်းမည်ဟု ခြိမ်း ခြောက်ကြောင်း ပြောပြခဲ့သည်။ အလုပ်လုပ်ပေးသူများကို စစ်သားများ ခြိမ်းခြောက်ခြင်း၊ ရိုက်နှက်ခြင်း ပြုကြောင်းလည်း သူထွက်ဆိုခဲ့သည်။ ဆောက် လုပ်ရေးလုပ်ငန်း လုပ်နေစဉ်မှာ အဖိုးကြီးတယောက် အရိုက် အနှက် ခံရသည်ကို သူမြင် တွေ့ခဲ့ကြောင်းနှင့် သူလည်း သေနတ်ဒင်နှင့် အထုခံရကြောင်း၊ နံရိုးနှစ်ချောင်း ကျိုးသွားသည်လားမသိကြောင်း သူပြောပြခဲ့သည်။ သူ့ဆရာဝန်၏ မှတ်တမ်းများသည် သူဖြစ်ရပ်ကို သက်သေခံရေးအတွက် အထောက်အကူပေးပါ လိမ့်မည်။

နောက်ဆုံးအချက်– ချိုးဖောက်မှုတွင် အစိုးရပိုင်းမှ ပုဂ္ဂိုလ်များပါဝင်ကြောင်းကို ရှားရယ်ကဖေါ်ပြခဲ့သည်။ လုပ် အား ဆင့်ဆို သော အမိန့်ကို စစ်တပ်က ထုတ်ခဲ့ကြောင်းနှင့် အလုပ်သမားများကို စစ်သားများက စောင့်ကြပ်ကြည့်ရှု ခဲ့ကြောင်း သူပြောပြခဲ့သည်။ စစ်သားများက အခြားရွာတရွာသို့ လမ်းပြအဖြစ် လိုက်ပေးရန်လည်း သူ့ကိုအမိန့်ပေးခဲ့ သည်။ ဤအချက်နှင့်ပင်လျှင် အစိုးရ၏ ပါဝင်ပတ်သက်မှုကို ပြသရန်လုံလောက်ပါသည်။

ndburma2.indd 38 26-Dec-09 13:05:20

ဤတွေ့ဆုံ မေးမြန်းခြင်းမှနေ၍ အတင်းအဓမ္မလုပ်အားစေခိုင်းမှုနှင့် ဆက်စပ်နေသည့် သတ်ဖြတ်ခြင်းကဲ့သို့သော အခြားချိုးဖောက်မှုများအတွက် အထောက်အထားများရရှိပါသည်။ စစ်သားတယောက်က အဖိုးကြီးတယောက်အား ရိုက်နှက်နေသည် ကို သူ့မျက်စိနှင့် တပ်အပ်မြင်တွေ့ခဲ့ရကြောင်း၊ အဖိုးကြီး၏ အလောင်းကို စစ်သားနှစ်ယောက် လုပ်ခွင်ထဲမှနေ၍ ဆွဲထုတ်သွားသည်ကို သူတွေ့ခဲ့ရကြောင်း ရှားရယ်က ဖေါ်ပြခဲ့သည်။ ရှားရယ်၏ မိတ်ဆွေကို တွေ့ဆုံမေးမြန်းခြင်းအားဖြင့် သူ့ဖြစ်ရပ်ကို အတည်ပြုရာ၌ အထောက်အကူရပါလိမ့်မည်။အခြားသောချိုးဖောက်မှုများကို သတ်မှတ်ဖေါ်ပြရေးအတွက် နောက်ထပ်မေးခွန်းများမေးရန် လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။တွေ့ဆုံမေးမြန်းခြင်းသည် ကောင်းစွာပြီးဆုံးသွားပါသည်။ အကြောင်းမှာ ရှားရယ်က နောက်ထပ် မေးခွန်းများကို ဖြေကြားပေးမည်ဟု သဘောတူခဲ့သည့်အပြင်၊ တွေ့ဆုံမေးမြန်းသူအဖို့လည်း သူနှင့် မည်သို့ ဆက်သွယ်ရမည်ကို သိလိုက်ရသောကြောင့် ဖြစ်ပါသည်။

(၃) နိဂုံးချုပ် ။

ဤအခန်းကို ဖတ်ပြီးလျှင် သင့်အနေနှင့် အောက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်စွမ်းရှိရမည်။

- အတင်းအဓမ္မ လုပ်အားစေခိုင်းမှု၏ အင်္ဂါရပ်များကို နိုင်ငံတကာဥပဒေနှင့်အညီ မှတ်သားသိရှိလာခြင်း။
- အတင်းအဓမ္မ လုပ်အားစေခိုင်းမှုအကြောင်း သတင်းအချက်အလက်များကို စုဆောင်းရရှိရေးအတွက် အရေးကြီးသော မေးခွန်းများ ရေးသားပြုစုခြင်း။
- ချိုးဖောက်မှုတရပ် ဖြစ်ပွားခဲ့ခြင်း ရှိ–မရှိ သိရှိရေးအတွက် ထိရောက်သော တွေ့ဆုံမေးမြန်းခြင်းတရပ်ကို ဆောင်ရွက်ခြင်း။

ဤလက်စွဲစာစောင်၏ နောက်လာမည့်အခန်းများက အတင်းအဓမ္မ လုပ်အားစေခိုင်းမှု၏ အထောက်အထားများကို အကဲဖြတ်နည်းအကြောင်း ပို၍အသေးစိတ်ကျကျ ဆွေးနွေးထားပါသည်။

ndburma2.indd 39 26-Dec-09 13:05:20

(1) twift "r vufxyfaqpcif

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လူ့အခွင့်အရေးချိုးဖောက်မှု မြောက်ရန်မှာ ချိုးဖောက်မှု၏ အဓိကအင်္ဂါရပ်များ ပြည့်မီရန် လိုအပ်ပါသည်။ ဤအင်္ဂါရပ်များသည် တိကျရေရာသော စံချိန်စံညွှန်းများဖြစ်သည်။ သို့တည်းမဟုတ် ဥပဒေနှင့် ဆန့်ကျင်သော လုပ်ရပ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ရှိနေရမည့် ပတ်ဝန်းကျင်အခြေအနေတစုံ လိုအပ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အင်္ဂါရပ်များသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တရားဝင်စာချုပ် စာတမ်းပြဋ္ဌာန်းချက်များမှ နေ၍ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုမှန်သမျှကို စတင်မှတ်တမ်းတင်ခြင်း မပြုမီမှာ ချိုးဖောက်မှုဟူသော အဓိပ္ပါယ်ကိုသတ်မှတ်ရာ၌ လိုအပ်သည့် အင်္ဂါရပ်များအကြောင်း ရှင်းလင်းတိကျစွာ နားလည်ထားသင့်ပါသည်။ ဤအခန်းတွင် အတင်းအဓမ္မလက်ထပ်စေခြင်းတည်းဟူသော ချိုးဖောက်မှုပေါ်လွင်စေရေးအတွက် လိုအပ်သော အင်္ဂါရပ်များကြောင်း ရှင်းလင်းဖေါ်ပြထားပါသည်။

(၂) အတင်းအဓမ္မလက်ထပ်စေခြင်း၏ အဓိပ္ပါယ်ကို သတ်မှတ်ခြင်း။

(က) နိုင်ငံတကာဥပဒေအရ ဆိုလျှင် အတင်းအဓမ္မ လက်ထပ်စေခြင်း၏ အင်္ဂါရပ်များကား အဘယ်နည်း။

အတင်းအဓမ္မလက်ထပ်စေခြင်းကို လူ့အခွင့်အရေး ချိုးဖေါက်မှုတရပ်အဖြစ် မှတ်တမ်းပြုရန်အလို့ငှာ အောက်ပါအင်္ဂါရပ် (၃) ရပ် ထင်ရှားကြောင်းဖေါ်ပြရပါမည်။

၁။ နှစ်ဦးနှစ်ဖက်ကို တရားဝင် ပေါင်းဖက်ပေးခြင်း။

၂။ နိုင့်ထက်စီးနင်း ပြုခြင်း၊ သို့မဟုတ် သတို့သား၊ သတို့သမီး တဦးဦး၏ ဆန္ဒမပါရှိခြင်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်။

၁၊ အတင်းအဓမ္မ လက်ထပ်စေခြင်းကို တားမြစ်သည့် အဓိက အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များတွင် အောက်ပါတို့ ပါဝင်သည်။

- နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ ပုဒ်မ ၁၆ (၂)
- လူမှုအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်၊ (ICCPR) ပုဒ်မ ၂၃ (၃)။ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားခြင်း မရှိပါ။
- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်။ (ICESR) ပုဒ်မ ၁၀၊ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားခြင်း မရှိပါ။
- အမျိုးသမီးများကို နည်းပေါင်းစုံနှင့် ခွဲခြားဖိနှိပ်ဆက်ဆံမှုများ ပပျောက်စေရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ (CEDAW) ပုဒ်မ ၁၆ (၁–ခ) အထွေထွေ အကြံပြုချက် အမှတ် –၂၁ ဖြင့် ထပ်မံတိုးချဲ့ထားသည်။ မြန်မာနိုင်ငံက ဤသဘောတူညီချက်ကို လွှဲချက် ဖြင့် သဘောတူညီ လက်မှတ်ရေးထိုးထားသည်။
- လက်ထပ်ထိမ်းမြားခြင်းအတွက် သဘောတူခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်။ လက်ထပ်ထိမ်းမြားခြင်းအတွက် အငယ်ဆုံးအသက်နှင့် လက်ထပ်ထိမ်းမြားခြင်းအတွက် မှတ်ပုံတင်ခြင်း။ ပုဒ်မ ၁ (၁)။ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားခြင်း မရှိပါ။
- ကျွန်ပြုမှု၊ ကျွန်ကုန်ကူးမှု၊ ကျွန်ပြုမှုနှင့် အလားတူဖြစ်သည့် အင်စတီကျူးရှင်းများနှင့် လုပ်ဆောင်ကျင့်သုံးနေမှုများ ဖျက်သိမ်းခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် နောက်ထပ်ဖြည့်စွက်မှု။ ပုဒ်မ ၁ (ဂ)။မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားခြင်း မရှိပါ။

ဒေသဆိုင်ရာ သဘောတူညီချက်များကလည်း အတင်းအဓမ္မ လက်ထပ်စေခြင်းကို ထင်ရှားသိသာစွာ တားမြစ်ထားကြပါသည်။ ဥပမာအားဖြင့်– ဥရောပ ကောင်စီ ဆုံးဖြတ်ချက် အမှတ် ၁၄၆၈၊ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ နှင့် အစွလမ်မစ် ညီလာခံ အဖွဲ့အစည်း ထုတ်ပြန်ကြေညာ ချက် (ပုဒ်မ –၅)၊ အလားတူ အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့ (အာဆီယံ) ၏ သဘောတူညီချက်များကို လက်မှတ်ရေးထိုးရခြင်း မရှိသေးပါ။

ဥပဒေအရ စည်းနှောင်မှု မရှိသော အတင်းအဓမ္မ လက်ထပ်စေခြင်းကို တားမြစ်ထားသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေမှတ်တမ်းများလည်း ရှိပါသည်။ ဥပမာအားဖြင့် အမျိုးသမီးများကို နည်းပေါင်းစုံဖြင့် ခွဲခြားဖိနှိပ်ဆက်ဆံခြင်းများ အဆုံးသတ်စေရေး ကုလသမဂ္ဂ ထုတ်ပြန်ကြေညာချက် (ပုဒ်မ ၆–၂ (က) ဖြစ်ပါသည်။

ဤမှတ်တမ်းများကို အောက်ဖော်ပြပါ အင်တာနက်စာမျက်နှာတွင် ရယူနိုင်ပါသည်။ (၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၂၇ နောက်ဆုံး ကြည့်ရှုချက်အရ) (http://www.2.orchr.org/english/law/)

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ (CIL) ကို လက်မှတ်ရေးထိုး အသိအမှတ်ပြုထားခြင်း မရှိပါ။ (CIL) သည် အစိုးရ၏ ယေဘုယျလုပ်ဆောင်ချက်မှ လာသည့် ဥပဒေကျောရိုး တခုဖြစ်ပြီး၊ အချိန်ရလာသည်နှင့်အမျှ စည်းနှောင်မှုရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြပါသည်။ သို့သော်လည်း နိုင်ငံတခုသည် စဉ်ဆက်မပြတ် ဤဥပဒေကို ငြင်းပယ်လာခဲ့ပါက နိုင်ငံတခုသည် ဤဥပဒေအရ စည်းနှောင်မှု မရှိပါ။

အဓမ္မလက်ထပ်စေခြင်းကို အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများအရ တားမြစ်ထားပါသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များကို လက်မှတ်ရေးထိုးမထားသော်လည်း၊ ဤအပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများနှင့် ဆက်နွယ်မှုရှိနေသည်ဟု ယူဆနိုင်ပါသည်။ (သို့မဟုတ်ပါက ဤဥပဒေအရ စည်းနှောင်မှုမရှိစေရန် အစဉ်အဆက် ငြင်းပယ်ဖော်ပြမှုမျိုး ပြုလာရမည်ဖြစ်သည်။ Prosecutor v. Brima et. al, Special Court of Sierra Leone, Appeals Chamber, 22 February 2008. ဖေဖေါဝိရီလ ၂၂ ရက်၊ ၂၀၀၈ ခုနှစ် ဆီရာ လီယွန်း အထူးတရားခုံရုံးနှင့် ပတ်သက်၍ အယူခံခုံရုံးကိစ္စကို ကြည့်ပါ။

ndburma2.indd 40 26-Dec-09 13:05:20

(ခ) အတင်းအဓမ္မ လက်ထပ်စေခြင်းအဖြစ် သတ်မှတ်ရာ၌ မည်သည့် ပေါင်းဖက်ပေးမှုမျိုးနှင့် သက်ဆိုင်သနည်း။

လင်မယားအဖြစ်ပေါင်းဖက်ပေးမှုသည်အစိုးရ၏ပြည်တွင်းတည်ဆဲဥပဒေအရထိမ်းမြားလက်ထပ်ပေးခြင်းဖြစ်မြောက်ရန် လိုအပ်သည်။ နိုင်ငံတကာဥပဒေတွင် ထိမ်းမြားလက်ထပ်ခြင်းနှင့် ပတ်သက်၍ တိကျသော အဓိပ္ပါယ်ဖွင့်ဆိုချက်မပါရှိချေ။ သို့စေကာမူ လက်ထပ်ထိမ်းမြားခြင်းဆိုသည်မှာ လူနှစ်ဦးနှစ်ဖက် ပေါင်းဖက်မှုဖြစ်သည်ကို ယေဘုယျ နားလည်ထားကြပါသည်။ အများအားဖြင့် ထိမ်းမြားလက်ထပ်ခြင်းတရပ်သည် အခွင့်အာဏာရှိသော အရပ်ဘက်ဆိုင်ရာနှင့် ဘာသာရေးဘက် ဆိုင်ရာ အာဏာပိုင်များ၏ အသိအမှတ်ပြုခံထားရပြီး၊ ၎င်းတွင် မိသားစု အခွင့်အရေးနှင့် တာဝန်အားလုံးပါရှိပါသည်။

ဝေါဟာရနှင့်ပတ်သက်၍သတိပြုရန် – စီစဉ်ပေးသော လက်ထပ်ခြင်း (Arranged Marriages) နှင့် အတင်းအဓမ္မ လက်ထပ်စေခြင်း (Forced Marriages)။

စီစဉ်ပေးသော လက်ထပ်ခြင်းဆိုသည်မှာ ရည်ရွယ်ထားသော သတို့သားနှင့် သတို့သမီးတို့ကို လက်ထပ်ပေးရန် ဆုံးဖြတ်ရာ၌ မိသားစုဝင်များ ဦးဆောင်ပါဝင်သော သာမန်ယဉ်ကျေးမှုဓလေ့တခုဖြစ်သည်။ စီစဉ်ပေးသော လက်ထပ်ခြင်း၌ နှစ်ဦးနှစ်ဘက်စလုံးမှ ဆွေမျိုးများ၏ စီစဉ်ပေးမှုကို လက်ခံမည်လား၊ ငြင်းပယ်မည်လား ရွေးချယ်ကြသည်။ နှစ်ဦးနှစ်ဘက်က လက်ထပ်ခြင်းအတွက် လွတ်လပ်စွာသဘောတူ ခွင့်ပြုသဖြင့် စီစဉ်ပေးသော လက်ထပ်ခြင်းသည် အတင်းအဓမ္မလက်ထပ်စေခြင်းဟု မဆိုနိုင်ပေ။ သို့ရာတွင် စီစဉ်ပေးသော လက်ထပ်ခြင်းတွင် တဘက်ဘက်က ဆန္ဒမပါရှိခြင်း၊ သို့မဟုတ် နိုင်ထက်စီးနင်းပြုသည့် လက္ခဏာအချို့ပါရှိနေပါက ၎င်းသည် အတင်းအဓမ္မ လက်ထပ်စေခြင်းဖြစ်သွားနိုင်ပါသည်။

(ဂ) သဘောတူမှုရယူခြင်းမရှိသည့်အခြေအနေ၊ သို့မဟုတ် အတင်းအကြပ်ပြုသည့် အခြေအနေဖြင့် လက်ထပ်စေခြင်းတို့၏ သာဓကများကားအဘယ်နည်း။

အတင်းအဓမ္မ လက်ထပ်စေခြင်းဆိုင်ရာ သဘောတူမှုရယူခြင်းမရှိသည့်အခြေအနေ၊ သို့မဟုတ် အတင်းအကြပ်ပြုသည့် အခြေအနေဆိုသည်မှာ တဦးဦး သို့မဟုတ် နှစ်ဦးနှစ်ဖက်စလုံး၏ လွတ်လပ်စွာ ရွေးချယ်ခွင့်ကို လျစ်လျူရှုသည့် အနေအထား၊ သို့မဟုတ် စီစည်မှုကို အပြည့်အဝ နားလည်ခြင်းမရှိဘဲ ဆန္ဒမပါလက်ထပ်လိုက်ရသော အနေအထားကို ခေါ်ပါသည်။ ဤအခြေအနေ အချိန်အခါများတွင် အောက်ပါအနေအထားတို့ ပါဝင်ပါသည်။[၂]

- မိသားစုဝင်များက စိတ်ဓါတ်ရေးအရ ဖိအားပေးခြင်း။[၃]
- ကြောက်လန့်စေခြင်း။
- အင်အားသုံးခြင်း။
- တဦးတဘက် သို့မဟုတ် နှစ်ဦးစလုံးကို ဒုက္ခပေးမည်ဟု ခြိမ်းခြောက်ခြင်း။
- ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းချိနဲ့ခြင်း။ သာဓကအားဖြင့်၊ မသန်မစွမ်း ဖြစ်နေခြင်း၊ အသက်အရွယ်ငယ်လွန်းခြင်း၊ မူးယစ်ဆေးဝါးဖြစ်စေ၊ အရက်သေစာဖြစ်စေ၊ အခြားဆေးဝါးများဖြစ်စေ တိုက်ကျွေးထားခြင်းတို့ ဖြစ်သည်။

၂၊ နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒပါရှိခြင်းဆိုသည်မှာ ပြစ်မှုကျူးလွန်သူ၏ အမြင်ဖက်မှ မဟုတ်ဘဲ နစ်နာရသူ ကာယကံရှင်ဘက်မှ အမြင်သာဖြစ် သည်။ ကျူးလွန်သူဘက်က နိုင်ထက်စီးနင်းပြုခြင်းမရှိဟု ယူဆနိုင်သော်လည်း၊ နစ်နာရသူ ဘက်ကမူ နိုင်ထက်စီးနင်း အတင်းအကျပ်ပြုသည်ဟု မြင်နိုင်သည်။ ဤအတွက်ကြောင့် နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိခြင်းဆိုသည်မှာ နစ်နာရသူ ကာယကံရှင်၏ အတွေ့အကြုံအရသာ ဆုံးဖြတ်ရမည်။

၃၊ လူကုန်ကူးရောင်းချမှု (အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများကိုရောင်းချမှု) အရ နစ်နာရသူများကို လူ့အခွင့်အရေးရှုထောင့်မှ လေ့လာ အစီရင်ခံတင်ပြသူ အထူးအရာရှိ ဆစ်ဂမာ [l'g Sigma Huda, Report of the Special Rapporteur on the Human Rights Aspects of the Victims of Trafficking in Persons, Especially Women and Children က ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဖော်ပြရာတွင် "အမျိုးသမီးတဦးကို လက်ထပ်စေရန် အတင်းအကျပ်ဩဇာပြုရာ၌ ပြောင် အင်အားသုံးခြင်း မဟုတ်ဘဲ၊ စဉ်ဆက်မပြတ် ဖိအားပေးနေခြင်း သို့မဟုတ် လှည့်ဖျား အသုံးချနေခြင်း နည်းပေါင်းစုံ ပါဝင်သည်။ အကယ်၍ သင့်တော်သူကို ငြင်းပယ်ပါက ရပ်ရွာလူမှုအသိုင်းအဝိုင်းအလယ်သူမ၏ မိသားစုအနေနှင့် ဒုက္ခရောက်လိမ့်မည် စသဖြင့် ပြောဆိုနေခြင်းသည်လည်း အင်အားသုံးခြင်းအဖြစ် နားလည် မှတ်ယူသည်။" ဟု ဖော်ပြထားသည်။

ndburma2.indd 41 26-Dec-09 13:05:20

(ဃ) အတင်းအဓမ္မ လက်ထပ်စေခြင်း၏ သာဓကအချို့

တဦးတဘက်မှ လွတ်လပ်မှုနှင့် အပြည့်အဝသဘောတူမှု လုံးဝမရှိဘဲ လက်ထပ်လိုက်ရခြင်း သည် အတင်းအဓမ္မ လက်ထပ်စေခြင်းမြောက်ပါသည်။ တခါတရံ၌ အများကျင့်သုံးလေ့ရှိသော ဓလေ့ထုံးစံအရ သို့မဟုတ် ရိုးရာအစဉ်အလာအရ လက်ထပ်ထိမ်းမြားမှုများသည် အတင်းအဓမ္မလက်ထပ်စေခြင်းအဖြစ်သို့ရောက်သွားပြီး၊ နိုင်ငံတကာဥပဒေကို ချိုးဖေါက်ရာ ရောက်သွားတတ်ပါသည်။ ထိမ်းမြားလက်ထပ်ခြင်းအဖြစ်သို့ ရောက်သွားခဲ့သော အတင်းအဓမ္မ လက်ထပ်စေခြင်း၏ သာဓက များမှာ–[၄]

- အကြွေးလျှော်ပစ်ခြင်း၊ သို့မဟုတ် (သတို့သားအတွက်) မင်္ဂလာကြေး၊ သို့မဟုတ် စီးပွားရေး အကျိုးအမြတ်အတွက် လက်ထပ်စေခြင်း။
- အမွေဆက်ခံခြင်းအဖြစ် လက်ထပ်စေခြင်း၊ သာဓကအနေနှင့် မုဆိုးမ/ မုဆိုးဖို တဦးအား သေဆုံးသူ လင်ယောကျ်ား / ဇနီး၏ ဆွေမျိုးတဦးဦးနှင့် လက်ထပ်စေခြင်း။
- တရားမဝင်ချုပ်နှောင်ထားခြင်း သို့မဟုတ် ပြန်ပေးဆွဲခြင်းအားဖြင့် လက်ထပ်စေခြင်း။
- ကိုယ်ဝန်ရှိပြီးနောက်မှာ အရှက်ရခြင်းမဖြစ်ရအောင် လက်ထပ်စေခြင်း။
- ကြိုရာလိင်ဆက်ဆံခြင်း (လိင်ရှုပ်ပွေခြင်း) မပြုအောင် လက်ထပ်စေခြင်း။
- မိသားစုတစုမှာ မတော်တဆသေဆုံးစေမှု အတွက် အလျော်ပေးသည့် အနေနှင့် လက်ထပ်စေခြင်း။
- မယားအများယူသည့် အနေနှင့် လက်ထပ်စေခြင်း။
- အရွယ်မရောက်သေးသူများကို လက်ထပ်စေခြင်း။

(င) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေ အရဆိုလျှင် အတင်းအဓမ္မ လက်ထပ်စေမှု မြောက်စေရန်အတွက် အစိုးရတရပ်ကလုပ် ဆောင်ချက်မျိုးဖြစ်ရန် လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက် နယ်မြေရှိ လူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသော အမျိုးသား (နိုင်ငံတော် အဆင့်) အဖွဲ့ အစည်း"[၅] ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ အစိုးရ၏ လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ အစိုးရ အရာရှိ တဦးက အတင်းအဓမ္မ လက်ထပ်ထိမ်းမြားစေမှုတခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက် အတွက် လိုအပ်သည် များကို ဆောင်ရွက်ခြင်းဖြစ်သည်။ အစိုးရလုပ်ဆောင်ချက်တွင် တရားဝင် အသိအမှတ်ပြုမှုဖြင့် သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့် သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန် သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက်၍ လုံလောက်စွာ အရေးယူရန်သော် လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်း ပါဝင်ပါသည်။ သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ အတင်းအဓမ္မ လက်ထပ်စေမှုတို့ ကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေး အရေးမယူဘဲ လွှတ်ပေးထား လျှင် အစိုးရအနေနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ပါသည်။

၄၊ ဤသာဓကများမှာ ဖော်ပြ၍မဆုံးနိုင်အောင်ရှိသည်။ စိတ်တွင်မှတ်သားထားရန်မှာ ပေါင်းဖက်သူနှစ်ဦး၏ အလိုဆန္ဒ သဘောတူညီမှုမရှိဘဲ လက်ထပ်မှုအားလုံးသည် အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်မှု ရောက်စေနိုင်ပါသည်။ Sigma Huda, Report of the Special Rapporteur on the Human Rights Aspects of the Victims of Trafficking in Persons, Especially Women and Children လူ့အခွင့်အရေးကော်မီတီ၊ ဇနီနဝါရီလ ၂၄ ရက်၊ ၂၀၀၇ ခုနှစ်။

၅၊ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East-West Center Washington, 2007, p. vix, TudpPကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (state) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်

ndburma2.indd 42 26-Dec-09 13:05:20

ကျူးလွန်သူများ။ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏ အစိတ်အပိုင်း တခုမဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာကျင့်သုံးမှုပြုနေသည်မျိုး ရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေး အင်အားစုများ၊ ပုဂ္ဂလိက ကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ ပြုမူနေသည့် အခြားအင်အားစုများ ပါဝင်သည်။ ဤသို့ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့ လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုး ရှိနိုင်သည်။ နိုင်ငံတော် အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ ကျူးလွန်သောပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရတာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရက ကျူးလွန်သည်ဖြစ်စေ၊ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

(၃) အရေးကြီးသောမေးခွန်းများ မေးခြင်း

မေးခွန်းများ မေးခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းတို့သည် လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း သတင်းအချက်အလက်များစုဆောင်းရာ၌ အလွန်အရေးကြီးပါသည်။ တွေ့ဆုံမေးမြန်းမှုတရပ်၏အသုံးဝင်မှုသည် အချက်အလက်ရှာဖွေစုဆောင်းသူ၏ထိရောက်ပြီး၊ လုံလောက်သောမေးခွန်းများမေးသည့် အတွေ့အကြုံနှင့်စွမ်းရည်ပေါ်မှာ အဓိကအားဖြင့် မူတည်ပါလိမ့်မည်။ အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ ချိုးဖောက်မှု၏ အရေးကြီးသော အင်္ဂါရပ်များကို သိရှိနားလည်ခြင်းအားဖြင့်၊ နိုင်ငံတကာဥပဒေချိုးဖောက်ကြောင်း သတ်မှတ်ရေးအတွက် အရေကြီးမေးခွန်းများပြုစုရာ၌ အထောက်အကူ ဖြစ်စေပါသည်။ ချိုးဖောက်မှု အင်္ဂါရပ်များမှနေ၍ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရရှိရေးတွင် အသုံးဝင်သော ဘောင်စည်းကမ်း သတ်မှတ်ချက်တခု ရရှိနိုင်ပါသည်။

၁။ နှစ်ဦး နှစ်ဖက်တို့၏ ပေါင်းဖက်မှုအဖြစ် သတ်မှတ်ခြင်း

- မည်သူတို့ထိမ်းမြား လက်ထပ်ဖြစ်သနည်း။
- မည်သို့ ဖြစ်ခဲ့သနည်း။
- ထိမ်းမြားလက်ထပ်မှုသည် မည်သည့်နေရာမှာ ဖြစ်ပွားခဲ့သနည်း။
- မည်သည့်အချိန်အခါမှာ ဖြစ်ပွားခဲ့သနည်း။
- ထိမ်းမြားလက်ထပ်မှုကို မည်သို့ စီစဉ်ပေးခဲ့သနည်း။
- ဤကိစ္စသည် ထိမ်းမြားလက်ထပ်မှု ဖြစ်ကြောင်း သင်မည်သည့်နည်းဖြင့်သိသနည်း။

၂။ သဘောတူ ဆန္ဒခွင့်ပြုချက် မပါရှိခြင်း၊ သို့တည်းမဟုတ် နိုင်ထက်စီးနင်းပြုခြင်းအဖြစ် သတ်မှတ်ခြင်း။

- ထိမ်းမြားလက်ထပ်သည့် အဖြစ်သို့ရောက်ရန် သင်သဘောတူခဲ့ပါသလား။ အဘယ့်ကြောင့် သဘောတူခဲ့ပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် သဘောမတူခဲ့သနည်း။
- ထိမ်းမြားလက်ထပ်ခြင်းမပြုမီ/ ထိမ်းမြားလက်ထပ်ပွဲအတွင်း / ထိမ်းမြားလက်ထပ်ခြင်းပြုပြီးနောက်မှာ မည်သို့ဖြစ် ပွားခဲ့

ndburma2.indd 43 26-Dec-09 13:05:20

သနည်း။

- ထိမ်းမြားလက်ထပ်မှုသည် မည်သည့်နေရာမှာ ဖြစ်ပွားခဲ့သနည်း။
- သင်သည် အဘယ့်ကြောင့် ထိမ်းမြားလက်ထပ်သည့် အဖြစ်သို့ ရောက်ခဲ့ပါသနည်း။
- သင်သည် ထိမ်းမြားလက်ထပ်သည့်အဖြစ်သို့ မည်သို့ရောက်ခဲ့ပါသနည်း။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်ကို သတ်မှတ်ခြင်း။

- ထိမ်းမြားလက်ထပ်ခြင်းကိစ္စတွင် မည်သူတို့ကပါဝင်ခဲ့သနည်း။ မည်သူက ဤထိမ်းမြားလက်ထပ်ခြင်းကို အမိန့်ပေးခဲ့သနည်း။ ဤ ထိမ်းမြားလက်ထပ်ခြင်းကို မည်သူတို့သိသနည်း။ ထိမ်းမြားလက်ထပ်ခြင်းကို မည်သူတို့က ကူညီဆောင်ရွက် ပေးသနည်း။
- ဤ ထိမ်းမြားလက်ထပ်ခြင်းနှင့် ပတ်သက်၍ သင်တိုင်ကြားခြင်းပြုပါသလား။ အဘယ်ကြောင့် တိုင်ကြားပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်း မပြုပါသနည်း။
- ဤ ထိမ်းမြားလက်ထပ်ခြင်း မဖြစ်ရအောင် အစိုးရက ကြိုတင်ကာကွယ်ပေးပါသလား။ သို့မဟုတ် ၎င်းနှင့်ပတ်သက်၍ အရေးယူ ဆောင်ရွက်ပေးပါသလား။
- ဤသတင်းအချက်အလက်များကို သင်မည်သည့်နည်းဖြင့် သိရှိသနည်း။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ဆောင်ရန်

- လုံခြုံရေးနှင့် လျှို့ဝှက်ရေးအတွက် ကြပ်ကြပ်ဂရုစိုက်ရန်။
- နောက်ခံအကြောင်းဖြင့်အစချီပြီးလျှင်၊ ပို၍အရေးကြီးသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆောင်ရွက်ပါ။
- ဂရုတစိုက်နားထောင်ပါ။ ပြောစရာရှိသည်ကို မျက်မြင်သက်သေအား ပြောခွင့်ပေးပါ။
- လှုပ်ရှားစိတ်ဖြင့် တုံ့ပြန်မှုများကို သိရှိအောင် ဂရုပြုပါ။
- ရှေ့နောက်မညီညွတ်မှုများကို သိရှိအောင် ဂရုပြုပါ။
- စိတ်ရှည် သည်းခံပါ။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ရှောင်ရန်

- မှတ်ချက်ချခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်း မပြုပါနှင့်။
- နိမိတ်ပြမေးခွန်းများ မေးခြင်းကို ရှောင်ကျဉ်ပါ။
- အခြားသက်သေများကို ဖေါ်ပြခြင်း မပြုပါနှင့်။
- မိမိ လုပ်မပေးနိုင်သော ကတိများကို မပေးပါနှင့်။
- အပေါ်စီးဟန် သို့မဟုတ် စစ်ကြောရေးလုပ်နေသော ဟန်ဖြင့် မေးခွန်းမေးခြင်းများကို ရှောင်ကျဉ်ပါ။
- သတင်းနှင့်ပတ်သက်၍ မိမိ၏သြဇာ မလွှမ်းမိုးမိအောင် ရှောင်ကျဉ်ပါ။

ndburma2.indd 44 26-Dec-09 13:05:21

(၄) အတင်းအဓမ္မလက်ထပ်စေခြင်းကိစ္စကို အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဆက်စပ်ကြည့်ခြင်း။

အတင်းအဓမ္မလက်ထပ်စေခြင်းကိစ္စသည် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဆက်စပ်နေလေ့ရှိပါသည်။ လူ့ အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အခိုင်အမာ အကျဆုံးသိရှိနိုင်ရန် အလို့ငှာ၊ ချိုးဖောက်မှု အသီးသီး၏ အရေးကြီးအင်္ဂါ ရပ်များကို သတ်မှတ်ရေးဦးတည်ချက်ဖြင့်၊ ချိုးဖောက်မှုအသီးသီးကို ပြည့်စုံနိုင်သမျှ ပြည့်စုံစွာ မှတ်တမ်းပြုသင့်ပါသည်။ အောက် ပါတို့သည် အတင်းအဓမ္မလက်ထပ်စေခြင်းနှင့်အတူ ဖြစ်ပွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပါသည်။

- မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်မှုဆိုင်ရာအကြမ်းဖက်မှုသဏ္ဌာန်များ – မုဒိမ်းမှု ကျူးလွန်ခြင်းနှင့် လိင်မှုဆိုင်ရာ အကြမ်း ဖက်မှုတွင် နိုင်ထက်စီးနင်း၊ သို့မဟုတ် သဘောတူခွင့်ပြုချက် မပါသော လိင်မှုဆိုင်ရာလုပ်ရပ်များ ပါဝင်ပါသည်။ အတင်း အဓမ္မလက်ထပ်စေခြင်းကြောင့် လူတဦးတယောက်အဖို့ ဤသို့ လိင်ဆက်ဆံမှုကို လူအများလက်ခံသော ဆက် ဆံမှုတရပ်တွင် မရှုန်းနိုင်မထွက်နိုင် ပိတ်မိသွားစေသည်။ သဘောတူခွင့်ပြုခြင်း မရှိသော အမျိုးသား သို့မဟုတ် အမျိုး သမီးကို အတင်းအဓမ္မ လက်ထပ်စေခြင်းအားဖြင့် ချောင်ပိတ်ထားသည်ဖြစ်ရာ၊ သဘောတူခွင့်ပြုချက်မပါသော (အလိုမ တူသော) လိင်ဆက်ဆံမှု လုပ်ရပ်များသည် အတင်းအဓမ္မ လက်ထပ်စေခြင်း၏ အကျိုးဆက်များ ဖြစ်သည်ဟုဆိုနိုင်ပါသည်။ ဤလုပ်ရပ်များသည် လက်ထပ်မှုဖြစ်သည်သာမက၊ အကယ်၍ အင်္ဂါရပ်များ ပြည့်စုံလျှင်နိုင်ငံတကာ ဥပဒေကို ဆန့်ကျင် ချိုးဖောက်ရာလည်း ရောက်ပါသည်။[၈]
- လူမှောင်ခိုကုန်ကူးခြင်း – လူမှောင်ခိုကုန်ကူးခြင်းသည် အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် လူများကို အရောင်းအဝယ် လုပ်ခြင်း ဖြစ်သည်။ အတင်းအဓမ္မလက်ထပ်စေခြင်းသည် လူမှောင်ခိုကုန်ကူးခြင်း၏ အမြတ်ထုတ်လိုသော ရည်ရွယ်ချက် တရပ် ဖြစ်နိုင်သည်။[၉]

ဤလူ့အခွင့်အရေးချိုးဖောက်မှုအမျိုးအစားများကို မှတ်တမ်းပြုခြင်းနှင့်စပ်လျဉ်း၍ဤစာစောင်အတွဲများမှာပါသော သက် ဆိုင်ရာ လက်စွဲစာစောင်များကိုကြည့်ပါ။

(၅) မှတ်တမ်းပြုခြင်း

နိုင်ငံတကာ ဥပဒေချိုးဖောက်မှုအဖြစ် အဓိပ္ပါယ်သတ်မှတ်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ ရှာဖွေ စုဆောင်းရာ၌ အချိန်နှင့် လုပ်ဆောင်ချက်တို့လိုအပ်ပါသည်။ ချိုးဖောက်မှုတခု၏ အင်္ဂါရပ်များသည် အစဉ်အဖြင့် အဆင်သင့် ပေါ်လွင် ထင်ရှားနေသည်မဟုတ်ချေ။ အချက်အလက်ရှာဖွေ စုဆောင်းသူတဦးအနေနှင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက် သော သတင်းအချက်လက်များကို ထုတ်ယူနိုင်စွမ်း ရှိရမည်ဖြစ်သည့်အပြင်၊ စုဆောင်းရရှိထားသော သတင်းအချက်အလက် များမှ နေ၍ ချိုးဖောက်မှု၏ အရေးကြီးအင်္ဂါရပ်များကိုလည်း နည်းလမ်းတကျ ဖော်ထုတ်နိုင်စွမ်း ရှိရမည်ဖြစ်ပါသည်။ ချိုးဖောက်မှု၏ အင်္ဂါရပ်များကို ဖော်ထုတ်မှုပြုရန်အတွက် ဤအခန်းက မြန်မာနိုင်ငံ၏ အခြေအနေ အချိန်အခါမှာ ဖြစ်ပွားနေကျ မတရားဖမ်းဆီးမှု နှင့် ထိန်းသိမ်းချုပ်နှောင်မှုမျိုး အတွက် အထောက်အထားပါသော ဖြစ်ရပ်မှန်ပုံစံတခုကို ဖော်ပြပေးပါမည်။

ဖြစ်ရပ်မှန်ပုံစံ ပေါ်အခြေခံလျက် ဤအခန်းက တွေ့ဆုံမေးမြန်းမှုနည်းနာနှင့် ပတ်သက်သောအကောင်းနှင့်အဆိုး သာ ဓကများကို ဖော်ပြထားပါသည်။ တွေ့ဆုံမေးမြန်းခြင်းနှင့်ပတ်သက်သော အချက်အလက်များအပြင်၊ ထိရောက်စွာ အချက်အလ က်ရှာဖွေရေးနှင့်ပတ်သက်သော အကြံပြုချက်များကို နောက်ထပ်သိရှိလိုပါက ဤစာစောင်ပါ "မြန်မာနိုင်ငံလူ့အခွင့်အရေးချိုး ဖောက်မှုများ အကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကို ကြည့်ပါ။

၈၊ Michael P. Scharf and Suzanne Mattler, Forced Marriage: Exploring the Viability of the Special Court for Sierra Leone's New Crime Against Humanity, Case Research Paper Series in Legal Studies, October 2005.

၉၊ David Weissbrodt, Abolishing Slavery and its Contemporary Forms, Office of the UN High Commissioner for Human Rights, 2002.

ndburma2.indd 45 26-Dec-09 13:05:21

(က) အခြေအနေ အချိန်အခါကို နားလည်ခြင်း။

လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ဖေါ်ထုတ်ရေးအတွက် အချက်အလက်ရှာဖွေရေး လုပ်ငန်း သို့မဟုတ် တွေ့ဆုံမေးမြန်းခြင်းများ မစတင်မီမှာ ချိုးဖောက်မှုများ ဖြစ်ပွားရာနေရာ၏ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာအခြေအနေအချိန်အခါကို နားလည်ထားရန်အရေးကြီးပါသည်။ အခြေအနေအချိန်အခါကို နားလည်ခြင်းအားဖြင့် အချက်အလက်ရှာဖွေစုဆောင်းသူ အဖို့ ထိရောက်သော မေးခွန်းများပြုစုရေးနှင့် လက်ရှိအခြေအနေကို ထိုးသွင်း သိမြင်ရေးတွင် အထောက်အကူရနိုင်ပါသည်။ အတွေ့အကြုံရှိသော အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ပင်လျှင် အချက်အလက် ရှာဖွေစုဆောင်းမှုမပြုမီ၊ နောက်ခံသတင်းအချက်အလက်များကို စီစစ်ကြည့်ရေးတွင် အထောက်အကူရနိုင်ပါသည်။ အောက်မှာဖေါ်ပြထားသည်မှာ မြန်မာနိုင်ငံအတွင်း အတင်းအဓမ္မ လက်ထပ်စေခြင်းနှင့် ပတ်သက်၍ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ နောက်ခံအကြောင်းအချက် အချို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း အတင်းအဓမ္မလက်ထပ်ပေးခြင်းများဖြစ်ပွားရာ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ နောက်ခံ အကြောင်းအချက်များ

ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်သော စစ်အာဏာသိမ်းအစိုးရက တိုင်းပြည်ကိုအုပ်ချုပ်ခဲ့သော(၁၉၆၂) ခုနှစ်ကစ၍ အဆက်ဆက်သော စစ်အစိုးရများက ခြိမ်းခြောက်ခြင်းနှင့် အတိုင်းမသိရက်စက်ခြင်း နည်းဗျူဟာဖြင့်တိုင်းပြည်ကိုအုပ်စိုးလာခဲ့ကြသည်။ အတင်းအဓမ္မလက်ထပ်စေခြင်းသည် မြန်မာနိုင်ငံမှာ နည်းလမ်း(၂) မျိုးဖြင့်ဖြစ်ပွားပါသည်။ ပထမတမျိုးမှာ မြန်မာ မဟုတ်သော လူမျိုးစုအမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အတင်းအကျပ်ခိုင်းခြင်း၊ လိမ်ညာ လှည့်စားခြင်းနှင့် ဖိအားပေးခြင်းအားဖြင့် မြန်မာ(နအဖ) စစ်သားများနှင့် လက်ထပ်စေခြင်းဖြစ်သည်။[၁၀] ဒုတိယတမျိုးမှာ မြန်မာမဟုတ်သော လူမျိုးစု အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ငင်းတို့၏ ဆန္ဒနှင့်ဆန့်ကျင်စွာ အခြားနိုင်ငံများတွင် မှောင်ခိုရောင်းချခြင်းနှင့် မယားများအဖြစ် "ရောင်းချခြင်း" ဖြစ်သည်။ မြန်မာလူမျိုးအမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အတင်းအဓမ္မ လက်ထပ်ပေးခြင်း ပြုသည်ဆိုသော်လည်း အထူးသဖြင့်အမျိုးသမီးက စစ်တပ်မိသားစုထဲမှ ဖြစ်နေလျှင် အတင်းအဓမ္မလက်ထပ်ပေးခြင်းပြုရာ၌ လူမျိုးခွဲခြားမှုရှိကြောင်း အထောက်အထားများတွေ့ရပါသည်။

လူမျိုးစု ဒေသများ၌ မြန်မာမဟုတ်သော လူမျိုးစုများကို အရှက်ခွဲရန်နှင့် အကြမ်းဖက်ရန် လက်နက်အဖြစ် လည်းကောင်း၊ လူမျိုးသန့်စင်ရေးအစီအစဉ်၏ လုပ်ရပ်တခု အဖြစ်လည်းကောင်း၊ အတင်းအဓမ္မ လက်ထပ်စေခြင်းကို ကျင့်သုံးပါသည်။[၁၁] လူမျိုးစု အမျိုး သမီးများကို လက်ထပ်လျှင် ငွေပေးမည်၊ မျက်နှာကောင်းရမည်၊ ရာထူးတိုးပေးမည်ဟု မြန်မာစစ်သားများအား မက်လုံးများ ပေးထားပါသည်။ ချင်း၊ ရှမ်း၊ ကရင်၊ ကချင် နှင့် ရခိုင်လူမျိုးစုများကို မြန်မာဇာတ်သွင်းရေးနှင့် လူမျိုးသွေးနှောရေးအတွက် ဤသို့မက်လုံးပေးခံရသော မြန်မာစစ်သားများအကြောင်းကို မှတ်တမ်းပြုထားပြီးဖြစ်ပါသည်။[၁၂]

မုဒိမ်းမှုကို ဖျောက်ဖျက်ရန်အတွက် အတင်းအဓမ္မလက်ထပ်စေခြင်း ပြုကြောင်း မကြာခဏ တွေ့ရတတ်ပါသည်။ အချို့နေရာများ၌စစ်သားများကပြစ်ဒဏ်ကျခံရမည်ကိုရှောင်သောအားဖြင့်မုဒိမ်းမှုကျူးလွန်ခံခဲ့ရသူအမျိုးသမီးများကို အတင်းအဓမ္မ လက်ထပ်ယူကြသည်။ ပြစ်မှုကျူးလွန်သူ စစ်သား၏ တပ်မှူးက ရွာသားများနှင့် ဆက်ဆံရေးမပျက်အောင် အမျိုးသမီး၏ အိန္ဒြေကိုဆယ်ပေးရန် "စေ့စပ်ကြေအေး"သည့်အနေနှင့် လက်ထပ်ရေးကိစ္စကို ကြားဝင်ဆောင်ရွက်ပေးသည်။[၁၃] စစ်သားများ က ယဉ်ကျေးမှုဆိုင်ရာ အယူနှင့် ထုံးတမ်းစဉ်လာများကို အသုံးချသောအားဖြင့်

၁၀၊ ဤနေရာတွင်အရေးကြီးသည့် မှတ်ချက်တခုမှာ (နအဖ) စစ်သားများနှင့် ဗမာမဟုတ်သူတိုင်းရင်းသား အမျိုးသမီးများအကြား တရားဝင်လက်ထပ်ထိမ်းမြားပေါင်းသင်းခြင်းများ လည်းရှိပါသည်။ အလားတူ အချို့သောတိုင်းရင်းသားအုပ်စုများတွင် အမျိုးသမီးများကို သူတို့အုပ်စုတူအမျိုးသားများနှင့် အတင်းအကျပ်လက်ထပ်စေသည်လည်းရှိပါသည်။

၁၁၊ Amnesty International, "Rape as a Tool of War: A Fact Sheet", http://www.amnestyusa.org/violence-against-women/rape-as-a-tool-of-war/page.do?id=1108441&n1=3&n2=39 (Last visited 26 May 2008).

၁၂၊ Women's League of Chinland, "Hidden Crimes against Chin Women: The Preliminary Report," 28 March 2007, http://www.chinwomen.org/media/reports/The%20Preliminary%20Report(Hidden%20Crimes%20Against%20Chin%20Women).pdf, (last visited 27 August 2008). Belak, Brenda, "Violence Against Women," in Gathering Strength: Women from Burma on Their Rights, Images Asia, January 2002, pp. 77-78, http://burmalibrary.org/docs/GS08.violence-against-women.pdf, (last visited 27 August 2008).

၁၃၊ Belak, Brenda, "Violence Against Women," in Gathering Strength: Women from Burma on Their Rights, Images Asia, January 2002, pp. 77-78, http://burmalibrary.org/docs/GS08.violence-against-women.pdf, (last visited 27 August 2008).

ndburma2.indd 46 26-Dec-09 13:05:21

မုဒိမ်းကျင့်ခံရသော အမျိုးသမီးများကို အခြားယောကျ်ားများက ယူလိမ့်မည်မဟုတ်ဟုဆိုကာ၊ အတင်းအဓမ္မ လက်ထပ်စေကြသည်။ မြန်မာစစ်သားများ လက်ထပ်လိုပါသည်ဟု ပြောဆိုလာခြင်းကို အမျိုးသမီးများဘက်က ငြင်းဆန်ပါက သတ်ဖြတ်ပစ်မည် ဆိုသည်အထိ အကြီးအကျယ် ခြိမ်းခြောက်ခံကြရသည်။ မိမိတို့လူမှုအသိုင်းအဝိုင်းကြားမှာ အရှက်ရခြင်းနှင့် စစ်တပ်၏ ဒဏ်ခတ်ခြင်းတို့ကို ကြောက်သဖြင့် အမျိုးသမီးများအဖို့ အခြားရွေးစရာလမ်း မရှိတော့ဘဲ၊ မရွောင်သာ မလွှဲသာ လက်ထပ်လိုက်ကြရသည်။[၁၄]

အချို့အမျိုးသမီးများကမူ မုဒိမ်းကျင့်ခံရမည့် အန္တရာယ်ကင်းသွားမည်၊ အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွား တော့မည်မဟုတ်၊ အတင်းအဓမ္မလုပ်အားစေခိုင်းခြင်းနှင့် အနိုင်ကျင့်တောင်းယူမှုများ နည်းသွားလိမ့်မည်ဟု မျှော်ကိုးကာ (နအဖ) စစ်သားများနှင့် လက်ထပ်ကြသည်။[၁၆] သို့ရာတွင် ဤသို့လက်ထပ်လိုက်ရခြင်းကြောင့် ရေရှည်မှာ မတော်မတရားမှုများမှ လွတ်ကင်းနိုင်သည်တော့ မဟုတ်ချေ။ စစ်သား၏တပ် နယ်ပြောင်းသွားသောအခါတွင် ကိုယ်ဝန်၊ သားသမီး၊ အခြားပြဿနာတို့နှင့်အတူ ပစ်ထားသွားလေ့ရှိသည်။[၁၆]

အတင်းအဓမ္မ လက်ထပ်စေခြင်းများကြောင့် မြန်မာနိုင်ငံမှာ အမျိုးသမီးများအဖို့ ဇီဝကမ္မဗေဒဆိုင်ရာနှင့် စိတ္တဗေဒဆိုင်ရာ ဒဏ်ရာဒဏ်ချက်များ၊ ကိုယ်ခံအားကျရောဂါ ကူးစက်ခြင်း (HIV/AIDS)၊ ဆန္ဒမရှိဘဲ ကိုယ်ဝန်ဆောင် ရခြင်း၊ လူမှု အသိုင်းအဝိုင်းကြားမှာ အရှက်ရခြင်း တို့အပါအဝင် ကျန်းမာရေးနှင့် လူမှုရေးပြဿနာ အမျိုးမျိုးနှင့်ကြုံတွေ့ရပါသည်။[၁၇] အတင်းအဓမ္မ လက်ထပ်စေခြင်း အမှုမှာပါဝင်သော စစ်သားများကိုမူ အရေးယူခြင်းမရှိချေ။[၁၈]

မြန်မာနိုင်ငံမှာ ငွေရေးကြေးရေးနှင့် ရပ်တည်နေထိုင်ရေးအခက်အခဲမှ လွတ်မြောက်ရန် ရုန်းကြိုးသော အမျိုးသမီးများသည်လည်း လူမှောင်ခို ကုန်ကူးသူများ၏ စက်ကွင်းထဲကျရောက်တတ်ပါသည်။ ထိုသူများက သူတို့ကို နိုင်ငံခြားသို့ ခေါ်ဆောင်သွားပြီး၊ မယားအဖြစ်သို့ ရောင်းစားကြသည်။ [၁၉] (မြန်မာနိုင်ငံရှိ လူကုန်ကူးရောင်းချခြင်း အကြောင်းနှင့် ပတ် သက်၍ နောက်ထပ် သတင်းအချက်အလက်များကို သိရှိလိုပါက ဤစာစောင်ပါ "မြန်မာနိုင်ငံမှာ ဖြစ်ပွားနေသော လူကုန်ကူးရောင်းချခြင်းများအကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကို ကြည့်ပါ။)

မကြာသေးခင်နှစ်များအတွင်းက မြန်မာနိုင်ငံမှ၊ အထူးသဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်းတို့မှ အမျိုးသမီးအများအပြားသည် တရုတ်ပြည်သို့ မှောင်ခိုပို့ပြီး မယားအဖြစ်သို့ ရောင်းစားခံခဲ့ကြရသည်။[၂၀] တရုတ်ပြည်ရှိ ယောကျ်ားက မြင့်မြတ်သည်ဟူသော အမြင်နှင့် ကလေးတယောက်တည်း သာရှိရမည်ဟူသော ပေါ်လစီတို့ကြောင့်၊ တရုတ်မိသားစု အတော်များများတို့သည် မိန်းကလေး ကိုယ်ဝန်သန္ဓေသား ကိုဖျက်ချခြင်း၊ သို့မဟုတ် သမီးမိန်းကလေးငယ်ကို စွန့်ပစ်ခြင်းပြုကြရသည်။ ဤသို့ဖြင့် ယောကျ်ား–မိန်းမအချိုး အစားသည် အထူးသဖြင့် ကျေးလက်ဒေသများမှာ မမျှမတဖြစ်သွားခဲ့သည်။[၂၀] အကျိုးဆက်အနေနှင့် မည်သည့်နေရာမှာမဆို တကိုယ်တည်းသမား တရုတ်ယောကျ်ား သားများနှင့် ငင်းတို့၏ မိသားစုများက မြန်မာနိုင်ငံမှ သတို့သမီး တဦးလျှင် ယွမ်ငွေ (၄၀၀၀)မှ (၂၀၀၀၀) အထိ (အမေရိကန် ဒေါ်လာ ၅၀၀ မှ ၂၅၀၀) ပေးချေဝယ်ယူကြသည်။[၂၂] ရောင်းစားခံရသော အမျိုးသမီးများ မြန်မာနိုင်ငံသို့ ထွက်ပြေးလွတ်မြောက်လာနိုင်သော အဖြစ်မျိုးလည်းရှိတတ်ပါသည်။ သို့ရာတွင် ဘာသာစကား အခက်အခဲရှိခြင်းနှင့် နယ်မြေမကျွမ်းခြင်းတို့ကြောင့် အမျိုးသမီး အတော်များများသည် အလိုမတူဘဲ၊ မယားအဖြစ်နှင့် ဆက်လက်၍ တရုတ်နိုင်ငံတွင်း ရှိနေကြရသည်။

၁၄၊ Ibid.

၁၅၊ Ibid.

၁၆၊ Apple, Besty and Veronika Martin, No Safe Place: Burma's Army and the Rape of Ethnic Women, Refugees International, April 2003, p 46.

၁၇၊ Amnesty International, "Rape as a Tool of War: A Fact Sheet", http://www.amnestyusa.org/violence-against-women/rape-as-a-tool-of-war/page.do?id=1108441&n1=3&n2=39 (Last visited 26 May 2008).

၁၈၊ Martin, Veronika and Betsy Apple, "Terrorizing refugees: Burma uses rape against minorities," International Herald Tribune, 23 April 2003, http://www.iht.com/articles/2003/04/25/edmartin_ed3_.php, (last visited 27 August 2008).

၁၉၊ Belak, Brenda, "Violence Against Women," in Gathering Strength: Women from Burma on Their Rights, Images Asia, January 2002, pp. 77-78, http://burmalibrary.org/docs/GS08.violence-against-women.pdf, (last visited 27 August 2008).

၂၀၊ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ အခြေစိုက် ကချင်အမျိုးသမီးအဖွဲ့နှင့် တွေ့ဆုံမေးမြန်းချက်။ ဇွန်လ ၁၆ ရက်၊ ၂၀၀၈ ခုနှစ်။

၂၁၊ Human Rights Documentation Unit, Burma Human Rights Yearbook 2006, National Coalition Government of the Union of Burma, http://www.ncgub.net/BHRY/2006/women.html#marriage, (last visited 27 August 2008).

၂၂၊ Ibid.

ndburma2.indd 47 26-Dec-09 13:05:21

(ခ) ဖြစ်တတ်သည့် ပုံစံများ

မြန်မာနိုင်ငံ၏ တည်ဆဲအခြေအနေတွင် ဖြစ်လေ့ရှိသော အတင်းအဓမ္မ လက်ထပ်စေခြင်း အမှုမျိုးအတွက် အချက်အလက် ပုံစံ တခု ကို အောက်မှာ ဥပမာဖော်ပြပေးထားပါသည်။ ဤအချက်အလက်ပုံစံသည် ချိုးဖောက်မှုတရပ်၏ အဓိကအင်္ဂါရပ်များကို ဖေါ်ထုတ်ပြရာ၌ အသုံးဝင်ဖွယ်ရှိပါသည်။ အတင်းအဓမ္မ လက်ထပ်စေခြင်းတည်းဟူသော ချိုးဖောက်မှုတရပ်ကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်နိုင်ရေးအတွက် အောက်ပါ အချက်များပါရှိရမည်ကို သတိရပါ။

၁။ နှစ်ဦး နှစ်ဖက်ကို တရားဝင်ပေါင်းဖက်ပေးခြင်း။

၂။ နိုင်ထက်စီးနင်းပြုခြင်း သို့မဟုတ် အနည်းဆုံးအားဖြင့် သတို့သား၊ သတို့သမီး တဦးဦး၏သဘောတူ ဆန္ဒခွင့်ပြုချက် မပါရှိခြင်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်။

ဖြစ်ရပ်မှန်ပုံစံ– အတင်းအဓမ္မလက်ထပ်စေခြင်း

အသက် (၁၆) နှစ်အရွယ်ရှိသော အာဒင်းသည် ကျောင်းမှ အိမ်သို့ ဖြတ်လမ်းအတိုင်း တောထဲကဖြတ်၍ ပြန်လာနေလျက်ရှိစဉ်၊ လမ်းပေါ်မှာမြန်မာစစ်သား (၃) ယောက် ရုတ်တရက်ပေါ်လာသည်။ စစ်သားတယောက်က သူမကို တောထဲမှာ တယောက်တည်း ဘာလုပ်နေသလဲဟုမေးသည်။ အာဒင်းက ပြန်ဖြေလိုက်သောအခါ စစ်သားက အနားသို့ တိုးလာပြီး၊ "မိန်းကလေးတွေ အိမ်ကနေ ဝေးဝေးမသွားသင့်ဘူး"ဟု ပြောသည်။ ထို့နောက် သူ၏လက်ကိုဖမ်းကိုင်လိုက်ပြီး၊ သူ့ဆီသို့ ဆွဲယူလိုက်သည်။ အာဒင်းက ရုန်းသည်။ သို့သော် စစ်သားက သူ့ကိုမြေကြီးပေါ်တွန်းလဲချလိုက်ပြီး၊ ထဘီကို ဆွဲချွတ်လိုက်သည်။ စစ်သားက အာဒင်းကို မုဒိမ်းကျင့်နေစဉ်မှာ အခြားစစ်သား (၂) ယောက်က ရယ်လိုက်၊ နောက်လိုက်လုပ်နေကြသည်။

မုဒိမ်းကျင့် အပြီးတွင်၊ စစ်သားက သူမအား အဖြစ်အပျက်အကြောင်းကို မည်သူ့ကိုမျှ မပြောရန် သတိပေးသည်။ စစ်သားများ ထွက်သွားပြီးနောက်တွင် အာဒင်းသည် အိမ်သို့အမြန်ပြန်ပြေးသည်။ ကြောက်လည်းကြောက်၊ ရှက်လည်းရှက်မိသည်။ သူ၏ မိခင်ဖြစ်သူ ခေါင်ဂျာက သူ့သမီးတခုခု ဖြစ်ခဲ့ကြောင်းကို ချက်ချင်းရိပ်စားမိပြီး၊ ဘာဖြစ်ခဲ့သလဲဟုမေးသည်။ အာဒင်း ငိုချလိုက်ကာ၊ အကြောင်းစုံကို ပြောပြသည်။ အာဏာပိုင်များကို တိုင်ကြားလျှင်လည်း ဘာမျှ အကြောင်းထူးမည် မဟုတ်ကြောင်း သိထားသည့်ပြင်၊ ရပ်ထဲ၊ ရွာထဲမှာ သူ့သမီး အရှက်တကွဲ ဖြစ်မည် လည်း စိုးသဖြင့်၊ ဤအကြောင်းနှင့် ပတ်သက်၍ နှုတ်ဆိတ်နေလိုက်ခြင်းသည်သာ အကောင်းဆုံးဖြစ်မည်ဟု ခေါင်ဂျာ ဆုံးဖြတ်လိုက်သည်။ အာဒင်းကမူ တောထဲမှာ ဖြစ်ပျက်ခဲ့သည်တို့ကို မေ့ထားလိုက်ရန်ကြိုးစားသည်။

အခင်းဖြစ်ပွားပြီးနောက်၊ တလအကြာတွင် သူတို့အိမ်ကို လူတယောက် တံခါးလာခေါက်သည်။ အာဒင်းက တံခါးသွားဖွင့်ပေး လိုက်သောအခါ မုဒိမ်းကျင့်ခဲ့သော စစ်သားကိုတွေ့ရသည်။ သူမသည် ငယ်သံပါအောင် အော်လိုက်သည်။ မေ့လဲသွားမတတ်လည်း ဖြစ်သွားခဲ့သည်။ အော်သံကြားရ၍ ခေါင်ဂျာ တံခါးဆီသို့ပြေးလာသည်။

"လွန်ခဲ့တဲ့လတောထဲမှာတွေ့ခဲ့တဲ့ကျနော့်ကိုခင်ဗျားသမီးမှတ်မိလိမ့်မယ်လို့ထင်တယ်။"ဟုစစ်သားကပြောသည်။ သူ၏သမီးကို မုဒိမ်းကျင့်လိုက်သော စစ်သားမှန်း သိလိုက်သဖြင့်၊ ခေါင်ဂျာက စစ်သားကိုပါးရိုက်ရန်လက်ကို မြှောက်လိုက်သည်။ မရိုက်မိခင်မှာ စစ်သားက သူ၏လက်ကို ဖမ်းဆွဲထားလိုက်သည်။ "ဒီကောင်မလေး ပါးစပ်ပိတ်မထားနိုင်မှန်း ကျနော်သိတယ်။ ကချင်မတွေဟာ အားလုံးဒီအတိုင်းချည်းပဲ။ သူတို့ကောင်းတာ တခုပဲရှိတယ်။ တောထဲမှာ ကျနော်သိခဲ့ပြီးပြီ။"

ဒေါသထွက်လွန်းသဖြင့် ခေါင်ဂျာက "နင်ဘာလိုချင်သလဲပြောစမ်း။ နင် ငါတို့မိသားစုကို နှိပ်စက်လို့ မဝသေးဘူးလား"ဟု မေးလိုက်သည်။

ndburma2.indd 48 26-Dec-09 13:05:21

"ခင်ဗျားသမီးကို ကျနော်လိုချင်တယ်။ ကျနော်သူ့ကို ရပြီးပြီ။ ဒါကြောင့် ကျနော့်မိန်းမဖြစ်နေပြီ။ ဒါပေမယ့်ကျနော်ထိုက်သင့်တဲ့အတိုင်း ရာထူးတိုးဖို့အတွက် ကျနော် တရားဝင်ဖြစ်ချင်တယ်။" "ခင်ဗျားသမီးပဲဖြစ်ဖြစ်၊ ခင်ဗျားပဲဖြစ်ဖြစ် သဘောတူချင်တူ၊ မတူချင်နေ။ ခင်ဗျားသမီးကို ကျနော် လက်ထပ်ယူမယ်။ ငြင်းဆန်မယ်ဆိုရင်တော့ ခင်ဗျားသမီးက ကျနော့်ကို ဖြားယောင်း သွေးဆောင်ပါတယ်လို့ ကျနော်တရွာလုံး သိအောင်ပြောလိုက်မယ်။ ဘယ်သူမှလည်း ခင်ဗျားသမီးကိုလိုချင်မှာ မဟုတ်တော့ဘူး။" ဟု စစ်သားကပြောသည်။

ထိုသို့ပြောနေစဉ်မှာ အာဒင်းက ဟစ်၍ငိုတော့သည်။ ကြောက်လွန်း၍လည်း တုန်တုန်ယင်ယင် ဖြစ်နေသည်။ "ငိုမနေနဲ့။ စစ်သားတယောက်နဲ့ လက်ထပ်ရတာ နင်ဂုဏ်ယူဖို့ကောင်းတယ်။ နင်တို့မျိုးချစ်မိသားစု မဟုတ်ဘူးလား။ နင်သိတဲ့ အတိုင်းဘဲ၊ တကယ့် မျိုးချစ်မဟုတ်တဲ့လူတွေအတွက် ထောင်ထဲမှာ နေရာတွေ အများကြီးဘဲဆိုတာ။"

စစ်သား၏ ခြိမ်းခြောက်မှု အဘယ်မျှလေးနက်ကြောင်းကို နားလည်သဖြင့် အာဒင်းသည် စစ်သားကို လက်ထပ်ရန် သဘောတူလိုက်ရတော့သည်။ သီတင်းတပတ်ကြာပြီး နောက်တွင်၊ အာဒင်းနှင့် စစ်သားတို့သည် တရားဝင် လက်ထပ်ပွဲလေးတပွဲဖြင့် လက်ထပ်လိုက်ကြသည်။ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးနေရင်းမှာ အာဒင်း ငိုခဲ့ပါသည်။

လက်ထပ်ပြီး မကြာခင်မှာပင်၊ အာဒင်း၏ ယောကျ်ားသည် (၃)ရက် ခြေလျင်ခရီးဝေးသော ရွာတရွာသို့တိုက် ကင်းဦးစီးပြီး ထွက်သွားရသည်။ ည ညများတွင် အရိုက်အနှက်ခံရပြီး၊ အသက်အန္တရာယ်လည်း စိုးရိမ်အဖြင့် ထွက်ပြေးရန် အာဒင်းဆုံးဖြတ်လိုက်သည်။ ညသန်းခေါင်လောက်တွင် ထိုင်းနိုင်ငံဘက်သို့ ဦးတည်ထွက်ခွာလာတော့သည်။ ယခု အခါ၌ သူသည် ချင်းမိုင်မြို့မှာ တရားမဝင် ဝင်ရောက်လာသူ တဦးအဖြစ် နေထိုင်လျက်ရှိသည်။

(၈) တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာပုံစံ

တွေ့ဆုံမေးမြန်းခြင်းသည် အဓိကကျသော အချက်အလက်များကို ရှာဖွေစုဆောင်းနည်းပင်ဖြစ်သည်။ အဓိကအကြောင်းရင်းမှာ အဖြစ်အပျက်တခုနှင့် ပတ်သက်၍ လူတို့သည် သတင်းအချက်များကို အများဆုံးရရှိထားသူများဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခြင်းသည် အချက်အလက်ရှာဖွေစုဆောင်းသောလုပ်ငန်းအတွက် အခြေခံကျသည်ဖြစ်ရာ၊ တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အကောင်းဆုံးရရှိထားခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘက်ပေါင်းစုံမှနေ၍ အသေးစိတ်ကျကျ ဖေါ်ထုတ်ရေးတွင် သော့ချက်တခုဖြစ်ပါသည်။ အထက်ဖေါ်ပြပါ ဖြစ်ရပ်မှန်ပုံစံကို အခြေခံထားသောတွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ (၂) ခုကို အောက်မှာဖေါ်ပြထားပါသည်။ ပထမတွေ့ဆုံမေးမြန်းခြင်းသည် အရည်အသွေးညံ့ဖျင်းသောတွေ့ဆုံမေးမြန်းခြင်း၏ သာဓက ဖြစ်ပြီး၊ ဒုတိယ တွေ့ဆုံမေးမြန်းခြင်းသည် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပါသည်။ သာဓကတခုစီ၏ အောက်ခြေတွင် ပိုင်းခြားသုံးသပ်ချက်များကို ဖေါ်ပြထားပါသည်။

၁။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ညံ့)

မေး – အတင်းအဓမ္မ လက်ထပ်ခိုင်းလို့ ခင်ဗျားလက်ထပ်ခဲ့ရတယ်ဆိုတာ မှန်ပါသလား။

အာဒင်း – မှန်ပါတယ်။ ကျမကို ဗမာစစ်သားတယောက်က မုဒိမ်းကျင့်ပြီး၊ နောက်တော့ အတင်းအဓမ္မ လက်ထပ်ခိုင်းပါတယ်။

မေး – ခင်ဗျားလက်ထပ်တာ ဘုရားရှိခိုးကျောင်းမှာလား၊ ဒါမှမဟုတ် အရာရှိတယောက်ယောက်က လက်ထပ်ပေးတာလား။

အာဒင်း – ဟုတ်ပါတယ်။ အခန်းအနား သေးသေးလေးပါ။

မေး – ဒါပေမယ့် လက်ထပ်တဲ့ကိစ္စကို ခင်ဗျားသဘောတူ ခွင့်ပြုခြင်း မရှိခဲ့ဘူးမဟုတ်လား။

အာဒင်း – ကျမက လက်ထပ်ချင်တာမဟုတ်ပါဘူး။ ကျမ ကျောင်းပဲ ဆက်နေချင်ပါတယ်။

မေး – ခင်ဗျားမတတ်သာလို့ လက်ထပ်ခဲ့ရတယ်ပေါ့။

ndburma2.indd 49 26-Dec-09 13:05:21

အာဒင်း – ဟုတ်ပါတယ်။ ကျမမှာ တခြားရွေးစရာလမ်းမရှိပါဘူး။

မေး – ခင်ဗျားရဲ့ ခင်ပွန်းက ဗမာစစ်တပ်က စစ်သားလား။

အာဒင်း – မှန်ပါတယ်။ သူက ကျမကို မုဒိမ်းကျင့်ပြီး၊ အတင်းအဓမ္မ လက်ထပ်ခိုင်းပါတယ်။

မေး – ဒီအမှုကို တိုင်ကြားလို့မရဘူးလို့ ထင်ပါသလား။ ဒါမှမဟုတ် သူ့ကို လက်မထပ်ဘူးဆိုပြီး ငြင်းလို့မဖြစ်ဘူးလို့ထင်ပါသလား။

အာဒင်း – ဟုတ်ပါတယ်။ ဘယ်သူကမှ ကျမကို ကူညီနိုင်လိမ့်မယ်လို့ ကျမ မထင်ပါဘူး။ အဖမ်းခံရမှာကိုလည်း ကျမကြောက်ပါတယ်။

မေး – ခုလို အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရခြင်းမှာ အကြောင်းအချက် များစွာရှိပါသည်။

ပထမအချက်။ တိုလွန်းသည်။ ချိုးဖေါက်မှုတခုဖြစ်ကြောင်း ဖေါ်ပြရန်လိုအပ်သည့် အဂိါရပ်များအကြောင်း မှတ်တမ်းပြုရန်တည်းဟူသော တွေ့ဆုံမေးမြန်းခြင်း၏ရည်မှန်းချက် ပေါက်မြောက်ခြင်းမရှိချေ။ ဖြစ်ပွားပုံကို အသေးစိတ်ပေါ်လွင်စေရေးအတွက် မေးခွန်းများလုံလောက်ခြင်းမရှိ။ နောက်ဆက်တွဲမေးခွန်းများသည် ဖြစ်ရပ်၏ ပုံကားချပ်ကို အပြည့်အဝဖေါ်ပြရေးတွင် အထူး အရေးကြီးပါသည်။

ဒုတိယအချက်။ ဤမေးခွန်းများသည် အများအားဖြင့် နိမိတ်ပြမေးခွန်းများဖြစ်နေသည်။ ဆိုလိုသည်မှာ အာဒင်းအနေနှင့် မည်သို့ ဖြေကြားသင့်ကြောင်း အရိပ်အကဲပြသည့်သဘောဖြစ်နေသည်။ သူက ''ဟုတ်ပါသည်'' သို့မဟုတ် ''မဟုတ်ပါ'' ဟု ဖြေနေပါက အရေးကြီးသော အသေးစိတ်အချက်အလက်များကို ကျန်သွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ အနေနှင့်လည်း အရေးကြီး သော သတင်းအချက်အလက်များကို လက်လွတ်သွားလိမ့်မည်။ ထို့ပြင်၊ အာဒင်းဘက်ကလည်း သူ့ဟာသူ လွတ်လွတ်လပ်လပ် ပြောပြလိုသည့် သဘောနည်းသွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ ကြားလိုသော အဖြေများကို ပေးလိုသည့် သဘောပိုများ သွားနိုင်ပါသည်။

တတိယအချက်။ ဤတွေ့ဆုံမေးမြန်းခြင်းသည် တွေ့ဆုံမေးမြန်းသူ မူလကတည်းက သံသယရှိနေသော ချိုးဖေါက်မှုကိုသာလျှင် အာရုံစိုက်ထားပြီး၊ အခြားချိုးဖေါက်မှုများအတွက် အထောက်အထားရနိုင်သော မေးခွန်းများကို မေးခြင်းမရှိချေ။ ဤသာဓက ဖြစ်ရပ်ကဲ့သို့သော အတင်းအဓမ္မလက်ထပ်စေခြင်းများသည် အခြားသော လူ့အခွင့်အရေးချိုးဖေါက်မှုများ ဖြစ်ပွားနေသည့်ကြားမှာ ဖြစ်ပွားတတ်ပါသည်။ အသေးစိတ်ကျသော တွေ့ဆုံမေးမြန်းမှုတခုကို လုပ်ခြင်းအားဖြင့် မုဒိမ်းမှုနှင့် အခြားသော လိင်မှုဆိုင်ရာ ကျူးလွန်မှုကဲ့သို့သော ရာဇဝတ်မှုကျူးလွန်မှုများ အတွက် အထောက်အထားများ ရနိုင်ဖွယ်ရှိပါသည်။

နောက်ဆုံးအချက်။ အာဒင်း၏ ဖြစ်ရပ်ကို အတည်ပြုဖေါ်ပြပေးမည့် သတင်းအချက်အလက်တစုံတရာကို ဤတွေ့ဆုံမေးမြန်းခြင်းမှနေ၍ မရရှိချေ။ သူ၏ဖြစ်ရပ်ကို အတည်ပြုပေးမည့် မျက်မြင်သက်သေနှင့် အထောက်အထားများ ရနိုင်၊ မရနိုင် အာဒင်းကို မေးကြည့်ခြင်းသည် ကောင်းမွန်သောမှတ်တမ်းပြုမှုတခု၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။

(၂) တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ကောင်း)

မေး – အာဒင်း၊ ခင်ဗျားထွက်ပြေးဖို့ဘာကြောင့် ဆုံးဖြတ်ရသလဲဆိုတာနဲ့ပတ်သက်လို့ မြန်မာပြည်မှာ ဖြစ်ပျက်ခဲ့ပုံတွေကို ပြောပြနိုင်မလား။

ndburma2.indd 50 26-Dec-09 13:05:21

အာဒင်း – ဟုတ်ကဲ့၊ ပြောပြနိုင်ပါတယ်။ ကျမကို ဗမာစစ်တပ်က စစ်သားတယောက်က မုဒိမ်းကျင့်ခဲ့ပါတယ်။ နောက်တော့ အတင်းအဓမ္မ သူ့ကိုလက်ထပ်ခိုင်းပါတယ်။ သူက ကျမကို ရိုက်နှက်လေ့ရှိပါတယ်။ ကောင်းကောင်းလည်း မဆက်ဆံပါဘူး။ သူတိုက်ကင်းလှည့်ဖို့ ထွက်သွားတုန်းမှာ ကျမက ထိုင်းနိုင်ငံထဲကို ထွက်ပြေးဖို့ဆုံးဖြတ်ခဲ့ပါတယ်။

မေး – ခင်ဗျားမုဒိမ်းကျင့် ခံခဲ့ရတယ်လို့ပြောခဲ့ပါတယ်။ ဒီလိုပြောပြဖို့ တော်တော့်ကိုမလွယ်မှန်း ကျနော်နားလည်ပါတယ်။ ကျေးဇူးပြု ပြီး၊ ကျနော့်ကို အချိန်နည်းနည်းလောက်ပေးပါ။ ခင်ဗျား ရင်ပစ်ချင်တဲ့ အချိန်မှာရင်ပစ်လို့ရပါတယ်။ ကျနော့်ကို မုဒိမ်းမှု ဖြစ်ပွားခဲ့ပုံ ပြောပြနိုင်မလား။

အာဒင်း – လွန်ခဲ့တဲ့ (၅) လ လောက်တုန်းကပါ။ ကျမ ကျောင်းကနေ အိမ်ကိုအပြန်မှာဖြစ်ခဲ့တာပါ။ လမ်းမှာ စစ်သား (၃) ယောက်နဲ့တိုးပါတယ်။ တယောက်က ကျမကို မြေကြီးပေါ်ဆွဲလဲချပြီး၊ မုဒိမ်းကျင့်ခဲ့ပါတယ်။ ကျမတော်တော်လန့်သွားခဲ့ပါတယ်။

မေး – ဒီအမှုနဲ့ပတ်သက်လို့ ခင်ဗျားတိုင်တန်းခဲ့ပါသေးသလား။

အာဒင်း – မတိုင်ခဲ့ပါဘူး။ တိုင်လည်း အကြောင်းထူးမှာ မဟုတ်ဘူးလို့ အမေကစဉ်းစားပါတယ်။ အာဏာပိုင်တွေက သူတို့ စစ်သားပြောတာကိုယုံပြီး၊ ကျမပြောတာကို ယုံမှာမဟုတ်ပါဘူး။ စစ်သားတယောက် မဟုတ်တာ လုပ်ခဲ့တာကိုသိရင်တောင် ဘယ်တုန်းကမှ အရေးယူခဲ့တာ မဟုတ်ပါဘူး။

မေး – အဲဒီလိုဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ဘာတွေဖြစ်ခဲ့ပါသလဲ။

အာဒင်း – ဘာမှ မဖြစ်ပါဘူး။ ကျမ အမေ့ကိုပြောပြခဲ့ပါတယ်။ တလလောက်အကြာမှာ စစ်သားက ကျမတို့အိမ်ကိုလာပြီး၊ ကျမသူ့ကို လက်ထပ်ရမယ်လို့ ပြောပါတယ်။

မေး – ခင်ဗျား ဘယ်လို လက်ထပ်ခဲ့ပါသလဲ။

အာဒင်း – စစ်ဗိုလ်တယောက်က လက်ထပ်ပေးပါတယ်။ သူ့အကြောင်းကို ကျမ မသိပါဘူး။ စစ်သားတွေရဲ့ လက်ထပ်ပွဲအတော်များများကို သူကပဲ လုပ်ပေးခဲ့တယ်လို့ ကျမထင်ပါတယ်။ လက်ထပ်စာချုပ်မှာ ကျမတို့ လက်မှတ်ထိုးခဲ့ပါတယ်။ လက်ထပ်ပွဲက သေးသေးလေးပါ။

မေး – လက်ထပ်စာချုပ် မိတ္တူတစောင်လောက် ရနိုင်မလား။

အာဒင်း – ကျမအမေဆီမှာ မိတ္တူတစောင်ရှိပါတယ်။ ပို့ပေးဖို့ အမေ့ဆီ ကျမ မှာရင် ရနိုင်ပါတယ်။

မေး – စစ်သားကို ခင်ဗျား လက်ထပ်လိုတဲ့ ဆန္ဒရှိခဲ့ပါသလား။

အာဒင်း – မရှိခဲ့ပါဘူး။ မတတ်သာလို့ သူ့ကို လက်ထပ်ခဲ့ရတာပါ။

မေး – ဘာကြောင့် သူ့ကို လက်ထပ်ခဲ့ရပါသလဲ။

အာဒင်း – ကျမက သူနဲ့ အိပ်ခဲ့တယ်လို့ တရွာလုံးကို ပြောမယ်ဆိုပြီး၊ ခြိမ်းခြောက်ပါတယ်။ အဲဒီလိုပြောလိုက်ရင် ဘယ်ယောကျ်ားကမှ ကျမကို လက်ထပ်ချင်တော့မှာ မဟုတ်ပါဘူး။ လင်ယောကျ်ားမရှိရင် ကျမက မိသားစုအဖို့ ဝန်ထုပ်ဝန်ပိုး ဖြစ်သွားပါလိမ့်မယ်။ သူ့ကို လက်ထပ်ဖို့လည်း ပြောပါတယ်။ ငြင်းလိုက်ရင် အဖမ်းခံရမှာကို ကျမ ကြောက်ပါတယ်။

မေး – ခင်ဗျားအမေကို ကျနော်စကားပြောလို့ရနိုင်မယ့် နည်းလမ်းတခုခုများ ရှိမလား။

အာဒင်း – မဖြစ်နိုင်ပါဘူး။ အမေက ဗမာပြည်ထဲက ကျမတို့ရွာမှာဘဲနေ နေပါတယ်။ အမေနဲ့ သွားတွေ့ဖို့ဆိုရင် အခက်အခဲရှိပါလိမ့်မယ်။

မေး – ခင်ဗျားဖြစ်ရပ်ကို သိထားတဲ့လူတွေထဲက ကျနော် စကားပြောလို့ရမယ့်သူ တခြားတယောက်ယောက်ရှိပါသလား။

အာဒင်း – ရှိပါတယ်။ ကျမရဲ့ ဝမ်းကွဲ အစ်မတယောက်က ခုဒီစားသောက်ဆိုင်မှာဘဲ အလုပ်လုပ်နေပါတယ်။ ကျမ ထွက်လာပြီးတဲ့နောက်မှာ သူ ဒီကိုရောက်လာပါတယ်။ ကျမဘာဖြစ်ခဲ့တယ်၊ ဘာကြောင့် ဒီကိုရောက်လာတယ် ဆိုတာတွေ အား

ndburma2.indd 51 26-Dec-09 13:05:21

လုံးကို သူသိပါတယ်။ သူနဲ့ စကားပြောချင်ရင်၊ သူညနေကျရင် ဒီကိုရောက်လာမှာပါ။

မေး – ကျေးဇူးတင်ပါတယ်။ ဒါဆိုရင် သိပ်ကောင်းတာပေါ့ဗျာ။ ကျနော် ခင်ဗျားကို နောက်ထပ် မေးစရာမရှိတော့ပါဘူး။ နောက်ထပ်ပြောစရာ ရှိပါသေးသလား။ ဒါမှမဟုတ် ကျနော့်ကို မေးစရာတခုခုရှိပါသလား။

အာဒင်း – မေးစရာမရှိပါဘူး။

မေး – ခင်ဗျားရဲ့ အတွေ့အကြုံကို ပြောပြတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ဒီလိုပြောပြဖို့ တော်တော့်ကို မလွယ်မှန်း ကျနော် နားလည်ပါတယ်။ ခင်ဗျားနဲ့ တိုင်ပင်ဖော်တိုင်ပင်ဖက်တွေထဲမှာ ကျနော်နဲ့တွေ့ပေးလို့ရမယ့် သူတွေရှိရင် ကျနော်နဲ့ တွေ့ပေးနိုင်မလား။

အာဒင်း – ကျမ ယောကျ်ားနဲ့ ဘယ်လိုကွာရှင်းရပုံမလဲလို့ ကျမစဉ်းစားနေပါတယ်။ သူ့ဆီကို ကျမ ပြန်မသွားချင်တော့ပါဘူး။ ဒါပေမယ့် တနေ့နေ့မှာ ကျမလင်ကောင်းသားကောင်း တယောက်ယူပြီး၊ သားသမီးတွေ မွေးချင်ပါတယ်။ အဲဒီအတွက် ကျမကို အကြံဉာဏ်ပေးနိုင်မလား။

မေး – ကျနော်ကိုယ်တိုင်ကတော့ အကြံဉာဏ် မပေးတတ်ပါဘူး။ ဒါပေမယ့် အကြံဉာဏ်ပေးနိုင်မယ့်လူ တယောက်ယောက်ကို ကျနော် ရှာကြည့်ပါဒုံးမယ်။ ရနိုင်– မရနိုင် ကျနော် ကတိမပေးနိုင်ပေမယ့်၊ အတတ်နိုင်ဆုံးကြိုးစားကြည့်ပုံမယ်။ ကျနော်ခင်ဗျားနဲ့နောက်ထပ် တွေ့ဖို့လိုမယ်ဆိုရင် ခင်ဗျားကိုဘယ်လို ဆက်သွယ်လို့ရနိုင်ပါမလဲ။

အာဒင်း – ကျမ ဒီစားသောက်ဆိုင်မှာဘဲ အမြဲညနေပိုင်းမှာ အလုပ်လုပ်ပါတယ်။ ကျမဆီ အချိန်မရွေးလာနိုင်ပါတယ်။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

ဤတွေ့ဆုံမေးမြန်းခြင်းသည် ကောင်းပါသည်ဟုဆိုရခြင်းမှာ အာဒင်းက သူ၏ ဖြစ်ရပ်ကို ပြောပြသောကြောင့် ဖြစ်ပါသည်။ ပွဲဦး ထွက်မေးခွန်းများသည် လမ်းဖွင့်မေးခွန်းများဖြစ်ပြီး၊ နောက်ဆက်တွဲမေးခွန်းများလည်း ပါပါသည်။ သူ၏ ဖြေကြားချက်များသည် ချိုးဖောက်မှုတခုအဖြစ် သတ်မှတ်ရေးအတွက် အဂိါရပ်အသီးသီးကို မှတ်တမ်းပြုရာ၌အထောက်အကူဖြစ်စေပါသည်။ သာဓကအားဖြင့်ဖော်ပြရလျှင်၊ အာဒင်းသည် အတင်းအဓမ္မလက်ထပ်စေခြင်း အမှုနှင့်ပတ်သက်၍ အောက်ပါ သတင်းအချက်အလက်များကို ပေးပါသည်။

ပထမ– အာဒင်းသည် သူမနှင့်စစ်သားတို့၏ လက်ထပ်ပေါင်းဖက်မှုအဖြစ် သတ်မှတ်ရေးအတွက် သတင်းအချက်အလက်များပေးသည်။ ထိမ်းမြားလက်ထပ်ခြင်းကို အသိအမှတ်ပြုပေးသူ စစ်ဗိုလ်က ကျင်းပပေးသောအခမ်းအနားတခု ရှိခဲ့ကြောင်း အာဒင်းပြောပြခဲ့သည်။ သူ၏ဖြစ်ရပ်ကို သက်သေခံရာ၌ လက်ထပ်စာချုပ်က အထောက်အကူပြုပေးပါလိမ့်မည်။

ဒုတိယ– သဘောတူခွင့်ပြုချက် မပါဘဲ၊ နိုင့်ထက်စီးနင်းကျသော ထိမ်းမြားလက်ထပ်မှု၏ သဘောသဘာဝအဖြစ် ဖော်ပြရေးအတွက် အသေးစိတ်အချက်အလက်များကို အာဒင်းကပေးခဲ့သည်။ အာဒင်းသည် လက်မထပ်ခင်က သူ့ကို စစ်သား မုဒိမ်းကျင့်ခဲ့ကြောင်းဖော်ပြခဲ့သည်။ လက်ထပ်မည်ဟူသော စစ်သား၏ကမ်းလှမ်းလာချက်ကို ငြင်းဆန်မည်ဆိုပါက သူ၏ရှေ့ရေးနှင့်ပတ်သက်၍ မည်သို့လုပ်လိုက်မည်ဟု စစ်သားက ခြိမ်းခြောက်ကြောင်းကိုလည်း အာဒင်းက ဖော်ပြခဲ့ပါသည်။ သူ၏ ထွက်ဆိုချက်အပေါ်အခြေခံ၍ တွေ့ရှိရသောအချက်မှာ သဘောတူခွင့်ပြုချက်မပါဘဲ၊ နိုင့်ထက်စီးနင်းကျသောနည်းဖြင့် သူ့အနေနှင့် ထိမ်းမြား လက်ထပ်ခဲ့ရသည် ဟူ၍ဖြစ်ပါသည်။

နောက်ဆုံးအချက်– အတင်းအဓမ္မ လက်ထပ်စေမှုတွင် အစိုးရပိုင်းမှ ပုဂ္ဂိုလ်များပါဝင်ကြောင်းကို အာဒင်းက ဖော်ပြခဲ့သည်။ သူ့ကို အတင်းအဓမ္မလက်ထပ်စေသူသည် မြန်မာစစ်တပ်မှ စစ်သားတယောက်ဖြစ်သည်။ ဤအချက်နှင့်ပင် လျှင် အစိုးရ၏ ပါဝင်ပတ်သက်မှုကိုပြသရန် လုံလောက်ပါသည်။ ဤတွေ့ဆုံမေးမြန်းခြင်းမှနေ၍ အတင်းအဓမ္မ လက်ထပ်စေမှုနှင့် ဆက်နွယ်နေသော မုဒိမ်းမှုကဲ့သို့သော အခြားချိုးဖောက်မှုများအတွက် အထောက်အထားများရရှိပါသည်။ နောက်ပိုင်းမှာ သူ့ကို အတင်းအဓမ္မ လက်ထပ်စေခဲ့သူ စစ်သားက သူ့ကို မုဒိမ်းကျင့်ခဲ့ကြောင်း အာဒင်းက ဖော်ပြခဲ့သည်။ သူ၏ ဝမ်းကွဲ ညီအစ်မတော်သူကို တွေ့ဆုံမေးမြန်းခြင်းအားဖြင့် သူ၏ဖြစ်ရပ်ကို သက်သေခံရေးအတွက်အထောက်အကူ ပေးပါလိမ့်မည်။

ndburma2.indd 52 26-Dec-09 13:05:21

(၃) နိဂုံးချုပ် ။

ဤအခန်းကို ဖတ်ပြီးလျှင် သင့်အနေနှင့် အောက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်စွမ်းရှိရမည်။

- အတင်းအဓမ္မလက်ထပ်စေခြင်း၏ အဂိါရပ်များကို နိုင်ငံတကာဥပဒေနှင့်အညီ မှတ်သားသိရှိလာခြင်း။
- အတင်းအဓမ္မလက်ထပ်စေခြင်းအကြောင်း သတင်းအချက်အလက်များကို စုဆောင်းရရှိရေးအတွက် အရေးကြီးသော မေးခွန်းများ ရေးသားပြုစုခြင်း။
- ချိုးဖောက်မှုတရပ်ဖြစ်ပွားခဲ့ခြင်း ရှိ–မရှိ သိရှိရေးအတွက် ထိရောက်သောတွေ့ဆုံမေးမြန်းခြင်းတရပ်ကို ဆောင်ရွက်ခြင်း။

ဤလက်စွဲစာစောင်၏ နောက်လာမည့် အခန်းများက အတင်းအဓမ္မလက်ထပ်စေခြင်း၏ အထောက်အထားများကို အကဲဖြတ်နည်းအကြောင်းပို၍ အသေးစိတ်ကျကျ ဆွေးနွေးထားပါသည်။

ndburma2.indd 53 26-Dec-09 13:05:21

(1) vlukdul|cif

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လူ့အခွင့်အရေးချိုးဖောက်မှုမြောက်ရန်မှာ ချိုးဖောက်မှု၏အဓိက အင်္ဂါရပ်များနှင့် ပြည့်မီရန်လိုအပ်ပါသည်။ ဤအင်္ဂါရပ်များသည် တိကျရေရာသော စံချိန်စံညွှန်းများဖြစ်သည်။ သို့တည်းမဟုတ် ဥပဒေနှင့်ဆန့်ကျင်သောလုပ်ရပ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် လိုအပ်သည့် အခြေအနေတစုံ ဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှု အင်္ဂါရပ်များသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တရားဝင်စာချုပ် စာတမ်းပြဋ္ဌာန်းချက်များမှ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ လူ့အခွင့်ရေးချိုးဖောက်မှုမှန်သမျှကို စတင်မှတ်တမ်းတင်ခြင်းမပြုမီ ချိုးဖောက်ဟူသော အဓိပ္ပါယ်ကို သတ်မှတ်ရာ၌ လိုအပ်သည့် အင်္ဂါရပ်များအကြောင်း ရှင်းလင်းတိကျစွာ နားလည်ထားသင့်ပါသည်။ ဤအခန်းတွင် လူကုန်ကူးခြင်းဟူသော ချိုးဖောက်မှု ပေါ်လွင်စေရေးအတွက် လိုအပ်သော အင်္ဂါရပ်များကြောင်း ရှင်းလင်း ဖေါ်ပြထားပါသည်။

(၂) လူကုန်ကူးခြင်း အဓိပ္ပါယ်ကို သတ်မှတ်ခြင်း။

(က) နိုင်ငံတကာဥပဒေအရ လူကုန်ကူးခြင်း၏ အင်္ဂါရပ်များကား အဘယ်နည်း။

လူကုန်ကူးခြင်းကို လူ့အခွင့်အရေး ချိုးဖောက်မှုတရပ်အဖြစ် မှတ်တမ်းပြုနိုင်ရန် အောက်ပါအင်္ဂါရပ် (၄)ရပ် ထင်ရှားကြောင်းဖေါ်ပြရပါမည်။[၁]

၁။ လူ (များကို) ရှာဖွေ စုဆောင်းခြင်း။[၂]

၂။ နိုင်ထက်စီးနင်းပြုခြင်း သို့မဟုတ် သဘောတူခွင့်ပြုချက် မပါရှိခြင်း။

၃။ အမြတ်ထုတ်လိုသောရည်ရွယ်ချက်ရှိခြင်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက်။

၁၊ လူကုန်ကူးရောင်းချမှုများ တားမြစ်ရေးနှင့်ပတ်သက်၍ အဓိကကျသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များတွင်–

– ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်း၊ ပုဒ်မ–၄။ UN Declaration of Human Rights, Article 4

– ကုလသမဂ္ဂ ကလေးများအခွင့်အရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ–၃၅။ UN Convention on the Rights of the Child, Article 35

– ကုလသမဂ္ဂအမျိုးသမီးများကို နည်းပေါင်းစုံဖြင့် ခွဲခြားဖိနှိပ် ဆက်ဆံနမှုများ အဆုံးသတ်စေရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ–၆။ UN Convention on Elimination of All Forms of Discrimination against Women, Article 6

– ကုလသမဂ္ဂ လူကုန်ကူးရောင်းချမှု အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များကို ရောင်းချခြင်းကို ကာကွယ်ပေးရန်၊ နှိပ်ကွပ်ရန်နှင့် ပြစ်ဒဏ်ပေးရန် သဘော–တူညီချက်။ ပုဒ်မ –၃။ UN Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women an Children, Article 3

– အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၊ ကလေးလုပ်သားများကို အဆိုးရွားဆုံးပုံစံဖြင့် နိုင်းစေမှု အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်။ အမှတ် ၁၈၂၊ ပုဒ်မ–၃။ ILO Worst Forms of Child Labor Convention No. 182, Article 3

ဥပဒေအရ စည်းနှောင်မှု မရှိသော်လည်း လူကုန်ကူးရောင်းချမှုကို တားမြစ်ပိတ်ပင်ထားသော အပြည်ပြည်ဆိုင်ရာမှတ်တမ်း၊ သဘောတူညီချက်များမှာ – ကုလသမဂ္ဂ၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ အဆုံးသတ်စေရေး ကြေညာစာတမ်း၊ ပုဒ်မ–၂။ UN Declaration on the Elimination of Violence Against Women (Art. 2), ကုလသမဂ္ဂ၏ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ အဆုံးသတ်စေရေး ကြေညာစာတမ်း၊ ပုဒ်မ–၈။ UN Declaration on the Elimination of Discrimination Against Women (Art. 8) နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ လူ့အခွင့်အရေးနှင့် လူကုန်ကူးရောင်းချမှုဆိုင်ရာ မူဝါဒများနှင့် လမ်းညွှန်အကြံပြုချက်များ Recommended Principles and Guidelines on Human Rights and Human Trafficking of the United Nations High Commissioner for Human Rights စသည်တို့ ပါဝင်သည်။

ဤမှတ်တမ်းများကို အင်တာနက်စာမျက်နှာမှ ရယူနိုင်ပါသည်။ see http://www2.ohchr.org/english/law/ (last visited 27 July 2008).

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ (CIL) ကို လက်မှတ်ရေးထိုး အသိအမှတ်ပြုထားခြင်းမရှိပါ။ (CIL) သည် အစိုးရ၏ ယေဘုယျလုပ်ဆောင်ချက်မှ လာသည့် ဥပဒေကျောရိုး တခုဖြစ်ပြီး၊ အချိန်ရလာသည်နှင့်အမျှ စည်းနှောင်မှုရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြပါသည်။ သို့သော်လည်း နိုင်ငံတခုသည် စဉ်ဆက်မပြတ် ဤဥပဒေကို ငြင်းပယ်လာခဲ့ပါက နိုင်ငံတခုသည် ဤဥပဒေအရ စည်းနှောင်မှုမရှိပါ။

လူကုန်ကူးရောင်းချခြင်းကို ဓေတ်သစ်ကျေးကျွန်ပြုမှု၏ အဆိုးရွားဆုံး ပုံစံအဖြစ် လူအများက အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေများအောက်တွင် အသိအမှတ်ပြုထားကြပါသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးမထားသော်လည်း၊ ဤအပြည်ပြည်ဆိုင်ရာဓလေ့ ထုံးတမ်းဥပဒေများနှင့်ဆက်နွယ်မှုရှိနေသည်ဟု ယူဆနိုင်ပါသည်။ (သို့မဟုတ်ပါက ဤဥပဒေအရစည်းနှောင်မှုမရှိစေရန် အစဉ်အဆက်ငြင်းပယ်ဖော်ပြမှုမျိုးပြု လာရမည်ဖြစ်သည်။

လူအများက ယူဆကြရာတွင် လူကုန်ကူးရောင်းချမှုကို တားမြစ်ခြင်းသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ၏ ယေဘုယျ အစိတ်အပိုင်းတခုအဖြစ် ဆောင်ရွက်ရုံမျှသာမကဘဲ၊ တန်ဖိုးထားရမည့် jus cogens norm လည်းဖြစ်ပါသည်။ ဆိုလိုသည်မှာ ဤအချက်သည် အပြည်ပြည်ဆိုင်ရာဥပဒေများ၏ အခြေခံတန်ဖိုးထားချက်တခုဖြစ်ပြီး၊ မည်သည့်နိုင်ငံကမျှ (အကယ်၍သူတို့က စဉ်ဆက်တလျောက်လုံး ကန့်ကွက်လာခဲ့လျှင်သော်မှ) ချိုးဖောက်ခွင့်မရှိပါ။ တနည်းဆိုရသော် နိုင်ငံများက ဤတန်ဖိုးထားချက်ကိုချိုးဖောက် ရောင်းစားခွင့်မရှိပါ။

၂၊ လူကုန်ကူးရောင်းဝယ်မှုနှင့် ပတ်သက်၍ လူ(လူများ) ကို ရယူ စုဆောင်းခြင်းဆိုသည်မှာ လူစည်းရုံးစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်လွှဲပြောင်းခြင်း၊ လက်ခံနေထိုင်စေခြင်း၊ သို့မဟုတ် ထိုလူကို လက်ခံရယူခြင်း လုပ်ရပ်များပါဝင်ပါသည်။

ndburma2.indd 54 26-Dec-09 13:05:21

ဝေါဟာရနှင့်ပတ်သက်၍ သတိပြုရန် – လူကုန်ကူးရောင်းဝယ်ခြင်းနှင့် လူခိုးသွင်းခိုးထုတ်ခြင်း။

လူမှောင်ခိုသွင်းထုတ်ခြင်း ဆိုသည်မှာ ငွေကြေးဆိုင်ရာ၊ သို့မဟုတ် ရုပ်ဝတ္ထုဆိုင်ရာ အကျိုးအမြတ်အတွက် လူများကို နိုင်ငံ၏ နယ်နိမိတ်များကိုကျော်လျက် ရွှေ့ပြောင်းသယ်ယူခြင်းဖြစ်သည်။ လူကုန်ကူးခြင်းနှင့် လူမှောင်ခိုသွင်းထုတ်ခြင်းတို့တွင် တူညီသောအင်္ဂါရုပ်များ ရှိကြသော်လည်း ၎င်းတို့သည် တခုနှင့်တခု ကွာခြားသော လုပ်ရပ်များဖြစ်သည်။ ဤလုပ် ရပ် (၂)မျိုးစလုံးတွင် အမြတ်ရရေးအတွက် လူများကိုရွှေ့ပြောင်းခြင်းပါဝင်သည်။ သို့ရာတွင် လူကုန်ကူးခြင်း၌သဘောတူခွင့်ပြုချက်မပါသော သို့မဟုတ် နိုင်ထက်စီးနင်းလုပ်သော နည်းလမ်းအပြင်၊ အမြတ်ထုတ်လိုသော ရည်ရွယ်ချက်တို့ပါရှိသည်။ အချို့သောဖြစ်ရပ်များ၌ ချိုးဖောက်မှုသည် လူမှောင်ခိုသွင်းထုတ်ခြင်းနှင့်စတင်တတ်ပြီး၊ နောက်ပိုင်းတွင် လူကုန်ကူးခြင်းခြင်းအဖြစ်သို့ ပြောင်းသွားသည်။ သာဓကအနေနှင့် ဖေါ်ပြရလျှင်၊ လူတဦးကသူ့အား နိုင်ငံခြားသို့သယ်ပို့ပေးရန် သဘောတူခွင့်ပြုခြင်း ရှိနိုင်ပါသည်။ သို့ရာတွင် လူရောင်းဝယ်သူ၏ နိုင်ထက်စီးနင်းပြမှုကြောင့် လည်းကောင်း၊ လိမ်လည်လှည့်ဖျားမှုကြောင့် လည်းကောင်း၊ မတော် မတရားလုပ်ရပ်များကြောင့်လည်းကောင်း ဤခွင့်ပြုချက်သည် အရာမရောက်တော့ချေ။

(ခ) နိုင်ထက်စီးနင်းပြုသော သို့မဟုတ် သဘောတူခွင့်ပြုချက်မပါရှိသော အခြေအနေများဆိုသည်မှာ မည်သို့သော အခြေအနေများဖြစ်ပါသနည်း။

နိုင်ထက်စီးနင်းပြုသော သို့မဟုတ် သဘောတူခွင့်ပြုချက်မပါရှိသော အခြေအနေများဆိုသည်မှာ အရောင်းအဝယ်လုပ်ခံရသူ၏ လွတ်လပ်စွာရွေးချယ်ခွင့် မရှိသည့် အခြေအနေများဖြစ်သည်။[၃] ဤအခြေအနေများတွင် အောက်ပါအခြေအနေတို့အပါအဝင်ဖြစ်သည်။[၄]

- ခြိမ်းခြောက်ခြင်း
- အင်အားသုံးခြင်း
- တရားမဝင်ချုပ်နှောင်ထားခြင်း (ပြန်ပေးဆွဲခြင်း)
- လိမ်ညာလှည့်ဖြားခြင်း
- လိုအပ်နေသော အကျိုးခံစားခွင့်ကို ပေးမည်မဟုတ်၊ သို့မဟုတ် လုပ်ပေးစရာရှိသည်ကို လုပ်ပေးမည်မဟုတ် ဟု ခြိမ်းခြောက်ခြင်း၊ မိမိကိုသော်လည်းကောင်း အခြားသူများကိုသော်လည်းကောင်း ထိခိုက်နစ်နာအောင်လုပ်မည် တကဲ့သို့ခြိမ်းခြောက်ခြင်း
- ကိုယ်ခန္ဓာ သို့မဟုတ် စိတ်ဓါတ်အရ ချိနဲ့ခြင်း။ သာဓကအားဖြင့် မသန်မစွမ်း ဖြစ်နေခြင်း၊ အသက်အရွယ် ငယ်လွန်းခြင်း၊ မူးယစ်ဆေးဝါး၊ အရက်သေစာ၊ အခြားဆေးဝါးများဖြစ်စေ တိုက်ကျွေးထားခြင်း။

(ဂ) အမြတ်ထုတ်လိုသောရည်ရွယ်ချက် ဆိုသည်မှာ မည်သို့သောရည်ရွယ်ချက်များဖြစ်ပါသနည်း။

မတရား သို့မဟုတ် လွှမ်းမိုးချယ်လှယ် သည်ဟု ယူဆရသော ရည်ရွယ်ချက်တစုံတရာအတွက် လူကုန်ကူးခြင်းကို နိုင်ငံတကာ ဥပဒေအရ ချိုးဖောက်မှုမြောက်သော အမြတ်ထုတ်မှုအဖြစ် ယူဆနိုင်ပါသည်။ သာဓက အနေနှင့်ဖေါ်ပြရလျှင်၊ အောက်ပါတို့သည် လူကုန်ကူးခြင်းအမှုများတွင် တွေ့ရလေ့ရှိသော အမြတ်ထုတ်မှုသဏ္ဌာန် အချို့ဖြစ်သည်။[၅]

၃၊ နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒပျံရှိခြင်းဆိုသည်မှာ ပြစ်မှုကျူးလွန်သူ၏ အမြင်ဖက်မှ မဟုတ်ဘဲ နစ်နာရသူ ကာယကံရှင်ဘက်မှ အမြင်သာဖြစ်သည်။ ကျူးလွန်သူဘက်က နိုင်ထက်စီးနင်းပြုခြင်းမရှိဟု ယူဆနိုင်သော်လည်း၊ နစ်နာရသူ ဘက်ကမူ နိုင်ထက်စီးနင်း အတင်းအကျပ်ပြုသည်ဟု မြင်နိုင်သည်။ ဤအတွက်ကြောင့် နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိခြင်းဆိုသည်မှာ နစ်နာရသူ ကာယကံရှင်၏ အတွေ့အကြုံအရသာ ဆုံးဖြတ်ရမည်။

၄၊ လူကုန်ကူးရောင်းချမှု အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များကို ရောင်းချခြင်းကို ကာကွယ်ပေးရန်၊ နှိပ်ကွပ်ရန်နှင့် ပြစ်ဒဏ်ပေးရန် သဘောတူညီချက်။ ပုဒ်မ ၃ (က) Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women an Children, Article 3(a).

၅၊ ဤစာရင်းသည် အပြည့်အစုံ မဟုတ်သလို မဆုံးနိုင်အောင် ရှိပါသည်။ လူကုန်ကူးရောင်းချမှု အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များကို ရောင်းချခြင်းကို ကာကွယ်ပေးရန်၊ နှိပ်ကွပ်ရန်နှင့် ပြစ်ဒဏ်ပေးရန် သဘောတူညီချက် Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children, Article 3(a).

ndburma2.indd 55 26-Dec-09 13:05:21

– လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း

– အတင်းအဓမ္မ လုပ်အားစေခိုင်းခြင်း

– ကျွန်ပြုခြင်း သို့မဟုတ် ကျွန်ပြုခြင်းနှင့် အလားတူ လုပ်ရပ်များ

– ကိုယ်အင်္ဂါအစိတ်အပိုင်းကို ဖြတ်တောက်ပစ်ခြင်းတို့ ဖြစ်သည်။

လူကုန်ကူးခြင်းပြုသည်ဆိုလျှင် အမြတ်ထုတ်လိုသော ရည်ရွယ်ချက်ရှိရမည်ဟုဆိုသော်လည်း နိုင်ငံတကာဥပဒေချိုးဖောက်မှုတရပ်အဖြစ် ဖေါ်ပြရာ၌ ဤရည်ရွယ်ချက်များကို ပြည့်ပြည်စုံစုံ ဖေါ်ပြနေစရာမလိုပါ။ အမြတ်ထုတ်လိုသော ရည်ရွယ်ချက်တရပ်ရပ်ဖြင့် လူတယောက်ယောက်ကို ရောင်းဝယ်ရန် ရည်ရွယ်သည်ဟုဆိုလျှင် လုံလောက်ပါသည်။[၆]

(ဃ) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေအရ လူကုန်ကူးမှုမြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်များ ဖြစ်ရန်လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာအသိအမှတ်ပြု ပိုင်နက်နယ်မြေရှိလူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသော အမျိုးသား (နိုင်ငံတော်အဆင့်) အဖွဲ့အစည်း"[၇] ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အစိုးရ၏လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင်တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ အစိုးရအရာရှိတဦးက လူကုန်ကူးမှုတခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။[၈] အစိုးရလုပ်ဆောင်ချက်တွင် တရားဝင် အသိအမှတ်ပြုမှုဖြင့် သော်လည်းကောင်း၊ ခွင့်ပြုမှု ဖြင့်သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန် သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက်၍ လုံလောက်စွာ အရေးယူရန်သော် လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်းပါဝင်ပါသည်။[၉] သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ လူကုန်ကူးရောင်းချမှု ကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေးအရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ပါသည်။

ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA)ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများ ဖြစ်ပြီး၊ အစိုးရ၏ အစိတ်အပိုင်း တခုမဟုတ်ပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာကျင့်သုံးမှု ပြုနေသည်မျိုးရှိတတ် သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားအစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ ပြုမူနေသည့် အခြားအင်အားစုများ ပါဝင်သည်။ ဤသို့ အစိုးရ မဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့ လုပ်ကိုင်ဆောင် ရွက်နေမှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုး ရှိနိုင်သည်။ နိုင်ငံတော် အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ ကျူးလွန်သော

၆၊ ကမ္ဘာလုံးဆိုင်ရာ အခွင့်အရေးအဖွဲ့မှ ထုတ်ဝေသည့် ကုလသမဂ္ဂ၏ လူကုန်ကူးရောင်းဝယ်မှု ထိန်းချုပ်ရေးဆိုင်ရာလမ်းညွှန် အပြည့်အစုံ Annotated Guide to the Complete UN Trafficking Protocol, Global Rights, http://www.globalrights.org/site/DocServer/Annotated_Protocol.pdf?docID=2723 (last visited 19 Aug. 2008)

၇၊ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East-West Center Washington, 2007, p. vix, ဤကိစ္စကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (state) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင်မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်။

၈၊ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေစည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံ သတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များ ဖြစ်သည်။

၉၊ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏ လုပ်ရပ် ကို သက်သေပြရန် မလိုအပ်ပါ။ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

ndburma2.indd 56 26-Dec-09 13:05:21

ပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်းဖြစ်ရန်အတွက်၊ အစိုးရကကျူးလွန်သည်ဖြစ်စေ၊ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) က ကျူးလွန်သည် ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

(၃) အရေးကြီးသောမေးခွန်းများမေးခြင်း

မေးခွန်းများမေးခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းတို့သည် လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း သတင်းအချက်အလက်များ စုဆောင်းရာ၌ အလွန်အရေးကြီးပါသည်။ တွေ့ဆုံမေးမြန်းမှုတရပ်၏ အသုံးဝင်မှုသည် အချက်အလက်ရှာ ဖွေစုဆောင်းသူ၏ ထိရောက်ပြီး၊ လုံလောက်သော မေးခွန်းများမေးသည့် အတွေ့အကြုံနှင့် စွမ်းရည်ပေါ်မှာ အဓိကအားဖြင့် မူတည်ပါလိမ့်မည်။ အချက်အလက်ရှာဖွေစုဆောင်းသူအနေနှင့် ချိုးဖောက်မှု၏ အရေးကြီးသော အင်္ဂါရုပ်များကို သိရှိနားလည်ခြင်းအားဖြင့်၊ နိုင်ငံတကာဥပဒေချိုးဖောက်ကြောင်း သတ်မှတ်ရေးအတွက် အရေးကြီးမေးခွန်းများ ပြုစုရာ၌အထောက်အကူဖြစ်စေပါသည်။ ချိုး ဖောက်မှု အင်္ဂါရုပ်များမှနေ၍ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရရှိရေးတွင် အသုံးဝင်သောဘောင်စည်းကမ်းသတ်မှတ်ချက်တခု ရရှိနိုင်ပါသည်။

၁။ လူ (များကို) ရှာဖွေစုဆောင်းခြင်း ကို ခွဲခြားသတ်မှတ်ခြင်း

- မည်သူတို့ပါဝင်ပတ်သက်သနည်း။
- မည်သည့်ကိစ္စများ ဖြစ်ပွားခဲ့သနည်း။
- မည်သည့်နေရာမှာ ဖြစ်ပွားခဲ့သနည်း။
- မည့်သည့် အချိန်အခါမှာ ဖြစ်ပွားခဲ့သနည်း။
- လူရှာဖွေစုဆောင်းမှုသည် မည်သို့ ဖြစ်ပွားခဲ့သနည်း။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၂။ သဘောတူခွင့်ပြုချက်မပါသော သို့မဟုတ် နိုင်ထက်စီးနင်းပြုသော အခြေအနေ အဖြစ်သတ်မှတ်ခြင်း။

- ဤ လူကုန်ကူးခြင်း စီစဉ်မှုမှာပါဝင်မည်ဟုသဘောတူညီခဲ့ပါသလား။ အဘယ့်ကြောင့် သဘောတူညီ ခဲ့ပါသနည်း။ သို့မဟုတ် အဘယ့်ကြောင့် သဘောမတူညီခဲ့ပါသနည်း။
- ဤဖြစ်ရပ် မဖြစ်ပွားမီ/ ဖြစ်ပွားနေစဉ်ကာလ / ဖြစ်ပွားပြီးနောက်မှာ မည်သည့် ကိစ္စများဖြစ်ပွားခဲ့သနည်း။
- လူကုန်ကူးခြင်းသည် မည်သည့်နေရာမှာ ဖြစ်ပွားခဲ့သနည်း။
- လူကုန်ကူးခြင်းလုပ်ငန်းသည် အဘယ့်ကြောင့် ဖြစ်ပွားခဲ့သနည်း။
- ဤ လူကုန်ကူးခြင်းလုပ်ငန်းကို မည်သို့ လုပ်ဆောင်ခဲ့သနည်း။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

ndburma2.indd 57 26-Dec-09 13:05:21

၃။ အမြတ်ထုတ်လိုသော ရည်ရွယ်ချက်ရှိကြောင်း သတ်မှတ်ခြင်း။

- ဤလုပ်ငန်းမှ မည်သူတို့ အကျိုးအမြတ်ရရှိခဲ့သနည်း။
- မည်သည့် ကိစ္စများဖြစ်ပွားခဲ့သနည်း။
- လူ (များ)ကို မည်သည့်နေရာသို့ ခေါ်ဆောင်သွားခဲ့သနည်း။
- အဘယ့်ကြောင့် လူအရောင်းအဝယ်ကိစ္စ ဖြစ်ပွားသွားခဲ့သနည်း။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက်ကို သတ်မှတ်ခြင်း။

- ဤ လူကုန်ကူးခြင်းကို မည်သူတို့က လုပ်ခဲ့သနည်း။ မည်သူက အမိန့်ပေးခဲ့သနည်း။ ဤအကြောင်းကို မည်သူတို့က သိခဲ့သနည်း။ ဤ လူကုန်ကူးခြင်းကို မည်သူတို့က ကူညီဆောင်ရွက်ပေးခဲ့သနည်း။
- ဤအဖြစ်အပျက်နှင့် ပတ်သက်၍ သင်တိုင်ကြားခြင်းပြုပါသလား။ အဘယ်ကြောင့် တိုင်ကြားပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်းမပြုပါသနည်း။
- ဤသို့ လူကုန်ကူးခြင်းမဖြစ်ရအောင် အစိုးရက ကြိုတင်ကာကွယ်ပေးပါသလား။ သို့မဟုတ် ၎င်းနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ပေးပါသလား။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ဆောင်ရန်

- လုံခြုံရေးနှင့် လျှို့ဝှက်ရေးအတွက် ကြပ်ကြပ်ဂရုစိုက်ရန်။
- နောက်ခံအကြောင်းဖြင့် အစချီပြီးလျှင်၊ ပို၍ အရေးကြီးသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆောင်ရွက်ပါ။
- ဂရုတစိုက်နားထောင်ပါ။ ပြောစရာရှိသည်ကို မျက်မြင်သက်သေအား ပြောခွင့်ပေးပါ။
- လှုပ်ရှားစိတ်ဖြင့် တုံ့ပြန်မှုများကို သိရှိအောင် ဂရုပြုပါ။
- ရှေ့နောက်မညီညွတ်မှုများကို သိရှိအောင် ဂရုပြုပါ။
- စိတ်ရှည် သည်းခံပါ။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ရှောင်ရန်

- မှတ်ချက်ချခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်း မပြုပါနှင့်။
- နိမိတ်ပြမေးခွန်းများ မေးခြင်းကို ရှောင်ကျဉ်ပါ။
- အခြားသက်သေများကို ဖေါ်ပြခြင်း မပြုပါနှင့်။
- မိမိ လုပ်မပေးနိုင်သော ကတိများကို မပေးပါနှင့်။
- အပေါ်စီးဟန် သို့မဟုတ် စစ်ကြောရေးလုပ်နေသောဟန်ဖြင့် မေးခွန်းမေးခြင်းများကို ရှောင်ကျဉ်ပါ။
- သတင်းနှင့်ပတ်သက်၍ မိမိ၏သြဇာ မလွှမ်းမိုးမိအောင် ရှောင်ကျဉ်ပါ။

ndburma2.indd 58 26-Dec-09 13:05:21

(၄) မှတ်တမ်းပြုခြင်း

နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုအဖြစ် သတ်မှတ်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ ရှာဖွေစုဆောင်းရာ၌ အချိန်နှင့်လုပ်ဆောင်ချက်တို့ လိုအပ်ပါသည်။ ချိုးဖောက်မှုတခု၏ အင်္ဂါရုပ်များသည် အစဉ်အဖြင့် အဆင်သင့်ပေါ်လွင် ထင်ရှားနေသည် မဟုတ်ချေ။ အချက်အလက်ရှာဖွေ စုဆောင်းသူတဦးအနေနှင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သော သတင်းအချက်လက်များကို ထုတ်ယူနိုင်စွမ်း ရှိရမည်ဖြစ်သည့်အပြင်၊ စုဆောင်းရရှိထားသော သတင်းအချက် အလက်များမှနေ၍ ချိုးဖောက်မှု၏ အရေးကြီးအင်္ဂါရုပ်များကိုလည်း နည်းလမ်းတကျ ဖော်ထုတ်နိုင်စွမ်း ရှိရမည်ဖြစ်ပါသည်။ ချိုးဖောက်မှု၏ အင်္ဂါရုပ်များကို ဖော်ထုတ်မှုပြုရန်အတွက် မြန်မာနိုင်ငံတွင် ဖြစ်လေ့ရှိသော လူကုန်ကူးမှုမျိုး အတွက် အထောက်အထားပါသော ဖြစ်ရပ်မှန်ပုံစံ တခုကို ဤအခန်းတွင် ဖော်ပြပေးပါမည်။

ဖြစ်ရပ်မှန်ပုံစံ ပေါ်အခြေခံလျက် တွေ့ဆုံမေးမြန်းမှုနည်းနာနှင့် ပတ်သက်သော အကောင်းနှင့်အဆိုး သာဓကများကို ဤအခန်းတွင် ဖော်ပြထားပါသည်။ တွေ့ဆုံမေးမြန်းခြင်းနှင့်ပတ်သက်သော အချက်အလက်များအပြင်၊ ထိရောက်သော အချက်အလက် ရှာဖွေရေးနှင့်ပတ်သက်သော အကြံပြုချက်များကို နောက်ထပ် သိရှိလိုပါက ဤစာစောင်ပါ "မြန်မာနိုင်ငံလူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကို ကြည့်ပါ။

(က) ဆက်စပ်မှု အခြေအနေ ကိုနားလည်ခြင်း

လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ဖော်ထုတ်ရေးအတွက် အချက်အလက်ရှာဖွေရေးလုပ်ငန်းသို့မဟုတ် တွေ့ဆုံမေးမြန်းခြင်းများ မစတင်မီမှာ ချိုးဖောက်မှုများ ဖြစ်ပွားရာနေရာ၏ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေကို နားလည်ထားရန်အရေးကြီးပါသည်။ အခြေအနေကို နားလည်ခြင်းအားဖြင့် အချက်အလက် ရှာဖွေစုဆောင်းသူအဖို့ ထိရောက်သော မေးခွန်းများပြုစုရေးနှင့် လက်ရှိအခြေအနေကို ထိုးထွင်းသိမြင်ရေးတွင် အထောက်အကူ ရနိုင်ပါသည်။ အတွေ့အကြုံရှိသော အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ပင်လျှင် အချက်အလက် ရှာဖွေ စုဆောင်းမှုမပြုမီ၊ နောက်ခံ သတင်းအချက်အလက်များကို စီစစ်ရာတွင် အထောက်အကူရနိုင်ပါသည်။ အောက်တွင် ဖော်ပြထားသည်မှာ မြန်မာနိုင်ငံအတွင်း လူကုန်ကူးမှု ဖြစ်ပေါ်နေခြင်းနှင့် ပတ်သက်၍ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ နောက်ခံအကြောင်းအချက် အချို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း လူကုန်ကူးခြင်း အမှုများဖြစ်ပွားရာ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေနှင့် နောက်ခံအကြောင်းအချက်များ

ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်သော စစ်အာဏာသိမ်းအစိုးရက တိုင်းပြည်ကို စတင်အုပ်ချုပ်ခဲ့သော(၁၉၆၂) ခုနှစ်က စ၍ အဆက်ဆက်သော စစ်အစိုးရများက ခြိမ်းခြောက်ခြင်းနှင့် အတိုင်းမသိ ရက်စက်ခြင်း နည်းဗျူဟာဖြင့်တိုင်းပြည် ကို အုပ်စိုးလာခဲ့ကြသည်။ တတိုင်းပြည်လုံးမှာ ဆင်းရဲမွဲတေခြင်း၊ အလုပ်မရှိခြင်း၊ ပညာရေးစားရိတ် မတတ်နိုင်ခြင်းတို့ကြောင့် လူအများအပြား (အထူးသဖြင့် ငယ်ရွယ်သူများ)သည် ဖြို့ပြအရပ်များ၊ နယ်စပ်ဒေသများနှင့် အခြားတိုင်းပြည်များ၌ အလုပ်အကိုင်ရာဖွေရန် နေရပ်ရင်းဒေသမှ စွန့်ခွာကြသည်။[၁၀] မြန်မာနိုင်ငံမှာ ခရီးသွားလာမှုနှင့် ပတ်သက်၍ (အထူးသဖြင့် အမျိုးသမီးများအဖို့) အကြီးအကျယ် ကန့်သတ်ချုပ်ချယ်မှုများကြောင့် လည်းကောင်း၊ နိုင်ငံကူးလက်မှတ်နှင့် တရားဝင် ခရီးသွားလာခွင့် စာရွက်စာတမ်းများ ရရှိရေးအတွက် စားရိတ်မတတ်နိုင်သောကြောင့်လည်းကောင်း အမျိုးသမီးများအဖို့ လူကုန်ကူးသူများနှင့် လူမှောင်ခိုသွင်းထုတ်သူများအပေါ် မဖြစ်မနေ မှီခိုအားထားနေကြရသည်။[၁၁]

ဤအခြေအနေကို အခွင့်ကောင်းယူကာ မြန်မာနိုင်ငံရှိ လူကုန်ကူးသူတို့သည် မသိ၊ နားမလည်သူများ အပေါ် သွားရေး လာရေး ဘေးကင်းလုံခြုံစေရမည်၊ အလုပ်အကိုင်လည်း ရစေရမည်ဟူသော ကတိများဖြင့် ဖြားယောင်းဆွဲဆောင်လေ့ရှိသည်။ သည့်နောက်တွင် လူကုန်ကူးခြင်းခံရသူများအား အလုပ်သမားများအဖြစ်လည်းကောင်း၊ ပြည့်တန်ဆာများ

၁၀၊ Kachin Women's Association of Thailand, "Driven Away," 2005, http://www.womenofburma.org/Report/Driven_Away.pdf, (last visited 16 June 2008), pp. 22 – 23.

၁၁၊ Belak, Brenda, "Migration and Trafficking," in Gathering Strength: Women from Burma on Their Rights, Images Asia, January 2002, http://www.ibiblio.org/obl/docs/GS12.migration-and-trafficking.pdf, (last accessed 3 September 2008), p. 199.

ndburma2.indd 59 26-Dec-09 13:05:21

အဖြစ်လည်းကောင်း၊ မယားများအဖြစ်လည်းကောင်း ရောင်းစားကြသည်။ လူကုန်ကူသူတို့သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ပစ်မှတ်ထားလေ့ရှိကာ၊လိင်ကျွန်အဖြစ်သွတ်သွင်းခြင်းသော်လည်းကောင်း၊လိင်အရောင်းအဝယ်လုပ်ငန်းထဲသို့ တွန်းပို့ခြင်းသော်လည်းကောင်း၊ အတင်းအဓမ္မ လက်ထပ်စေခြင်းသော်လည်းကောင်း ပြုတတ်ကြသည်။[၁၂] လိင်မှုဆိုင်ရာ အကြမ်းဖက်ခြင်း၊ အတင်းအဓမ္မ ပြည့်တန်ဆာလုပ်ခိုင်းခြင်း၊ အတင်းအဓမ္မ လက်ထပ်စေခြင်းတို့နှင့် ပတ်သက်သော ချိုးဖောက်မှုများအကြောင်း သတင်းအချက်အလက်များကို နောက်ထပ်သိရှိလိုပါက ဤစာစောင်ပါ "မြန်မာနိုင်ငံ မုဒိမ်းမှုနှင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများအကြောင်း မှတ်တမ်းပြုခြင်း"၊ "မြန်မာနိုင်ငံ အတင်းအဓမ္မ ပြည့်တန်ဆာလုပ်ခိုင်းခြင်းများ အကြောင်း မှတ်တမ်းပြုခြင်း" နှင့် "မြန်မာနိုင်ငံ အတင်းအဓမ္မလက်ထပ်စေခြင်းများ အကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်များ၏ သက်ဆိုင်ရာအကြောင်းအရာများကိုကြည့်ပါ။

နိုင်ငံတကာတွင် မြန်မာနိုင်ငံသည် လူကုန်ကူးရာ အဓိကလမ်းကြောင်းတခုဖြစ်သည့်အပြင်၊ အာရှတိုက်တတိုက်လုံး၏ လူကုန်ကူးခြင်းကို အဓိကအားဖြင့် အထောက်အကူပြုပေးနေသော တိုင်းပြည်တခုလည်းဖြစ်သည်။[၁၃] ယောကျ်ား၊ မိန်းမနှင့် ကလေးများကို မြန်မာနိုင်ငံမှ ခိုးထုတ်ကာ၊ ထိုင်း၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ မက္ကာအိုနိုင်ငံများသို့ပို့သည်။ ရောင်းစားခံရသူအတော်များများက သူတို့တတွေ နိုင်ငံတကာ နယ်နိမိတ်ကိုဖြတ်ကျော်ခဲ့မှန်း မသိကြချေ။ လူကုန်ကူးသူများက စစ်ဆေးရေးစခန်းများကို ကွင်းရှောင်သွား ခြင်းသို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိများနှင့် အဆက်အသွယ်လုပ်ထားခြင်း သို့မဟုတ် စာရွက်စာတမ်းအတုများကိုင်ဆောင်ခြင်း ပြုကြသောကြောင့်ဖြစ်သည်။[၁၄]

(၁၉၉၀) ခုလွန်နှစ်များအတွင်း၌ (နအဖ) စစ်အစိုးရသည် နိုင်ငံတကာ၏ ပြစ်တင်ဝေဖန်မှုများလျော့ပါး သက်သာသွားအောင် ကြံဆောင်သောအားဖြင့်၊ မြန်မာနိုင်ငံရှိ လူကုန်ကူးခြင်းအမှုများ အဆုံးသတ်ရေးအတွက် အပေါ်ယံကျသော မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ တကယ့်လက်တွေ့၌ ဤမူဝါဒများသည် ဤမတော် မတရားမှုများကို ပိတ်ပင်တားဆီးရာ၌ မထိရောက်သည်သာမက၊ အများပြည်သူတို့၏ သွားလာရေးကို ကန့်သတ်ချုပ်ချယ်ရန်သာ ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။[၁၅] ဤ မူဝါဒများအရ လူကုန်ကူးသူများကိုသာမက ခံရသူများကိုပါ ပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားသည်။ (၂၀၀၅) ခုနှစ် စက်တင်ဘာလတွင်၊ (နအဖ)စစ်အစိုးရက လူရောင်းဝယ်ခြင်းကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ပြီးလျှင်၊ လူအရောင်း အဝယ်လုပ်သည်ဟု ဆိုသူ (၃၃) ဦးကို (၂၀၀၇) ခုနှစ်တွင် ထောင်ဒဏ် တသက်တကျွန်းစီရင်ခဲ့သည်။ သို့ရာတွင် တော်တည့်မှန်ကန်သော တရားရေးစနစ် မရှိခြင်းကြောင့် စီရင်ချက်များ တရားမျှတမှုရှိ– မရှိကိုမူ ရှင်းရှင်းလင်းလင်းမသိရချေ။

(ခ) ဖြစ်ရပ်မှန်ပုံစံ

မြန်မာနိုင်ငံတွင်ဖြစ်လေ့ရှိသော လူကုန်ကူးခြင်းအမှုမျိုးအတွက် အချက်အလက်ပုံစံတခုကို အောက်မှာပေးထားပါသည်။ ဤအချက်အလက်ပုံစံသည် ချိုးဖောက်မှုတရပ်၏ အဓိကအင်္ဂါရပ်များကို ဖေါ်ထုတ်ပြရာ၌ အသုံးဝင်ဖွယ်ရှိပါသည်။ လူကုန်ကူးရောင်းဝယ်မှုတည်းဟူသော ချိုးဖောက်မှုတရပ်ကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်နိုင်ရေးအတွက် အောက်ပါ အချက်များပါရှိရမည်ကို သတိရပါ။

၁။ လူ(များကို) ရှာဖွေစုစည်းခြင်း။[၁၆]

၂။ နိုင်ထက်စီးနင်းပြုခြင်း သို့မဟုတ် သဘောတူခွင့်ပြုချက်မပါရှိခြင်း။

၁၂၊ Human Rights Watch, "A Modern Form of Slavery: Trafficking of Burmese Women and Girls into Brothels in Thailand," August 1993, http://www.hrw.org/reports/1993/thailand/#_1_17, (last visited 3 September 2008).

၁၃၊ United Nations Office on Drugs and Crime, "Trafficking in Persons: Global Patterns," April 2006, p. 60, 89, http://www.unodc.org/pdf/traffickinginpersons_report_2006ver2.pdf, (last visited 17 June 2008).

၁၄၊ Belak, Brenda, "Migration and Trafficking," in Gathering Strength: Women from Burma on Their Rights, Images Asia, January 2002, http://www.ibiblio.org/obl/docs/GS12.migration-and-trafficking.pdf, (last accessed 3 September 2008), p. 195.

၁၅၊ Ibid.

၁၆၊ လူကုန်ကူးရောင်းဝယ်မှုနှင့် ပတ်သက်၍ လူ(လူများ)ကို ရယူစုဆောင်းခြင်းဆိုသည်မှာ လူစည်းရုံး စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်လွှဲပြောင်းခြင်း၊ လက်ခံနေထိုင်စေခြင်း၊ သို့မဟုတ် ထိုလူကို လက်ခံရယူခြင်း လုပ်ရပ်များ ပါဝင်ပါသည်။

ndburma2.indd 60 26-Dec-09 13:05:21

၃။ အမြတ်ထုတ်လိုသောရည်ရွယ်ချက်ရှိခြင်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက်။

ဖြစ်ရပ်မှန်ပုံစံ – လူကုန်ကူးခြင်း[၁၇]

လွန်ခဲ့သော တနှစ်လောက်က၊ မွန်ပြည်နယ်နေ၊ မိပကောင်းရော့၏ ဖခင်သည် (နအဖ) စစ်အစိုးရတောင်းသောအခွန်အကောက်များကို မပေးနိုင်တော့သည့် နောက်ပိုင်းစီးပွားရေးလုပ်ငန်း ဆုံးရှုံးပျက်စီးသွားခဲ့သည်။ ယခုအခါ မိပကောင်းရော့၏ ဖခင်သည် ကျဘမ်းအလုပ်ကိုလုပ်ပြီး၊ မိသားစုကို ရှာကျွေးနေရသည်။ အလုပ်က အလွန်ပင်ပန်းတကြီး လုပ်ရသော အလုပ်ဖြစ်သည့်အပြင် လုပ်ခကလည်း နည်းသေးသည်။ သူ့ဖခင် လုပ်ငန်းပျက်စီးဆုံးရှုံးပြီးနောက်တွင် အသက် (၁၅)နှစ်သမီးဖြစ်သူ မိပကောင်းရော့သည် မိဘနှင့် မောင်ငယ်၊ ညီမငယ်(၄) ယောက်ကို အလုပ်လုပ်ပြီး ထောက် ပံ့ရန်အတွက် ကျောင်းထွက်လိုက်ရသည်။ စားသောက်ဆိုင်လေးတဆိုင်မှာ နေ့စဉ်နာရီပေါင်းများစွာ လုပ်ရသည့်တိုင် သူမ၏ဝင်ငွေသည် မှန်တန်းလောက်သာဖြစ်ပြီး မိသားစုလည်း အနိုင်နိုင်ရပ်တည်နေရသည်။

တနေ့တွင် မိပကောင်းရော့၏ ဖခင်အလုပ်မှပြန်လာရာ၌ အားတက်စရာ သတင်းကောင်းများပါလာခဲ့သည်။ သူသည် လူတယောက်နှင့် တွေ့ခဲ့ကြောင်း၊ ထိုသူက ရန်ကုန်မှ လုပ်ငန်းရှင် သူဌေးများအတွက် အိမ်အလုပ် လုပ်ပေးမည့် အမျိုးသမီးငယ်များကိုလိုက်ရှာနေသူတဦးကိုသူသိသည်ဟုပြောပြသည့်အကြောင်းပင်ဖြစ်သည်။အလုပ်ကစားသောက်ဆိုင်မှ မိပကောင်းရော့ ရသောလခ၏ ဆယ်ဆမျှမကရသော အလုပ်ဖြစ်သည်။ ဤအလုပ်လုပ်ခြင်းအားဖြင့် မိသားစုကို ထောက်ပံ့နိုင်မည့်အပြင် ကျောင်းပြန်တက်ရန်အတွက် ပိုက်ဆံကိုပင် စုရှေရနိုင်ကြောင်း မိပကောင်းရော့ သိလိုက်သည်။ နောက်ထပ် အချက်အလက်များ သိရှိရန်အတွက် မိပကောင်းရော့၏ ဖခင်သည်သူ၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သူမှ တဆင့် ပွဲစားနှင့် ဆက်သွယ်ခဲ့သည်။ အလုပ်က အိမ်ထောင်ငယ်တခုအတွက် ထမင်းချက်ခြင်း၊ သန့်ရှင်းရေးလုပ်ပေးခြင်း အလုပ်ဖြစ်ကြောင်း ပွဲစားကပြောပြခဲ့သည်။ အလုပ်ရှင်ဘက်က လကုန်တိုင်း လခထုတ်ပေးမည်ဖြစ်ပြီး၊ နေရာထိုင်ခင်းနှင့် အစားအသောက်ပါပေးမည်ဟုဆိုသည်။ သူ့ဘက်က မိပကောင်းရော့ကို အလုပ်ရအောင် ဆောင်ရွက်ပေးမည်ဟုသဘောတူပြီး မိပကောင်းရော့၏ မိဘများဘက်ကလည်း မိပကောင်းရော့ကို ရန်ကုန်သို့ခေါ်သွားရေးအတွက် ပွဲစားခ ငွေကျပ် (၁၀၀၀၀၀) ပေးပါမည်ဟု သဘောတူခဲ့ကြသည်။ ငွေကျပ် တစ်သိန်းသည် မိပကောင်းရော့၏ မိသားစုအတွက်အတော်များသောငွေဖြစ်သော်လည်း ငွေကို ချေးငှားပြီးပွဲစားထံသို့ ပေးခဲ့သည်။

မိပကောင်းရော့ ရန်ကုန်သို့ရောက်ပြီး နောက်တွင်၊ ပွဲစားက သူမကို အိမ်အိုကြီးတအိမ်သို့ ခေါ်သွားပြီး၊ ညစ်ပေနေသော အခန်းတခန်းထဲမှာ ပိတ်လှောင်ထားခဲ့သည်။ ထိတ်လန့်တုန်လှုပ်သွားလျက် မိကကောင်းရော့သည် သူမကို လွှတ်ပေးပါဟု ငယ်သံပါအောင်အော်ရင်း တံခါးကိုတဒုံးဒုံး ထုတော့သည်။ ပွဲစားက တံခါးကိုလာဖွင့်ပြီး၊ သူမအား ခပ်ကြမ်းကြမ်း ရိုက်လိုက်သည်။ ကောင်းကောင်းမလုပ် နိုင်တော့သည်အထိ တကိုယ်လုံးကို ထိုးလိုက်၊ ကန်လိုက်လုပ်သည်။ "နင့် ပါးစပ်ပိတ်ပြီး ခြေထောက်ကားထားရင် ငါ နင့်ကို မသတ်ဘူး။"ဟု ပွဲစားကပြောသည်။ သည့်နောက်ပိုင်းတွင် ပကောင်းရော့သည် ကလန်ကဆန် မလုပ်ရဲတော့ချေ။

ပွဲစားနှင့် သူ၏အပေါင်းအဖော်ဖြစ်သူ ကျော်ဝင်းဆိုသူတို့က သူမအား အခြားယောကျ်ားများနှင့် လိင်ဆက်ဆံရန် အတင်းအဓမ္မခိုင်းသည်။ သူမက ငြင်းဆန်လျှင်၊ ပြင်းပြင်းထန်ထန် ရိုက်နှက်သည်။ သူမအား တနေ့လျှင် ယောကျ်ား (၃) ယောက်လောက်အထိနှင့် အိပ်ခိုင်းသည်။ ထိုလူများက ကိစ္စပြီး ၍ တံခါးကို ခေါက်လိုက်လျှင် ကျော်ဝင်း သို့မဟုတ် ပွဲစားတို့ တယောက်ယောက်က တခါးကို သော့လာဖွင့်ပေးသည်။ ထိုယောကျ်ားများက သူတို့ကို ပိုက်ဆံပေးသွားကြသည်။ ကျော်ဝင်း သို့မဟုတ် ပွဲစားက တနေ့လျှင်၊ နှစ်ကြိမ် သူမကို ထမင်းတပန်းကန်နှင့် ဟင်းတို့ကို ယူလာပေးသည်။ ရေချိုးရန်နှင့် အိမ်သာသွားရန်သာလျှင် သူမကို အပြင်ထွက်ခွင့်ပေးသည်။

၁၇၊ ယခု ဖော်ပြထားသည့် စိတ်ကူးဖော်ပြချက် ပုံစံသည် လူအများ၏ အတွေ့အကြုံများကို အခြေခံရေးသားထားခြင်း ဖြစ်ကြောင်း သတိပြုစေလို ပါသည်။ ယခု လက်စွဲစာအုပ်တွင် အသုံးပြုဖော်ပြနိုင်ရန်အတွက်သာ ဖန်တီးရေးသားထားခြင်း ဖြစ်ပါသည်။ လူတဦး၏ ဖြစ်ရပ်၊ အမှန်ဖြစ်ရပ် တခု ကို ဖော်ပြရေးသားထားခြင်း မဟုတ်ပါ။

ndburma2.indd 61 26-Dec-09 13:05:21

တည်ဌာနလူယောက်အခန်းထဲမှပြန်ထွက်သွားပြီးနောက် တံခါးကိုသော့ပြန်ခတ်ထားရန် ကျော်ဝင်းမေသွားခဲ့ကြောင်း မိပကောင်းရော့ သိလိုက်သည်။ ထွက်ပြေး လွတ်မြောက်ရန် အခွင့်အလမ်းဖြစ်ကြောင်း သိလိုက်သည်။ ကျော်ဝင်းနှင့် ပွဲစားတို့ အိပ်ပျော်နေမှန်း သေချာသည်အထိ စောင့်နေလိုက်သည်။ ထို့နောက် အခန်းထဲမှနေ၍ အသာအယာ ထွက်လိုက်ပြီး၊ အိမ်ထဲမှ ထွက်သွားခဲ့သည်။ သူမ ကြုံတွေ့ခဲ့ရသည်တို့ကို တိုင်ကြားရန်အတွက် ရဲစခန်းသို့ တန်တန်းမတ်မတ် ပြေးသွားခဲ့သည်။ သို့ရာတွင် ရဲများက ပြည့်တန်ဆာလုပ်ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်သည်ဟုဆိုကာ သူမကို ဖမ်းမည်ဟုခြိမ်းခြောက်ခဲ့သည်။ အဖမ်းခံရမည်စိုးသဖြင့် သူမသည် အမှုကို တိုင်ချက်မဖွင့်ဘဲ၊ ရဲစခန်းမှနေ၍ ထွက်လာခဲ့သည်။ မွန်ပြည်နယ်ရှိ သူမ၏ရွာသို့ပြန်လျှင် မိသားစုအတွက် အရှက်ရမည်စိုးသဖြင့် သူမသည် ထိုင်းနိုင်ငံသို့ထွက်ပြေးရန် ဆုံးဖြတ်ခဲ့သည်။ ယခုအခါ၌ မိပကောင်းရော့သည် ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ မြန်မာစားသောက်ဆိုင်လေး တဆိုင်၌အလုပ်လုပ်နေသည်။

(၈) တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာပုံစံ

တွေ့ဆုံမေးမြန်းခြင်းသည် အဓိကကျသော အချက်အလက်ရှာဖွေစုဆောင်းနည်းဖြစ်သည်။ အဓိကအကြောင်းရင်းမှာ အဖြစ်အပျက်တခုနှင့်ပတ်သက်၍ လူတို့သည် သတင်းအချက်များကို အများဆုံးရရှိထားသူများဖြစ်သောကြောင့်ပင်။ တွေ့ဆုံမေးမြန်းခြင်းသည် အချက်အလက်ရှာဖွေစုဆောင်းသောလုပ်ငန်းအတွက် အခြေခံကျသည်ဖြစ်ရာ၊ အကောင်းဆုံးသောတွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို ရရှိထားခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘက်ပေါင်းစုံမှနေ၍ အသေးစိတ်ကျကျ ဖေါ်ထုတ်ရေးတွင် သော့ချက်တခုဖြစ်ပါသည်။ အထက်ဖေါ်ပြပါ ဖြစ်ရပ်မှန်ပုံစံကို အခြေခံထားသော တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ (၂) ခုကို အောက်မှာဖေါ်ပြထားပါသည်။ ပထမတွေ့ဆုံမေးမြန်းခြင်းသည် အရည်အသွေးညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပြီး၊ ဒုတိယ တွေ့ဆုံမေးမြန်းခြင်းသည် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပါသည်။ သာဓကတခုစီ၏ အောက်မှာ ပိုင်းခြားသုံးသပ်ချက်ကိုလည်း ဖေါ်ပြထားပါသည်။

၁။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ညံ့)

မေး – ခင်ဗျား မွန်ပြည်နယ်ကနေ ရန်ကုန်ကို လူကုန်အကူးခံရတယ်ဆိုတာ မှန်ပါသလား။

မိပကောင်းရော့ – မှန်တယ်လို့ထင်ပါတယ်။ ကျမက ရန်ကုန်ကို အိမ်အလုပ်လုပ်ဖို့ လာခဲ့တာပါ။ ဒါပေမယ့် ကျမကို အကျဉ်းသားတယောက်လို ချုပ်ထားခံခဲ့ရပါတယ်။

မေး – ရန်ကုန်ကို ခေါ်သွားပေးဖို့အတွက် လူကုန်ကူးတဲ့လူကို ခင်ဗျားပိုက်ဆံပေးခဲ့ရပါသလား။

မိပကောင်းရော့ – ရန်ကုန်မှာ မိန်းကလေးငယ်တွေအတွက် အလုပ်ကောင်းကောင်းရှိတယ်လို့ပြောပြတဲ့လူကို ကျမ အဖေက ပိုက်ဆံပေးခဲ့ပါတယ်။ အဲဒီလူက ကျမကို ရန်ကုန်ခေါ်သွားခဲ့ပါတယ်။ သူဟာ လူကုန်ကူးတဲ့ လူလား ဆိုတာကို ကျမ မသိပါဘူး။

မေး – ခင်ဗျားကို ရန်ကုန်ကို အတင်းအဓမ္မခေါ်သွားခဲ့တာလား။

မိပကောင်းရော့ – ပထမတော့၊ ကျမက ရန်ကုန်ကိုသွားချင်တာပါ။ မိသားစုနဲ့ ကျမရဲ့ ပညာရေး အတွက် ကျမ ပိုက်ဆံလိုချင်လို့ပါ။ ဒါပေမယ့် ရန်ကုန်ကိုရောက်ပြီးတဲ့ နောက်မှာတော့၊ မွန်ပြည်နယ်ကနေ ထွက်မလာမိခဲ့ရင် အကောင်းသားလို့ တွေးမိခဲ့ပါတယ်။

မေး – ရန်ကုန်မှာ ခင်ဗျားကို တခြားယောကျ်ားတွေနဲ့ လိင်ဆက်ဆံဘို့ အတင်းအဓမ္မခိုင်းတယ်ဆိုတာမှန်ပါသလား။

မိပကောင်းရော့ – ဟုတ်ပါတယ်။

မေး – ယောကျ်ားတွေနဲ့ လိင်ဆက်ဆံခဲ့တဲ့အတွက် ခင်ဗျားအဖို့ အကျိုးအမြတ် တစုံတရာရခဲ့ပါသလား။

ndburma2.indd 62 26-Dec-09 13:05:21

မိပကောင်းရော့ – မရခဲ့ပါဘူး။ ကျမကို ပိတ်လှောင်ထားတဲ့သူတွေကိုပဲ ပိုက်ဆံပေးတာပါ။

မေး – ဒီလုပ်ငန်းကို ခင်ဗျား သဘောမတူခဲ့ဘူးမဟုတ်လား။

မိပကောင်းရော့ – ကျမလုံးဝ သဘောမတူခဲ့ပါဘူး။

မေး – ခင်ဗျားရဲ့အဖြစ်နဲ့ပတ်သက်လို့ ခင်ဗျားတိုင်တန်းဘို့ ကြိုးစားခဲ့ပါသလား။ တိုင်တန်းရင်လည်း အကြောင်းထူးမယ် မဟုတ်ဘူးပေါ့။

မိပကောင်းရော့ – ကျမ ရဲကို တိုင်တန်းဖို့ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ရဲက ကျမကို ဖမ်းမယ် ဆိုပြီး ခြိမ်းခြောက်လို့၊ ကျမ မြန်မာနိုင်ငံကနေ ထွက်ပြေးလာခဲ့ရပါတယ်။

မေး – ခုလို အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရခြင်းမှာ အကြောင်းအချက်များစွာရှိပါသည်။

ပထမအချက်– တိုလွန်းသည်။ ချိုးဖောက်မှုတခုဖြစ်ကြောင်း ဖေါ်ပြရန်လိုအပ်သည့် အင်္ဂါရုပ်များအကြောင်း မှတ်တမ်းတင်ရန်တည်းဟူသော တွေ့ဆုံမေးမြန်းခြင်း၏ရည်မှန်းချက် ပေါက်မြောက်ခြင်းမရှိချေ။ ဖြစ်ပွားပုံကို အသေးစိတ်ပေါ်လွင်စေရေးအတွက် မေးခွန်းများ လုံလောက်ခြင်းမရှိ။ နောက်ဆက်တွဲမေးခွန်းများသည် ဖြစ်ရပ်၏ ပုံကားချပ်ကို အပြည့်အဝဖေါ်ပြရေးတွင် အထူးအရေးကြီးပါသည်။

ဒုတိယအချက်– ဤမေးခွန်းများသည် အများအားဖြင့် နိမိတ်ပြမေးခွန်းများဖြစ်နေသည်။ ဆိုလိုသည်မှာ မိပကောင်းရော့ အနေနှင့် မည်သို့ဖြေကြားသင့်ကြောင်း အရိပ်အကဲပြသည့်သဘောဖြစ်နေသည်။ သူက"ဟုတ်ပါသည်" သို့မဟုတ် "မဟုတ်ပါ"ဟု ဖြေနေပါက အရေးကြီးသော အသေးစိတ်အချက်အလက်များ ကျန်သွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူအနေနှင့်လည်း အရေးကြီးသော သတင်းအချက်အလက်များကို လက်လွတ်သွားလိမ့်မည်။ ထို့ပြင်၊ မိပကောင်းရော့ ဘက်ကလည်း သူ့ဟာသူ လွတ်လွတ်လပ်လပ် ပြောပြလိုသည့် သဘောနည်းသွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ ကြားလိုသော အဖြေများကို ပေးလိုသည့် သဘောပိုများသွားနိုင်ပါသည်။

တတိယအချက်– ဤတွေ့ဆုံမေးမြန်းခြင်းသည် တွေ့ဆုံမေးမြန်းသူ မူလကတည်းက သံသယရှိနေသော ချိုးဖောက်မှုကိုသာ လျှင် အာရုံစိုက်ထားပြီး၊ အခြားချိုးဖောက်မှုများအတွက် အထောက်အထားရနိုင်သော မေးခွန်းများကို မေးခြင်းမရှိချေ။ ဤသာဓကကဲ့သို့သော ဖြစ်ရပ်များသည် လူကုန်ကူးခြင်းအပြင် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ပါဝင်ပတ်သက်မှုဖြစ်တတ်ပါသည်။ အသေးစိတ်ကျသော တွေ့ဆုံမေးမြန်းမှုတခုကို လုပ်ခြင်းအားဖြင့် အတင်းအဓမ္မပြည့်တန်ဆာလုပ်ခိုင်းခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ ချိုးဖောက်မှုသဏ္ဌာန်ကဲ့သို့သော ရာဇဝတ်မှုများအတွက် အထောက်အထားများ ရနိုင်ဖွယ်ရှိပါသည်။

နောက်ဆုံးအချက်။ မိပကောင်းရော့၏ ဖြစ်ရပ်ကို အတည်ပြုဖေါ်ပြပေးမည့် သတင်းအချက်အလက်တစုံတရာကို ဤ တွေ့ဆုံမေးမြန်းခြင်း မှမရရှိချေ။ မိပကောင်းရော့၏ သတင်းကို ပံ့ပိုးအတည်ပြုရေးအတွက် သက်သေအထောက်အထားရှိ– မရှိ သူမကိုမေးကြည့်ခြင်းသည် ကောင်းမွန်သောမှတ်တမ်းပြုမှု၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။

၂။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ကောင်း)

မေ – မိပကောင်းရော့ခင်ဗျား၊ မြန်မာပြည်ကနေထွက်လာဖို့ဆုံးဖြတ်ခဲ့ရတာနဲ့ပတ်သက်လို့ ခင်ဗျားဖြစ်ပျက်ခဲ့တာတွေကို ပြောပြနိုင်မလား။

မိပကောင်းရော့ – ကျမ မြန်မာပြည်ကနေထွက်လာ ခဲ့ရတာကတော့၊ လိမ်ညာပြီး ပြည့်တန်ဆာ လုပ်ခိုင်းတာ ခံခဲ့ရလို့ပါပဲ။ ကျမ

ndburma2.indd 63 26-Dec-09 13:05:21

မိသားစုက စားဝတ်နေရေး တော်တော် ကျပ်တည်းပါတယ်။ ရန်ကုန်မှာ အလုပ်ရမယ်ဆိုလို့၊ အဖေက ကျမကို ရန်ကုန် ခေါ်သွားဖို့အတွက် ပွဲစားကို ပိုက်ဆံပေးခဲ့ပါတယ်။ ဒါပေမယ့် ရန်ကုန်ကိုလည်း ရောက်ရော၊ ကျမကို ပိတ်လှောင်ထားပြီး၊ ယောကျ်ားတွေနဲ့ လိင်ဆက်ဆံခိုင်းပါတယ်။

မေး – ဘယ်လိုဖြစ်ပွားခဲ့ပါသလဲ။

မိပကောင်းရော့ – ရန်ကုန်မှာ အလုပ်လုပ်ဖို့ မိန်းကလေးတွေကို လိုက်ရှာနေတယ်ဆိုတဲ့ ပွဲစားတယောက်နဲ့ ကျမရဲ့အဖေအဆက်အသွယ်ရခဲ့ပါတယ်။ ပွဲစားက ကျမကို ရန်ကုန်ခေါ်သွားပေးဖို့အတွက် ငွေကျပ် (၁၀၀,၀၀၀) တောင်းပါတယ်။ ကျမ တို့မိသားစုမှာ ဒီလောက်များတဲ့ ငွေမရှိတော့၊ ပွဲစားကိုပေးဖို့အတွက် မိတ်ဆွေတွေ၊ ဆွေမျိုးတွေဆီက နေ ချေးငှားပြီးပေးခဲ့ရပါတယ်။ ဒါပေမယ့် ရန်ကုန်ကိုလည်းရောက်ရော၊ ကျမဟာပွဲစားရဲ့ အကျဉ်းသားဖြစ်သွားတော့တာပါပဲ။

မေး – ရန်ကုန်မှာ ဘယ်လိုအလုပ်မျိုးရမယ်လို့ ခင်ဗျားကို ကတိပေးခဲ့ပါသလဲ။

မိပကောင်းရော့ – အိမ်အလုပ်လုပ်ရမယ်လို့ ကျမ ထင်ခဲ့ပါတယ်။ မွန်ပြည်နယ်မှာ ကျမရတဲ့ လခထက် ဆယ်ဆမက ရမယ်လို့ ပွဲစားကပြောခဲ့ပါတယ်။ နေစရာနဲ့စားစရာပါ ရမယ်လို့လည်း သူက ကတိပေးခဲ့ပါတယ်။

မေး – ခင်ဗျား ရန်ကုန်ရောက်တော့ ဘယ်လိုဖြစ်သွားခဲ့ပါသလဲ။

မိပကောင်းရော့ – ကျမကို ညစ်ပေနေတဲ့ အခန်းတခန်းထဲကို ခေါ်သွားပြီး၊ သော့ခတ်ထားခဲ့တယ်။ ပွဲစားနဲ့၊ သူ့အဖေါ် ကျော်ဝင်းဆိုတဲ့လူက ကျမကို ရိုက်နှက်ပြီး၊ ပိတ်လှောင်ထားခဲ့ပါတယ်။ ရေချိုးဖို့နဲ့၊ အိမ်သာသွားဖို့ကလွဲပြီး ကျမကို အခန်းအပြင်ကို ပေးမထွက်ခဲ့ပါဘူး။

မေး – ပွဲစားက ခင်ဗျားကို ဘာကြောင့် ရန်ကုန် ခေါ်သွားခဲ့တာပါလဲ။

မိပကောင်းရော့ – ကျမကို အသုံးချပြီး သူ့စီးပွားရှာဖို့ ရန်ကုန်ကို ခေါ်သွားခဲ့တာပါ။ ကျမကသူ့ရဲ့ အကျဉ်းသားဖြစ်သွားခဲ့ပြီး၊ ကျမနဲ့ လိင်ဆက်ဆံချင်တဲ့ ယောကျ်ားတွေဆီ ကျမကို ရောင်းစားခဲ့ပါတယ်။ အဲဒီယောကျ်ားတွေကကျော်ဝင်းနဲ့ ပွဲစားကို ပိုက်ဆံပေးပါတယ်။

မေး – ပိုက်ဆံပေးတာကို ခင်ဗျား ဘယ်လိုလုပ်သိပါသလဲ။

မိပကောင်းရော့ – ကျမ အခန်းထဲ လာတဲ့လူတွေဆီမှာ သူတို့ပိုက်ဆံတောင်းတာကို ကျမကိုယ်တိုင်မြင်ခဲ့ရပါတယ်။

မေး – ဒီလိုလုပ်တဲ့ ကိစ္စကို ခင်ဗျားဘက်က သဘောတူခဲ့ပါသလား။

မိပကောင်းရော့ – မတူပါဘူး။ ကျမ လုံးဝသဘောမတူခဲ့ပါဘူး။ ကျမက အကျဉ်းသားပါ။ ဒီမဖွယ်မရာအလုပ်တွေကို အတင်းအဓမ္မလုပ်ခိုင်းခံခဲ့ရတာပါ။

မေး – ဘယ်လိုလုပ်ပြီး အတင်းအဓမ္မ လိင်ဆက်ဆံခိုင်းခဲ့ပါသလဲ။

မိပကောင်းရော့ – ကျမ မလုပ်ရင်၊ ကျော်ဝင်းနဲ့ ပွဲစားက ရိုက်မှာပေါ့။ ပထမတော့ ကျမ ငြင်းခဲ့ပါသေးတယ်။ သူတို့က ကျမကို တအားရိုက်ပါတယ်။ ဒါကြောင့် နောက်ပိုင်းမှာ ကျမ ငြင်းဘို့မကြိုးစားတော့ပါဘူး။

မေး – ခင်ဗျား နစ်နာကြေးတစုံတရာ ရခဲ့ပါသလား။

မိပကောင်းရော့ – မရခဲ့ပါဘူး။ ကျော်ဝင်းနဲ့ ပွဲစားကရသမျှ ပိုက်ဆံကို သူတို့ပဲယူပါတယ်။ ထမင်းကိုတောင် တူတူတန်တန် ကျွေးတာမဟုတ်ပါဘူး။ ထမင်းလေး လက်တဆုပ်စာလောက်နဲ့ ဟင်း မဖြစ်စလောက်လေးပဲပေးပါတယ်။ ကျမမှာ အမြဲပဲ ဗိုက်ဆာနေခဲ့ပါတယ်။

မေး – ခင်ဗျားရဲ့ဖြစ်ရပ်အကြောင်းကို အာဏာပိုင်တွေဆီမှာ တိုင်တန်းခဲ့ပါသလား။

မိပကောင်းရော့ – ကျမ တိုင်ဘို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ သူတို့က ကျမဟာ ပြည့်တန်ဆာပဲ၊ ဥပဒေအရ အရေးယူလို့ ရတယ်

ndburma2.indd 64 26-Dec-09 13:05:21

လို့ ပြောခဲ့ပါတယ်။ ကျမလည်း ထောင်ထဲဝင်ရမှာကြောက်တာနဲ့၊ တိုင်ချက်မဖွင့်ဘဲ ပြန်ခဲ့ရပါတယ်။ ကျမလည်း ရှက်လွန်းလို့ ရှာကိုမပြန်ရဲတာနဲ့၊ ထိုင်းနိုင်ငံကိုထွက်လာခဲ့ပါတယ်။ တခြားဘာလုပ်ရမလဲ ဆိုတာလည်း စဉ်းစားလို့မရခဲ့ပါဘူး။

မေး – ခင်ဗျားရဲ့ဖြစ်ရပ်နဲ့ပတ်သက်လို့ အတည်ပြုပေးနိုင်မယ့် တခြားလူတယောက်ယောက်ကို ကျနော်စကားပြောလို့ ရနိုင်မလား။

မိပကောင်းရော့ – ကျမကို ပိတ်လှောင်ခဲ့တဲ့လူတွေရဲ့ လက်ထဲမှာ ကျမလိုပဲ နေခဲ့ရတဲ့၊ ရှမ်းပြည်နယ်က အမျိုးသမီးတယောက် ရှိပါတယ်။ ကျမ ထွက်ပြေးပြီးတဲ့ နောက်မှာသူလည်း ထွက်ပြေးလာခဲ့ပါတယ်။ မကြာသေးခင်ကပဲ၊ ဒီထိုင်းနိုင်ငံထဲမှာ ကျမ သူနဲ့တွေ့ခဲ့ပါတယ်။ သူနဲ့တွေ့ရင် အဆင်ပြေမလား။ တွေ့ဖို့ကိစ္စကိုတော့ ကျမ စီစဉ်ပေးလို့ရပါတယ်။

မေး – ဟုတ်ကဲ့။ ဒါဆိုရင် သိပ်ကောင်းတာပေါ့ဗျာ။ နောက်ထပ်ပြောစရာ ရှိပါသေးသလား။ ဒါမှမဟုတ် ကျနော့်ကို မေးစရာ တခုခုရှိပါသလား။

မိပကောင်းရော့ – မြန်မာပြည်မှာရှိနေတဲ့ ကျမ မိသားစုအတွက် စိတ်ပူမိတာတခုပါဘဲ။ ကျမကို ရန်ကုန် ပို့ဖို့အတွက် မိဘတွေ ကပိုက်ဆံတွေအများကြီး ချေးထားခဲ့ရတာပါ။ ခုတော့ သူတို့တတွေ ဘယ်လိုရပ်တည်နေကြသလဲမသိပါဘူး။ သူတို့ဆီပို့ဖို့အတွက် ကျမကြိုးစားပြီး ပိုက်ဆံရှာနေပါတယ်။ ဒါပေမယ့် အလုပ်ရှာရတာကလည်း ခက်ပါတယ်။ သူတို့အတွက် ကျမ အမြဲစိတ်ပူနေမိပါတယ်။

မေး – ခင်ဗျားရဲ့ အတွေ့အကြုံကို ပြောပြတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ဒီလိုပြောပြဖို့ တော်တော့်ကို မလွယ်မှန်း ကျနော် နားလည်ပါတယ်။ ခင်ဗျားနဲ့ တိုင်ပင်ဖော် တိုင်ပင်ဖက်တွေထဲမှာ ကျနော်နဲ့တွေ့ပေးလို့ရမယ့် သူတွေရှိရင် ကျနော်နဲ့ တွေ့ပေးနိုင်မလား။

မိပကောင်းရော့ – ကျမတကယ်ဘဲ တွေ့ပေးချင်ပါတယ်။

မေး – ကျနော်ခင်ဗျားနဲ့နောက်ထပ် တွေ့ဖို့လိုမယ်ဆိုရင် ခင်ဗျားကို ဘယ်လို ဆက်သွယ်လို့ရနိုင် ပါမလဲ။

မိပကောင်းရော့ – ကျမ နာမည်ကို ဒီမှာ မေးလို့ရပါတယ်။ ညနေပိုင်းတွေမှာ ကျမ ဒီဆိုင်မှာ အမြဲအလုပ်လုပ်ပါတယ်။

ဤတွေ့ဆုံမေးမြန်းခြင်းသည် အဘယ့်ကြောင့် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

ဤတွေ့ဆုံမေးမြန်းခြင်းသည် ကောင်းပါသည်ဟု ဆိုရခြင်းမှာ မိပကောင်းရော့က သူ့ဖြစ်ရပ်ကို ပြောပြသောကြောင့် ဖြစ်ပါသည်။ ပွဲဦးထွက်မေးခွန်းများသည် အဖွင့်မေးခွန်းများဖြစ်ပြီး၊ နောက်ဆက်တွဲမေးခွန်းများလည်းပါသည်။ သူ၏ဖြေကြားချက်များသည်ချိုးဖောက်မှုတခုအဖြစ်သတ်မှတ်ရေးအတွက်အင်္ဂါရပ်အသီးသီးကိုမှတ်တမ်းပြုရာ၌အထောက်အကူဖြစ်စေပါသည်။ သာဓကအားဖြင့်ဖေါ်ပြရလျှင်၊ မိပကောင်းရော့သည် လူကုန်ကူးခြင်းနှင့်ပတ်သက်၍အောက်ပါသတင်းအချက်အလက် များကို ပေးပါသည်။

ပထမ– မိပကောင်းရော့သည် လူရှာဖွေစုဆောင်းခြင်းအဖြစ် သတ်မှတ်ရေးအတွက် သတင်းအချက်များပေးသည်။ ပွဲစားတယောက်က ရန်ကုန်မှာ အလုပ်ရှာပေးမည်ဟု ခေါ်ကြောင်း မိပကောင်းရော့ ပြောပြခဲ့သည်။ ထိုသူသည်ငွေအတော်များများ တောင်းယူလျက် သူမကို ရန်ကုန်သို့ ပို့ပေးပြီးနောက် ပိတ်လှောင်ထားခဲ့ကြောင်း သူကဖေါ်ပြခဲ့သည်။ သူ၏ ဖြစ်ရပ်ကို အတည်ပြုဖေါ်ပြပေးရန်အတွက် သူ၏ဘဝတူ ရှမ်းအမျိုးသမီးထံမှ သတင်းအချက်အလက်များက အထောက်အကူပေးပါလိမ့်မည်။

ဒုတိယ– သဘောတူခွင့်ပြုချက် မပါရှိခြင်းနှင့် နိုင့်ထက်စီးနင်း ပြုခြင်း၏ သဘောသဘာဝအဖြစ်ဖေါ်ပြရေးအတွက် အသေးစိတ် အချက်အလက်များကို မိပကောင်းရော့ကပေးခဲ့သည်။ မိပကောင်းရော့အနေနှင့် ပွဲစားက သူ့ကို ရန်ကုန်သို့ ခေါ်သွားပေးရန် ပထမတွင် သဘောတူခဲ့သော်လည်းပွဲစားက ရန်ကုန်မှာ လုပ်ရမည့် အကြောင်းအသေးစိတ်ကို လိမ်ညာထားခဲ့သည်။ မိပကောင်းရော့က ရန်ကုန်မှာ အိမ်အလုပ်လုပ်ရန် သဘောတူခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ရန်ကုန်

ndburma2.indd 65 26-Dec-09 13:05:21

ရောက်သောအခါ သူ့ကို အခန်းတခန်းထဲမှာ ပိတ်လှောင်ထားပြီး၊ ယောကျ်ားများနှင့် လိင်ဆက်ဆံရန် အတင်းအဓမ္မခိုင်းခဲ့သည်။ ပွဲစားနှင့် သူ့အပေါင်းအဖေါ်၏ ခိုင်းသည့်အတိုင်းမလုပ်လျှင် ရိုက်နှက်သည့်အပြင်၊ သတ်ပစ်မည်ဟု ခြိမ်းခြောက်ကြောင်းကိုလည်း မိပကောင်းရော့က ဖေါ်ပြခဲ့ပါသည်။ သူမ၏ထွက်ဆို ချက်အရကြည့်လျှင်၊ ဤလုပ်ရပ်ကို သဘောတူခွင့်ပြုချက် မပါရှိ ခြင်းနှင့် နိုင့်ထက်စီးနင်းပြုခြင်းနည်းဖြင့် လုပ်ခဲ့ကြောင်း ပေါ်လွင်နေပါသည်။

တတိယ– အမြတ်ထုတ်လိုသော ရည်ရွယ်ချက်ကို မိပကောင်းရော့က သတ်မှတ်ဖေါ်ပြပေးခဲ့သည်။ သူနှင့် လိင်ဆက်ဆံသူများ ထံမှ အခကြေးငွေများကို ပွဲစားနှင့် ကျော်ဝင်းဆိုသူတို့ ရရှိခဲ့ကြောင်းကို သူကဖေါ်ပြခဲ့သည်။ ပွဲစားနှင့် ကျော်ဝင်းတို့သည် အမြတ်ထုတ်လိုသော ရည်ရွယ်ချက်အတွက် မိပကောင်းရော့ကို ရန်ကုန်သို့ခေါ်လာခဲ့ပြီး၊ ပိတ်လှောင်ထားခဲ့ကြောင်း ဤအချက်က ညွှန်ပြနေပါသည်။

နောက်ဆုံးအချက်– ဤချိုးဖောက်မှုတွင် အစိုးရပိုင်းမှ ပုဂ္ဂိုလ်များပါဝင်ကြောင်းကို မိပကောင်းရော့က ဖေါ်ပြခဲ့သည်။ အာဏာပိုင်များကို သူမအနေနှင့် တိုင်ကြားခဲ့ကြောင်း သို့ရာတွင် အာဏာပိုင်များက အရေးယူရန် ပျက်ကွက်ခဲ့ကြောင်း မိပကောင်းရော့က ဖေါ်ပြခဲ့သည်။ သည်ကြားထဲ သူ့ကို ဖမ်းဆီးမည်တကဲကဲ ခြိမ်းခြောက်လိုက်သေးသည်။ ဤအချက်နှင့်ပင်လျှင် အစိုးရ၏ ပါဝင်ပတ်သက်မှုကို ပြသရန် လုံလောက်ပါသည်။

ဤတွေ့ဆုံမေးမြန်းခြင်းမှလူကုန်ကူးခြင်းနှင့်ဆက်စ်ယ်နေသောအတင်းအဓမ္မပြည့်တန်ဆာလုပ်ခိုင်းခြင်းကဲ့သို့သော အခြားချိုးဖောက်မှုများအတွက်လည်းအထောက်အထားများရရှိပါသည်။သူ့ကိုအခန်းတခန်းထဲမှာပိတ်လှောင်ထားပြီး၊ အခ ကြေးငွေအတွက် ယောကျ်ားများနှင့် လိင်ဆက်ဆံရန် အတင်းအဓမ္မ ခိုင်းခဲ့ကြောင်းကို မိပကောင်းရော့ကဖေါ်ပြခဲ့သည်။ ထိုပွဲစားနှင့် အပေါင်းအပါတို့၏ လက်ဝယ်မှာ အလားတူ မတော်မတရား အပြုခံခဲ့ရသည်ဆိုသော ဘဝတူရွမ်းအမျိုးသမီးကို တွေ့ဆုံမေးမြန်းအား ဖြင့် မိပကောင်းရော့၏ ဖြစ်ရပ်ကို သက်သေခံရေးအတွက် အထောက်အကူပေးပါလိမ့်မည်။ အခြားသော ချိုးဖောက်မှုများကို သတ်မှတ်ဖေါ်ပြရေးအတွက် နောက်ထပ်မေးခွန်းများမေးရန် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။ တွေ့ဆုံ မေးမြန်းခြင်းသည် ကောင်းစွာပြီးဆုံးသွားပါသည်။ အကြောင်းမှာ မိပကောင်းရော့က နောက်ထပ် မေးခွန်းများကို ဖြေကြားပေးမည်ဟု သဘောတူခဲ့သည့်အပြင်၊ တွေ့ဆုံမေးမြန်းသူအဖို့လည်း သူနှင့်မည်သို့ဆက်သွယ်ရမည်ကို သိလိုက်ရသောကြောင့် ဖြစ်ပါသည်။

(၃) နိဂုံးချုပ်

ဤအခန်းကို ဖတ်ပြီးလျှင် သင့်အနေနှင့် အောက်ပါအချက်များကို လုပ်ဆောင်နိုင်စွမ်းရှိလာပါလိမ့်မည်။

– လူကုန်ကူးခြင်း၏ အင်္ဂါရပ်များကို နိုင်ငံတကာဥပဒေနှင့်အညီ မှတ်သား သိရှိလာခြင်း။

– လူကုန်ကူးရောင်းချခြင်းအကြောင်း သတင်းအချက်အလက်များကို စုဆောင်းရရှိရေးအတွက် အရေးကြီးသော မေးခွန်းများ ရေးသားပြုစုခြင်း။

– ချိုးဖောက်မှုတရပ် ဖြစ်ပွားခဲ့ခြင်း ရှိ–မရှိ သိရှိရေးအတွက် ထိရောက်သောတွေ့ဆုံမေးမြန်းခြင်းတရပ်ကိုဆောင်ရွက်ခြင်း။

ဤလက်စွဲစာစောင်၏ နောက်လာမည့်အခန်းများက လူကုန်ကူးခြင်း၏ အထောက်အထားများကို အကဲဖြတ်နည်းအကြောင်း ပို၍အသေးစိတ်ကျကျ ဆွေးနွေးထားပါသည်။

ndburma2.indd 66 26-Dec-09 13:05:21

(1) owfzwfcifESHt pazmufypfcif

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လူ့အခွင့်အရေး ချိုးဖေါက်မှု မြောက်ရန်မှာ ချိုးဖေါက်မှု၏ အဓိကအင်္ဂါရပ်များပြည့်မီရန် လိုအပ်ပါသည်။ ဤအင်္ဂါရပ်များသည် တိကျရေရာသော စံချိန်စံညွှန်းများဖြစ်သည်။ သို့တည်းမဟုတ် ဥပဒေနှင့် ဆန့်ကျင်သော လုပ်ရပ်ဖြစ်သည်ဟု သတ်မှတ်နိုင်ရေးအတွက် ရှိနေရမည့် ပတ်ဝန်းကျင် အခြေအနေတစုံလိုအပ်ပါသည်။ လူ့အခွင့်အရေးချိုးဖေါက်မှုများ၏ အင်္ဂါရပ်များသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တရားဝင်စာချုပ်စာတမ်းပြဋ္ဌာန်းချက်များမှနေ၍ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေး ချိုးဖေါက်မှု မှန်သမျှကို စတင်မှတ်တမ်း တင်ခြင်းမပြုမီမှာ ချိုးဖေါက်မှု ဟူသော အဓိပ္ပါယ်ကို သတ်မှတ်ရာ၌ လိုအပ်သည့် အင်္ဂါရပ်များအကြောင်း ရှင်းလင်းတိကျ စွာနားလည် ထားသင့်ပါသည်။ ဤအခန်းက သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်း တည်းဟူသော ချိုးဖေါက်မှု ပေါ်လွင်စေရေးအတွက် လိုအပ်သော အင်္ဂါရပ်များကြောင်း ရှင်းလင်းဖေါ်ပြထားပါသည်။

(၂) သတ်ဖြတ်ခြင်း၏ အဓိပ္ပါယ်ကို သတ်မှတ်ခြင်း။

(က) နိုင်ငံတကာဥပဒေအရဆိုလျှင် သတ်ဖြတ်ခြင်း၏ အင်္ဂါရပ်များကား အဘယ်နည်း။

သတ်ဖြတ်ခြင်းကို လူ့အခွင့်အရေး ချိုးဖေါက်မှုတရပ်အဖြစ် မှတ်တမ်းပြုရန်အလို့ငှာ အောက်ပါ အင်္ဂါရပ် (၄)ရပ် ထင်ရှားကြောင်းဖေါ်ပြရပါမည်။[၁]

၁။ လူ့အသက်ကို သေစေခြင်း။

၂။ တရားဥပဒေမဲ့ သတ်ဖြတ်ခြင်း။

၁၊ လူတို့၏ အသက်ရှင်နေထိုင်ခွင့်ကို ကာကွယ်ပေးထားသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

– အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ ပုဒ်မ–၃။ Universal Declaration of Human Rights (Article 3)

– လူမှုရေးနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ–၆။ (ICCPR) (Article 6)

– ဂျီနီဗာ ကွန်ဗင်းရှင်း (အထွေထွေ ပုဒ်မ–၃)။ ၎င်းမှာ စစ်ပွဲနှင့်ဆိုင်သော ဥပဒေများ၏ တစိတ်တပိုင်းဖြစ်ပြီး၊ မြန်မာနိုင်ငံက ပါဝင် လက်မှတ်ရေးထိုးထားပါသည်။

– ကလေးများ အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ–၆။ The Covenant on the Rights of the Child (Article 6) အကယ်၍ နစ်နာခံရသူသည် အသက်–၁၈ နှစ်အောက်ဖြစ်ပါက အသုံးပြုနိုင်သည်။ မြန်မာနိုင်ငံက ဤသဘောတူညီချက်ကို ခွင့်ချက်ဖြင့် အသိအမှတ်ပြု လက်မှတ်ရေးထိုးထားသည်။

လူ့အခွင့်အရေးဆိုင်ရာ ဥရောပ သဘောတူညီချက်၊ ပုဒ်မ–၂။ European Convention on Human Rights (Article 2) ၊ အမေရိကန် လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ–၄ the American Convention on Human Rights (Article 4) တို့ကဲ့သို့သော ဒေသဆိုင်ရာ သဘောတူညီချက်များသည်လည်း လူများ၏ အသက်ရှင်နေထိုင်ခွင့်ကို ကာကွယ်မှုပေးထားပါသည်။ အာဆီယံအဖွဲ့တွင် အလားတူ သဘောတူညီမှု ရှိသော်လည်း လက်မှတ်ရေးထိုးခြင်း မပြုရသေးပါ။

ဥပဒေအရ စည်းနှောင်မှု မရှိသော်လည်း လူတို့၏ အသက်ရှင်နေထိုင်ခွင့် အခွင့်အရေးကို ကာကွယ်ပေးထားသည့် နိုင်ငံတကာ စာချုပ်စာတမ်း များရှိနေပါသည်။ ၎င်းတို့မှာ – ဥပဒေစည်းကြပ်ရေး အရာရှိများ၏ အင်အားသုံးခြင်းနှင့် လက်နက်အသုံးချခြင်းဆိုင်ရာ မူဝါဒ the Basic Principles on the Use of Force and Firearms by Law Enforcement Officials / သေဒဏ်အပြစ်ကျခံရသူများ၏ အခွင့်အရေးကို အာမခံကာကွယ်ပေးရန်မူများ the Safeguards Guaranteeing Protection of the Rights of those Facing the Death Penalty ၊ တရားမဝင်၊ အတင်းအကျပ်သဘောနှင့် အကျဉ်းရုံး သတ်ဖြတ်မှုများကို ထိရောက်စွာ ကာကွယ်ပေးရေးနှင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ လမ်းညွှန်မူများ the Principles on the Effective Prevention and Investigation of Extralegal, Arbitrary and Summary Executions နှင့် ရာဇဝတ်မှုကြောင့် နစ်နာရသူများနှင့် အာဏာ အလွဲသုံးစားမှုများအတွက် နစ်နာရသူများ တရားမျှတမှုရရှိရေး မူဝါဒများဆိုင်ရာ ကြေညာစာတမ်း the Declaration of Basic Principles of Justice for Victims of Crime and Abuse of Power တို့ ပါဝင်ပါသည်။ အထူးသဖြင့် တရားမဝင်၊ အတင်းအကျပ်သဘောနှင့် အကျဉ်းရုံး သတ်ဖြတ်မှုများကို ထိရောက်စွာ ကာကွယ်ပေးရေးနှင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ လမ်းညွှန်မူများအရ အစိုးရများသည် ဥပဒေကြောင်းအရ၊ သို့မဟုတ် အခြားသောပုံစံများဖြင့် ဤသို့ သေစေမည်ဟု ခြိမ်းခြောက်စာပေးခံရသူများ အပါအဝင်၊ သတ်ဖြတ်ခံရမည့်အရေး ကြိုတွေ့နေရသူများကို ကာကွယ်ပေးရန် တာဝန်ရှိပါသည်။ ထို့အပြင် ဤမူများ၏ ပုဒ်မ–၁ အရ ပြည်တွင်းမငြိမ်မသက်မှုများ၊ သို့မဟုတ် လူထုအရေးပေါ် အခြေအနေများ ကဲ့သို့သော သာမာန်မဟုတ်သည့် အခြေအနေများအရ ဤသို့ အကျဉ်းရုံး သတ်ဖြတ်မှုကို ဆင်ခြေပေး၍မရပါ။ ပုဒ်မ–၂၀ အရ နစ်နာရသူ ကာယကံရှင်များ၏ မိသားစုဝင်များ ကိုလည်း ကာလတခုတာ သင့်လျော်သော ထောက်ပံ့ကြေးပေးခြင်းများ ဆောင်ရွက်ပေးရပါမည်။ See Principles on the Effective Prevention and Investigation of Extra-legal, Arbitrary and Summary Executions: Recommended by Economic and Social Council resolution 1989/65 of 24 May 1989, Article 1, http://www.unhchr.ch/html/menu3/b/54.htm (last visited July 31, 2008) and Fact Sheet No 11 (Rev. 1), Extrajudicial, Summary or Arbitrary Executions, http://www.unhchr.ch/html/menu6/2/fs11.htm (last visited Nov 1, 2005).

ဤမှတ်တမ်းများကို အင်တာနက်စာမျက်နှာတွင် ကြည့်ရှုရယူနိုင်ပါသည်။ see http://www2.ohchr.org/english/law/ (last visited 27 July 2008).

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ (ဃ၍၍) ကို လက်မှတ်ရေးထိုး အသိအမှတ်ပြုထားခြင်းမရှိပါ။ (CIL)သည် အစိုးရ ၏ ယေဘုယျလုပ်ဆောင်ချက်မှ လာ သည့် ဥပဒေကျော်ရိုးတခုဖြစ်ပြီး၊ အချိန်ရလာသည်နှင့်အမျှ စည်းနှောင်မှုရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြပါသည်။ သို့သော်လည်း နိုင်ငံတခုသည် စဉ်ဆက်မပြတ် ဤဥပဒေကို ငြင်းပယ်လာခဲ့ပါက နိုင်ငံတခုသည် ဤဥပဒေအရ စည်းနှောင်မှုမရှိပါ။

သို့အတွက်ကြောင့် မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးမထားသော်လည်း၊ ဤအပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေများနှင့် ဆက်နွယ်မှုရှိနေသည်ဟု ယူဆနိုင်ပါသည်။ (သို့မဟုတ်ပါက ဤဥပဒေအရစည်းနှောင်မှုမရှိစေရန် အစဉ်အဆက်ငြင်းပယ်ဖော်ပြမှုမျိုး ပြုလာရမည်ဖြစ်သည်။ လူအများစုက လက်ခံယူဆထားကြရာတွင် လူထုဦး၏ အသက်ရှင်နေ ထိုင်ခွင့်သည် ယေဘုယျ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများ၏ တန်ဖိုးထားချက်တခုသာ ဖြစ်သည်မက၊ a jus cogens norm တခုလည်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ၎င်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အခြေခံတန်ဖိုးထားချက် ဖြစ်ပါသည်။ မည်သည့်နိုင်ငံကမျှ (အကယ်၍ အမြဲတစေ ကန့်ကွက်နေခဲ့လျှင်သော်မှ) ချိုးဖောက်ခွင့်မရှိပါ။ တနည်းဆိုရသော် နိုင်ငံတော် အစိုးရများသည် ဤတန်ဖိုးထားချက်ကို ပစ်ပယ်ရောင်းစားခြင်းမပြုရပါ။ See, Fact Sheet No 11 (Rev. 1), Extrajudicial, Summary or Arbitrary Executions, http://www.unhchr.ch/html/menu6/2/fs11.htm (last visited 1 November 2005).

ndburma2.indd 67 26-Dec-09 13:05:21

၃။ အစိုးရ၏ လုပ်ဆောင်ချက်။

အပြည်ပြည်ဆိုင်ရာ ဥပဒေ – လူတဦး၏ အသက်ရှင်နေထိုင်ခွင့်

အသက်ရှင်နေထိုင်ခွင့်ကို အတင်းအကျပ် ရုပ်သိမ်းခြင်းကို အပြည်ပြည်ဆိုင်ရာ ဥပဒေများက ပိတ်ပင်တားမြစ်ထားပါသည်။ သတ်ဖြတ်ခြင်းသည် အသက်ရှင်နေထိုင်ခွင့်ကို ရုပ်သိမ်းခြင်း အဖြစ် အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်ရာ ရောက်သည်။

(ခ) တရားဥပဒေမဲ့ သတ်ဖြတ်ခြင်းဆိုသည်ကို မည်သည့်အချက်များက အထမြောက်စေသနည်း။

"တရားဥပဒေမဲ့"သတ်ဖြတ်ခြင်းတွင် ဥပဒေမဲ့သတ်ဖြတ်ခြင်း သို့မဟုတ် တရားရုံးမှာ စီရင်ခြင်းမရှိသော၊ အကျဉ်းရုံးစီရင်သော သတ်ဖြတ်ခြင်း သို့မဟုတ် အတင်းအကျပ် သတ်ဖြတ်ခြင်းတို့ အကျုံးဝင်ပါသည်။ ယေဘုယျအားဖြင့် ဆိုရလျှင်၊ သတ်ဖြတ်မှုတရပ်သည် တရားမမျှတမှု ဖြစ်စေ၊ ကျိုးကြောင်းမခိုင်လုံမှုဖြစ်စေ၊ လက်လွတ်စပယ်ပြုခြင်းဖြစ်စေ ပါရှိနေပါက ၎င်းသည် တရား ဥပဒေမဲ့သတ်ဖြတ်ခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အောက်ပါတို့သည် တရားဥပဒေမဲ့သတ်ဖြတ်ခြင်း၏ သာဓကအချို့ဖြစ်ပါသည်။[၂]

- ညှဉ်းပမ်းနှိပ်စက်ရာမှ သေဆုံးခြင်း
- တရားမျှတသော တရားရုံးကြားနာစစ်ဆေးမှု မရှိဘဲ ကွပ်မျက်ခြင်း
- စစ်သုံ့ပန်းကို သတ်ဖြတ်ခြင်း[၃]
- အလွန်အကျွံ အင်အားအသုံးပြုရာမှ သေဆုံးခြင်း (အထူးသဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများမှာ ဖြစ်ပွားသည်။)
- ထိန်းသိမ်းချုပ်နှောင်ထားစဉ် ကာလအတွင်း အသက်သေစေလောက်သော အခြေအနေများမှနေ၍ သေဆုံးခြင်း။ သာဓကအားဖြင့် အစားအစာမကျွေးဘဲ ထားခြင်း၊ သို့မဟုတ် ဆေးဝါးကုသ မပေးခြင်း။

သတ်ဖြတ်ခြင်းသည် လက်နက်ကိုင်တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ရာမှသေဆုံးခြင်း သို့မဟုတ် တရားမျှတသော တရားရုံးကြားနာစစ်ဆေးမှု လုပ်ပြီးနောက် သေဒဏ်ပေးမှုကြောင့် သေဆုံးခြင်းကဲသို့သော အနည်းအကျဉ်းမျှသော အခြေအနေများမှာသာလျှင် "ဥပဒေနှင့်အညီ"ဖြစ်သည်ဟု ဆိုနိုင်ပါသည်။[၄] ကျန်သတ်ဖြတ်ခြင်းအများစု (နိုင်ငံ၏အရေးပေါ်အခြေအနေများအတွင်းမှာ ကျူးလွန်သော သတ်ဖြတ်ခြင်း အပါအဝင်ဖြစ်သည်)သည် တရားဥပဒေနှင့်မညီသော သတ်ဖြတ်မှုများဖြစ်သည်။)

၂၊ တရားမဝင်၊ အတင်းအကျပ်သဘောနှင့် အကျဉ်းရုံး သတ်ဖြတ်မှုများကို ထိရောက်စွာ ကာကွယ်ပေးရေးနှင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ လမ်းညွှန်မူများ (ပုဒ်မ–၁) See, Principles on the Effective Prevention and Investigation of Extra-legal, Arbitrary and Summary Executions (Article 1) ESiifh Fact Sheet No 11 (Rev. 1): Extrajudicial, Summary or Arbitrary Executions, http://www.unhchr.ch/html/menu6/2/fs11.htm (last visited 1 November 2005). ကိုကြည့်ပါ။

၃၊ အပြည်ပြည်ဆိုင်ရာ စစ်ပွဲဥပဒေများအရ စစ်သားများနှင့် လက်နက်ကိုင် အတိုက်အခံအုပ်စုဝင်များကိုပင်လျှင် စစ်ပွဲ တိုက်ခိုက်နေသည့် အခြေအနေမျိုး မဟုတ်လျှင် သတ်ဖြတ်ခြင်းကို ခွင့်ပြုထားခြင်းမရှိပါ။ ဤပြဌာန်းချက်သည် စစ်အကျဉ်းသားများအတွက်ကိုမူ ရှင်းလင်းစွာ ဆက်လက်ဖော်ပြထားခြင်းမရှိပါ။ အပြည်ပြည်ဆိုင်ရာ စစ်ပွဲဥပဒေများအရလက်နက်ချလာသူကို သတ်ဖြတ်သုတ်သင်ခွင့်မရှိပါ။ အကယ်၍ ဤသူသည် အတိုက်အခံအုပ်စု၊ စစ်တပ်၏အဖွဲ့ဝင်၊ လက်နက်ကိုင် အဖွဲ့ဝင်ဖြစ်နေလျှင်သော်မှ သတ်ဖြတ်ခွင့်မရှိပါ။ ထို့အပြင် နှိပ်စက်ညှဉ်းပမ်းခြင်းကြောင့် သေဆုံးရခြင်းသည် အစဉ်သဖြင့်တရားမဝင် ဆောင်ရွက်သည်ဟု သတ်မှတ်ထားကြပါသည်။

၄၊ လူအများစုက သေဒဏ်အပြစ်ပေးမှုကို နိုင်ငံတကာ ဥပဒေများက တားမြစ်ထားသည်ဟု ယုံကြည်နေကြပါသည်။ အနည်းဆုံးအနေနှင့် နိုင်ငံတကာဥပဒေက အရွယ်မရောက်သေးသည့် ကလေးသူငယ်များအပေါ်၊ ကိုယ်ဝန်ဆောင်အမျိုးသမီး၊ မိခင်အသစ်နှင့် ဂျူးသွပ်နေသူများကို သေဒဏ်အပြစ်ပေးခြင်းကို တားမြစ်ထားပါသည်။ သေဒဏ် အပြစ်ပေးခံရသူများ၏ အခွင့်အရေးများကို အာမခံပေးခြင်းဆိုင်ရာ မူများကိုကြည့်ပါ။ See, Safeguards Guaranteeing Protection of the Rights of those Facing the Death Penalty, ECOSOC resolution 1984/50 of 25 May 1984, http://www.unhchr.ch/html/menu3/b/h_comp41.htm (last visited 1 November 2005); see also Article 6(5) of the International Covenant on Civil and Political Rights, http://www.unhchr.ch/tbs/doc.nsf/(Symbol)/84ab9690ccd81fc7c12563ed0046fae3?Opendocument (last visited 1 November 2005) and General Comment No. 06: The Right to life (Art. 6).

ndburma2.indd 68 26-Dec-09 13:05:21

(၈) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေ အရဆိုလျှင် သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်း အမှုမြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်များ ဖြစ်ရန်လို အပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိ လူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသော အမျိုးသား(နိုင်ငံတော် အဆင့်) အဖွဲ့အစည်း" ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။[၅] သို့ဖြစ်ရာ အစိုးရ၏ လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအား ဖြင့် ဖေါ်ပြရပါလျှင်၊ အစိုးရ အရာရှိတဦးက မုဒိမ်းမှုတခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။[၆] အစိုးရလုပ်ဆောင်ချက်တွင် တရားဝင်အသိအမှတ်ပြုမှုဖြင့် သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက်၍လုံလောက်စွာ အရေးယူရန် သော်လည်းကောင်း အစိုးရ၏ပျက်ကွက်မှုများလည်းပါဝင်ပါသည်။[၇] သာဓကအားဖြင့်ဖေါ်ပြရပါလျှင်၊ သတ်ဖြတ်မှုနှင့်အစဖျောက်မှု ကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေးအရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့် နိုင်ငံတကာဥပဒေကိုချိုးဖောက်ရာ ရောက်ပါသည်။

ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA)ဆိုသည်မှာတသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏ အစိတ်အပိုင်းတခုမဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိက ကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ ပြုမူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA)သည် ပြည်တွင်းဥပဒေအရသူတို့ လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော်အစိုးရ တရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန်မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရတာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို အပြည့်အဝမှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရကကျူးလွန်သည်ဖြစ်စေ၊ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) က ကျူးလွန်သည် ဖြစ်စေ မှတ်တမ်းပြုထားရန်လိုအပ်သည်။

(၉) အရေးကြီးသောမေးခွန်းများ မေးခြင်း – သတ်ဖြတ်ခြင်း။

မေးခွန်းများမေးခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းတို့သည် လူ့အခွင့်အရေးချိုးဖေါက်မှုများအကြောင်း သတင်းအချက်အလက်များစုဆောင်းရာ၌ အလွန်အရေးကြီးပါသည်။ တွေ့ဆုံမေးမြန်းမှုတရပ်၏ အသုံးဝင်မှုသည် အချက်အလက် ရှာဖွေစုဆောင်းသူ၏ ထိရောက်ပြီး၊ လုံလောက်သော မေးခွန်းများမေးသည့် အတွေ့အကြုံနှင့် စွမ်းရည်ပေါ်မှာ အဓိကအားဖြင့် မူတည်ပါလိမ့်မည်။ အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ ချိုးဖေါက်မှု၏ အရေးကြီးသော အင်္ဂါရုပ်များကို သိရှိနားလည်ခြင်းအားဖြင့်၊ နိုင်ငံတကာ ဥပဒေချိုးဖေါက်ကြောင်း သတ်မှတ်ရေးအတွက် အရေးကြီးမေးခွန်းများ ပြုစုရာ၌ အထောက်အကူဖြစ်စေပါသည်။ လိုအပ်သော

၅၊ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East-West Center Washington, 2007, p. vix, ဤကိစ္စကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (state) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်။

၆၊ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေစည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

၇၊ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏ လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

ndburma2.indd 69 26-Dec-09 13:05:21

သတင်းအချက်အလက်များ စုဆောင်းရရှိရေးတွင် ချိုးဖေါက်မှုအင်္ဂါရုပ်များမှနေ၍ အသုံးဝင်သော ဘောင်စည်းကမ်းသတ်မှတ်ချက် တခုရရှိနိုင်ပါသည်။

၁။ သတ်ဖြတ်ခြင်းအဖြစ်သတ်မှတ်ခြင်း

- မည်သူသေဆုံးခဲ့သနည်း။
- မည်သည့်ဖြစ်ရပ်များ ဖြစ်ပွားခဲ့သနည်း။
- မည်သည့်အချိန်အခါမှာ သေဆုံးခဲ့သနည်း။
- မည်သည့်နေရာမှာ သေဆုံးခဲ့သနည်း။
- မည်သို့ သေဆုံးခဲ့သနည်း။
- ဖြစ်ပွားခဲ့သည်တို့ကို သင်မည်သို့သိပါသနည်း။

၂။ တရားဥပဒေမဲ့သတ်ဖြတ်ခြင်း အဖြစ်သတ်မှတ်ခြင်း

- သတ်ဖြတ်ခြင်းအမှုတွင် မည်သူက ဦးဆောင်ခဲ့ပါသနည်း။
- သတ်ဖြတ်ခြင်းအမှုအတွက် မည်သည့် အကြောင်းပြချက် ပေးခဲ့သနည်း။
- သတ်ဖြတ်ခံရခြင်းမှ လွတ်ရန်အတွက် ခံရသူမှာ မည်သည့် အခွင့်အလမ်းများ ရှိခဲ့ပါသနည်း။
- သတ်ဖြတ်ခြင်းအမှုကို မည်သို့မည်ပုံ ကျူးလွန်ခဲ့ပါသနည်း။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်ကို သတ်မှတ်ခြင်း။

- သတ်ဖြတ်ခြင်းကို မည်သူကလုပ်ခဲ့သနည်း။ မည်သူကအမိန့်ပေးခဲ့သနည်း။ ဤအကြောင်းကို မည်သူတို့က သိခဲ့သနည်း။ သတ်ဖြတ်ခြင်းကို မည်သူတို့က ကူညီဆောင်ရွက်ပေးခဲ့သနည်း။
- ဤအဖြစ်အပျက်နှင့် ပတ်သက်၍ သင် တိုင်ကြားခြင်းပြုပါသလား။ အဘယ်ကြောင့် တိုင်ကြားပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်းမပြုပါသနည်း။
- ဤသို့သတ်ဖြတ်ခြင်းမဖြစ်ရအောင်အစိုးရက ကြိုတင်ကာကွယ်ပေးပါသလား။ သို့မဟုတ် ၎င်းနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ပေးပါသလား။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

ndburma2.indd 70 26-Dec-09 13:05:22

(၄) အစဖျောက်ပစ်ခြင်းအဖြစ် သတ်မှတ်ခြင်း

(က) နိုင်ငံတကာဥပဒေအရဆိုလျှင် အစဖျောက်ပစ်ခြင်း၏ အဂီါရပ်များကား အဘယ်နည်း။

အစဖျောက်ပစ်ခြင်းကို လူ့အခွင့်အရေးချိုးဖောက်မှုတရပ်အဖြစ် မှတ်တမ်းပြုရန်အလို့ငှာ အောက်ပါအဂီါရပ် (၄) ရပ် ထင်ရှားကြောင်း ဖေါ်ပြရပါမည်။[၈]

၁။ လူပုဂ္ဂိုလ်တစုံတယောက်ကို တရားမဝင်ချုပ်နှောင်ထားခြင်း သို့မဟုတ် အခြားတပါးသို့ခေါ်ဆောင်သွားခြင်း။

၂။ ခံရသူ၏ သဘောဆန္ဒမပါရှိခြင်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်။

၄။ အစ ဖျောက်ပစ်ခြင်းနှင့် ပတ်သက်၍ အစိုးရ၏ ငြင်းကွယ်မှု။

နိုင်ငံတကာဥပဒေ – အစဖျောက်ပစ်ခြင်းများ

အစဖျောက်ပစ်ခြင်းများမှ ကာကွယ်ပေးခြင်းသည် လူတဦးတယောက်၏ တရားရုံးရှေ့မှောက်တွင် အသိအမှတ်ပြုခံခွင့်၊ လူတဦးတယောက်၏ လွတ်လပ်ခွင့်နှင့်လုံခြုံခွင့်၊ ညှဉ်းပမ်းနှိပ်စက်မှုမှ လွတ်ကင်းခွင့်၊ အသက်ရှင်နေထိုင်ခွင့်တို့ အပါအဝင် သတ်မှတ်ပြဋ္ဌာန်းထားသော အခွင့်အရေးများမှနေ၍ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။ ဤအခွင့်အရေးများကို နိုင်ငံတကာ မှတ်တမ်းများတွင် ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ အစဖျောက်ပစ်ခြင်းရန်မှ လူပုဂ္ဂိုလ်အားလုံးကို ကာကွယ်စောင့်ရှောက်ပေးရေး ကြေညာစာတမ်းသည် အစဖျောက်ပစ်ခြင်း ပြဿနာများကို အထူးသဖြင့် ဖြေရှင်းထားပါသည်။

(ခ) အစိုးရ၏ငြင်းကွယ်မှု ကို မည်သည့်အကြောင်းအချက်များဖြင့်ပြသရန် လိုပါသနည်း။

"အစိုးရ၏ငြင်းကွယ်မှု"ဆိုသည်မှာ အစဖျောက်ခံခဲ့ရသူ မည်သည့်နေရာမှာရှိနေကြောင်း ဖေါ်ပြပေးရန်ဖြစ်စေ၊ စုံစမ်းလေ့လာပေးရန်ဖြစ်စေ အစိုးရ၏ပျက်ကွက်မှုကို ဆိုလိုပါသည်။ တနည်းဆိုရသော်၊ ပျောက်ဆုံးနေသူကို ရှာတွေ့ရေးအတွက်သတင်းအချက်အလက်များ၊ သို့တည်းမဟုတ် စာရွက်စာတမ်းများ ထုတ်ပေးရန် ပျက်ကွက်ခြင်းပင်ဖြစ်ပါသည်။ ဤအဂီါရပ်သည်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ပျောက်ဆုံးနေသူသည် တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုနှင့် ကင်းလွတ်နေသောကြောင့် ဖြစ်ပါသည်။[၉]

"အစိုးရ၏ငြင်းကွယ်မှု"ကိုသက်သေပြရန်အတွက်မူ ပျောက်ဆုံးနေသူ၏ မိသားစု သို့မဟုတ် အခြား ကိုယ်စားလှယ်များအဖို့ ပျောက်ဆုံးနေသူအကြောင်း စုံစမ်းလေ့လာရန်ကြိုးစားခဲ့ကြောင်းနှင့် ဤစုံစမ်းလေ့လာမှုများနှင့် ပတ်သက်၍လုံလောက်စွာ အရေးယူဆောင်ရွက်ပေးခြင်း မခံရကြောင်းတို့ကို ပြသရန်လိုပါသည်။ ဤစုံစမ်းလေ့လာမှုကြောင့် လက်တုံ့ပြန်မှုများရှိတတ်သောနေရာများ၌ မိသားစု သို့မဟုတ် အခြားကိုယ်စားလှယ်များအဖို့ လက်တုံ့ပြန်ခြင်းကို ကြောက်၍ပျောက်ဆုံးနေသူ အကြောင်းကို

၈၊ လူအားလုံး အတင်းအကျပ် အစဖျောက်စေခြင်းမှ ကာကွယ်ပေးရေးဆိုင်ရာ ကြေညာစာတမ်းကို ကြည့်ပါ။ See, Declaration on the Protection of all Persons from Enforced Disappearance, http://www.ohchr.org/english/law/disappearance.htm (last visited 30 November 2005).

ဤကြေညာစာတမ်းက ဖော်ပြထားရာတွင် စနစ်တကျ အတင်းအကျပ် အစဖျောက်စေခြင်းသည် ဖော်ပြပါစာသားများပါ လူ့အခွင့်အရေးများကို ချိုးဖောက်ရုံမျှသာမက၊ လူသားမျိုးနွယ်တရပ်လုံးကို အန္တရယ်ပြုစေသည့် ကျူးလွန်ချိုးဖောက်မှုလည်း မြောက်ပါသည်။ ထိုမျှမက အပိုဒ်–၇ တွင် ဖော်ပြထားရာ၌ ပြည်တွင်းနိုင်ငံရေး မငြိမ်မသက်မှုများ သို့မဟုတ် စစ်ရန်ပြုမည့် အန္တရယ် မြိမ်းခြောက်မှုများကို အကြောင်းပြု၍ လူများကို အစတုန်း ဖျောက်ဖျက်ပစ်စေသည်မှာ တရားဝင်သည့်၊ ဆင်ခြေကောင်း မဟုတ်ပါ။

ဤကြေညာစာတမ်းအရ အစိုးရများသည် ထိန်းသိမ်းထားသူများ အားလုံးကို စာရင်းဇယားထားရှိရန်လိုအပ်ပါသည်။ (ပုဒ်မ– ၁၀–၃)။ ထိုမျှမက အစိုးရသည် ပျောက်ဆုံးနေသူများဟု စွပ်စွဲဖော်ပြထားသမျှ အမှုများကို စုံစမ်းစစ်ဆေးပေးရန် တာဝန်ရှိပါသည်။ (ပုဒ်မ– ၁၃) မိသားစုဝင် များ၊ သက်ဆိုင်သူများ အဖွဲ့များကိုလည်း သူတို့ချစ်ခင်ရသူများ ပျောက်ဆုံးနေရမှုအတွက် လိုအပ်သည့် တိကျသော သတင်းအချက်အလက်များ ပံ့ပိုးပေးရန် တာဝန်ရှိသည်။ (ပုဒ်မ– ၁၀ –၂)။ မေးမြန်းစုံစမ်းသူများအပေါ် မည်သို့သောလက်တုံ့ပြန်မှုမျိုးမဆိုကို ကန့်သတ်ပေးရန် အစိုးရတွင် တာဝန်ရှိပြီး၊ ပျောက်ဆုံးနေရသူ၏ ကိုယ်စိတ်ကျန်းမာရေး၊ နေထိုင်ကောင်းမွန်ရေးအတွက်လည်း တာဝန်ရှိသည်။ (ပုဒ်မ– ၁၃–၃)

၉၊ ဤကြေညာချက်သည် အစိုးရမဟုတ်သော အဖွဲ့အစည်းများအပေါ် လွှမ်းခြုံမှု မရှိပါ။ (ဥပမာ– လက်နက်ကိုင် အတိုက်အခံ သူပုန်အဖွဲ့များ)

လူအားလုံးကို အတင်းအကျပ် အစဖျောက်စေခြင်းမှ ကာကွယ်ပေးရေးဆိုင်ရာ ကြေညာစာတမ်း၏ နိဒါန်း See, Preamble of the Declaration on the Protection of all Persons from Enforced Disappearance, http://www.ohchr.org/english/law/disappearance.htm (last visited 30 November 2005).

ndburma2.indd 71 26-Dec-09 13:05:22

စုံစမ်းလေ့လာမှု မလုပ်နိုင်ခဲ့ကြောင်း ပြသရပါမည်။[၁၀]

(၅) အရေးကြီးသောမေးခွန်းများ မေးခြင်း – အစဖျောက်ပစ်ခြင်း

၁။ တရားမဝင်ချုပ်နှောင်ထားခြင်းအဖြစ် သတ်မှတ်ခြင်း

- မည်သူပျောက်ဆုံးသွားခဲ့သနည်း။
- မည်သည့်ဖြစ်ရပ်များဖြစ်ပွားခဲ့သနည်း။
- ပျောက်ဆုံးသူသည် မည်သည့် အချိန်အခါမှာ ပျောက်ဆုံးသွားခဲ့ပါသနည်း။
- ထိုပုဂ္ဂိုလ် နောက်ဆုံးအချိန်အထိမည်သည့်နေရာမှာရှိခဲ့သည်ဟု သိရပါသနည်း။
- ထိုပုဂ္ဂိုလ်သည် မည်သို့မည်ပုံ ပျောက်ဆုံးသွားခဲ့ပါသနည်း။
- ဖြစ်ပွားခဲ့သည်တို့ကို သင်မည်သို့သိပါသနည်း။

၂။ အစဖျောက်ပစ်ခြင်းသည် ကာယကံရှင်၏ သဘောဆန္ဒမပါဘဲ ဖြစ်ပွားခြင်းဖြစ်ကြောင်း သတ်မှတ်ခြင်း

- အစဖျောက်ပစ်ခြင်းနှင့်ပတ်သက်၍ မည်သူက အမိန့်ပေးခဲ့သနည်း။
- ခေါ်ရာသို့ အစဖျောက်ပစ်ခြင်းခံရသူက လိုက်ပါခြင်းမပြုဟု ငြင်းဆန်ပါလျှင် မည်သို့ဖြစ်မည်နည်း။
- အစပျောက်သွားခဲ့သည်ဟု သင်အဘယ့်ကြောင့် ထင်ပါသနည်း။
- ဤဖြစ်ရပ်သည် မည်သို့မည်ပုံ ဖြစ်ပွားခဲ့ပါသနည်း။
- အစဖျောက်ပစ်ခြင်းခံရသူကို ခြိမ်းခြောက်ခြင်းရှိခဲ့ပါသလား။ မည်သို့ခြိမ်းခြောက်ခဲ့သနည်း။ မည်သူကခြိမ်းခြောက်ခဲ့သနည်း။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်ကို သတ်မှတ်ခြင်း

- မည်သူတို့က အစဖျောက်ပစ်ခဲ့သနည်း။ မည်သူက အမိန့်ပေးခဲ့သနည်း။ ဤအကြောင်း ကို မည်သူတို့က သိခဲ့သနည်း။ အစဖျောက်ပစ်ခြင်းကို မည်သူတို့က ကူညီဆောင်ရွက်ပေးခဲ့သနည်း။
- ဤအဖြစ်အပျက်နှင့် ပတ်သက်၍ သင် တိုင်ကြားခြင်းပြုခဲ့ပါသလား။ အဘယ်ကြောင့် တိုင်ကြားခဲ့ပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်း မပြုခဲ့ပါသနည်း။

---

၁၀ အတင်းအကျပ် အစဖျောက်စေမှုဆိုင်ရာ အလုပ်အဖွဲ့၏ လုပ်ပိုင်ခွင့်များတွင် လူပျောက်ဆုံးမှုများကို စုံစမ်းစစ်ဆေးရန်သာမက၊ မိသားစုဝင်များကို လက်တုံ့ပြန်မှု မခံရစေရေး အတွက်ကာကွယ်ပေးရေး လုပ်ငန်းများလည်းပါဝင်သည်။ သို့အတွက်ကြောင့် ကွင်းဆင်းလုပ်သားများ အနေနှင့်အစိုးရ၏ ငြင်းဆိုမှုကို သက်သေအထောက်အထားမရှိ လျှင်သော်မှ (ဤအချက်သည် နောက်ဆုံးအချက်ဖြစ်သည်) အခြားရာဇဝတ်မှုဆိုင်ရာ အချက်များနှင့် မည်သည့်အတွက်ကြောင့် လူပျောက်ဆုံးရမှုကို စုံစမ်းစစ်ဆေးမှု မပြုလုပ်နိုင်သည့်အကြောင်းကို ထင်ရှားအောင် ပြသနိုင်သည်။ See Fact Sheet No. 6 (Rev. 2) Enforced or Involuntary Disappearances, Officer of the High Commissioner for Human Rights, http://www.unhchr.ch/html/menu6/2/fs6.htm; http://www.ohchr.org/english/issues/disappear/members.htm (last visited 1 November 2005).

ndburma2.indd 72 26-Dec-09 13:05:22

– ဤသို့ အစဖျောက်ပစ်ခြင်းမဖြစ်ရအောင် အစိုးရက ကြိုတင်ကာကွယ်ပေးပါသလား။ သို့မဟုတ် ၎င်းနှင့်ပတ်သက်၍ အရေးယူ ဆောင်ရွက်ပေးပါသလား။

– ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၄။ အစိုးရ၏ငြင်းကွယ်မှု ကို သတ်မှတ်ခြင်း

– ဤအစဖျောက်ပစ်မှုနှင့်ပတ်သက်၍ သင် တိုင်ကြားခြင်း ပြုခဲ့ပါသလား။ အဘယ်ကြောင့် တိုင်ကြားခဲ့ပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်း မပြုခဲ့ပါသနည်း။

– ဤဖြစ်ရပ်နှင့်ပတ်သက်၍ မည်သူ့ထံ တိုင်ကြားခဲ့ပါသနည်း။

– ဤသို့ အစဖျောက်ပစ်ခြင်း မဖြစ်ရအောင် အစိုးရက ကြိုတင်ကာကွယ်ပေးပါသလား။ သို့မဟုတ် ၎င်းနှင့်ပတ်သက်၍ အရေးယူ ဆောင်ရွက်ပေးပါသလား။

– ဤဖြစ်ရပ်နှင့်ပတ်သက်၍ မည်သည့်အချိန်အခါမှာ တိုင်ကြားခြင်း ပြုခဲ့ပါသနည်း။

– ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ဆောင်ရန်

– လုံခြုံရေးနှင့် လျှို့ဝှက်ရေးအတွက် ကြပ်ကြပ်ဂရုစိုက်ရန်။

– နောက်ခံအကြောင်းဖြင့် အစချီပြီးလျှင်၊ ပို၍ အရေးကြီးသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆောင်ရွက်ပါ။

– ဂရုတစိုက်နားထောင်ပါ။ ပြောစရာရှိသည်ကို မျက်မြင်သက်သေအား ပြောခွင့်ပေးပါ။

– လှုပ်ရှားစိတ်ဖြင့် တုံ့ပြန်မှုများကို သိရှိအောင် ဂရုပြုပါ။

– ရှေ့နောက်မညီညွတ်မှုများကို သိရှိအောင် ဂရုပြုပါ။

– စိတ်ရှည် သည်းခံပါ။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ရှောင်ရန်

– မှတ်ချက်ချခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်း မပြုပါနှင့်။

– နိမိတ်ပြမေးခွန်းများ မေးခြင်းကို ရှောင်ကျဉ်ပါ။

– အခြားသက်သေများကို ဖေါ်ပြခြင်း မပြုပါနှင့်။

– မိမိ လုပ်မပေးနိုင်သော ကတိများကို မပေးပါနှင့်။

– အပေါ်စီးဟန် သို့မဟုတ် စစ်ကြောရေးလုပ်နေသော ဟန်ဖြင့် မေးခွန်းမေးခြင်းများကို ရှောင်ကျဉ်ပါ။

– သတင်းနှင့်ပတ်သက်၍ မိမိ၏သြဇာ မလွှမ်းမိုးမိအောင် ရှောင်ကျဉ်ပါ။

ndburma2.indd 73 26-Dec-09 13:05:22

(ဖ) မှတ်တမ်းပြုခြင်း

နိုင်ငံတကာဥပဒေချိုးဖောက်မှုအဖြစ် အဓိပ္ပါယ်သတ်မှတ်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များရှာဖွေစုဆောင်းရာ၌ အချိန်နှင့်လုပ်ဆောင်ချက်တို့လိုအပ်ပါသည်။ ချိုးဖောက်မှုတခု၏ အင်္ဂါရုပ်များသည် အစဉ်သဖြင့် အဆင်သင့်ပေါ်လွင်ထင်ရှားနေသည် မဟုတ်ချေ။ အချက်အလက် ရှာဖွေစုဆောင်းသူ တဦးအနေနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် ပတ်သက်သောသတင်းအချက်လက်များကို ထုတ်ယူနိုင်စွမ်းရှိရမည်ဖြစ်သည့်အပြင်၊ စုဆောင်းရရှိထားသော သတင်းအချက်အလက်များမှနေ၍ ချိုးဖောက်မှု၏ အရေးကြီးအင်္ဂါရုပ်များကိုလည်း နည်းလမ်းတကျ ဖော်ထုတ်နိုင်စွမ်း ရှိရမည်ဖြစ်ပါသည်။

ချိုးဖောက်မှု၏ အင်္ဂါရုပ်များကို ဖော်ထုတ်မှုပြုရန်အတွက် ဤအခန်းက မြန်မာနိုင်ငံ၏အခြေအနေ အချိန်အခါမှာဖြစ်ပွားနေကျ သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်းမျိုးအတွက် အထောက်အထားပါသော ဖြစ်ရပ်မှန်ပုံစံ တခုကိုဖော်ပြပေးထားပါသည်။ ဖြစ်ရပ်မှန်ပုံစံပေါ်အခြေခံလျက် ဤအခန်းက တွေ့ဆုံမေးမြန်းမှုနည်းနာနှင့် ပတ်သက်သော အကောင်းနှင့်အဆိုး သာဓကများကို ဖော်ပြထားပါသည်။ တွေ့ဆုံမေးမြန်းခြင်းနှင့်ပတ်သက်သော အချက်အလက်များအပြင်၊ ထိရောက်စွာ အချက်အလက်ရှာဖွေရေးနှင့် ပတ်သက်သော အကြံပြုချက်များကို နောက်ထပ်သိရှိလိုပါက ဤစာစောင်ပါ "မြန်မာနိုင်ငံ လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကို ကြည့်ပါ။

(က) အခြေအနေ အချိန်အခါကို နားလည်ခြင်း။

လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ဖော်ထုတ်ရေးအတွက် အချက်အလက်ရှာဖွေရေးလုပ်ငန်း သို့မဟုတ် တွေ့ဆုံမေးမြန်းခြင်းများ မစတင်မီမှာ ချိုးဖောက်မှုများ ဖြစ်ပွားနေရာ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာအခြေအနေအချိန်အခါကို နားလည်ထားရန်အရေးကြီးပါသည်။ အခြေအနေအချိန်အခါကို နားလည်ခြင်းအားဖြင့် အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ ထိရောက်သော မေးခွန်းများပြုစုရေးနှင့် လက် ရှိအခြေအနေကို ထိုးထွင်းသိမြင်ရေး တွင် အထောက် အကူရနိုင်ပါသည်။ အတွေ့အကြုံရှိသော အချက်အလက် ရှာဖွေစုဆောင်းသူအဖို့ပင်လျှင် အချက်အလက်ရှာဖွေစု ဆောင်းမှုမပြုမီ၊ နောက်ခံသတင်းအချက်အလက်များကို စီစစ်ကြည့်ရေးတွင် အထောက်အကူရနိုင်ပါသည်။ အောက်မှာဖော်ပြထားသည်မှာမြန်မာနိုင်ငံအတွင်း အစဖျောက်ပစ်ခြင်းများဖြစ်ပွားရာ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ နောက်ခံအကြောင်းအချက် အချို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်းသတ်ဖြတ်ခြင်းနှင့်အစဖျောက်ပစ်ခြင်းအမှုများဖြစ်ပွားရာသမိုင်းနှင့် နိုင်ငံရေးဆိုင်ရာနောက်ခံအကြောင်းအချက်များ

ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်သော စစ်အာဏာသိမ်းအစိုးရက နိုင်ငံကို အုပ်ချုပ်ခဲ့သော (၁၉၆၂) ခုနှစ်ကစ၍ အဆက်ဆက်သော စစ်အစိုးရများက ခြိမ်းခြောက်ခြင်းနှင့် အတိုင်းမသိရက်စက်ခြင်း နည်းဗျူဟာဖြင့် တိုင်းပြည်ကိုအုပ်စိုးလာခဲ့ကြသည်။ မကြာသေးမီနှစ်များအတွင်း စစ်အစိုးရလက်ထက်၌ တရားဥပဒေမဲ့ သတ်ဖြတ်ခြင်းများဆက်လက်ဖြစ်ပွားနေလျက်ရှိသည်။[၁၀] ဤလုပ်ရပ်မျိုးများကို ကျူးလွန်သည်ဟု စွပ်စွဲခံရသူအုပ်စုများတွင် မြန်မာအစိုးရ၏ စစ်တပ်၊ ရဲတပ်ဖွဲ့များ၊ ယခင်က စစ်ထောက်လှမ်းရေးဟု ခေါ်သောအဖွဲ့၊ ပြည်သူ့စစ် အဖွဲ့၊ (နအဖ) စစ်တပ်များနှင့်အတူလုပ်ရှားနေသော အပစ်အခတ်ရပ်စဲရေးအဖွဲ့များတို့ ပါဝင်ပါသည်။[၁၂] အစိုးရခွင့်ပြုချက်ရ သတ်ဖြတ်ခြင်းများလောက် များလှသည့်တိုင် သူပုန်အုပ်စုများက အရပ်သားများအား သတ်ဖြတ်ကြောင်း အထောက်အထားများသည်လည်း ရှိနေပါသည်။[၁၃]

၁၁၊ Country Report on Human Rights Practices, U.S. State Department, 2003, http://www.state.gov/g/drl/rls/hrrpt/2003/27765.htm (last visited 1 November 2005).

၁၂၊ Burma Human Rights Yearbook, Human Rights Documentation Unit, National Coalition Government of the Union of Burma, 2004, http://www.burmalibrary.org/show.php?cat=1803&lo=d&sl=1 (last visited 1 November 2005).

၁၃၊ Country Report on Human Rights Practices, U.S. State Department, 2003, http://www.state.gov/g/drl/rls/hrrpt/2003/27765.htm (last visited 1 November 2005).

ndburma2.indd 74 26-Dec-09 13:05:22

အကြမ်းမဖက် အတိုက်အခံလှုပ်ရှားသူများသည်လည်း တိုက်ခိုက်စရာ ပစ်မှတ် ဖြစ်နေတတ်ပါသည်။ (၁၉၈၈) ခုနှစ် ကစ၍ အကျဉ်းထောင်များထဲမှာ နိုင်ငံရေးအကျဉ်းပေါင်း အနည်းဆုံး (၉၃) ဦးသေဆုံးခဲ့ပြီးဖြစ်ပါသည်။[၁၄] (၂၀၀၃) ခုနှစ် မေလ(၃၀)ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူ၏ ခရီးသွားရာမှာ လိုက်ပါနေသော ထောက်ခံသူလူအုပ်သည် မြန်မာနိုင်ငံမြောက်ပိုင်း၊ ဒီပဲယင်းရွာအနီးရှိ လမ်းမပေါ်မှာ တိုက်ခိုက်ခံခဲ့ရသည်။[၁၅] မျက်မြင်သက်သေများ၏ ခန့်မှန်းချက်အရ အရပ်သား (၇၀)ဦးအထိသေဆုံးခဲ့သည်။ ဤတိုက်ခိုက်မှုသည် "အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များ၏ အားပေးမှုမပါဘဲ၊ ဖြစ်လာနိုင်ဖွယ်မရှိ"ဟု မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က မှတ်ချက်ချခဲ့သည်။ သို့ဖြစ်သည့်တိုင် စစ်အစိုးရက ဤဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းလေ့လာမှုလုပ်ပေးရန် ငြင်းဆန်ခဲ့သည်။[၁၆]

မြန်မာနိုင်ငံမှာဖြစ်ပွားသော သတ်ဖြတ်ခြင်းနှင့် အစဖျောက်ခြင်းအမှု အများစုသည် လူမျိုးစုသူပုန်များကို တိုက်ခိုက်သော စစ်ပွဲ၏ တစိတ်တပိုင်းအဖြစ် မြန်မာစစ်တပ် စစ်သားများက လူမျိုးစုအမျိုးသားပြည်သူများအပေါ် ကျူးလွန်သော အမှုများဖြစ်ကြောင်း အစီရင်ခံစာများမှာ ဖေါ်ပြထားသည်ကို တွေ့ရပါသည်။ သူပုန်များကို ထောက်ခံအားပေးသည်ဟူသော စွပ်စွဲ ချက်ဖြင့် အရပ်သား အများအပြားကို သတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်းများ ပြုခဲ့သည်။ အခြားသူများသည် အထူးသဖြင့် ပေါ်တာလိုက်ရန်သော်လည်းကောင်း၊ မိုင်းရှင်းရန်သော်လည်းကောင်း အတင်းအဓမ္မလုပ်အား စေခိုင်းခံရခြင်းကြောင့် သေဆုံးကြကြောင်း အစီရင်ခံစာများမှာဖေါ်ပြထားပါသည်။[၁၇] နေရာအနှံ့အပြားမှာ စစ်သားများ ကကျူးလွန်သော မုဒိမ်းမှုများကြောင့် အမျိုးသမီးများအဖို့ မတော်မတရားပြုမှုများနှင့် သေဆုံးမှုများ ကြုံတွေ့နေရပါသည်။[၁၈] အိမ်ရာရွှေ့ပြောင်းခိုင်းသည် ကိုမနာခံခြင်းကြောင့်သော်လည်းကောင်း၊ ပိတ်ပင်တားဖြစ်ထားသည့် နေရာများသို့သွားမိသောကြောင့်သော်လည်းကောင်း စစ်သားများက ရွာသားများကို သတ်ဖြတ်ပစ်လေ့ ရှိကြပါသည်။

(ခ) ဖြစ်ရပ်မှန်ပုံစံ

မြန်မာနိုင်ငံ၏ အခြေအနေ၊ အချိန်အခါမျိုးမှာ ဖြစ်လေ့ရှိသော သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်းမျိုးအတွက်အချက်အလက်ပုံစံတခုကို အောက်မှာပေးထားပါသည်။ ဤအချက်အလက်ပုံစံသည် ချိုးဖေါက်မှုတရပ်၏ အဓိကအင်္ဂါရပ်များကိုဖေါ်ထုတ်ပြရာ၌ အသုံးဝင်ဖွယ်ရှိပါသည်။ သတ်ဖြတ်ခြင်းတည်းဟူသော ချိုးဖေါက်မှုတရပ်ကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်နိုင်ရေးအတွက် အောက်ပါ အချက်များပါရှိရမည်ကို သတိရပါ။

၁။ အသက်ကို သေစေခြင်း။

၂။ တရားဥပဒေမဲ့သတ်ဖြတ်ခြင်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်။

အစဖျောက်ပစ်ခြင်းကို လူ့အခွင့်အရေးချိုးဖေါက်မှုတရပ်အဖြစ် သတ်မှတ်ရန်အလို့ငှာ အောက်ပါ အချက်များ ထင်ရှားကြောင်းဖေါ်ပြရပါမည်။

၁။ လူပုဂ္ဂိုလ်တစုံတယောက်ကို တရားမဝင်ချုပ်နှောင်ထားခြင်း သို့မဟုတ် အခြားတပါးသို့ခေါ်ဆောင်သွားခြင်း။

၂။ ခံရသူ၏ သဘောဆန္ဒမပါရှိခြင်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်။

၁၄၊ Report of the UN Special Rapporteur for Burma at 12 (2004). Available at http://www.ibiblio.org/obl/docs3/GA2005-SRM-rep-en.pdf (last visited 1 November 2005).

၁၅၊ Commissioned by Vaclav Havel and Bishop Desmond Tutu and Prepared by DLA Piper, Rudnick, Gray, and Cary, A Threat to Peace: A Call for the UN Security Council to Act in Burma, 20 September 2005, http://www.burmacampaign.org.uk/reports/Burmaunscreport.pdf (last visited 24 November 2007).

၁၆၊ Ibid. at 10.

၁၇၊ Country Report on Human Rights Practices, U.S. State Department, 2004, http://www.state.gov/g/drl/rls/hrrpt/2004/41637.htm (last visited 1 November 2005).

၁၈၊ Ibid. at 11. ဥပမာအားဖြင့် ရှမ်းအမျိုးသမီးအဖွဲ့တခုဖြစ်သည့် (SWAN) က ၂၀၀၂ နှစ်တွင် ထုတ်ပြန်သော "မုဒိမ်းပြုကျင့်ခွင့် လိုင်စင်" အမည်ရ အစီရင်ခံစာတွင် ကွင်းဆင်းလေ့လာသူများ မှတ်တမ်းတင်နိုင်ခဲ့သည့် အခြေအနေအရ မုဒိမ်းကျင့်ခံရသူများ၏ (၂၅) ရာခိုင်နှုန်းမှာ သေဆုံးခဲ့ရကြောင်း တွေ့ရှိရပါသည်။

ndburma2.indd 75 26-Dec-09 13:05:22

၄။ အစဖျောက်ပစ်ခြင်းနှင့် ပတ်သက်၍ အစိုးရ၏ ငြင်းကွယ်မှု။

ဖြစ်ရပ်မှန်ပုံစံ – သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်း

ညသန်းခေါင်လောက်တွင် ရွာထဲမှ သေနတ်သံများကြောင့် နန်းဆိုင်းဆိုင် အိပ်ရာမှလန့်နိုးခဲ့သည်။ ထို့နောက် သူ၏ ခင်ပွန်းဖြစ်သူ စိုင်းအေးကိုရှာ၍မတွေ့ရချေ။ သူတို့နှစ်ဦးသည် လွန်ခဲ့သော နာရီအနည်းငယ်လောက်ကပင် အတူ အိပ်ပျော်သွားခဲ့ကြသည်။ သူသည် အိပ်ရာမှ လူးလဲထလိုက်ကာ၊ (၁၅) နှစ်သားအရွယ် သားဖြစ်သူ စိုင်းရီထစ်ပ်၊ အသက် (၈) နှစ် အရွယ်သမီး နန်းမွယ်ဟွန်းနှင့် (၄) နှစ်အရွယ် သမီး နန်းခမ်းဆိုင်းတို့ကို လိုက်ကြည့်သည်။ သူတို့ဆီသို့ပြေးသွားနေရင်းမှာ အခြားရွာသားများ၏ အော်ဟစ်သံများကို ကြားနေရသည်။ အထိတ်ထိတ် အလန့်လန့်ဖြစ်နေသောသူ၏ ကလေးများနှင့်အတူ အိမ်ရှေ့ဘက်ကို ကြည့်လိုက်သည်။ ယူနီဖေါင်းဝတ် လူတစုက ရွာကိုဝင်ရောက်စီးနင်းထားပြီး၊ ယောကျ်ားသားမှန်သမျှ သူတို့ဆီလာခဲ့ရန် အော်ဟစ်ပြောနေကြသည်။ သူ၏ အိမ်ဘေးက အိမ်သည်လည်း မီးစွဲလောင်နေလျက် ရှိပြီး၊ အနီးအနားရှိ အခြားရွာသားများ၏ ပစ္စည်းများသည်လည်း ဟိုဟိုသည်သည် ပြန့်ကျဲနေသည်ကို တွေ့ရသည်။

“မြန်မြန်လာကြ။ တခြားမှာသွားပုန်းနေကြမယ်။ အိမ်နောက်ဖေးက လယ်ကွင်းထဲကို လိုက်ခဲ့ကြ။ တိတ်တိတ်လေးနေကြ။” ဟု သူ၏ ကလေးများကိုပြောလိုက်သည်။

မှောင်ရိပ်ခိုကာ သူတို့ခပ်သုတ်သုတ် ထွက်လာခဲ့ကြသည်။ သို့သော် စစ်သားအချို့က စိုင်းရီထစ်ပ်ကိုတွေ့သွားကြသည်။ “ဟေ့ကောင်၊ ရပ်လိုက်၊ ဒီကိုလာခဲ့၊ ရှမ်းသူပုန်တွေကို အားပေးတဲ့ ရွာတော့ တွေ့ကြသေးတာပေါ့။”ဟု စစ်သားများက သူ့ကို ကြိမ်းမောင်း၍ ခေါ်လိုက်သည်။

စစ်သားများက စိုင်းရီထစ်ပ်ကို ဖမ်းဆွဲထားလိုက်သည်။ စိုင်းရီထစ်ပ်က ပြန်ရုန်းသည်။ စစ်သားတယောက်က သူ့ကို သေနတ် ဒင်နှင့်ထုလိုက်ရာ စိုင်းရီထစ်ပ် လဲကျသွားခဲ့သည်။ သူလှုပ်နေသေးသည်ကိုတွေ့ရသဖြင့် နန်းဆိုင်းဆိုင်က ပြေးရန် သူ့ကိုအော်ပြောလိုက်သည်။ သို့ရာတွင် သူမသည်ပြေးရင်းလွှားရင်းမှာပင် သူ့ကို စစ်သားများကဆွဲခေါ်သွားသည်ကို တွေ့လိုက်ရသည်။ သူမသည် နန်းခမ်းဆိုင်းကို လက်တဖက်ကချီ၊ နန်းမွယ်ဟွန်းကို တဖက်ကဆွဲ လျက် လယ်ကွင်းထဲအရောက် ပြေးသည်။ နန်းဆိုင်းဆိုင်သည် အထိတ်ထိတ်အလန့်လန့်ဖြစ်နေကာ၊ သူ၏သမီးများကလည်း ငိုယိုလျက် ရှိသည်။ “ဂျူး၊ တိုးတိုး။ နင်တို့အစ်ကို လာလိမ့်မယ်။ စစ်သားတွေ ပြန်သွားတဲ့အထိ ဒို့ဒီကနေ စောင့်နေလိုက်ရုံပဲ။”ဟု ပြောလိုက်သည်။

သူတို့သည် လယ်ကွင်းထဲ တိုး၍တိုး၍ ဝင်သွားကြရာ၊ နောက်ဆုံး၌ စပါးပင်များကွယ်နေ၍ ဘာကိုမျှကြည့်၍ မမြင်ရတော့ချေ။ ခပ်အုပ်အုပ်ငြီးရင်း မြေကြီးပေါ်ပုံလဲသွားကြသည်။ မနက်လင်းလာသည်အထိ၊ ထိုနေရာမှာပင် စောင့်ဆိုင်းနေလိုက်ကြသည်။ နေထွက်စပြုလာချိန်၌ နန်းဆိုင်းဆိုင်သည် သမီးနှစ်ယောက်ကိုလက်ကဆွဲလျက် ရွာနားသို့ တဖြည်းဖြည်း ချဉ်းကပ်သွားသည်။ ရွာထဲသို့ပြန်ဝင်လျှင် ဘေးကင်း– မကင်း အကဲခပ်သည်။

ရွာထဲသို့ပြန်ရောက်သောအခါ၌ နန်းဆိုင်းဆိုင် တုန်လှုပ်သွားခဲ့သည်။ အိမ်ရှေ့မှာ သူမ၏ ခင်ပွန်းကို သွေးအိုင်ထဲလဲလျက် တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ သူ့နဖူးနှင့် ရင်ဘတ်မှာ သေနတ်ဒဏ်ရာနှင့် သေနေသည်။ အခြားရွာသူရွာသားများ၏အလောင်းများကိုလည်းတွေ့ရသည်။အချို့က အမျိုးသမီးများ၊အချို့က အမျိုးသားများ၊အချို့က ကလေးများဖြစ်ကြသည်။ နန်းဆိုင်းဆိုင်၏ အိမ်ကပျက်စီးနေပြီဖြစ်သည်။ အိမ်တိုင်များသာ ထိုးထိုးထောင်ထောင်ကျန်ရစ်တော့သည်။ ကြက်များနှင့် သူတို့မိသားစုပိုင် နွားမတကောင်လည်း ပျောက်နေသည်။

နန်းဆိုင်းဆိုင်သည် သူ၏သားဖြစ်သူ၊ စိုင်းရီထစ်ပ်ကို ရွာထဲမှာလိုက်ရှာသည်။ ရှာ၍မတွေ့ချေ။ ရွာထဲသို့ ပြန်ဝင်လာကြသောအခြားရွာသားများကို မေးကြည့်သည်။ သို့သော် ဘယ်သူမှ သူ့ကိုမတွေ့ခဲ့ကြချေ။ အခြားမိသားစုများက မိမိတို့၏ အိမ်သားများကို လိုက်ရှာနေကြသည်။ မိသားစုတိုင်းမှာ ပစ်သတ်ခံရသူ သို့မဟုတ် ပျောက်ဆုံး နေသူများရှိနေပုံရပါသည်။

နှစ်ရက် ကြာပြီးနောက်တွင် နန်းဆိုင်းဆိုင်သည် အာဏာပိုင်များထံသို့သွားခဲ့သည်။ သူမက ရွာထဲသို့ စစ်တပ်

ndburma2.indd 76 26-Dec-09 13:05:22

ဝင်ရောက်ခဲ့ပုံအကြောင်း ရှင်းပြပြီးနောက် သူ့သားပျောက်ဆုံးနေကြောင်း ပြောပြခဲ့သည်။ မိုင်းနီ (Moung Ni) ရှိ တပ်ရင်းအာဏာပိုင်များက ရွာထဲမှာစစ်တပ် ဝင်စီးသည့်ကိစ္စမှာ အစိုးရနှင့်ပတ်သက်သည် ဆိုခြင်းကိုငြင်းကွယ်ကြသည်။ သို့ရာတွင် သူ၏သား သီတင်းတပတ်အတွင်းမှာ ဆက်လက်ပျောက်ဆုံးနေဆဲ ဖြစ်သည်ဆိုလျှင် သူတို့လိုက်လံ ရှာဖွေတော့မည် ဖြစ်ကြောင်းပြောခဲ့ပါသည်။ နန်းဆိုင်းဆိုင်က သူ့သားကို ဆက်လက် ရှာဖွေခဲ့ပါသည်။ အနီးအနား ရွာများသို့ သွားရောက်ပြီးလျှင်၊ တွေ့သည့်လူတိုင်းအား သူ၏သားကို မြင်မိပါသလားဟု မေးကြည့်ခဲ့ ပါသည်။

သူ့ ခင်ပွန်း၏အလောင်းကို သင်္ဂြိဟ်ပြီးမကြာမီမှာပင် အာဏာပိုင်များထံသို့ နောက်တခေါက်သွားခဲ့ပြန်သည်။ သူ၏သား ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း ထပ်ပြောပြခဲ့သည်။ သူ၏သားသည် တခြားတပါးသို့ ထွက်ပြေးသွားခြင်းဖြစ်နိုင်ကြောင်းနှင့် သူတို့လည်း ဘာမျှမတတ်နိုင်ကြောင်း အာဏာပိုင်များက သူ့ကိုပြန်ပြောသည်။ ကိုယ့်အိမ် ကိုယ်ပြန်ပါ။ နောက်တခါလာ ပြီး သူတို့ကို ဒုက္ခမပေးနဲ့တော့ဟုလည်း ပြောလိုက်သည်။

နန်းဆိုင်းဆိုင်အဖို့ ထိုညကစ၍ ဆောက်တည်ရာမရ ဖြစ်သွားခဲ့သည်။ သူ၏ သမီးများဖြစ်သော နန်းမွယ်ဟွန်းနှင့် နန်းခမ်းဆိုင်းတို့သည်လည်း တုန်လှုပ်ခြောက်ခြားနေကြပါသည်။

(၇) တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာပုံစံ

တွေ့ဆုံမေးမြန်းခြင်းသည် အဓိကကျသော အချက်အလက် ရှာဖွေစုဆောင်းနည်း ဖြစ်သည်။ အဓိကအကြောင်းရင်းမှာ အဖြစ်အပျက်တခုနှင့် ပတ်သက်၍ လူတို့သည် သတင်းအချက်များကို အများဆုံးရရှိထားသူများ ဖြစ်သောကြောင့်ပင်။ တွေ့ဆုံမေးမြန်းခြင်းသည် အချက်အလက် ရှာဖွေစုဆောင်းသော လုပ်ငန်းအတွက် အခြေခံကျသည်ဖြစ်ရာ၊ အကောင်းဆုံးသော တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို ရရှိထားခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဘက်ပေါင်းစုံမှနေ၍ အသေးစိတ်ကျကျဖော်ထုတ်ရေးတွင် သော့ချက်တခုဖြစ်ပါသည်။ အထက်ဖော်ပြပါ ဖြစ်ရပ်မှန်ပုံစံကို အခြေခံထားသော တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ (၂) ခုကို အောက်မှာ ဖော်ပြထားပါ သည်။ ပထမ တွေ့ဆုံမေးမြန်းခြင်းသည် ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပြီး၊ ဒုတိယတွေ့ဆုံ မေးမြန်းခြင်းသည် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပါသည်။ သာဓကတခုစီ၏ အောက်မှာပိုင်းခြားသုံးသပ်ချက်ကို ဖော်ပြထားပါသည်။

၁။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ညံ့)

မေး – ရွာထဲကို စစ်တပ်ဝင်စီးတုန်းက ခင်ဗျား ခင်ပွန်းအသတ်ခံရတယ်ဆိုတာ မှန်ပါသလား။

နန်းဆိုင်းဆိုင် – မှန်ပါတယ်။ ကြောက်စရာကြီးပါပဲ။ သင်္ဂြိဟ်တဲ့ကိစ္စ လုပ်ပြီးသွားတာတောင် ကျမရဲ့သမီးတွေနဲ့ ကျမအဖို့ ပူဆွေးနေရတုန်းပါပဲ။ ကျမ ကျမခင်ပွန်းကို လွမ်းဆွတ်မိပါတယ်။ သမီးတွေက သူတို့အဖေနဲ့အစ်ကို ဘယ်ရောက်သွားလဲ လို့ တမေးထဲ မေးနေပါတယ်။ ကျမမှာ သူတို့တတွေကို ဖြေစရာစကားမရှိပါဘူး။

မေး – ခင်ဗျားရဲ့ခင်ပွန်းကို စစ်သားတွေက သတ်ခဲ့တယ်ပေါ့။

နန်းဆိုင်းဆိုင် – ဟုတ်ပါတယ်။

မေး – စစ်သားတွေက ခင်ဗျားသားကိုလည်း သတ်ခဲ့တယ် ဟုတ်သလား။

နန်းဆိုင်းဆိုင် – သူကတော့ မရှိတော့ပါဘူး။ သူဘယ်ရောက်နေသလဲဆိုတာ ကျမစဉ်းစားလို့မရပါဘူး။ သူက ကျမရဲ့သားဦးပါ။ ကျမသူ့ကို သိပ်လွမ်းဆွတ်နေမိပါတယ်။

မေး – သူ့ကို စစ်သားတွေက ဖမ်းခေါ်သွားခဲ့တာလား။

နန်းဆိုင်းဆိုင် – ဟုတ်ကဲ့။ ဖမ်းခေါ်သွားတယ်လို့ထင်ပါတယ်။

မေး – တခြားလူတွေလည်း အသတ်ခံခဲ့ရပါသလား။

ndburma2.indd 77 26-Dec-09 13:05:22

နန်းဆိုင်းဆိုင် – ဟုတ်ကဲ့။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရခြင်းမှာ အကြောင်းအချက်များစွာရှိပါသည်။

ပထမအချက်– တိုလွန်းသည်။ ချိုးဖေါက်မှုတခုဖြစ်ကြောင်း ဖေါ်ပြရန်လိုအပ်သည့် အဂီါရပ်များအကြောင်းမှတ်တမ်းပြုရန်တည်းဟူသော တွေ့ဆုံမေးမြန်းခြင်း၏ ရည်မှန်းချက် ပေါက်မြောက်ခြင်းမရှိချေ။ ဖြစ်ပွားပုံကို အသေးစိတ်ပေါ်လွင်စေရေးအတွက် မေးခွန်းများ လုံလောက်ခြင်းမရှိ။ နောက်ဆက်တွဲ မေးခွန်းများသည် ဖြစ်ရပ်၏ ပုံကားချပ်ကို အပြည့်အဝ ဖေါ်ပြရေးတွင် အထူးအရေးကြီးပါသည်။

ဒုတိယအချက်– ဤမေးခွန်းများသည် အများအားဖြင့် နိမိတ်ပြမေးခွန်းများဖြစ်နေသည်။ ဆိုလိုသည်မှာ နန်းဆိုင်းဆိုင် အနေနှင့် မည်သို့ဖြေကြားသင့်ကြောင်း အရိပ်အကဲပြသည့်သဘောဖြစ်နေသည်။ သူက ''ဟုတ်ပါသည်'' သို့မဟုတ် ''မဟုတ်ပါ''ဟုဖြေနေပါက အရေးကြီးသော အသေးစိတ်အချက်အလက်များကို ကျန်သွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ အနေနှင့်လည်း အရေးကြီးသောသတင်းအချက်အလက်များကို လက်လွတ်သွားလိမ့်မည်။ ထို့အပြင် နန်းဆိုင်းဆိုင်ဘက် ကလည်း သူ့ဟာသူ လွတ်လွတ်လပ်လပ် ပြောပြလိုသည့် သဘောနည်းသွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ ကြားလိုသော အဖြေများကို ပေးလိုသည့် သဘောပိုများသွားနိုင်ပါသည်။

တတိယအချက်– ဤတွေ့ဆုံမေးမြန်းခြင်းသည် တွေ့ဆုံမေးမြန်းသူ မူလကတည်းက သံသယရှိနေသော ချိုးဖေါက်မှုကိုသာလျှင် အာရုံစိုက်ထားပြီး၊ အခြားချိုးဖေါက်မှုများအတွက် အထောက်အထားရနိုင်သော မေးခွန်းများကို မေးခြင်းမရှိချေ။ ဤသာဓကဖြစ်ရပ်ကဲ့သို့သော သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်းတို့သည် အခြားသောလူ့အခွင့်အရေးချိုးဖေါက်မှုများ ဖြစ်ပွားနေသည့် ကြားမှာဖြစ်ပွားတတ်ပါသည်။ အသေးစိတ်ကျသော တွေ့ဆုံမေးမြန်းမှုတခုကို လုပ်ခြင်းအားဖြင့် သူ၏ မိသားစုပိုင်အိမ်ကို ဖျက်ဆီးပစ်ခြင်းနှင့် ပစစွတ်များကို သိမ်းယူခြင်းကဲ့ သို့သော ရာဇဝတ်မှုများအတွက် အထောက် အထားများရနိုင်ဖွယ်ရှိပါသည်။

နောက်ဆုံးအချက်– နန်းဆိုင်းဆိုင်၏ ဖြစ်ရပ်ကို အတည်ပြုဖေါ်ပြပေးမည့် သတင်းအချက်အလက်တစုံတရာကို ဤ တွေ့ဆုံမေးမြန်းခြင်းမှနေ၍ မရရှိချေ။ နန်းဆိုင်းဆိုင်၏ သတင်းကို ပံ့ပိုးအတည်ပြုရေးအတွက် သက်သေအထောက်အထားရှိ– မရှိ သူ့ကို မေးကြည့်ခြင်းသည် ကောင်းမွန်သော မှတ်တမ်းပြုမှုတခု၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်ပါသည်။

၂။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – ကောင်း

မေး – နန်းဆိုင်းဆိုင်ခင်ဗျား၊ လွန်ခဲ့တဲ့သီတင်းပတ် အနည်းငယ်လောက်က ခင်ဗျားတို့ရွာမှာဖြစ်ပျက်ခဲ့တာတွေကို ပြောပြနိုင်မလား။

နန်းဆိုင်းဆိုင် –ပြောပြနိုင်ပါတယ်။ ကြောက်စရာကြီးပါဘဲ။ ညသန်းခေါင်လောက်မှာ ရွာထဲဝင်လာတဲ့ စစ်သားတွေပစ်လိုက်တဲ့ သေနတ်သံတွေကြောင့် ကျမအိပ်ရာက နိုးလာခဲ့ပါတယ်။ ကျမရဲ့ခင်ပွန်းကို မတွေ့ရပါဘူး။ သေနတ်သံတွေကြားနေရပါတယ်။ကျမက ကလေးတွေကို လက်ဆွဲပြီး၊ လယ်ကွင်းထဲ ပြေးပုန်းခဲ့ပါတယ်။ ကျမရဲ့သားနဲ့တော့ လူချင်းကွဲသွားခဲ့ပါတယ်။ သူဘယ်ရောက်သွားလဲဆိုတာ ခုထိ မသိရသေးပါဘူး။ ကျမရဲ့သမီးတွေနဲ့ ကျမရွာထဲပြန်ရောက်လာတော့၊ ကျမ ခင်ပွန်း လမ်းပေါ်မှာ သွေးအိုင်ထဲ လဲပြီး သေနေတာကို တွေ့ရပါတယ်။

မေး – ခင်ဗျားရဲ့ခင်ပွန်းအကြောင်းကို အရင် ပြောကြရအောင်ပါ။ သူဘယ်လို သေသွားခဲ့တယ်ဆိုတာကို ခင်ဗျားသိပါသလား။

နန်းဆိုင်းဆိုင် – သူ့ကို စစ်သားတွေက သေနတ်နဲ့ပစ်သတ်ခဲ့ပါတယ်။

ndburma2.indd 78 26-Dec-09 13:05:22

မေး – ခင်ဗျားခင်ပွန်းကို စစ်သားတွေသတ်တယ်ဆိုတာ ခင်ဗျားဘယ်လိုသိပါသလဲ။

နန်းဆိုင်းဆိုင် – ကျမခင်ပွန်းကို စစ်သားတွေ ပစ်သတ်တာကို ကျမ မမြင်ခဲ့ရပါဘူး။ ဒါပေမယ့် သူသွေးအိုင်ထဲမှာ လဲကျသေဆုံးနေတာကို ကျမတွေ့ခဲ့ရပါတယ်။ ခေါင်းနဲ့ရင်ဘတ်မှာ အပစ်ခံထားရတာပါ။ စစ်သားတွေဝင် ပြီးတဲ့နောက်(၂) နာရီလောက်အကြာ၊ အာရုဏ်တက်ချိန်လေးမှာ သူ့အလောင်းကို တွေ့ရပါတယ်။ ဝင်စီးနေတဲ့ အချိန်အတောာ အတွင်းမှာ လမ်းပေါ်က သေနတ်ပစ်သံတွေ ကြားရပါတယ်။ ရွာထဲက မိသားစု အတော်များများမှာ ကျမ ခင်ပွန်းအသတ်ခံရသလိုမျိုး အိမ်သားတွေ အသတ်ခံခဲ့ရပါတယ်။

မေး – ရွာကို ဝင်စီးရာမှာ ပါတဲ့လူတွေဟာ စစ်သားတွေဘဲ ဆိုတာကို ခင်ဗျားဘယ်လိုသိပါသလဲ။

နန်းဆိုင်းဆိုင် –သူတို့တတွေဟာ စစ်သားတွေပဲလို့ ကျမအသေအချာ ပြောနိုင်ပါတယ်။ သူတို့ဟာ ဗမာစစ်တပ် ယူနီဖေါင်းတွေ ဝတ်ထားတဲ့အပြင် ရှမ်းသူပုန်တွေကို ကျမတို့ရွာက အားပေးတယ်လို့လည်း သူတို့ကစွပ်စွဲခဲ့ပါတယ်။

မေး – ခင်ဗျားရဲ့သားအကြောင်းကိုလည်း ကျနော်သိချင်ပါတယ်။ သူဘာဖြစ်သွားခဲ့ပါသလဲ။

နန်းဆိုင်းဆိုင် –သူ ပျောက်ဆုံးနေပါတယ်။ သူ ဘာဖြစ်သွားခဲ့သလဲ ကျမမသိပါဘူး။

မေး – သူ့ကိုနောက်ဆုံးတွေ့ခဲ့ရတဲ့ အချိန်က ဘယ်အချိန်ပါလဲ။

နန်းဆိုင်းဆိုင် – ဝင်စီးနေတဲ့အချိန်မှာ သူ့ကိုတွေ့ခဲ့ရပါတယ်။ သူက ကျမတို့နဲ့အတူ လိုက်ပြေးဖို့ ကြိုးစားနေတာပါ။ စစ်သား တွေက သူ့ကို ဖမ်းမိသွားခဲ့ပါတယ်။ စစ်သားတွေက သူ့ကို ရိုက်ချလိုက်ပြီး၊ ဆွဲခေါ်သွားခဲ့ပါတယ်။ သူလွတ်ပြေးလာပြီး၊ ကျမတို့ကို လယ်ကွင်းထဲမှာ ရှာတွေ့လိမ့်မယ်လို့ ကျမ ထင်ခဲ့ပါတယ်။ ဒါပေမယ့် သူ ပေါ်မလာခဲ့ပါဘူး။ အရုဏ်တက်တဲ့အချိန်အထိ သူ့ကို ကျမတို့စောင့်နေခဲ့ပြီး၊ ရွာထဲကို ပြန်သွားခဲ့ကြပါတယ်။ သူကတော့ ပေါ်မလာခဲ့ပါဘူး။

မေး – ခင်ဗျား အာဏာပိုင်တွေကို အသိပေးခဲ့ပါသေးလား။

နန်းဆိုင်းဆိုင် – ဟုတ်ကဲ့။ ကျမ အသိပေးခဲ့ပါတယ်။ စစ်တပ်ရွာထဲဝင်စီးပြီး တရက်၊ နှစ်ရက်အကြာမှာ ကျေးရွာစစ်စခန်းကို ကျမ သွားခဲ့ပါတယ်။ စစ်တပ်က ကျမတို့ရွာကို ဝင်စီးတဲ့ အကြောင်း၊ ကျမရဲ့ ခင်ပွန်းသေဆုံးခဲ့တဲ့ အကြောင်းနဲ့ ကျမရဲ့ သားလည်း ပျောက်နေတဲ့အကြောင်း ကျမ သူတို့ကို ပြောပြခဲ့ပါတယ်။

မေး – သူတို့က ခင်ဗျားကို ဘာတွေပြောခဲ့ပါသလဲ။

နန်းဆိုင်းဆိုင် – ဒီလူတွေက ကောင်းတဲ့လူတွေ မဟုတ်ပါဘူး။ သူတို့က ရှမ်းသူပုန်တွေကိုပဲ အပြစ်ဖို့ပါတယ်။ ကျမရဲ့သားကို ရှာလို့ မတွေ့သေးဘူးဆိုရင် တပတ်အတွင်း ပြန်လာခဲ့ပါလို့ ပြောပါတယ်။

မေး – ခင်ဗျားပြန်သွားခဲ့ပါသေးလား။

နန်းဆိုင်းဆိုင် – ဟုတ်ကဲ့။ ကျမ ပြန်သွားခဲ့ပါတယ်။ ကျမ သားကို ပြန်ရှာတွေ့အောင် ကူညီပေးဖို့ ကျမ သူတို့ကို မေတ္တာရပ်ခံခဲ့ပါတယ်။ သူ့ကို စစ်သားတွေဖမ်းသွားခဲ့တာလားလို့လည်း သူတို့ကို မေးပါတယ်။ သူတို့က ဘာမှ ပြန်မပြာပါဘူး။ သူတို့ ဘာမှ မတတ်နိုင်ဘူးလို့ဘဲပြောပါတယ်။ သူတို့ဆီ နောက်တခေါက်ပြန်သွားပြီး မေးရမှာကို ကျမကြောက်ပါတယ်။

မေး – အာဏာပိုင်တွေဆီ သွားရမှာကို ဘာကြောင့်ကြောက်တာပါလဲ။

နန်းဆိုင်းဆိုင် – အိမ်သားတွေပျောက်သွားတဲ့အကြောင်း ဒီလို လာလာပြီးမေးနေရင် ရွာကိုနောက်ထပ်လာ တိုက်ဦးမယ်လို့ကျမတို့ ရွာထဲက တချို့လူတွေကို ခြိမ်းခြောက်ထားပါတယ်။

မေး – ခင်ဗျားရဲ့ဖြစ်ရပ်ကို သိထားတဲ့လူတွေထဲက တခြားလူတယောက်ယောက်ကို ကျနော်စကားပြောလို့ရနိုင်မလား။

နန်းဆိုင်းဆိုင် – ရွာထဲမှာ ကျန်ရစ်တဲ့ ဘယ်သူမဆို စစ်တပ်ဝင်စီးတဲ့အကြောင်းနဲ့ပတ်သက်လို့ ပြောပြနိုင်ပါတယ်။ သူတို့ အားလုံးမှာ အဖြစ်ဆိုးတွေနဲ့ ချည်းပါဘဲ။ အားလုံးဘဲဆောက်တည်ရာမရဖြစ်နေကြတာပါ။ စိုင်းလောင်းလ၊ စိုင်းအောင်မွန်းနဲ့၊ နန်းဆိုင်းဟိန်းတို့ကိုမေးကြည့်လို့ရပါတယ်။ သူတို့အားလုံးပဲ၊ ရွာထဲမှာကျမရဲ့အိမ်နဲ့ နီးနီးလေးမှာနေကြပါတယ်။

ndburma2.indd 79 26-Dec-09 13:05:22

မေး – ခင်ဗျား နောက်ထပ်ပြောစရာ ရှိပါသေးသလား။ ဒါမှမဟုတ် ကျနော့်ကို မေးစရာတခုခုရှိပါသလား။

နန်းဆိုင်းဆိုင် – ရွာထဲကို စစ်တပ်ဝင်စီးလို့ ကျမမှာ ဘဝပျက်ခဲ့ရပါတယ်။ သူတို့လက်ချက်ကြောင့် ကျမရဲ့ခင်ပွန်းနဲ့သားကို ဆုံးရှုံးခဲ့ရပါတယ်။ သူတို့က ကျမရဲ့အိမ်ကိုလည်းဖျက်ဆီးပြီး၊ တိရိစ္ဆာန်တွေကိုလည်း ခိုးသွားခဲ့ပါတယ်။ တရွာလုံးလည်း စိစိညက်ညက် ကြေသွားခဲ့ပါတယ်။

မေး – ခင်ဗျားရဲ့ အတွေ့အကြုံကို ပြောပြတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ဒီလိုပြောပြဖို့ တော်တော့်ကို မလွယ်မှန်း ကျနော် နားလည်ပါတယ်။ ကျနော်ခင်ဗျားနဲ့ နောက်ထပ် တွေ့ဖို့လိုမယ်ဆိုရင် ခင်ဗျားကို ဘယ်လို ဆက်သွယ်လို့ရနိုင်ပါမလဲ။

နန်းဆိုင်းဆိုင် – ဒီရွာကိုပြန်လာပြီး၊ ကျမနဲ့ အချိန်မရွေးလာတွေ့နိုင်ပါတယ်။ ကျေးဇူးပြုပြီး ကျမရဲ့သားလေးကိုပြန်ရှာတွေ့အောင်လည်း ကူညီပေးပါ။

ဤတွေ့ဆုံမေးမြန်းခြင်းသည် အဘယ့်ကြောင့် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

ဤတွေ့ဆုံမေးမြန်းခြင်းသည် ကောင်းပါသည်ဟုဆိုရခြင်းမှာ နန်းဆိုင်းဆိုင်က သူမ၏ဖြစ်ရပ်ကို ပြောပြသောကြောင့်ဖြစ်ပါ သည်။ ပွဲဦးထွက်မေးခွန်းများသည် လမ်းဖွင့်မေးခွန်းများ ဖြစ်ပြီး၊ နောက်ဆက်တွဲမေးခွန်းများလည်းပါ ပါသည်။ သူ၏ ဖြေကြားချက်များသည် ချိုးဖေါက်မှုတခုအဖြစ် သတ်မှတ်ရေးအတွက် အဂိါရပ်အသီးသီးကို မှတ်တမ်းပြုရာ၌ အထောက်အကူ ဖြစ်စေပါသည်။ သာဓကအားဖြင့်ဖေါ်ပြရလျှင်၊ နန်းဆိုင်းဆိုင်သည် သတ်ဖြတ်ခြင်း နှင့်ပတ်သက်၍ အောက်ပါသတင်း အချက်အလက်များကို ပေးပါသည်။

ပထမ– နန်းဆိုင်းဆိုင်သည် သူ၏ ခင်ပွန်းအသတ်ခံရကြောင်း သတ်မှတ်ရေးအတွက် သတင်းအချက်များပေးသည်။ စစ် တပ်ဝင်စီးပြီးနောက်တွင် သူ့ခင်ပွန်း၏ အလောင်းကို သွေးအိုင်ထဲမှာ တွေ့ရကြောင်းနှင့်၊ သူ၏ဦး ခေါင်းနှင့်ရင်ဘတ်တို့မှာ သေနတ်နှင့် ပစ်ထားကြောင်းတို့ကို ပြောပြခဲ့သည်။ သူ၏ အသုဘအခန်းအနားကို ကျင်းပခဲ့သည်ဟူသောအထောက်အထားက သူအသတ်ခံရခဲ့သည်ဟူသောအချက်ကို အတည်ပြုပေးရာ၌ အထောက်အကူ ဖြစ်စေပါလိမ့်မည်။

ဒုတိယ– သတ်ဖြတ်ခြင်းသည် တရားဥပဒေနှင့် မညီကြောင်းဖေါ်ပြရေးအတွက် အသေးစိတ် အချက်အလက်များကို နန်းဆိုင်းဆိုင်ကပေးခဲ့သည်။ သူ၏ခင်ပွန်းသည် အကြောင်းမဲ့ သို့မဟုတ် တရားမဲ့အသတ်ခံခဲ့ရကြောင်းနှင့် အခြားရှာသားများသည်လည်း အလားတူပင် တရားဥပဒေမဲ့ သတ်ဖြတ်ခံခဲ့ရကြောင်းတို့ကို နန်းဆိုင်းဆိုင်က ဖေါ်ပြခဲ့ပါသည်။ သူ၏ ထွက်ဆိုချက်အရကြည့်လျှင်၊ သတ်ဖြတ်မှုသည် တရားဥပဒေနှင့် ဆန့်ကျင်ကြောင်း ပေါ်လွင်နေပါသည်။

နောက်ဆုံးအချက်– ဤသတ်ဖြတ်မှုတွင် အစိုးရပိုင်းမှ ပုဂ္ဂိုလ်များပါဝင်ကြောင်းကို နန်းဆိုင်းဆိုင်က ဖေါ်ပြခဲ့သည်။ သတ်ဖြတ်မှုဖြစ်ပွားသည်ကို သူမကိုယ်တိုင် မမြင်မတွေ့ခဲ့ရသော်လည်း ဝင်ရောက်စီးနင်း တိုက်ခိုက်မှုကို မြန်မာစစ်တပ်မှ စစ်သားများက ကျူးလွန်ခဲ့ကြောင်း၊ ၎င်းတို့သည် မြန်မာစစ်တပ် ယူနီဖေါင်းများ ဝတ်ထားကြကြောင်းနှင့် စီးနင်းပြီးနောက်တွင် သူ့ခင်ပွန်း၏ အလောင်းကို တွေ့ခဲ့ရကြောင်းပြောပြခဲ့သည်။ ဤ အချက်နှင့်ပင်လျှင် အစိုးရ၏ပါဝင်ပတ်သက်မှုကို ပြသရန်လုံလောက်ပါသည်။

နန်းဆိုင်းဆိုင်သည် သူ့သားကို အစဖျောက်ပစ်ခြင်း နှင့်ပတ်သက်၍လည်း အောက်ပါ သတင်း အချက်အလက်များကို ပေးပါသည်။

ပထမ– နန်းဆိုင်းဆိုင်သည် သူ၏သား အဖမ်းဆီခံရ၍ စစ်တပ်က ခေါ်သွားခဲ့ကြောင်း သတ်မှတ်ရေးအတွက် သတင်း အချက်များ ပေးခဲ့သည်။ စစ်တပ်ဝင်စီးနေဆဲကာလတွင် သူ့သားကို ခေါ်ဆောင်သွားကြောင်းကို ပြောပြခဲ့သည်။ သူ၏ သား ပြန်ရောက်မလာပါ။ မည်သည့်နေရာတွင် ရှိနေသည်ဟူ၍လည်း သတင်းမကြားရပါ။ အခြားရှာသားများကို မေးမြန်းခြင်းအားဖြင့် နန်းဆိုင်းဆိုင်ပြောပြသော အချက်အလက်များ မှန်–မမှန် အတည်ပြုပေးရာ၌ အထောက်အကူ ဖြစ်စေပါလိမ့်မည်။

ndburma2.indd 80 26-Dec-09 13:05:22

ဒုတိယ–နန်းဆိုင်းဆိုင်၏ သားကို သူ့သား ဆန္ဒမပါဘဲ အတင်းအကျပ် ခေါ်ဆောင်သွားခဲ့ကြောင်း အသေးစိတ်အချက်အလက်များကို နန်းဆိုင်းဆိုင်ကပေးခဲ့သည်။ စစ်သားများက သူ၏သားကို ဖမ်းဆီးရန် ကြိုးစားစဉ်တွင် ထွက်ပြေးရန် ကြိုးစားခဲ့သေးကြောင်း သူကပြောပြသည်။ သူ့ကို အတင်းတွန်းလှဲချပြီး၊ အဝေးသို့ ဆွဲခေါ်သွားကြပါသည်။ သူ၏ထွက်ဆိုချက်အရကြည့်လျှင် ဤလုပ်ဆောင်ချက်သည် ဆန္ဒမပါဘဲ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပေါ်လွင်နေပါသည်။

တတိယ– ဤသို့ အစဖျောက်ဆုံးမှုတွင် အစိုးရအာဏာပိုင်များ ပါဝင်ပတ်သက်မှုရှိနေကြောင်း ဖော်ပြပါသည်။ သူ့သားကို ဆွဲခေါ်သွားသူမှာ မြန်မာအစိုးရ စစ်သားများဖြစ်သည်ကို သူနောက်ဆုံးမြင်လိုက်ရသည်ဟု ပြောပါသည်။ ဤဖော်ပြချက်မျှနှင့်ပင် အစိုးရ၏ ပါဝင်ပတ်သက်မှုကို ဖော်ပြရန် လုံလောက်ပါသည်။

နောက်ဆုံးအချက်– အစိုးရ၏ ငြင်းကွယ်မှုကို သတ်မှတ်ရေးအတွက် သတင်းအချက်အလက်များကို နန်းဆိုင်းဆိုင်ကပေးခဲ့ပါသည်။ သူ၏သား ပျောက်ဆုံးနေကြောင်း တိုင်ကြားရန်အတွက် အာဏာပိုင်များထံသို့ နှစ်ကြိမ်တိုင်တိုင်သွားရောက်ခဲ့ကြောင်းကို ပြောပြခဲ့သည်။ အစိုးရအာဏာပိုင်များသည် သူ၏သားမည်သည့်နေရာမှာရှိနေဟု သတင်းအချက်အလက်များပေးရန် ပျက်ကွက်ခဲ့ကြောင်း၊ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းလေ့လာပေးရန် အရေးယူဆောင်ရွက်ပေးခြင်းမရှိကြောင်း၊ သူတို့ဘက်က ဘာမျှမတတ်နိုင်ဟု အဖြေပေးခဲ့ကြောင်းတို့ကိုသူကဖေါ်ပြခဲ့သည်။ လက်တုံ့ပြန်သည့် အနေနှင့် ရွာထဲသို့ ဝင်စီးမည့် အန္တရာယ်ကို ကြောက်လန့်ကာ၊ အာဏာပိုင်များထံ ပြန်သွားရမည်ကိုကြောက် မိကြောင်းလည်းသူက ဖေါ်ပြခဲ့သည်။

ဤတွေ့ဆုံမေးမြန်းခြင်းမှနေ၍ သတ်ဖြတ်ခြင်း၊အစဖျောက်ပစ်ခြင်းတို့နှင့်ဆက်နွယ်နေသော သူမ၏အိမ်ကိုဖျက်ဆီးပစ်ခြင်း၊ သူ၏ ကြက်ငှက်နှင့် တိရိစ္ဆာန်များကို သိမ်းယူခြင်းကဲ့သို့သော အခြားချိုးဖေါက်မှုများအတွက် အထောက်အထားများရရှိပါသည်။ သူ၏ အိမ်နီးချင်းများကို တွေ့ဆုံမေးမြန်းအားဖြင့် သူ၏ ဖြစ်ရပ်ကို သက်သေခံရေးအတွက် အထောက်အကူ ပေးပါလိမ့်မည်။ အခြားသော ချိုးဖေါက်မှုများကို သတ်မှတ်ဖေါ်ပြရေးအတွက် နောက်ထပ်မေးခွန်းများမေးရန်လိုအပ် ကောင်းလိုအပ်နိုင်ပါသည်။ တွေ့ဆုံမေးမြန်းခြင်းသည် ကောင်စွာပြီးဆုံး သွားပါသည်။ အကြောင်းမှာ နန်းဆိုင်းဆိုင်က နောက်ထပ် မေးခွန်းများကို ဖြေကြားပေးမည်ဟု သဘောတူခဲ့သည့် အပြင်၊ တွေ့ဆုံမေးမြန်းသူ အဖို့လည်း သူနှင့်မည်သို့ ဆက်သွယ်ရမည်ကို သိလိုက်ရသောကြောင့် ဖြစ်ပါသည်။

(၃) နိဂုံးချုပ်

ဤအခန်းကို ဖတ်ပြီးလျှင် သင့်အနေနှင့် အောက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်စွမ်းရှိရမည်။

- သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်းတို့၏ အဂီါရပ်များကို နိုင်ငံတကာဥပဒေနှင့်အညီ မှတ်သား သိရှိလာခြင်း။
- သတ်ဖြတ်ခြင်းနှင့်အစဖျောက်ပစ်ခြင်းတို့အကြောင်း သတင်းအချက်အလက်များကို စုဆောင်းရရှိရေးအတွက်အရေးကြီးသော မေးခွန်းများ ရေးသား ပြုစုခြင်း။
- ချိုးဖေါက်မှုတရပ်ဖြစ်ပွားခဲ့ခြင်း ရှိ–မရှိ သိရှိရေးအတွက် ထိရောက်သော တွေ့ဆုံမေးမြန်းခြင်းတရပ်ကိုဆောင်ရွက်ခြင်း။

ဤလက်စွဲစာစောင်၏ နောက်လာမည့်အခန်းများက သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်းတို့၏ အထောက်အထားများကို အကဲဖြတ်နည်းအကြောင်း ပို၍အသေးစိတ်ကျကျ ဆွေးနွေးထားပါသည်။

ndburma2.indd 81 26-Dec-09 13:05:22

(1) uav;ppfom;rsm;

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လူ့အခွင့်အရေးချိုးဖောက်မှု မြောက်ရန်မှာချိုးဖောက်မှု၏ အဓိကအင်္ဂါရပ်များ ပြည့်မီရန်လိုအပ်သည်။ ဤအင်္ဂါရပ်များသည် တိကျရေရာသော စံချိန်စံညွှန်းများဖြစ်သည်။ သို့တည်းမဟုတ် ဥပဒေနှင့်ဆန့်ကျင်သောလုပ်ရပ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ရှိနေရမည့် ပတ်ဝန်းကျင်အခြေအနေတစုံ လိုအပ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အင်္ဂါရပ်များသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တရားဝင်စာချုပ် စာတမ်းပြဋ္ဌာန်းချက်များမှနေ၍ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုမှန်သမျှကို စတင်မှတ်တမ်းတင်ခြင်းမပြုမီမှာ ချိုးဖောက်မှုဟူသော အဓိပ္ပါယ်ကို သတ်မှတ်ရာတွင်လိုအပ်သည့် အင်္ဂါရပ်များအကြောင်း ရှင်းလင်းတိကျစွာ နားလည်ထားသင့်ပါသည်။ ဤအခန်းတွင် ကလေးစစ်သား အဖြစ်သွတ်သွင်းအသုံးချမှု ကျူးလွန်ချိုးဖောက်ခြင်းတည်း ဟူသော ချိုးဖောက်မှုပေါ်လွင်စေရေးအတွက် လိုအပ်သော အင်္ဂါရပ်များကြောင်း ရှင်းလင်းဖေါ်ပြထားပါသည်။

(၂) ကလေးစစ်သားများဆိုသည်ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း

(က) နိုင်ငံတကာ ဥပဒေအရ ကလေးစစ်သားတဦးအဖြစ် သတ်မှတ်ရာတွင် အင်္ဂါရပ်များကားအဘယ်နည်း။

ကလေးစစ်သား အဖြစ်သတ်မှတ်၍ လူ့အခွင့်အရေးချိုးဖောက်မှုတခုအဖြစ် မှတ်တမ်းတင်နိုင်ရန်အတွက် အောက်ဖေါ်ပြပါ အင်္ဂါရပ် (၃) ခု ထင်ရှားကြောင်း ဖော်ပြရပါမည်။

- တပ်သားသစ်စုဆောင်းခြင်း၊ သို့မဟုတ် စစ်တပ်အတွင်း ပါဝင်ဆောင်ရွက်ခြင်း
- အသက် ၁၅ နှစ်အောက် အရွယ်ကလေးများဖြစ်နေခြင်း
- လက်နက်ကိုင်တပ်ဖွဲ့များအတွင်း၊ လက်နက်ကိုင် အုပ်စုတခုအတွင်း သို့မဟုတ် စစ်ပွဲများအတွင်းသို့ ပါဝင်စေခြင်းတို့ဖြစ်သည်။

(ခ) တပ်သားသစ်စုဆောင်းခြင်း နှင့် စစ်တပ်အတွင်း ပါဝင်ဆောင်ရွက်ခြင်းတွင် မည်သည့် သတ်မှတ်ချက်များရှိသနည်း။

"တပ်သားသစ်စုဆောင်းခြင်း"ဆိုသည်မှာ လက်နက်တိုင်တပ်ဖွဲ့တခု သို့မဟုတ် လက်နက်ကိုင် အုပ်စုတခုအတွင်းသို့ ရုပ်ပိုင်း ဆိုင်ရာအရ စတင်ပါဝင်ခြင်းကို ဆိုလိုသည်။ ထိုလုပ်ငန်းတွင် တရားဝင်ပုံစံအဖြစ် သွတ်သွင်းခြင်းအပြင် တရားဝင်မဟုတ်သော ပုံစံဖြင့် စည်းရုံးသိမ်းသွင်းခြင်းတို့ပါဝင်သည်။ ဥပမာအားဖြင့်– တပ်သားသစ်စုဆောင်ခြင်းတွင်–

- ဥပဒေအရ စစ်မှုထမ်းရခြင်း (တာဝန်အရ စစ်မှုမထမ်းမနေရ)
- ဆန္ဒအလျောက် စစ်မှုထမ်းခြင်း*
- အတင်းအဓမ္မ တပ်သားသစ်စုဆောင်းခြင်း တို့ဖြစ်သည်။

"တပ်အတွင်း ပါဝင်ခြင်းတွင် ကလေးများက တိုက်ပွဲအတွင်း တိုက်ရိုက်ပါဝင်ခြင်းနှင့် လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် လက်နက်ကိုင်အုပ်စုတခု၏ လုပ်ငန်းများအထောက်အကူဖြစ်စေရေးအတွက် ကလေးများကို အသုံးပြုခြင်းအပါအဝင်စစ်ပွဲနှင့် ဆက်နွယ်သောတာဝန်များတွင် ကလေးများကိုအသုံးပြုခြင်း နှစ်ခုစလုံးပါဝင်သည်။ ဥပမာ–စစ်ပွဲများတွင် ပါဝင်ခြင်းဟုဆိုရာတွင်

* လက်နက်ကိုင်တပ်ဖွဲ့များတွင်၊ သို့မဟုတ် လက်နက်ကိုင်အုပ်စုတခုအတွင်း ဆန္ဒအလျောက်စစ်မှုထမ်းခြင်း ကလေးတဦးက မိမိကိုယ်မိမိပုံဖေါ်ပြောခြင်းသည် ကလေးတဦး၏ လွတ်လပ်စွာရွေးချယ်ခွင့်မှ ဖြစ်ပေါ်လာသည်မှာ ရှားပါးလှပေသည်။ သူ၏ထိန်းချုပ်နိုင်မှုမှ ကျော်လွန်သော အချက်အလက်များကြောင့် တွန်းပို့သောရွေးချယ်မှုကြောင့်ဖြစ်ပေါ် လာရသည်က များသည်။ ပုံမှန်အားဖြင့် ကလေးများသည် အခြေခံစားသောက်ရေး လိုအပ်ချက်အရ သော်လည်းကောင်း၊ အတင်းအကျပ် စစ်သားစုဆောင်းခြင်းကို ရှောင်လွှဲလို၍ သော်လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုရရှိလိုသောကြောင့် သော်လည်းကောင်း၊ အစရှိသည့်အကြောင်းပြချက်များကြောင့် စစ်ထဲဝင်ရခြင်းဖြစ်သည်။ ထိုကဲ့သို့သောဖိအားများကြောင့် ကလေး များအဖို့ အခြားရွေးချယ်စရာမရှိဘဲ စစ်ထဲသို့ ဝင်ကြရရုံသာရှိစေသည်။

ndburma2.indd 82 26-Dec-09 13:05:22

- ရှေ့တန်းစစ်မျက်နှာတွင် တိုက်ခိုက်ခြင်း
- နောက်ချန် စခန်းအလုပ်သမားအဖြစ် ထမ်းဆောင်ခြင်း (ဥပမာ– တပ်ဖွဲ့များအတွက် ထမင်းဟင်းချက်ပြုတ်ပေးခြင်း၊ စစ်တန်းလျားများ သန့်ရှင်းပေးခြင်း၊ စခန်း တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်း)
- ကင်းလှည့်ခြင်းနှင့် ကင်းစောင့် တာဝန်ဆောင်ရွက်ခြင်း
- သူလျှို၊ သတင်းပေးနှင့် ကင်းထောက်များအဖြစ် ထမ်းဆောင်ခြင်း
- မြေမြှုပ်မိုင်းထောင်ခြင်း
- အဓမ္မလုပ်အားပေးခြင်း အမိန့်များကို အကောင်အထည်ဖော်ပေးခြင်း
- ပေါ်တာလိုက်ပေးခြင်း
- သတင်းဆက်သွယ်ပေးသူအဖြစ် ထမ်းဆောင်ခြင်း

နိုင်ငံတကာဥပဒေ – ကလေးစစ်သားများ

ကလေးစစ်သားများအသုံးပြုခြင်းကို နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ၊ လူသားချင်းစာနာမှုဆိုင်ရာဥပဒေ၊ ရာဇဝတ်မှုဆိုင် ရာဥပဒေနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေများကရှင်းလင်းစွာတားမြစ်ထားကြောင်းနှင့် ကာကွယ်ပေးရန်လိုအပ်ပုံကို ဖော်ပြထားသည်။ မတူညီသော အမြင်များမှ လေ့လာဆန်းစစ်ထားကြသော်လည်း ကလေးစစ်သားအသုံးပြုခြင်းသည် နိုင်ငံတကာ ဥပဒေကိုချိုးဖောက်ခြင်း ဖြစ်သည်ဟု ဥပဒေဆိုင်ရာ သဘောတူညီချက်များစွာတွင် အသိအမှတ် ပြုထားကြပြီးဖြစ်သည်။

(၈) လက်နက်ကိုင်တပ်ဖွဲ့များ၊ လက်နက်ကိုင်အုပ်စုများနှင့် စစ်ပွဲများ ဆိုသည်မှာ မည်သည့်အရာများ ဖြစ်ကြသနည်း။

"လက်နက်ကိုင်တပ်ဖွဲ့များ" ဆိုသည်မှာ ယေဘုယျအားဖြင့် တိုင်းပြည်တခု၏ စစ်ရေးတပ်ဖွဲ့များကို ရည်ညွှန်းသည်။ ဥပမာ –နိုင်ငံတခု၏ တရားဝင် ကြည်းတပ်၊ လေတပ်၊ ရေတပ် စသဖြင့် ဖြစ်သည်။

"လက်နက်ကိုင်အုပ်စုများ" ဆိုရာတွင် နိုင်ငံတော်၏ လုပ်ပိုင်ခွင့် အာဏာပါသည်ဖြစ်စေ သို့မဟုတ် မပါသည်ဖြစ်စေ လက်နက် ကိုင်လှုပ်ရှားနေသူ လူတစု သို့မဟုတ် မည်သည့်အဖွဲ့အစည်းမဆို ပါဝင်သည်။ ဥပမာ လက်နက်ကိုင် အုပ်စုများတွင်

- အတိုက်အခံ အုပ်စုများ၏ တပ်များ
- အရံ ပြည်သူ့စစ် လက်နက်ကိုင် တပ်ဖွဲ့များ
- ဥပဒေ စည်းကြပ်ရေး ဌာန အေဂျင်စီများ
- အရပ်သားကာကွယ်ရေး တပ်ဖွဲ့များ
- လုပ်ကြံ သတ်ဖြတ်ရေးတပ်ဖွဲ့များ ဖြစ်သည်။

စစ်ပွဲများဆိုသော ဝေါဟာရသည် ပဋိပက္ခကြောင့် ဖြစ်ပေါ်လာရသော ၎င်းတို့၏ သဘာဝအရ သို့မဟုတ် ရည်ရွယ်ချက်အရ ပေါ်ပေါက်လာသည့် ဆောင်ရွက်မှုအားလုံးကို ရည်ညွှန်းသည်။ ထိုအထဲတွင် လက်တွေ့ထိုးစစ်ဆင်တိုက်ခိုက်ခြင်း၊ တိုက်ရိုက်တိုက်ခိုက်ခြင်းများသာပါဝင်သည်သာမက တိုက်ပွဲအတွက် ပြင်ဆင်ခြင်း လုပ်ငန်းများနှင့် တိုက်ပွဲအပြီး စီမံချက်များလည်းပါဝင်သည်။

ndburma2.indd 83 26-Dec-09 13:05:22

ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏ အစိတ်အပိုင်း တခုမဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာကျင့်သုံးမှုပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ ပြုမူနေသည့် အခြားအင်အားစုများ ပါဝင်သည်။ ဤသို့ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA)သည် ပြည်တွင်းဥပဒေအရသူတို့ လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံရမည် ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA)သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော်အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့်အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှု မျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို အပြည့်အဝမှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရက ကျူးလွန်သည်ဖြစ်စေ၊ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

(၄) အရေးကြီးသောမေးခွန်းများ မေးခြင်း။

မေးခွန်းများမေးခြင်းနှင့်တွေ့ဆုံမေးမြန်းခြင်းတို့သည်လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်းသတင်းအချက်အလက်များ စုဆောင်းရာ၌ အလွန်အရေးကြီးပါသည်။ တွေ့ဆုံမေးမြန်းမှုတရပ်၏ အသုံးဝင်မှုသည် အချက်အလက် ရှာဖွေစုဆောင်းသူ၏ ထိရောက်ပြီး၊ လုံလောက်သော မေးခွန်းများမေးသည့် အတွေ့အကြုံနှင့် စွမ်းရည်ပေါ်မှာ အဓိကအားဖြင့် မူတည်ပါလိမ့်မည်။ အချက်အလက် ရှာဖွေစုဆောင်းသူအဖို့ ချိုးဖောက်မှု၏ အရေးကြီးသော အင်္ဂါရပ်များကို သိရှိနားလည်ခြင်းအားဖြင့်၊ နိုင်ငံတကာ ဥပဒေချိုးဖောက်ကြောင်း သတ်မှတ်ရေးအတွက် အရေကြီးမေးခွန်းများပြုစုရာ၌ အထောက်အကူ ဖြစ်စေပါသည်။ ချိုးဖောက်မှုအင်္ဂါရပ်များမှနေ၍ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရရှိရေးတွင် အသုံးဝင်သော ဘောင်စည်းကမ်းသတ်မှတ်ချက်တခု ရရှိနိုင်ပါသည်။

၁။ တပ်သားသစ်စုဆောင်းခြင်း သို့မဟုတ် စစ်ထဲပါဝင်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ထင်ရှားစေခြင်း

- မည်သူသည် စုဆောင်းသိမ်းသွင်းခံခဲ့ရသူ၊ သို့မဟုတ် စစ်ထဲဝင်သူ ဖြစ်ခဲ့သနည်း။ မည်သူက နစ်နာခံခဲ့ရသူကို စုဆောင်းသိမ်းသွင်းခဲ့သနည်း၊ သို့မဟုတ် လေ့ကျင့်ပေးခဲ့သနည်း။
- မည်သည့်အဖြစ်အပျက်များ ဖြစ်ခဲ့သနည်း။
- တပ်သားသစ်စုဆောင်းခြင်း၊ သို့မဟုတ် စစ်ထဲဝင်ခြင်းသည် မည်သည့်အချိန်တွင် ဖြစ်ခဲ့သနည်း။
- တပ်သားသစ်စုဆောင်းခြင်း၊ သို့မဟုတ် စစ်ထဲဝင်ခြင်းသည် မည်သည့်နေရာတွင် ဖြစ်ခဲ့သနည်း။
- တပ်သားသစ်စုဆောင်းခြင်း၊ သို့မဟုတ် စစ်ထဲဝင်ခြင်းသည် မည်သို့ မည်ပုံ ဖြစ်ပျက်ခဲ့သနည်း။
- ထိုအဖြစ်အပျက်ကို သင်မည်ကဲ့သို့ သိရှိသနည်း။

၂။ တပ်သားသစ်စုဆောင်းခံရသူ သို့မဟုတ် စစ်ထဲဝင်သူသည် အသက် ၁၈ နှစ်အောက် ငယ်ရွယ်သူဖြစ်ကြောင်း ထင်ရှားစေခြင်း

- တပ်သားသစ်စုဆောင်းခံရသူ သို့မဟုတ် စစ်ထဲဝင်သူ စစ်သားအဖြစ် စုဆောင်းခံရချိန် သို့မဟုတ် စစ်ထဲဝင်ချိန်တွင် မည်သည့်အတန်းတွင် ပညာသင်ကြားနေခဲ့သနည်း။

ndburma2.indd 84 26-Dec-09 13:05:22

– တပ်သားသစ်စုဆောင်းခံရသူ၊ သို့မဟုတ် စစ်ထဲဝင်သူ၏ မွေးစာရင်းသည် မည်သည့်နေရာတွင် ရှိသနည်း။

– တပ်သားသစ်စုဆောင်းခံရသူ၊ သို့မဟုတ် စစ်ထဲဝင်သူသည် မည်သည့်ခုနှစ်တွင် မွေးဖွားခဲ့သနည်း။

– တပ်သားသစ်စုဆောင်းချိန်၊ သို့မဟုတ် စစ်ထဲဝင်ချိန်တွင် ထိုတပ်သားသစ် သို့မဟုတ် စစ်ထဲဝင်သူ၏ အသက်သည် မည်မျှ ရှိခဲ့သနည်း။ ယခုအချိန်တွင် သူ သို့မဟုတ် သူမ၏ အသက်သည် မည်မျှရှိသနည်း။

– ထိုသတင်းအချက်အလက်များကို သင်မည်ကဲ့သို့ သိရှိသနည်း။

၃။ လက်နက်ကိုင်တပ်ဖွဲ့များ၊ လက်နက်ကိုင်အုပ်စုတခု သို့မဟုတ် စစ်ပွဲများတွင် ပါဝင်စေသည်ဆိုသောအချက်ကို ထင်ရှားစေခြင်း

– ထိုကလေးငယ် ပါဝင်ခဲ့သော အုပ်စုကို မည်သူက ဦးဆောင်ခဲ့သနည်း။

– ထိုကလေးငယ် ပါဝင်ခဲ့သော အုပ်စု သို့မဟုတ် အဖွဲ့အစည်းသည် မည်သည့်အဖွဲ့အစည်း၊ အုပ်စုဖြစ်သနည်း။

– ထိုကလေးငယ်သည် မည်သည့်အဝတ်အစား ဝတ်ဆင်ခဲ့သနည်း။

– ထိုအုပ်စုသည် မည်သည့်နေရာတွင် လှုပ်ရှားခဲ့သနည်း။

– ထိုအုပ်စုတွင် ကလေးငယ် မည်သို့ပါဝင်ခဲ့သနည်း။

– ယခုသတင်းအချက်ကို သင်မည်ကဲ့သို့ သိရှိသနည်း။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ဆောင်ရန်

– လုံခြုံရေးနှင့် လျှို့ဝှက်ရေးအတွက် ကြပ်ကြပ်ဂရုစိုက်ရန်။

– နောက်ခံအကြောင်းဖြင့် အစချီပြီးလျှင်၊ ပို၍ အရေးကြီးသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆောင်ရွက်ပါ။

– ဂရုတစိုက်နားထောင်ပါ။ ပြောစရာရှိသည်ကို မျက်မြင်သက်သေအား ပြောခွင့်ပေးပါ။

– လှုပ်ရှားစိတ်ဖြင့် တုံ့ပြန်မှုများကို သိရှိအောင် ဂရုပြုပါ။

– ရှေ့နောက်မညီညွတ်မှုများကို သိရှိအောင် ဂရုပြုပါ။

– စိတ်ရှည် သည်းခံပါ။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ရှောင်ရန်

– မှတ်ချက်ချခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်း မပြုပါနှင့်။

– နိမိတ်ပြမေးခွန်းများ မေးခြင်းကို ရှောင်ကျဉ်ပါ။

– အခြားသက်သေများကို ဖေါ်ပြခြင်း မပြုပါနှင့်။

– မိမိ လုပ်မပေးနိုင်သော ကတိများကို မပေးပါနှင့်။

– အပေါ်စီးဟန် သို့မဟုတ် စစ်ကြောရေးလုပ်နေသော ဟန်ဖြင့် မေးခွန်းမေးခြင်းများကို ရှောင်ကျဉ်ပါ။

– သတင်းနှင့်ပတ်သက်၍ မိမိ၏သြဇာ မလွှမ်းမိုးမိအောင် ရှောင်ကျဉ်ပါ။

ndburma2.indd 85 26-Dec-09 13:05:22

(၄) မှတ်တမ်းပြုခြင်း

နိုင်ငံတကာ ဥပဒေချိုးဖောက်မှုအဖြစ် အဓိပ္ပါယ်သတ်မှတ်ရန်အတွက် လိုအပ်သောသတင်းအချက်အလက်များ ရှာဖွေစုဆောင်းရာ၌ အချိန်နှင့် လုပ်ဆောင်ချက်တို့လိုအပ်ပါသည်။ ချိုးဖောက်မှုတခု၏ အဂီါရပ်များသည် အစဉ်အဖြင့်အဆင်သင့်ပေါ်လွင် ထင်ရှားနေသည် မဟုတ်ချေ။ အချက်အလက်ရှာဖွေ စုဆောင်းသူတဦးအနေနှင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သော သတင်းအချက်လက်များကို ထုတ်ယူနိုင်စွမ်း ရှိရမည်ဖြစ်သည့်အပြင်၊ စုဆောင်းရရှိထားသော သတင်းအချက်အလက်များမှနေ၍ ချိုးဖောက်မှု၏ အရေးကြီးအဂီါရပ်များကိုလည်း နည်းလမ်းတကျ ဖေါ်ထုတ်နိုင်စွမ်းရှိရမည်ဖြစ်ပါသည်။ ချိုးဖောက်မှု၏ အဂီါရပ်များကို ဖေါ်ထုတ်မှုပြုရန်အတွက် ဤအခန်းက မြန်မာနိုင်ငံ၏ အခြေအနေအချိန်အခါမှာ ဖြစ်ပွားနေကျ ကလေးစစ်သား စုဆောင်းအသုံးချမှုမျိုး အတွက် အထောက်အထားပါသော ဖြစ်ရပ်မှန်ပုံစံ တခုကို ဖေါ်ပြပေးပါမည်။

ဖြစ်ရပ်မှန်ပုံစံ ပေါ်အခြေခံလျက် ဤအခန်းက တွေ့ဆုံမေးမြန်းမှုနည်းနာနှင့် ပတ်သက်သော အကောင်းနှင့်အဆိုးသာဓကများကို ဖေါ်ပြထားပါသည်။ တွေ့ဆုံမေးမြန်းခြင်းနှင့်ပတ်သက်သော အချက်အလက်များအပြင်၊ ထိရောက်စွာအချက်အလက်ရှာဖွေရေးနှင့်ပတ်သက်သော အကြံပြုချက်များကို နောက်ထပ်သိရှိလိုပါက ဤစာစောင်ပါ "မြန်မာနိုင်ငံ လူ့အခွင့်အရေးချိုးဖောက်မှုများ အကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကို ကြည့်ပါ။

(က) အခြေအနေ အချိန်အခါကို နားလည်ခြင်း။

လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ဖေါ်ထုတ်ရေးအတွက် အချက်အလက်ရှာဖွေရေး လုပ်ငန်း သို့မဟုတ် တွေ့ဆုံမေးမြန်းခြင်းများ မစတင်မီမှာ ချိုးဖောက်မှုများ ဖြစ်ပွားရာနေရာ၏ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ အချိန်အခါကို နားလည်ထားရန်အရေးကြီးပါသည်။ အခြေအနေ အချိန်အခါကို နားလည်ခြင်းအားဖြင့်အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ ထိရောက်သော မေးခွန်းများပြုစုရေးနှင့် လက်ရှိအခြေအနေကို ထိုးထွင်းသိမြင်ရေးတွင် အထောက် အကူရနိုင်ပါသည်။ အတွေ့အကြုံရှိသော အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ပင်လျှင် အချက်အလက်ရှာဖွေစုဆောင်းမှုမပြုမီ၊ နောက်ခံသတင်းအချက်အလက်များကို စီစစ်ကြည့်ရေးတွင် အထောက်အကူရနိုင်ပါသည်။ အောက်မှာဖေါ်ပြထားသည်မှာ မြန်မာနိုင်ငံအတွင်း ကလေးစစ်သား စုဆောင်းအသုံးချမှု ပုံသဏ္ဌာန်များ ဖြစ်ပေါ်နေခြင်းနှင့်ပတ်သက်၍ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ နောက်ခံအကြောင်းအချက် အချို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသော ကလေးစစ်သား စုဆောင်းအသုံးချမှုဆိုင်ရာ ချိုးဖောက်မှုသမိုင်းနှင့် နိုင်ငံရေး ဆိုင်ရာ နောက်ခံအကြောင်းအချက်များ

(၁၉၆၂) ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်၍ မြန်မာနိုင်ငံတခုလုံးကို စစ်အာဏာသိမ်းခဲ့သည့် အချိန်မှစ၍ အာဏာ အဆင့် ဆင့် ဆက်ခံလာသော စစ်အစိုးရများသည် တိုင်းပြည်အား ခြိမ်းခြောက်ခြင်း၊ မဖေါ်ပြနိုင်လောက်သော ရက်စက်မှုမျိုးဖြင့် အုပ်ချုပ်လာခဲ့သည်။ မြန်မာနိုင်ငံသည် ကလေးစစ်သား စုဆောင်းအသုံးပြုခြင်းကို အတိအကျ တားမြစ်ထားသော ကလေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်စာချုပ်၏ အဖွဲ့ဝင်နိုင်ငံတနိုင်ငံ ဖြစ်သော်ငြားလည်း စာချုပ်ပါ ဥပဒေကို စိုးစဉ်းမျှသာ လေးစားလိုက်နာခြင်းရှိသည်။ # (၂၀၀၄) ခုနှစ်၊ ဇန်နဝါရီလတွင် (နအဖ) စစ်အစိုးရက အသက်၁၈ရွယ် သူများကို စစ်သားအဖြစ်စုဆောင်းခြင်းအား ကာကွယ်တားဆီးသည့် ကော်မတီတရပ် ဖွဲ့စည်းခဲ့သော်လည်း မြန်မာစစ်တပ်သည် တကမ္ဘာလုံးရှိ အခြားတိုင်းပြည်၊ သို့မဟုတ် စစ်တပ်များထက် ကလေးစစ်သား ပိုမို အသုံးပြုနေသည်ဟူ၍ ယုံကြည်နေရ ဆဲဖြစ်သည်။[၂] ကိန်းဂဏန်း အတိအကျအရ မသိရသော်လည်း မြန်မာစစ်တပ် အင်အား ၃၅၀, ၀၀၀ အနက် တပ်သားအင်အား ၇၀, ၀၀၀ ဦးသည် အသက် (၁၈) နှစ်အောက်ဖြစ်ကာ အချို့စစ်သားများသည် အသက် (၉) နှစ် အရွယ်ထိပင် ရှိသည်ဟု ခန့်မှန်းချက်များက ညွှန်ပြထားသည်။[၃] အတိုက်အခံ

သို့သော် မြန်မာနိုင်ငံသည် သဘောတူစာချုပ်၏ ခွင်းချက်သဘောတူချက် နှစ်ခုလုံးတွင် လက်မှတ်ရေးထိုးထားခြင်း မရှိပေ။

ndburma2.indd 86 26-Dec-09 13:05:22

လက်နက်ကိုင်အုပ်စုများနှင့် အပစ်အခတ်ရပ်ဆဲထားသော အုပ်စု များသည်လည်း ကလေးစစ်သား စုဆောင်းအသုံးပြုခြင်းများ ရှိသော်လည်း မြန်မာစစ်တပ်နှင့် နိုင်းယှဉ်ပါက အလွန်နည်းပါးလှသည်။[၄] (၂၀၀၇) ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက် နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ လုံခြုံရေးကောင်စီသို့ တင်ပြသော အစီရင်ခံစာအရ မြန်မာနိုင်ငံရှိ အုပ်စု (၁၀) ခုသည် ကလေးစစ်သား အသုံးပြုနေသည်ဟု မှတ်တမ်းများအရ သိရှိရသည်။[၅]

မြန်မာစစ်တပ်အတွင်းသို့ အတင်းအကျပ် စစ်သားအဖြစ် စုဆောင်းခံခဲ့ရသူ ကလေးများသည် ထောင်ချမည်ဟု ခြိမ်းခြောက်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာအရတိုက်ခိုက်ခြင်းနှင့် အခြားသော အပြစ်ပေးဒဏ်ခတ်မှုများအောက်တွင်မဖြစ်မနေ ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ကြရသူများ ဖြစ်သည်။ အရပ်သားနှင့် စစ်ဖက်ဆိုင်ရာ တပ်သားသစ်စုဆောင်းသူများသည် ဘတ်စ်ကားဂိတ်၊ မီးရထားဘူတာရုံနှင့် အခြားသော အများပြည်သူ သွားလာရာနေရာများတွင် ကလေးများကို ဖမ်းဆီးသွားခြင်း၊ သွေးဆောင်ခေါ်ဆောင်သွားခြင်း၊ အတင်းအကျပ် ဖိအားပေးခြင်းများပြုလုပ်ကြသည်။[၆] အခြား ကလေးငယ်များသည် ဆင်းရဲမွဲတေမှုမှ ကင်းဝေးရန် သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုတစုံတရာ ရရှိရန်အတွက် စစ်တပ်အတွင်းသို့ မဖြစ်မနေဝင်ကြရသည်။[၇] အချို့ဒေသခံအာဏာပိုင်များထံသို့ ကျေးရွာသားများက ကလေးစစ်သားသစ်များကို ခွဲတမ်းအဖြစ်ပေးအပ်ကြရသည်။[၈] စစ်သားသစ်များ ရှာပေးခြင်းအတွက် ကော်မရှင်ခပ်မြက်မြက်ရသည်ဟုဆိုသော စစ်သားသစ်စုဆောင်းသူများအတွက် ကလေးများသည် လွယ်လင့်တကူရနိုင်သော နစ်နာဖွယ် သားကောင်များဖြစ်နေကြရရှာသည်။[၉]

အကြောင်းပြချက်များစွာ အောက်တွင် ကလေးများသည် စစ်သားစုဆောင်းရာ၌ လူတိုင်းကြိုက် စစ်သားလောင်းများဖြစ်နေ ကြသည်။ ဥပမာတခုမှာ ကလေးများသည် အမိန့်နာခံမှု ပိုကောင်းခြင်း၊ အတွေးအခေါ် ရိုက်သွင်းရာတွင် ပိုမိုလွယ်ကူခြင်း နှင့် ကြီးကိုင်ရာတွင် ပို၍ လွယ်ကူသည်ဟု ကျယ်ကျယ်ပြန့်ပြန့် မှတ်ယူထားသည်။ထို့ကြောင့် ကလေးများကို လေ့ကျင့်ပေးရာတွင် ပို၍လွယ်ကူသည်။ စိတ်ပိုင်းဆိုင်ရာအရ ရင့်ကျင်မှုမရှိသေးသောကြောင့် ကလေးများသည် ဆွဲဆောင်ရလွယ်ကူခြင်း၊ ခြိမ်းခြောက်ရလွယ်ကူခြင်းနှင့် အနိုင့်ကျင့် ချိုးဖောက်မှုများ ခိုင်းစေရာတွင် ပို၍လွယ်ကူသည်။ ပို၍သေးငယ်သော၊ ပေါ့ပါးသော အသုံးပြု၍လွယ်ကူသော လက်နက်များပိုတိုး၍ ထုတ်လုပ်နေခြင်းက ကလေးများကချိုးဖောက်မှုများကို ပို၍ကျူးလွန်နိုင်စေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သော လက်နက်များသည် ကလေးများအတွက် အသုံးပြုလွယ်ကူသောကြောင့် ဖြစ်သည်။ ကလေးများအား လျှို့ဝှက်ထောက်လှမ်းခိုင်းခြင်း၊ သို့မဟုတ် အဖျက်အမောက်လုပ်ငန်းများကဲ့သို့သော လုပ်ငန်းများတွင်လည်း အသုံးပြုကြသည်။ အကြောင်းမှာ ကလေးများကိုလူအများက သတိထားမှု နည်းပါးကာပို၍ အပြစ်မဲ့ပုံပေါ်သောကြောင့် ဖြစ်သည်။[၁၀]

မြန်မာစစ်တပ်ရှိ စစ်သားသစ်များသည် ပုံမှန်အားဖြင့် စုဆောင်းရေးဌာနဟူသော စစ်တပ်စခန်းအတွင်းရှိ ခြံစည်းရိုးခတ် အလုံပိတ်နေရာသို့ ပထမဆုံး ခေါ်ဆောင်သွားခြင်းခံကြရသည်။ စစ်သင်တန်းတက်ရန် စောင့်ဆိုင်းနေစဉ် ကာလအတွင်း တပ်သားသစ်များသည် စခန်းအတွင်းပတ်လည်တွင် ပင်ပန်းကြီးစွာ အလုပ်လုပ်ကိုင်ပေးရပြီး ဆိုးဝါးသော အနိုင်ကျင့်မှုများကိုခံရကြသည်။[၁၁] လုံလောက်သော တပ်သားသစ်အရည်အတွက် ရရှိသည့်အချိန်တွင် ၎င်းတို့အား စစ်သင်တန်းတက်ရန်အတွက် အုပ်စုတစုအဖြစ် စေလွှတ်ကြသည်။ သင်တန်းကျောင်းများ၏ အခြေအနေသည် အလွန်စိတ်ပျက်ဖွယ်ဖြစ်ပြီး၊ အနိုင်ကျင့်ချိုး ဖောက်မှုများလည်း မကြာခဏဆိုသလို ဖြစ်တတ်သည်။ သင်တန်းကာလသည် ပုံမှန်အားဖြင့် ၄ လမှ ၅ လအထိ ကြာမြင့်တက်ပြီး၊ သင်တန်းသားများသည် ရိုက်နှက်ခံရခြင်း၊ အစာရေစာငတ်ပြတ်ခြင်းနှင့်အခြားသော အခက်အခဲများစွာကို ရင်ဆိုင်ကြရသည်။[၁၂] သင်တန်းပြီးဆုံးသည်နှင့် သင်တန်းဆင်းများအားတိုက်ခိုက်ရေးတပ်ရင်းများထံသို့ စေလွှတ်ကြသည်။ ထိုနေရာ များတွင်လည်း အနိုင်ကျင့်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။

စစ်သားများအဖြစ်ပင်ကလေးများသည်အနိုင်ကျင့်ခံရရန်ပို၍လွယ်ကူသည်။မြန်မာစစ်တပ်တွင်ကလေးစစ်သားများသည် အခမဲ့လုပ်သားများ အဖြစ်၊ ကင်းစောင့်ရသူများ အဖြစ်၊ သတင်းပို့ဆက်သွယ်ရသူများ အဖြစ်၊ သူလျှိုများအဖြစ်၊ ပေါ်တာများအဖြစ် အသုံးပြုခံရသည်။[၁၃] ကလေးများကို တိုက်ပွဲများအတွင်းအသုံးပြုခြင်းမှ ကင်းလွတ်ခွင့်မပေးသကဲ့သို့ ပုံမှန်အားဖြင့် အရပ်သားပြည်သူများအပေါ် အကြမ်းဖက် တိုက်ခိုက်မှုများကို အတင်းအကျပ်ကျူးလွန်ခိုင်းတတ်သည်။ စစ်ဆင်ရေးများ တွင်လည်း ခန္ဓာကိုယ်ပိုင်းအရ အသုံးပြုရမည့် လုပ်ငန်းများတွင်လည်း ကလေးများကိုအလွတ်မပေးပေ။ သို့တိုင်ပင် ကာယအားအရအပြည့်အဝ အသုံးမပြုနိုင်ကြခြင်းကြောင့် ကလေးများသည် အထက်အရာရှိများ၏ ကြီးမားသော အပြစ်ပေးမှုကို ခံရတတ်သည်။ ထို့အပြင် အရွယ်ကြီးသူ စစ်သားများက ကလေးများ၏ ရိက္ခာခွဲတမ်းများနှင့် လစာများကို ခိုးယူကြသည်ဟုလည်းသိရသည်။[၁၄] ကလေးများသည် လိင်အနိုင်ကျင့်မှုနှင့် ခေါင်းပုံဖြတ်မှုတွင်လည်း ပို၍အကာအကွယ်မဲ့စွာခံကြရသည်။[၁၅] တဆက်တည်းတွင် ထွက်ပြေးရန် ကြိုးစားသူ ကလေးများသည် ရက်စက်စွာ အပြစ်

ndburma2.indd 87 26-Dec-09 13:05:22

ပေးခံရကာ မသန့်ရှင်း ညစ်ပတ်သော၊ လူပြည့်ကျပ်နေသော အချုပ်ထောင်များတွင် အကျဉ်းကျ ခံကြရသည်။[၁၆]

ယေဘုယျအားဖြင့် ကလေးများသည် စစ်သားတယောက်တွင် လိုအပ်သော စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာရင့်ကျင့်မှု မရှိသေးပေ။ မြန်မာနိုင်ငံရှိ ကလေးစစ်သားများသည် အကြမ်းဖက်တိုက်ခိုက်မှုကို မျက်ဝါးထင်ထင်မြင်ကြရသည်သာ မဟုတ်၊ ကိုယ်တိုင်လည်း ဆိုးဝါးစွာချိုးဖောက်ခဲ့ကြသည်။ ထိုကဲ့သို့သော စိတ်ဝေဒနာအတွေ့အကြုံများက ဆိုးဝါးသော စိတ်ပိုင်းဆိုင်ရာ မတည်ငြိမ်မှုကို ဖြစ်ပေါ်စေသည်။ ကလေးစစ်သားများသည် တခါတရံတွင်ကြောက်စိတ်အလွန်ကြီးခြင်း၊ ဖုံဖြိုးမှုဆိုင်ရာနှောင့်နှေးခြင်း၊ အိပ်မရခြင်း၊ လူ့အဖွဲ့အစည်းမှ ရှောင်ဖယ်ခြင်းနှင့် ရန်လိုစိတ် ဖြစ်ပေါ်ခြင်းစသည့် ဝေဒနာများကို ခံစားရတတ်သည်။ တသက်တာ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုကို ဖြစ်စေနိုင်သည့် မကုသပေးသော အနာတရများ၊ နာမကျန်းမှုများ၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများနှင့် အာဟာရ ချို့တဲ့မှုများစသည့် အခြေအနေများကိုလည်း ကလေးစစ်သားများ ကြုံတွေ့ကြရသည်။

(၂၀၀၄) ခုနှစ်တွင် (နအဖ) စစ်အစိုးရသည် အရွယ်မရောက်သူ ကလေးများအား စစ်သားအဖြစ် စုဆောင်းသိမ်းသွင်းအသုံးချခြင်းကို ကာကွယ်တားဆီးသည့် ကော်မတီတရပ်ကို တည်ထောင်ခဲ့သည်။[၁၇] ထိုကော်မတီ၏ လုပ်ငန်းစီမံချက်တွင် ကလေးစစ်သားပပျောက်ရေး၊ ပြန်လည်ပြုစုပျိုးထောင်းရေးနှင့် လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ရောက်ရေးအတွက် လုပ်ငန်းများလုပ်ဆောင်ရန် ကတိကဝတ်များ ပါရှိသည်။ သို့သော် ကလေးစစ်သား စုဆောင်းမှုနှင့်အသုံးပြုမှုသည် ယနေ့အထိ ရှိနေသေးသည်နှင့်ပတ်သက်၍ ခိုင်မာသော သက်သေများရှိသည်။ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ (Human Rights Watch) ၏ မြန်မာနိုင်ငံ ကလေးစစ်သားအသုံးပြုမှုနှင့် ပတ်သက်၍ (၂၀၀၇) ခုနှစ်တွင် ထုတ်ပြန်သော အစီရင်ခံစာတွင် ထိုကော်မတီသည် ဟန်ဆောင်လုပ်ငန်းတခုအဖြစ်သာ လုပ်ဆောင်နေပြီး ကော်မ တီ၏ တရားဝင်ထုတ်ပြန်ထားသော ရည်မှန်းချက် များအောင်မြင်ရေးအတွက် မဖြစ်စလောက်သော တိုးတက်မှုကို လုပ်ဆောင်နေကာ၊ တရားဝင်ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေသော စစ်တပ်၏ အတင်းအဓမ္မ ကလေးစစ်သားစုဆောင်း ခြင်းကို အလေးပေးဖြေရှင်းရန် ပျက်ကွက်နေသည်ဟု ဝေဖန် ဖေါ်ပြထားသည်။[၁၈]

(ခ) ဖြစ်တတ်သည့် ပုံစံများ

မြန်မာနိုင်ငံ၏ တည်ဆဲအခြေအနေတွင် ဖြစ်လေ့ရှိသော ကလေးစစ်သား စုဆောင်းအသုံးချမှု အမှုမျိုးအတွက် အချက်အလက် ပုံစံတခုကို အောက်မှာ ဥပမာဖော်ပြ ပေးထားပါသည်။ ဤအချက်အလက် ပုံစံသည် ချိုးဖောက်မှုတရပ်၏ အဓိက အင်္ဂါရုပ်များကို ဖေါ် ထုတ်ပြရာ၌ အသုံးဝင်ဖွယ် ရှိပါသည်။ ကလေးစစ်သား စုဆောင်းအသုံးချမှုတည်းဟူသော ချိုးဖောက်မှုတရပ်ကိုနိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်နိုင်ရေးအတွက် အောက်ပါ အချက်များပါရှိရမည်ကို သတိရပါ။

၁။ တပ်သားသစ်စုဆောင်းခြင်း သို့မဟုတ် စစ်ထဲ ပါဝင်ဆောင်ရွက်စေခြင်း။

၂။ အသက် ၁၈ နှစ်အောက် ကလေးတဦး သို့မဟုတ် ကလေးများ။

၃။ လက်နက်ကိုင်တပ်ဖွဲ့များအတွင်း၊ လက်နက်ကိုင် အုပ်စုတခုအတွင်း သို့မဟုတ် စစ်ပွဲများအတွင်းသို့ ပါဝင်စေခြင်းတို့ ဖြစ်သည်။

ဖြစ်ရပ်မှန်ပုံစံ– ကလေးစစ်သားများ II

မောင်ဝင်းသည် အသက် (၁၅) နှစ်အရွယ် ကလေးတဦးဖြစ်ပြီး မန္တလေးတွင်နေထိုင်သည်။ မောင်ဝင်း ကျောင်းသို့ အသွားလမ်းတွင် မြန်မာစစ်တပ်မှ အရာရှိတဦးက သူ့ကို ရပ်တန့်ခိုင်းခဲ့သည်။ ထိုအရာရှိကသူ၏ မှတ်ပုံတင်ကဒ်ပြားကို တောင်းရာ သူကမရှိကြောင်း ပြောပြသည်။ မှတ်ပုံတင်မရှိခြင်းသည် တရားမဝင်ဟု ထိုအရာရှိက သူ့ကိုပြောသည်။ အရာရှိက သူ၏ လက်မောင်းကို ဖမ်းဆွဲကာ သူ့ကို ဖမ်းရမည်ဟု ပြောသည်။ မောင်ဝင်းသည် အလွန်ကြောက်ရွံ့ကာ

II ယခု ဖော်ပြထားသည့် စိတ်ကူးဖော်ပြချက် ပုံစံသည် လူအများ၏ အတွေ့အကြုံများကို အခြေခံရေးသားထားခြင်း ဖြစ်ကြောင်း သတိပြုစေလိုပါသည်။ ယခုလက်စွဲစာအုပ်တွင် အသုံး ပြုဖော်ပြနိုင်ရန်အတွက်သာ ဖန်တီး ရေးသားထားခြင်း ဖြစ်ပါသည်။ လူတဦး၏ ဖြစ်ရပ်၊ အမှန်ဖြစ်ရပ် တခု ကို ဖော်ပြရေးသားထားခြင်း မဟုတ်ပါ။

ndburma2.indd 88 26-Dec-09 13:05:22

စတင်ငိုကြွေးတော့သည်။ ထောင်မကျလိုပါက စစ်တပ်ထဲသို့ဝင်ရမည်ဟု ထိုအရာရှိက မောင်ဝင်းကို ပြောလာသည်။ အကျဉ်းထောင်အတွင်း ကြောက် မက်ဖွယ်အခြေအနေကို စိုးရိမ်ကြောက်ရွံ့သောကြောင့် မောင်ဝင်းက စစ်တပ်အတွင်းသို့ ဝင်ရန် သဘောတူခဲ့ရသည်။

ထိုအရာရှိက မောင်ဝင်းကိုစုဆောင်းရေးဌာနကို ခေါ်ဆောင်သွားခဲ့သည်။စုဆောင်းရေးဌာနတွင် သူနှင့်သက်တူရွယ်သူ အခြားလူငယ်များစွာကို မောင်ဝင်း တွေ့ခဲ့ရသည်။ စစ်သင်တန်းသို့ မပို့ခင် မောင်ဝင်း စုဆောင်းရေးဌာန၌ ရက်သတ္တပတ်နှစ်ပတ်ကြာ နေခဲ့ရသည်။ သင်တန်းကျောင်းတွင် အသက် (၁၈) နှစ်အောက် အခြားလူငယ် (၃)ဦးနှင့် မောင်ဝင်း သူငယ်ချင်းဖွဲ့မိသည်။ သင်တန်းကာလအတွင်း ဗိုလ်ချုပ်တဦးသည် သင်တန်းသားများထံလာ၍ တပ်စစ်ဆေးခဲ့သည်။ ထို ဗိုလ်ချုပ်က မောင်ဝင်းအနီး သို့လာကာ သူ့ကိုအသက် ဘယ်နှစ်နှစ်ရှိပြီလည်းဟု မေးခဲ့သဖြင့် မောင်ဝင်းက ကျနော်အသက် (၁၅) နှစ်ပါဟု ပြန်ဖြေခဲ့ သည်။ ဗိုလ်ချုပ်က မောင်ဝင်း၏ မျက်နှာကို ဖြတ်ရိုက်လိုက်ပြီး ''သောက်သုံးမကျတဲ့ကောင်။ မင်းအသက်ကိုမေးရင် (၁၈) နှစ် လို့ ဖြေရမယ်ကွ'' ဟု ပြောခဲ့သည်။

စစ်သင်တန်းကာလတွင် နေ့စဉ်နေ့တိုင်း စစ်ယူနီဖောင်းအပြည့်ဖြင့် လေးလံလှသည့် လက်နက်များကို ကိုင်ဆောင်ကာ ခြစ်ခြစ်တောက် နေပူအောက်တွင် နာရီပေါင်းများစွာ ခရီးရှည်လေ့ကျင့်ခိုင်းကြပွဲကို မဖြစ်မနေ မောင်ဝင်း လုပ်ခဲ့ရသည်။ မောင်းပြန် သေနတ်ကိုင်နည်း၊ ပစ်နည်းနှင့် ဆေးကြောနည်းများကို သင်ကြားခဲ့ရသည်။ အခြားသင်တန်းသားများနှင့်အတူ စစ်တန်းလျားများတွင် နေထိုင်ခဲ့ရသည်။ ရုပ်ပိုင်းဆိုင်ရာအရ အားသွန်ခွန်စိုက် မောပန်းစွာ လေ့ကျင့်ရသော်လည်းသင်တန်းသားများသည် တနေ့လျှင်နှစ်ကြိမ် ထမင်းအနည်းငယ်နှင့် အသားအနည်းငယ်သာစားရသည်။ မကြာခဏဆိုသလို မောင်ဝင်း ဗိုက်ဆာခဲ့ပြီး၊ ရုပ်ပိုင်းဆိုင်ရာအရ ခြေကုန်လက်ပန်း ဖြစ်ခဲ့ရသည်။

သင်တန်းကာလတွင် မောင်ဝင်းတို့တပ်ခွဲမှ သင်တန်းသား ငါးယောက်ထွက်ပြေးရန် ကြိုးပမ်းခဲ့သည်။ သုံးယောက်လွတ်သွားခဲ့ပြီး နှစ်ယောက်ကို မြန်မာစစ်တပ်က ဖမ်းမိခဲ့သည်။ ဖမ်းမိသူ သင်တန်းသားများကို သင်တန်းသားများရှေ့သို့ ခေါ်လာကာ စစ်တပ်အရာရှိများက ရက်ရက်စက်စက် နှိပ်စက်ပြခဲ့သည်။အရာရှိများက အကျဉ်းသားသင်းတန်းသားများကို မှောက်ခုံလှဲခိုင်းသည်။ လက်ပြန်ကြိုး တုပ်ထားသည့်အပြင်သူတို့၏ ခြေထောက်များကိုလည်း ခြေကျင်းခတ်ထားသည်။ အရာရှိများက အခြားသင်တန်းသားများကို ဖမ်းမိလာသူသင်တန်းသားများကို ပါးရှနေသော တုတ်ဖြင့် အရိုက်ခိုင်းခဲ့သည်။ တနာရီကြာမျှ အရိုက်ခံရပြီးနောက် အချုပ်စခန်းတွင် ထိုအကျဉ်းသားများကို ချုပ်ထားလိုက်သည်။ သူတို့နှစ်ယောက် အနက် တယောက် အသက်ဆုံးရှုံးသွားခဲ့သည်။

စစ်သင်တန်းတလကြာမျှပြီးသွားသည့်အခါတွင် မောင်ဝင်းသည် ခြေလျင်တပ်ရင်း အမှတ် (၃၄၉)တွင် တာဝန်ထမ်းဆောင်ရန် တာဝန်ပေးခြင်းခံခဲ့ရသည်။ စစ်သားတယောက်အဖြစ် မောင်ဝင်းသည် လေးလံလှသော စစ်ပစ္စည်းများဖြင့်ခရီးဝေးချီတက်ခဲ့ရသည်။ အခြားတပ်ဖွဲ့များကို အမှီမလိုက်နိုင်ပါက မောင်ဝင်းသည် အရာရှိများ၏ အရိုက်နှက်၊ အနိုင်ကျင့်ဒဏ်ခံရသည်။ တချိန် တွင် သူ၏ တပ်ရင်းသည် တောတွင်းတနေရာ၌ တော်လှန်ရေးတပ်သားများနှင့် ထိပ်တိုက်တိုးခဲ့သည်။ လက်နက်ကြီး အပြန်အလှန်ပစ်ခတ်ခဲ့ပြီး၊ မောင်ဝင်းတို့ တပ်ရင်းမှ ရဲဘော်တဦး ဒဏ်ရာရခဲ့သည်။ ရန်ရင်းဆန်ခတ်ဖြစ်နေချိန်တွင် မောင်ဝင်း အခွင့်ကောင်းယူကာ ထွက်ပြေးခဲ့သည်။ သူ၏ တပ်ရင်းသည် တော်လှန်ရေးတပ်သားများလိုက်ရှာခြင်းဖြင့် အလုပ်ရှုပ်နေချိန်တွင် မောင်ဝင်း တောတွင်း၌ ပုန်းအောင်းနေခဲ့သည်။

တပ်ရင်းရှေ့ဆက် ခရီတက်သွားသည်နှင့် တပြိုင်နက် မောင်ဝင်း တောတွင်းထွက်ကာ နီးစပ်ရာရွာသို့ အသော့နှင့်ခဲ့သည်။ ထိုင်းနယ်စပ်သို့ရောက်သည်အထိ တရွာပြီးတရွာ မောင်ဝင်း ခရီးဆန့်ခဲ့သည်။ သူသည် ယခုအချိန်တွင် ထိုင်းနိုင်ငံအတွင်းရှိ ကယ်ဆယ်ရေးဂေဟာတခုတွင် နေထိုင်လျက်ရှိပါသည်။

(၈) တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာပုံစံ

တွေ့ဆုံမေးမြန်းခြင်းသည် အဓိကကျသော အချက်အလက်များကို ရှာဖွေစုဆောင်းနည်းပင်ဖြစ်သည်။ အဓိက အကြောင်းရင်းမှာ အဖြစ်အပျက်တခုနှင့် ပတ်သက်၍ လူတို့သည် သတင်းအချက်များကို အများဆုံးရရှိထားသူများဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခြင်းသည် အချက်အလက်ရှာဖွေစုဆောင်းသောလုပ်ငန်းအတွက် အခြေခံကျသည်ဖြစ်ရာ၊ တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အကောင်းဆုံး ရရှိထားခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘက်ပေါင်းစုံမှနေ၍ အသေးစိတ်ကျကျ ဖေါ်ထုတ်ရေးတွင် သေခြာက်တခုဖြစ်ပါသည်။ အထက်ဖေါ်ပြပါ ဖြစ်ရပ်မှန်ပုံစံကို အခြေခံထားသောတွေ့ဆုံ

ndburma2.indd 89 26-Dec-09 13:05:22

မေးမြန်းခြင်း နမူနာပုံစံ (၂) ခုကို အောက်မှာ ဖေါ်ပြထားပါသည်။ ပထမတွေ့ဆုံမေးမြန်းခြင်းသည် အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပြီး၊ ဒုတိယ တွေ့ဆုံမေးမြန်းခြင်းသည် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပါသည်။ သာဓကတခုစီ၏ အောက်ခြေတွင် ပိုင်းခြားသုံးသပ်ချက်များကို ဖေါ်ပြထားပါသည်။

၁။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ– (ညံ့)

မေး – ဆိုတော့ ညီလေးက မြန်မာစစ်တပ်မှာ ကလေးစစ်သားဖြစ်ခဲ့တယ် ဟုတ်လား။

မောင်ဝင်း – ကျနော် ထောင်ထဲဝင်ရမှာကြောက်လို့ စစ်တပ်ထဲဝင်ခဲ့ရတာပါ။

မေး – ဒါပေမယ့် ညီလေးရဲ့ ဆန္ဒမပါပဲ အတင်းအကျပ် ဝင်ခဲ့ရတယ် မဟုတ်လား။

မောင်ဝင်း – ထောင်ထဲသွားမယ်ဆိုတဲ့ လမ်းကိုတော့ ကျနော် ရွေးမိကောင်းရွေးလိမ့်မည်လို့ ကျနော် တွေးကြည့်မိပါတယ်။ ဒါပေမယ့် ကျနော် အရမ်းကြောက်ခဲ့တယ်။

မေး – ညီလေးစစ်ထဲဝင်တော့ အသက် (၁၈) နှစ်အောက်ပဲ ရှိသေးတယ်မဟုတ်လား။

မောင်ဝင်း – ဟုတ်ပါတယ်။

မေး – ညီလေး စစ်တပ်ထဲမှာတုန်းက တိုက်ပွဲတွေမှာပါဘူးတယ် မဟုတ်လား။

မောင်ဝင်း – ဆိုပါတော့၊ သိပ်တော့လည်းမဟုတ်ပါဘူး။ စစ်သားတယောက်အဖြစ်နဲ့ ကျနော် ဘယ်သူကိုမှ သေနတ်နဲ့ ပစ်လည်း မပစ်ခဲ့ဘူး၊ သတ်လည်း မသတ်ခဲ့ဘူး။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရခြင်းမှာ အကြောင်းအချက်များစွာ ရှိပါသည်။

ပထမအချက်– တိုလွန်းသည်။ ချိုးဖေါက်မှုတခုဖြစ်ကြောင်း ဖေါ်ပြရန်လိုအပ်သည့် အဂီါရပ်များအကြောင်း မှတ်တမ်းပြုရန်တည်းဟူသော တွေ့ဆုံမေးမြန်းခြင်း၏ရည်မှန်းချက် ပေါက်မြောက်ခြင်းမရှိချေ။ ဖြစ်ပွားပုံကို အသေးစိတ်ပေါ်လွင်စေရေးအတွက် မေးခွန်းများ လုံလောက်ခြင်းမရှိ။ နောက်ဆက်တွဲမေးခွန်းများသည် ဖြစ်ရပ်၏ ပုံကားချပ်ကိုအပြည့်အဝဖေါ်ပြရေးတွင် အထူး အရေးကြီးပါသည်။

ဒုတိယအချက်– ဤမေးခွန်းများသည် အများအားဖြင့် နိမိတ်ပြမေးခွန်းများဖြစ်နေသည်။ ဆိုလိုသည်မှာ မောင်ဝင်း အနေနှင့် မည်သို့ ဖြေကြားသင့်ကြောင်း အရိပ်အကဲပြသည့်သဘောဖြစ်နေသည်။ သူက ''ဟုတ်ပါသည်'' သို့မဟုတ် ''မဟုတ်ပါ'' ဟု ဖြေနေပါက အရေးကြီးသော အသေးစိတ်အချက်အလက်များကို ကျန်သွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ အနေနှင့်လည်း အရေးကြီးသော သတင်းအချက်အလက်များကို လက်လွတ်သွားလိမ့်မည်။ ထို့ပြင်၊ မောင်ဝင်းဘက်ကလည်း သူ့ဟာသူ လွတ်လွတ်လပ်လပ် ပြောပြလိုသည့် သဘောနည်းသွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ ကြားလိုသော အဖြေများကို ပေးလိုသည့် သဘောပိုများ သွားနိုင်ပါသည်။

တတိယအချက်– ဤတွေ့ဆုံမေးမြန်းခြင်းသည် တွေ့ဆုံမေးမြန်းသူ မူလကတည်းက သံသယရှိနေသော ချိုးဖေါက်မှုကိုသာလျှင် အာရုံစိုက်ထားပြီး၊ အခြားချိုးဖေါက်မှုများအတွက် အထောက်အထားရနိုင်သော မေးခွန်းများကိုမေးခြင်းမရှိချေ။ ဤသာဓက ဖြစ်ရပ်ကဲ့သို့သော ကလေးစစ်သားအသုံးချမှု ချိုးဖောက်မှုများသည် အခြားသောလူ့အခွင့်အရေးချိုးဖေါက်မှုများဖြစ်ပွားနေ သည့် ကြားမှာ ဖြစ်ပွားတတ်ပါသည်။ အသေးစိတ်ကျသော တွေ့ဆုံမေးမြန်းမှုတခုကို လုပ်ခြင်းအားဖြင့် နိုပ်စက်ညှဉ်းပမ်းမှုနှင့် အခြားသော ရာဇဝတ်မှု ကျူးလွန်မှုများအတွက် အထောက်အထားများရနိုင်ဖွယ်ရှိပါသည်။ သာဓကအားဖြင့်– မောင်ဝင်း ကလေးစစ်သားအဖြစ် တာဝန်ထမ်းဆောင်နေရစဉ်အတွင်းနှိပ်စက်ခံရမှုများ ဖြစ်ပါသည်။

ndburma2.indd 90 26-Dec-09 13:05:22

နောက်ဆုံးအချက်– မောင်ဝင်း၏ ဖြစ်ရပ်ကို အတည်ပြုဖေါ်ပြပေးမည့် သတင်းအချက်အလက်တစုံတရာကို ဤတွေ့ဆုံမေးမြန်းခြင်းမှနေ၍ မရရှိချေ။ သူ၏ဖြစ်ရပ်ကို အတည်ပြုပေးမည့် မျက်မြင်သက်သေနှင့် အထောက်အထားများရနိုင်၊ မရနိုင် မောင်ဝင်းကို မေးကြည့်ခြင်းသည် ကောင်းမွန်သောမှတ်တမ်းပြုမှုတခု၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။

(၂) တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ကောင်း)

မေး –ညီလေး၊ ဘာဖြစ်လို့ မြန်မာပြည်က ထွက်လာရတာလဲဆိုတာ ပြေပြလို့ရမလား၊ မောင်ဝင်း။

မောင်ဝင်း – ကျနော် မြန်မာစစ်တပ်ထဲမှာ မနေချင်လို့ မြန်မာပြည်က ထွက်လာခဲ့တာပါ။ ကျနော် စစ်သားတခါမှ မဖြစ်ချင်ခဲ့ပါဘူး။ ဒါပေမယ့် ကျနော် ထောင်ကျမှာကြောက်လို့ပါ။

မေး –ညီလေးက မြန်မာစစ်တပ်ထဲ ဘယ်လိုလုပ်ပြီး ဝင်ခဲ့တာလဲ။

မောင်ဝင်း –ကျနော် အိမ်ကနေ ကျောင်းကိုအသွားလမ်းမှာ မြန်မာစစ်တပ်က အရာရှိတယောက်က ကျနော့်ကိုတားပြီး မှတ်ပုံတင်တောင်းကြည့်ပါတယ်။ ကျနော် ယူမလာဘူးလို့ သူ့ကို ပြောလိုက်ပါတယ်။ သူက မှတ်ပုံတင်မရှိရင် တရားမဝင်ဘူး ကျနော့် ကိုဖမ်းမယ်လို့ပြောပါတယ်။ ကျနော်ထောင်ထဲကို မသွားရဲပါဘူး။ ဘာကြောင့်လဲဆိုတော့ ထောင်ထဲက ကြောက်စရာ ကောင်းတဲ့အခြေအနေတွေကို ကျနော် ကြားဖူးပါတယ်။ စစ်ထဲဝင်ရင် ထောင်မကျဘူးလို့ အဲဒီအရာရှိက ကျနော့်ကို ပြောပါတယ်။ တခြားရွေးချယ်စရာ ဘာမှမရှိတာနဲ့ ကျနော်လည်း စစ်ထဲဝင်ဖို့ ဆုံးဖြတ်ခဲ့ရပါတယ်။

မေး –ညီလေးစစ်ထဲဝင်တော့ အသက်ဘယ်နှစ်နှစ်ရှိပြီလဲ။

မောင်ဝင်း –ကျနော့်အသက် ၁၅ နှစ်ပါ။

မေး –စစ်ထဲဝင်ပြီးတော့ ဘာတွေဖြစ်ခဲ့သေးသလဲ။

မောင်ဝင်း –အဲဒီ အရာရှိက ကျနော့်ကို စုဆောင်းရေးဌာနထဲခေါ်သွားပြီး အဲဒီမှာ နှစ်ပတ်ကြာနေခဲ့ရပါတယ်။ ပြီးတော့ ကျနော့်ကို စစ်သင်တန်းကျောင်းဆီကို ပို့ပါတယ်။ သင်တန်းပြီးတော့ ကျနော် ခလရ (၃၄၉) မှာ တာဝန်ကျခဲ့ပါတယ်။

မေး – စုဆောင်းရေးဌာနမှာ ညီလေး ပြဿနာတစုံတရာ ဖြစ်ခဲ့သေးသလား။

မောင်ဝင်း –ကျနော်တို့ကို လာစစ်ဆေးတဲ့ ဗိုလ်ချုပ်တယောက်နဲ့ ကျနော် ဒုက္ခတွေ့ခဲ့ပါတယ်။ သူက ကျနော့်အသက်ကို မေးတော့ ကျနော်က အသက် ၁၅ နှစ်ပါလို့ ပြန်ဖြေတဲ့အခါ ကျနော့် မျက်နှာကို ဖြတ်ရိုက်ပါတယ်။ ပြီးတော့ ကျနော့်အသက် ၁၈ နှစ်လို့ဖြေဖို့ ကျနော့်ကိုပြောပါတယ်။

မေး – အသက် ၁၈ နှစ်အောက် စစ်သားသစ်တွေ ရှိလား။

မောင်ဝင်း – ကျနော်တို့ သူငယ်ချင်းသုံးယောက်စလုံးက အသက် ၁၈ နှစ်အောက်တွေပါပဲ။ အခြားလူတွေ ၁၈ နှစ်အောက်ဟုတ်– မဟုတ်တော့ ကျနော် သေသေချာချာမသိပါဘူး။ စစ်သင်တန်းပြီးတော့ ကျနော်တို့အား တပ်ရင်းတရင်းထဲမှာ တာဝန် ကျခဲ့ပါတယ်။

မေး –စစ်သင်တန်းကာလမှာ ညီလေးဘာတွေလုပ်ခဲ့ရသလဲ။

မောင်ဝင်း –သေနတ်ကိုဘယ်လိုသုံးရမယ်၊ ဘယ်လို ဂရုစိုက်ရမယ်ဆိုတာတွေ ကျနော်တို့ကိုသင်ပေးခဲ့ပါတယ်။ ပြီးတော့ ကျနော်တို့ နေ့တိုင်း ခရီးရှည်လေ့ကျင့်ခန်းကို နာရီတော်တော်ကြာကြာလေ့ကျင့်ရပါတယ်။ အရမ်းကိုပူအိုက်တာပဲ။ စစ်သားယူနီဖောင်းတွေ ဝတ်ထားရတာရယ်၊ ပြီးတော့ လက်နက်ခဲယမ်းတွေ သယ်ရတာလဲ ပါပါတယ်။ နေ့တိုင်း ကျနော်တို့ အရမ်းပင်ပန်းခဲ့ပါတယ်။

မေး –စစ်သင်တန်းကာလမှာ ညီလေး ပြဿနာ တစုံတရာ ဖြစ်ခဲ့သေးသလား။

မောင်ဝင်း – စစ်သင်တန်းက အရမ်းကို ခက်ခဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လေ့ကျင့်ခန်းတွေက အရမ်းကို ပင်ပန်းလို့ပါ။ ပြီးတော့ ကျနော်တို့ မဝရေစာပဲ စားရပါတယ်။ ကျနော် ထွက်ပြေးချင်ပေမယ့် ထွက်ပြေးလို့ပြန်မိရင် ဘယ်လိုခံရမယ်ဆိုတာ ကျနော် မျက်ဝါးထင်ထင်တွေ့ခဲ့ရလို့ ထွက်မပြေးဖြစ်ခဲ့ပါဘူး။ ကျနော်တို့ စစ်သင်တန်းမှာတုန်းက ထွက်ပြေးဖို့ကြိုးစားတဲ့ သင်တန်းသား နှစ်ယောက်ကို အရာရှိတွေကဖမ်းမိခဲ့ပါတယ်။ အင်မတန် ရက်ရက်စက်စက် အရိုက်ခံကြရပါတယ်။ ကျနော်လည်း အဲဒီလိုခံရမှာ ကြောက်ပါတယ်။

မေး – စစ်သင်တန်းပြီးတော့ ညီလေး ဘာဆက်လုပ်ခဲ့သလဲ။

မောင်ဝင်း – ခလရ (၃၄၉) မှာ ကျနော် တာဝန်ကျခဲ့ပါတယ်။ ကျနော်က အခြားစစ်သားတွေထက် အကောင်ပိုသေးတော့ ကျနော့်ကို စစ်ပစ္စည်းတွေ သယ်ခိုင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျနော်က သူများထက်စာရင် သိပ်မသိသာလို့ပါ။ စစ်ပစ္စည်းတွေက အရမ်းလေးပါတယ်။ ခရီးအဝေးကြီးတွေ ကျနော်တို့ သွားခဲ့ရပါတယ်။

မေး – ခလရ (၃၄၉) မှာကော ညီလေး ပြဿနာ တစုံတရာရှိခဲ့သေးသလား။

မောင်ဝင်း – အရာရှိတွေက ကျနော့်ကို မကြာမကြာ ရိုက်ပါတယ်။ ဆဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တခြားစစ်သားတွေနဲ့ တန်းတူ ကျနော် မလုပ်နိုင်လို့ပါ။

မေး – ညီလေး မြန်မာစစ်တပ်ကနေ ဘယ်လို ထွက်ပြေးခဲ့တာလဲ။

မောင်ဝင်း – တနေ့ ကျနော်တို့ တောထဲမှာ ချီတက်နေစဉ် သူပုန်တိုက်ခိုက်ရေးသမားအချို့နဲ့ ထိပ်တိုက်သွားတိုးပါတယ်။ နည်းနည်း ပါးပါးပစ်ခတ်မှုဖြစ်ခဲ့ပြီး ကျနော်တို့ တပ်ရင်းက ရဲဘော်တယောက် ဒဏ်ရာရခဲ့ပါတယ်။ အချို့တပ်ဖွဲ့တွေက သူပုန် တွေနောက်လိုက်၊ အချို့ကဒဏ်ရာရရဲဘော်ကို ကူပေးကြပါတယ်။ လူတိုင်းရောက်ရက်ခတ်နေချိန်မှာကျနော်တောထဲမှာ ပုန်းနေခဲ့ဖို့ အခွင့်အရေးရခဲ့ပါတယ်။ ကျနော် ပျောက်နေတယ်ဆိုတာ သူတို့ သတိမထားမိခဲ့ဘူး။ အားလုံး ထွက်သွားတဲ့အချိန်မှာ ကျနော်တောထဲကို ထွက်ပြေးပြီး ထိုင်းနိုင်ငံကို ရောက်အောင်လာခဲ့ပါတယ်။

မေး – ညီလေးတပ်ရင်းမှာ ရှိတဲ့ ညီလေးရဲ့ သူငယ်ချင်း ကလေးစစ်သားတွေကော ဘာတွေဖြစ်ခဲ့သလဲ။

မောင်ဝင်း – ကျန်တဲ့ နှစ်ယောက်ဘာဖြစ်လဲဆိုတာတော့ ကျနော်မသိပါဘူး။ ကျနော်ထိုင်းကိုရောက်ပြီး သုံးလလောက် အကြာမှာ ကျနော့်သူငယ်ချင်း နိုင်မြင့် ကယ်ဆယ်ရေးဂေဟာကို ရောက်လာပါတယ်။ ကျနော်ထွက်ပြေးပြီး နှစ်ပတ်လောက် အကြာမှာ သူလည်း ထွက်ပြေးခဲ့တယ်လို့ သူ ကျနော့်ကို ပြောပြပါတယ်။ သူ အခုကျနော်နဲ့အတူ ကယ်ဆယ်ရေးဂေဟာမှာ နေနေပါတယ်။

မေး – နိုင်မြင့်ကိုကော သူ့အတွေ့အကြုံနဲ့ ပတ်သက်ပြီး မေးမယ်ဆိုရင် ဆက်သွယ်ပေးလို့ ရမလား။

မောင်ဝင်း – သူအတွက် ပြဿနာ မရှိဘူးဆိုတာ ကျနော် တပ်အပ်ပြောလို့ရပါတယ်။ ခင်ဗျားကို မနက်ဖန် ဒီနေရာမှာ လာတွေ့ဖို့ သူ့ကိုပြောလိုက်ပါမယ်။

မေး – ကျေးဇူးတင်ပါတယ် ညီလေး။ နောက်ထပ် ဖြည့်စွက်ပြောစရာ၊ မေးစရာများ ရှိပါသေးသလား။

မောင်ဝင်း – ကျနော်စစ်ထဲကို ဘယ်သောအခါမှ မဝင်ချင်ခဲ့ပါဘူး။ ကျနော့်မှာ ရွေးချယ်စရာ လမ်းမရှိခဲ့လို့ပါ။ အဖမ်းခံရမယ် ဆိုတာကို ကျနော် အရမ်းကြောက်ခဲ့ပါတယ်။ မြန်မာစစ်တပ်ထဲက အခြေအနေက အရမ်းကို ကြောက်ဖို့ကောင်းပါတယ်။ ကျနော် စစ်တပ်ထဲဝင်လိုက်ရတော့ ကျနော် ပညာဆက်သင်ကြားခွင့် မရတော့ပါဘူး။ အခုကျနော် ပညာသင်ဖို့ ကျနော့်မှာ အခွင့်အရေးလုံးဝမရှိတော့ပါဘူး။ ကျနော် မြန်မာစစ်တပ်ကို အရမ်းမုန်းပါတယ်။

မေး – အခုလို ညီလေးရဲ့ တွေ့ကြုံခံစားမှုတွေကို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီအကြောင်းတွေ ပြောပြဖို့ဆိုတာ ညီလေး အတွက် အရမ်းခက်ခဲမယ်ဆိုတာ သိပါတယ်။ အကယ်၍ ညီလေးနဲ့ နောက်ထပ်တခေါက် ထပ်ပြီးစကားပြောချင်တယ်ဆိုရင် ဘယ်လိုဆက်သွယ်ရမလဲ။

မောင်ဝင်း – ဒီကယ်ဆယ်ရေးဂေဟာမှာ ကျနော့်ကို ကြိုက်တဲ့အချိန် လာပြီးစကားပြောလို့ရပါတယ်။

ndburma2.indd 92 26-Dec-09 13:05:22

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

ဤတွေ့ဆုံမေးမြန်းခြင်းသည် ကောင်းပါသည်ဟုဆိုရခြင်းမှာ မောင်ဝင်းက သူ၏ဖြစ်ရပ်ကို ပြောပြသောကြောင့် ဖြစ်ပါသည်။ ပွဲဦးထွက်မေးခွန်းများသည် လမ်းဖွင့်မေးခွန်းများဖြစ်ပြီး၊ နောက်ဆက်တွဲမေးခွန်းများလည်း ပါပါသည်။ သူ၏ဖြေကြားချက်များသည် ချိုးဖောက်မှုတခုအဖြစ် သတ်မှတ်ရေးအတွက် အဂိါရပ်အသီးသီးကို မှတ်တမ်းပြုရာ၌ အထောက်အကူဖြစ်စေပါသည်။ သာဓကအားဖြင့် ဖေါ်ပြရလျှင်၊ မောင်ဝင်းသည် ကလေးစစ်သားအဖြစ် သူတာဝန်ထမ်းခဲ့ရသည့် ကာလနှင့် ပတ်သက်၍ အောက်ပါ သတင်းအချက်အလက်များကို ပေးပါသည်။

ပထမအချက်အနေဖြင့် မောင်ဝင်းက မြန်မာစစ်တပ်အတွင်းသို့ စစ်သားစုဆောင်းခြင်း သို့မဟုတ် စစ်ထဲဝင်ခြင်းဟူသောအချက်ကို ထင်ရှားကြောင်း သက်သေပြရန်အတွက် သတင်းအချက်အလက်များပေးခဲ့သည်။ စစ်တပ်အရာရှိတဦးက သူ့အားဖမ်းမည်ဟု ခြိမ်းခြောက်သောကြောင့် သူစစ်ထဲဝင်ခဲ့ရသည်ဟု သူကပြောပြခဲ့သည် စုဆောင်း ရေးဌာနသို့ ပို့ဆောင်ပုံ၊ စစ် သင်တန်း တက်ရပုံ နှင့် ခလရ (၃၄၉) သို့ တာဝန်ပေးအပ်မှုများကို သူက ပုံဖေါ် ပြောပြခဲ့သည်။

ဒုတိယအချက်အနေဖြင့် သူ စစ်ထဲဝင်သောအခါတွင် သူ၏ အသက်သည် ၁၈ နှစ်အောက်ဖြစ်သည်ဆိုသော အချက်ကို မောင်ဝင်းက ထောက်ပြခဲ့သည်။ အရာရှိက သူ့အား စစ်သားအဖြစ် စုဆောင်းသောအခါတွင် သူ၏အသက်သည် ၁၅ နှစ်ရှိပြီး အသက် ၁၈ နှစ်မပြည့်ခင် သူစစ်မှုထမ်းခဲ့ရသည်ဟု သူကဆိုခဲ့သည်။ ဗိုလ်ချုပ်အား သူ့အသက် ၁၅ နှစ်ဟုပြောသောအခါ သူမည်သို့ အရှိက်ခံခဲ့ရပုံနှင့် သူ၏ အသက်အား ၁၈ နှစ်ဟု ပြောခိုင်းခဲ့သည်ကို သူက ထင်သာစွာ ပြောပြခဲ့သည်။ သူ၏ သက်သေထွက်ဆိုချက်များအရ မောင်ဝင်းသည် မြန်မာစစ်တပ်တွင် စစ်မှုထမ်းရချိန်၌ အသက် ၁၈ နှစ်မပြည့်သေးသော ကလေးတဦးသာ ဖြစ်ခဲ့သည်ဟူ၍ ပေါ်လွင်နေသည်။

နောက်ဆုံးအချက်အနေဖြင့် မောင်ဝင်းသည် မြန်မာစစ်တပ်တွင် ပါဝင်ခဲ့သည်ဟူသော အချက်ကို ယခုတွေ့ဆုံမေးမြန်းခြင်းက တည်ဆောက်ထားသည်။ သူသည် မြန်မာစစ်တပ်တွင် မည်သို့ စစ်သားဖြစ်လာခဲ့ရပုံနှင့် ခလဂ (၃၄၉) တွင် ထမ်းဆောင်ခဲ့ရပုံကို ပြောပြထားသည်။သူသည် မြန်မာစစ်တပ်အတွက် ပေါ်တာတဦးသဖွယ် လုပ်ဆောင်ပေးခဲ့ရပြီး၊ ပဋိပက္ခဖြစ်ပွားရာ နေရာများသို့ စေလွှတ်ခြင်းခံခဲ့ရသည်ဟုလည်း သူကထောက်ပြထားသည်။

ယခုတွေ့ဆုံမေးမြန်းခြင်းက နှိပ်စက်မှုကဲ့သို့သော ကလေးစစ်သားအသုံးပြုခြင်း ချိုးဖောက်မှုနှင့် ဆက်နွယ်နေသော အခြားချိုးဖောက်မှုများ၏ သက်သေကိုပါ ဖေါ်ပြပေးထားသည်။ သူသည် အကြိမ်ပေါင်းများစွာ အနိုင်ကျင့်ခံ၊ အရှိက်ခံခဲ့ရသည်ဟု ညွှန်ပြထားသည်။ သူ၏ သူငယ်ချင်းဖြစ်သူ နိုင်မြင့်အား တွေ့ဆုံမေးမြန်းခြင်းက မောင်ဝင်းပြောဆိုချက်များမှန်– မမှန် စစ်ဆေးရာတွင် အထောက်အကူဖြစ်လာလိမ့်မည်။ နောက်ထပ်ချိုးဖောက်မှုများ ဖေါ်ထုတ်ရန်အတွက်နောက်ထပ်မေးခွန်းများထပ်မေးမြန်းရန်လိုအပ်နိုင်သည်။ တွေ့ဆုံမေးမြန်းခြင်း၏ အဆုံးသတ်သည် ကောင်းမွန်လှသည်။ အဘယ် ကြောင့်ဆိုသော် မောင်ဝင်းက နောက်ထပ်မေးခွန်းများဖြေပေးရန် သဘောတူညီခဲ့သလို သူ့အားမည်သို့ ဆက်သွယ်ရမည်ကို မေးမြန်းသူက သိရှိသွားခြင်းကြောင့်ဖြစ်သည်။

(၅) နိဂုံးချုပ်

ဤအခန်းကို ဖတ်ပြီးလျှင် သင့်အနေနှင့် အောက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်စွမ်းရှိရမည်။

- ကလေးစစ်သား စုဆောင်းအသုံးချမှု ချိုးဖောက်မှုကို ထင်ရှားအောင်ပြသရန် အဂိါရပ်များကို နိုင်ငံတကာဥပဒေနှင့် အညီ မှတ်သားသိရှိလာခြင်း။
- ကလေးစစ်သား စုဆောင်းအသုံးချမှု အကြောင်း သတင်းအချက်အလက်များကို စုဆောင်းရရှိရေးအတွက် အရေးကြီးသော မေးခွန်းများ ရေးသားပြုစုခြင်း။
- ချိုးဖောက်မှုတရပ် ဖြစ်ပွားခဲ့ခြင်း ရှိ– မရှိ သိရှိရေးအတွက် ထိရောက်သော တွေ့ဆုံမေးမြန်းခြင်းတရပ်ကို ဆောင်ရွက်ခြင်း။

ဤလက်စွဲစာစောင်၏ နောက်လာမည့် အခန်းများက ကလေးစစ်သား စုဆောင်းအသုံးချမှု၏ အထောက်အထားများကို အကဲဖြတ်နည်းအကြောင်း ပို၍ အသေးစိတ်ကျကျ ဆွေးနွေးထားပါသည်။

ndburma2.indd 93 26-Dec-09 13:05:22

၁၊ ကလေးစစ်သားအသုံးပြုခြင်းအား တားမြစ်ထားသော အဓိကနိုင်ငံတကာသဘောတူညီချက်များတွင်
- ကလေး အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (အခန်း ၃၈)။ မြန်မာနိုင်ငံသည် ခွင်းချက်သတ်မှတ်ချက်များဖြင့် ထိုသဘောတူညီမှု၏ အဖွဲ့ဝင် နိုင်ငံတနိုင်ငံဖြစ်သည်။
- လက်နက်ကိုင်ပဋိပက္ခအတွင်း ပါဝင်နေရသော ကလေးများ၏ ကလေးအခွင့်အရေးသဘောတူညီချက်ဆိုင်ရာ ရွေးချယ်သတ်မှတ်ခွင့် သဘောတူညီချက်။ (အခန်း ၁–၄)
- ဂျီနီဗာသဘောတူညီချက်၊ နောက်ဆက်တွဲ သဘောတူညီချက် ၁ (အခန်း ၇၇ (၂) နှင့် နောက်ဆက်တွဲ သဘောတူညီချက် ၂ (အခန်း ၄ (၇)။
- နိုင်ငံတကာအလုပ်သမားအဖွဲ့၊ ကလေးအလုပ်သမားအသုံးပြုမှု အဆိုးပါးဆုံးပုံစံများဆိုင်ရာ သဘောတူညီချက် ၁၈၂ (အခန်း ၃ (က))

ကလေးအခွင့်အရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ အာဖိရိကကြေငြာစာတမ်းကဲ့သို့သော ဒေသတွင်းသဘောတူညီချက်များတွင်လည်း ကလေးစစ်သားအသုံးပြုမှုအား ကာကွယ်ပေးသောဥပဒေအခန်းများပါရှိသည်။ အမေရိကတိုက် နိုင်ငံများအဖွဲ့အစည်း၊ ဥရောပသမဂ္ဂ၊ ဥရောပကောင်စီနှင့် အနောက်အာဖရိက စီပွားရေးအသိုင်း အဝန်းများက ကလေးစစ်သားစုဆောင်းမှုနှင့် ကလေးစစ်သားများအပေါ် ဆက်ဆံနေမှုနှင့်ပတ်သက်၍ စိုးရိမ်မကင်းမှုများ ထုတ်ဖော်ပြသထားသည့် ကလေးနှင့်လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ သဘောတူဆုံးဖြတ်ချက်များတွင် လက်မှတ်ရေးထိုးထားကြပြီးဖြစ်သည်။ ဒိန်းမတ်နိုင်ငံ၊ ဖင်လန်နိုင်ငံ၊ အိုက်စ်လန်နိုင်ငံ၊ နော်ဝေနိုင်ငံနှင့် ဆွီဒင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက ကြေငြာစာတမ်း တခု ထုတ်ပြန်ကာ ကလေးစစ်သားအသုံးပြုမှုကို ကန့်ကွက်တားမြစ်ထားသည်။ အာဆီယံနိုင်ငံများက အလားတူသဘော တူညီချက်များကိုသဘောတူထားခြင်း မရှိသေးပေ။

ဖေါ်ပြပါသဘောတူညီချက်မိတ္တူများကို http://www.ohchr.org/english/law/(၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၈ နေ့တွင် နောက်ဆုံးကြည့်ရှုထားသည်)တွင်ရရှိနိုင်ပါသ ည်။ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ကလေးစစ်သားများဆက်လက်ထားရှိမှုနေမှုနှင့် ကလေးများအား လက်နက်ကိုင်တိုက်ပွဲများအတွင်း အသုံးပြုနေခြင်းကို ကာကွယ်ဟန့်တားသည့် ဆုံးဖြတ်ချက်များစွာကိုချမှတ်ထားပြီးဖြစ်သည်။ ဆုံးဖြတ်ချက် ၁၂၆၁ (၁၉၉၉)၊ ၁၃၃၉ (၂၀၀၁)၊ ၁၅၃၉ (၂၀၀၄) နှင့် ၁၆၁၂ (၂၀၀၅) တို့ကိုကြည့်ပါ။ ထိုဆုံးဖြတ်ချက်များသည် ဥပဒေကြောင်းအရစည်းနှောင်အား မရှိကြသော်လည်း လက်နက်ကိုင် ပဋိပက္ခအတွင်း ပါဝင်နေသော ကလေးများအတွက် အကာအကွယ်ပေးမှုကို မြှင့်တင်ရန်အတွက် လုပ်ငန်းဘောင်တခုအဖြစ် ဆောင်ရွက်နိုင်သည်။ အထွေထွေအတွင်းရေးမှူးချုပ်က အစီရင်ခံစာများစွာတွင် ကလေးစစ်သားဆက်လက် အသုံးပြုနေမှုအား ပွင့်ပွင့်လင်းလင်း ထပ်ခါတလဲလဲလည်း ဝေဖန်ခဲ့သည်။ ဖေါ်ပြပါ သဘောတူညီချက် မိတ္တူများကို http://www.securitycouncilreport.org/ (၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၈ နေ့တွင် နောက်ဆုံးကြည့်ရှုထားသည်) တွင် ရရှိနိုင်ပါသည်။

လက်နက်ကိုင် ပဋိပက္ခအခြေအနေအတွင်းကျရောက်နေသော ကလေးများကို အကာအကွယ်ပေးရန်အတွက်ရည်ရွယ်သော စည်းနှောင်အားမဲ့ နိုင်ငံတကာသတောတူစာချုပ်များတွင် အရေးပေါ်အခြေအနေနှင့် လက်နက်ကိုင်ပဋိပက္ခအခြေအနေများအတွင်းရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များအကာအကွယ်ပေးခြင်းဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကြေငြာစာတမ်း၊ လက်နက်ကိုင်တပ်ဖွဲ့များအတွင်းသို့ ကလေးစစ်သားစုဆောင်းမှု၊ အာဖိရိကတိုက်အတွင်းကလေးစစ်သားပပျောက်ရေးနှင့် လူမှုဘဝပြန်လည်တည်ဆောက်ရေးဆိုင်ရာ ကိုပင်ဟောင်းအခြေခံမူနှင့် အကောင်းဆုံး လုပ်ထုံးလုပ်နည်းများနှင့် လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင်အုပ်စုများနှင့် ဆက်စွယ်သော ကလေးများဆိုင်ရာ ပဲရစ်အခြေခံမူများနှင့် လမ်းညွှန်ချက်များတို့ဖြစ်သည်။ ကြေငြာစာတမ်းအား http://www.ohchr.org/english/law/ (၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၈ နေ့တွင် နောက် ဆုံးကြည့်ရှုထားသည်) တွင်လည်းကောင်း၊ ကိပ်ဟောင်းအခြေခံမူများအား http://www.unicef.org/emerg/index_childsoldiers.html (၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၈ နေ့တွင် နောက်ဆုံးကြည့်ရှုထားသည်) တွင်လည်းကောင်း ပဲရစ်အခြေခံမူများအား http://www.unicef.org/protection/files/ParisPrinciples310107English.pdf (၂၀၀၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် နောက်ဆုံးကြည့်ရှုထားသည်) တွင်လည်းကောင်းရရှိနိုင်ပါသည်။

၂ Interview with an SPDC Child Soldier, Karen Human Rights Group, 26 April 2006.

၃၊ My Gun was as Tall as Me: Child Soldiers in Burma, Human Rights Watch, October 2002; Abuse Under Orders: The SPDC and DKBA Armies Through the Eyes of Their Soldiers, Karen Human Rights Group, 27 March 2001.

၄၊ My Gun was as Tall as me: Child Soldiers in Burma, Human Rights Watch, October 2002.

၅၊ စာရင်းပါအုပ်စုများမှာ နအဖ၊ ကရင့်အမျိုးသားပြိုမ်းချမ်းရေးကောင်စီ (ကေအန်ယူမှ ခွဲထွက်သွားသော အုပ်စုတစု)၊ ကချင်လွတ်လပ်ရေးတပ်မတော်၊ "ဝ"အမျိုးသား သွေးစည်းညီညွတ်ရေးတပ်မတော်၊ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း)၊ မြန်မာနိုင်ငံအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (ကိုးကန့်)၊ ကရင်နီအမျိုးသားလွတ်မြောက်ရေးတပ်ဦး နှင့် ဒီမိုကရက်တစ်ကရင်ပုဒ္ဓဘာသာတပ်မတော် တို့ဖြစ်သည်။ ထိုအစီရင်ခံစာက ကရင်လွတ်မြောက်ရေးတပ်မတော် (ကေအန်အယ်လ်အေ)နှင့် ကရင်နီတပ်မတော် (ကေအေ)တို့၏ ကလေးစစ်သားအသုံးပြုမှုကိုလည်း ကိုးကားထားပြီး ထိုတပ်မတော်နှစ်ခု၏ လောလောလတ်လတ် စစ်သားစုဆောင်းခြင်းနှင့် ပတ်သက်၍ ကုလသမဂ္ဂက သတင်းအချက်အလက်မရရှိကြောင်းကိုလည်း ယင်းအစီရင်ခံစာက ဆိုထားသည်။ ၂၀၀၇ ခုနှစ်တွင် ကေအန်အယ်အေနှင့် ကရင်နီတပ်မတော်က ကလေးစစ်သားအသုံးပြုခြင်း၊ စုဆောင်းခြင်းအား ရပ်တန့်ရန်၊ ကာကွယ်ရန်အတွက် ကတိကဝတ်ဝင်ကြသွားတွင် လက်မှတ်ရေးထိုးခဲ့သည်။ အထွေထွေအတွင်းရေးမှူးချုပ်က ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းသော ကလေး များနှင့် လက်နက်ကိုင် ပဋိပက္ခများအစီရင်ခံစာကို UN Doc. A/62/609-S/2007/757. တွင် ဖတ်ရှုနိုင်ပါသည်။

၆၊ The Coalition to Stop the Use of Child Soldiers. Child Soldiers Global Report 2008: Myanmar.Page 2. <http://www.child-soldiers.org/document/get?id=1416>. Last accessed July 21, 2008.

၇၊ Stefania Capodaglio, Stop Using Child Soldiers, Nuclear Age Peace Foundation, December 1999; Factsheet: Child Soldiers on the Frontline, AlertNet, 31 October 2005.

၈၊ Child Soldiers Global Report 2008: Myanmar, The Coalition to Stop the Use of Child Soldiers, http://www.child-soldiers.org/document/get?id=1416 (last visited 21 July 2008).

၉၊ My Gun was as Tall as me: Child Soldiers in Burma, Human Rights Watch, October 2002

၁၀၊ Position of the International Committee of the Red Cross Geneva, International Committee of the Red Cross, 27 October 1997; No Childhood at All, Images Asia, 1997; Mark Lorey, Child Soldiers: Care and Protection of Children in Emergencies- A Field Guide, Save the Children, 2001.

၁၁၊ My Gun was as Tall as me: Child Soldiers in Burma, Human Rights Watch, October 2002.

၁၂၊ Despite Promises: Child Soldiers in Burma's SPDC Armed Forces, Human Rights Education Institute of Burma, September 2006.

၁၃၊ No Childhood at All, Images Asia, 1997.

၁၄၊ Interview with an SPDC Child Soldier, Karen Human Rights Group, 26 April 2006.

၁၅၊ Mark Lorey, Child Soldiers: Care and Protection of Children in Emergencies- A Field Guide, Save the Children, 2001.

၁၆၊ My Gun was as Tall as me: Child Soldiers in Burma, Human Rights Watch, October 2002.

၁၇၊ Position of the International Committee of the Red Cross Geneva, International Committee of the Red Cross, 27 October 1997; Stefania Capodaglio, Stop Using Child Soldiers, Nuclear Age Peace Foundation, December 1999.

၁၈၊ Report of the Secretary-General on Children and Armed conflict to the UN Security Council, 21 December 2007, UN Doc. A/62/609-S/2007/757.

၁၉၊ Sold to be Soldiers, Human Rights Watch, October 2007.

ndburma2.indd 94 26-Dec-09 13:05:22

(1) nSyrfEGufcifESHtjcm;aomravmfuefyrjcifykH;

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လူ့အခွင့်အရေးချိုးဖောက်မှုမြောက်ရန်မှာ ချိုးဖောက်မှု၏ အဓိကအင်္ဂါရပ်များ ပြည့်မီရန် လိုအပ်ပါသည်။ ဤအင်္ဂါရပ်များသည် တိကျရေရာသော စံချိန်စံညွှန်းများ ဖြစ်သည်။ သို့မဟုတ် ဥပဒေနှင့် ဆန့်ကျင်သောလုပ်ရပ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ရှိနေရမည့်ပတ်ဝန်းကျင်အခြေအနေတစုံ လိုအပ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အင်္ဂါရပ်များသည် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ တရားဝင်စာချုပ် စာတမ်းပြဋ္ဌာန်းချက်များမှနေ၍ ပေါ် ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုမှန်သမျှကို စတင်မှတ်တမ်းတင်ခြင်းမပြုမီမှာ ချိုးဖောက်မှုဟူသော အဓိပ္ပါယ်ကို သတ်မှတ်ရာ၌ လိုအပ်သည့်အင်္ဂါရပ်များအကြောင်း ရှင်းလင်းတိကျစွာ နားလည်ထားသင့်ပါသည်။ ဤအခန်းတွင် ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသောမလျော်ကန်ပြုမူခြင်းပုံစံများ ကျူးလွန်ချိုးဖောက်ခြင်းတည်းဟူသော ချိုးဖောက်မှု ပေါ်လွင်စေရေးအတွက် လိုအပ်သောအင်္ဂါရပ်များကြောင်း ရှင်းလင်းဖေါ်ပြထားပါသည်။

(၂) ညှဉ်းပမ်းနှိပ်စက်မှုကို အဓိပ္ပါယ်သတ်မှတ်ခြင်း

(က) နိုင်ငံတကာဥပဒေအရ ညှဉ်းပမ်း နှိပ်စက်မှုတွင် မည်သည့် အင်္ဂါရပ်များ ပါဝင်သနည်း။

ညှဉ်းပမ်းနှိပ်စက်မှုကို လူ့အခွင့်အရေးချိုးဖောက်မှုတခုအဖြစ် မှတ်တမ်းတင်နိုင်ရန် အတွက် အောက်ဖေါ်ပြပါ အင်္ဂါရပ်လေးခု ထင်ရှားကြောင်း ဖော်ပြရပါမည်။[၁]

၁။ ရုပ်ပိုင်းဆိုင်ရာအရ သော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရ သော်လည်းကောင်း ပြင်းထန်စွာ နာကျင်စေခြင်း၊ သို့မဟုတ် ခံစားရစေခြင်း။

၂။ ရည်ရွယ်ချက်ဖြင့် အနာတရ ဖြစ်စေခြင်း

၃။ ရည်ရွယ်ချက် အကြောင်းတခုခု ရှိခြင်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက် တို့ဖြစ်သည်။

(ခ) ပြင်းထန်စွာ နာကျင်ခြင်း (သို့မဟုတ်) ခံစားရခြင်းတွင် မည်သည့်အချက်များ ပါဝင်သနည်း။

နစ်နာခံစားရသူ၏ နာကျင်မှု၊ သို့မဟုတ် ခံစားရမှုသည် ညှဉ်းပမ်းနှိပ်စက်ခြင်း အဆင့်သို့တိုင်အောင် ရောက်ရှိခြင်းရှိ–မရှိကို အဆုံးအဖြတ်ပေးရန်အတွက် နစ်နာခံစားရသူ၏ သွင်ပြင်လက္ခဏာနှင့် အဖြစ်အပျက်၏ အခြေအနေများကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ဥပမာ – ထိုသူ၏ လိင်၊ အသက်အရွယ်၊ ဘာသာရေးကိုးကွယ်မှု သို့မဟုတ် ဓလေ့ထုံတမ်း အစဉ်အလာ ယုံကြည်မှု၊ ကျန်းမာရေး၊ ၎င်းအနိုင်ကျင့်နှိပ်စက်မှု အမျိုးအစား (သို့မဟုတ်) ကာလကြာချိန် (သို့မဟုတ်) နစ်နာခံစားရသူ ခံနိုင်သည်ထက် ပို၍ ပြင်းထန်သော အခြေအနေတွင် ဖြစ်နိုင်သည့်အနေအထား စသည်တို့ဖြစ်သည်။*

(ဂ) မည်သည့် ရည်ရွယ်ချက်များ ကို တရားဥပဒေနှင့် မညီညွတ်ဟု ဆုံးဖြတ်နိုင်သနည်း။

တားမြစ်ခြင်းတွင် အကျုံးဝင်နိုင်သော ရည်ရွယ်ချက်များကို မည်သည့်အမျိုးအစား ဟူ၍ သီးသန့် ခွဲခြားသတ်မှတ်ထားခြင်း မရှိပေ။ နိုင်ငံတကာက လက်ခံထားသော စံချိန်စံညွှန်းများကို လိုက်နာခြင်း မရှိသော၊ ရည်ရွယ်ချက်တခုအတွက် မည်သို့သော ညှဉ်းပမ်းနှိပ်စက်ခြင်း ကိုမဆို၊ မည်သည့် အပြုအမူများကိုမဆို တားမြစ်ကန့်သတ်ထားသည်ဟု နားလည်ထားနိုင်သည်။ ဥပမာ – ညှဉ်းပမ်းနှိပ်စက်ခြင်း၏ တားမြစ်ထားသော ရည်ရွယ်ချက်များမှာ[၂]

---

* တဦးတယောက်၏ ထင်မြင်ချက်ကြောင့် ဖြစ်ပေါ်ရသော ညှဉ်းပမ်းနှိပ်စက်မှုဖြစ်သောကြောင့် မည်သည့် အတိအကျလုပ်ဆောင်ချက်သည် ညှဉ်းပမ်းနှိပ်စက်မှု ဖြစ်သည်ကို ဆုံးဖြတ်ရန်ခက်ခဲကောင်း ခက်ခဲနိုင်သည်။ နာကျင်မှုနှင့် ခံစားရမှုသည် ညှဉ်းပမ်းနှိပ်စက်ခြင်းဟူသော အဆင့်သို့ထိအောင် ပြင်းထန်ခြင်း မရှိသော်လည်း မလျော်ကန် ပြုမူခြင်းနှင့် အကျုံးဝင်နေသည်ကို အမှတ်ရရန်မှာအရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ မလျော်ကန် ပြုမူခြင်းကိုလည်း နိုင်ငံတကာဥပဒေတွင် တားမြစ်ထားသည်။ အခန်း ၁၊ အပိုင်း ၂၊ အခြားမလျော်ကန် ပြုမူဆက်ဆံခြင်းပုံစံများအား သတ်မှတ်ခြင်းအခန်းကိုကြည့်ပါ။

ndburma2.indd 95 26-Dec-09 13:05:23

– သတင်းအချက်အလက်ရရှိရန် (သို့မဟုတ်) ဝန်ခံချက်တခု ရရှိရန်

– အပြစ်ပေးရန်

– ခြိမ်းခြောက်ရန် သို့မဟုတ် အတင်းအကျပ် ဖိအားအဖြစ် အသုံးပြုရန်

– မည်သို့သော ခွဲခြားဆက်ဆံမှုအကြောင်းရင်းဖြင့်မဆို လုပ်ဆောင်ချက်များ ဟူ၍ ဖေါ်ပြထားသည်။

ထိုနည်းတူစွာပင်တားမြစ်ထားသောရည်ရည်ရွက်တခုကိုချိုးဖောက်မိခြင်းကြောင့်မလျော်ကန်အနိုင်ကျင့်နှိပ်စက်ခံရရန် အကြောင်းမရှိပါ။ ဤသို့ တားမြစ်ထားသော ရည်ရွယ်ချက်များသည်လည်း မလျော်ကန် အပြုအမူများအတွက် ရည်ရွယ်ချက်ဖြစ်နေတတ်သည်။

(ဃ) ညှဉ်းပမ်းနှိပ်စက်ခြင်း၏ ဥပမာ အချို့မှာ အဘယ်နည်း။

ညှဉ်းပမ်းနှိပ်စက်ခြင်း၏ အဓိပ္ပါယ် ဖွင့်ဆိုချက်သည် ကျူးလွန်ခံရသူ၏ တကိုယ်ရေနာကျင်မှု အတွေ့အကြုံနှင့် ခံစားရမှုအပေါ်တွင် ကြီးမားစွာမူတည်သည်။ အဘယ်ကြောင့်ဆိုသော် နာကျင်မှုအတွေ့အကြုံနှင့် ခံစားရမှုသည် ပုဂ္ဂလိကဆန်သောကြောင့်ညှဉ်းပမ်းနှိပ်စက်ခြင်းသည် မည်မျှအတိုင်းအတာ အကန့်အသတ်ရှိသည့် လုပ်ဆောင်မှုမျိုးဟုဆို၍မရပေ။ သို့သော် မလျော်ကန် အနိုင်ကျင့်မှုပုံစံသည် အခြားပုံစံများထက် ညှဉ်းပမ်းနှိပ်စက်မှုအဆင့်ပို၍ ရောက်နိုင်သည်။ ဥပမာ– တခုချင်းအရသော်လည်းကောင်း၊ အခြားသောမလျော်ကန် အနိုင်ကျင့်နှိပ်စက်မှုများ တွဲဖက်၍သော်လည်းကောင်း အောက်ဖေါ်ပြပါဆောင်ရွက်ချက်များကို ညှဉ်းပမ်းနှိပ်စက်ခြင်းဟု ခေါ်ဆိုနိုင်သည်။[၃]

– ဒဏ်ရာ (သို့မဟုတ်) အနာတရ ဖြစ်စေသော ရက်စက်စွာ ရိုက်နှက်ခြင်း

– ကိုယ်ခန္ဓာ ကောက်ကွေးစေသော ပုံစံဖြင့် အချိန်ကြာမြင့်စွာ ကြိုးတုပ်ချည်နှောင်ထားခြင်း

– စီးကရက်မီး (သို့မဟုတ်) အခြားသော မီးလောင်စေသော အရာများဖြင့် မီးရှို့ခြင်း

– လျှပ်စစ် ကျင်စက်ဖြင့် တို့ခြင်း

– မုဒိမ်းကျင့်ခြင်း (သို့မဟုတ်) အခြားလိင်အကြမ်းဖက်ခြင်း+

– အသက်ရှူ ကျပ်အောင်လုပ်ဆောင်ခြင်း

– အဆုံးစီရင်မည် (သို့မဟုတ်) ကိုယ်ခန္ဓာ အစိတ်အပိုင်းကို ဖြတ်တောက်ပစ်မည်ဟုခြိမ်းချောက်ခြင်း

– အခြေခံလိုအပ်ချက်များဖြစ်သော အိပ်ခြင်း၊ စားခြင်း၊ ဆေးဝါးအထောက်အပံ့ စသည်တို့ကို အချိန်ကြာမြင့်စွာ မပြုလုပ်ရခြင်း၊ မရရှိခြင်း

– တိုက်ပိတ်ထားခြင်း၊ အထူးသဖြင့် ပြင်ပနှင့်အဆက်အသွယ်ဖြတ်တောက်ထားသည့်နည်းလမ်းများဖြင့် ချုပ်နှောင်ထားခြင်းများ

– အလွန်ဆိုးဝါးသော အကျဉ်းထောင် အခြေအနေများ စသည်တို့ ဖြစ်သည်။

+ မုဒိမ်းကျင့်မှု နှင့် အခြားသော လိင်အကြမ်းဖက်မှုပုံစံများသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေကို ချိုးဖောက်ခြင်းတခုဖြစ်သည်ကို သတိချပ်ပါ။ ထိုခေါင်းစဉ် ကို ယခုစာအုပ်ပါ "မြန်မာနိုင်ငံတွင် မုဒိမ်းကျင့်မှု နှင့် အခြားသောလိင်အကြမ်းဖက်မှုပုံစံများ မှတ်တမ်းတင်ခြင်း" ခေါင်းစဉ်အောက်တွင် ပို၍ အသေးစိတ် ဆွေးနွေး ထားပါသည်။

ndburma2.indd 96 26-Dec-09 13:05:23

(ဂ) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေ အရဆိုလျှင် ညှဉ်းပမ်း နှိပ်စက်ခြင်း နှင့် အခြားသော မလျော်ကန် ပြုမူခြင်းပုံစံများ မြောက်စေရန် အတွက်အစိုးရတရပ်က လုပ်ဆောင်ချက်များ ဖြစ်ရန်လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာအခြေစိုက်ထားပြီး၊ နိုင်ငံ တကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိ လူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန်ကြိုးပမ်းသော အမျိုးသား (နိုင်ငံတော်အဆင့်)အဖွဲ့အစည်း"[၁]ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အစိုးရ၏ လုပ်ဆောင်ချက်အရ ဤအဖွဲအစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ အစိုးရအရာရှိတဦးက ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသောမလျော်ကန်ပြုမူခြင်းပုံစံများ တခုခုကိုကျူးလွန်သည်ဆိုရာ၌ အစိုးရ လုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။[၂] အစိုးရလုပ်ဆောင်ချက်တွင် တရားဝင်အသိအမှတ်ပြုမှု ဖြင့်သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက်၍လုံလောက်စွာ အရေးယူရန်သော်လည်းကောင်း အစိုးရ၏ပျက်ကွက်မှုများလည်း ပါဝင်ပါသည်။[၃] သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသောမလျော်ကန် ပြုမူခြင်းပုံစံများ ကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေးအရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ရာရောက်ပါသည်။

ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ(Non State Actors -NSA)ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏ အစိတ်အပိုင်း တခုမဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာကျင့်သုံးမှု ပြုနေသည်မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိက ကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ ပြုမူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA)သည် ပြည်တွင်း ဥပဒေအရသူတို့ လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရမဟုတ်သော အခြားအင်အား စုများ (Non State Actors - NSA)သည် နိုင်ငံတကာဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော်အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို အပြည့်အဝမှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရက ကျူးလွန်သည် ဖြစ်စေ၊ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) က ကျူးလွန်သည် ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

သတိပြုစရာ ဝေါဟာရ။ ။ မလျော်ကန် ပြုမူခြင်း

ညှဉ်းပမ်းနှိပ်စက်ခြင်းကို ကာကွယ်ဆန့်ကျင်သော နိုင်ငံတကာ သဘောတူညီချက်သည် ညှဉ်းပမ်းနှိပ်စက်ခြင်းတခုတည်းကိုသာ တားမြစ်ထားခြင်းမဟုတ်၊ အခြားရက်စက်သော၊ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာကို ထိပါးညှိုးနွမ်းစေသော အပြု အမူ သို့မဟုတ် အပြစ်ပေးမှုများကိုလည်း တားမြစ်ထားပါသည်။ သို့သော် မလျော်ကန် ပြုမူခြင်းပုံစံများကို သီးခြားခေါင်းစဉ် တခုအတွင်းသို့ ထည့်ထားစရာ မလိုပေ။ မလျော်ကန် ပြုမူခြင်းဆိုသော သဘောတရားသည် ပြုလွယ်ပြောင်းလွယ်ဖြစ်ပြီး၊ အနိုင်ကျင့်မှုများမှ အကျယ်ပြန့်ဆုံး အကာအကွယ်ပေးထားခြင်း ဖြစ်သည်။

၁။ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East-West Center Washington, 2007, p. vix, ဤကိစ္စကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (state) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်။

၂။ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေစည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင်အဖွဲ့များ၊ လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

၃။ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

ndburma2.indd 97 26-Dec-09 13:05:23

(၃) နိုင်ငံတကာဥပဒေတွင် မလျော်ကန် ပြုမူဆက်ဆံခြင်းဟူသော ချိုးဖောက်မှုတွင် မည်သည့်အင်္ဂါရပ်များ ပါဝင်သနည်း။

မလျော်ကန် ပြုမူဆက်ဆံခြင်းအား လူ့အခွင့်အရေးချိုးဖောက်မှုတခုအဖြစ် မှတ်တမ်းတင်ရန်အတွက် အောက်ဖေါ်ပြပါ အင်္ဂါရပ် ၃ ရပ် ထင်ရှားကြောင်း ဖော်ပြရပါမည်။

၁။ ရုပ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း ပြင်းထန်စွာ နာကျင်စေခြင်း သို့မဟုတ် ခံစားရစေခြင်း★

၂။ ရည်ရွယ်ချက်ဖြင့် အနာတရ ဖြစ်စေခြင်း

၃။ အစိုးရ၏ လုပ်ဆောင်ချက် တို့ ဖြစ်သည်။

မလျော်ကန် ပြုမူဆက်ဆံခြင်း နှင့် ညှဉ်းပမ်းနှိပ်စက်ခြင်းဟူသော ချိုးဖောက်မှုနှစ်ခုအကြား ကွာခြားချက်မှာ နာကျင်မှု (သို့မဟုတ်) ခံစားရမှု အတိုင်းအတာ အနည်းအများနှင့် တားမြစ်ထားသည့် ရည်ရွယ်ချက်များ ရှိမနေခြင်းပင် ဖြစ်သည်။

(၄) အရေးကြီးသောမေးခွန်းများ မေးခြင်း။

မေးခွန်းများမေးခြင်းနှင့်တွေ့ဆုံမေးမြန်းခြင်းတို့သည်လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်းသတင်းအချက်အလက်များ စုဆောင်းရာ၌ အလွန်အရေးကြီးပါသည်။ တွေ့ဆုံမေးမြန်းမှုတရပ်၏ အသုံးဝင်မှုသည် အချက်အလက် ရှာဖွေစုဆောင်းသူ၏ ထိရောက်ပြီး၊ လုံလောက်သော မေးခွန်းများမေးသည့် အတွေ့အကြုံနှင့် စွမ်းရည်ပေါ်မှာ အဓိကအားဖြင့် မူတည်ပါလိမ့်မည်။ အချက်အလက် ရှာဖွေစုဆောင်းသူအဖို့ ချိုးဖောက်မှု၏ အရေးကြီးသောအင်္ဂါရပ်များကို သိရှိနားလည်ခြင်းအားဖြင့်၊ နိုင်ငံတကာဥပဒေချိုးဖောက်ကြောင်း သတ်မှတ်ရေးအတွက် အရေကြီးမေးခွန်းများပြုစုရာ၌ အထောက်အကူဖြစ်စေပါသည်။ ချိုးဖောက်မှုအင်္ဂါရပ်များမှန်ေ၍ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရရှိရေးတွင် အသုံးဝင်သော ဘောင်စည်းကမ်းသတ်မှတ်ချက်တခု ရရှိနိုင်ပါသည်။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ဆောင်ရန်

- လုံခြုံရေးနှင့် လျှို့ဝှက်ရေးအတွက် ကြပ်ကြပ်ဂရုစိုက်ရန်။
- နောက်ခံအကြောင်းဖြင့် အစချီပြီးလျှင်၊ ပို၍ အရေးကြီးသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆောင်ရွက်ပါ။
- ဂရုတစိုက်နားထောင်ပါ။ ပြောစရာရှိသည်ကို မျက်မြင်သက်သေအား ပြောခွင့်ပေးပါ။
- လှုပ်ရှားစိတ်ဖြင့် တုံ့ပြန်မှုများကို သိရှိအောင် ဂရုပြုပါ။
- ရှေ့နောက်မညီညွတ်မှုများကို သိရှိအောင် ဂရုပြုပါ။
- စိတ်ရှည် သည်းခံပါ။

★ မလျော်ကန် ပြုမူဆက်ဆံခြင်းတွင် ညှဉ်းပမ်းနှိပ်စက်ခြင်းအဆင့်သို့ ပြင်းပြင်းထန်ထန် မရောက်ရှိသော လုပ်ဆောင်မှုအားလုံးပါဝင်သည်။ ညှဉ်းပမ်းနှိပ်စက်ခြင်းသကဲ့သို့ပင် နာကျင်မှု သို့မဟုတ် ခံစားရမှုသည် သက်ဆိုင်သူတဦး၏ စိတ်ခံစားမှုနှင့် ထိုအဖြစ်အပျက်၏ အခြေအနေပေါ်တွင် မူတည်သည်ဟု သုံးသပ်သည်။

ndburma2.indd 98 26-Dec-09 13:05:23

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ရှောင်ရန်

- မှတ်ချက်ချခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်း မပြုပါနှင့်။
- နိမိတ်ပြမေးခွန်းများ မေးခြင်းကို ရှောင်ကျဉ်ပါ။
- အခြားသက်သေများကို ဖေါ်ပြခြင်း မပြုပါနှင့်။
- မိမိ လုပ်မပေးနိုင်သော ကတိများကို မပေးပါနှင့်။
- အပေါ်စီးဟန် သို့မဟုတ် စစ်ကြောရေးလုပ်နေသော ဟန်ဖြင့် မေးခွန်းမေးခြင်းများကို ရှောင်ကျဉ်ပါ။
- သတင်းနှင့်ပတ်သက်၍ မိမိ၏သြဇာ မလွှမ်းမိုးမိအောင် ရှောင်ကျဉ်ပါ။

၁။ အလွန် ပြင်းထန်စွာ သို့မဟုတ် ကြီးမားသော နာကျင်မှု သို့မဟုတ် ခံစားရသည်ဆိုသော အချက်ကို တည်ဆောက်ခြင်း❖

- မည်သူသည် ညှဉ်းပမ်းနှိပ်စက်မှု (သို့မဟုတ်) မလျော်ကန် ပြုမူ ခံခဲ့ရသနည်း။
- မည်သည့် အချင်းအရာများ ဖြစ်ပျက်ခဲ့သနည်း။
- မည်သည့် သက်ရောက်မှုများ ကျူးလွန်ခံရသူကိုယ်ပေါ်တွင် ကျန်ရှိခဲ့သနည်း။
- မည်သည့်အချိန်တွင် ယင်းအဖြစ်အပျက် ဖြစ်ပျက်ခဲ့သနည်း။
- မည်သည့်နေရာတွင် ယင်းအဖြစ်အပျက်ဖြစ်ပွားခဲ့သနည်း။ ယခုအချိန်တွင် ကျူးလွန်ခံရသူသည် မည်သည့်နေရာတွင် ယခု ရှိနေသနည်း။
- ထိုသူသည်မည်ကဲ့သို့ ညှဉ်းပမ်းနှိပ်စက်မှု (သို့မဟုတ်) မလျော်ကန်ပြုမူခံခဲ့ရသနည်း။ မည်မျှကြာအောင် ခံခဲ့ရသနည်း။
- ထိုသို့ဖြစ်ခဲ့သည်ကို သင်မည်ကဲ့သို့ သိရှိသနည်း။

၂။ နာကျင်စေလိုသောရည်ရွယ်ချက်ဖြင့် ညှဉ်းပမ်းနှိပ်စက်ခြင်း သို့မဟုတ် မလျော်ကန် ပြုမူခြင်းဆိုသောအချက်အား တည်ဆောက်ခြင်း

- မည်သည့်အကြောင်းက ထိုအဖြစ်အပျက်ကို ဖြစ်စေခဲ့သနည်း။
- ညှဉ်းပမ်းနှိပ်စက်ခြင်း (သို့မဟုတ်) မလျော်ကန် ပြုမူခြင်းအား မည်သည့်အကြောင်းကြောင့် ဖြစ်ခဲ့သနည်း။
- ညှဉ်းပမ်းနှိပ်စက်ခြင်း (သို့မဟုတ်) မလျော်ကန် ပြုမူခြင်းအား မည်ကဲ့သို့ ဆောင်ရွက်ခဲ့သနည်း။
- ယခုသတင်းအချက်အလက်အား သင်မည်ကဲ့သို့ သိရှိသနည်း။

၃။ တားမြစ်ထားသည့် ရည်ရွယ်ချက်တခုဖြင့် လုပ်ဆောင်ခဲ့သည်ဟူသော အချက်ကို တည်ဆောက်ခြင်း●

- ညှဉ်းပမ်းနှိပ်စက်ခြင်း (သို့မဟုတ်) မလျော်ကန် ပြုမူခြင်းကို မည်သည့်အတွက်ကြောင့် ဆောင်ရွက်ခဲ့သနည်း။
- မည်သည့်သတင်းအချက်အလက် ရှာဖွေတွေ့ရှိခဲ့သနည်း။

❖ ညှဉ်းပမ်းနှိပ်စက်ခြင်းအား ချိုးဖောက်မှုတခုအဖြစ် သက်သေပြနိုင်ရန် ပြင်းထန်စွာခံစားရခြင်း သို့မဟုတ် နာကျင်ခြင်းရှိရန်လိုအပ်သည်။ အခြား မလျော်ကန် ပြုမူဆက်ဆံခြင်းပုံစံများတွင် သိသာစွာခံစားရခြင်း သို့မဟုတ် နာကျင်မှုကို ပြသရန်သာလိုအပ်သည်။

● ထိုအစိတ်အပိုင်းသည် ညှဉ်းပမ်းနှိပ်စက်ခြင်း ချိုးဖောက်မှုတခုတည်းအတွက်သာ ပြသရန် လိုအပ်သည်။

ndburma2.indd 99 26-Dec-09 13:05:23

– ကျူးလွန်သူသည် ကျူးလွန်ခံရသူထံမှ မည်သို့သောလုပ်ငန်းမျိုး မျော်လင့်ထားခဲ့သနည်း။

– ယခုသတင်းအချက်အလက်အား သင်မည်ကဲ့သို့ သိရှိသနည်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက်ဖြစ်ကြောင်း သက်သေပြခြင်း

- ထိုအဖြစ်အပျက်ကို မည်သူက ဆောင်ရွက်ခဲ့သနည်း။ မည်သူက အမိန့်ပေးခဲ့သနည်း။ မည်သူက သိရှိခဲ့သနည်း။ မည်သူက အကူအညီပေးခဲ့သနည်း။
- ယင်းအဖြစ်အပျက်ကို သက်ဆိုင်ရာသို့ တိုင်ကြားခဲ့ပါသလား။ အဘယ်ကြောင့်နည်း။ သို့မဟုတ် အဘယ်ကြောင့် မတိုင်ကြား ခဲ့သနည်း။
- အစိုးရက ထိုအဖြစ်အပျက် မဖြစ်ပွားစေရန်အတွက် တားဆီးခဲ့ပါသလား (သို့မဟုတ်) တုံ့ပြန်ဆောင်ရွက်ခြင်းရှိခဲ့ပါသလား။
- ယခုသတင်းအချက်အလက်ကို သင်မည်သို့သိရှိသနည်း။

(၅) မှတ်တမ်းပြုခြင်း

နိုင်ငံတကာ ဥပဒေချိုးဖောက်မှုအဖြစ် အဓိပ္ပါယ်သတ်မှတ်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များရှာဖွေစုဆောင်းရာ၌ အချိန်နှင့် လုပ်ဆောင်ချက်တို့ လိုအပ်ပါသည်။ ချိုးဖောက်မှုတခု၏ အင်္ဂါရုပ်များသည် အစဉ်အဖြင့်အဆက် သင့်ပေါ်လွင် ထင်ရှားနေသည်မဟုတ်ချေ။ အချက်အလက်ရှာဖွေ စုဆောင်းသူတဦးအနေနှင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ် သက်သော သတင်းအချက်လက်များကို ထုတ်ယူနိုင်စွမ်း ရှိရမည်ဖြစ်သည့်အပြင်၊ စုဆောင်းရရှိထားသော သတင်းအချက်အလက်များမှနေ၍ ချိုးဖောက်မှု၏ အရေးကြီးအင်္ဂါရုပ်များကိုလည်း နည်းလမ်းတကျ ဖော်ထုတ်နိုင်စွမ်းရှိရမည်ဖြစ်ပါသည်။ ချိုးဖောက်မှု၏ အင်္ဂါရုပ်များကို ဖော်ထုတ်မှုပြုရန်အတွက် ဤအခန်းက မြန်မာနိုင်ငံ၏ အခြေအနေအချိန်အခါမှာ ဖြစ်ပွားနေကျည့်းပမ်းနှိပ်စက်ခြင်း သို့မဟုတ် မလျော်ကန်ပြုမူခြင်းမျိုးအတွက် အထောက်အထားပါသော ဖြစ်ရပ်မှန်ပုံစံတခုကို ဖော်ပြပေးပါမည်။

ဖြစ်ရပ်မှန်ပုံစံ ပေါ်အခြေခံလျက် ဤအခန်းက တွေ့ဆုံမေးမြန်းမှုနည်းနာနှင့် ပတ်သက်သော အကောင်းနှင့်အဆိုး သာဓကများကို ဖော်ပြထားပါသည်။ တွေ့ဆုံမေးမြန်းခြင်းနှင့်ပတ်သက်သော အချက်အလက် များအပြင်၊ ထိရောက်စွာအချက်အလက်ရှာဖွေရေးနှင့်ပတ်သက်သော အကြံပြုချက်များကို နောက်ထပ်သိရှိလိုပါက ဤစာစောင်ပါ "မြန်မာနိုင်ငံလူ့အခွင့်အရေးချိုးဖောက်မှုများ အကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကိုကြည့်ပါ။

(က) အခြေအနေ အချိန်အခါကို နားလည်ခြင်း

လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ဖော်ထုတ်ရေးအတွက် အချက်အလက်ရှာဖွေရေးလုပ်ငန်း သို့မဟုတ် တွေ့ဆုံမေးမြန်းခြင်းများ မစတင်မီမှာ ချိုးဖောက်မှုများ ဖြစ်ပွားရာနေရာ၏ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေအချိန်အခါကို နားလည်ထားရန်အရေးကြီးပါသည်။ အခြေအနေအချိန်အခါကို နားလည်ခြင်းအားဖြင့်အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ ထိရောက်သော မေးခွန်းများပြုစုရေးနှင့် လက်ရှိအခြေအနေကို ထိုးထွင်းသိမြင်ရေးတွင်အထောက်အကူရရှိနိုင်ပါသည်။ အတွေ့အကြုံရှိသော အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ပင်လျှင် အချက်အလက်ရှာဖွေစု ဆောင်း မှုမပြုမီ၊ နောက်ခံသတင်းအချက်အလက်များကို စီစစ်ကြည့်ရေးတွင် အထောက်အကူ ရနိုင်ပါသည်။ အောက်မှာဖော်ပြထားသည်မှာ မြန်မာနိုင်ငံအတွင်း ညှဉ်းပမ်းနှိပ်စက်ခြင်း သို့မဟုတ် မလျော်ကန် ပြုမူခြင်းများ ဖြစ်ပေါ်နေခြင်းနှင့် ပတ်သက်၍ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ နောက်ခံအကြောင်းအချက် အချို့ဖြစ်ပါသည်။

ndburma2.indd 100 26-Dec-09 13:05:23

မြန်မာနိုင်ငံအတွင်း ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် မလျော်ကန် ပြုမူခြင်း ချီးဖောက်မှုဆိုင်ရာသမိုင်းနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ နောက်ခံအကြောင်းအချက်များ

(၁၉၆၂) ခုနှစ် ဗိုလ်ချုပ်ကြီး နေဝင်း ဦးဆောင်သော စစ်အာဏာသိမ်းအစိုးရက မြန်မာနိုင်ငံတခုလုံးကို ထိန်းချုပ်ခဲ့သည့် အချိန်မှစ၍ အာဏာအဆင့်ဆင့် ဆက်ခံလာသော စစ်အစိုးရများသည် တိုင်းပြည်ကို ခြိမ်းခြောက်ခြင်း၊ မဖေါ်ပြနိုင်လောက်သော ရက်စက်မှုမျိုးဖြင့် အုပ်ချုပ်လာခဲ့သည်။ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် မလျော်ကန်ပြုမူခြင်း ချီးဖောက်မှုများသည် စစ်အစိုးရအာဏာသိမ်းခဲ့သည့်အချိန်မှစ၍ မြန်မာနိုင်ငံအနှံ့အပြားတွင် စဉ်ဆက်မပြတ်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေဆဲဖြစ်သည်။ အကြမ်းမဖက် ငြိမ်းချမ်းသောနည်းဖြင့် လှုပ်ရှားဆောင်ရွက်သောနိုင်ငံရေးအတိုက်အခံများ၊ တိုင်းရင်းသား ကျေးရွာသားများ၊ ဘာသာရေးခေါင်းဆောင်များနှင့် စစ်အစိုးရအပေါ် ဆန့်ကျင်သူဟု သံသယရှိသူ မည်သူမဆိုသည် မြန်မာစစ်အစိုးရနှင့် အုပ်ချုပ်သူလက်ပါးစေ ကိုယ်စားလှယ်များ၏ သားကောင်များအဖြစ်သို့ ကျရောက်ကာ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် မလျော်ကန်ပြုမူခြင်း အကျယ်အပြန့် ချိုးဖောက်ခံစားကြရသည်။ မြန်မာနိုင်ငံရှိ လက်နက်ကိုင် အတိုက်အခံများသည် နှစ်ပေါင်းများစွာ လှုပ်ရှားမှုအတွင်း ချိုးဖောက်မှုများရှိနေခဲ့ကြသော်လည်း ထိုချိုးဖောက်မှု အစီရင်ခံစာများမှာ အမြဲတစေ ထွက်ပေါ်နေခြင်းမဟုတ်ပေ။ စစ်အစိုးရလက်အောက်တွင် ထောင်သောင်းချီသော ပြည်သူလူထုကြီးသည် စစ်အစိုးရက ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် မလျော်ကန်ပြုမူခြင်း၏ အကျိုးရလဒ်အဖြစ် ဒဏ်ရာအနာတရဖြစ်ရခြင်း၊ ရုပ်ပိုင်းဆိုင်ရာ မသန်မစွမ်းဘဝသို့ ရောက်ရှိသွားခြင်း၊ စိတ်ပိုင်းဆိုင်ရာအရ အနာတရဖြစ်ရခြင်းနှင့် အသတ်ခံရခြင်းအဖြစ်သို့ ရောက်ရှိနေကြရသည်။[၄]

မမှန်မကန်ဝန်ခံချက်အရယူရန်၊ အထူးသဖြင့် နိုင်ငံရေး သို့မဟုတ် တိုင်းရင်းသားအတိုက်အခံအုပ်စုများ၏ သတင်းအချက်အလက်ယူရန် သို့မဟုတ် သံသယရှိဖွယ် အတိုက်အခံများ သို့မဟုတ် ၎င်းတို့ကို ထောက်ခံသူများကို အပြစ်ပေးရန်အတွက် ညှဉ်းပန်းနှိပ်စက်ခြင်းကို စစ်အစိုးရထောက်လှမ်းရေးများက ကြိမ်ဖန်များစွာ အသုံးပြုခဲ့ကြသည်။ ညှဉ်းပန်းနှိပ်စက်ခြင်းကို တိုင်းရင်းသားကျေးရွာသားများနှင့် လူနည်းစုဘာသာရေးအုပ်စုများ အပေါ်ခွဲခြားဖိနှိပ်ခြင်း ပုံစံတခုအဖြစ်လည်း ကျင့်သုံးအသုံးပြုတတ်သည်။ စစ်အစိုးရ ဘက်တော်သားများသည် ညှဉ်းပန်းနှိပ်စက်ခြင်းကို ငွေကြေး၊ အစားအစာ၊ မြေယာနှင့် အခြားပိုင်ဆိုင်မှုပစ္စည်းများအား အရပ်သားများထံမှရယူ လုယူရာတွင်လည်း အသုံးပြုတတ်ကြသည်။[၅]

ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် မညှာမတာပြုမူခြင်းသည် မြန်မာနိုင်ငံ၏စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေသည်။ ပုံမှန်အားဖြင့် ကျူးလွန်ခံရသူများသည် တခါတရံတွင်မည်သည့် အကြောင်းပြချက်ကြောင့် ဖမ်းဆီးခံရသည်ကိုမသိရဘဲ အဖမ်းခံကာ ၎င်းတို့ကိုစစ်ကြော၊ ခြိမ်းခြောက်၊ နှိပ်စက်သည့် စစ်ကြောရေးစခန်းများသို့ တိုက်ရိုက်ပို့ဆောင်ခြင်းခံရသည်။ စစ်ဆေးမေးမြန်းခြင်းသည် နေ့ရက်များစွာ၊ ရက်သတ္တပတ်များစွာ သို့မဟုတ် လပေါင်းများစွာအထိ ကြာသည်အထိ နှိပ်စက်မှုခံရတတ်သည်။ စစ်ကြောရေးပြီးသည့် နောက်တွင် အဖမ်းခံရသူများသည် နောက်ထပ်တဖန် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မလျော်ကန် ပြုမူခြင်းခံရမည့်ပို၍ ကြီးမားသော အကျဉ်းထောင်များဆီသို့ ပို့ဆောင်ခြင်းခံရသည်။[၆] ညှဉ်းပန်းနှိပ်စက်ခြင်းသည် အထူးသဖြင့် တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသများနှင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများအတွင်းရှိ ကျေးရွာများကို စစ်တပ်ကဝင်ရောက် စီးနင်းသော အခါများတွင်လည်း အလားတူကျူးလွန်မှုများ အမြဲတစေ ဖြစ်ပွားတတ်သည်။ ကျေးရွာသားများသည် လည်း အကြောင်းမဲ့သက်သက် အနိုင်ကျင့်နှိပ်စက်တတ်သော အစိုးရစစ်ကြောင်းများ၊ လှည့်ကင်းများ၏ ညှဉ်းပန်းနှိပ်စက်မှု အန္တရာယ်ကို အမြဲတစေရင်ဆိုင်နေကြရသည်။[၇]

မြန်မာနိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်ခြင်းပုံစံများစွာရှိသည်။ အပြင်းအထန်ရိုက်နှက်ခြင်းကို အများဆုံး မြင်တွေ့ရသည်။ "ပုံစံမျိုးစုံ ဖြင့် လက်သီးဖြင့် ထိုးခြင်း၊ ပါးရိုက်ခြင်း၊ ဒူးဖြင့် တိုက်ခြင်းနှင့် ရိုက်ခြင်း" များသည် အစီရင်ခံစာများတွင် ပါဝင်ဖော်ပြကြသည်ကို တွေ့ရှိရသည်။ အခြားညှဉ်းပန်းနှိပ်စက်မှုပုံစံများဖြစ်သော အထူးသဖြင့် ထိန်းသိမ်းခံရသူများကိုမူအစားအစာ၊ ရေ၊ အိပ်စက်ခြင်း၊ အလင်းရောင်နှင့် အိမ်သာအသုံးပြုခြင်းများကို ခွင့် မပေးဘဲထားသော နည်းလမ်းများကို အသုံးပြုတတ်သည်။[၈] အချိန်ကြာမြင့်စွာ လက်ပြန်ကြိုးတုပ် အတင်းနာကျင်အောင် ချည်နှောင်ခံရခြင်း ပုံစံကိုလည်း အတွေ့ရများသည်။ စီကရက်မီးဖြင့်တို့ခြင်း၊ ဖယောင်းပူ အစက်ချခြင်း၊ မီးခြစ်ဖြင့်ရှို့ခြင်း၊ ရော်ဘာတုတ်ဖြင့်ရိုက်ခြင်း၊ လျှပ်စစ်ဖြင့်တို့ခြင်း၊ အသက်ရှူကြပ်စေခြင်း ပုံစံများဖြင့်လည်းနှိပ်စက်ကြသည်။ စစ်အစိုးရသည် ကျူးလွန်ခံရသူ၏ လက်ချောင်းများအကြား မာကျောသော အရာဝတ္ထုများထည့်၍ညှစ်ခြင်း၊ သို့မဟုတ် သံတုတ် သို့မဟုတ် သစ်သားတုတ်များကို အသုံးပြု၍ ကျူးလွန်ခံရသူ၏ ညှိုသကျည်း အပေါ်လိမ့်ခြင်း စသည့် အထူးနည်းလမ်းများကိုနာကျင်ခံစား

ndburma2.indd 101 26-Dec-09 13:05:23

ရအောင် အသုံးပြုတတ်သည်။[၉] လိင်အကြမ်းဖက်မှု အဖြစ်အပျက်များသည် ထောင်ဂဏန်းဖြင့် မရှိသည့်တိုင်ရာဖြင့်ခြီသော သက်သေအထောက်အထားများကို နှစ်ကာလတခုအတွင်း ကောက်ယူ၊ မှတ်တမ်းတင်ထားနိုင်ခဲ့သည်။[၁၀] အဖြစ်အပျက်အများစုတွင် ကျူးလွန်ခံရသူသည် ကျူးလွန်သူများစွာ၏ မရပ်မနား ကြိမ်ဖန်များစွာ အုပ်စုလိုက် မုဒိမ်းကျင့်ခံရသော အခြေအနေများလည်း ပါဝင်သည်။[၁၁] အခြား အဖြစ်အပျက်များတွင် လိင်ပိုင်းဆိုင်ရာ အနာတရဖြစ်စေမှုများလည်း ရှိတတ်သည်။[၁၂]

စိတ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်မှုသည် မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန် လုပ်ဆောင်နေကာ အထူးသဖြင့် အကျဉ်းသားများအပေါ်တွင် အသုံးပြုနေသည်။ စစ်အစိုးရ ထောက်လှမ်းရေးများသည် ကျူးလွန်ခံရသူများကို အရှက် တကွဲဖြစ်စေရန်အတွက် သိက္ခာမဲ့လုပ်ရပ်များကို ခိုင်းစေတတ်ကြသည်။ ဥပမာ– ကားယားခွ၍မော်တော်ဆိုင်ကယ်စီးသည့်ဟန် လုပ်ခိုင်းခြင်း၊ သို့မဟုတ် လေယဉ်မောင်းသည့်ဟန် လုပ်ခိုင်းခြင်းတို့ဖြစ်သည်။ ရိုက်နှိက်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ အဆုံးစီရင်ခြင်း၊ တိုက်ပိတ်ခြင်း၊ မိသားစုလည်ပတ်ခွင့် ပိတ်ပင်ခြင်း၊ လွှတ်ပေးမည်ဟုလိမ်လည်ပြောဆိုခြင်း စသည်တို့သည် အကျဉ်းကျခံရသူအတွက် ပို၍ကြောက်ရွံ့စေသည့်အပြင် စိတ်ပိုင်းဆိုင်ရာ အရလည်းအနာတရဖြစ်စေသည်။ အကျဉ်းထောင်ဖြစ်တည်နေသည့် အခြေအနေက နှိပ်စက်ခြင်း ပုံစံတခုဖြစ်နေပြီး၊ အကျဉ်းထောင်အတွင်း အခြေအနေမှာလည်း လွန်စွာဆိုးဝါးလှသည်။ အကျဉ်းကျသူ ရာပေါင်းများစွာနှင့် အကျဉ်းသားဟောင်းများသည် ထောင်ချခံရမှုကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာရသည့် အခြေအနေ ကြောင့် အသက်ဆုံးရှုံးနေရသည်။[၁၃]

ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသောမလျော်ကန် ပြုမူခြင်းများနှင့် ပတ်သက်သော အစီရင်ခံချက်များကို ပုံမှန်အားဖြင့် စစ်အစိုးရအရရှိများက ဥပေက္ခာပြုခြင်း၊ သို့မဟုတ် လုံးဝငြင်းပယ်ခြင်းပြုကြသည်။ တချိန်တည်းတွင် ကျူးလွန်ခံရသူများသည် ကောင်းမွန်သော ဆေးဝါးကုသမှု သို့မဟုတ် နှစ်သိမ့်အားပေးမှုများ မရရှိသောကြောင့် ဆိုးဝါးသော ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ ဖြစ်ရပ်များကို ခံစားနေကြရသည်။[၁၄]

(ခ) ဖြစ်တတ်သည့် ပုံစံများ

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် ဖြစ်လေ့ရှိသော ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသော မလျော်ကန် ပြုမူခြင်းများအတွက် အချက်အလက်ပုံစံတခုကို အောက်မှာဥပမာဖော်ပြ ပေးထားပါသည်။ ဤအချက်အလက်ပုံစံသည် ချိုးဖောက်မှုတရပ်၏ အဓိကအင်္ဂါရပ်များကို ဖေါ်ထုတ်ပြရာ၌ အသုံးဝင်ဖွယ်ရှိပါသည်။ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသောမလျော်ကန် ပြုမူခြင်းများ ချိုးဖောက်ခြင်းတည်းဟူသော ချိုးဖောက်မှုတရပ်ကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်နိုင်ရေးအတွက် အောက်ပါအချက်များပါရှိရမည်ကို သတိရပါ။

- ရုပ်ပိုင်းဆိုင်ရာအရ သော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရ သော်လည်းကောင်း ပြင်းထန်စွာ နာကျင်စေခြင်း၊ သို့မဟုတ် ခံစားရစေခြင်း။
- ရည်ရွယ်ချက်ဖြင့် အနာတရ ဖြစ်စေခြင်း
- ရည်ရွယ်ချက် အကြောင်းတခုခု ရှိခြင်း။
- အစိုးရ၏ လုပ်ဆောင်ချက် တို့ ဖြစ်သည်။

ဖြစ်ရပ်မှန်ပုံစံ– ညှဉ်းပမ်းနှိပ်စက်ခြင်း နှင့် အခြားသော မလျော်ကန် ပြုမူခြင်းပုံစံများ*

စိုင်းအောင်သည် ရှမ်းတိုင်းရင်းသား လူငယ်တဦးဖြစ်သည်။ တနေ့လည်ခင်းတွင် စိုင်းအောင်သည် သူ၏အိမ်အနီးနားရှိ သူငယ်ချင်းများနှင့်အတူ သောက်နေကျ လက်ဖက်ရည်ဆိုင်သို့သွားသည်။ လက်ဖက်ရည်သောက် နေစဉ် စိုင်းအောင်တို့ သူငယ်ချင်းတသိုက် ရှမ်းပြည်သူများ၏ ပြဿနာများနှင့် တိုင်းရင်းသားအတိုက်အခံ အုပ်စုတခု

* ယခုအသုံးပြုနိုင်ဖွယ်ရာဟု မှန်းဆရသော အချက်အလက်ပုံစံသည် ဤလမ်းညွှန်စာအုပ်အတွက် လူများစွာ၏ အတွေ့အကြုံများမှတဆင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ လူပုဂ္ဂိုလ်တဦးဦး သို့မဟုတ် အဖြစ်အပျက်တခုခုကို အခြေခံထားခြင်းမဟုတ်ကြောင်း ကျေးဇူးပြု၍ သတိချပ်ပါ။

ndburma2.indd 102 26-Dec-09 13:05:23

ဖြစ်သော ရှမ်းပြည်နယ် တပ်မတော် (SSA) ၏ နိုင်ငံရေးအခြေအနေများကို စတင်ဆွေးနွေးခဲ့ကြသည်။ တချက်တွင် စိုင်းအောင်က အသံခပ်ကျယ် ကျယ်ဖြင့်အော်ပြောမိသည်။ သူက "စစ်အုပ်ချုပ်ရေးရဲ့ ဖိနှိပ်မှုတွေအောက်က ငါတို့ လွတ်မြောက်ချင်တိုဆိုရင် ငါတို့တွေ အက်စ်အက်စ်အေကို အားလုံးထောက်ခံအားပေးဖို့လိုတယ်။ ဒါက တခုတည်း သောနည်းလမ်းပဲ" ဟုပြောမိခဲ့သည်။ လက်ဖက်သောက်အပြီး စိုင်းအောင် သူငယ်များနှင့်လမ်းခွဲကာ အိမ်သို့လမ်း လျှောက်ပြန်လာခဲ့သည်။ အိမ်သို့ သူပြန်မရောက်ခင်တွင် အရပ်ဝတ်လူနှစ်ဦး သူ့အနားသို့ရောက်လာကြသည်။ သူတို့သည် စစ်ထောက်လှမ်းရေးများဖြစ်ကြပြီး သူ့တို့နောက်သို့ စိုင်းအောင်ကိုလိုက်ခဲ့ရန်ပြောသည်။ မည်သို့မှ ငြင်း ပယ်မနိုင်ဘဲ၊ ရွာအဖျားတွင် တည်ရှိသော စစ်စခန်းဆီသို့ သူကိုခေါ်သွားမည့် ကားပေါ်သို့တက်၍လိုက်ခဲ့ရသည်။

ထိုလူနှစ်ယောက်က စိုင်းအောင်ကို အခန်းငယ်တခုဆီသို့ ခေါ်သွားသည်။ အခန်းထဲတွင် ယူနီဖောင်းဝတ် စစ်သား သုံးဦးက စောင့်နေသည်။ ထိုအရာရှိများအနက် တဦးက မတ်တပ်ရပ်ကာ စိုင်းအောင်အား " မင်းမှာ ဆွေးနွေးစရာ အမြင်တွေ တော်တော်များများရှိနေတယ်လို့ ငါတို့ကြားတယ်။ ကဲ ... ငါတို့ကိုလည်း နည်းနည်းပါးပါးလောက် ပြော ပြပါလား။" ဟုပြောခဲ့သည်။ စိုင်းအောင် တခွန်းမှပြန်မပြောခဲ့ပါ။ စိုင်းအောင်အနားသို့ အရာရှိကတိုးလာခဲ့ပြီး "မင်း ခုနကတော့ အော်ကျယ်အော်ကျယ်နဲ့ ပြောနေပြီး၊ အခုကျတော့ တခွန်းမှ မပြောတော့ဘူးလားကွ။" သူကအော် ငေါက်လာသည်။ အရာရှိက စိုင်းအောင်၏ မျက်နှာကို ခပ်ကြမ်းကြမ်း ရိုက်ချပစ်လိုက်ပြီး ဗိုက်ကို ကန်လိုက်သည်။ "မင်းရဲ့ပါးစပ်က ဘယ်လောက်အထိ အန္တရာယ်ရှိနိုင်တယ်ဆိုတာ မင်းလေ့လာထားမှရမယ်။ ကဲ မင်းရဲ့ပါးစပ်က ဘယ် လောက်အထိ အန္တရာယ်ပေးနိုင်တယ်ဆိုတာ ငါတို့နားထောင်ကြည့်ရအောင်"။ ထို့နောက် အရာရှိကစိုင်းအောင်ကို သူ၏ ပါးစပ်သည် အန္တရာယ်ရှိကြောင်းနှင့် အစိုးရမကောင်းကြောင်း နောက်ထပ်မပြောတော့ပါအား တနာရီကြာမျှ ထပ်ခါတလည်းလည်း အော်ဆိုခိုင်းသည်။

တနာရီကြာမျှ ထိုသို့အော်ရပြီးနောက် စိုင်းအောင်ကို အခန်းကျဉ်းတခုအတွင်းသို့ပစ်သွင်းလိုက်ကြသည်။ ထိုအခန်း ထဲတွင် ဘာဆိုဘာမျှမရှိပေ။ နောက်ဆုံးတွင် စစ်သားနှစ်ဦးနှင့် အရာရှိတဦး အခန်းထဲသို့ဝင်လာကာ စိုင်းအောင်ကို စတင်စစ်မေးပြန်သည်။ အရာရှိကစိုင်းအောင်ကို အက်စ်အက်စ်အေအဖွဲ့အကြောင်း၊ သူမည်သို့ပါဝင်ခဲ့သည်နှင့် အက်စ် အက်စ်အေအဖွဲ့ မည်သည့်နေရာတွင် ရှိသည်ကို ထိုအရာရှိကမေးသည်။ စိုင်းအောင်က မေးသမျှမဖြေနိုင်သောအခါ တွင်စစ်သားနှစ်ဦးကသူ့ကိုရိုက်နှက်ကြပြန်သည်။ သူ့ကိုသေနတ်ဒင်ဖြင့် ထပ်ခါထပ်ခါရိုက်ကြသည်။ မျက်နှာကိုလည်း လက်သီးဖြင့်လည်း ထိုးသည်။ နှစ်နာရီကြာမျှ စစ်ဆေးမေးမြန်းပြီးနောက် စိုင်းအောင် သတိမေ့မျောသွားခဲ့သည်။

စိုင်းအောင် သတိရလာသောအခါတွင် ထိုအခန်းအတွင်း၌ပင် ဆက်လက် ချုပ်နှောင်ထားခံနေရဆဲဖြစ်ကာ၊ သူ၏ ဦးခေါင်းမှလည်း သွေးအလွန်ထွက်လျက်ရှိသည်။ အခန်းအတွင်း လှည့်ပတ်ကြည့်သောအခါတွင် ညစ်ပတ်သော ရေများထည့်ထားသည့် ပလစ်စတစ် ရေဇလုံတခုကိုတွေ့ရသည်။ သိပ်မကြာခင် အချိန်အတွင်း၌ စစ်သားနှစ်ဦးနှင့် အရာရှိပြန်ဝင်လာပြန်သည်။ စစ်သားနှစ်ဦးက စိုင်းအောင်ကိုဆွဲထူကာ ရေဇလုံအနားသို့ တရွတ်တိုက် ဆွဲခေါ် သွားခဲ့သည်။ အရာရှိက စိုင်းအောင်ကို အက်စ်အက်စ်အေအဖွဲ့နှင့် ပတ်သက်၍ ထပ်မံမေးမြန်းပြန်သည်။ မဖြေနိုင် ပါက စစ်သားနှစ်ဦးက သူ၏ဦးခေါင်းကို ရေဇလုံအတွင်းသို့ မိနစ်တော်တော်ကြာကြာ ဆွဲနှစ်ထားသည်။ ထို့နောက်သူ့ အားပြန်ဆွဲထုတ်ကာ "မင်းအက်စ်အက်စ်အေအဖွဲ့အကြောင်း ဘာသိသလဲ။"ဟု ထပ်ခါထပ်ခါ အော်ဟစ်မေးမြန်းပြန် သည်။ စစ်သားများကသူ့ကို ရေထဲသို့ထပ်ခါထပ်ခါ နှစ်ကြခြင်းဖြင့် နောက်ဆုံး စိုင်းအောင်ပြန်၍ သတိလစ်မေ့မျော သွားတော့သည်။

စိုင်းအောင်သည် စစ်စခန်းအတွင်း ဆက်လက်အဖမ်းခံထားရသည်။ နေ့စဉ်မနက်ခင်းတကြိမ်၊ နေ့လည်ခင်းတကြိမ် စစ်သားများနှင့် အရာရှိက အက်စ်အက်စ်အေအဖွဲ့အကြောင်း စစ်မေးကာ ပြင်းပြင်းထန်ထန် ရိုက်နှက်ကြသည်။ ရက် ပေါင်း (၂၀)ကြာ ထိုသို့ ချုပ်နှောင်နှိပ်စက် ခံခဲ့ရပြီးနောက် အက်စ်အက်စ်အေအဖွဲ့အကြောင်း နောက်တခါ ထပ်ပြော ပါက သူ့အားသတ်ပစ်မည်ဟု အရာရှိက စိုင်းအောင်ကို ခြိမ်းခြောက် ပြောဆိုခဲ့သည်။ အက်စ်အက်စ်အဖွဲ့အကြောင်း မည်သည့်အခါမျှ မပြောတော့ပါဟု အတင်းအကျပ် လက်မှတ်ရေးထိုးခိုင်းကာ သူ့ကိုပြန်လွှတ်ပေးလိုက် သည်။

ယင်းအဖြစ်အပျက်ပြီးသည့်နောက် စိုင်းအောင် ထိုင်းနိုင်ငံသို့ထွက်ခွာလာခဲ့သည်။ သေနတ်ဒင်ဖြင့် အရိုက်ခံခဲ့ရသည့် ဒဏ်ရာလည်း သူ၏ဦးခေါင်းတွင် ရှိနေသေးသည်။ ထိုဒဏ်ရာကြောင့် မကြာမကြာ ခေါင်းကိုက်ဝေဒနာခံစားရပြီး၊ တခါ တရံ ရုတ်ချည်းသတိလစ် မေ့မျောသွားတတ်သည်။ ထို့အပြင် ညဖက်အိပ်မပျော်သော ဝေဒနာနှင့် ဆိုးရွားသောခြောက် အိပ်မက်ဆိုးများကိုလည်း ခံစားနေရဆဲဖြစ်သည်။

ndburma2.indd 103 26-Dec-09 13:05:23

(၈) တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာပုံစံ

တွေ့ဆုံမေးမြန်းခြင်းသည် အဓိကကျသော အချက်အလက်များကို ရှာဖွေစုဆောင်းနည်းပင်ဖြစ်သည်။ အဓိက အကြောင်းရင်းမှာ အဖြစ်အပျက်တခုနှင့် ပတ်သက်၍ လူတို့သည် သတင်းအချက်များကို အများဆုံးရရှိထားသူများဖြစ်သော ကြောင့်ပင် ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခြင်းသည် အချက်အလက်ရှာဖွေစုဆောင်းသောလုပ်ငန်းအတွက် အခြေခံကျသည်ဖြစ်ရာ၊ တွေ့ဆုံမေး မြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အကောင်းဆုံးရရှိထားခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘက်ပေါင်း စုံမှနေ၍ အသေးစိတ်ကျကျ ဖေါ်ထုတ်ရေးတွင် သော့ချက်တခုဖြစ်ပါသည်။ အထက်ဖေါ်ပြပါ ဖြစ်ရပ်မှန်ပုံစံကို အခြေခံထားသော တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ (၂)ခုကို အောက်မှာဖေါ်ပြထားပါသည်။ ပထမ တွေ့ဆုံမေးမြန်းခြင်းသည် အရည်အသွေးညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပြီး၊ ဒုတိယ တွေ့ဆုံမေးမြန်းခြင်းသည် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်း၏ သာဓက ဖြစ်ပါသည်။ သာဓကတခုစီ၏ အောက်ခြေတွင် ပိုင်းခြားသုံးသပ်ချက်များကို ဖေါ်ပြထားပါသည်။

၁။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ညံ့)

မေး – ဆိုတော့ ညီလေး က မြန်မာပြည်ထဲမှာ အနှိပ်စက်ခံခဲ့ရတာပေါ့။ ဟုတ်လား။

စိုင်းအောင် – ဟုတ်ကဲ့။ မှန်ပါတယ်ခင်ဗျ။

မေး –သူတို့က ညီလေးကို ပြင်းပြင်းထန်ထန် ရိုက်ခဲ့လား။

စိုင်းအောင် – ရိုက်ပါတယ်။ အရိုက်ခံလို့ရတဲ့ ကျနော့် ခေါင်းကအမာရွတ်ကို ကြည့်လို့ရပါတယ်။

မေး –ညီလေးကို အစိုးရ အရာရှိတွေက နှိပ်စက်ခဲ့တယ်ဆိုတာ၊ ဟုတ်သလား။

စိုင်းအောင် – ကျနော်လည်း အဲဒီလိုပဲ ထင်တာပဲ။ ကျနော့်ကို စစ်စခန်းတခုဆီကို ခေါ်သွားပြီး အဲဒီက စစ်သားတွေက ဝိုင်းပြီး နှိပ်စက်ခဲ့ကြတာပါ။

မေး –ပြီးတော့ ညီလေးက အက်စ်အက်စ်အေအဖွဲ့ကို ထောက်ခံတယ်ဆိုပြီး နှိပ်စက်ခံခဲ့ရတယ် မဟုတ်လား။

စိုင်းအောင် – ဟုတ်ပါတယ်ခင်ဗျ။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရခြင်းမှာ အကြောင်းအချက် များစွာ ရှိပါသည်။

ပထမအချက်– တိုလွန်းသည်။ချိုးဖောက်မှုတခုဖြစ်ကြောင်းပေါ်ပြရန်လိုအပ်သည့်အင်္ဂါရပ်များအကြောင်းမှတ်တမ်း ပြုရန်တည်း ဟူသောတွေ့ဆုံ မေးမြန်းခြင်း၏ရည်မှန်းချက် ပေါက်မြောက်ခြင်းမရှိချေ။ ဖြစ်ပွားပုံကို အသေးစိတ်ပေါ်လွင်စေရေးအတွက် မေးခွန်းများလုံလောက်ခြင်းမရှိ။နောက်ဆက်တွဲမေးခွန်းများသည်ဖြစ်ရပ်၏ပုံကားချပ်ကိုအပြည့် အဝဖေါ်ပြရေးတွင် အထူးအရေးကြီးပါသည်။

ဒုတိယအချက်– ဤမေးခွန်းများသည် အများအားဖြင့် နိမိတ်ပြမေးခွန်းများဖြစ်နေသည်။ ဆိုလိုသည်မှာ စိုင်းအောင် အနေနှင့် မည်သို့ ဖြေကြားသင့်ကြောင်း အရိပ်အကဲပြသည့်သဘောဖြစ်နေသည်။ သူက“ဟုတ်ပါသည်” သို့မဟုတ် “မဟုတ်ပါ” ဟု ဖြေ နေပါက အရေးကြီးသော အသေးစိတ်အချက်အလက်များကို ကျန်သွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ အနေနှင့်လည်း အရေးကြီးသော သတင်းအချက်အလက်များကို လက်လွတ်သွားလိမ့်မည်။ ထို့ပြင်၊ စိုင်းအောင် ဘက်ကလည်း သူ့ဟာသူ လွတ်လွတ်လပ်လပ်ပြောပြလိုသည့် သဘောနည်းသွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ ကြားလိုသော အဖြေများကို ပေးလိုသည့် သဘောပိုများ သွားနိုင်ပါသည်။

တတိယအချက်– ဤတွေ့ဆုံမေးမြန်းခြင်းသည် တွေ့ဆုံမေးမြန်းသူ မူလကတည်းက သံသယရှိနေသော

ndburma2.indd 104 26-Dec-09 13:05:23

ချိုးဖောက်မှု ကိုသာလျှင်အာရုံစိုက်ထားပြီး၊ အခြားချိုးဖောက်မှုများအတွက် အထောက်အထားရနိုင်သော မေးခွန်းများကိုမေးခြင်းမရှိချေ။ ဤသာဓက ဖြစ်ရပ်ကဲ့သို့သော ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသောမလျော်ကန်ပြုမူခြင်းများသည် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများဖြစ်ပွားနေသည့်ကြားမှာ ဖြစ်ပွားတတ်ပါသည်။ အသေးစိတ်ကျသော တွေ့ဆုံမေးမြန်းမှုတခုကို လုပ်ခြင်းအားဖြင့် အခြား အတင်းအကျပ် ထိန်းသိမ်းချုပ်နှောင်ခြင်း၊ ဖမ်းဆီးခြင်း စသည့်ရာဇဝတ်မှု ကျူးလွန်မှုများအတွက် အထောက်အထားများ ရနိုင်ဖွယ်ရှိပါသည်။

နောက်ဆုံးအချက်– စိုင်းအောင်၏ဖြစ်ရပ်ကို အတည်ပြုဖေါ်ပြပေးမည့် သတင်းအချက်အလက်တစုံတရာကို ဤတွေ့ဆုံမေးမြန်းခြင်းမှနေ၍ မရရှိချေ။ သူ၏ ဖြစ်ရပ်ကို အတည်ပြုပေးမည့် မျက်မြင်သက်သေနှင့် အထောက်အထားများ ရနိုင်၊ မရနိုင် စိုင်းအောင်ကို မေးကြည့်ခြင်းသည် ကောင်းမွန်သောမှတ်တမ်းပြုမူတခု၏ အရေးကြီးသောအစိတ်အပိုင်းဖြစ်သည်။

(၂) တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ကောင်း)

မေး – ညီလေး ဘာကြောင့် မြန်မာပြည်က ထွက်လာခဲ့ရတယ်ဆိုတာ ပြောပြလို့ရမလား။

စိုင်းအောင် – ကျနော် မြန်မာပြည်က ထွက်လာခဲ့ရတဲ့ အကြောင်းက စစ်တပ်ကို ကြောက်လို့ပါ။ စစ်တပ်ရဲ့ ဖမ်းဆီး၊ နှိပ်စက် ဒဏ်ကို ကျနော်ခံခဲ့ရပါတယ်။ အဲဒီလို နောက်ထပ်တခါ ထပ်ခံရမှာ ကျနော် ကြောက်ပါတယ်။ မြန်မာပြည်မှာ ကျနော် တွေ့ကြုံ ခဲ့တဲ့အကြောင်းတွေကို ကျနော်အိပ်မက်ဆိုးတွေ မက်နေတုန်းပဲ။

မေး – အနှိပ်စက်ခံရတဲ့ အချိန်မှာ ဘာတွေဖြစ်ခဲ့သလဲ။

စိုင်းအောင် – သူတို့ ကျနော့်ကို အရမ်းကာရောထိုးကြပါတယ်။ သေနတ်ဒင်နဲ့ ရိုက်ပါတယ်။ ခေါင်းကိုလည်း ထုပါတယ်။ ဗိုက်ကို လည်းကန်ပါတယ်။ ကျနော် မေ့သွားတဲ့အထိ ရေနှစ်ပါတယ်။ ရက်ပေါင်း ၂၀ လောက် ကျနော် နေ့တိုင်းခံရပါတယ်။ အရှိုက်ခံရလို့ ကျနော် ခဏခဏ သတိမေ့သွားခဲ့ပါတယ်။

မေး – ဘယ်သူတွေက ညီလေးကို နှိပ်စက်ခဲ့တာလဲ။

စိုင်းအောင် – စစ်သားတွေပါ။

မေး – သူတို့က စစ်သားတွေမှန်း ဘယ်လိုလို့ သိသလဲ။

စိုင်းအောင် – ဘာဖြစ်လို့လဲဆိုတော့ သူတို့စစ်ယူနီဖောင်းတွေ ဝတ်ထားလို့ပါ။ အဲဒီစစ်စခန်းကလည်း ကျနော်နဲ့ မစိမ်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့ ရွာနဲ့သိပ်မလှမ်းလို့ပါ။ အဲဒီမှာ အခြေစိုက်တဲ့ တပ်ရင်းက တပ်ရင်း ၁၂၃ ပါ။

မေး – ဘယ်နေရာမှာ နှိပ်စက်ခဲ့တာလဲ။

စိုင်းအောင် – ကျနော်ကို စစ်စခန်းထဲ ခေါ်သွားပြီးကတည်းက အဲဒီမှာဖြစ်တာပါပဲ။ ကျနော့်ကို စစ်ဆေးနေတဲ့အချိန်ကတော့ အဆိုးရွားဆုံး နှိပ်စက်မှုပါ။

မေး – အဖမ်းခံထားရတဲ့အချိန်တုန်းက တခြားဘာတွေ ဖြစ်သေးသလဲ။

စိုင်းအောင် – ဒီလိုပါ။ ကျနော်စရောက်တဲ့အချိန်ကစပြီး ကျနော့်ကို အကြောကြီး စစ်ဆေးပါတယ်။ ရှမ်းပြည်တပ်မတော်အကြောင်းကို ထပ်ခါထပ်ခါ မေးပါတယ်။ ကျနော်က သူတို့မေးတာ မဖြေနိုင်ရင်ရိုက်ပါတယ်။ "ကျနော့်ပါးစပ်ကြောင့် ပြဿနာတက်ရပါတယ်။ အစိုးရကို ဘယ်တော့မှ မဝေဖန်တော့ပါဘူး" လို့ ထပ်ခါထပ်ခါ ကျနော့်ကို အော်ခိုင်းပါတယ်။ အဲဒီလို ကျနော် တနာရီလောက်အော်ရပါတယ်။ အရာရှိတွေနဲ့ စစ်သားတွေက ကျနော်ကို ဝိုင်းကြည့်ပြီးရယ်ကြပါတယ်။ အရမ်းရှက်စရာ ကောင်းပါတယ်။

မေး – အဲဒီလို ဘာကြောင့် ဖြစ်ခဲ့တယ်လို့ ထင်သလဲ။

စိုင်းအောင် – ကျနော့်ကို ဘာကြောင့် ဖမ်းရတယ်ဆိုတာ သူတို့ပြောမပြတဲ့အပြင် ဘာပြစ်မှုနဲ့မှလည်း ကျနော့်ကိုတရားမစွဲပါ

ndburma2.indd 105 26-Dec-09 13:05:23

ဘူး။ ဒါပေမယ့် ကျနော် သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ရာ စစ်အစိုးရက ဘယ်လောက်မကောင်းကြောင်းနဲ့ အက်စ်အက်စ်အေအဖွဲ့က ရှမ်းလူထုကို ဘယ်လိုမျိုး ကယ်တင်နိုင်တယ်ဆိုတာကို ဆွေးနွေးပြီးအပြန်မှာ ကျနော် အဖမ်းခံခဲ့ရတာပါ။ တယောက်ယောက်က ကျနော်တို့ ပြောနေတာကို ကြားသွားတယ်လို့ ကျနော်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လက်ဖက်ရည်ဆိုင်က အိမ်အပြန်လမ်းမှာ ကျနော်အဖမ်းခံခဲ့ရပါတယ်။ စစ်ကြောရေးလုပ်နေတုန်းမှာလဲ အရာရှိကကျနော့်ကိုပြောတာက ကျနော့်မှာအမြင်သဘောထားတွေ အများကြီးရှိနေတယ်၊ ကျနော့်ပါး စပ်က အန္တရာယ်ရှိနေပြီလို့ပြောပါတယ်။ အက်စ်အက်စ်အေအဖွဲ့အကြောင်းပဲ ကျနော့်ကို ထပ်ခါထပ်ခါ မေးပါတယ်။ အက်စ်အက်စ်အေအဖွဲ့ကို ထောက်ခံလို့ အခြားသူတွေလည်း ညှဉ်းပမ်းအနှိပ်စက်ခံရ၊ အသတ်တောင်ခံရတယ်လို့ ကျနော်ကြားမိပါတယ်။

မေး – အာဏာပိုင်တွေကိုကော တိုင်ကြားခဲ့သေးသလား။

စိုင်းအောင် – တိုင်ကြားစရာ ဘယ်သူမှမရှိပါဘူး။ အက်စ်အက်စ်အေအဖွဲ့လို အတိုက်အခံအဖွဲ့အစည်းမျိုးတွေကို ထောက်ခံတယ်လို့ သံသယရှိသူမည်သူမဆိုကို ဖမ်းဆီးနိုင်တဲ့ အခွင့်အာဏာကို အထက်အာဏာပိုင်တွေက စစ်တပ်ကိုပေးထားပါတယ်။ အက်စ်အက်စ်အေအဖွဲ့ ထောက်ခံသူတွေလို့ သံသယရှိပြီး ပြည်သူတွေ အသက်ခံရတယ်ဆိုတာ ကျနော်သိပါတယ်။ အဲဒီ အဖြစ်အပျက်ကို ကျနော် တိုင်ကြားခဲ့မယ်ဆိုရင် ဖြစ်လာမယ့် အကျိုးဆက်က ဒီထက်မက ကျနော်ပိုပြီး ခံစားရမယ်ဆိုတာ သိပါတယ်။

မေး – အဖမ်းခံထားရစဉ်အချိန်တုန်းက ဒဏ်ရာရခဲ့တာရှိလား။

စိုင်းအောင် – ရှိပါတယ်။ သူတို့ ကျနော့်ခေါင်းကို ထပ်ခါထပ်ခါ ရိုက်ပါတယ်။ အထူးသဖြင့် သေနတ်ဒဏ်နဲ့ ထုတဲ့အတွက်ကြောင့် ကျနော် အရမ်းဆိုးတဲ့ ခေါင်းကိုက်ဝေဒနာ ခံစားရနေပါတယ်။ ကျနော့်ဦးခေါင်းနောက်မှာ အမာရွတ်တခုလည်း ရှိပါတယ်။ တခါတခါ ကျနော် ဘာမှန်းမသိလိုက်ဘဲ မေ့လဲကျသွားတက်ပါတယ်။ အရမ်းကြောက်ဖို့ကောင်းတဲ့ အိပ်မက်ဆိုးတွေလည်း မက်ပါတယ်။

မေး – လွတ်လာပြီးတော့ ဆရာဝန်နဲ့ ပြခဲ့သေးသလား။

စိုင်းအောင် – ဟုတ်ကဲ့ ပြခဲ့ပါတယ်။ ကျနော် ထိုင်းနိုင်ငံကို ရောက်လာတဲ့အချိန်မှာ ခေါင်းကိုက်တဲ့ ဝေဒနာကို ဆရာဝန်နဲ့သွား ပြခဲ့ပါတယ်။ အနာသက်သာစေဖို့ ဆရာဝန်က ကျနော်ကို ဆေးအချို့ပေးခဲ့ပါတယ်။

မေး – ဆရာဝန်စစ်ချက် မိတ္တူ ရှိသလား။

စိုင်းအောင် – အထောက်အကူဖြစ်မယ်ဆိုရင် ကျနော် မိတ္တူတခုယူပေးပါမယ်။

မေး – အရမ်းကောင်းပါတယ်။ ညီလေးဖြစ်ခဲ့တာနဲ့ ပတ်သက်ပြီး သိတဲ့အခြားသူတဦးဦးကော ရှိသလား။

စိုင်းအောင် – ကျနော့်သူငယ်ချင်း စိုင်းစိုင်းက ကျနော် ဘာဖြစ်ခဲ့တယ်ဆိုတာ သိပါတယ်။ ကျနော် အဖမ်းခံခဲ့ရတဲ့နေ့ လက်ဖက်ရည်ဆိုင်မှာ ကျနော်တွေ့ခဲ့တဲ့ ကျနော့် သူငယ်ချင်းပါ။ ကျနော် အချုပ်က လွတ်လာတော့လည်း သူကျနော့်ကို တွေ့ပါတယ်။ သူနဲ့ ဆက်သွယ်ရမည့်လိပ်စာ ကျနော်ပေးလို့ရပါတယ်။

မေး – အိုကေ၊ ထပ်မံ ဖြည့်စွက်စရာ၊ ဒါမှမဟုတ် မေးစရာများရှိပါသလား။

စိုင်းအောင် – အရမ်းကို ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်တခုပါ။ ကျနော့်အတွေ့အကြုံနဲ့ပတ်သတ်ပြီး ကျနော် အိပ်မက်ဆိုးတွေ မက်နေတုန်းပါပဲ။

မေး – အခုလို ညီလေးရဲ့ တွေ့ကြုံခံစားမှုတွေကို အခုလိုပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီအကြောင်းတွေ ပြောပြဖို့ဆိုတာ ညီလေးအတွက် အရမ်းခက်ခဲမယ်ဆိုတာ ကျနော်သိပါတယ်။ အကယ်၍ ညီလေးနဲ့ နောက်ထပ်တခေါက် ထပ်ပြီး စကားပြောချင်တယ်ဆိုရင် ဘယ်လိုဆက်သွယ်ရမလဲ။

စိုင်းအောင် – နိုင်ငံတခုခုမှာ ပြန်အခြေချဖို့ ကျနော် မျှော်လင့်နေပါတယ်။ အခုလောလောဆယ်တော့ ထိုင်းနိုင်ငံမှာပဲ ရှိနေဒုံးမှာပါ။ ကျနော့်ကို အချိန်မရွေး လာဆက်သွယ်လို့ရပါတယ်။

ndburma2.indd 106 26-Dec-09 13:05:23

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

ဤတွေ့ဆုံမေးမြန်းခြင်းသည် ကောင်းပါသည်ဟုဆိုရခြင်းမှာ စိုင်းအောင်က သူ၏ဖြစ်ရပ်ကို ပြောပြသောကြောင့် ဖြစ်ပါသည်။ ပွဲဦး ထွက်မေးခွန်းများသည် လမ်းဖွင့်မေးခွန်းများဖြစ်ပြီး၊ နောက်ဆက်တွဲမေးခွန်းများလည်း ပါပါသည်။ သူ၏ ဖြေကြားချက်များသည် ချိုးဖေါက်မှုတခုအဖြစ် သတ်မှတ်ရေးအတွက် အဂိါရပ်အသီးသီးကို မှတ်တမ်းပြုရာ၌ အထောက်အကူဖြစ်စေပါသည်။ သာဓကအားဖြင့်ဖေါ်ပြရလျှင်၊ စိုင်းအောင်သည် သူ့အပေါ် ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသော မလျော်ကန်ပြုမူခံရမှုနှင့်ပတ်သက်၍ အောက်ပါသတင်း အချက်အလက်များကို ပေးပါသည်။

ပထမအချက်အနေဖြင့် စိုင်းအောင်က ပြင်းပြင်းထန်ထန် သို့မဟုတ် အနည်းဆုံး ကြီးမားစွာနာကျင်ရခြင်း သို့မဟုတ် ခံစားရခြင်းဟူသောအချက်ကို တည်ဆောက်ရန်အတွက် သတင်းအချက်အလက်များပေးခဲ့သည်။ သူသည် ကြိမ်ဖန်များစွာအရိုက်ခံရခြင်း၊ သတိမေ့သွားသည်အထိ ရေနှစ်ခံရခြင်းနှင့် အရှက်ရဖွယ်အလုပ်များကို အတင်းအကျပ် လုပ်ဆောင်ခဲ့ရသည်ဟု သူကဆိုခဲ့သည်။ ထိုအဖြစ်အပျက်ကြောင့် ရရှိလာသည့် ဒဏ်ရာများကို စစ်ဆေးပေးသော ဆရာဝန်မှတ်တမ်းက သူ၏ ပြောဆိုချက် မှန်– မမှန်စစ်ဆေးရာတွင် အထောက်အကူပြုလိမ့်မည်။

ဒုတိယအချက်အနေဖြင့် စိုင်းအောင်က ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် မလျော်ကန် ပြုမူခြင်းသည် နာကျင်စေလိုသော ရည်ရွယ်ချက်ဖြင့် တမင်သက်သက် လုပ်ဆောင်သည်ဟူသောအချက်ကို တည်ဆောက်ရန်အတွက် အသေးစိပ် ပြောပြခဲ့သည်။ သူတို့ မေးသမျှပြန်မဖြေနိုင်သော အခါတိုင်းတွင် သူ့အားရိုက်နှက်သည်နှင့် စစ်ကြောရေး တလျှောက်လုံးတွင် သူ့ကိုမည်သို့ညှဉ်းပမ်း နှိပ်စက်ခဲ့သည်ကို သူကပုံဖေါ်ပြောပြခဲ့သည်။ အက်စ်အက်စ်အေအဖွဲ့အပေါ် သူ၏ထောက်ခံမှုကို လူမြင်ကွင်းတွင် ပြောဆိုပြီးနောက် သူအဖမ်းခံခဲ့ရကာ အက်စ်အက်စ်အေအဖွဲ့နှင့် ပတ်သက်ပြီး သူ့အားစစ်ဆေးမေးမြန်းခဲ့သလို အခြားသူများသည်လည်း အက်စ်အက်စ်အေအဖွဲ့ကို ထောက်ခံသည့်အတွက် ညှဉ်းပမ်းနှိပ်စက်ခံနေရဟူသော ထွက်ဆိုချက်အရ ထိုအပြုအမူသည် နာကျင်စေလိုသောစိတ်ဖြင့် တမင်ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်ကို ပေါ်လွင်နေသည်။

နောက်ဆုံးအချက်အနေဖြင့် အက်စ်အက်စ်အေနှင့် ပတ်သက်သော သတင်းအချက်များရရှိရန်နှင့် အက်စ်အက်စ်အေအဖွဲ့ကို ထောက်ခံသည့်အတွက် သူ့အား အပြစ်ပေးရန်ပြုလုပ်ခဲ့သည် ထိုအပြုအမူက တားမြစ်ထားသည့်အချက်ကို ချိုးဖောက်ခဲ့သည်ဟူသော အချက်ကို ယခုတွေ့ဆုံမေးမြန်းခြင်းက ဖေါ်ပြထားသည်။ အက်စ်အက်စ်အေအဖွဲ့ အကြောင်း ပြောဆိုဆွေးနွေးပြီးသည်နှင့် တဆက်တည်း သူအဖမ်းခံခဲ့ရသည်ဟု ထောက်ပြခဲ့သည်။ စစ်တပ်ကသူ့အား အက်စ်အက်စ်အေအဖွဲ့အကြောင်း မည်သို့စစ်ဆေးမေးမြန်းသည်ကိုလည်း သူက ဖေါ်ပြထားခဲ့သည်။

ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် မလျော်ကန်ပြုမူခြင်း ချိုးဖောက်မှုတွင် ဆက်နွယ်မှုရှိသော အကြောင်းမဲ့သက်သက် ဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ခြင်းဟူသည့် အခြားချိုးဖောက်မှုများ၏ သက်သေများကိုလည်း ယခုတွေ့ဆုံမေးမြန်းခန်းက ဖေါ်ပြထားသည်။ သူ့ကိုမည်သည့်အတွက်ကြောင့် ဖမ်းဆီးသည်နှင့် တရားဝင်ရုံးတင်အမှုစွဲခြင်းလည်း မရှိကြောင်းသူကထောက်ပြခဲ့သည်။ သူ၏ သူငယ်ချင်းဖြစ်သူ စိုင်းစိုင်းကို တွေ့ဆုံမေးမြန်းလျှင် စိုင်းအောင်၏ ပြောဆိုချက်များ မှန်–မမှန်စစ်ဆေးရာတွင် အထောက်အကူပြုလိမ့်မည်။ နောက်ထပ် ချိုးဖောက်မှုများ ဖေါ်ထုတ်ရန်အတွက် နောက်ထပ်မေးခွန်းများ ထပ်မံမေးမြန်းရန်လည်း လိုအပ်ကောင်း လိုအပ်နိုင်သည်။ တွေ့ဆုံမေးမြန်းခြင်း၏ အဆုံးသတ်သည်ကောင်းမွန်လှသည်။ အဘယ်ကြောင့်ဆိုသော် စိုင်းအောင်က နောက်ထပ်မေးခွန်းများဖြေပေးရန် သဘောတူညီခဲ့သလိုသူ့အားမည်သို့ဆက်သွယ်ရမည်ကို မေးမြန်းသူကသိရှိသွားခြင်းကြောင့် ဖြစ်သည်။

(၆) နိဂုံးချုပ် ။

ဤအခန်းကို ဖတ်ပြီးလျှင် သင့်အနေနှင့် အောက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်စွမ်းရှိရမည်။

- ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသော မလျော်ကန် ပြုမူခြင်းများ၏ အဂိါရပ်များကို နိုင်ငံတကာဥပဒေနှင့်အညီ မှတ်သားသိရှိလာခြင်း။
- ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသော မလျော်ကန်ပြုမူခြင်းများအကြောင်း သတင်းအချက်အလက်များကို စုဆောင်းရရှိရေးအတွက် အရေးကြီးသောမေးခွန်းများ ရေးသားပြုစုခြင်း။

ndburma2.indd 107 26-Dec-09 13:05:23

– ချိုးဖောက်မှုတရပ် ဖြစ်ပွားခဲ့ခြင်း ရှိ– မရှိ သိရှိရေးအတွက် ထိရောက်သော တွေ့ဆုံမေးမြန်းခြင်းတရပ်ကို ဆောင်ရွက်ခြင်း။

၌လက်စွဲစာစောင်၏ နောက်လာမည့် အခန်းများက ညှဉ်းပမ်းနှိပ်စက်ခြင်း နှင့် အခြားသော မလျော်ကန် ပြုမူခြင်းများ၏ အထောက်အထားများကို အကဲဖြတ်နည်းအကြောင်း ပို၍ အသေးစိတ်ကျကျ ဆွေးနွေးထားပါသည်။

၁၊ အဓိကအရေးပါသော နိုင်ငံတကာသဘောတူညီချက်များတွင် ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသောမလျော်ကန်ပြုမူခြင်းပုံစံ ချိုးဖောက်မှုများကို အတိအကျတားမြစ်ထားရာ ထိုသဘောတူညီချက်များတွင်
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (အခန်း ၅)
- ဂျီနီဗာ သဘောတူညီချက်၊ (မူရင်းအခန်း ၃) နှင့် နောက်ဆက်တွဲ သဘောတူညီချက် ၁ နှင့် ၂၊ ထိုနောက်ဆက်တွဲ သဘောတူညီချက်များသည် စစ်ဥပဒေများ၏ အစိတ်အပိုင်းများဖြစ်ကြပြီး၊ မြန်မာနိုင်ငံသည် သဘောတူညီချက်တွင် ပါဝင်လက်မှတ် ရေးထိုးထား သော နိုင်ငံတနိုင်ငံ ဖြစ်သည်။
- နိုင်ငံသားနှင့် နိုင်ငံရေး ရပိုင်ခွင့်ဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် (ICCPR) (အခန်း ၇)၊ မြန်မာနိုင်ငံက လက်မှတ်ထိုးထားခြင်းမရှိပါ။
- နိုင်ငံတကာရာဇဝတ် ပြစ်မှုဆိုင်ရာတရာဂုံး၏ ရောမသဘောတူညီချက်၊ အခန်း (၈)၊ မြန်မာနိုင်ငံက လက်မှတ်ထိုးထားခြင်း မရှိပါ။
- ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားရက်စက်သော၊ လူသားမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာညှဉ်းနှိမ်းစေသော အပြုအမူ သို့မဟုတ် အပြစ် ပေးခြင်းများ (ညှဉ်းပမ်းနှိပ်စက်ခြင်းအား ဆန့်ကျင်ခြင်းဆိုင်ရာ သဘောတူညီချက်) ဆန့်ကျင်ခြင်းဆိုင်ရာ သဘောတူညီချက်။ မြန်မာနိုင်ငံက လက်မှတ်ထိုးထားခြင်း မရှိပါ။
- ကလေးအခွင့်အရေးဆိုင်ရာ သဘောတူညီချက် (အခန်း ၃၇)၊ ထိုသဘောတူညီချက်က အသက် ၁၈ နှစ်အောက် ကျူးလွန် ခံရသူများအတွက် အကျုံးဝင်သည်။ မြန်မာနိုင်ငံသည် လက်မှတ်ထိုးထားသော်လည်း ခွင်းချက်ဖြင့် လက်ခံထားသည်။
- လူမျိုးရေးအရ ခွဲခြားဆက်ဆံခြင်းပုံစံအားလုံးအား ဖယ်ရှားပစ်ရေးသဘောတူညီချက်။ မြန်မာနိုင်ငံက လက်မှတ်ထိုးထားခြင်း မရှိပါ။
- ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များ၏ အခွင့်အရေးများကို အကာအကွယ်ပေးခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ မြန်မာနိုင်ငံကလက်မှတ်ထိုးထားခြင်း မရှိပါ။

ဒေသဆိုင်ရာ သဘောတူညီချက်များတွင် ညှဉ်းပမ်းနှိပ်စက်ခြင်းကို တားမြစ်ထားကြောင်း ထုတ်ဖော်ပြသထားသည်။ အမေရိကန်နိုင်ငံတွင် ညှဉ်းပမ်းနှိပ်စက်ခြင်းအား တားဆီး၊ အပြစ်ပေးခြင်း အမေရိကတိုက် နိုင်ငံများဆိုင်ရာသဘောတူညီချက်၊ လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်သဘောတူညီချက် (အခန်း ၅)၊ အမျိုးသမီးများအပေါ် အကြမ်းဖက်တိုက်ခိုက်ခြင်းအား တားဆီး၊ အပြစ်ပေး၊ ဖယ်ရှားပစ်ရေး အမေရိကန်လုံးဆိုင်ရာ သဘောတူညီချက်တို့ဖြစ်သည်။ ဥရောပတိုက်တွင် ညှဉ်းပမ်းနှိပ်စက်ခြင်း၊ လူသားမဆန်စွာ သို့မဟုတ် ဂုဏ်သိက္ခာညှဉ်းနှိမ်းစေသော အပြုအမူ သို့မဟုတ် အပြစ်ပေးခြင်းအား တားဆီးခြင်းဆိုင်ရာ ဥရောပသဘောတူညီချက်အပြင် နောက်ဆက်တွဲ သဘောတူညီချက် ၁ နှင့် ၂၊ ၁၉၇၅ ခုနှစ် ဟယ်လ်စင်္ကီ အပြီးအက်ဥပဒေ (ဥပဒေသ ၇)၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်ပေးခြင်းဆိုင်ရာ ဥရောပသဘောတူညီချက် တို့ဖြစ်သည်။ အာဖရိကတိုက်တွင် လူသားနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိက ကြေညာစာတမ်း (အခန်း ၅) နှင့် အရှေ့အလယ်ပိုင်းတွင် လူ့အခွင့်အရေးဆိုင်ရာ အာရပ်ကြေငြာ စာတမ်း (အခန်း ၁၃) တို့ဖြစ်သည်။ အလားတူသဘောတူညီချက်များသည် အာဆီယံနိုင်ငံများတွင် လက်မှတ်ထိုးခြင်း မရှိသေးပေ။

ညှဉ်းပမ်းနှိပ်စက်ခြင်းအား တားမြစ်ပိတ်ပင်ထားသည့် ဥပဒေအရ စည်းနှောင်အားမရှိသော နိုင်ငံတကာသဘောတူစာချုပ်များတွင် ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားရက်စက်သော၊ လူသားမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသောအပြုအမူ သို့မဟုတ် အပြစ်ပေးမှုများ ခံနေရသည့် လူပုဂ္ဂိုလ်အားလုံးအား အကာအကွယ်ပေးခြင်းဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကြေညာစာတမ်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းအားဆန့်ကျင်သည့် သဘောတူညီချက်မတိုင်ခင် ထွက်ပေါ်သော ညှဉ်းပမ်းနှိပ်စက်ခြင်းအားဆန့်ကျင်ခြင်း ကြေညာစာတမ်းနှင့် ထိုကြေညာစာတမ်းတွင် ပါရှိသော ဥပဒေအခန်းများသည် သဘောတူညီချက်တွင် ပါဝင်သော ဥပဒေအခန်းများနှင့် အလားတူပင်ဖြစ်သည်။

၎င်းသဘောတူညီချက်မိတ္တူများကို ttp://www2.ohchr.org/english/law/ (နောက်ဆုံးကြည့်ရှုခဲ့သည့်အချိန် ၂၀၀၈ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့) တွင် ရရှိနိုင်ပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာဓလေ့ထုံးတမ်း ဥပဒေ (CIL) ကို လိုက်နာရမည့် နိုင်ငံတခုဖြစ်သည်။ (CIL)ဆိုသည်မှာ နိုင်ငံများ၏ ယေဘုယျကျင့်ထုံးများမှ ဖြစ်ပေါ်လာသည့် ဥပဒေစည်းကမ်းများပါဝင်သော အဖွဲ့အစည်းတခုဖြစ်သည်။ ထိုကျင့်ထုံးများသည် အချိန်ကြာလာသည်နှင့်အမျှ ဥပဒေအရစည်းနှောင်အားရှိသည့် ဥပဒေတခုအဖြစ်လက်ခံလာကြသည်။ သို့သော် နိုင်ငံတခုသည် စည်းမျဉ်းစည်းကမ်းတခုအား လိုက်နာရန် ထပ်ခါတလဲလဲလည်း ငြင်းဆန်ပါက ထိုနိုင်ငံကို စည်းကမ်းတခုတည်းအပေါ်တွင်ကန့်သတ်ထား၍ မရနိုင်ပေ။

မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ စာချုပ်များကို သဘောတူလက်မှတ်မထိုးထားသည့်တိုင်(အကယ်၍ မြန်မာနိုင်ငံသည် ဥပေဒအရ ကန့်သတ်ထားချက်အားအမြဲတစေငြင်းပယ်ခြင်းမရှိပါက) CIL စံသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ လိုက်နာရမည်ဖြစ်သည်။ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် မလျော်ကန်ပြုမူ ဆက်ဆံခြင်း ပုံစံအားလုံးအားကန့်သတ်ပိတ်ပင်ထားခြင်းသည် ယေဘုယျ (CIL) သတ်မှတ်ချက်များ၏ တစိတ်တဒေသဖြစ်ရုံသာမက နိုင်ငံတော်များကလိုက်နာရန် ငြင်းဆန်သည့်တိုင် မည်သည့်အခါကျိုးဖောက်၍ မရသော နိုင်ငံတကာဥပဒေ၏ အခြေခံစံသတ်မှတ်ချက်တခုဖြစ်သည်ဟုလည်း အများစုက လက်ခံထားသည်။ တနည်း ဆိုသော် နိုင်ငံများသည် ထိုသို့သော စံသတ်မှတ် ချက်များမှ ကင်းလွတ်နိုင်ခြင်းမရှိပေ။ Prosecutor v Anto Furundzija, ICTY Trial Judgment, 10 December 1998. အားကြည့်ပါ။

၂၊ UN Convention against Torture, Article 1, 10 December 1984.

၃၊ Camille Giffard, The Torture Reporting Handbook, Human Rights Centre, University of Essex, February 2000; Michael Peel, Loam Lubell, and Jonathan Beynon, Medical Investigation and Documentation of Torture: A Handbook for Health Professionals, Human Rights Centre, University of Essex, 2005.

၄၊ Eight Seconds of Silence: The Death of Democracy Activists Behind Bars, Assistance Association for Political Prisoners (Burma), May 2006.

၅၊ Human Rights Yearbook - Burma: 2005, Human Rights Documentation Unit, National Coalition Government of the Union of Burma, July 2006.

၆၊ Enduring Hunger and Repression: Food Scarcity, Internal Displacement, and the Continued Use of Forced Labor in Toungoo District, Karen Human Rights Group, September 2004.

၇၊ Human Rights Yearbook - Burma: 2005, Human Rights Documentation Unit, National Coalition Government of the Union of Burma, July 2006.

၈၊ The Darkness We See: Torture in Burma's Interrogation Center's and Prisons, Assistance Association for Political Prisoners (Burma), December 2005.

၉၊ IBID, Myanmar: Justice on Trial, Amnesty International, 2004

၁၀၊ Licence to Rape, Shan Women's Action Network, June 2002; System of Impunity: Nationwide Patterns of Sexual Violence by the Military Regime's Army and Authorities in Burma, Women's League of Burma, September 2004; Catwalk to the Barracks: Conscription of Women for Sexual Slavery and Other Practices of Sexual Violence by Troops of the Burmese Military Regime in Mon Areas, Woman and Child Rights Project, July 2005; Shattering Silence, Karen Women's Organization, April 2004; Hidden Crimes Against Chin Women, Women's League of Chinland, 2006.

ndburma2.indd 108 26-Dec-09 13:05:23

၁၁။ Women in and from Conflict Areas of Burma, Women's League of Burma, June 2000.

၁၂။ Gathering Strength –Women from Burma on their Rights, Images Asia, January 2002; The Darkness We See: Torture in Burma's Interrogation Center's and Prisons, Assistance Association for Political Prisoners (Burma), December 2005.

၁၃။ Eight Seconds of Silence: The Death of Democracy Activists Behind Bars, Assistance Association for Political Prisoners (Burma), May 2006; The Darkness We See: Torture in Burma's Interrogation Center's and Prisons, Assistance Association for Political Prisoners (Burma), December 2005.

၁၄။ Human Rights Yearbook- Burma: 2005, Human Rights Documentation Unit, National Coalition Government of the Union of Burma, July 2006.

ndburma2.indd 109 26-Dec-09 13:05:23

(1) vdkufzmfajza&;vkyfief;twGufoHk;twif;"rSwfwGufcsufcif;

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လူ့အခွင့်အရေးချိုးဖောက်မှု မြောက်ရန်မှာ ချိုးဖောက်မှု၏ အဓိကအင်္ဂါရပ်များ ပြည့်မီရန် လိုအပ်ပါသည်။ ဤအင်္ဂါရပ်များသည် တိကျရေရာသော စံချိန်စံညွှန်းများဖြစ်သည်။ သို့တည်းမဟုတ် ဥပဒေနှင့် ဆန့်ကျင်သော လုပ်ရပ်အဖြစ် သတ်မှတ်နိုင်ရေးအတွက်ရှိနေရမည့် ပတ်ဝန်းကျင်အခြေအနေတစုံ လိုအပ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အင်္ဂါရပ်များသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တရားဝင်စာချုပ် စာတမ်းပြဋ္ဌာန်းချက်များမှ နေ၍ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုမှန်သမျှကို စတင်မှတ်တမ်းတင်ခြင်းမပြုမီမှာ ချိုးဖောက်မှုဟူသော အဓိပ္ပါယ်ကို သတ်မှတ်ရာ၌ လိုအပ်သည့်အင်္ဂါရပ်များအကြောင်း ရှင်းလင်းတိကျစွာ နားလည်ထားသင့်ပါသည်။ ဤအခန်းတွင် လိင်ဖျော်ဖြေရေးလုပ်ငန်းအတွင်းသို့ အတင်းအဓမ္မ သွတ်သွင်းခံရခြင်းတည်းဟူသော ချိုးဖောက်မှု ပေါ်လွင်စေရေးအတွက် လိုအပ်သောအင်္ဂါရပ်များကြောင်း ရှင်းလင်းဖေါ်ပြထားပါသည်။

(၂) လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်းအား အဓိပ္ပါယ်ဖွင့်ဆိုခြင်း

(က) နိုင်ငံတကာဥပဒေအရ လိင်လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်းတွင် မည်သည့်အင်္ဂါရပ်များ ပါဝင်သနည်း။

လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်းအား လူ့အခွင့်အရေးချိုးဖောက်မှုတခုအဖြစ် မှတ်တမ်း တင်နိုင်ရန်အတွက် အောက်ဖေါ်ပြပါ အင်္ဂါရပ် (၄) ခု သက်သေထင်ရှားကြောင်း တင်ပြရပါမည်။[၁]

၁။ လိင်ဆက်ဆံမှုပုံစံတခုခု

၂။ အတင်းအကျပ်လုပ်ဆောင်ခြင်း သို့မဟုတ် အလိုမတူခြင်း

၃။ ငွေပေးခြင်း သို့မဟုတ် အလားတူပုံစံတမျိုးမျိုး

၄။ အစိုးရ၏ လုပ်ဆောင်ချက် တို့ ဖြစ်သည်။

(ခ) အလိုမတူမှု သို့မဟုတ် အတင်းအကျပ် ပြုလုပ်သော အခြေအနေများ၏ ဥပမာများက အဘယ်နည်း။

အလိုမတူမှု သို့မဟုတ် အတင်းအကျပ်ပြုလုပ်သော အခြေအနေများဆိုသည်မှာ ကျူးလွန်ခံရသူ၏ လွတ်လပ်စွာ ရွေးချယ်ခွင့် များ ဖယ်ရှားခံရသော အခြေအနေများကို ဆိုလိုသည်။* ထိုအခြေအနေတွင်

- ခြိမ်းခြောက်ခြင်း
- အင်အားသုံးခြင်း
- နစ်နာစေသော အပြုအမူဆက်ဆံခံရမည်ဟု ခြိမ်းခြောက်ခြင်း၊ ဥပမာ– လိုအပ်သော ခံစားခွင့်ကို ငြင်းပယ်ခံရမည်ဟု ခြိမ်းခြောက်ခြင်း သို့မဟုတ် ဝန်ဆောင်မှု ရရှိမည့်အခွင့်အရေးကို ငြင်းပယ်ခံရမည်ဟု ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် ကိုယ်တိုင် သို့မဟုတ် အခြားသူများကို ထိခိုက်အန္တရာယ်ပြုမည်ဟု ခြိမ်းခြောက်ခြင်း။

---

* အလိုတူခြင်း၊ အတင်းအကျပ်ပြုခြင်းဆိုသောအချက်ကို ကျူးလွန်သူ၏ အမြင်ဆိုသည်ထက် ကျူးလွန်ခံရသူ၏ အမြင်မှတဆင့် ဆုံးဖြတ်သင့်သည်။ ကျူးလွန်သူအတွက် အတင်းအကျပ်ဖိအားဖြင့်လုပ်ဆောင်ခြင်းဟူ၍ မထင်မှတ်သော်လည်း ကျူးလွန်ခံရသူအဖို့မှာမူ အလွန်ပြင်းထန်သော ဖိအားတခုအဖြစ် မြင်တွေ့ရနိုင်သည်။ အလားတူစွာပင်အဖြစ်အပျက်သည် အလိုမတူခြင်း သို့မဟုတ် အင်အားသုံးခြင်းဖြစ်–မဖြစ်ကိုလည်း ကျူးလွန်ခံရသူ အတွေ့အကြုံတွင်သာ အာရုံစိုက်လုပ်ဆောင်ရန်အရေးကြီးသည်။ အချို့သုံးသပ်သူများက ငွေကြေးအလွန် လိုအပ်နေမှုအပါအဝင် လိင်လုပ်ငန်းအား မဖြစ်မနေလုပ်ဆောင်နေရမှု၏ အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်ထားကြသည်။ Report of the Special Rapporteur on the Suppression of the Traffic in Persons and the Exploitation of the Prostitution of Others, United Nations document E/1983/7, 1983, para. 23; Kathleen Barry, The Prostitution of Sexuality, 1995. လိင်လုပ်ငန်းလုပ်ဆောင်သူများ သမဂ္ဂအပါအဝင် အခြားသူများက ငွေကြေးလိုအပ်ချက်အား ပိုပိုသာသာပြောခြင်းကို သတိထားကြပြီး၊ မဖြစ်မနေ လိင်လုပ်ငန်းအတွင်း လုပ်ဆောင်နေရခြင်းအား တန်ပြန်ဆောင်ရွက်ရန်အတွက် အကောင်းဆုံးသော နည်းလမ်းတခုအဖြစ် လိင်လုပ်ငန်းလုပ်ဆောင်သူများကို ဥပဒေအရ အရေးယူခြင်းမပြုရန် စည်းရုံးလှုံ့ဆော်နေကြသည်။

ndburma2.indd 110 26-Dec-09 13:05:23

– ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချုတ်ယွင်းမှု၊ ဥပမာ မသန်မစွမ်းဖြစ်ခြင်း၊ အသက်အရ ကွာဟမှုရှိခြင်း၊ သို့မဟုတ် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အရက်သေစာသုံးစွဲထားခြင်း၊ ဆေးသုံးစွဲထားခြင်း။

နိုင်ငံတကာဥပဒေ– လိင်ဖော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မ သွတ်သွင်းခံရခြင်း

လိင်ဖော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်းအား လိင်မှုဆိုင်ရာ အကြမ်းဖက်မှုပုံစံတခု အဖြစ် တားမြစ်ထားသည်။ ထို့ကြောင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကို တားမြစ်ပိတ်ပင်ထားသော တရားဥပဒေဆိုင်ရာ သဘောတူချက်များက လိင်လုပ်ငန်းအတွင်းသို့ အတင်းအကျပ်သွတ်သွင်းခြင်းကိုလည်း တားမြစ်ထားသည်။ သို့သော် အချို့ သဘောတူညီချက်များက လိင်ဖော်ဖြေရေးလုပ်ငန်းအတွင်းသို့ အတင်းအကျပ် သွတ်သွင်းခြင်းကို တိတိကျကျတား မြစ်ထားသည်။ ထိုသဘောတူညီချက်များမှာ–

– အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းပုံစံအားလုံးပပျောက်ရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ သဘော တူညီချက် (CEDAW)၊ ပုဒ်မ– ၆။

– ဂျီနီဗာ သဘောတူညီချက်၊ အခန်း ၂၇

– ဂျီနီဗာသဘောတူညီချက်၏ နောက်ဆက်တွဲ သဘောတူညီချက် ၁၊ ပုဒ်မ ၇၅ (၂) (ခ) နှင့် ၇၆ (၁)

– ဂျီနီဗာသဘောတူညီချက်၏ နောက်ဆက်တွဲ သဘောတူညီချက် ၂၊ ပုဒ်မ ၄ (၂) (ဇ)

– နိုင်ငံတကာပြစ်မှုဆိုင်ရာတရာရုံး၏ ရောမသဘောတူညီချက်၊ ပုဒ်မ ၇ (၁) (ဆ)။

လိင်လုပ်ငန်းအတွင်းသို့ အတင်းအကျပ် သွတ်သွင်းခြင်းကို နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေများအရလည်း တား မြစ်ထားသည်။

(ဂ) လိင်လုပ်ငန်းအတွင်း အတင်းအဓမ္မသွတ်သွင်းခြင်း ဟူသောအချက်ကို ထင်ရှားကြောင်းပြရာတွင် မည်သည့်ငွေကြေးပေးမှု များက ဆက်နွယ်ပတ်သက်မှုရှိသနည်း။

လိင်လုပ်ငန်းအတွင်း အတင်းအဓမ္မသွတ်သွင်းခြင်းချိုးဖောက်မှုကို ထင်ရှားကြောင်းပြသရန်အတွက် တစုံတယောက်သည် အခကြေးငွေပေးသည့် ပုံစံတခုခုဖြင့် လိင်ဆက်ဆံမှု ပြုရမည်ဖြစ်သည်။ ထိုပေးချေမှုတွင် ငွေကြေးအဖြင့်အရသော်လည်းကောင်း၊ အစားအစာ သို့မဟုတ် အဝတ်အထည် စသည့်ရုပ်ဝတ္ထုပစ္စည်းအရ အကျိုးအမြတ်ရှိစေသော ပုံစံတခုခုဖြစ်နိုင်သည်။ သို့သော် ခံစားခွင့်ရရှိသူသည် ကျူးလွန်ခံရသူကိုယ်တိုင် ဖြစ်ချင်မှ ဖြစ်နိုင်သည်။ ထိုကဲ့သို့ ဆက်ဆံနိုင်စေရန် စီစဉ်ပေးသူ တဦးဦးကသော်လည်းကောင်း၊ အခြားသူထံသို့ လွှဲပြောင်းပေးသူ တဦးဦးကသော်လည်းကောင်း၊ ပေးချေမှုကို ရရှိနိုင်သည်။[၂]

(ဃ) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေ အရဆိုလျှင် မုဒိမ်းပြုကျင့်မှု မြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်မျိုးဖြစ်ရန် လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိလူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသော အမျိုးသား(နိုင်ငံတော်အဆင့်) အဖွဲ့အစည်း"[၁] ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အစိုးရ၏လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မ ဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ အစိုးရ အရာရှိတဦးက မုဒိမ်းမှုတခုကို ကျူး

၁ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East-West Center Washington, 2007, p. vix, ဤကိစ္စကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (state) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဓေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရသုံးစွဲပါသည်။

ndburma2.indd 111 26-Dec-09 13:05:23

လွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။[၂] အစိုးရလုပ်ဆောင်ချက်တွင် တရားဝင် အသိအမှတ်ပြုမှုဖြင့်သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်မှားသောချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့်ပတ်သက်၍ လုံလောက်စွာ အရေးယူရန်သော်လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်း ပါဝင်ပါသည်။[၃] သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ မုဒိမ်းမှုကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေးအရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။

ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏ အစိတ်အပိုင်းတခုမဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာကျင့်သုံးမှု ပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိက ကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ ပြုမူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA)သည် ပြည်တွင်းဥပဒေအရ သူတို့လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံရမည် ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA)သည် နိုင်ငံတကာ ဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော်အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန်မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်းဖြစ်ရန်အတွက်၊ အစိုးရက ကျူးလွန်သည်ဖြစ်စေ၊ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA)က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

(၃) အရေးကြီးသောမေးခွန်းများ မေးခြင်း

မေးခွန်းများမေးခြင်းနှင့်တွေ့ဆုံမေးမြန်းခြင်းတို့သည်လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်းသတင်းအချက်အလက်များ စုဆောင်းရာ၌ အလွန်အရေးကြီးပါသည်။ တွေ့ဆုံမေးမြန်းမှုတရပ်၏ အသုံးဝင်မှုသည် အချက်အလက် ရှာဖွေစုဆောင်းသူ၏ ထိရောက်ပြီး၊ လုံလောက်သော မေးခွန်းများမေးသည့် အတွေ့အကြုံနှင့် စွမ်းရည်ပေါ်မှာ အဓိကအားဖြင့် မူတည်ပါလိမ့်မည်။ အချက်အလက် ရှာဖွေစုဆောင်းသူအဖို့ ချိုးဖောက်မှု၏ အရေးကြီးသော အင်္ဂါရုပ်များကို သိရှိနားလည်ခြင်းအားဖြင့်၊ နိုင်ငံတကာ ဥပဒေချိုးဖောက်ကြောင်း သတ်မှတ်ရေးအတွက် အရေကြီးမေးခွန်းများ ပြုစုရာ၌ အထောက်အကူဖြစ်စေပါသည်။ ချိုးဖောက်မှု အင်္ဂါရုပ်များမှနေ၍ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရရှိရေးတွင် အသုံးဝင်သော ဘောင်စည်းကမ်းသတ်မှတ်ချက်တခု ရရှိနိုင်ပါသည်။

၁။ လိင်ဆက်ဆံမှု ကျူးလွန်သည်ဆိုသော အချက်ကို ထင်ရှားကြောင်း ပြသခြင်း

- လိင်ဆက်ဆံမှုတွင် မည်သူပါဝင်ခဲ့သနည်း။
- မည်သည့်အရာများ ဖြစ်ပျက်ခဲ့သနည်း။

၂၊ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံ သတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များ ဖြစ်သည်။

၃၊ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

ndburma2.indd 112 26-Dec-09 13:05:23

- မည်သည့်အချိန်တွင် ထိုအဖြစ်အပျက် ဖြစ်ပျက်ခဲ့သနည်း။
- သင့်ကို မည်သည့်နေရာတွင် ထိတွေ့ကိုင်တွယ် ခဲ့သနည်း။ ကိုယ်ခန္ဓာ မည်သည့်နေရာကို ထိတွေ့ကိုင်တွယ်သနည်း။
- သင့်ကို မည်သို့ ထိတွေ့ကိုင်တွယ် ခဲ့သနည်း။
- ထိုအဖြစ်အပျက်ကို သင်မည်သို့သိသနည်း။

၂။ အလိုမတူခြင်းသို့မဟုတ် အတင်းအကျပ် လုပ်ဆောင်ခြင်းဟူသော အချက်ကို ထင်ရှားကြောင်းပြသခြင်း

- လိင်ဆက်ဆံခြင်းအတွက် သင် သဘောတူခဲ့ပါသလား။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့် လက်မခံခဲ့သနည်း။
- ထိုအဖြစ်အပျက် မတိုင်ခင်၊ အတောအတွင်းနှင့် အပြီးတွင် မည်သည့်အရာများဖြစ်ခဲ့သနည်း။
- ယင်းအဖြစ်အပျက် မည်သည့်နေရာတွင် ဖြစ်ပျက်ခဲ့သနည်း။
- သင်မည်သည့်အကြောင်းကြောင့် ဤကိစ္စတွင် သင်ပတ်သက်ဆောင်ရွက်ရပါသနည်း။
- ထိုအဖြစ်အပျက် မည်သို့ ဖြစ်ခဲ့သနည်း။
- ယခုသတင်းအချက်အလက်ကို သင်မည်သို့သိရှိသနည်း။

၃။ အခကြေးငွေပေးခြင်းဆိုသော အချက်ကို ထင်ရှားကြောင်း ပြသခြင်း

- မည်သူက အခကြေးငွေ ရရှိခဲ့သနည်း။ မည်သူကပေးခဲ့သနည်း။
- မည်ကဲ့သို့သော အကျိုးခံစားခွင့် ရရှိခဲ့သနည်း။
- မည်သည့်အချိန်တွင် အခကြေးငွေ ရရှိခဲ့သနည်း။
- ယင်းအခကြေးငွေသည် မည်သည့်အတွက် ဖြစ်သနည်း။
- မည်မျှ ရရှိခဲ့သနည်း။
- ယခုသတင်းအချက်အလက်ကို သင်မည်သို့သိရှိသနည်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက်ဖြစ်ကြောင်း ထင်ရှားစေခြင်း။

- ဤဖြစ်ရပ်ကို မည်သူက ကျူးလွန်သနည်း။ မည်သူက အမိန့်ပေးခဲ့သနည်း။ ဤဖြစ်ရပ်ကို မည်သူတို့သိသနည်း။ ဤ ဖြစ်ရပ်တွင် မည်သူတို့က ကူညီ ဆောင်ရွက်ပေးသနည်း။
- ဤဖြစ်ရပ်နှင့် ပတ်သက်၍ သင်တိုင်ကြားခြင်းပြုပါသလား။ အဘယ်ကြောင့်တိုင်ကြားပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်း မပြုပါသနည်း။
- ဤဖြစ်ရပ်မဖြစ်ရအောင် အစိုးရက ကြိုတင်ကာကွယ်ပေးပါသလား။ သို့မဟုတ် ၎င်းနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ပေးပါသလား။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

ndburma2.indd 113 26-Dec-09 13:05:23

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ဆောင်ရန်

- လုံခြုံရေးနှင့် လျှို့ဝှက်ရေးအတွက် ကြပ်ကြပ်ဂရုစိုက်ရန်။
- နောက်ခံအကြောင်းဖြင့် အစချီပြီးလျှင်၊ ပို၍ အရေးကြီးသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆောင်ရွက်ပါ။
- ဂရုတစိုက်နားထောင်ပါ။ ပြောစရာရှိသည်ကို မျက်မြင်သက်သေအား ပြောခွင့်ပေးပါ။
- လှုပ်ရှားစိတ်ဖြင့် တုံ့ပြန်မှုများကို သိရှိအောင် ဂရုပြုပါ။
- ရှေ့နောက်မညီညွတ်မှုများကို သိရှိအောင် ဂရုပြုပါ။
- စိတ်ရှည် သည်းခံပါ။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ရှောင်ရန်

- မှတ်ချက်ချခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်း မပြုပါနှင့်။
- နိမိတ်ပြမေးခွန်းများ မေးခြင်းကို ရှောင်ကျဉ်ပါ။
- အခြားသက်သေများကို ဖေါ်ပြခြင်း မပြုပါနှင့်။
- မိမိ လုပ်မပေးနိုင်သော ကတိများကို မပေးပါနှင့်။
- အပေါ်စီးဟန် သို့မဟုတ် စစ်ကြောရေးလုပ်နေသော ဟန်ဖြင့် မေးခွန်းမေးခြင်းများကို ရှောင်ကျဉ်ပါ။
- သတင်းနှင့်ပတ်သက်၍ မိမိ၏သြဇာ မလွှမ်းမိုးမိအောင် ရှောင်ကျဉ်ပါ။

(၄) လိင်လှုပ်ငန်းအတွင်းသို့ အတင်းအကျပ်သွတ်သွင်းခြင်း ချိုးဖောက်မှုအား အခြားလူ့အခွင့်အရေးချိုးဖောက်မှုများဖြင့် ဆက်နွယ်ခြင်း

လိင်လှုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခြင်း ချိုးဖောက်မှုသည် တခါတရံတွင် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဆက်နွယ်မှုရှိတက်သည်။ လူ့အခွင့်အရေး အခြေအနေ၏ အတိုက္ခဆုံး ပြောဆိုချက်များကို ရရှိရန်အတွက် ချိုးဖောက်မှု တခုချင်းစီတွင် မရှိမဖြစ်ရှိသင့်သော အစိတ်အပိုင်းများ တည်ဆောက်ခြင်းနှင့်အတူ ချိုးဖောက်မှုတခုချင်းစီအား ပြည့်စုံနိုင်သမျှ အပြည့်ဆုံနိုင်ဆုံး မှတ်တမ်းတင်သင့်သည်။ လိင်လှုပ်ငန်းအတွင်းသို့ အတင်းအဓမ္မ သွတ်သင်းခံရခြင်း ချိုးဖောက်မှုတွင် တခါတရံ ပါဝင်တတ်သော လူ့အခွင့်အရေးချိုးဖောက်မှုများမှာ–

- လူကုန်ကူးခြင်း။ လူကုန်ကူခြင်းတွင် အမြတ်ထုတ်ရန်အတွက် မလျော်ကန်သောနည်းလမ်းဖြင့် လူသားအပေါ်အမြတ်ထုတ်ခြင်းဖြစ်သည်။ လိင်လှုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခြင်းသည် လူကုန်ကူးခံရသူ လူများအပေါ် အမြဲတစေ အမြတ်ထုတ်သော နည်းလမ်းတခုဖြစ်သည်။
- မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်မှုဆိုင်ရာ အကြမ်းဖက်ခြင်းပုံစံများ။ လိင်လှုပ်ငန်းအတွင်းသို့ အတင်းအဓမ္မ သွတ်သွင်းခြင်းသည် လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ပုံစံတခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းတွင် အလိုမတူခြင်းနှင့် အတင်းအကျပ် လိင်ဆက်ဆံမှုများပါဝင်သောကြောင့် ဖြစ်သည်။

ယခု စာအုပ်၏ သက်ဆိုင်ရာ လက်စွဲလမ်းညွှန်အလိုက်ဖေါ်ပြထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးအစားများ မှတ်တမ်းတင်ခြင်းကို ကျေးဇူးပြု၍ ကြည့်ပါ။

ndburma2.indd 114 26-Dec-09 13:05:23

(၅) မှတ်တမ်းပြုခြင်း

နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုအဖြစ် အဓိပ္ပါယ်သတ်မှတ်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များရှာဖွေ စုဆောင်းရာ၌ အချိန်နှင့်လုပ်ဆောင်ချက်တို့ လိုအပ်ပါသည်။ ချိုးဖောက်မှုတခု၏ အင်္ဂါရုပ်များသည် အစဉ်အဖြင့်အဆင်သင့် ပေါ်လွင် ထင်ရှားနေသည်မဟုတ်ချေ။ အချက်အလက်ရှာဖွေ စုဆောင်းသူတဦးအနေနှင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သော သတင်းအချက်လက်များကို ထုတ်ယူနိုင်စွမ်း ရှိရမည်ဖြစ်သည့်အပြင်၊ စုဆောင်းရရှိထားသော သတင်းအချက်အလက်များမှ နေ၍ ချိုးဖောက်မှု၏ အရေးကြီးအင်္ဂါရုပ်များကိုလည်း နည်းလမ်းတကျ ဖော်ထုတ်နိုင်စွမ်းရှိရမည်ဖြစ်ပါသည်။ ချိုးဖောက်မှု၏ အင်္ဂါရုပ်များကို ဖော်ထုတ်မှုပြုရန်အတွက် ဤအခန်းက မြန်မာနိုင်ငံ၏ အခြေအနေ အချိန်အခါမှာ ဖြစ်ပွားနေကျ မုဒိမ်းမှုနှင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုမျိုးအတွက် အထောက်အထားပါသော ဖြစ်ရပ်မှန်ပုံစံတခုကို ဖော်ပြပေးပါမည်။

ဖြစ်ရပ်မှန်ပုံစံ ပေါ်အခြေခံလျက် ဤအခန်းက တွေ့ဆုံမေးမြန်းမှုနည်းနာနှင့် ပတ်သက်သော အကောင်းနှင့်အဆိုးသာဓကများကို ဖော်ပြထားပါသည်။ တွေ့ဆုံမေးမြန်းခြင်းနှင့်ပတ်သက်သော အချက်အလက်များအပြင်၊ ထိရောက်စွာ အချက်အလက်ရှာဖွေရေးနှင့်ပတ်သက်သော အကြံပြုချက်များကို နောက်ထပ် သိရှိလိုပါက ဤစာစောင်ပါ "မြန်မာနိုင်ငံ လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကို ကြည့်ပါ။

(က) အခြေအနေ အချိန်အခါကို နားလည်ခြင်း

လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ဖော်ထုတ်ရေးအတွက် အချက်အလက်ရှာဖွေရေး လုပ်ငန်း သို့မဟုတ် တွေ့ဆုံမေးမြန်းခြင်းများ မစတင်မီမှာ ချိုးဖောက်မှုများ ဖြစ်ပွားရာနေရာ၏ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာအခြေအနေအချိန်အခါကို နားလည်ထားရန် အရေးကြီးပါသည်။ အခြေအနေအချိန်အခါကို နားလည်ခြင်းအားဖြင့်အချက်အလက် ရှာဖွေစုဆောင်းသူအဖို့ ထိရောက်သော မေးခွန်းများပြုစုရေးနှင့် လက်ရှိအခြေအနေကို ထိုးထွင်းသိမြင်ရေးတွင် အထောက်အကူရနိုင်ပါသည်။ အတွေ့အကြုံရှိသော အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ပင်လျှင် အချက်အလက် ရှာဖွေစုဆောင်းမှုမပြုမီ၊ နောက်ခံသတင်းအချက်အလက်များကို စီစစ်ကြည့်ရေးတွင် အထောက်အကူရနိုင်ပါသည်။ အောက်မှာဖော်ပြထားသည်မှာ မြန်မာနိုင်ငံအတွင်း လိင်လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မ သွတ်သွင်းခြင်းဆိုင်ရာ ချိုးဖောက်မှုများနှင့်ပတ်သက်၍ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာအခြေအနေ နောက်ခံအကြောင်းအချက် အချို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသော လိင်လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခြင်း ချိုးဖောက်မှု၏သမိုင်းနှင့် နိုင်ငံရေးဆိုင်ရာအခြေအနေ နောက်ခံအကြောင်းအချက်များ

၁၉၆၂ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်၍ မြန်မာနိုင်ငံတခုလုံးအား စစ်အာဏာသိမ်းခဲ့သည့် အချိန်မှစ၍ အာဏာအဆင့်ဆင့် ဆက်ခံလာသော စစ်အစိုးရများသည် တိုင်းပြည်အား ခြိမ်းခြောက်ခြင်း၊ မဖော်ပြနိုင်လောက်သော ရက်စက်မှုမျိုးဖြင့်အုပ်ချုပ်လာခဲ့သည်။ နိုင်ငံအဝှမ်းဆင်းရဲမွဲတေခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ ပညာရေးစရိတ် မပေးနိုင်ခြင်းများကပြည်သူ များအပြင် အထူးသဖြင့် ငယ်ရွယ်သူ လူငယ်များကို မြို့ပြဒေသများ၊ နယ်စပ်ဒေသများ နှင့် အခြားတိုင်းပြည်များတွင် အလုပ်အကိုင်ရရန် အိုးပစ်အိမ်ပစ် ထွက်ခွာသွားစေကြသည်။ ရံဖန်ရံခါဆိုသလိုပင် လူကုန်ကူးသူများသည် အလုပ်အကိုင် အခွင့်အလမ်းရှာဖွေနေသော အသက်ငယ်ငယ် အမျိုးသမီးများနှင့် မိန်းမငယ်လေးများအား ပစ်မှတ်ထားကာ ပြည့်တန်ဆာများအဖြစ် လုပ်ကိုင်ရသော လိင်လုပ်ငန်းအတွင်းသို့ ရောင်းစားကြသည်။[၄] ခရီးသွားလာခြင်းများသည် အထူးသဖြင့် အမျိုးသမီးများအပေါ်ပြင်းထန်စွာ ကန့်သတ်ချုပ်ခြင်းထားခြင်းကြောင့် နိုင်ငံကူးလက်မှတ်နှင့် တရားဝင် ခရီးသွားလက်မှတ်ရရှိရန် မြန်မာပြည်တွင် ကုန်ကျစရိတ် အရမ်းကာရော ဈေးကြီးလွန်းလှသောကြောင့် အမျိုးသမီး အများစုသည် လူကုန်ကူးသူများ၊ မှောင်ခိုသမားများကိုသာ မဖြစ်မနေ မှီခိုနေကြရသည်။[၅] လူကုန်ကူးခြင်းနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက ယခုလက်စွဲအတွဲရှိ "မြန်မာနိုင်ငံအတွင်း လူကုန်ကူးခြင်းအား မှတ်တမ်းတင်ခြင်း" ခေါင်းစဉ်ပါလမ်းညွှန်အား ဖတ်ရှုပါ။

ndburma2.indd 115 26-Dec-09 13:05:23

လိင်လုပ်ငန်းအတွင်းသို့ ရောင်းချခံခဲ့ရသော အမျိုးသမီးများသည် ၎င်းတို့၏ဆန္ဒကို ဆန့်ကျင်ကာ ထိန်းသိမ်းခံရခြင်းနှင့် ငွေကြေးအတွက် အတင်းအကျပ် လိင်ဆက်ဆံရခြင်းများကို လုပ်ကြရသည်။ ရရှိသော ငွေကြေးအများစု သို့မဟုတ် အကုန်လုံးကို ၎င်းတို့အား ဖမ်းဆီးထိမ်းသိမ်းထားသူများက ယူကြသည်။ ထိုကြောင့် အမျိုးသမီးများအဖို့ ပို၍ဆင်းရဲတွင်းနက်ခြင်း၊ အကြွေးဒဏ်ဖြင့် ထပ်ခါထပ်ခါ ပိနေကြသဖြင့် ၎င်းတို့ဖမ်းဆီးထားသူများအပေါ်တွင်သာ ပို၍ မှီခို အားထားလာကြရသည်။[၆] ဖမ်းဆီး ထိန်းသိမ်းထားစဉ်တွင် အမျိုသမီးများအဖို့ ၎င်းတို့အား ဖမ်းဆီးထိန်းသိမ်းသူနှင့် လာရောက်ပျော်ပါးသူများ၏ ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု၊ မုဒိမ်းကျင့်မှုနှင့် လိင်အကြမ်းဖက်မှုများ ခံရနိုင်သော ကြီးစွာသည့် အန္တရာယ်နှင့် ကြုံရသည်။

ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပြင် လိင်လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရသူများသည် အိပ်အိုင်ဗို့၊ အေအိုင်ဒီအက်စ်၊ အသည်းရောင်အသားဝါ ဘီအပြင် သန္ဓေဆောင်ခြင်းနှင့် သားအိမ်ကင်ဆာများကဲ့သို့သော စိတ်ပိုင်းရုပ်ပိုင်း ပြဿနာ များပါ ခံစားရတတ်သည်။[၇] လိင်လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရသူ အမျိုးသမီးများသည် ပုံမှန်အားဖြင့် ဆေးဝါးစောင့်ရှောက်မှု မဆိုသလောက်သာ ရရှိသည့်အပြင် ကွန်ဒုံး အစွပ်အသုံးပြုခြင်းလည်း မရှိသလောက်ဖြစ်သည်။[၈] ကျူးလွန်ခံရသူအမျိုးသမီးများသည် နောက်ဆက်တွဲ စိတ်ဖိစီးမှုဝေဒနာ (post-traumatic stress)နှင့် အခြား စိတ်ပိုင်းဆိုင်ရာ ဝေဒနာများကို ပုံမှန်အားဖြင့် တွေ့ကြုံခံစားရ တတ်ကြသည်။[၉]

လိင်လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်းမှ ပြန်လည်လွတ်မြောက်လာသူ အမျိုးသမီးများသည် လူ့အဖွဲ့အစည်းအတွင်းသို့ ပြန်လည်ဝင်ရောက်ရာတွင် အခက်အခဲများ ကြုံတွေ့ရသည်။ အချို့ဖြစ်ရပ်များတွင် အမျိုးသမီးများသည် ၎င်းတို့၏ အသိုင်းအဝန်းမှလက်မခံ ဖယ်ကျဉ်ခြင်း ခံကြရပြန်သည်။

(ခ) ဖြစ်တတ်သည့် ပုံစံများ

မြန်မာနိုင်ငံ၏ တည်ဆဲအခြေအနေတွင် ဖြစ်လေ့ရှိသော လိင်လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မ သွတ်သွင်းခံရခြင်း အမှုမျိုးအတွက် အချက်အလက်ပုံစံတခုကို အောက်မှာ ဥပမာဖော်ပြ ပေးထားပါသည်။ ဤအချက်အလက်ပုံစံသည် ချိုးဖောက်မှုတရပ်၏ အဓိကအင်္ဂါရပ်များကို ဖေါ်ထုတ်ပြရာ၌ အသုံးဝင်ဖွယ်ရှိပါသည်။ မုဒိမ်းပြုကျင့်မှုနှင့် လိင်မှုဆိုင်ရာ အခြားသောအကြမ်းဖက်မှု ပုံသဏ္ဌာန်များတည်းဟူသော ချိုးဖောက်မှုတရပ်ကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်နိုင်ရေးအတွက် အောက်ပါအချက်များပါရှိရမည်ကို သတိရပါ။

၁။ လိင်ဆက်ဆံမှုပုံစံတခုခု

၂။ အတင်းအကျပ်လုပ်ဆောင်ခြင်း သို့မဟုတ် အလိုမတူခြင်း

၃။ ငွေပေးခြင်း သို့မဟုတ် အလားတူပုံစံတမျိုးမျိုး

၄။ အစိုးရ၏ လုပ်ဆောင်မှု

ဖြစ်ရပ်မှန်ပုံစံ– လိင်လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်း*

မိပကောင်းရော့၏ ဖခင်သည် (နအဖ) စစ်အစိုးရက တောင်းဆိုသော အခွန်များကို မပေးနိုင်တော့သည့် နောက်အဆုံးတွင် မွန်ပြည်နယ်၏ သူ၏စီးပွားရေးလုပ်ငန်းကို ယမန်နှစ်ကဆုံးရှုံးခဲ့ရသည်။ သူမ၏မိသားစုသည် လိုအပ်ချက်များ ဖြည့်ဆီးနိုင်ရေး အတွက် ပင်ပန်းကြီးစွာ ရုန်းကန်ခဲ့ရသည်။ ယခုအချိန်တွင် မိပကောင်းရော့၏ ဖခင်သည် ရုပ်ပိုင်းဆိုင်အရ ပင်ပန်းစွာလုပ်ကိုင်ရပြီး၊ အခကြေးငွေ အနည်းအကျဉ်းသာရသော လက်တကမ်းအလုပ်များလုပ်ကာ မိသားစုကို ထောက်ပံ့နေရသည်။ သူ၏ မိသားစု စားဝတ်နေရေးအတွက် အထောက်အပံ့ဖြစ်နိုင်မည်ဟု မျှော်လင့်ကာ

* ယခု ဖော်ပြထားသည့် စိတ်ကူးဖော်ပြချက် ပုံစံသည် လူအများ၏ အတွေ့အကြုံများကို အခြေခံရေးသားထားခြင်း ဖြစ်ကြောင်း သတိပြုစေလိုပါသည်။ ယခု လက်စွဲစာအုပ်တွင် အသုံးပြုဖော်ပြနိုင်ရန်အတွက်သာ ဖန်တီး ရေးသားထားခြင်း ဖြစ်ပါသည်။ လူတဦး၏ ဖြစ်ရပ်၊ အမှန်ဖြစ်ရပ် တခုကို ဖော်ပြရေးသားထားခြင်း မဟုတ်ပါ။

ndburma2.indd 116 26-Dec-09 13:05:23

မိပကောင်းရော့်သည် ပွဲစားမှတဆင့် ရန်ကုန်ရှိလူချမ်းသာ စီးပွားရေးသမားတဦးထံတွင် အိမ်ဖေါ်အလုပ်လုပ်ရန် သဘောတူခဲ့သည်။ လခကောင်းကောင်း၊ နေစရာနှင့် နေ့စဉ်စားစရိတ်ငြိမ်းဟု ပွဲစားကဆိုခဲ့သည်။

မိပကောင်းရော့် ရန်ကုန်မြို့သို့ရောက်ပြီး သိပ်မကြာခင်ပင် တစုံတခု မှားယွင်းနေသည်ဟု သူမခံစားလိုက်မိသည်။ ဆင်းရဲသား များနေသော ရပ်ကွပ်တခုအတွင်းရှိ ခန်းခနဲ့အိမ်တခုသို့ သူမကိုခေါ်သွားခဲ့သည်။ ပွဲစားက မိပကောင်းရော့်အား သူ၏လုပ်ဖေါ် ကိုင်ဖက်တဦးဟုဆိုသူ ကျော်ဝင်းနှင့် မိတ်ဆက်ပေးခဲ့ပြီး၊ ကျော်ဝင်းက သူမအား အိမ်အတွင်းသို့ ခေါ်ဆောင်သွားခဲ့သည်။ အိမ်အတွင်းတွင် အိပ်ယာတခုသာရှိသော သေးငယ်၍ ညစ်ပစ်သော အခန်းများစွာရှိသည်။ အချို့အခန်းများတွင် လူရှိနေသောကြောင့် တံခါးပိတ်ထားသည်။ မိပကောင်းရော့်အား အခန်းတခုအတွင်းသို့ ခေါ်ဆောင်သွားကာ "ဒါနင် အလုပ်လုပ်ရမဲ့၊ နေရမဲ့အခန်းပဲ။ ငါဖောက်သည်တွေခေါ်လာမယ်။ သူတို့ပြောသလို နင် လုပ်ပေးရမယ်။ မလုပ်ဘူးဆိုရင်တော့ နင် ထမင်းလည်း မစားရဘူး၊ အရိုက်လည်း ခံရမယ်"ဟု ပြောကာ ကျော်ဝင်းက သူမအား အခန်းထဲတွင် သော့ပိတ်ထားခဲ့သည်။

ကြောက်လန့်တကြားဖြစ်နေသော မိပကောင်းရော့်သည် အော်ဟစ်ငိုကြွေးပြီး တံခါးကိုထုကာ သူမကို လွှတ်ပေးရန် တစာစာငိုကြွေး၍ တောင်းပန်ခဲ့သည်။ ကျော်ဝင်းတံခါးကို ဖွင့်ဝင်လာကာ သူမကို ပြင်းပြင်းထန်ထန်ရိုက်နှက်ခဲ့သည်။ သူမ မျော့မျော့လေး ဖြစ်နေသည်အထိ ရိုက်နှက်ကန်ကျောက်ခဲ့သည်။ "နင့်ပါးစပ်ကိုပိတ်ထား၊ ပေါင်ကို ဖြဲထား၊ အဲဒါဆို နင့်ကိုငါ မသတ်ဘူး၊ " ဟု ကျော်ဝင်းက သူမကို ပြောခဲ့သည်။ ထို့နောက်ပိုင်း မိပကောင်းရော့ မငြင်းဆန်ရဲတော့ပေ။

သူမရန်ကုန်သို့ရောက်ပြီး ရက်သတ္တပတ်အကြာတွင် တစုံတဦးက သူမအခန်းတံခါးကို လာခေါက်ခဲ့သည်။ တံခါးပွင့်လာသောအခါတွင် အသက်ကြီးကြီးလူကြီးတဦး ကျော်ဝင်းနှင့် အတူရပ်နေသည်ကိုတွေ့ခဲ့ရသည်။ ကျော်ဝင်းက မိပကောင်းရော့်အား အကျီအဝတ်အစားချွတ်ရန်နှင့် ထိုလူကြီးအား ယုယပေးရန် ပြောခဲ့သည်။ ထိုလူကြီး အခန်းအတွင်းသို့ ဝင်လာသည်နှင့် ကျော်ဝင်းက သူ့နောက်က တံခါးကို ပိတ်လိုက်သည်။ ထိုလူက မိပကောင်းရော့ အနီးသို့ချဉ်းကပ်ရန် ကြိုးစားသောအခါတွင် သူမ အတင်းဖယ်ထုတ်ကာ သူ၏ရင်ဘတ်ကို ကုတ်ခြစ်လိုက်သည်။ ထိုလူ သည် ဒေါသချောင်းမြောင်းထွက်ကာ မိပကောင်းရော့်၏ မျက်နှာကို လက်သီးဖြင့် ထိုးလိုက်သည်။ ထို့နောက် ထိုလူသည် သူမ၏ အခန်းတံခါးကို တဘုန်းဘုန်းဖြင့် စတင်ထုခဲ့သည်။ ကျော်ဝင်းတံခါးသော့ဖွင့်ဝင်လာသောအခါတွင် ထိုလူက "မင်းတို့ဖာသည်မတွေကို ဧည့်သည်ကို ဒီလိုပဲဆက်ဆံရသလား။ ဒီကောင်မတွေကို မင်းတို့ ယဉ်ကျေးအောင်သင်ထားပေးအုံး။"ဟု အော်ဟစ်ခဲ့သည်။ ထို့နောက်ထိုလူ ဒေါကြီးမောကြီးဖြင့် ထွက်ခွာသွားခဲ့သည်။ ထိုလူ ထွက်ခွာသွားပြီးနောက် ကျော်ဝင်းက ဒေါသတကြီးဖြင့် မိပကောင်းရော့်ကို ဆွဲကာ ရိုက်နှက်ခဲ့သည်။ သူမ၏ လက်ချောင်းတချောင်းကြိုးသွားခဲ့ပြီး၊ သေမတက်ခံစားရသော ဒဏ်ရာများဖြင့် သူမကို ပြစ်ထားခဲ့သည်။

ထပ်မံ၍ ရိုက်နှက်မည်ကို ကြောက်ရွံ့သောကြောင့် မိပကောင်းရော့ သူမအခန်းအတွင်းသို့ ဝင်လာသူယောကျ်ားများကိုခုခံခြင်း မလုပ်တော့ပေ။ သူမသည် တနေ့လျှင် ယောက်ကျ်ား ၃ ဦးထက်မနည်းဖြင့် အိပ်ခဲ့ရသည်။ သူမနှင့် ဆက်ဆံပြီးနောက် သူတို့ တံခါးကို ပြန်သော့ပိတ်လိုက်သည်။ ကျော်ဝင်း သို့မဟုတ် ပွဲစားက တံခါးကို ဖွင့်ပေးတက်ပြီး၊ ဧည့်သည်က ထိုသူကို ပိုက်ဆံပေး သွားတက်သည်။ တနေ့လျှင် ၂ ကြိမ် ကျော်ဝင်း သို့မဟုတ် ပွဲစားက ထမင်းနှင့် ဟင်းပုံထားသော ထမင်းပန်ကန်ယူလာပေးသည်။ ရေးချိုးရန်နှင့် အိမ်သာသုံးရန်သာ သူမကို အခန်းအပြင်သို့ ထွက်ခွင့်ပေးသည်။

ညည့်နက်ပိုင်း လာရောက်လည်ပတ်သူ ဧည့်သည်တရောက်အပြန်တွင် ကျော်ဝင်း သူမအခန်းတံခါးကို ပိတ်ရန် မေ့နေသည်ကို မိပကောင်းရော့ သတိထားမိခဲ့သည်။ သူမ လွတ်မြောက်နိုင်မည့် အခွင့်အရေးရခဲ့သည်။ ကျော်ဝင်းနှင့် ပွဲစား အိပ်မော့ကျသည့် အချိန်အထိ သူစောင့်ဆိုင်းခဲ့သည်။ ထို့နောက် သူ့အခန်းမှ တိတ်တဆိတ်ထွက်ကာ အိမ်အပြင်သို့ ထွက်ပြေးခဲ့သည်။ ရဲစခန်းသို့ သူအပြေးသွားရောက်ကာ သူ၏ အတွေ့အကြုံကို သတင်းပို့ခဲ့သည်။ သို့သော် ပြည့်တန်ဆာလုပ်ခြင်းသည် တရားမဝင်အလုပ်ဟုပြောကာ သူကိုဖမ်းဆီးရန် ရဲကခြိမ်းခြောက်ခဲ့သည်။ အဖမ်းခံရမည်ကို သူမကြောက်ရွံ့ကာ အမှုမဖွင့်တော့ဘဲ ရဲစခန်းကို သူကျောခိုင်းထွက်ခွာလာခဲ့သည်။ အကယ်၍ မွန်ပြည်နယ်သို့ သူမပြန်ပါက မိသားစုအရှက်ရမည်ကို စိုးရိမ်သောကြောင့် ထိုင်းနိုင်ငံသို့ ထွက်ပြေးရန် သူဆုံးဖြတ်ခဲ့သည်။ မိပကောင်းရော့်သည် ယခုအချိန်တွင် ထိုင်းနိုင်ငံမဲဆောက် မြို့ရှိ မြန်မာစားသောက်ဆိုင်ငယ်တခုတွင် အလုပ်လုပ်ကိုင်လျက်ရှိပါသည်။

ndburma2.indd 117 26-Dec-09 13:05:23

(၈) တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာပုံစံ

တွေ့ဆုံမေးမြန်းခြင်းသည် အဓိကကျသော အချက်အလက်များကို ရှာဖွေစုဆောင်းနည်းပင်ဖြစ်သည်။ အဓိကအကြောင်းရင်း မှာ အဖြစ်အပျက်တခုနှင့် ပတ်သက်၍ လူတို့သည် သတင်းအချက်များကို အများဆုံးရရှိထားသူများဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခြင်းသည် အချက်အလက်ရှာဖွေစုဆောင်းသောလုပ်ငန်းအတွက် အခြေခံကျသည်ဖြစ်ရာ၊ တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အကောင်းဆုံး ရရှိထားခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘက်ပေါင်းစုံမှနေ၍ အသေးစိတ်ကျကျ ဖေါ်ထုတ်ရေးတွင် သေချာက်တခု ဖြစ်ပါသည်။ အထက်ဖေါ်ပြပါ ဖြစ်ရပ်မှန်ပုံစံကို အခြေခံထားသော တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ (၂) ခုကို အောက်မှာ ဖေါ်ပြထားပါသည်။ ပထမ တွေ့ဆုံမေးမြန်းခြင်းသည် အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပြီး၊ ဒုတိယ တွေ့ဆုံမေးမြန်းခြင်းသည် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပါသည်။ သာဓကတခုစီ၏ အောက်ခြေတွင် ပိုင်းခြားသုံးသပ်ချက်များကို ဖေါ်ပြထားပါသည်။

၁။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ညံ့)

မေး – ခင်ဗျားက အတင်းအဓမ္မ ပြည့်တန်ဆာလုပ်ခိုင်းခံခဲ့ရတယ်ဆိုတာ မှန်ပါသလား။

မိပကောင်းရော့ – မှန်ပါတယ်။ ကျမက ရန်ကုန်ကို အိမ်ထောင်ထိန်း အလုပ်လုပ်ဖို့လာခဲ့တာပါ။ ဒါပေမယ့် အဲဒီအလုပ် လုပ်ရမယ့်အစား၊ အကျဉ်းသားတယောက်လို ချုပ်ထားခံခဲ့ရပါတယ်။ ကျမကို ထိန်းသိမ်းထားသူတွေက ယောကျ်ားတွေနဲ့ အတင်းအကျပ် လိင်ဆက်ဆံခိုင်းပါတယ်။

မေး – ခင်ဗျား ယောကျ်ား ဘယ်လောက်များများနဲ့ ဆက်ဆံခဲ့ရတာလဲ။

မိပကောင်းရော့ – ဘယ်လောက်များသလဲဆိုတာ အတိအကျတော့ မပြောနိုင်ပါဘူး။ တခါတလေမှာတနေ့ကို ၃ ယောက်လောက် ရှိပါတယ်။

မေး – ခင်ဗျားက တခြားယောကျ်ားတွေနဲ့ လိင်ဆက်ဆံတဲ့ နေရာမှာ ကိုယ်က ဆန္ဒရှိလို့ ဆက်ဆံခဲ့တာလား။

မိပကောင်းရော့ – မဟုတ်ပါဘူး။ လုံးဝ မဟုတ်ပါဘူး။ ကျမက သူတို့နဲ့ အဲသလိုမှ မလုပ်ဘူးဆိုရင် ရိုက်နှက်ခံရမှာ၊ သတ်ခံရမှာကို ကြောက်လို့လုပ်ရတာ ဖြစ်ပါတယ်။

မေး – အဲသည်တော့ ဒီလူတွေနဲ့ ခင်ဗျားကို အတင်းအကျပ် လိင်ဆက်ဆံဖို့ခိုင်းတာပေါ့

မိပကောင်းရော့ – ဟုတ်ပါတယ်။

မေး – ယောကျ်ားတွေနဲ့ လိင်ဆက်ဆံခဲ့တဲ့အတွက် ခင်ဗျားအဖို့ အကျိုးအမြတ် တစုံတရာရခဲ့ပါသလား။

မိပကောင်းရော့ – မရခဲ့ပါဘူး။ ကျမကို ပိတ်လှောင်ထားတဲ့သူတွေကိုပဲ ပိုက်ဆံပေးတာပါ။

မေး – ဒီလုပ်ငန်းကို ခင်ဗျား သဘောမတူခဲ့ဘူးမဟုတ်လား။

မိပကောင်းရော့ – ကျမလုံးဝ သဘောမတူခဲ့ပါဘူး။

မေး – ခင်ဗျားရဲ့အဖြစ်နဲ့ပတ်သက်လို့ ခင်ဗျားတိုင်တန်းဘို့ကြိုးစားခဲ့ပါသလား။ တိုင်တန်းရင်လည်း အကြောင်းထူးမယ် မဟုတ်ဘူးပေါ့။

မိပကောင်းရော့ – ကျမ ရဲကို တိုင်တန်းဖို့ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ရဲက ကျမကို ဖမ်းမယ်ဆိုပြီး ခြိမ်းခြောက်လို့၊ ကျမ မြန်မာနိုင်ငံကနေ ထွက်ပြေးလာခဲ့ရပါတယ်။

မေး – ခုလို အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ndburma2.indd 118 26-Dec-09 13:05:23

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရခြင်းမှာ အကြောင်းအချက်များစွာရှိပါသည်။

ပထမအချက်– တိုလွန်းသည်။ ချိုးဖောက်မှုတခုဖြစ်ကြောင်း ဖေါ်ပြရန်လိုအပ်သည့် အဂိါရပ်များအကြောင်း မှတ်တမ်းပြုရန်တည်းဟူသော တွေ့ဆုံမေးမြန်းခြင်း၏ရည်မှန်းချက် ပေါက်မြောက်ခြင်းမရှိချေ။ ဖြစ်ပွားပုံကို အသေးစိတ်ပေါ်လွင်စေရေးအတွက် မေးခွန်းများ လုံလောက်ခြင်းမရှိ။ နောက်ဆက်တွဲမေးခွန်းများသည် ဖြစ်ရပ်၏ ပုံကားချပ်ကို အပြည့်အဝဖေါ်ပြရေးတွင် အထူး အရေးကြီးပါသည်။

ဒုတိယအချက်– ဤမေးခွန်းများသည် အများအားဖြင့် နိမိတ်ပြမေးခွန်းများဖြစ်နေသည်။ ဆိုလိုသည်မှာ မိပကောင်းရော့ အနေနှင့် မည်သို့ဖြေကြားသင့်ကြောင်း အရိပ်အကဲပြသည့်သဘောဖြစ်နေသည်။ သူက"ဟုတ်ပါသည်" သို့မဟုတ် "မဟုတ်ပါ"ဟု ဖြေနေပါက အရေးကြီးသော အသေးစိတ်အချက်အလက်များကို ကျန်သွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ အနေနှင့်လည်း အရေး ကြီးသော သတင်းအချက်အလက်များကို လက်လွတ်သွားလိမ့်မည်။ ထို့ပြင်၊ မိပကောင်းရော့ ဘက်ကလည်း သူ့ဟာသူ လွတ်လွတ်လပ်လပ် ပြောပြလိုသည့် သဘောနည်းသွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ ကြားလိုသော အဖြေများကို ပေးလိုသည့် သဘော ပိုများသွားနိုင်ပါသည်။

တတိယအချက်– ဤတွေ့ဆုံမေးမြန်းခြင်းသည် တွေ့ဆုံမေးမြန်းသူ မူလကတည်းက သံသယရှိနေသော ချိုးဖောက်မှုကိုသာ လျှင် အာရုံစိုက်ထားပြီး၊ အခြား ချိုးဖောက်မှုများအတွက် အထောက်အထားရနိုင်သော မေးခွန်းများကို မေးခြင်းမရှိချေ။ ဤသာဓကဖြစ်ရပ်ကဲ့သို့သော လူကုန်ကူးခြင်း ဖြစ်ရပ်များသည် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားနေသည့် ကြားမှာဖြစ်ပွားတတ်ပါသည်။ အသေးစိတ်ကျသော တွေ့ဆုံမေးမြန်းမှုတခုကို လုပ်ခြင်းအားဖြင့် အခြားသော လိင်မှုဆိုင်ရာ အကြမ်းဖက်ချိုးဖောက်မှုသဏ္ဌာန်များနှင့် လူကုန်ကူးရောင်းချခြင်း ကဲ့သို့သော ရာဇဝတ်မှုများအတွက် အထောက်အထားများ ရနိုင်ဖွယ်ရှိပါသည်။

နောက်ဆုံးအချက်– မိပကောင်းရော့၏ ဖြစ်ရပ်ကို အတည်ပြုဖေါ်ပြပေးမည့် သတင်းအချက်အလက်တစုံတရာကိုဤတွေ့ဆုံမေးမြန်းခြင်းမှနေ၍မရရှိချေ။ မိပကောင်းရော့၏ သတင်းကို ပံ့ပိုးအတည်ပြုရေးအတွက် သက်သေအထောက်အထားရှိ–မရှိသူမကိုမေးကြည့်ခြင်းသည် ကောင်းမွန်သောမှတ်တမ်းပြုမှုတခု၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။

၂။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ –(ကောင်း)

မေး – မိပကောင်းရော့ခင်ဗျား၊မြန်မာပြည်ကနေထွက်လာဖို့ ဆုံးဖြတ်ခဲ့ရတာနဲ့ပတ်သက်လို့ ခင်ဗျားဖြစ်ပျက်ခဲ့တာတွေကို ပြောပြနိုင်မလား။

မိပကောင်းရော့ – ကျမ မြန်မာပြည်ကနေထွက်လာ ခဲ့ရတာကတော့၊ ညာပြီး ပြည့်တန်ဆာ လုပ်ခိုင်းခံခဲ့ရလို့ပါပဲ။ ကျမရဲ့ မိသားစုက စားဝတ်နေရေး တော်တော် ကျပ်တည်းပါတယ်။ ရန်ကုန်မှာ အလုပ်ရမယ်ကြားလို့၊ ကျမရဲ့အဖေက ကျမကို ရန်ကုန် ခေါ်သွားဖို့အတွက် ပွဲစားကို ပိုက်ဆံပေးခဲ့ပါတယ်။ ဒါပေမယ့် ရန်ကုန်ကိုလည်း ရောက်ရော၊ ကျမကို ပိတ်လှောင်ထားပြီး၊ ယောကျ်ားတွေနဲ့ လိင် ဆက်ဆံခိုင်းပါတယ်။

မေး – ခင်ဗျား ရန်ကုန်ရောက်တော့ ဘယ်လိုဖြစ်သွားခဲ့ပါသလဲ။

မိပကောင်းရော့ – ကျမကို ညစ်ပေနေတဲ့ အခန်းတခန်းထဲကို ခေါ်သွားပြီး၊ သော့ခတ်ထားခဲ့ပါတယ်။ ပွဲစားနဲ့၊ သူ့အဖေါ်ကျော်ဝင်းဆိုတဲ့လူက ကျမကို ရိုက်နှက်ပြီး၊ ပိတ်လှောင် ထားခဲ့ပါတယ်။ ရေချိုးဖို့နဲ့၊ အိမ်သာသွားဖို့ကလွဲပြီး ကျမကို အခန်း အပြင်ကို ပေးမထွက်ခဲ့ပါဘူး။

မေး – အဲဒီနောက် ဘယ်လို ဆက်ဖြစ်သလဲ။

မိပကောင်းရော့ – ကျမကို တစိမ်းသူတွေနဲ့ လိင်ဆက်ဆံဖို့ အတင်းခိုင်းပါတယ်။ သူတို့က ယောကျ်ားတွေကို ကျမအခန်းကိုခေါ်လာပြီး၊ ကျမကို အတင်းအဝတ်တွေ ချွတ်ခိုင်းပါတယ်။ နောက်တော့ ကျမအဲသည်သူတွေနဲ့ အိပ်ဖို့ အတင်းခိုင်းပါ

ndburma2.indd 119 26-Dec-09 13:05:23

တယ်။

မေး – ခင်ဗျားကို ယောကျ်ားတွေနဲ့ အိပ်ဖို့ အတင်းအကျပ် ဘယ်နှစ်ခါ ခိုင်းစေခဲ့သလဲ။

မိပကောင်းရော့ – ဘယ်လောက်များသလဲဆိုတာ အတိအကျတော့ မပြောနိုင်ပါဘူး။ တခါတလေမှာတနေ့ကို ၃ ယောက် လောက် ရှိပါတယ်။

မေး – ဒီလိုလုပ်တဲ့ ကိစ္စကို ခင်ဗျားဘက်က ခင်ဗျား ငြင်းဆန်တာမျိုး ရှိသလား။ အဲဒီ ယောကျ်ားတွေ တောင်းဆိုတာကို ခင်ဗျား ငြင်းပယ်ဖူးသလား။

မိပကောင်းရော့ – မရှိပါဘူး။ ကျမ ပထမပိုင်းမှာ ငြင်းပါတယ်။ ကျမကို အပြင်းအထန် ရိုက်နှက်ပါတယ်။ တခါမှာ ကျမလက် ချောင်းကလေး တချောင်း ကျိုးသွားတဲ့အထိ ဖြစ်ရပါတယ်။ အဲဒီနောက်တော့ ကျမ ငြင်းဆန်ဖို့ မကြိုးစား တော့ပါဘူး။ ကျမမှာ တခြားရွေးချယ်စရာ လမ်းမရှိပါဘူး။ ကျမ မလုပ်ရင်၊ ကျော်ဝင်းနဲ့ ပွဲစားက ရိုက်မှာပေါ့။ ကျမကို သူတို့ သတ်ပစ်မှာလည်း ကြောက်ပါတယ်။

မေး – အဲဒီ ပွဲစားနဲ့ ကျော်ဝင်းက အဲသည်ယောကျ်ားတွေဆီက ပိုက်ဆံတွေ ဘာတွေရတာ ရှိသလား။

မိပကောင်းရော့ – ကျမအခန်းထဲ လာတဲ့လူတွေဆီမှာ သူတို့ပိုက်ဆံတောင်းတာကို ကျမကိုယ်တိုင်မြင်ခဲ့ရပါတယ်။ ဘယ်လောက် ငွေရသလဲတော့ မသိပါဘူး။ ယောကျ်ားတွေက ကျမနဲ့ ဆက်ဆံပြီးရင် ကျော်ဝင်းနဲ့ အဲဒီပွဲစားကို ငွေပေးတာ မြင်ပါတယ်။ တခြားဘာတွေပေးရသေးသလဲတော့ ကျမ မသိပါဘူး။

မေး – ခင်ဗျား တခြား နစ်နာကြေးတစုံတရာ ရခဲ့ပါသလား။

မိပကောင်းရော့ – မရခဲ့ပါဘူး။ ကျော်ဝင်းနဲ့ ပွဲစားက ရသမျှပိုက်ဆံကို သူတို့ပဲယူပါတယ်။ ထမင်းကိုတောင် တူတူတန်တန် ကျွေး တာမဟုတ်ပါဘူး။ ထမင်းလေး လက်တဆုပ်စာလောက်နဲ့ ဟင်း မဖြစ်စလောက်လေးပဲ ပေးပါတယ်။ ကျမမှာ အမြဲပဲဗိုက်ဆာ နေခဲ့ပါတယ်။

မေး – ခင်ဗျားရဲ့ဖြစ်ရပ်အကြောင်းကို အာဏာပိုင်တွေဆီမှာ တိုင်တန်းခဲ့ပါသလား။

မိပကောင်းရော့ – ကျမ တိုင်ဘို့ ကြိုးစားခဲ့ပါတယ်။ သူတို့က ကျမဟာ ပြည့်တန်ဆာပဲ၊ ဥပဒေအရ အရေးယူလို့ ရတယ်လို့ ပြောခဲ့ပါတယ်။ ကျမလည်း ထောင်ထဲဝင်ရမှာ ကြောက်တာနဲ့၊ တိုင်ချက် မဖွင့်ဘဲ၊ ပြန်ရုံသာ ပြန်ခဲ့ရပါတယ်။ ကျမလည်း ရှက် လွန်းလို့ ရွာကိုမပြန်ရဲတာနဲ့၊ ထိုင်းနိုင်ငံကိုဘဲ လာခဲ့ရပါတယ်။ တခြားဘာလုပ်ရမလဲ ဆိုတာ လည်း စဉ်းစားလို့မရခဲ့ပါဘူး။

မေး – ခင်ဗျားရဲ့ဖြစ်ရပ်နဲ့ပတ်သက်လို့ အတည်ပြုပေးနိုင်မယ့် တခြားလူတယောက်ယောက်ကို ကျနော်စကားပြောလို့ ရနိုင်မလား။

မိပကောင်းရော့ – ကျမကို ပိတ်လှောင်ခဲ့တဲ့လူတွေရဲ့ လက်ထဲမှာ ကျမလိုပဲ နေခဲ့ရတဲ့၊ ရှမ်းပြည်နယ်က အမျိုးသမီး တယောက် ရှိပါတယ်။ ကျမ ထွက်ပြေးပြီးတဲ့ နောက်မှာ သူလည်း ထွက်ပြေးလာခဲ့ပါတယ်။ မကြာသေးခင်ကပဲ၊ ထိုင်းနိုင်ငံ ထဲမှာ ကျမသူနဲ့တွေ့ခဲ့ပါတယ်။ သူနဲ့တွေ့ရင် အဆင်ပြေမလား။ တွေ့ဖို့ကိစ္စကိုတော့ ကျမစီစဉ်ပေးလို့ရပါ တယ်။

မေး – ဟုတ်ကဲ့။ ဒါဆိုရင် သိပ်ကောင်းတာပေါ့ဗျာ။ ခင်ဗျား နောက်ထပ်ပြောစရာ ရှိပါသေးသလား။ ဒါမှမဟုတ် ကျနော့်ကို မေးစရာ တခုခုရှိပါသလား။

မိပကောင်းရော့ – မြန်မာပြည်မှာရှိနေတဲ့ ကျမ မိသားစုအတွက် စိတ်ပူမိတာတခုပါဘဲ။ ကျကို ရန်ကုန် ပို့ဖို့အတွက် မိဘတွေ က ပိုက်ဆံတွေအများကြီး ချေးထားခဲ့ရတာပါ။ ခုတော့ သူတို့တတွေ ဘယ်လိုရပ်တည်နေကြသလဲမသိပါဘူး။ သူ တို့ဆီ ပို့ဖို့အတွက် ကျမကြိုးစားပြီး ပိုက်ဆံရှာနေပါတယ်။ ဒါပေမယ့် အလုပ်ရှာရတာကလည်း ခက်ပါတယ်။ သူတို့အတွက် ကျမအမြဲ စိတ်ပူနေမိပါတယ်။

ndburma2.indd 120 26-Dec-09 13:05:23

မေး – ခင်ဗျားရဲ့အတွေ့အကြုံကို ပြောပြတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ဒီလိုပြောပြဖို့ တော်တော့်ကို မလွယ်မှန်း ကျနော်နားလည်ပါတယ်။ ခင်ဗျားနဲ့ တိုင်ပင်ဖေါ် တိုင်ပင်ဖက်တွေထဲမှာ ကျနော်နဲ့တွေ့ပေးလို့ရမယ့် သူတွေရှိရင် ကျနော်နဲ့တွေ့ပေးနိုင်မလား။

မိပကောင်းရော့ – ကျမတကယ်ဘဲ တွေ့ပေးချင်ပါတယ်။

မေး – ကျနော်ခင်ဗျားနဲ့နောက်ထပ် တွေ့ဖို့လိုမယ်ဆိုရင် ခင်ဗျားကို ဘယ်လို ဆက်သွယ်လို့ရနိုင် ပါမလဲ။

မိပကောင်းရော့ – ကျမ နာမည်ကို ဒီမှာ မေးလို့ရပါတယ်။ ညနေပိုင်းတွေမှာ ကျမ ဒီဆိုင်မှာ အမြဲအလုပ်လုပ်ပါတယ်။

ဤတွေ့ဆုံမေးမြန်းခြင်းသည် အဘယ့်ကြောင့် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

ဤတွေ့ဆုံမေးမြန်းခြင်းသည် ကောင်းပါသည်ဟု ဆိုရခြင်းမှာ မိပကောင်းရော့က သူ့ဖြစ်ရပ်ကို ပြောပြသောကြောင့် ဖြစ်ပါသည်။ ပွဲဦးထွက်မေးခွန်းများသည် လမ်းဖွင့်မေးခွန်းများဖြစ်ပြီး၊ နောက်ဆက်တွဲမေးခွန်းများလည်းပါပါသည်။ သူ ၏ဖြေကြားချက်များသည် ချိုးဖောက်မှုတခုအဖြစ် သတ်မှတ်ရေးအတွက် အဂၢါရုပ်အသီးသီးကို မှတ်တမ်းပြုရာ၌ အထောက်အကူ ဖြစ်စေပါ သည်။ သာဓကအားဖြင့်ဖေါ်ပြရလျှင်၊ မိပကောင်းရော့သည် လိင်လုပ်ငန်းတွင် အတင်းအဓမ္မသွတ်သွင်း လုပ်ကိုင်စေခြင်းနှင့် ပတ်သက်၍ အောက်ပါ သတင်းအချက်အလက်များကို ပေးပါသည်။

ပထမ– မိပကောင်းရော့သည် လိင်လုပ်ငန်းတွင် ပါဝင်ပတ်သက်ခဲ့ရကြောင်း အတည်ပြု သတ်မှတ်နိုင်ရေးအတွက် သတင်း အချက်များပေးသည်။ မိပကောင်းရော့က ပြောပြခဲ့ရာတွင် ယောကျ်ားများက သူ့အခန်းသို့လာကြောင်း၊ သူ့ကို အတင်းအကျပ် အဝတ်အစားများ ချွတ်ခိုင်းကြောင်း၊ အတင်းသူတို့နှင့် လိင်ဆက်ဆံခိုင်းကြောင်းပြောသည်။ သူ၏ဖြစ် ရပ်ကို အတည်ပြုဖေါ်ပြပေးရန်အတွက် သူ၏ဘဝတူရွမ်းအမျိုးသမီးထံမှ သတင်းအချက်အလက်များကအထောက် အကူပေးပါလိမ့်မည်။

ဒုတိယ– သဘောတူခွင့်ပြုချက် မပါရှိခြင်းနှင့် နှိုင့်ထက်စီးနင်းပြုခြင်း၏ သဘောသဘာဝအဖြစ်ဖေါ်ပြရေးအတွက် အသေးစိတ် အချက်အလက်များကို မိပကောင်းရော့ကပေးခဲ့သည်။ မိပကောင်းရော့သည် ပထမတွင် သူ့အနေနှင့် ပွဲစားနှင့် ကျော်ဝင်းဆိုသူက သူ့ကိုအခန်း တခန်းထဲမှာ ပိတ်လှောင်ထားပြီး၊ ယောကျ်ားများနှင့် လိင်ဆက်ဆံရန် အတင်းအဓမ္မ ခိုင်းခဲ့သည်ကို ဖော်ပြသည်။ ပွဲစားနှင့် သူ့အပေါင်းအဖေါ်၏ ခိုင်းသည့်အတိုင်းမလုပ်လျှင် ရိုက်နှက်သည့်အပြင်၊ သတ်ပစ်မည်ဟု ခြိမ်းခြောက် ကြောင်းကိုလည်း မိပကောင်းရော့က ဖေါ်ပြခဲ့ပါသည်။ သူ၏ထွက်ဆိုချက်အရ ကြည့်လျှင်၊ ဤလုပ်ရပ်ကို သဘောတူခွင့်ပြုချက် မပါရှိ ခြင်းနှင့် နှိုင့်ထက်စီးနင်းပြုခြင်းနည်းဖြင့် လုပ်ခဲ့ကြောင်း ပေါ်လွင်နေပါသည်။

တတိယ– အမြတ်ထုတ်လိုသော ရည်ရွယ်ချက်ဖြင့် လိင်လုပ်ငန်းတွင် ခိုင်းစေခဲ့ကြောင်းကို မိပကောင်းရော့က သတ်မှတ်ဖေါ်ပြပေးခဲ့သည်။ သူနှင့် လိင်ဆက်ဆံသူများထံမှ အခကြေးငွေများကို ပွဲစားနှင့် ကျော်ဝင်းဆိုသူတို့ ရရှိခဲ့ကြောင်းကို သူကဖေါ်ပြခဲ့သည်။ ဤအချက်က ညွှန်ပြနေသည်မှာ ပွဲစားနှင့် ကျော်ဝင်းတို့သည် သူ့ကို ယခုလိုထားစေသော အခြေအနေမှ အမြတ်ထုတ်နေနိုင်သည်ကို ဖော်ပြသည်။

နောက်ဆုံးအချက်– ဤချိုးဖောက်မှုတွင် အစိုးရပိုင်းမှ ပုဂ္ဂိုလ်များပါဝင်ကြောင်းကို မိပကောင်းရော့က ဖေါ်ပြခဲ့သည်။ အာဏာပိုင်များကို သူမအနေနှင့် တိုင်ကြားခဲ့ကြောင်း မိပကောင်းရော့က ဖေါ်ပြခဲ့သည်။ သို့ရာတွင် အာဏာပိုင်များက အရေးယူရန်ပျက်ကွက်ခဲ့သည်။ သည်ကြားထဲ သူ့ကိုဖမ်းဆီးမည်တကဲကဲ ခြိမ်းခြောက်လိုက်ခဲ့သေးသည်။ ဤအချက်နှင့်ပင်လျှင် အစိုးရ၏ ပါဝင်ပတ်သက်မှုကို ပြသရန်လုံလောက်ပါသည်။

ဤတွေ့ဆုံမေးမြန်းခြင်းမှနေ၍ အတင်းအဓမ္မပြည့်တန်ဆာလုပ်ခိုင်းခြင်းနှင့် ဆက်နွယ်နေသော လူကုန်ကူးခြင်း ကဲ့သို့သော အခြားချိုးဖောက်မှုများအတွက်အထောက်အထားများရရှိပါသည်။ မိပကောင်းရော့က သူ့ကိုရန်ကုန်သို့ လိမ်လည်အကြောင်းပြ၍ ခေါ်လာကြောင်း၊ အိမ်ဖော်အလုပ်အဖြစ် လခကောင်းကောင်းရမည်ဟု ပြောဆိုခေါ်လာကြောင်း ပြောသည်။ သို့သော်လည်း အိမ်ဖော်အလုပ်အစား သူ့ကို အခန်းတခန်းထဲမှာ ပိတ်လှောင်ထားပြီး၊ အခ ကြေးငွေအတွက် ယောကျ်ားများ နှင့် လိင်ဆက်ဆံရန် အတင်းအဓမ္မခိုင်းခဲ့ကြောင်းကို မိပကောင်းရော့က ဖေါ်ပြခဲ့သည်။ ထိုပွဲစားနှင့် အပေါင်းအပါတို့၏လက်ဝယ်မှာ အလားတူ မတော်မတရား အပြုခံခဲ့ရသည်ဆိုသော ဘဝတူရွမ်းအမျိုးသမီးကို တွေ့

ndburma2.indd 121 26-Dec-09 13:05:23

ဆုံမေးမြန်းအားဖြင့်မိပကောင်းရော့ဇ်၏ဖြစ်ရပ်ကိုသက်သေခံရေးအတွက်အထောက်အကူပေးပါလိမ့်မည်။ အခြားသော ချိုးဖောက်မှုများကို သတ်မှတ်ဖေါ်ပြရေးအတွက် နောက်ထပ်မေးခွန်းများမေးရန် လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။ တွေ့ဆုံ မေးမြန်းခြင်းသည် ကောင်းစွာပြီးဆုံးသွားပါသည်။ အကြောင်းမှာ မိပကောင်းရော့ဇ်က နောက်ထပ်မေးခွန်းများကို ဖြေကြားပေးမည်ဟု သဘောတူခဲ့သည့်အပြင်၊ တွေ့ဆုံမေးမြန်းသူအဖို့လည်း သူနှင့်မည်သို့ဆက်သွယ်ရမည်ကို သိလိုက်ရသော ကြောင့် ဖြစ်ပါသည်။

(၃) နိဂုံးချုပ်

ဤအခန်းကို ဖတ်ပြီးလျှင် သင့်အနေနှင့် အောက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်စွမ်းရှိရမည်။

- လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်း၏ အဂီါရပ်များကို နိုင်ငံတကာဥပဒေနှင့်အညီ မှတ်သား သိရှိလာခြင်း။
- လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်းအကြောင်း သတင်းအချက်အလက်များကို စုဆောင်းရရှိရေးအတွက် အရေးကြီးသော မေးခွန်းများရေးသားပြုစုခြင်း။
- ချိုးဖောက်မှုတရပ် ဖြစ်ပွားခဲ့ခြင်းရှိ–မရှိ သိရှိရေးအတွက် ထိရောက်သော တွေ့ဆုံမေးမြန်းခြင်းတရပ်ကိုဆောင်ရွက်ခြင်း။

ဤလက်စွဲစာစောင်၏ နောက်လာမည့်အခန်းများက လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်း၏ အထောက်အထားများကို အကဲဖြတ်နည်းအကြောင်း ပို၍အသေးစိတ်ကျကျ ဆွေးနွေးထားပါသည်။

၁၊ လိင်လုပ်ငန်းအတွင်းသို့ အတင်းအကျပ်သွတ်သွင်းခြင်းအား အဓိကအရေးပါသော နိုင်ငံတကာသဘောတူညီချက်များတွင် အတိအကျ တားမြစ်ထားရာ ထိုသဘောတူညီချက်များတွင်

- အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းပုံစံအားလုံးပပျောက်ရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ သဘောတူညီချက် (CEDAW)၊ ပုဒ်မ ၆
- ဂျီနီဗာ သဘောတူညီချက်၊ ပုဒ်မ ၂၇
- ဂျီနီဗာ သဘောတူညီချက်၏ နောက်ဆက်တွဲ သဘောတူညီချက် ၁၊ ပုဒ်မ ၇၅ (၂) (ခ) နှင့် ၇၆ (၁)
- ဂျီနီဗာ သဘောတူညီချက်၏ နောက်ဆက်တွဲ သဘောတူညီချက် ၂၊ ပုဒ်မ ၄ (၂) (င)
- နိုင်ငံတကာပြစ်မှုဆိုင်ရာတရာရုံး၏ ရောမသဘောတူညီချက်၊ ပုဒ်မ ၇ (၁) (ဆ)
- နိုင်ငံတကာအလုပ်သမားအဖွဲ့၊ ကလေးအလုပ်သမားအသုံးပြုခြင်း၏ အဆိုးဝါးဆုံးသောပုံစံများကို တားမြစ်ခြင်းဆိုင်ရာ သဘောတူညီချက် (အမှတ် ၁၈၂)၊ ပုဒ်မ ၁

လိင်လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခြင်းအား တားမြစ်ရန်ရည်ရွယ်ထားသော ဥပဒေအရ စည်းနှောင်အားမရှိသည့် နိုင်ငံတကာ သဘောတူညီချက်များတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုပပျောက်ရေး ကမ္ဘာ့ကုလသမဂ္ဂကြေညာစာတမ်း (အခန်း ၂(၁))နှင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းပပျောက်ရေး ကမ္ဘာ့ကုသမဂ္ဂကြေညာစာတမ်း (အခန်း ၈) တို့ပါဝင်သည်။

၎င်းသဘောတူညီချက်မိတ္တူများကို ttp;//www2.ohchr.org/english/law/ (နောက်ဆုံးကြည့်ရှုခဲ့သည့်အချိန် ၂၀၀၈ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့) တွင် ရရှိနိုင်ပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာဓလေ့ထုံးတမ်းအစဉ်အလာ ဥပဒေ (CIL) ကို လိုက်နာရမည့် နိုင်ငံတခုဖြစ်သည်။ (CIL) ဆိုသည်မှာ နိုင်ငံများ၏ ယေဘုယျကျင့်ထုံးများမှ ဖြစ်ပေါ်လာသည့် ဥပဒေစည်းကမ်းများပါဝင်သော အဖွဲ့အစည်းတခုဖြစ်သည်။ ထိုကျင့်ထုံးများသည် အချိန်ကြာလာသည်နှင့်အမျှ ဥပဒေအရစည်းနှောင်အားရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြသည်။ သို့သော် နိုင်ငံတခုသည် စည်းမျဉ်းစည်းကမ်းတခုအား လိုက်နာရန် ထပ်ခါတလဲလဲ ငြင်းဆန်ပါက ထိုနိုင်ငံအား စည်းကမ်းတခုတည်းအပေါ်တွင် ကန့်သတ်ထား၍ မရနိုင်ပေ။

လိင်လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခြင်းသည် နိုင်ငံတကာထုံးတမ်းအစဉ်အလာဥပဒေကို ချိုးဖောက်ရာရောက်သည်ဟု သတ်မှတ်နိုင် သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည်အထက်ပေါ်ပြပါစာချုပ်များကို သဘောတူလက်မှတ်မထိုးထားသည့်တိုင်(အကယ်၍မြန်မာနိုင်ငံသည်ဥပဒေအရကန့်သတ်ထားချက်အား အမြဲတစေငြင်းပယ်ခြင်းမရှိပါက) (CIL) စံသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ လိုက်နာရမည်ဖြစ်သည်။ လိင်လုပ်ငန်းအတွင်းသို့ အတင်းအကျပ်သွတ်သွင်းခြင်းအား ကန့်သတ်ပိတ်ပင်ထားခြင်းသည် ယေဘုယျ CIl သတ်မှတ်ချက်များ၏ တစိတ်တဒေသဖြစ်ရုံသာမက နိုင်ငံတော်များက လိုက်နာရန်ငြင်းဆန်သည့်တိုင် မည်သည့်အခါက၍ မရသော နိုင်ငံတကာဥပဒေ၏ အခြေခံစံသတ်မှတ်ချက်တခုဖြစ်သော Jus congens စံသတ်မှတ်ချက်တခုလည်းဖြစ်သည်ဟု အများစုကလက်ခံထားသည်။ တနည်းဆိုသော် နိုင်ငံများသည် ထိုသို့သော စံသတ်မှတ်ချက်များမှ ကင်းလွတ်နိုင်ခြင်း မရှိပေ။ Prosecutor v Anto Furundzija, ICTY Trial Judgment, 10 December 1998. ကို ကြည့်ပါ။

၂၊ Michèle Hirsch, Plan of Action against Traffic in Women and Forced Prostitution, Council of Europe, 1996; Lin Lean Lim, ed., The Sex Sector: The Economic and Social Basis of Prostitution in South East Asia, (ed.), International Labor Organization, 1998.

၃၊ Kachin Women's Association of Thailand, "Driven Away," 2005, http://www.womenofburma.org/Report/Driven_Away.pdf, (last visited 16 June 2008), pp. 22 – 23.

၄၊ Human Rights Watch, "A Modern Form of Slavery: Trafficking of Burmese Women and Girls into Brothels in Thailand," Augusı 1993, http://www.hrw.org/reports/1993/thailand/#_1_17, (last visited 3 September 2008).

ndburma2.indd 122 26-Dec-09 13:05:24

၅။ Belak, Brenda, “Migration and Trafficking,” in Gathering Strength: Women from Burma on Their Rights, Images Asia, January 2002, http://www.ibiblio.org/obl/docs/GS12.migration-and-trafficking.pdf, (last accessed 3 September 2008), p. 199.

၆။ Human Rights Watch, “A Modern Form of Slavery: Trafficking of Burmese Women and Girls into Brothels in Thailand,” August 1993, http://www.hrw.org/reports/1993/thailand/#_1_17, (last visited 3 September 2008).

၇။ Farley, Melissa, and Vanessa Kelly, “Prostitution: A Critical Review of the Medical and Social Sciences Literature,” Women and Criminal Justice, Vol. 11, No. 4, http://www.prostitutionresearch.com/pdfs/Farley_Kelly.pdf, (last visited 3 September 2008), p. 29.

၈။ Belak, Brenda, “Migration and Trafficking,” in Gathering Strength: Women from Burma on Their Rights, Images Asia, January 2002, http://www.ibiblio.org/obl/docs/GS12.migration-and-trafficking.pdf, (last visited 3 September 2008), p. 211.

၉။ Office to Monitor and Combat Trafficking in Persons, “Health Consequences of Trafficking in Persons,” U.S. State Department, 8 August 2007, http://www.state.gov/g/tip/rls/fs/07/91418.htm, (last visited 3 September 2008).

ndburma2.indd 123 26-Dec-09 13:05:24

(1) twift "r a&EDymifcHtif

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လူ့အခွင့်အရေးချိုးဖောက်မှုမြောက်ရန်မှာ ချိုးဖောက်မှု၏ အဓိကအင်္ဂါရပ်များပြည့်မီရန် လိုအပ်ပါသည်။ ဤအင်္ဂါရပ်များသည် တိကျရေရာသော စံချိန်စံညွှန်းများဖြစ်သည်။ သို့တည်းမဟုတ် ဥပဒေနှင့်ဆန့်ကျင်သောလုပ်ရပ်အဖြစ် သတ်မှတ်နိုင်ရေးအတွက်ရှိနေရမည့် ပတ်ဝန်းကျင်အခြေအနေတစုံလိုအပ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အင်္ဂါရပ်များသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တရားဝင်စာချုပ် စာတမ်းပြဋ္ဌာန်းချက်များမှနေ၍ပေါ် ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုမှန်သမျှကို စတင်မှတ်တမ်းတင်ခြင်းမပြုမီမှာ ချိုးဖောက်မှုဟူသော အဓိပ္ပါယ်ကို သတ်မှတ်ရာ၌ လိုအပ်သည့်အင်္ဂါရပ်များအကြောင်း ရှင်းလင်းတိကျစွာ နားလည်ထားသင့်ပါသည်။ ဤအခန်းတွင် အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်းတည်းဟူသော ချိုးဖောက်မှုပေါ်လွင်စေရေးအတွက် လိုအပ်သော အင်္ဂါရပ်များကြောင်း ရှင်းလင်းဖေါ်ပြထားပါသည်။

(၂) အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း

(က) နိုင်ငံတကာဥပဒေအရ အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းဟုသတ်မှတ်ရာတွင် မည်သည့်အင်္ဂါရပ်ချိုးဖောက်မှုအချက်အလက်များ ပါဝင်သနည်း။

အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းကို လူ့အခွင့်အရေးချိုးဖောက်မှုတခုအဖြစ် မှတ်တမ်းတင်နိုင်ရန်အတွက် အောက်ဖေါ်ပြပါ အင်္ဂါရပ်ချိုးဖောက်မှုမြောက်သောအချက်အလက်များ ထင်ရှားကြောင်းသက်သေတင်ပြရပါမည်။[၁]

၁။ တစုံတဦး၏ အိုးအိမ် သို့မဟုတ် မြေနေရာမှာ ဖယ်ရှားခံရခြင်း

၂။ အကြောင်းမဲ့ အတင်းအကျပ် ဖယ်ရှားပစ်ခြင်း

၃။ အလိုမတူခြင်း သို့မဟုတ် ဆန္ဒမပါဘဲ လုပ်ဆောင်ခြင်း

၄။ အစိုးရ၏ လုပ်ဆောင်ချက်တို့ ဖြစ်သည်။

(ခ) အကြောင်းမဲ့ အတင်းအကျပ်ရွှေ့ပြောင်းခြင်းဆိုသည်မှာ မည်သည့် မည်ကဲ့သို့သောအကြောင်းချင်းရာဖြစ်သနည်း။

အကယ်၍ရွှေ့ပြောင်းခြင်းသည် တရားမျှတမှုမရှိခြင်း၊ ရုတ်ချည်းပြောင်းရွှေ့ရခြင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိခြင်း သို့မဟုတ် အများပြည်သူ အကျိုးစီးပွားနှင့် မဆီလျော်ပါက ယင်းရွှေ့ပြောင်းခြင်းကို အကြောင်းမဲ့သက်သက် ရွှေ့ပြောင်းခြင်းမှုဟု ခေါ်ဆိုနိုင်ပါသည်။ ဥပမာ အတင်းအဓမ္မရွှေ့ပြောင်းခြင်းကို အောက်တွင်ဖော်ပြထားသောအခြေအနေများတွင် အခြေခံ၍ ဖြစ်ပေါ်ပါက အကြောင်းမဲ့ဖြစ်ခြင်း သဘော၊ အတင်းအကျပ် ဖြစ်ခြင်း သဘောဟု သတ်မှတ်နိုင်သည်။*

- လူမှုပတ်ဝန်းကျင်ဦးရေဖွဲ့စည်းထားမှု၏တစိတ်တပိုင်းကိုတိုင်းရင်းသားမျိုးနွယ်စုအရသော်လည်းကောင်း၊ဘာသာရေးအရသော်လည်းကောင်း၊ လူမျိုးစုအရ သော်လည်းကောင်း အခြေခံ၍ ဖွဲ့စည်းထားမှုပုံစံ ပြောင်းလဲသွားစေရန် အတွက်ဖြစ်စေသော သို့မဟုတ် ရည်ရွယ်ချက်ပါသော မူဝါဒများကိုအခြေခံခြင်း။

- တရားဥပဒေအရ အားချိုးဖောက်၍သော်လည်းကောင်း၊ အပြစ်မဲ့အရပ်သားများကို ဆန့်ကျင်၍သော်လည်းကောင်း၊ စုပေါင်းအုပ်စုအလိုက်အပြစ်ပေးခံရမှု သို့မဟုတ် ပြစ်ဒဏ်ခတ်ခံရမှု ပုံစံတခုအဖြစ်သော်လည်းကောင်း ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

* ဥပမာ– ပေးထားသော စာရင်းသည် ပြည့်စုံသော စာရင်းတခုမဟုတ်သေးပေ။ လူတဦးသည် သူ သို့မဟုတ် သူ့အဝိုင်းမြေပေါ်မှ ဥပဒေနှင့် မလျော် ကန်စွာ သို့မဟုတ် တရားမျှတမှုကင်းမဲ့စွာ အတင်းအဓမ္မဖယ်ရှားခံရပါက ထိုလုပ်ရပ်သည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေကို ချိုးဖောက်သော အတင်းအဓမ္မရွှေ့ပြောင်းခြင်း အဖြစ် သတ်မှတ်နိုင်သည်ကို သတိပြုရန် အရေးကြီးသည်။ အတင်းအဓမ္မရွှေ့ပြောင်းခြင်းသည် "အထူးသီးသန့် ထင်ရှားသည့် အခြေအနေများ"တွင်သာ ကျိုးကြောင်း ဆီလျော်မှုရှိသည်။

ndburma2.indd 124 26-Dec-09 13:05:24

သတိချပ်စရာ ဝေါဟာရ – အတင်းအဓမ္မရွှေ့ပြောင်းခြင်း

အတင်းအဓမ္မရွှေ့ပြောင်းခြင်းဟူသော ၎င်းအသုံးအနှုန်းသည် အဓိပ္ပါယ်တိကျစွာဖွင့်ထားခြင်းမရှိပေ။ လူတဦးတယောက် (သူ သို့မဟုတ် သူမ) နေအိမ်မှဖြစ်စေ ၊ မြေယာမှဖြစ်စေ အကြောင်းမဲ့ သို့မဟုတ် အတင်းအကျပ် ထွက်ခွာပေးရသည့် အကြောင်းရင်း ပါဝင်သောဖြစ်ရပ်ကို မတူညီသော အဖွဲ့အစည်းများက သတ်မှတ်ရာတွင် ကွဲပြားသောအသုံးအနှုန်းများဖြင့် အသုံးပြု၍သတ်မှတ်ကြသည်။ အချို့အဖွဲ့အစည်းများက အတင်းအဓမ္မမောင်းထုတ်ခြင်း (eviction) ဟူ၍သော်လည်းကောင်း အသုံးအနှုန်းကို အသုံးပြုကြသည်။ အချို့အဖွဲ့အစည်းများက အတင်းအဓမ္မ အိုးအိမ်မှ နေရာရွှေ့ပြောင်းရခြင်း (displacement) ဟူ၍သော်လည်းကောင်း အသုံးအနှုန်းကိုအသုံးပြုကြသည်။ အချို့အဖွဲ့ အစည်းများက အတင်းအဓမ္မပြန်လည်အခြေချခြင်း ဟူ၍သော်လည်းကောင်း စသည်ဖြင့် ကွဲပြားသောအသုံးအနှုန်း များကိုပင်အသုံးပြုသတ်မှတ်ထားကြသည်။ နေကြသေးသည်။ သို့သော် မည်သို့ပင်အသုံးပြု သတ်မှတ်စေကာမူ အသုံးအနှုန်းတခုချင်းစီသည် တူညီသော ချိုးဖောက်မှုတခုတည်းကိုသာ ပုံဖော်ပြကြခြင်းဖြစ်သည်။ ယခုလမ်းညွှန်စာအုပ်တွင် အတင်းအဓမ္မရွှေ့ပြောင်းခြင်းဟူသော အသုံးအနှုန်းဖြင့် အားလုံးတသမတ်တည်းဖြစ် စေရန်အတွက် အသုံးပြုထားပါသည်။

နိုင်ငံတကာဥပဒေ။ ။ အကြောင်းမဲ့သက်သက် အိုးအိမ်မှ မဖယ်ရှားနိုင်ခွင့်မရှိသည့် အခွင့်အရေး။

အကြောင်းမဲ့သက်သက် မိမိပိုင်အိုးအိမ်မှ ဖယ်ရှားခြင်းကို အကာအကွယ်ပေးထားခြင်းသည် နိုင်ငံတကာ ထုံးတမ်းစဉ်လာဥပဒေ၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာသော ဥပဒေများ၏ စံသတ်မှတ်ချက်များတွင် တည်ရှိပြီးဖြစ်ပါသည်။ နိုင်ငံတကာဥပဒေတွင် ၎င်းအခွင့်အရေးနှင့်ပတ်သက်၍ ရှင်းလင်းတိကျစွာပြဋ္ဌာန်းထားခြင်း မရှိသောကြောင့် လွတ်လပ်စွာလှုပ်ရှား သွားလာခွင့်၊ လွတ်လပ်စွာ အိုးအိမ်အခြေချခွင့်၊ တစုံတဦး၏ အိုးအိမ်စည်းစိမ်အား သို့ အကြောင်းမဲ့သက်သက် ဝင်ရောက်စွက်ဖက်မှုမှ ကာကွယ်ပေးခြင်းထားသော အခွင့်အရေးနှင့် လွတ်လပ်စွာ အိမ်ယာဆောက်တည်ခွင့် အခွင့်အရေး စသည့် တည်ရှိပြီးဖြစ်သောသား အခွင့်အရေးများမှ ထပ်ဆင့်ဆင့်ပွားဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဆင်းသက်လာသည်။

နိုင်ငံတွင်း အိုးမဲ့အိမ်မဲ့လှည့်လည် ၊ ထွက်ပြေးနေထိုင်သူများဆိုင်ရာ လမ်းညွှန်မှုများ (Guiding Principles on Internal Displacement) (“လမ်းညွှန်မှုများ”ဟု ဆက်လက်သုံးစွဲ သွားမည်။)တွင် အိုးမဲ့အိမ်မဲ့မှုအခွင့်အရေးနှင့်ပက်သက်၍ အကာအကွယ်ပေးမှုများကို ရှင်းလင်းပြဆိုထားသည်။ လမ်းညွှန်မှုများသည် တရားဥပဒေအရ ရေးဆွဲထားသည့် စည်းနှောင်မှု ရှိသည့် တရားဝင် စာချုပ်စာတမ်း မဟုတ်သော်လည်း၊ ရှိတည်ရှိဆဲ ဓလေ့ထုံးတမ်းစံသတ်မှတ်ချက်များ၊ နိုင်ငံတကာ ဥပဒေများကို ကိုးကား၍ ထပ်ဆင့်ဖေါ်ပြထားခြင်းဖြစ်သည်နှင့်အညီ နိုင်ငံတကာ တကမ္ဘာလုံးအတိုင်းအတာအရ အကျုံးဝင်သော အခြေခံမူများဖြစ်ပေသည်။

(၈) မည်သည့်အချိန်တွင် အတင်းအဓမ္မရွှေ့ပြောင်းစေခြင်းသည် ဥပဒေနှင့်အညီဖြစ်သနည်း။

အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းသည် အကြောင်းမဲ့သက်သက်မဟုတ်၊ အများပြည်သူ အကျိုးစီးပွားနှင့်ဆီလျော်ပါက ယင်းအား ရွှေ့ပြောင်းခြင်းကို ခွင့်ပြုပေးနိုင်သည်။ ရွှေ့ပြောင်းခြင်းများကို “လုံးဝအငြင်းပွားဖွယ်မရှိသော အထူးသီးသန့် အခြေအနေများ”အောက်တွင်သာပြုလုပ်နိုင်သည်။[၂] ဆိုလိုသည်မှာအတင်းအဓမ္မ ရွှေ့ပြောင်းခြင်းများအများစုသည် လူထုအကျိုးစီးပွားနှင့် မဆီလျော်၊ ဆန့်ကျင်ဖက်ဖြစ်နေသောကြောင့် ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့သော တရားဥပဒေမဲ့ အမိန့်ပေးခိုင်းစေခြင်း၊ ခွဲခြားဆက်ဆံခြင်း ကဲ့သို့မူဝါဒများအားကျင့်သုံးနေသော နိုင်ငံများတွင်ပို၍ ဆန့်ကျင်ဖက်ဖြစ်တတ်သည်။[+] ဥပမာ အတင်းအဓမ္မရွှေ့ပြောင်းခြင်းသည် အောက်ပါ အခြေအနေများအောက်တွင် ကျိုးကြောင်းဆီလျော်မှု ရှိနိုင်သည်။

+ အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းများကို ခွဲခြားဆက်ဆံခြင်းမူဝါဒများ သို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်မှုအတွက် ရည်ရွယ်ချက်များဖြင့်သာ လုပ်ဆောင်သည်ဆိုပါက ကျိုးကြောင်းဆီလျော်ခြင်းမရှိပေ။ ဥပဒေအရ တရားဝင်မှုလည်း မရှိပေ။

ndburma2.indd 125 26-Dec-09 13:05:24

- အရပ်သား၊ ပြည်သူများကိုကြီးမားသည့် ဘေးအန္တရာယ်ကျရောက်နိုင်သော အခြေအနေများမှ အကာအကွယ်ပေးရန် သို့မဟုတ် စစ်ရေးအရ❖ ထိခိုက်နိုင်သည့်အခြေအနေမှ ကာကွယ်သည့်အနေဖြင့် အရေးပေါ်ပြောင်းရွှေ့ရန်လိုအပ်နေသော လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် အကြမ်းဖက်မှု ဘေးအန္တရာယ်များမှ အကာအကွယ်ပေးရန်။
- မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်ပြီး ၊ လူထုအကျိုးစီးပွားအတွက် အလွန်အရေးပါသောအကြီးစား ဖွံ့ဖြိုးတိုးတက် ရေးစီမံချက်များ[၃]
- သဘာဝ ဘေးအန္တရာယ်ကျရောက်ချိန်တွင် ကပ်ဘေးသင့်ပြည်သူများ၏ ကျန်းမာရေးနှင့် လုံခြုံမှုအတွက် ပြောင်းရွှေ့ရန် လိုအပ်သော အခြေအနေများ ဖြစ်သည်။

ရွှေ့ပြောင်းခြင်းတခုသည် လူထုအကျိုးစီးပွားအတွက် လုံးဝအရေးကြီးသောကြောင့် ဥပဒေအရတရားဝင်သည်ဆိုစေကာမူ နိုင်ငံတော်အစိုးရသည် ရွှေ့ပြောင်းခြင်းကို အကောင်အထည်ဖော်ရာတွင် လူထုအပေါ်ပြန်လည် လုပ်ဆောင်ပေးရမည့် အနှိမ့်ဆုံး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ပျက်ကွက်ခဲ့ပါက နိုင်ငံတကာဥပဒေတွင်ပါရှိသော ၎င်းအစိုးရတို့၏ ဝတ္တရားများကို ချိုးဖောက်ရာရောက်သည်။[၄]

(ဃ) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေအရဆိုလျှင် မုဒိမ်းပြုကျင့်မှု မြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်မျိုးဖြစ်ရန်လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိ လူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသော အမျိုးသား (နိုင်ငံတော် အဆင့်)အဖွဲ့အစည်း"[၀] ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အစိုးရ၏ လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ အစိုးရအရာရှိတဦးက အတင်းအဓမ္မပြောင်းရွှေ့စေမှုတခုခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကိုဆောင်ရွက် ခြင်းဖြစ်သည်။[၅] အစိုးရလုပ်ဆောင်ချက်တွင် တရားဝင်အသိအမှတ်ပြုမှုဖြင့် သော်လည်းကောင်း၊ ခွင့်ပြုမှု ဖြင့်သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန် သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက်၍လုံလောက်စွာ အရေးယူရန်သော်လည်းကောင်း အစိုးရ၏ပျက်ကွက်မှုများလည်း ပါဝင်ပါသည်။[၆] သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ အတင်းအဓမ္မရွှေ့ပြောင်းမှု ကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေးအရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့်နိုင်ငံတကာဥပဒေကိုချိုးဖောက်ရာရောက်ပါသည်။

ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ(Non State Actors - NSA)ဆိုသည်မှာတသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏အစိတ်အပိုင်းတခုမဟုတ်ပါ။ သို့သော်လည်းအစိုးရတခုကဲ့သို့ အာဏာကျင့်သုံးမှုပြုနေသည်မျိုးရှိတတ်သည်။ ဤကဲ့သို့သောအင်အားစုများတွင် အရပ်သားလူထုများအား အခြေပြုသောအစုအဖွဲများ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ ပြုမူနေသည့် အခြားအင်

❖ ထိုအကြောင်းပြချက်များကို သေချာစွာ စစ်ဆေးရမည်ဖြစ်ကာ လူထုအကျိုးစီးပွားအတွက်သာ ဦးတည်ဆောင်ရွက်ရမည်။ နိုင်ငံရေးရည်မှန်း ချက်များသည် အတင်းအဓမ္မရွှေ့ပြောင်းခြင်းအတွက် ကျိုးကြောင်းဆီလျော်ခြင်းမရှိပေ။ ဥပမာ အတိုက်အခံအုပ်စုတစုအပေါ်တွင် ပိုမိုထိန်းချုပ် လိုၗသော်လည်းကောင်း အထောက်အပံ့များဖြတ်တောက်လိုၗသော်လည်းကောင်း ရွှေ့ပြောင်းရန်အမိန့်ပေးခြင်းများသည် လုံးဝခွင့်ပြုနိုင်ဖွယ် မဟုတ်။ လုံခြုံမှုမရှိသော နေရာမှ အရပ်သားပြည်သူများကို အာဏာပိုင်များက ရွှေ့ပြောင်းလိုသော အချိန်တိုင်းတွင် အဘယ်ကြောင့် ၎င်းတို့နေအိမ် မှာ ဆန္ဒအလျောက် မထွက်ခွာသွားရသနည်းဟူသော မေးခွန်းကို မေးရန်အရေကြီးသည်။

၁၊ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East-West Center Washington, 2007, p. vix, TudpPudk မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (state) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်။

၂၊ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေစည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံ သတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များ ဖြစ်သည်။

၃၊ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရင်းလုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ်တရင်းလုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

ndburma2.indd 126 26-Dec-09 13:05:24

အားစုများလည်းပါဝင်ပါသည်။ ဤသို့ အစိုးရမဟုတ်သော အခြားအင်အားစုများသည် ပြည်တွင်းဥပဒေအရသူ ၄င်းတို့ လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ သို့သော်လည်းယင်း အစိုးရမဟုတ်သော အခြားအင်အားစုများသည် နိုင်ငံတကာဥပဒေအရ တာဝန်ခံရခြင်းမျိုးလည်းရှိနိုင်သည်။ နိုင်ငံတော်အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန် မလိုအပ်သည့်အခြေအနေ၊ သို့မ ဟုတ် သူတို့ကျူးလွန်သောပြစ်မှုများသည်လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊သို့မဟုတ်လူသားမျိုးနွယ်တရပ်လုံးကိုအန္တရာယ်ရှိစေသောရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရတာဝန်ခံရန်အကြောင်းရှိလာ သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို အပြည့်အဝမှတ်တမ်း တင်ထားခြင်းဖြစ်ရန်အတွက်၊ အစိုးရက ကျူးလွန်သည်ဖြစ်စေ၊ အစိုးရမဟုတ်သော အခြားအင်အားစုများက ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထား ရန်လိုအပ်သည်။

(၃) အရေးကြီးသောမေးခွန်းများ မေးခြင်း။

မေးခွန်းများ မေးခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းတို့သည် လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း သတင်းအချက်အလက်များ စုဆောင်းရာ၌ အလွန်အရေးကြီးပါသည်။ တွေ့ဆုံမေးမြန်းမှုတရပ်၏အသုံးဝင်မှု ၊ မဝင်မှုသည် အဓိကအားဖြင့် အချက်အ လက်ရှာဖွေစုဆောင်းသူ၏ ထိရောက်ပြီး၊ လုံလောက်သောမေးခွန်းများမေးသည့် အတွေ့အကြုံနှင့် စွမ်းရည်ပေါ်တွင်မူတည်ပါလိမ့်မည်။ အချက်အလက် ရှာဖွေစုဆောင်းသူအဖို့ ချိုးဖောက်မှု၏အရေးကြီးသော အဂီါရပ်အချက်အလက်များကို သိရှိနားလည်ထားခြင်းအားဖြင့်၊ နိုင်ငံတကာ ဥပဒေချိုးဖောက်ကြောင်း သတ်မှတ်နိုင်ရေးအတွက် အရေးကြီးသောမေးခွန်းများ ပြုစုရာ၌အထောက်အကူဖြစ်စေပါသည်။ ချိုးဖောက်မှုမြောက်သော အချက်အလက်အဂီါရပ်များမှနေ၍ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရရှိရေးတွင် အသုံးဝင်သော စည်းကမ်းသတ်မှတ်ချက်တခု ရရှိနိုင်ပါသည်။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ဆောင်ရန်

- လုံခြုံရေးနှင့် လျှို့ဝှက်ရေးအတွက် အထူးဂရုစိုက်ရန်။
- နောက်ခံအကြောင်းဖြင့် အစချီပြီးလျှင်၊ ပို၍အရေးကြီးသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆောင်ရွက်ပါ။
- ပြောစရာရှိသည်ကို မျက်မြင်သက်သေအား ပြောခွင့်ပေးပါ။ ဂရုတစိုက်နားထောင်ပါ။
- လှုပ်ရှားစိတ်ဖြင့် တုံ့ပြန်မှုများကို သိရှိအောင် ဂရုပြုပါ။
- ရှေ့နောက်မညီညွတ်မှု ရှိ ၊ မရှိများကို သိရှိအောင်ဂရုပြုပါ။
- စိတ်ရှည် သည်းခံပါ။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ရှောင်ရန်

- မှတ်ချက်ချခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်း မပြုပါနှင့်။
- နိမိတ်ပြမေးခွန်းများ မေးခြင်းကို ရှောင်ကျဉ်ပါ။
- အခြားသက်သေများကို ဖေါ်ပြခြင်း မပြုပါနှင့်။
- မိမိ လုပ်မပေးနိုင်သော ကတိများကို မပေးပါနှင့်။
- အပေါ်စီးဟန် သို့မဟုတ် စစ်ကြောရေးလုပ်နေသော ဟန်ဖြင့် မေးခွန်းမေးခြင်းများကို ရှောင်ကျဉ်ပါ။
- သတင်းနှင့်ပတ်သက်၍ မိမိ၏ခြေဖာ မလွှမ်းမိုးမိအောင် ရှောင်ကျဉ်ပါ။

ndburma2.indd 127 26-Dec-09 13:05:24

၁။ ရွေ့ပြောင်းခြင်းပုံစံကို တည်ဆောက်ခြင်း

- မည်သူသည် ရွှေ့ပြောင်းခံခဲ့ရသနည်း။
- မည်သည့်အရာများ ဖြစ်ပျက်ခဲ့သနည်း။
- မည်သည့်အချိန် ထိုရွှေ့ပြောင်းမှု ဖြစ်ပွားခဲ့သနည်း။
- မည်သည့်နေရာသို့ သို့မဟုတ် မည်သည့်နေရာမှ ပြည်သူများ ရွှေ့ပြောင်းခံခဲ့ရသနည်း။
- အခြား ပြည်သူ မည်မျှရွှေ့ပြောင်းခံခဲ့ရသနည်း။
- ထိုအဖြစ်အပျက်ကို သင်မည်သို့ သိသနည်း။

၂။ ထိုရွှေ့ပြောင်းခြင်းသည် အကြောင်းမဲ့သက်သက်ဖြစ်သည်ဆိုသောအချက်ကို တည်ဆောက်ခြင်း

- မည်သည့်အကြောင်းက ရွှေ့ပြောင်းမှုကို ဖြစ်စေခဲ့သနည်း။
- ရွှေ့ပြောင်းရခြင်းအတွက် မည်သည့်အကြောင်းပြချက် ပေးခဲ့သနည်း။
- ရွှေ့ပြောင်းခြင်းကို စိန်ခေါ်အံတုရန် မည်သည့်အခွင့်အရေး ရှိခဲ့သနည်း။
- ရွှေ့ပြောင်းခြင်းလုပ်ငန်းကို မည်သို့ အကောင်အထည်ဖော်ခဲ့သနည်း။
- ဤသတင်းအချက်အလက်ကို သင်မည်သို့သိသနည်း။

၃။ ယင်းရွှေ့ပြောင်းမှုသည် အလိုမတူဘဲ ရွှေ့ပြောင်းခြင်းဖြစ်သည်ဆိုသော အချက်ကို တည်ဆောက်ခြင်း

- မည်သူက ထွက်ခွာပေးရန် အမိန့်ပေးခဲ့သနည်း။ အကယ်၍ မထွက်ခွာလိုကြောင်း သင်ငြင်းဆန်ပါက မည်သို့ဖြစ်လိမ့်မည်ဟု သင်ထင်ပါသနည်း။
- မည်သည့်အတွက်ကြောင့် သင်ထွက်ခွာခဲ့ရသနည်း။
- သင်ထွက်ခွာလိုသော ဆန္ဒရှိခဲ့ပါသလား။ အဘယ်ကြောင့်နည်း။ သို့မဟုတ် အဘယ်ကြောင့် မထွက်ခွာလိုရသနည်း။
- သင် ခြိမ်းခြောက်ခံခဲ့ရပါသလား။ မည်သို့ ခြိမ်းခြောက်ခံရသနည်း။ မည်သူက ခြိမ်းခြောက်ခဲ့သနည်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက်ဖြစ်ကြောင်း ထင်ရှားစေခြင်း။

- ဤဖြစ်ရပ်ကို မည်သူက ကျူးလွန်သနည်း။ မည်သူက အမိန့်ပေးခဲ့သနည်း။ ဤဖြစ်ရပ်ကို မည်သူတို့သိသနည်း။ ဤဖြစ်ရပ်တွင် မည်သူတို့က ကူညီဆောင်ရွက်ပေးသနည်း။
- ဤဖြစ်ရပ်နှင့်ပတ်သက်၍ သင်တိုင်ကြားခြင်းပြုပါသလား။အဘယ်ကြောင့်တိုင်ကြားပါသနည်း။သို့တည်းမဟုတ်အဘယ့်ကြောင့် တိုင်ကြားခြင်း မပြုပါသနည်း။
- ဤဖြစ်ရပ် မဖြစ်ရအောင် အစိုးရက ကြိုတင်ကာကွယ်ပေးပါသလား။ သို့မဟုတ် ၎င်းနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ပေးပါသလား။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

ndburma2.indd 128 26-Dec-09 13:05:24

(၄) မှတ်တမ်းပြုခြင်း

နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုအဖြစ် အဓိပ္ပါယ်သတ်မှတ်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များရှာဖွေ စုဆောင်းရာ၌ အချိန်နှင့်လုပ်ဆောင်ချက်တို့ လိုအပ်ပါသည်။ ချိုးဖောက်မှုမြောက်သော အမှုတခု၏ အင်္ဂါရုပ်အခြေအနေများသည် အစဉ်သဖြင့် အဆင်သင့် အလိုအလျောက်ပေါ်လွင် ထင်ရှားနေသည် မဟုတ်ချေ။ အချက်အလက်ရှာဖွေစုဆောင်းသူတဦးအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်သော ၊ ချိုးဖောက်မှုမြောက်သော သတင်းအချက်လက်များကို ရှာဖွေ ထုတ်ယူနိုင်စွမ်းရှိရ မည်ဖြစ်သည့်အပြင်၊ စုဆောင်းရရှိထားသော သတင်းအချက်အလက်များမှနေ၍ ချိုးဖောက်မှု၏ အရေးကြီးအင်္ဂါရုပ်အခြေအနေ များကိုလည်း စနစ်နည်းလမ်းတကျ ဖော်ထုတ်နိုင်စွမ်းရှိရမည် ဖြစ်ပါသည်။ ချိုးဖောက်မှုမြောက်သော၏ အင်္ဂါရုပ်အခြေအနေရပ် များကို ဖော်ထုတ်မှုပြုရန်အတွက် ဤအခန်းကဏ္ဍင် မြန်မာနိုင်ငံ၏ အခြေအနေအချိန်အခါအရ ဖြစ်ပွားနေကျအတင်း အဓမ္မရွှေ့ပြောင်း စေခြင်းအတွက် အထောက်အထားပါသော ဖြစ်ရပ်မှန်ပုံစံ တခုကိုဖော်ပြပေးပါမည်။

ဖြစ်ရပ်မှန်ပုံစံ ပေါ်အခြေခံလျက် ဤအခန်းတွင် တွေ့ဆုံမေးမြန်းမှုနည်းနာနှင့် ပတ်သက်သော အကောင်းအဆိုး သာဓက များကိုဖော်ပြထားပါသည်။ တွေ့ဆုံမေးမြန်းခြင်းနှင့်ပတ်သက်သော အချက်အလက်များ ၄င်းအပြင်၊ ထိရောက်စွာ သတင်းအချက် အလက်များရှာဖွေရေးနှင့်ပတ်သက်သော အကြံပြုချက်များကို နောက်ထပ်မံ သိရှိလိုပါက ဤစာစောင်တွင်ပါ ရှိသော "မြန်မာနိုင်ငံ လူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကိုတွင် ကြည့်ပါ။

(က) အခြေအနေ အချိန်အခါကို နားလည်ခြင်း။

လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ဖော်ထုတ်ရေးအတွက် အချက်အလက်ရှာဖွေရေးလုပ်ငန်း သို့မဟုတ် တွေ့ဆုံမေးမြန်းခြင်းများ မစတင်မီမှာ ချိုးဖောက်မှုများ ဖြစ်ပွားရာသည့်နေရာ၏ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေအချိန်အခါကို နားလည်ထားရန် အရေးကြီးပါသည်။ အခြေအနေ အချိန်အခါကို နားလည်ခြင်းအားဖြင့်အချက်အလက် ရှာဖွေစုဆောင်းသူအဖို့ ထိရောက်သော မေးခွန်းများပြုစုရေးနှင့် လက်ရှိအခြေအနေကို ထိုးထွင်းသိမြင်ရေးတွင် အထောက်အကူ ရနိုင်ပါသည်။ အတွေ့အကြုံရှိသော အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ပင်လျှင် အချက်အလက်ရှာဖွေ စုဆောင်းမှုမပြုမီ၊ နောက်ခံသတင်းအချက်အလက်များကို စီစစ်ကြည့်ရေးတွင် အထောက်အကူ ရနိုင်ပါသည်။ အောက်မှာတွင် ဖော်ပြထားသည်မှာ မြန်မာနိုင်ငံအတွင်း အတင်းအဓမ္မရွှေ့ပြောင်းစေခြင်း ချိုးဖောက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေး ဆိုင်ရာ နောက်ခံအခြေအနေ အကြောင်းအချက် အချို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသော အတင်းအဓမ္မရွှေ့ပြောင်းခြင်း ချိုးဖောက်မှု၏ သမိုင်းနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ နောက်ခံအကြောင်းအချက်များ

(၁၉၆၂)ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်၍ မြန်မာနိုင်ငံတခုလုံးအား စစ်အာဏာသိမ်းခဲ့သည့်အချိန်မှစ၍ အာ ဏာအဆင့်ဆင့် ဆက်ခံလာသော စစ်အစိုးရများသည် တိုင်းပြည်ရှိ ပြည်သူလူထုကို ခြိမ်းခြောက်ခြင်း၊ မဖေါ်ပြနိုင် လောက်သော ရက်စက်မှုမျိုးဖြင့် အုပ်ချုပ်လာခဲ့သည်။ စစ်အစိုးရသည် လူထုအပေါ် ထိန်းချုပ်မှုများကိုချဲ့ထွင်ရန်အတွက် အထူးသဖြင့် တိုင်းရင်းသား လူမျိုးစုများ နေထိုင်ရာဒေသများအတွင်း ၎င်းတို့၏ ထိန်းချုပ်မှုကို တိုးချဲ့ရန်အတွက် အတင်း အဓမ္မရွှေ့ပြောင်းခြင်းများကို စဉ်ဆက်မပြတ် ပြုလုပ်နေဆဲဖြစ်သည်။ လက်ရှိခန့်မှန်းတွက် ဆချက်များအရ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း မြန်မာပြည်သူ တစ်သန်းကျော်မက ၎င်းတို့အိုးအိမ်များမှ အတင်းအဓမ္မဖယ် ရှားခံခဲ့ရသည်ဟုဆို သည်။ ပြည်သူအများစုသည် အကြိမ်ပေါင်းများစွာ အတင်းအဓမ္မရွှေ့ပြောင်းခံနေရသည်။ အချို့ ပြည်သူများသည် နှစ်ပေါင်း (၄၀) ကြာ အိုးအိမ် အတည်တကျမရှိ နေထိုင်လာခဲ့ရသည်။

မြန်မာနိုင်ငံအတွင်း အတင်းအဓမ္မ ဖယ်ရှားခံရမှုများ၏ အဓိကအကြောင်းရင်းများမှာ လူနည်းစု တိုင်းရင်းသားကျေး ရွာသားများအပေါ် အလွန်များပြားကြီးမားသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်အစိုးရထောက်ခံသူ တပ်ဖွဲ့ များနှင့် တိုင်းရင်းသား အတိုက်အခံအုပ်စုများအကြား ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခ၊ ဖွံ့ဖြိုးရေးစီမံချက်များ၊ မြေယာ သိမ်းဆည်းမှုများနှင့် မြို့ပေါ် ရွှေ့ပြောင်းနေကြမှုများကြောင့် ဖြစ်သည်။

ndburma2.indd 129 26-Dec-09 13:05:24

လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ဖြစ်ပေါ်ရသော အတင်းအဓမ္မ‌ရွှေ့ပြောင်းမှု

လူ့အခွင့်အရေးချိုးဖောက်မှုများသည် မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်နေသော အတင်းအဓမ္မ‌ရွှေ့ပြောင်းခြင်းများ၏ တခုတည်းသော အရေးအကြီးဆုံး အကြောင်းရင်းတရပ်ဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးများ နေထိုင်ရာ ဒေသများအတွင်းနှင့် စစ်ရေးအရ အကြီးအကျယ်တိုးချဲ့သော ဒေသများတွင် ဖြစ်ပွားတတ်သည်။ မြန်မာနိုင်ငံရှိ အရပ် သားပြည်သူများနှင့် ကျေးရွာသားအများအပြားသည် စစ်အစိုးရလက်အောက်တွင် လူ့အခွင့်အရေးချိုးဖောက် မှုများစွာကို အကာအကွယ်မရှိ ချိုးဖောက်ခံနေရသည်။ ထိုချိုးဖောက်မှုများတွင် ရက်စက်စွာတိုက်ခိုက်မှု၊ နှိပ်စက်မှု၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု၊ ပေါ်တာဆွဲမှု၊ အတင်းအဓမ္မစစ်သားအဖြစ် စုဆောင်းမှု၊ အသက်မွေး ဝမ်းကြောင်းမှ လုပ်ငန်းများ ဆုံးရှုံးရမှုများအပြင် တိုင်းရင်းသားမျိုးနွယ်၊ ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ အနိုင်ကျင့်စော်ကားခံမှုများ လည်းပါဝင်သည်။ ထိုအနိုင်ကျင့်ချိုးဖောက်မှုများ သို့မဟုတ် ချိုးဖောက်ခံရမည့် ခြိမ်းခြောက်မှုများကို ရှောင်လွှားနိုင် မည်ဟူသော မျှော်လင့်ချက်ဖြင့် အရပ်သားပြည်သူအများစုသည် ၎င်းတို့ အိုးအိမ်များကို စွန့်ခွာထွက်ပြေးကြသည်။

လက်နက်ကိုင်ပဋိပက္ခကြောင့် ဖြစ်ပေါ်ရသော အတင်းအဓမ္မ‌ရွှေ့ပြောင်းမှု

တိုင်းရင်းသားအတိုက်အခံအုပ်စုများနှင့် စစ်အစိုးရအကြား တိုက်ခိုက်မှုများသည် ဆယ်စုနှစ်များစွာကြာ ဖြစ်ပေါ် နေဆဲဖြစ်သည်။ (၁၉၇၀) ခုနှစ်များ အလယ်ပိုင်းမှစ၍ စစ်အစိုးရသည် ဖြတ်လေးဖြတ်ပေါ်လစီကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည်။ ယင်းပေါ်လစီ၏ ရည်ရွယ်ချက်မှာ တော်လှန်ရေးအုပ်စုများအား ရိက္ခာဖြတ်၊ ရံပုံငွေဖြတ်၊ စစ် သားသစ်စုဆောင်းမှုဖြတ်၊ သတင်း အချက်အလက်ဖြတ်ပစ်ရေးပင်ဖြစ်သည်။ ၎င်းမူဝါဒနှင့်အညီ အမဲရောင်နယ်မြေ (တော်လှန်ရေးလက်နက်ကိုင်တပ်များ ထိန်းချုပ်ရာဒေသ)နှင့် အညိုရောင်နယ်မြေ (တိုက်ခိုက်မှုများဖြစ်ပွားရာဒေသ) များတွင်နေထိုင်သော ကျေးရွာသားများကို အဖြူရောင်နယ်မြေ (စစ်တပ်ထိန်းချုပ်ထားရာဒေသ) များအတွင်းသို့ အတင်းအဓမ္မ‌ရွှေ့ပြောင်းစေခဲ့သည်။ ဖြတ်လေးဖြတ် ပေါ်လစီအောက် ရွှေ့ပြောင်းမှုများကို (၁၉၉၆) ခုနှစ်၌ အလုံး အရင်းဖြင့် အကောင်အထည်ဖော်ခဲ့သည်။ ကျေးရွာသား ရာထောင်ပေါင်းများစွာ ပြောင်းရွှေ့ခံခဲ့ရသည်။ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသော ဒေသများတွင် နေထိုင်သူ ကျေးရွာသားများသည် တိုင်းရင်းသား အတိုက်အခံ အုပ်စုများနှင့် စစ်အစိုးရအကြား အပြန်အလှန် တိုက်ခိုက်မှုများရန်မှ လွတ်ကင်းရာလွတ်ကင်းကြောင်း အတွက် ၎င်းတို့အိုးအိမ်များသို့ စွန့်ခွာ ထွက်ပြေးကြရသည်လည်း ရှိတတ်သည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်ရသော အတင်းအဓမ္မ‌ရွှေ့ပြောင်းခံရမှု

ဖွံ့ဖြိုးရေးစီမံချက်များသည်မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်နေသောအတင်းအဓမ္မ‌ရွှေ့ပြောင်းမှုအများစုအတွက်တာဝန် ရှိသည်။ ပြည်သူများရွှေ့ပြောင်းရခြင်းကို ဖြစ်ပေါ်စေသော စီမံချက်အမျိုးအစားများတွင် (၁)ရေကာတာ၊ ခါတ်အားပေး စက်ရုံ၊ ရေသွင်းတူးမြောင်းနှင့် ရေလှောင်ကန် စသော စွမ်းအင်နှင့် ရေထောက်ပံ့ပေးရေး စီမံချက်များ၊ (၂) စက်မှုဇုံ မြေ၊ အစိုးရအဆောက်အဦးများ၊ သင်္ဘောဆိပ်များ၊ လမ်းများ၊ တူးမြောင်းများ စသောမြို့ပြအခြေခံအဆောက်အဦး တည်ဆောက်ခြင်းစီမံချက်များနှင့် (၃) သတ္တုတူးဖေါ်ခြင်း၊ ရေနံရှာဖွေခြင်းနှင့် တူးဖေါ်ခြင်းနှင့် ပိုက်လိုင်းများတည် ဆောက်ခြင်းစသော သဘာဝသယံဇာတ တူးဖေါ်ခြင်း စီမံချက်များ ဖြစ်သည်။ မြန်မာနိုင်ငံရှိ ထောင်သောင်းချီသော ကျေးရွာ သားများသည် ဖွံ့ဖြိုးရေးစီမံချက်များကြောင့် သို့မဟုတ် ထိုစီမံချက်များမှတဆင့်ခံ ဖြစ်ပေါ်လာသော ဆိုးကျိုး ရလဒ်များကြောင့် အတင်းအဓမ္မ‌ရွှေ့ပြောင်းခြင်း ခံနေရသည်။

မြေယာသိမ်းဆည်းမှုကြောင့် ဖြစ်ပေါ်ရသော အတင်းအဓမ္မ‌ရွှေ့ပြောင်းခံရမှု

အတင်းအဓမ္မ‌ရွှေ့ပြောင်းမှုသည် စစ်အစိုးရက အတင်းအဓမ္မမြေယာများ သိမ်းယူခြင်းကြောင့်လည်း ဖြစ်ပွား ရသည်။ အထူးသဖြင့် အပစ်အခတ်ရပ်စဲထားသောဒေသများတွင် အဖြစ်များသည်။ သိမ်းယူထားသော မြေများ ပေါ်တွင် တခါတရံ၌ စစ်ရေးအဆောက်အဦးများ တည်ဆောက်ခြင်း၊ သို့မဟုတ် ခဲ့ထွင်ခြင်း၊ စိုက်ပျိုးရေးစီမံချက်များ

ndburma2.indd 130 26-Dec-09 13:05:24

သို့မဟုတ် စိုက်ခင်းများ တည်ဆောက်ခြင်း သို့မဟုတ် ပုဇွန်မွေးကန်ကဲ့သို့သော စီးပွားဖြစ်လုပ်ငန်းများ တည်ဆောက်ကြလေ့ရှိသည်။ ပုံမှန်အားဖြင့် မြေပိုင်ရှင်များသည် သူ သို့မဟုတ် သူ၏ မြေယာနှင့် အသက်မွေးဝမ်းကြောင်းမှလုပ်ငန်းဆုံးရှုံးခဲ့ရသည့်အပြင် သူတို့ပိုင်မြေယာများပေါ်တွင် အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းကိုလည်း ခံနေရသည်။ တခါတရံတွင် တိုင်းရင်းသားလူမျိုးစုများ သို့မဟုတ် လူနည်းစုဘာသာဝင်များ စုဖွဲ့အများစုနေထိုင်သော ဒေသများတွင်မြန်မာတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များကို အစားထိုးအခြေချခြင်းဖြင့် လက်ရှိလူဦးရေတည်ရှိမှုကို လျော့ချရန်အတွက်မြေယာသိမ်းယူမှုများလည်း ရှိတတ်သည်။

အတင်းအဓမ္မလွှဲပြောင်းခံရသည့်ကျေးရွာသားများသည် ၎င်းတို့၏ ပိုင်ဆိုင်မှုအများစုကိုချန်ထားခဲ့ရသည်။ အိုးအိမ်မဲ့ ပြည်သူများ၏ မြေယာများ၊ ပိုင်ဆိုင်မှုများသည် ပုံမှန်အားဖြင့် စစ်တပ်၏ သိမ်းယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်းကိုခံရလေ့ရှိသည်။ တခါတရံတွင် တရွာလုံးပြာကျသည်အထိမီးရှို့ခံရသည်။ မြေယာရှင်အများစုသည် ၎င်းတို့ဆုံးရှုံးသွားသော မြေယာ သို့မဟုတ် အသက်မွေးဝမ်းကြောင်းလုပ်ငန်းအတွက် မည်သည့်အခါမှ အပြည့်အဝလျော်ကြေး မရကြ ပေ။ ထို့အပြင် စစ်အစိုးရက ကျူးလွန်သော အတင်းအဓမ္မလွှဲပြောင်းခြင်းအများစုတွင် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သော မုဒိမ်းကျင့်မှု၊ သတ်ဖြတ်မှုနှင့် အတင်းအဓမ္မလုပ်အားပေး ခိုင်းစေမှုစသောလူ့အခွင့်အရေး ချိုးဖောက်မှုများပါ နောက်ဆက်တွဲ တဆက်တည်း ဖြစ်ပေါ်တတ်သည်။

အချို့ကျေးရွာသားများသည် တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားသော စစ်တပ်လွှဲပြောင်းရေးစခန်းကြီးများ(စုစည်းကျေးရွာ)များဆီသို့ ပြောင်းရွှေ့ခံရသည်။ အခြားကျေးရွာသားများသည် တောတွင်းသို့ ပြေးဝင်ခိုအောင်းကြရသည်။ အခြေခံအရင်းအမြစ်၊ အသက်မွေးဝမ်းကြောင်းမှနှင့် စစ်တပ်၏ အနိုင်ကျင့်မှုများမှ အကာအကွယ်ပေးမှုများ မရရှိသောကြောင့် အိုးအိမ်မဲ့ပြည်သူများသည် အစာရေစာငတ်ပြတ်ခြင်း၊ တိုက်ခိုက်ခံရခြင်းနှင့် ရောဂါဘယများရရှိခြင်း အစရှိသဖြင့် ခံစားကြရသည်။ စစ်အစိုးရသည် အိုးအိမ်မဲ့ပြည်သူများအတွက် အထောက်အပံ့များပေးရန် အသိအမှတ်မပြုခြင်း၊ သို့မဟုတ် ထောက်ပံ့မှုပေးရန် ငြင်းဆန်လျက်ရှိနေသည်။ ထို့အပြင် အိုးအိမ်မဲ့ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ကြိုးပမ်းအားထုတ်နေသော နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် အေဂျင်စီများ၏အားထုတ်ချက်များကိုလည်း စစ်အစိုးရက ဟန့်တားကန့်သတ်ထားသည်။

(ခ) ဖြစ်တတ်သည့် ပုံစံများ

မြန်မာနိုင်ငံ၏တည်ဆဲအခြေအနေတွင်ဖြစ်လေ့ရှိသော မုဒိမ်းပြုကျင့်မှုနှင့်အခြားလိင်ပိုင်းဆိုင်ရာအခြားသောအကြမ်းဖက်မှုပုံသဏ္ဌာန်များ၊ အမှုမျိုးအတွက် အချက်အလက်ပုံစံတခုကို အောက်တွင်ဥပမာအနေဖြင့်ဖော်ပြပေးထားပါသည်။ ဤအချက်အလက်ပုံစံသည် ချိုးဖောက်မှုတရပ်၏ အဓိကအခြေအနေအချက်အလက်အင်္ဂါရပ်များကို ဖေါ်ထုတ်ပြရာ၌ အသုံးဝင်ဖွယ်ရှိပါသည်။ အတင်းအဓမ္မလွှဲပြောင်းစေခြင်းတည်းဟူသော ချိုးဖောက်မှုတရပ်ကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီသတ်မှတ်နိုင်ရေးအတွက် အောက်ပါအချက်များပါရှိရမည်ကို သတိပြုပါ။

၁။ တစ်စုံတစ်ဦး၏ အိုးအိမ် သို့မဟုတ် မြေနေရာမှာ ဖယ်ရှားခံရခြင်း

၂။ အကြောင်းမဲ့ အတင်းအကျပ် ဖယ်ရှားပစ်ခြင်း

၃။ အလိုမတူခြင်း သို့မဟုတ် ဆန္ဒမပါဘဲ လုပ်ဆောင်ခြင်း

၄။ အစိုးရ၏ လုပ်ဆောင်ချက်တို့ ဖြစ်သည်။

ndburma2.indd 131 26-Dec-09 13:05:24

ဖြစ်ရပ်မှန်ပုံစံ– အတင်းအမွှေ့ပြောင်းခြင်း[II]

နော်ဖေါ်ဝါးသည် သူ၏ခင်ပွန်းဖြစ်သူ စောလှဝင်းနှင့်အတူ သူ၏ စိုက်ခင်းအတွင်းအလုပ်လုပ်နေစဉ် ၄င်းတို့နေထိုင်သည့်ရွာမှ မီးခိုးလုံးများထွက်လာသည်ကို တွေ့ခဲ့ရသည်။ ထိုသို့တွေ့ရှိရသည်နှင့် တပြိုင်နက်သယ်လာသောခြင်းတောင်းကို ပစ်ချလိုက်ကာ သူ၏ခင်ပွန်းသည်ကို အော်ခေါ်လိုက်သည်။ ထို့နောက် နှစ်ဦးသား ရွာဆီသို့ခြေကုန်သုတ် လိုက်ကြတော့သည်။

နော်ဖေါ်ဝါးနှင့် သူ၏မိသားစုသည် ကရင်ပြည်နယ်တောင်တန်းများပေါ်ရှိ ကရင်ကျေးရွာတရွာတွင် နေထိုင်ကြသည်။ လွန်ခဲ့သော ရက်သတ္တပတ် နှစ်ပတ်ခန့်က (နအဖ) စစ်အစိုးရ၏ စစ်သားများ ကျေးရွာသို့ရောက်လာကြကာ ရွာအနှံ့ကြေညာစာများ ကပ်ခဲ့ကြသည်။ ထိုသတိပေးကြေညာချက်များက ရွာသားများသည် ၎င်းတို့မပိုင်သော မြေပေါ်တွင် နေထိုင်နေကြသည်ဟု ဖော်ပြထားသည်။ သံလွင်မြစ်ပေါ်တွင် ရေကာတာဆောက်ပြီးသည်နှင့်တပြိုင်နက် ထိုနေရာသည် ရေမျက်နှာပြင်အောက် ရောက်ရှိသွားလိမ့်မည်ဖြစ်သောကြောင့် ယခုလအကုန်တွင် အိမ်မှထွက်ခွာပေးရမည်ဟု ထိုသတိပေး ကြေညာချက်က ပြောဆိုထားသေးသည်။ ရွာသားများ၌ပြောင်းသွားရမည့် သတ်မှတ်ထားသောနေရာနှင့် ပတ်သက်သော သတင်းအချက်အလက် များကိုလည်း ထိုကြေညာစာတွင်ဖော်ပြထားသည်။ ရွာသူအများစုက ပြောင်းရွှေ့သွားခြင်း မရှိသေးပေ။

နော်ဖေါ်ဝါး၏ ကျေးရွာသည် ကရင်အမျိုးသားအစည်းအရုံး၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA)၏ လှုပ်ရှားမှုဒေသအတွင်းဖြစ်သော အညိုရောင်နယ်မြေ အတွင်းတွင်လည်း တည်ရှိသော ရွာတစ်ရွာလည်းဖြစ်သည်။ ဘေးပတ်ဝန်းကျင်ဒေသများ၌ ကေအန်အယ်အေ (KNLA) အခြေစိုက် စခန်းများနှင့် ကရင်တော်လှန်ရေး စစ်သားများအမြဲတစေ တပ်စွဲထားခြင်းမရှိသော်လည်း အနီးတဝိုက်ရှိ ကျေးရွာများစွာသည် လွန်ခဲ့သော ရက်သတ္တပတ်အတွင်းတွင်မှာပင် (နအဖ) စစ်သားများ၏ တိုက်ခိုက်ဖျက်ဆီးခြင်းခံခဲ့ရသည်။

နော်ဖေါ်ဝါးနှင့် သူ၏ခင်ပွန်း ရွာအနီးသို့ ရောက်ခဲ့သည်နှင့် အော်ဟစ်သံများ၊ သေနတ်သံများကို ကြားခဲ့ရသည်။ အိမ်များစွာ မီးလောင်နေဆဲဖြစ်သည်။ (နအဖ) စစ်တပ်ယူနီဖောင်းများဝတ်ဆင်ထားသော စစ်သားများက တရွာလုံးအနှံ့ပြည့်နေသည်။ နော်ဖေါ်ဝါးနှင့်သူမခင်ပွန်းအိမ်တွင်းသို့ရောက်ချိန်တွင် သူ၏အိမ်နီးနားချင်းတဦး ရွာလယ်လမ်းမကြီးအတိုင်းရွာလယ်ခေါင်သို့ ထွက်ပြေးလာနေသည်ကိုတွေ့ခဲ့ရသည်။ (နအဖ) စစ်သားတယောက်က သူ့နောက်ကို အပြေးလိုက်လာနေသည်ကိုလည်းတွေ့ခဲ့ရသည်။ ထိုစစ်သားက ပြေးနေသောရွာသားအား သေနတ်နှင့်ပစ်လိုက်သည်။ နော်ဖေါ်ဝါး၏ အိမ်နီးနားချင်း လမ်းလယ်ခေါင်တွင် ထိုးကျသွားသည်။ "မင်းတို့ ကရင်စုတ်တွေအားလုံးအတူတူပဲ။ မင်းတို့မရှိရင် ကမ္ဘာကြီးက တော်တော်နေလို့ကောင်းသွားမယ်။" ဟု ထိုစစ်သားပြောစကားကို နော်ဖေါ်ဝါး ကြားခဲ့ရသည်။

နော်ဖေါ်ဝါးနှင့် သူ့ခင်ပွန်းတို့နှစ်ဦးသား အိမ်ထဲသို့ ခြေသံဖော့၍ ဝင်ခဲ့ကြသည်။ အိမ်ခန်းထဲတွင် တဦးနှင့်တဦးကျစ်ကျစ်ပါ ဖက်ထားနေကြသော သူ၏ကလေးနှစ်ဦးနှင့် မိခင်ကြီးတို့ကိုတွေ့ခဲ့ရသည်။ ရသမျှပစ္စည်းများကိုစု၍ ခုချက်ချင်း အိမ်မှ ပြေးမှရမည်ဟု သူတို့ကိုပြောလိုက်သည်။

နော်ဖေါ်ဝါးသည် မိသားစုပိုင်ဆန်များကို သိမ်းနေချိန်တွင် အိမ်ရှေ့တံခါးခေါက်သံကို ကြားလိုက်ရသည်။ စောလှဝင်း တံခါးထဖွင့်ပေးလိုက်ရာ (နအဖ) စစ်သားတဦးနှင့် ရင်ဆိုင်တွေ့လိုက်ရသည်။ "မင်းနဲ့ မင်းမိသားစုတခုလုံး အခု ချက်ချင်းထွက်ပေးရမယ်။ ဒီရွာက ကရင်သူပုန်ကို ရိက္ခာထောက်ပံ့ပေးနေတယ်လို့ ငါတို့ထင်တယ်။ "ဟု ထိုစစ်သားကပြောခဲ့သည်။

နိုင်သလောက်ပစ္စည်းကိုသယ်ကာ နော်ဖေါ်ဝါးနှင့်သူမ၏မိသားစုသည် အိမ်မှထွက်၍သတ်မှတ်ထားသော ရွှေ့ပြောင်းဒေသဆီသို့ ဦးတည်သွားနေသော အခြားရွာသားများစွာနှင့်အတူ လိုက်ပါသွားခဲ့ရသည်။ ရွာမှထွက်ခွာချိန် တွင် (နအဖ) စစ်သားများက အိမ်များပေါ်ရှိ ပစ္စည်းများကို လုယက်ယူနေကြသည်ကို တွေ့ခဲ့ရသည်။ အိမ်များစွာ ပြာကျ

II ယခု ဖော်ပြထားသည့် စိတ်ကူးဖော်ပြချက်ပုံစံသည် လူအများ၏ အတွေ့အကြုံများကို အခြေခံရေးသားထားခြင်း ဖြစ်ကြောင်း သတိပြုစေလိုပါသည်။ ယခု လက်စွဲစာအုပ်တွင် အသုံးပြုဖော်ပြနိုင်ရန်အတွက်သာ ဖန်တီးရေးသားထားခြင်း ဖြစ်ပါသည်။ လူတဦး၏ ဖြစ်ရပ်၊ အမှန်ဖြစ်ရပ် တခု ကို ဖော်ပြရေးသားထားခြင်း မဟုတ်ပါ။

ndburma2.indd 132 26-Dec-09 13:05:24

သည်အထိမီးရှို့ခံခဲ့ ရပြီး၊ အခြားအိမ်များကို မီးလိုက်ရှို့နေသည်ကိုလည်း တွေ့ခဲ့ရသည်။ သူ့အိမ်သို့ နော်ဖေါ်ငါးလှည်းကြည့်လိုက်ချိန်တွင် မီးဝိုင်းနေသော သူ၏အိမ်ကို တွေ့ခဲ့ရသည်။

ထိုရွှေပြောင်းဒေသဆိုသည်မှာ(နအဖ)စစ်အစိုးရထိန်းချုပ်ရာဒေသအတွင်းရှိမတ်စောက်သောတောင်ကုန်းပေါ်တွင် တည်ထားသော နေရာတခုဖြစ်နေသည်။ အိမ်သော်လည်းကောင်း အဆောက်အဦးသော်လည်းကောင်း ထိုမြေပေါ်တွင်လုံးဝမရှိပေ။ မြေမျက်နှာပြင်အနေသည် ကျေးရွာသားများအတွက် ကောက်ပဲသီးနှံစိုက်ပျိုးရန် အလွန်ခက်ခဲသော နေရာလည်းဖြစ်သည်။ ထို့အပြင် မိမိပိုင်စိုက်ခင်းသို့သွားရန်အတွက် စစ်တပ်ဂိတ်များကို အဆမတန်လာဘ်ငွေပေးရန်လိုအပ် သောကြောင့် လုံးဝမဖြစ်နိုင်ပေ။ သူတို့သယ်လာနိုင်သည့် မဖြစ်စလောက် ရိက္ခာများဖြင့်သာ ရွာသားအားလုံး အသက်ရှင်ခဲ့ကြရသည်။ နှစ်ရက်အကြာတွင် ထိုအခြေအနေအောက်တွင် သူ နှင့် သူ၏ မိသားစု မည်သို့မျှ ဆက်မနေနိုင်သည်ကို နော်ဖေါ်ငါး သိလာခဲ့သည်။ ညသန်းခေါင်ယံအချိန်တွင် သူ၏မိသားစုနှင့်အတူ တောတွင်းသို့ထွက်ပြေးခဲ့ကြသည်။ ထိုအချိန်မှစ၍ သူနှင့် သူ၏မိသားစုသည် တောတောင်ထဲတွင်သာ ဆက်လက်၍ နေထိုင်လာခဲ့ကြပါသည်။

(၈) တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာပုံစံ

တွေ့ဆုံမေးမြန်းခြင်းသည် အဓိကကျသော အချက်အလက်များကို ရှာဖွေစုဆောင်းနည်းပင် ဖြစ်သည်။ အဓိကအကြောင်းရင်းမှာ အဖြစ်အပျက်တခုနှင့် ပတ်သက်၍ လူတို့သည် သတင်းအချက်များကို အများဆုံးရရှိထားသူများဖြစ်သောကြောင့် ပင်ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခြင်းသည် အချက်အလက်ရှာဖွေစုဆောင်းသောလုပ်ငန်းအတွက် အခြေခံကျသည်ဖြစ်ရာ၊ တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အကောင်းဆုံး ရရှိထားခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘက်ပေါင်းစုံမှနေ၍ အသေးစိတ်ကျကျ ဖေါ်ထုတ်ရေးတွင် သော့ချက်တခုဖြစ်ပါသည်။ အထက်ဖေါ်ပြပါ ဖြစ်ရပ်မှန်ပုံစံကို အခြေခံထားသောတွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ (၂) ခုကို အောက်မှာ ဖေါ်ပြထားပါသည်။ ပထမတွေ့ဆုံမေးမြန်းခြင်းသည် အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်း၏ သာဓက ဖြစ်ပြီး၊ ဒုတိယ တွေ့ဆုံမေးမြန်းခြင်းသည် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပါသည်။ သာဓကတခုစီ၏ အောက်ခြေတွင် ပိုင်းခြားသုံးသပ်ချက်များကို ဖေါ်ပြထားပါသည်။

၁။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ညံ့)

မေး – ဆိုတော့ (နအဖ) စစ်အစိုးရက ခင်ဗျားတို့ကို ခင်ဗျားတို့အိမ်ကနေ အတင်းအဓမ္မ မောင်းထုတ်ခဲ့တယ်ပေါ့။

နော်ဖေါ်ငါး – ဟုတ်ပါတယ်။ ကျမတို့မိသားစုတို့အတွက် တကယ့်ကို အခက်အခဲဖြစ်ခဲ့ပါတယ်။ အိမ်လည်းဆုံး၊ ကျမတို့ စိုက်ခင်းတွေလည်း ဆုံးရှုံးခဲ့ရပါတယ်။ ကျမတို့ အသက်ရှင်ရပ်တည်ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်တော့ပါဘူး။

မေး – အဲဒါက သံလွင်မြစ်ပေါ်မှာ (နအဖ) စစ်အစိုးရက ဆောက်ဖို့ စီစဉ်နေတဲ့ ရေကာတာကြောင့်လား။

နော်ဖေါ်ငါး – အင်း– ကျမလည်း အဲဒီလိုပဲ ထင်တာပါပဲ။ စစ်သားတွေက ကျမတို့ကို မောင်းမထုတ်ခင်နှစ်ပတ်၊ သုံးပတ် လောက်တုန်းက ကျမတို့ ရွာမှာ သတိပေးကြေညာစာတွေလာကပ်တာ ကျမသိပါတယ်။ ရေကာတာကြောင့် ကျမတို့ထွက်ပေးရမယ်လို့ သတိပေးချက်မှာ ရေးထားပါတယ်။ ဒါပေမယ့် နှစ်ပတ်အတွင်း ထွက်သွားရမယ်လို့ မဆိုပါဘူး။

မေး – ဆိုတော့ စစ်သားတွေက ခင်ဗျားတို့ကို အတင်းအကျပ်မောင်းထုတ်လို့ ခင်ဗျားတို့ ထွက်လာခဲ့ရတာပေါ့။

နော်ဖေါ်ငါး – ဟုတ်ပါတယ်။ စစ်သားက ကျမတို့အိမ်ကို လာပြီး၊ ကျမတို့ကို ထွက်သွားခိုင်းပါတယ်။

မေး – ပြီးတော့ ခင်ဗျားတို့ သတ်မှတ်ထားတဲ့ ရွှေပြောင်းရေးနေရာ (စုစည်းကျေးရွာ) ကို လာခဲ့ကြတာပေါ့။

နော်ဖေါ်ငါး – ဟုတ်ပါတယ်။ ဒါပေမယ့် ကျမတို့ အဲဒီမှာ မနေပါဘူး။

မေး – အခြားရွာသားတွေကော ရွှေပြောင်းခံခဲ့ရလား။

နော်ဖေါ်ငါး – ဟုတ်ကဲ့။ ရွှေပြောင်းခံခဲ့ရပါတယ်။

ndburma2.indd 133 26-Dec-09 13:05:24

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရခြင်းမှာ အကြောင်းအချက်များစွာ ရှိပါသည်။

ပထမအချက်– တိုလွန်းသည်။ ချိုးဖေါက်မှုတခုဖြစ်ကြောင်း ဖေါ်ပြရန်လိုအပ်သည့် အင်္ဂါရုပ်များအကြောင်း မှတ်တမ်းပြုရန်တည်း ဟူသော တွေ့ဆုံ မေးမြန်းခြင်း၏ရည်မှန်းချက် ပေါက်မြောက်ခြင်းမရှိချေ။ ဖြစ်ပွားပုံကိုအသေးစိတ်ပေါ်လွင်စေရေးအတွက် မေးခွန်းများ လုံလောက်ခြင်းမရှိ။ နောက်ဆက်တွဲမေးခွန်းများသည် ဖြစ်ရပ်၏ ပုံကားချပ်ကို အပြည့်အဝဖေါ်ပြရေးတွင် အထူး အရေးကြီးပါသည်။

ဒုတိယအချက်– ဤမေးခွန်းများသည် အများအားဖြင့် နိမိတ်ပြမေးခွန်းများဖြစ်နေသည်။ ဆိုလိုသည်မှာ နော်ဖောဝါး အနေနှင့် မည်သို့ ဖြေကြားသင့်ကြောင်း အရိပ်အကဲပြသည့်သဘောဖြစ်နေသည်။ သူက "ဟုတ်ပါသည်" သို့မဟုတ် "မဟုတ်ပါ" ဟု ဖြေနေပါက အရေးကြီးသော အသေးစိတ်အချက်အလက်များကို ကျန်သွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ အနေနှင့်လည်း အရေးကြီးသော သတင်းအချက်အလက်များကို လက်လွတ်သွားလိမ့်မည်။ ထို့ပြင်၊ နော်ဖောဝါး ဘက်ကလည်း သူ့ဟာသူ လွတ်လွတ်လပ်လပ် ပြောပြလိုသည့် သဘောနည်းသွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူကြားလိုသော အဖြေများကို ပေးလိုသည့်သဘော ပိုများသွားနိုင်ပါသည်။

တတိယအချက်– ဤတွေ့ဆုံမေးမြန်းခြင်းသည် တွေ့ဆုံမေးမြန်းသူ မူလကတည်းက သံသယရှိနေသော ချိုးဖေါက်မှုကိုသာလျှင် အာရုံစိုက်ထားပြီး၊ အခြား ချိုးဖေါက်မှုများအတွက် အထောက်အထားရနိုင်သော မေးခွန်းများကို မေးခြင်းမရှိချေ။ ဤသာဓက ဖြစ်ရပ်ကဲ့သို့သော အတင်းအဓမ္မ ရွှေ့ပြောင်းစေမှု ပုံစံများသည် အခြားသော လူ့အခွင့်အရေးချိုးဖေါက်မှုများဖြစ်ပွားနေသည့်ကြားမှာ ဖြစ်ပွားတတ်ပါသည်။ အသေးစိတ်ကျသော တွေ့ဆုံမေးမြန်းမှုတခုကို လုပ်ခြင်းအားဖြင့် အခြားသောလူ့အခွင့်အရေးချိုးဖောက် ကျူးလွန်မှုကဲ့သို့သော ရာဇဝတ်မှုကျူးလွန်မှုများအတွက်အထောက်အထားများရနိုင်ဖွယ်ရှိပါသည်။ သာဓကအားဖြင့်– အဓမ္မရွှေ့ပြောင်းခိုင်းစဉ်ကာလတွင် သတ်ဖြတ်ခြင်းကိစ္စမျိုးဖြစ်ပါသည်။

နောက်ဆုံးအချက်– နော်ဖောဝါး၏ဖြစ်ရပ်ကိုအတည်ပြုဖေါ်ပြပေးမည့်သတင်းအချက်အလက်တစုံတရာကိုဤတွေ့ဆုံမေးမြန်းခြင်းမှနေ၍ မရရှိချေ။ သူ၏ဖြစ်ရပ်ကို အတည်ပြုပေးမည့် မျက်မြင်သက်သေနှင့် အထောက်အထားများရနိုင်မရနိုင် နော်ဖောဝါးကို မေးကြည့်ခြင်းသည် ကောင်းမွန်သောမှတ်တမ်းပြုမှုတခု၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။

(၂) တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ကောင်း)

မေး – လွန်ခဲ့တဲ့ ရက်သတ္တပတ် နှစ်ပတ်၊ သုံးပတ်အတွင်း ခင်ဗျားရွာမှာ ဘာတွေဖြစ်ပျက်ခဲ့ဆိုတာ ပြောပြလို့ရမလား နော်ဖေါဝါး။

နော်ဖေါဝါး – ဟုတ်ကဲ့။ ကျမနဲ့ ကျမခင်ပွန်း စိုက်ခင်းထဲမှာ အလုပ်လုပ်နေချိန် ရွာဖက်ကနေ မီးခိုးတွေထွက်လာတာ ကျမတို့ တွေ့လိုက်ရပါတယ်။ အဲဒီအချိန်မှာ ကျမမိခင်ကြီးနဲ့ ကလေးတွေက အိမ်မှာရှိနေပါတယ်။ ဒါကြောင့် ကျမတို့ ရွာဆီကို အပြေးပြန်လာခဲ့ပါတယ်။ တရွာလုံးမှာ (နအဖ) စစ်သားတွေ ချည်းပါပဲ။ အချို့အိမ်တွေကို စစ်သားတွေက မီးရှို့နေကြပါတယ်။ စစ်သားတွေက ကျမတို့ကို အိမ်ကနေ ထွက်သားဖို့ ပြောပါတယ်။

မေး – စစ်သားတွေက ဘယ်အချိန်မှာ ခင်ဗျားတို့ရွာကို ရောက်လာတာလဲ။

နော်ဖေါဝါး – သူတို့ဘယ်အချိန်ရောက်လာတယ်ဆိုတာတော့ ကျမ မသိပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျမခင်ပွန်းနဲ့ကျမက စိုက်ခင်းထဲမှာ အလုပ်လုပ်နေလို့ပါ။ ဒါပေမယ့် ရွာကနေ မီးခိုးတွေထွက်လာတာကို ကျမတို့တွေ့ရတဲ့အချိန်က နေ့လည်ခင်း အချိန်လောက်ပါပဲ။

မေး – စစ်သားတွေက ဘာကြောင့် ခင်ဗျားတို့ကို မောင်းထုတ်ရတာလဲဆိုတာ ခင်ဗျားသိသလား။

နော်ဖေါဝါး – ကျမသိပ်တော့ မသေချာပါဘူး။ ဒါပေမယ့် မောင်းထုတ်မခံရခင် ရက်သတ္တပတ်နှစ်ပတ်လောက်က စစ်သားအချို့

ndburma2.indd 134 26-Dec-09 13:05:24

ရွာထဲမှာ သတိပေးကြေညာစာတွေ လာကပ်ကြပြီး၊ ကျမတို့အားလုံး ဒီရွာကနေ ထွက်ပေးရမယ်၊ ဘာကြောင့်လဲဆိုတော့ သံလွင်မြစ်ပေါ်မှာ ရေကာတာဆောက်လုပ်နေတဲ့အတွက်၊ ကျမတို့ရွာ ရေမြုပ်သွားမှာကြောင့်လို့ ဆိုပါတယ်။ ဒါပေမယ့်လည်း စစ်သားတွေရောက်လာချိန်မှ ကျမတို့ နောက်နှစ်ပတ် အတွင်းမှာ ထွက်ပေးရမယ်လို့ မပြောခဲ့ပါဘူး။ ကျမတို့က ကေအန်အယ်အေ (KNLA)ကို ကူညီပေးနေတယ်လို့ သူတို့ကထင်လို့ ကျမတို့ကို မောင်းထုတ်တယ်လို့ ကျမထင်ပါတယ်။

မေး – ခင်ဗျား ဘာကြောင့် အဲဒီလို ထင်ရတာလဲ။

နော်ဖေါ်ဝါး – ဒီလိုလေ – ကျမအိမ်ကို ရောက်လာတဲ့စစ်သားကပြောတာက ကျမတို့ ချက်ချင်းထွက်ပေးရမယ် ဘာကြောင့် ဆိုတော့ ကျမတို့ရွာက ကရင်တပ်ကို ကူညီပေးနေတယ်လို့ (နအဖ) က ထင်လို့လို့ ကျမတို့ကို ပြောခဲ့တယ်။ နောက်ပြီး ဒီဒေသထဲမှာရှိတဲ့ အခြားရွာတော်တော်များများလည်း ကရင်တပ်ကို ကူညီလို့ တိုက်ခိုက်ခံရတယ်ဆိုတာကိုလည်း ကျမ ကြားပါတယ်။

မေး – အဲဒီစစ်သားတွေက (နအဖ) စစ်တပ်ကလို့ ခင်ဗျားဘယ်လိုလုပ်ပြီး သိသလဲ။

နော်ဖေါ်ဝါး – အဲဒီစစ်သားက (နအဖ) စစ်တပ် ယူနီဖောင်း ဝတ်ထားတယ်။ တပ်ရင်း နံပါတ်တော့ကျမမသိဘူး။ ဒါပေမယ့် ဒီဒေသအတွင်းမှာ ရှိတဲ့ အခြားရွာတွေကို တိုက်တဲ့တပ်ရင်းပဲလို့တော့ ကျမထင်တယ်။

မေး – ကရင်တပ် (ကေအန်အယ်အေ) နဲ့ (နအဖ) စစ်တပ် အကြားဖြစ်ပေါ်နေတဲ့ ပဋိပက္ခကြောင့် ခင်ဗျားတို့ရွာအပေါ် အန္တရာယ် ကျခဲ့တာလား။

နော်ဖေါ်ဝါး – မဟုတ်ပါဘူး။ တိုက်ပွဲတွေက ကျမတို့ရွာနဲ့ အဝေးကြီးမှာ ဖြစ်နေတာပါ။ တကယ်တမ်းကျတော့ အဲဒီဒေသမှာ ကရင်စစ်သားဆိုတာ ကျမ မမြင်ဖူးစလောက်ပါပဲ။ အဲဒီနားတဝိုက်မှာလည်း သူတို့ စခန်းတွေ မရှိပါဘူး။

မေး – စစ်သားတွေက ခင်ဗျားတို့ရွာကို အတင်းအကျပ်ရွှေ့ပြောင်းစေလိုတဲ့ အခြားအကြောင်းရင်းများကော ရှိဦးမလား။

နော်ဖေါ်ဝါး – (နအဖ) စစ်အစိုးရက ကရင်လူမျိုးတွေကို အမြဲတမ်းမုန်းပါတယ်။ မကြာမကြာဆိုသလို ကျမတို့ဟာ (နအဖ) အနိုင်ကျင့်စော်ကားမှုတွေ့ရဲ့ ပစ်မှတ်တွေ ဖြစ်နေကြပါတယ်။ ကရင်လူမျိုးဖြစ်နေရတာကပဲ ကျမတို့ ဒုက္ခရောက်ရတဲ့ နောက်ထပ် အကြောင်းပြချက်တခု ဖြစ်နေပါတယ်။

မေး – ခင်ဗျားကို ထွက်သွားဖို့ပြောပြီးတဲ့နောက် ခင်ဗျားဘာလုပ်ခဲ့သလဲ။

နော်ဖေါ်ဝါး – သယ်နိုင်သမျှ ကျမတို့သယ်လာပြီး ရွာကနေထွက်လာခဲ့ရပါတယ်။ အခြားရွာသားတွေနဲ့ အတူတွဲပြီး (နအဖ) စစ်တပ်က သတ်မှတ်ပေးထားတဲ့နေရာ စုစည်းကျေးရွာကို ကျမတို့ လာခဲ့ကြပါတယ်။

မေး – ခင်ဗျားမိသားစုထဲက ဘယ်သူတွေပါပါသလဲ။

နော်ဖေါ်ဝါး – ကျမအမေရယ်၊ ကျမကလေးနှစ်ယောက်ရယ်နဲ့ ကျမခင်ပွန်းသည်ပါပါတယ်။ ကျမတို့အားလုံး အတူတူသွားခဲ့တာပါ။

မေး – ဘာကြောင့် ခင်ဗျားတို့ ထွက်ပေးရတာလဲ။

နော်ဖေါ်ဝါး – စစ်သားတွေ တခုခုလုပ်မှာ ကျမတို့ကြောက်ပါတယ်။ ကျမအိမ်နီးနားချင်းတယောက်ကို (နအဖ) စစ်သားကပစ်သတ်တာ ကျမတွေ့ခဲ့ရပါတယ်။ ကျမတို့ နေလို့မရဲဘူး။ စစ်သားတွေက ရွာထဲမှာ ရှိသမျှ အကုန်လုံးကိုဖျက်ဆီးပစ်နေတာ။ ကျမတို့ မထွက်ခင်မှာ ကျမအိမ် မီးလောင်နေတာ တွေ့ခဲ့ရတယ်။

မေး – အခြားရွာသားဘယ်နှစ်ဦးလောက် ထွက်လာခဲ့ရသလဲ။

နော်ဖေါ်ဝါး – ကျမ အတိအကျတော့မသိပါဘူး။ ဒါပေမယ့် အခြေခံအားဖြင့်ကတော့ ရွာမှာရှိသမျှ လူအားလုံး ထွက်ပေးရတာပါ။ (နအဖ) စစ်တပ်က လူတိုင်းကို မောင်းထုတ်နေတာပါ။ ဘယ်သူမှ မနေရဲပါဘူး။

ndburma2.indd 135 26-Dec-09 13:05:24

မေး – (နအဖ) စစ်တပ်က သတ်မှတ်ပေးထားတဲ့ နေရာမှာ ခင်ဗျား ဘယ်လောက်ကြာကြာ နေခဲ့သလဲ။

နော်ဖေါ်ဝါး – နှစ်ရက်ပဲ ကျမတို့ နေခဲ့ပါတယ်။

မေး – ဘာကြောင့် ခင်ဗျား ကြာကြာမနေခဲ့တာလဲ။

နော်ဖေါ်ဝါး– နေရထိုင်ရတာ အရမ်းကိုဆိုးပါတယ်။ အဲဒီနေရာက တောင်စောင်းမှာပါ။ ဘာမှလည်းမရှိပါဘူး။ အပင်စိုက်ဖို့မဆို ထားနဲ့၊ အဆောက်အဦးဆောက်ဖို့တောင် အရမ်းခက်ပါတယ်။ ကျမတို့အားလုံးမှာ ကိုယ်သယ်လာနိုင်တာပဲရှိပါ တယ်။ စစ်သားတွေကိုလည်း ကြောက်ရပါတယ်။ (နအဖ) စစ်တပ်က အဲဒီနားမှာပဲ စခန်းတခု ထိုင်ထားပါတယ်။

မေး – စုစည်းကျေးရွာ (ရွှေပြောင်းရေးစခန်း) ကနေ ခင်ဗျားဘယ်လို ထွက်ခဲ့တာလဲ။

နော်ဖေါ်ဝါး – လွယ်လွယ်ကူကူတော့ မဟုတ်ပါဘူး။ အဲဒီဒေသတဝိုက်မှာ စစ်သားတွေ အများကြီးရှိပါတယ်။ သူတို့တွေကရွာ သားတွေကို လွတ်လွတ်လပ်လပ်သွားခွင့်မပြုပါဘူး။ ထွက်လို့ရမယ့် အချိန်ညအထိစောင့်ရပါတယ်။ လမ်းမကြီး ပေါ် ရောက်တဲ့အခါမှာ ကင်းလှည့်နေတဲ့ စစ်သားတွေနဲ့တွေ့ခဲ့ပါတယ်။ ကံကောင်းတာက ရွာကမထွက်ခင်မှာ ကျမစုထားတဲ့ ပိုက်ဆံအချို့ ကျမမှာရှိနေပါတယ်။ သူ့ကို ပိုက်ဆံပေးတော့ သူက ကျမတို့ကို သွားခွင့်ပြုခဲ့ပါတယ်။

မေး – အဲဒါပြီးတော့ ခင်ဗျားတို့ ဘယ်ဆက်သွားခဲ့သလဲ။

နော်ဖေါ်ဝါး – ကျမတို့ ရွာကိုလည်း ပြန်သွားလို့မရတော့ဘူး။ စစ်သားတွေက ရွာကို ဘုန်းဘုန်းလဲအောင် ဖျက်ဆီးလိုက်ပြီ။ ဒါကြောင့်ကျမတို့တောထဲကိုထွက်ပြေးခဲ့ပါတယ်။အဲဒီအချိန်ကစပြီးတော့ကျမတို့တောထဲကဒုက္ခသည်စခန်းမှာပဲ နေထိုင်နေကြပါတယ်။

မေး – ခင်ဗျားရဲ့ အိမ်နီးနားချင်းတယောက် ပစ်သတ်ခံခဲ့ရတယ်လို့ ခင်ဗျားပြောခဲ့တယ်။ ရွှေပြောင်းချိန်မှာ အခြားနောက် ထပ် တဦးဦးအရိုက်ခံ ဒါမှမဟုတ် အသတ်ခံခဲ့ရသေးသလား။

နော်ဖေါ်ဝါး – ရှိမယ်လို့ ကျမထင်ပါတယ်။ သေနတ်သံတွေ၊ အော်ဟစ်သံတွေ အများကြီးကျမကြားခဲ့ရပါတယ်။ နောက်ပိုင်းမှာ ကျမ သူငယ်ချင်းတယောက်နဲ့ စကားစပ်မိပါတော့ သူ့ ယောကျ်ားလည်း (နအဖ) စစ်သားရဲ့ အသတ်ခံခဲ့ရတယ်လို့ ဆိုပါတယ်။

မေး – အဲဒီအမျိုးသမီးနဲ့ စကားပြောလို့ ရနိုင်မလား။

နော်ဖေါ်ဝါး – စုစည်းကျေးရွာ ကနေ ကျမထွက်တဲ့အချိန်လောက်မှာပဲ သူလည်း ထွက်ပြေးခဲ့တာကို ကျမသိပါတယ်။ သူ ဘယ်ကို ထွက်ပြေးတယ်ဆိုတာ ကျမသိတယ်လို့ ထင်ပါတယ်။ ရှင်နဲ့လာတွေ့ဖို့ ကျမ သူ့ကို ပြောပေးပါမယ်။

မေး – အကယ်၍ ခင်ဗျားအတွက်ကော၊ အဲဒီအမျိုးသမီးအတွက်ပါ အန္တရာယ်မရှိဘူးဆိုရင် သူနဲ့ စကားပြောချင်ပါတယ်။ ခင်ဗျားတို့ရွာ ပြောင်းရွှေ့ခံခဲ့ရတာနဲ့ ပတ်သက်လို့ အခြားပြောပြနိုင်တဲ့လူတွေကို သိပါသလား။

နော်ဖေါ်ဝါး – ကျမနဲ့ တရွာတည်းသား ရွာသားတော်တော်များများ ကျမတို့နဲ့ အတူတူပုန်းအောင်းနေနေကြပါတယ်။ သူတို့ တွေမှာလည်းအလားတူ အတွေ့အကြုံတွေရှိပါတယ်။ ကျမရှင့်ကို စောထွန်းရယ်၊ နော်ကြင်ရွှေတို့နဲ့ မိတ်ဆက် ပေးပါ့မယ်။

မေး – ကျေးဇူးတင်ပါတယ်။ နောက်ထပ်ဖြည့်စွက်ပြောစရာ၊ မေးစရာများ ရှိပါသေးသလား။

နော်ဖေါ်ဝါး – ကျမမိသားစုနဲ့ ကျမရွာတရွာလုံး အလုံးစုံဆုံးရှုံးခဲ့ရပါတယ်။ ကျမတို့ အိမ်တွေ၊ ကျမတို့ ပိုင်ဆိုင်သမျှတွေ၊ ကျမ တို့ အသက်မွေးမှုတွေ၊ ကျမတို့ စိုက်ခင်းတွေအားလုံး မရှိတော့ပါဘူး။ ဘာဆိုဘာမှ ကျမတို့မှာ မရှိတော့ပါဘူး။ စုစည်းကျေးရွာစခန်းမှာ ကျမတို့ ဆက်ပြီးအသက်ရှင်လို့မရပါဘူး။ ကျမတို့ စိုက်ခင်းကိုလည်း သွားလို့မရ၊ မြေ ပေါ်မှာ ဘာမှလည်း စိုက်လို့မရတော့ပါဘူး။ အခုကျမတို့ တောထဲမှာနေနေရပါတယ်။ မသေရုံတမယ် ကျမတို့ အသက်ရှင်နေကြတာပါ။

မေး – အခုလို ခင်ဗျားရဲ့ တွေ့ကြုံခံစားမှုတွေကို ကျနော့်ကို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီအကြောင်းတွေ

ndburma2.indd 136 26-Dec-09 13:05:24

ပြောပြဖို့ဆိုတာ ခင်ဗျားအတွက် အရမ်းခက်ခဲမယ်ဆိုတာ ကျနော်သိပါတယ်။ အကယ်၍ ခင်ဗျားနဲ့ ကျနော်နောက်ထပ်တခေါက် ထပ်ပြီးစကား ပြောချင်တယ်ဆိုရင် ကျနော်ဘယ်လိုဆက်သွယ်ရမလဲ။

နော်ဖေါ်ဝါး – ကျမဒီနေရာမှာ ခဏတဖြုတ် ဆက်ပြီးရှိနေဒုံးမှာပါ။ ရှင်လာတွေ့ချင်တဲ့အချိန် ကျမနဲ့ စကားပြန်လာပြောလို့ရပါတယ်။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

ဤတွေ့ဆုံမေးမြန်းခြင်းသည် ကောင်းပါသည်ဟုဆိုရခြင်းမှာ နော်ဖေါ်ဝါးက သူ၏ဖြစ်ရပ်ကို ပြောပြသောကြောင့်ဖြစ်ပါသည်။ ပွဲဦး ထွက်မေးခွန်းများသည် လမ်းဖွင့်မေးခွန်းများဖြစ်ပြီး၊ နောက်ဆက်တွဲမေးခွန်းများလည်း ပါပါသည်။ သူ၏ဖြေကြားချက်များသည် ချိုးဖေါက်မှုတခုအဖြစ် သတ်မှတ်ရေးအတွက် အင်္ဂါရပ်အသီးသီးကို မှတ်တမ်းပြုရာ၌အထောက်အကူဖြစ်စေပါသည်။ သာဓကအားဖြင့်ဖေါ်ပြရလျှင်၊ နော်ဖေါ်ဝါးသည် အတင်းအဓမ္မ ရွှေ့ပြောင်းခံရမှုနှင့် ပတ်သက်၍ အောက်ပါ သတင်းအချက်အလက်များကို ပေးပါသည်။

ပထမအချက်အနေဖြင့် နော်ဖေါ်ဝါးသည် သူ၏ပိုင်မြေမှ ဖယ်ရှားခံရသည်ဆိုသော အချက်ကို သက်သေပြရန်အတွက် သတင်း အချက်အလက်များပေးခဲ့သည်။ သူတို့၏ ရွာသားအားလုံးကို ထွက်ခွာသွားရန် အမိန့်ပေးခဲ့သဖြင့် (နအဖ) စစ်တပ်က ၎င်းတို့အိမ်များကိုမီးမရှို့ခင် ရနိုင်သမျှပစ္စည်းများကို ယူလာခဲ့ရသည်ဟု သူကပြောပြခဲ့သည်။ အခြား သူ၏ မိသားစုဝင်များကို တွေ့ ဆုံမေးမြန်းခြင်းဖြင့် နော်ဖေါ်ဝါး၏ ပြောပြချက် မှန်– မမှန်ကို စစ်ဆေးရာတွင် အထောက်အကူဖြစ်နိုင်သည်။

ဒုတိယအချက်အနေဖြင့် အတင်းအဓမ္မရွှေ့ပြောင်း၏ ကျိုးကြောင်းမဲ့ သဘာဝကို သက်သေတင်ပြရန်အတွက် နော်ဖေါ်ဝါးက အသေးစိတ်အချက်အလက်ပေးခဲ့သည်။ သံလွင်မြစ်အတွင်း ရေကာတာတည်ဆောက်ခြင်း၊ (ကေအန်အယ်အေ) နှင့် လက်နက်ကိုင်ပဋိပက္ခနှင့် လူမျိုးရေးအရ ဖိနှိပ်မှုစသည့် အချက်များအပါအဝင် ရွှေပြောင်းရေးဖြစ်ရသည့် အကြောင်းရင်းများစွာကို သူကထုတ်နှုတ်ပြောပြခဲ့သည်။ ရွှေ့ပြောင်းရန်အတွက် ပြင်ဆင်ချိန် အလုံအလောက် မရှိခဲ့ခြင်းနှင့် သတ်မှတ်ထားသော ရွှေ့ပြောင်းရေးစခန်း(စုစည်းကျေးရွာ)နေရာသည်လည်းအတည်ချနေထိုင်ရန်မဖြစ်နိုင်သော အခြေအနေများကို သူကထောက်ပြပြောဆိုသည်။ သူ၏ ထွက်ဆိုချက်များကို အခြေချပါက ထိုရွှေ့ပြောင်းခြင်းသည် မတရားသော၊ မမျှော်လင့်ထားသော၊ အကြောင်းမဆီလျော်သော နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့သည်ဟန် ပေါ်လွင်နေပါသည်။

တတိယအချက်အနေဖြင့် သူနှင့်သူ၏မိသားစုသည် အတင်းအဓမ္မမောင်းထုတ်ခံရသည်ဟူသော အချက်ကို နော်ဖေါ်ဝါးက ထောက်ပြထားသည်။ (နအဖ) စစ်သားက သူမမိသားစု အိမ်ကထွက်ပေးရန် မည်သို့ရှင်းရှင်းလင်းလင်းအမိန့်ပေးခဲ့သည်နှင့် နောက်ပိုင်း သူ၏အိမ်မီးလောင်နေသည်ကို တွေ့ခဲ့ရသည့်အကြောင်းကို သူကပြောပြခဲ့သည်။ သူ့အိမ်နီးနားချင်း အပစ်သတ်ခံရသည်ကို သူတွေ့ခဲ့ရပြီးနောက် သူအနေနှင့် (နအဖ) စစ်တပ်ကို ကြောက်ရွံ့နေကြောင်းကိုလည်း ပြောပြခဲ့သည်။

နောက်ဆုံးအချက်အနေဖြင့် ယင်းရွှေ့ပြောင်းမှုကိစ္စတွင် အစိုးရ၏ ပါဝင်ပတ်သက်မှုကို နော်ဖေါ်ဝါးထောက်ပြခဲ့သည်။ ရွှေ့ပြောင်းရာတွင် တာဝန်ရှိသော တပ်ရင်းအတိအကျကို နော်ဖေါ်ဝါးအသေအချာ မပြောပြနိုင်သော်လည်းထိုစစ်သားများသည် အစိုးရစစ်တပ်၏ ယူနီဖောင်းများဝတ်ဆင်ထားကြပြီး၊ (နအဖ)က အလားတူ တိုက်ခိုက်မှုများကို ယင်းဒေသအတွင်း လုပ်ခဲ့ဘူးသည်ကို သူကထောက်ပြနိုင်ခဲ့သည်။ ယင်းသတင်းအချက်က အစိုးရ၏ ပါဝင်ပတ်သက်မှုကိုပြဆိုနိုင်သော လုံလောက်သည့် သတင်းအချက်အလက်ဖြစ်သည်။

ဤတွေ့ဆုံမေးမြန်းခြင်းမှနေ၍ အတင်းအဓမ္မ ရွှေ့ပြောင်းစေမှုနှင့် ဆက်နွယ်နေသော သတ်ဖြတ်မှုနှင့်ပိုင်ဆိုင်မှုပစ္စည်း ဥစ္စာများဖျက်ဆီးမှုကဲ့သို့သော အခြားချိုးဖေါက်မှုများအတွက် အထောက်အထားများရရှိပါသည်။ သူ၏ အိမ်နီးချင်းမှာ မည်သည့် ပြစ်မှုမျှမရှိဘဲ (နအဖ) စစ်သားက ပစ်သတ်ခဲ့ကြောင်းပြောပြသည်။ သူ၏အိမ်နှင့် အခြားသူများ ၏ အိမ်များမှာလည်း မီးတင်ရှို့ ဖျက်ဆီးခံခဲ့ကြရသည်။ ရွှေ့ပြောင်းခံရသော အခြားရွာသားများကို တွေ့ဆုံမေးမြန်းခြင်းက သူ၏ ပြောဆိုချက် မှန်–မမှန် စစ်ဆေးရာတွင် အထောက်အကူပြုလိမ့်မည်ဖြစ်သည်။ အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းယူရေး အတွက် ထပ်မံမေးမြန်းရန် လိုအပ်ကောင်း၊ လိုအပ်မည် ဖြစ်သည်။ နော်ဖေါ်ဝါးက နောက်ထပ် တွေ့ဆုံပြောဆိုရန် သဘောတူညီခြင်းနှင့် မေးမြန်းသူက သူ့ကို မည်သည့်နေရာတွင် ဆက်သွယ်ရမည်ကို

သိရှိလာသောကြောင့် တွေ့ဆုံမေးမြန်းမှု ကောင်းမွန်စွာ အဆုံးသတ်နိုင်ခဲ့ပါသည်။

(၅) နိဂုံးချုပ် ။

ဤအခန်းကို ဖတ်ပြီးလျှင် သင့်အနေနှင့် အောက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်စွမ်းရှိရမည်။

- အတင်းအဓမ္မ ရွှေ့ပြောင်းစေမှု၏ အဂီါရပ်များကို နိုင်ငံတကာဥပဒေနှင့် အညီ မှတ်သားသိရှိလာခြင်း။
- အတင်းအဓမ္မ ရွှေ့ပြောင်းစေမှု အကြောင်း သတင်းအချက်အလက်များကို စုဆောင်းရရှိရေးအတွက် အရေးကြီးသော မေးခွန်းများရေးသားပြုစုခြင်း။
- ချိုးဖေါက်မှုတရပ်ဖြစ်ပွားခဲ့ခြင်းရှိ–မရှိ သိရှိရေးအတွက် ထိရောက်သော တွေ့ဆုံမေးမြန်းခြင်းတရပ်ကိုဆောင်ရွက် ခြင်း။

ဤလက်စွဲစာစောင်၏ နောက်လာမည့် အခန်းများက အတင်းအဓမ္မ ရွှေ့ပြောင်းစေမှုဆိုင်ရာ အထောက်အထားများကို အကဲဖြတ်နည်းအကြောင်း ပို၍ အသေးစိတ်ကျကျ ဆွေးနွေးထားပါသည်။

၁၊ အတင်းအဓမ္မရွှေ့ပြောင်းခြင်းကို အကာအကွယ်ပေးမှုသည် နိုင်ငံတကာသဘောတူစာချုပ်များတွင် ရှင်းရှင်းလင်းလင်းအာမခံထားခြင်းမရှိပေ။ သို့သော် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ လွတ်လပ်စွာ အိုးအိမ်အခြေချခွင့်၊ တစုံတဦး၏ အိုးအိမ်သို့ အကြောင်းမဲ့သက်သက် ဝင်ရောက်စွက်ဖက်မှုမှ ကာကွယ်ပေးထားသောအခွင့်အရေးနှင့် လွတ်လပ်စွာ အိမ်ယာဆောက်တည်ခွင့်အခွင့်အရေး ကဲ့သို့သော အခြေခံလူ့အခွင့်အရေးများတွင် အကြောင်းမဲ့သက်သက် အိုးအိမ်မှဖယ်ရှားမခံရရေး အခွင့်အရေးကို အကာအကွယ်ပေးသည် ဟု နားလည်နိုင်သည်။ ထင်းဆင်းသက်လာ သော အခွင့်အရေးများကို အကာအကွယ်ပေးထားသော အဓိကကျသည့် နိုင်ငံတကာသ ဘောတူစာချုပ်များမှာ အောက်ပါတို့ ဖြစ်သည်။

- ကမ္ဘာ့လုံးဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (အခန်း ၁၂၊ ၁၃ နှင့် ၂၅)
- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး နိုင်ငံတကာ သဘောတူညီချက် (အခန်း ၁၂ နှင့် ၁၇)၊ မြန်မာနိုင်ငံက လက်မှတ်ထိုးထားခြင်းမရှိ။
- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် (အခန်း ၁၁)၊ မြန်မာနိုင်ငံက လက်မှတ် ရေးထိုး ထားခြင်းမရှိ။
- ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (အခန်း ၂၇)၊ အသက် ၁၈ နှစ် ကလေးများအတွက် အကျုံးဝင်သည်။ မြန်မာနိုင်ငံသည် ခွင့်ချက်ဖြင့် ယင်းစာချုပ်၏ အဖွဲ့ဝင် နိုင်ငံတနိုင်ငံဖြစ်သည်။
- အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းပုံစံအားလုံးအား ဖယ်ရှားပစ်ရေးသဘောတူစာချုပ် (အခန်း ၁၄၊ စာပိုဒ် ၅ (ဃ)(၃)၊ မြန်မာနိုင်ငံက လက်မှတ် ရုးထိုးထားခြင်း မရှိ။
- ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ် (အခန်း ၃၃ နှင့် ၄၉) နှင့် နောက်ဆက်တွဲ သဘောတူစာချုပ် (အခန်း ၁၇) သည် စစ်ပွဲဥပဒေ များ၏ အစိတ်အပိုင်းတခုဖြစ်သည်။ ထိုဥပဒေများတွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင် နိုင်ငံတနိုင်ငံဖြစ်သည်။
- အိုင်အယ်လ်အို သဘောတူစာချုပ်၊ နံပါတ် ၁၆၉ လွတ်လပ်သော နိုင်ငံများအတွင်း နေထိုင်နေသော ဌာနေတိုင်းရင်းသားများနှင့် တောင်ပေါ်တိုင်းရင်းသားများနှင့် သက်ဆိုင်သည်၊ အခန်း (၁၆)

အတင်းအဓမ္မရွှေ့ပြောင်းခြင်း အထူးသဖြင့် အိုးအိမ်တည်ဆောက်ခွင့်အား အကာအကွယ်ပေးခြင်းနှင့်ဆက်နွယ်သော အခြားဆက်နွယ်သည့် သဘောတူညီချက်များတွင် လူမှုတိုးတက်ရေးနှင့် ဖွံ့ဖြိုးရေးကြေညာစာတမ်း၊ ကလေးအခွင့်အရေး ကြေညာစာတမ်း၊ ၁၉၇၆ ခုနှစ် လူသားအခြေချမှု ဗန်ကူးဘား ကြေညာစာတမ်း၊ မျိုးနွယ်စုနှင့် မျိုးနွယ်စုဆိုင်ရာ အမြင်ကျဉ်းမြောင်းမှုကြေညာစာတမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးကြေညာစာတမ်းတို့ဖြစ်သည်။

ယင်းအထောက်အထား မှတ်တမ်းများကို (၂၀၀၆ ခုနှစ် မေလ ၁၇ ရက်နေ့တွင် နောက်ဆုံးကြည့်ရှုထားသည်။) http://www.ohchr.org/english/law/ အင်တာနက် စာမျက်နှာတွင် ရရှိနိုင်ပါသည်။

ထို့အပြင် လူနည်းစု လူမျိုးစုများအား ခွဲခြားဆက်ဆံခြင်းအား ကာကွယ်ဟန့်တားခြင်း ၊ အကာအကွယ်ပေးခြင်းဆိုင်ရာ ကမ္ဘာ့ကုသလမဂ္ဂ လက်အောက်ခံကော်မရှင် (လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် အကာအကွယ်ပေးခြင်း လက်အောက်ခံကော်မတီဟု အမည်ပြောင်းလဲခဲ့သည်။) က "အတင်းအဓမ္မမောင်းထုတ်ခြင်းသည် လူ့အခွင့်အရေးများစွာကို ချိုးဖောက်သော အလွန်ကြီးများသည့် ချိုးဖောက်မှုတခုဖြစ်ကာ အထူးသဖြင့် ပြည့်စုံစွာ အိုးအိမ်နေထိုင်ခွင့်ကို အကြီးအကျယ် ချိုးဖောက်ထားသည် " ကို ထပ်လောင်း အတည်ပြုထားသော ဆုံးဖြတ်ချက်များကို ချမှတ်ထား သည်။

အကြောင်းမဲ့သက်သက် အိုးအိမ်မှဖယ်ရှားခံရခြင်းအား အကာအကွယ်ရှိခွင့်ကို နိုင်ငံတကာဧလေ့ထုံးတမ်း ဥပဒေ (CIL) ၏ စံသတ်မှတ်ချက် တခုအဖြစ်လက်ခံထားသည်။ (CIL) ဆိုသည်မှာ နိုင်ငံများ၏ ယေဘုယျကျင့်ထုံးများမှ ဖြစ်ပေါ်လာသည့် ဥပဒေစည်းကမ်းများပါဝင်သော အဖွဲ့အစည်းတခုဖြစ်သည်။ ထိုကျင့်ထုံးများသည် အချိန်ကြာလာသည်နှင့်အမျှ ဥပဒေအရစည်းနှောင်အားရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြသည်။ အိုးအိမ်တည်ဆောက်ခွင့် အခွင့်အရေးနှင့် အိုးအိမ်တည်ဆောက်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်၏ တာဝန်ရှိမှုကို နိုင်ငံပေါင်း ၅၀ ကျော်၏ အခြေခံ ဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်ထားသဖြင့် အိုးအိမ်တည်ဆောက်ခွင့်အခွင့်အရေးကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားပြီးဖြစ်သည်။ အကယ်၍ နိုင်ငံတခုသည် နိုင်ငံတကာဧလေ့ထုံးတမ်းဥပဒေကို လိုက်နာရန် အမြဲတစေ ငြင်းဆန်ပါက ထိုနိုင်ငံကို ပလပ်ပေးကောင်း ပေးနိုင်သည်။ မြန်မာနိုင်ငံ သည် အထက်ပေါ်ပြပါ စာချုပ်များအနက် အချို့စာချုပ်များတွင် လက်မှတ်ရေးထိုးထားခြင်းမရှိသော်လည်း မြန်မာနိုင်ငံသည် နိုင်ငံတကာ ဧလေ့ထုံးတမ်း ဥပဒေက ကင်းလွတ်ခွင့်ပေးနိုင်သည်အထိ အကြောင်းမဲ့သက်သက် အိုးအိမ်မှဖယ်ရှားခြင်းကို လုံလောက်သော အဆင့်အထိ ဆန့်ကျင်ကန့် ကွက်ထားခြင်း မရှိသေးပေ။

ndburma2.indd 138 26-Dec-09 13:05:24

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာ လူသားချင်းစာနာသော ဥပဒေ နှင့် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေများ၏ စစ်တမ်းများမှ အသိ အမှတ် ပြုထားခြင်းတွင် အကြောင်းခဲသက်သက်အိုးအိမ်မှဖယ်ရှားခံရခြင်းအား အကာအကွယ်ရရှိခွင့်သည် အခြေခံ လူ့အခွင့်အရေးတခုဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်က ၁၉၉၈ ခုနှစ် တွင် နိုင်ငံတွင်းအိုးအိမ်မဲ့ နေထိုင်ရမှုဆိုင်ရာ လမ်းညွှန်မှုများကို အတည်ပြုထားသည်။ ဤလမ်းညွှန်မှုများက အိုးအိမ်မဲ့သူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန်အပြင် အိုးအိမ်မဲ့မှုမှ အကာအကွယ်ရရှိခွင့် ရှိရေးအတွက် ဥပဒေကြောင်းဆိုင်ရာ လုပ်ငန်းဘောင်တခုကို ချမှတ်ပေးထားသည်။ လမ်းညွှန်မှုများသည် ဥပဒေကြောင်းအရ စည်းနှောင်မှုမရှိသော်လည်း ဥပဒေအားရှိသော နိုင်ငံတကာသဘောတူညီချက်များနှင့် စံသတ်မှတ်ချက်များမှ တဆင့်ပြန်လည်ဖြစ်ပေါ်လာခြင်းကြောင့် လမ်းညွှန်မှုများကို ယေဘုယျ အားဖြင့် လုပ်ပိုင်ခွင့်အာဏာရှိသည်ဟု လက်ခံထားသည်။ လူ့အခွင့်အရေးကော်မရှင်၊ စီးပွားရေး နှင့် လူမှုရေးကောင်စီအပြင် ဒေသတွင်း အဖွဲ့ အစည်းများဖြစ်ကြသော အမေရိကနိုင်ငံများ အဖွဲ့အစည်း (OAS)၏ အမေရိကန်လုံးဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်နှင့် အာဖရိကညီညွတ်ရေးအဖွဲ့အစည်း (OAU)များက လမ်းညွှန်မှုများကို အသိအမှတ်ပြုသော ဆုံးဖြတ်ချက်များ ထုတ်ပြန်ထားပြီးဖြစ်သည်။

၂။ The Guiding Principles on Internal Displacement, Office for the Coordination of Humanitarian Affairs, http://www.reliefweb.int/ocha_ol/pub/idp_gp/idp.html (last visited 14 November 2007).

၃။ မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်ပြီး၊ လူထုအကျိုးစီးပွားအတွက် အလွန်အရေးကြီး သောဆိုသောအချက်ကို လမ်းညွှန်မဏ္ဍိုင်က အတိအကျရှင်းလင်းထားခြင်းမရှိပေ။ သို့သော် ဖွံ့ဖြိုးရေးစီမံချက်များကို ဖြစ်ရပ်တခုခြင်း အပေါ်တွင်သာ မူတည်၍ စဉ်းစားဆုံးဖြတ်ရမည်ဟုဆိုထားသည်။ သို့သော် အတင်းအဓမ္မရွှေ့ပြောင်းခြင်းများဖြစ်ပေါ် စေသောမည်သည့်ဖွံ့ဖြိုးရေးစီမံချက်ကိုမဆို အထူးစုံးစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်သည်။ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများက ထိုလုပ်ငန်းများအတွက် လမ်းညွှန်ချက်များ ဖန်တည်းပြုလုပ်ထားသည်။ ကမ္ဘာ့ဘဏ်လုပ်ငန်းလမ်းညွှန် (၄.၃၀ ၃၀) နှင့်နိုင်ငံတွင်း အိုးအိမ်မဲ့မှု နှင့် ဖွံ့ဖြိုးမှုစီမံချက်များအတွင်း ပြန်လည်အခြေချမှုဆိုင်ရာ အကူအညီပေးရေးအေဂျင်စီများအတွက် စီးပွားရေးပူး ပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ကြီး (OEDC) ၏ လုပ်ငန်းလမ်းညွှန်က အကယ်၍ ဖွံ့ဖြိုးရေးစီမံချက်တခုကြောင့် အတင်းအဓမ္မရွှေ့ပြောင်းခြင်းကို ဖြစ်ပေါ်စေနိုင်ပါက "အခြားအစားထိုးနိုင်သော ပရောဂျက်ပုံစံများ" ကို ရှာဖွေရမည်ဟု ဆိုထားသည်။ အတင်းအဓမ္မရွှေ့ပြောင်းခြင်းများကို ရှောင်ရှားနိုင်သမျှ ရှောင်ရှားသင့်ပြီး ဖြစ်နိုင်သမျှ အနည်းဆုံးရွှေ့ပြောင်းမှုကိုသာ လုပ်ဆောင်သင့်သည်ဟု ထိုလုပ်ငန်းလမ်းညွှန်များက အထူးတလည် ပြောဆိုထားသည်။ ဥပမာ အခြားအစားထိုးနေရာ သို့မဟုတ် စီမံချက်အသေးစိပ်များသည် အပြောင်းအလဲကြောင့် ဖြစ်ပေါ်လာမည့် ရွှေ့ပြောင်းခြင်းအရေအတွက်လျော့ကျစေနိုင်မှုပေါ်တွင် စဉ်းစားရမည်။ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ယင်းလုပ်ငန်းစီမံချက်ကြောင့် သဘာဝပတ်ဝန်းကျင် နှင့် လူမှုအဖွဲ့အစည်းသတ်ရောက်ကို အထူးအလေးပေးစဉ်းစားရန် အရေးကြီးကြောင်းကိုလည်း OEDC လုပ်ငန်းလမ်းညွှန်က မီးမောင်းထိုးပြထားသည်။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)တွင်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာရသည့် အခြေခဲမှုများ နည်းပါးနိုင်သမျှ နည်းပါးစေရေးနှင့် ရှောင်ရှားနိုင်ရန် အလားတူ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းလမ်းညွှန်များ ချမှတ်ထားသည်။ ပိုမိုသိရှိလိုပါက www.worldbank.org www.oedc.org www.adv.org တွင်ကြည့်ရှုနိုင်ပါသည်။

၄။ နိုင်ငံတွင်းအိုးအိမ်မဲ့မှုလမ်းညွှန်မှုများမူ (၆ – ၈) အရ နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းမရှိသော အတင်းအဓမ္မရွှေ့ပြောင်းခြင်းများတွင် အောက်ဖေါ်ပြပါ အခြေအနေများ ပါရှိရမည်။

- အစားထိုး၍ ရနိုင်သော ဖြစ်နိုင်ချေအားလုံးကို ဖေါ်ထုတ်ရမည်။ လုပ်ဆောင်မှုများသည် အိုးအိမ်မဲ့မှုကို အနိမ့်ဆုံးဖြစ်စေရမည်ဖြစ်ပြီး၊ အိုးအိမ်မဲ့မှုကြောင့်ထွက်ပေါ်လာမည့် ဆိုးဝါးသော သတ်ရောက်မှုများကိုလည်း နည်းပါးစေရမည်။
- အိုးအိမ်ပြောင်းရွှေ့မှုသည် အခြေအနေ၏ လိုအပ်သည့်အချိန်ထက် ပို၍ မဖြစ်စေရ။
- လုံခြုံမှု၊ အဟာရဖြည့်တည်းမှု၊ ကျန်းမာရေး၊ တကိုယ်ရေသန့်ရှင်းမှုနှင့် မိသားစု တစုတဝေးတည်းရှိမှုများအပါအဝင် ရွှေ့ပြောင်းမှုခံရသောသူများကို သင်တော်သော နေရာထိုင်ခင်းစီစဉ်ပေးရမည်။
- ရွှေ့ပြောင်းမှုကို အခြားလူ့အခွင့်အရေးများ ချိုးဖောက်ခြင်းမရှိသည့်နည်းလမ်းဖြင့် အကောင်အထည်ဖေါ်ရမည်။

၅။ Thailand Burmese Border Consortium, Internally Displaced People and Relocations Sites in Eastern Burma, September 2002, p. 3.

၆။ Refugees International, Ending the Waiting Game: Strategies for Responding to Internally Displaced People in Burma, June 2006, p. 2.

၇။ Internal Displacement Monitoring Center, Myanmar: Worst Army Attacks in Years Displace Thousands- A Profile of the Internal Displacement Situation, 10 May 2006, p. 8.

၈။ Refugees International, Ending the Waiting Game: Strategies for Responding to Internally Displaced People in Burma, June 2006, p. 5-6; Internal Displacement Monitoring Center, Myanmar: Worst Army Attacks in Years Displace Thousands- A Profile of the Internal Displacement Situation, 10 May 2006, p. 38.

၉။ Internal Displacement Monitoring Center, Myanmar: Worst Army Attacks in Years Displace Thousands- A Profile of the Internal Displacement Situation, 10 May 2006, p. 21-23.

၁၀။ Ibid. at p. 71-72.

ndburma2.indd 139 26-Dec-09 13:05:24

v@fvypGvy&SonGvmcGuky0dyifa[ewvm;jcif;

(၁) လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်းဆိုသည်မှာ –

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လူ့အခွင့်အရေးချိုးဖောက်မှု မြောက်သည်ဟုသတ်မှတ်နိုင်ရန်မှာ အဓိက စံနှုန်း သတ်မှတ်ချက်(အင်္ဂါရပ်)များ ပြည့်မီရန်လိုအပ်ပါသည်။ ဤအင်္ဂါရပ်များသည် တိကျရေရာသော စံချိန်စံညွှန်းများဖြစ်သည်။ သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်သောလုပ်ရပ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ရှိနေရမည့် ပတ်ဝန်းကျင်အခြေအနေတခုလိုအပ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အင်္ဂါရပ်များသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တရားဝင်စာချုပ်စာတမ်းပြဋ္ဌာန်းချက်များမှနေ၍ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှု မှန်သမျှကို စတင်မှတ်တမ်းတင်ခြင်း မပြုမီမှာ ချိုးဖောက်မှုဟူသော အဓိပ္ပါယ်ကို သတ်မှတ်ရာ၌ လိုအပ်သည့် အင်္ဂါရပ်များအကြောင်း ရှင်းလင်းတိကျစွာ နားလည်ထားသင့်ပါသည်။ ဤအခန်းတွင် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်းဟူသော ချိုးဖောက်မှု ပေါ်လွင်စေရေးအတွက် လိုအပ်သော အင်္ဂါရပ်များကြောင်း ရှင်းလင်းဖေါ်ပြထားပါသည်။

(၂) လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်း၏ အဓိပ္ပါယ်ကို သတ်မှတ်ခြင်း။

(က) နိုင်ငံတကာဥပဒေအရဆိုလျှင် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်း၏ အင်္ဂါရပ်များကား အဘယ်နည်း။

လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကိုပိတ်ပင်ဟန့်တားခြင်းကို လူ့အခွင့်အရေး ချိုးဖောက်မှုတရပ်အဖြစ် မှတ်တမ်းပြုနိုင်ရန်အတွက် အောက်ပါ အင်္ဂါရပ် (၃) ရပ် ထင်ရှားစွာဖြစ်ကြောင်းဖေါ်ပြရပါမည်။[၁]

၁။ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ကြားဝင်နှောက်ယှက်ခြင်း။

၂။ ဥပဒေနှင့်မညီခြင်း

၃။ အစိုးရ၏ လုပ်ဆောင်ချက် တို့ ဖြစ်သည်။

၁၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို သီးသန့်ကာကွယ်မှုပေးထားသော အဓိကကျသည့် နိုင်ငံတကာ သဘောတူညီချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ ပုဒ်မ–၁၃။ Universal Declaration of Human Rights, Article 13
- ကုလသမဂ္ဂနိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ–၁၂။ UN Covenant on Civil and Political Rights, Article 12
- ကုလသမဂ္ဂ လူမျိုးရေးအရ မည်သည့်ပုံစံဖြင့် မဆို ခွဲခြားဖိနှိပ်ဆက်ဆံမှုများ အဆုံးသတ်စေရေး နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ ၅ (ဃ) ၁ နှင့် ၂။ UN Convention on Elimination of All Forms of Racial Discrimination , Article 5(d)(i) and (ii)
- ကုလသမဂ္ဂ ဒုက္ခသည်များအဆင့်အတန်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ–၂၆။ UN Convention Relating to the Status of Refugees, Article 26
- ကုလသမဂ္ဂ ရွှေ့ပြောင်းအလုပ်သမားများနှင့် သူတို့၏ မိသားစုဝင်များကို ကာကွယ်မှုပေးရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ ၈ နှင့် ၃၉။ UN Convention on the Protection of the Rights of all Migrants Workers and Members of their Families, Article 8 and 39

ဥပဒေအရ စည်းနှောင်မှုမရှိသော လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ကာကွယ်မှုပေးထားသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေမှတ်တမ်းများလည်းရှိပါသည်။ ၎င်းတို့မှာ –သူတို့နေထိုင်ရာ နိုင်ငံ၌ နိုင်ငံသားမဟုတ်သူများ တသီးပုဂ္ဂလ ပြည်သူများအတွက် လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း၊ Declaration on the Human Rights of Individuals Who are not Nationals of the Country in which they Live (Art. 5).

ဒေသဆိုင်ရာ သဘောတူညီချက်များကလည်း လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို သတ်မှတ်ဖော်ပြထားကြပါသည်။ ဥပမာအားဖြင့်– အမေရိကတိုက်တွင် လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်ကြေညာစာတမ်း American Convention on Human Rights "Pact of San Jose, Costa Rica" (Art. 22) နှင့် လူသားတို့၏ အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အမေရိက ကြေညာစာတမ်း American Declaration of the Rights and Duties of Man (Art. 8) ၊ ဥရောပတိုက်တွင် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတိုက်၏ နိုင်ငံတကာ သဘောတူညီချက် စတုတ္ထ မူကြမ်း Fourth Protocol of the European Convention on Human Rights (Art. 2) ၊ အာဖရိကတိုက်တွင် လူနှင့်ပြည်သူများဆိုင်ရာ အာဖရိက ပဋိညာဉ်စာတမ်း African Charter on Human and Peoples' Rights (Art. 12) နှင့် အသိဉာဏ်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် လူမှုတာဝန်ဝတ္တရားများဆိုင်ရာ ကမ်ပါလာ ကြေညာစာတမ်း Kampala Declaration on Intellectual Freedom and Social Responsibility (Art. 4) ၊ အရှေ့အလယ်ပိုင်း နိုင်ငံများတွင် လူ့အခွင့်အရေးဆိုင်ရာ အာရပ်ကြေညာစာတမ်း Arab Charter on Human Rights (Art. 20 and 21) များဖြစ်ကြသည်။ အာဆီယံအဖွဲ့တွင် အလားတူ သဘောတူညီချက်ရှိသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများက လက်မှတ်ရေးထိုးခြင်းမပြုရသေးပါ။

ဤမှတ်တမ်းများကို အောက်ဖော်ပြပါ အင်တာနက်စာမျက်နှာတွင် ရယူနိုင်ပါသည်။ (၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၂၇ နောက်ဆုံး ကြည့်ရှုချက်အရ) see http://www2.ohchr.org/english/law/

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ (CIL)ကို လက်မှတ်ရေးထိုး အသိအမှတ်ပြုထားခြင်း မရှိပါ။ (CIL) သည် အစိုးရ၏ ယေဘုယျလုပ်ဆောင်ချက်မှ လာသည့် ဥပဒေကျော်ရိုးတခုဖြစ်ပြီး၊ အချိန်ရလာသည်နှင့်အမျှ စည်းနှောင်မှုရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြပါသည်။ သို့သော်လည်း နိုင်ငံတခုသည် စဉ်ဆက်မပြတ် ဤဥပဒေကို ငြင်းပယ်လာခဲ့ပါက နိုင်ငံတခုသည် ဤဥပဒေအရ စည်းနှောင်မှုမရှိပါ။

လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ပို အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများအရ ကာကွယ်မှုပေးထား ကြပါသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များကို လက်မှတ်ရေးထိုးမထားသော်လည်း၊ ဤအပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများနှင့် ဆက်နွယ်မှုရှိနေသည်ဟုယူဆနိုင်ပါသည်။ (သို့မဟုတ်ပါက ဤဥပဒေအရ စည်းနှောင်မှု မရှိစေရန် အစဉ်အဆက် ငြင်းပယ်ဖော်ပြမှုမျိုး ပြုလာရမည် ဖြစ်သည်။)

ndburma2.indd 140 26-Dec-09 13:05:24

(ခ) ကြားဝင်နှောက်ယှက်ခြင်း ဆိုသည်ကိုမည်သို့သတ်မှတ်သနည်း။

လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို နှောင့်နှေးကြန့်ကြာစေခြင်းအလို့ငှာ သွယ်ဝိုက်၍ (သို့)တိုက်ရိုက်ဟန့်တားပိတ်ပင်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို အဓိပ္ပာယ်အစည်းတခုခုက ပြုလုပ်သော မည်သည့်ဆောင်ရွက်မကို မဆို "ကြားဝင်နှောက်ယှက်ခြင်း"အဖြစ် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လူ့အခွင့်အရေး ချိုးဖောက်မှုမြောက်စေပါသည်။ "ကြားဝင်နှောက်ယှက်ခြင်း" ၏ပမာဏ အတိုင်းအဆမှာ သက်ဆိုင်မှုမရှိပါ။ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် အခွင့်အရေးကို တနည်းနည်းဖြင့် အနည်းအကျဉ်း အနှောက်အယှက် ဖြစ်စေသည်၊ လုံးလုံးလျားလျား တင်းကျပ် ကန့်သတ်သည်ဆိုသည့် အတိုင်းအတာဖြစ်စေ ကြားဝင်နှောက်ယှက်ခြင်း မြောက်သည်။[၂] "ကြားဝင်နှောက် ယှက်ခြင်း" ပုံစံသည်လည်း အလားတူသက်ဆိုင်မှု မရှိပါ။ ကန့်သတ်ထားသော ဥပဒေများ၊ ဒီဂရီများ၊ အမိန့်များ၊ တရားရုံး ဆုံးဖြတ်ချက်များနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များ အားလုံးပါဝင်သည်။

(ဂ) မည်သည့်အခွင့်အရေးများသည် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် အခွင့်အရေးများတွင် ပါဝင်သနည်း။

လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေမှသိသာထင်ရှားသော အခွင့်အရေး (၃) မျိုးဖြင့် လွှမ်းခြုံပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ဤအခွင့်အရေးများထဲမှ တခုခုအား ချိုးဖောက်ခြင်းသည် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် အခွင့်အရေးအပေါ် ချိုးဖောက်ခြင်းအဖြစ် သတ်မှတ်နိုင်သည်။ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် အခွင့်အရေးများမှာ –

(၁) တိုင်း နိုင်ငံတခုအတွင်း လွပ်လပ်စွာ လှုပ်ရှားသွားလာခွင့်

(၂) တိုင်း နိုင်ငံတခုသို့ လွပ်လပ်စွာ ထွက်ခွာ သွားလာခွင့်[၃]

(၃) မိမိပိုင်ဆိုင်ရာ တိုင်းနိုင်ငံတခုခုအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်နိုင်ခွင့်တို့ ဖြစ်သည်။

တိုင်းနိုင်ငံတခုအတွင်း လွပ်လပ်စွာ လှုပ်ရှားသွားလာခွင့် နှင့် တိုင်းနိုင်ငံတခုခုသို့ လွပ်လပ်စွာခရီးထွက်သွားလာခွင့် အခွင့်အရေးများသည် တိုင်းနိုင်ငံတခုအတွင်း တည်ရှိသော သူတို့၏တရားဝင်မှုကို အလေးအနက်ထားစရာမလိုဘဲ တဦးတယောက်ဆိုင်ရာအခွင့်အရေးများကို ကျယ်ပြန့်စွာ အသုံးချနိုင်ရန် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ လွပ်လပ်စွာ ပြန်လည်ဝင်ရောက်ခွင့်အခွင့်အရေးကို တိုင်းပြည်တွင်းရှိ နိုင်ငံသားများအား ရှင်းလင်းစွာပြဋ္ဌာန်းထားပြီး တချိန်တည်းမှာပင် တိုင်းနိုင်ငံတခုနှင့်နီးကပ်မှု၊ အလှမ်းဝေးသော ဆက်ဆံမှု မည်သို့ရှိသည် ဖြစ်စေ၊ နိုင်ငံသားတိုင်းအတွက် ဤအခွင့်အရေး သက်ရောက်မှုရှိရပေမည်။

(ဃ) မည်သည့်အခြေအနေတွင် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် အခွင့်အရေးများအား ကြားဝင်နှောက်ယှက်ခြင်း (ကန့်သတ်တားဆီးမှု)သည် တရားဝင်သနည်း။

မိမိပိုင်ဆိုင်ရာတိုင်းနိုင်ငံတခုခုအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်သာလျှင် အကန့်အသတ်မရှိ၊ အကြွင်းမဲ့ အခွင့်အရေး ဖြစ်သည်။ ဆိုလိုသည်မှာ တိုင်းနိုင်ငံ တခုသည် ဤအခွင့်အရေးနှင့်ပတ်သက်၍ မည်သည့် ကန့်သတ်တားဆီးခွင့်မှ တရားဝင်ထုတ်ပြန်ခွင့်မရှိပေ။ မိမိပိုင်ဆိုင်ရာ တိုင်းနိုင်ငံအတွင်းသို့ လူတယောက်ကို ဝင်ရောက်ခွင့်အပေါ် ကန့်သတ်တားမြစ်ခြင်းသည်မည်သို့ဆောင်ရွက်သည်ဖြစ်စေ၊ တရားမဝင်ပါ။ သို့ရာတွင် အခြားသောလွတ်လပ်စွာ လှုပ်ရှားသွားလာခွင့် အခွင့်အရေးများသည် အကန့်အသတ်မဲ့ မဟုတ်ဘဲ တိုင်းနိုင်ငံအစိုးရများမှ နိုင်ငံတွင်းလှုပ်ရှားသွားလာမှုနှင့် နိုင်ငံပြင်ပ သွားလာမှုအပေါ် တရားဝင်ကန့်သတ်

၂၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ကြားဝင်နှောက်ယှက်ခြင်းဟုဆိုရာ၌ ရုပ်ပိုင်းဆိုင်ရာအရ ကန့်သတ်တားမြစ်ခြင်းဟု အဓိပ္ပါယ်ဖွင့်ရုံမျှသာ မဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာအရတားမြစ် ကန့်သတ်ခြင်းများလည်း ပါဝင်သည်။ ဥပမာအားဖြင့်– စောင့်ကြည့်နေခြင်းသည် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်အတွက် ကျူးလွန်ချိုးဖောက် နှောက်ယှက်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။ See: Cooper v. Union of India, 1 Supreme Court Reporter 512, 1971.

၃၊ တိုင်းနိုင်ငံတခုခုသို့ လွပ်လပ်စွာ ထွက်ခွာသွားလာခွင့်တွင် အမြဲတမ်းဖြစ်စေ၊ ကာလအတိုင်းအတာ အကန့်အသတ်မရှိဘဲ တိုင်းနိုင်ငံတခုသို့ ထွက်ခွာခွင့် အခွင့်အရေးလည်း ပါဝင်ပါသည်။ ဤအခွင့်အရေးအရ လိုအပ်သော အထောက်အထား စာရွက်စာတမ်းများနှင့် အခွင့်အရေးများကို စနစ်တကျသုံးစွဲနိုင်ရန် တိုင်းနိုင်ငံအစိုးရမှ ပေးအပ်ရမည်ဖြစ်သည်။ ဥပမာ– နိုင်ငံသားတိုင်းအား တိုင်းပြည်မှ နိုင်ငံကူးလက်မှတ် ထုတ်ပေးရန် လိုအပ်ခြင်း(See: Varela Núñez v. Uruguay, Communication No. 108/1981, U.N. Doc. CCPR/C/OP/2, 1990.)

ndburma2.indd 141 26-Dec-09 13:05:24

တားဆီးနိုင်သည်။ ထိုသို့ဆိုရာတွင် အဆိုပါကန့်သတ်တားဆီးမှုများသည် သတ်မှတ်ထားသောအခြေအနေနှင့် လိုက် လျောညီထွေရှိမှသာလျှင် ပြဋ္ဌာန်းနိုင်သည်။ နိုင်ငံတကာ တရားဥပဒေအရ လူပုဂ္ဂိုလ်သွားလာခွင့်ကို ကန့်သတ်တားဆီးမှုသည် အောက် ဖော်ပြပါ အခြေအနေများ၌သာလျှင် တရားဝင်ပေသည်။[၄]

(၁) ဥပဒေအရ ပြဋ္ဌာန်းသတ်မှတ်ချက် ဖြစ်ရမည်။

(၂) တရားဥပဒေနှင့်လျော်ကန်သော အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့်သော် ဆောင်ရွက်ရမည်။[၅]

– အမျိုးသား လုံခြုံရေးအရ[၆]

– ရပ်ရွာတည်ငြိမ်ရေးအရ

– ကိုယ်ကျင့် စာရိတ္တနှင့် ကျန်းမာရေး ကာကွယ်ရန် လိုအပ်ချက်အရ

– အခြားသူများ၏ လွှပ်လပ်မှုနှင့် အခွင့်အရေးများကို ကာကွယ်ရန်အတွက်

(ဂ) တရားဝင်သော အကြောင်းပြချက်တခုခုအတွက် ထုတ်ပြန်လုပ်ဆောင်ခြင်းဖြစ်ရမည်။[၇]

နိုင်ငံတွင်းလှုပ်ရှားသွားလာမှုနှင့် နိုင်ငံပြင်ပသွားလာမှုအခွင့်အရေးများအား တားဆီးကန့်သတ်မှုများသည် အထက် ဖော်ပြပါ အချက် (၃) ချက်မှ တခုခုနှင့် ကိုက်ညီမှသာလျှင် တရားဝင် ဖြစ်မည်။ လှုပ်ရှားသွားလာခွင့်အပေါ် တားဆီးကန့်သတ်မှု သည် အထက်ပါ စာသားများမှ တခုခုနှင့် ကိုက်ညီမှု မရှိလျှင် တရားမဝင်ဘဲ နိုင်ငံတကာ တရားဥပဒေပြဋ္ဌာန်းချက်များ အပေါ်ချိုး ဖောက်ရာရောက်စေသည်။

(ဃ) အစိုးရ၏ လုပ်ဆောင်ချက် ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေ အရဆိုလျှင် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကိုပိတ်ပင်ဟန့်တားခြင်း မြောက်စေရန်အတွက် အစိုးရတစ်ရပ်က လုပ်ဆောင်ချက်များ ဖြစ်ရန်လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိလူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသောအမျိုးသား (နိုင်ငံတော်အဆင့်) အဖွဲ့အစည်း"ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။[၈] သို့ဖြစ်ရာ အစိုးရ၏ လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ (သို့မဟုတ်) ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့်ဖော်ပြရပါလျှင်၊ အစိုးရအရာရှိတစ်ဦးကလွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကိုပိတ်ပင်ဟန့်တားခြင်းကျူးလွန်သည်ဆိုရာ၌အစိုးရလုပ်ဆောင်ချက် အတွက်လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။ အစိုးရ၏လုပ်ဆောင်ချက်တွင် တရားဝင်အသိအမှတ်ပြုမှုဖြင့်သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသောချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကိုတားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့်ပတ်သက်၍ လုံလောက်စွာ အရေးယူရန်သော်လည်းကောင်း အစိုးရ၏ပျက်ကွက်မှုများလည်း ပါဝင်

---

၄ ကုလသမဂ္ဂ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ–၁၂။ ၁၉၆၆။ UN International Covenant of Civil and Political Rights, Article 12, 1966

၅ တရားဥပဒေနှင့် လျော်ကန်သော ရည်ရွယ်ချက်များဆိုသည်မှာ သီးသန့်သဘော ကန့်သတ်မှုရှိပါသည်။ ဆိုလိုသည်မှာ ဤအကြောင်းပြချက်များဖြင့်သာ တားမြစ်မှုကို ဆောင်ရွက်နိုင်ပြီး၊ အလားတူ အကြောင်းပြချက်မျိုးဖြင့် လွှပ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့် အခွင့်အရေးများကိုလည်း ကန့်သတ်ကောင်း ကန့်သတ်နိုင်သည်။

၆ အမျိုးသားလုံခြုံရေးကို အခြေခံ၍ လူပုဂ္ဂိုလ်သွားလာမှုများကို တိုင်းနိုင်ငံအစိုးရမှ ကန့်သတ်ချက် ထုတ်ပြန်ရန်အတွက်၊ ဤကန့်သတ်ချက်သည် "ရှင်းလင်းထင်ရှားခြင်း၊ ဖြစ် လုဆဲနှင့် စိုးရိမ်ကြောက်လန့်ဖွယ်ရာ" အခြေအနေမျိုးကို ၎င်းတိုင်းနိုင်ငံက ကာကွယ်ပေးရန် လိုအပ်သောကြောင့်သာ ထုတ်ပြန်ခြင်းဖြစ်ရမည်။ (စထရာဘောဂ် ထုတ်ပြန်ကြေညာချက်၊ ပုဒ်မ ၄ (ဃ))။ Strasbourg Declaration, Art. 4 (d)

၇ "လိုအပ်ချက်အရ" ဆိုသောကန့်သတ်ချက်ဖြစ်ရန်အတွက်၊ ၎င်းသည် တရားဝင်သည့် ရည်ရွယ်ချက်နှင့် ကိုက်ညီရမည်။ တနည်းအားဖြင့် အကယ်၍ အခြားသောနည်းအားဖြင့် ၎င်းရည်ရွယ်ချက်အတွက်ကိုပင် ကန့်သတ်ချက်ပြုပါက၊ ပို၍အနှောင့်အယှက်နှင့် ဝင်ရောက်စွက်ဖက်မှု နဲမည်ဆိုပါက ယခုအဆိုပြုလာသော ကန့်သတ်ချက်သည် "လိုအပ်ချက် အရမဟုတ်" ဟု ဆိုနိုင်သည်။

၈ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East-West Center Washington, 2007, p. vix, ဤကိစ္စကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (state) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်။

ndburma2.indd 142 26-Dec-09 13:05:24

ပါသည်။[၉] သာဓကအားဖြင့်ဖေါ်ပြရပါလျှင် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကိုပိတ်ပင်ဟန့်တားခြင်း ကျူးလွန်သော ပုဂ္ဂိုလ်များတစ်ဦးချင်းကို အပြစ်ပေးအရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ပါသည်။[၁၀]

ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏ အစိတ်အပိုင်းတစ်ခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတစ်ခုကဲ့သို့ အာဏာကျင့်သုံးမှု ပြုနေသည်မျိုး ရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေး အင်အားစုများ၊ ပုဂ္ဂလိက ကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ ပြုမူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမဟုတ်သော အခြား အင်အားစုများ (Non State Actors - NSA) သည် ပြည်တွင်းဥပဒေအရ သူတို့လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရမဟုတ်သော အခြားအင်အားစုများ(Non State Actors - NSA)သည် နိုင်ငံတကာဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော်အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန်မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ (သို့မဟုတ်) လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မမျိုးအဖြစ် သတ်မှတ်၍ ရလာလျှင် နိုင်ငံတကာဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝမှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရကကျူးလွန်သည် ဖြစ်စေ၊ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) က ကျူးလွန်သည် ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

(၃) အရေးကြီးသော အင်္ဂါရုပ်များနှင့်သက်ဆိုင်သည့်မေးခွန်းများ မေးခြင်း

မေးခွန်းများမေးခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းတို့သည် လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း သတင်းအချက်အလက်များစုဆောင်းရာ၌ အလွန်အရေးကြီးပါသည်။ တွေ့ဆုံမေးမြန်းမှုတရပ်၏ အသုံးဝင်မှုသည် အချက်အလက်ရှာဖွေစုဆောင်းသူထိရောက်ပြီး လုံလောက်သော မေးခွန်းများမေးသည့် အတွေ့အကြုံနှင့်စွမ်းရည်ပေါ်မှာ အဓိကအားဖြင့်မူတည်ပါလိမ့်မည်။ အချက်အလက် ရှာဖွေစုဆောင်းသူအဖို့ ချိုးဖောက်မှု၏ အရေးကြီးသောအင်္ဂါရုပ်များကို သိရှိနားလည်ခြင်းအားဖြင့်၊ နိုင်ငံတကာဥပဒေ ချိုးဖောက်ကြောင်း သတ်မှတ်နိုင်ရေးအတွက် သက်သေအထောက်အထားများပြုစုရာ၌ အထောက်အကူဖြစ်စေပါသည်။ ချိုးဖောက်မှု အင်္ဂါရုပ်များမှန်၍ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရရှိရေးတွင် အသုံးဝင်သော ဘောင်စည်းကမ်းသတ်မှတ်ချက်တစ်ခု ရရှိနိုင်ပါသည်။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ဆောင်ရန်

- လုံခြုံရေးနှင့် လျှို့ဝှက်ရေးအတွက် အထူးဂရုစိုက်ရန်။
- နောက်ခံအကြောင်းဖြင့် အစချီပြီးလျှင်၊ ပို၍ အရေးကြီးသော အကြောင်းအရာများကို ဦးစားပေး ဆောင်ရွက်ပါ။
- ဂရုတစိုက်နားထောင်ပါ။ ပြောစရာရှိသည်ကို မျက်မြင်သက်သေအား ပြောခွင့်ပေးပါ။
- စိတ်ခံစားချက်များနှင့် တုံ့ပြန်မှုများကို သိရှိအောင် ဂရုပြုပါ။

၉၊ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင်အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်းပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေစည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ်လက်နက်ကိုင်အဖွဲ့များ၊ လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များဖြစ်သည်။

၁၀၊ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

ndburma2.indd 143 26-Dec-09 13:05:24

- ရှေ့နောက်မညီညွတ်မှုများကို သိရှိအောင် ဂရုပြုပါ။
- စိတ်ရှည် သည်းခံပါ။ ကိုယ်ချင်းစာနာထောက်ထားမှု အပြည့်ရှိပါ။
- မိမိတို့၏ ရည်ရွယ်ချက်ကို သက်ဆိုင်ရာအကြောင်းအချက်အလိုက်ရှင်းပြပါ။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ရှောင်ရန်

- မှတ်ချက်ချခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်း မပြုပါနှင့်။
- နိမိတ်ပြမေးခွန်းများ မေးခြင်းကို ရှောင်ကျဉ်ပါ။
- အခြားသက်သေများကို ဖေါ်ပြခြင်း မပြုပါနှင့်။
- မိမိ လုပ်မပေးနိုင်သော ကတိများကို မပေးပါနှင့်။
- အပေါ်စီးဟန် သို့မဟုတ် စစ်ကြောရေးလုပ်နေသော ဟန်ဖြင့် မေးခွန်းမေးခြင်းများကို ရှောင်ကျဉ်ပါ။
- သတင်းနှင့်ပတ်သက်၍ မိမိ၏သြဇာ မလွှမ်းမိုးမိအောင် ရှောင်ကျဉ်ပါ။

၁။ ကြားဝင်နှောက်ယှက်မှု အခြေအနေကို သတ်မှတ်ခြင်း။

- မည်သူ၏ လွှပ်လပ်ခွင့်သည် မည်သည့်အရာဖြင့် ကြားဝင်နှောက်ယှက်မှု ခံရသနည်း။
- မည်သို့ ဖြစ်ပျက်ခဲ့သနည်း။
- မည်သည့်အချိန်က ကြားဝင်နှောက်ယှက်မှုကို တွေ့ရှိခဲ့ရသနည်း။
- မည်သည့်နေရာ၌ ကြားဝင်နှောက်ယှက်မှုကို တွေ့ရှိခဲ့ရသနည်း။
- မည်သို့လွှပ်လပ်ခွင့်ကို ကြားဝင်နှောက်ယှက်ခြင်း ခံခဲ့ရသနည်း။
- ဤသို့ဖြစ်ပျက်ခဲ့သည်ကို သင်မည်သို့သိရှိခဲ့သနည်း။

၂။ လူပ်ရှားသွားလာမှု အခြေအနေကို သတ်မှတ်ခြင်း။

- မည်သူသည် လူပ်ရှားသွားလာနေသူ (သို့မဟုတ်) လူပ်ရှားသွားလာရန် ကြိုးပမ်းနေသူ ဖြစ်ခဲ့သနည်း။
- တိုင်းနိုင်ငံနှင့် ဆက်နွယ်ပတ်သက်ရာတွင် သူ– သူမ၌ မည်သည့် တရားဝင်မှု အခြေအနေရှိသနည်း။
- မည်သည့်နေရာမှ (သို့မဟုတ်) မည်သည့် နေရာသို့ သူ (သို့) သူမ သွားလာခဲ့သနည်း။
- မည်သည့်အချိန်တွင် ဤကိစ္စ ဖြစ်ပျက်ခဲ့သနည်း။
- မည်သို့ သူ– သူမ ခရီးသွားလာခဲ့သနည်း။
- ဤသတင်းအချက်အလက်အား သင်မည်သို့ သိရှိခဲ့သနည်း။

ndburma2.indd 144 26-Dec-09 13:05:24

၃။ ကြားဝင်နှောက်ယှက်မှု သည် တရားမဝင်ကြောင်း သတ်မှတ်ခြင်း။

- မည်သည့် အာဏာပိုင် လက်အောက်၌ ကြားဝင်နှောက်ယှက်မှု ဖြစ်ပေါ်စေခဲ့သနည်း။
- ကြားဝင်နှောက်ယှက်မှုသည် ဥပဒေအရ ပြဋ္ဌာန်းထားပါသလား။ မည်သည့် ဥပဒေနည်း။
- မည်သည့်ရည်ရွယ်ချက်ဖြင့် တားဆီးကန့်သတ်မှုကို ဖြစ်စေခဲ့ပါသနည်း။
- တားဆီးကန့်သတ်မှုသည် လိုအပ်သည့် အရာကိစ္စလော။
- တားဆီးကန့်သတ်မှု၏ ပန်းတိုင်သည် အခြားနည်းလမ်းများဖြင့်ကော ရရှိနိုင်ပါသလား၊ မည်သို့နည်း။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက်ကို သတ်မှတ်ခြင်း။

- စီစဉ်မှုကို မည်သူက ပြုလုပ်သနည်း။ မည်သူက အမိန့်ပေးအနည်း။ ဤအကြောင်းကို မည်သူတို့သိသနည်း။ ဤအလုပ်စေခိုင်းမှုကို မည်သူတို့က ကူညီဆောင်ရွက်ပေးသနည်း။
- ဤအဖြစ်နှင့်ပတ်သက်၍ တိုင်ကြားခြင်းပြုခဲ့ပါသလား။ အဘယ်ကြောင့်တိုင်ကြားပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်း မပြုပါသနည်း။
- ဤဖြစ်ရပ်နှင့်ပတ်သက်၍ အစိုးရမှ မည်သို့ တုန့်ပြန် ၊ ကာကွယ်မှု ပြုခဲ့သနည်း။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

(၄) မှတ်တမ်းပြုခြင်း

နိုင်ငံတကာ ဥပဒေချိုးဖောက်မှုအဖြစ် အဓိပ္ပါယ်သတ်မှတ်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များရှာဖွေစုဆောင်းရာ၌ အချိန်နှင့် လုပ်ဆောင်ချက်တို့လိုအပ်ပါသည်။ ချိုးဖောက်မှုတစ်ခု၏ အဂိါရုပ်များသည်အစဉ်အဖြင့်အဆင်သင့်ပေါ်လွင် ထင်ရှားနေသည် မဟုတ်ချေ။ အချက်အလက်ရှာဖွေ စုဆောင်းသူတစ်ဦးအနေနှင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သော သတင်းအချက်လက်များကို ထုတ်ယူနိုင်စွမ်း ရှိရမည်ဖြစ်သည့်အပြင်၊ စုဆောင်းရရှိထားသော သတင်းအချက် အလက်များမှနေ၍ ချိုးဖောက်မှု၏ အရေးကြီးအဂိါရုပ်များကိုလည်း နည်းလမ်းတကျ ဖေါ်ထုတ်နိုင်စွမ်း ရှိရမည်ဖြစ်ပါသည်။ ချိုးဖောက်မှု၏ အဂိါရုပ်များကို ဖေါ်ထုတ်မှုပြုရန်အတွက် ဤအခန်းက မြန်မာနိုင်ငံ၏ အခြေအနေအချိန်အခါမှာ ဖြစ်ပွားနေကျ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်း အတွက် အထောက်အထားပါသော ဖြစ်ရပ်မှန်ပုံစံ တခုကို ဖေါ်ပြပေးပါမည်။

ဖြစ်ရပ်မှန်ပုံစံ ပေါ်အခြေခံလျက် ဤအခန်းက တွေ့ဆုံမေးမြန်းမှုနည်းနာနှင့် ပတ်သက်သော အကောင်းနှင့်အဆိုးသာဓကများကို ဖေါ်ပြထားပါသည်။ တွေ့ဆုံမေးမြန်းခြင်းနှင့်ပတ်သက်သော အချက်အလက်များအပြင်၊ ထိရောက်စွာအချက်အလက်ရှာဖွေရေးနှင့်ပတ်သက်သော အကြံပြုချက်များကို နောက်ထပ်သိရှိလိုပါက ဤစာစောင်ပါ "မြန်မာနိုင်ငံလူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကို ကြည့်ပါ။

(က) အခြေအနေ အချိန်အခါကို နားလည်ခြင်း။

လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ဖေါ်ထုတ်ရေးအတွက် အချက်အလက်ရှာဖွေရေးလုပ်ငန်းသို့မဟုတ် တွေ့ဆုံမေးမြန်းခြင်းများမစတင်မီမှာ ချိုးဖောက်မှုများ ဖြစ်ပွားရာနေရာ၏ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာအခြေအနေ အချိန်အခါကို နားလည်ထားရန် အရေးကြီးပါသည်။ အခြေအနေ အချိန်အခါကို နားလည်ခြင်းအားဖြင့် အချက် အလက်ရှာဖွေစုဆောင်းသူအဖို့ ထိရောက်သော မေးခွန်းများပြုစုရေးနှင့် လက်ရှိအခြေအနေကို ထိုးထွင်း သိမြင်ရေးတွင် အထောက်အကူရ

ndburma2.indd 145 26-Dec-09 13:05:24

နိုင်ပါသည်။ အတွေ့အကြုံရှိသော အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ပင်လျှင် အချက်အလက် ရှာဖွေစုဆောင်းမှုမပြုမီ၊ နောက်ခံသတင်းအချက်အလက်များကို စီစစ်ကြည့်ရေးတွင် အထောက်အကူ ရနိုင်ပါသည်။ အောက်မှာဖေါ်ပြထားသည်မှာ မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်းနှင့်ပတ်သက်၍ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ နောက်ခံအကြောင်းအချက် အချို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း၊ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကိုပိတ်ပင်ဟန့်တားခြင်း၏ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာအခြေအနေ နောက်ခံအကြောင်းအချက်များ

ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော စစ်အာဏာသိမ်းအစိုးရက တိုင်းပြည်ကို အုပ်ချုပ်ခဲ့သော (၁၉၆၂)ခုနှစ်ကစ၍ အဆက်ဆက်သော စစ်အစိုးရများက ခြိမ်းခြောက်ခြင်းနှင့် အတိုင်းမသိရက်စက်ခြင်း နည်းဗျူဟာဖြင့်တိုင်းပြည်ကို အုပ်စိုးလာခဲ့ကြသည်။ နှစ်ပေါင်းများစွာပင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) စစ်အစိုးရသည် ၎င်း၏တိုင်းသူပြည်သားများ ခရီးသွားလာလှုပ်ရှားမှုများအပေါ် ကန့်သတ်ချုပ်ချယ်မှုနှင့် အနီးကပ်စောင့်ကြည့်မှုနည်းနာများကို စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့၊ လုပ်ဆောင်နေဆဲဖြစ်သည်။ ၁၉၈၈ ခုနှစ် နိုင်ငံအဝှမ်း လူထုအုံကြွမှုနောက်ပိုင်းတွင် လူထုအရပ်လုံး၏ သွားလာလှုပ်ရှားမှုကို ထိန်းချုပ်ရန်ကြိုးပမ်းမှုများမှာ ပိုမိုပြင်းထန်တင်းကျပ်လာခဲ့သည်။ နိုင်ငံသားတို့၏ ခရီးသွားလာမှုအပေါ် စောင့်ကြည့်ရေး မူဝါဒအရ နိုင်ငံတွင်းရွှေ့ပြောင်းသွားလာမှုနှင့် နိုင်ငံပြင်ပ ခရီးသွားလာမှုများကို သက်ရောက်မှု ရှိစေခဲ့သည်။ လူမျိုးစုတိုင်းရင်းသားများနှင့် အမျိုးသမီးများသည် ဤမူဝါဒ၏ဆိုးကျိုးကို မမျှတစွာ သက်ရောက်ခံစားရမှု ရှိစေခဲ့သည်။

နိုင်ငံသားအားလုံးသည် (နအဖ) စစ်အစိုးရနှင့် စစ်အစိုးရစစ်ဆေးရေးဂိတ်များမှ ထုတ်ပေးထားသော နိုင်ငံသားစီစစ်ရေးကဒ်ပြားများကို သယ်ဆောင်သွားရန် လိုအပ်သည်။[၁၀] ဤအထောက်အထားများမပါသော လူပုဂ္ဂိုလ်တိုင်းသည် ဖမ်းဆီးခံရခြင်းသော်လည်းကောင်း၊ ငွေတောင်းခံရခြင်းသော်လည်းကောင်း၊ ခံရမည်ဖြစ်သည်။ သို့သော်ငြားလည်း ဤအထောက် အထားရရှိဖို့ရန်မှာ ငွေကြေးအကုန်အကျ များလွန်းပြီး၊ ရှိပင်ကျာကဲ့သို့ အချို့သော လူမျိုးစုများသည် (နအဖ) စစ်အစိုးရထံမှ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်မပြုသည့်အတွက် အလားတူနိုင်ငံသား မှတ်ပုံတင်ကဒ်ပြား ရရှိရန်မဖြစ်နိုင်ချေ။[၁၂] ညအိပ်ညနေ ပြေးသည်များသည်လည်း ဒေသဆိုင်ရာ (နအဖ) စစ်အစိုးရ အာဏာပိုင်များထံ ပြေးစာရင်းတိုင်ကြားရန် လိုအပ်သည်။ ဤသို့ပြေးစာရင်းတိုင်ကြားရန် ပျက်ကွက်ပါက အဆိုပါပြေးသည် အဖမ်းခံရခြင်း၊ ဒဏ်ငွေဆောင်ရခြင်း၊ ထောင် ချခံရခြင်းတို့ ကဲ့သို့သော အပြစ်ဒဏ်မျိုးစုံကို ခံရမည်ဖြစ်သည်။

၎င်းတို့၏ ဖြတ်လေးဖြတ်ပေါ်လစီတလျှောက်လုံး (နအဖ) စစ်အစိုးရသည် တိုင်းရင်းသားလူမျိုးစု ဆန့်ကျင်ဘက် အဖွဲ့အစည်းများ၏ လှုပ်ရှားမှု အားလုံးအားနည်းသွားစေရန် ရည်ရွယ်၍ အစားအစာ၊ ငွေကြေးထောက်ပံ့မှု၊ လူသစ်စုဆောင်းမှု၊ သတင်းအချက်အလက်များ လက်ခံရရှိနိုင်မှုတို့ကို ကန့်သတ်ငြင်းပယ်ထားပြီး၊ အပြင်းအထန်ကန့်သတ်ချုပ်ချယ်မှုများကို တိုင်းရင်းသားလူမျိုးစု ဒေသအတွင်း ပြုလုပ်ခဲ့သည်။ ဤသို့ပြုလုပ်ရာတွင် တင်းကျပ်သော ညမထွက်ရအမိန့်၊ သတ်မှတ်သော နေရာဒေသအတွင်း ထိန်းချုပ်ထားခြင်း၊ ရွှေ့ပြောင်းထားသော ကျေးရွာများကိုခြံစည်းရိုးခတ်ထားခြင်း စသည်တို့ပါဝင်သည်။ အခြားသောနည်းလမ်းများမှာ စစ်ဆေးရေးဂိတ်များ၊ ကန့်သတ်နယ်မြေအတွင်း ပစ်ခတ်ခြင်း၊ မြေမြုပ်မိုင်းများ ဖြန့်ကျက်ထားခြင်းတို့ဖြစ်သည်။[၁၄] အကယ်၍ ရွာသူရွာသားများသည် မိမိ၏ ရပ်ရွာအသိုင်းအဝိုင်းမှ ထွက်ခွာသွားလာလိုပါက ခရီးသွားလာခွင့် ခွင့်ပြုချက်တောင်းခံရမည်ဖြစ်သည်။[၁၅] ခရီးသွားလက်မှတ်ရှိသော ကျေးလက်နေ ခရီးသွားသူတို့ပင် စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းသွားလာဖို့အတွက် ငွေကြေးပေးဆောင်ရတတ်သည်။[၁၆]

၁၀၊ Belak, Brenda, "Migration and Trafficking," in Gathering Strength: Women from Burma on Their Rights, Images Asia, January 2002, http://www.ibiblio.org/obl/docs/GS12.migration-and-trafficking.pdf (last visited 26 August 2008), pg. 169.

၁၂၊ Human Rights Documentation Unit, Burma Human Rights Yearbook 2006, National Coalition Government of the Union of Burma, 2006, http://www.ncgub.net/BHRY/2006/movement.html#Introduction, (last visited 25 August 2008). Internal Displacement Monitoring Centre, "Myanmar (Burma): Rakhine (Arakan) State: Human Rights Abuses against the Rohingya Population is Increasing," December 2005, http://www.internal-displacement.org/idmc/website/countries.nsf/(httpEnvelopes)/1C29E4E5A2D5D280C125716A0040E2F6?OpenDocument, (last visited 26 August 2008).

၁၄၊ Human Rights Documentation Unit, Burma Human Rights Yearbook 2006, National Coalition Government of the Union of Burma, 2006, http://www.ncgub.net/BHRY/2006/movement.html#Introduction, (last visited 25 August 2008).

၁၅၊ Burma Issues, Shoot on Sight: The ongoing Offensive Against Villagers in Northern Karen State, December 2006, http://www.burmaissues.org/En/reports/OSP.pdf, (last visited 25 August 2008).

၁၆၊ McCoy, Cliff, Turning Treasure into Tears, EarthRights International, January 2007, p. 27.

ndburma2.indd 146 26-Dec-09 13:05:24

နိုင်ငံတကာ ခရီးသွားလာမှုကို ကန့်သတ်ထားမှုအရ၊ တရားဝင် နိုင်ငံကူးလက်မှတ်ရရှိရေးမှာ နိုင်ငံသားအများစုအတွက် ခက်ခဲပြီး လာဘ်ပေးလာဘ်ယူ ကိစ္စများ၊ နှောင့်နှေးမှုများ တွေ့ကြုံရမည်ဖြစ်သည်။[၁၆]

အလုပ်အကိုင်အတွက်သော်လည်းကောင်း၊ ပညာရေးအခွင့်အလန်းအတွက် သော်လည်းကောင်းနိုင်ငံကူးလက်မှတ်မရှိဘဲ နိုင်ငံကို ထွက်ခွာသွားလာခွင့်မရှိပေ၊ အကျိုးဆက်အနေဖြင့် လူပေါင်းများစွာသည် တရားမဝင်နည်းလမ်းဖြင့် ရွှေ့ပြောင်းသွားလာနေကြသည်။ ထို့အပြင် အချို့သောနိုင်ငံရေးလှုပ်ရှားသူ တို့သည်လည်း နိုင်ငံပြင်ပသွားလာခြင်းသော်လည်းကောင်း၊ မိခင်နိုင်ငံတွင်း ပြန်လည်ဝင်ရောက်လာခွင့်သော်လည်းကောင်း ပိတ်ပင်ထားဆီးခြင်းခံရသည်။[၁၇] လူသားချင်းစာနာမှုအထောက်အကူပြုအဖွဲ့များနှင့် အကူအညီပေးရေးအဖွဲ့အစည်းများကိုလည်းငင်းတို့လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် ခရီးသွားလာခွင့်လက်မှတ် ထုတ်ပေးရာတွင် လည်းကောင်း၊ ခရီးသွားလာရာတွင်လည်းကောင်း နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်စေအောင်လုပ်ထားသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများနှင့် ဒေသဆိုင်ရာ လူထုအခြေပြုအဖွဲ့အစည်းများသည်လည်း သဘာဝဘေးဒဏ်ခံရသော အရပ်ဒေသများနှင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများသို့ သွားလာခွင့်ကိုလည်း ငြင်းပယ်ခံထားရဆဲ ဖြစ်သည်။[၁၈]

(ခ) ဖြစ်တတ်သည့် ပုံစံများ

မြန်မာနိုင်ငံ၏ တည်ဆဲအခြေအနေတွင် ဖြစ်လေ့ရှိသော လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်းအတွက် အချက်အလက်ပုံစံတခုကို အောက်မှာဥပမာဖော်ပြ ပေးထားပါသည်။ ဤအချက်အလက်ပုံစံသည် ချိုးဖောက်မှုတရပ်၏ အဓိကအင်္ဂါရပ်များကို ဖေါ်ထုတ်ပြရာ၌ အသုံးဝင်ဖွယ်ရှိပါသည်။ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်းတည်းဟူသော ချိုးဖောက်မှုတရပ်ကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် အညီ သတ်မှတ်နိုင်ရေးအတွက် အောက်ပါအချက်များပါရှိရမည်ကို သတိရပါ။

၁။ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ကြားဝင်နှောက်ယှက်မှု။

၂။ ဥပဒေနှင့်မညီခြင်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်တို့ ဖြစ်သည်။

ဖြစ်ရပ်မှန်ပုံစံ– လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ကြားဝင်နှောက်ယှက်မှု[၁၉]

ဇင်မဲထန်သည် သူ၏စားဝတ်နေရေးအတွက် တီးတိန်မြို့မှ ကုန်စည်များကိုဝယ်ယူ၍ နှစ်ရက်တာခရီးကို ခြေဖလာဖြင့်သွားလာရသော မြန်မာနိုင်ငံ၊ ချင်းပြည်နယ်နှင့် အိန္ဒိယနိုင်ငံ မိဇိုရမ်ပြည်နယ်သို့ နယ်စပ်ဖြတ်ကျော် ကုန်စည်ကူးသန်းနေသူတဦးဖြစ်သည်။ ဤအလုပ်အကိုင်ဖြင့် သက်ကြီးရွယ်အို မိဘများနှင့် မောင်နှမငါးဦး၏ စားဝတ်နေရေးကိုထောက်ပံ့နေရသူဖြစ်သည်။

လွန်ခဲ့သော သုံးလခန့်က (နအဖ) စစ်အစိုးရက တိုင်းရင်းသား လက်နက်ကိုင် အတိုက်အခံအဖွဲ့ တခုဖြစ်သော ချင်းအမျိုးသားတပ်ဦးသည် သူတို့၏စစ်ရေးလှုပ်ရှားမှုများအတွက် ဤလမ်းခရီးအားအသုံးပြုနေသည်ဟု သင်္ကာမကင်းဖြစ်

၁၆၊ Bureau of Democracy, Human Rights, and Labor, "Burma: Country Reports on Human Rights Practices – 2007," US Department of State, 11 March 2008, http://www.state.gov/g/drl/rls/hrrpt/2007/100515.htm (last visited 25 August 2008).

၁၇၊ Van Biak Thang, "Professor Dr. Salai Tun Than To Stage Hunger Strike Over Burma's Referendum In New York," Chinland Guardian, 1 April 2008, http://www.chinlandguardian.com/index.php/Home/301, (last visited 26 August 2008). "Comedian Zarganar Denied Passport," Irrawaddy, 23 June 2006, http://www.bma-online.org/BMW_2006_Apr_Jun.html#6 (last visited 26 August 2008).

၁၈၊ BBC, "Burma 'Closes' Red Cross Offices," 27 November 2006, http://news.bbc.co.uk/2/hi/asia-pacific/6188020.stm, (last visited 26 August 2008). Medicins Sans Frontieres, "Why the French Section of MSF has Ended its Activities in Myanmar," 30 March 2006, http://www.msf.org/msfinternational/invoke.cfm?objectid=4613E1EB-0D4F-C582-2770E8597606F085&component=toolkit.article&method=full_html, (last visited 26 August 2008). Yuki Akimoto, Post-Nargis Analysis: The Other Side of the Story, October, 2006, pp. 11-12.

၁၉၊ ယခု ဖော်ပြထားသည့် စိတ်ကူးဖော်ပြချက် ပုံစံသည် လူအများ၏ အတွေ့အကြုံများကို အခြေခံရေးသားထားခြင်း ဖြစ်ကြောင်း သတိပြုစေလိုပါသည်။ ယခု လက်စွဲစာအုပ်တွင် အသုံးပြုဖော်ပြနိုင်ရန်အတွက်သာ ဖန်တီးရေးသားထားခြင်းဖြစ်ပါသည်။ လူတဦး၏ ဖြစ်ရပ်၊ အမှန်ဖြစ်ရပ် တခု ကို ဖော်ပြရေးသားထားခြင်း မဟုတ်ပါ။

ndburma2.indd 147 26-Dec-09 13:05:24

သဖြင့် တီးတိန်ပြို့မှနယ်စပ်သို့ ခရီးသွားလာမှုများကို ကန့်သတ်မှုများပြုလုပ်လာခဲ့သည်။ ယခုအခါဆိုလျှင် လမ်းခရီးတလျှောက်၌ နေထိုင်သော ရွာသူရွာသားများသည် မိမိနေထိုင်ရာ ကျေးရွာပြင်ပသို့ ခရီးသွားလာခွင့်အတွက် ပထမဦးစွာ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်သည်။ နအဖစစ်အစိုးရသည် အဓိကလမ်းမကြီး တလျှောက်စစ်ဆေးရေးဂိတ်များကိုထားရှိပြီး ဤဂိတ်များ၌ ခရီးသွားများသည် ၎င်းတို့၏ နိုင်ငံသားစီစစ်ရေးကဒ်နှင့် ခရီးသွားလာခွင့်ခွင့်ပြုချက်များကိုတင်ပြရပြီး ငွေကြေးပေးဆောင်ရမည်ဖြစ်သည်။ ဤသို့သော ကန့်သတ်မှု အသစ်များသည် တရားဝင်ပေါ်လစီအရသော်လည်းကောင်း၊ စာဖြင့်ရေးသား ထုတ်ပြန်သော အမိန့်ကြော်ငြာစာမျိုးမဟုတ်ဘဲ ချမှတ်လာသောကန်သတ်ချက်များဖြစ်သည်။

ဤအလေ့အထသစ်အရ၊ ဇင်မ်းထန်၏ နယ်စပ်ဖြတ်ကျော် ကုန်စည်ကူးသန်းမှု စီးပွားရေးလုပ်ငန်းသည် အခက်အခဲများတိုး၍ ကြီးတွေ့လာရပြီး ငွေကုန်ကြေးကျများလာခဲ့သည်။ လုပ်ငန်းအတွက်လည်း အဟန့်အတားဖြစ်လာသည်။ သူ၏မိသားစုကို အခြားသော နည်းလမ်းများဖြင့် ထောက်ပံခြင်းငှာ မတတ်သာသဖြင့် ဇင်မ်းထန်သည် လွန်ခဲ့သော နှစ်လမှစတင်ကာ ညနေပိုင်းအထိစောင့်ကာ ရွာမှထွက်၍(နအဖ) စစ်အစိုးရ၏ စစ်ဆေးရေးဂိတ်များမှမမြင်မတွေ့အောင်ကွေ့ရှောင်ပတ်ကာ အခြားသောလမ်းများကိုသုံး၍ နယ်စပ်သို့သွားလာခဲ့သည်။ လွန်ခဲ့သောနှစ်ပတ်က ဇင်မ်းထန်သည် သူ၏ကုန်စည်များကို သယ်ပိုးကာ အိန္ဒိယသို့သွားသည့် သူ၏ခရီးတွင် (နအဖ) စစ်သား ၅–ဦး သူ့အနားသို့ ချဉ်းကပ်လာသည်ကိုတွေ့ရသည်။ စစ်သားတဦးက ဘာကြောင့်သတ်မှတ်ထားသော အဓိကလမ်းကို မသုံးသနည်းဟု မေးသည်၊ အန္တရာယ်ကိုကြောက်ရွံ့သဖြင့် အိန္ဒိယနယ်စပ်သို့သွားရာလမ်းရှိ သူ၏ဝမ်းကွဲ ညီအစ်ကိုဆီသို့သွားရောက်လည်ပတ်ရန်ဟု လိမ်ညာဖြေဆိုမိ၏၊ ထို့နောက် စစ်သားများက သူ၏ခရီးသွား လာခွင့်လက်မှတ်ကို ကြည့်ရှုရန် တောင်း၏။ ထို့ကြောင့် ဇင်မ်းထန်သည် သူ၏နိုင်ငံသား စီစစ်ရေးကဒ်ပြားကိုပြလိုက်သည်၊ သို့ရာတွင် ခရီးသွားလာခွင့်လက်မှတ်မရှိပေ၊ "မင်းမှာ ခရီးသွားလာခွင့်၊ ခွင့်ပြုချက်မရှိဘဲ မင်းကဘာဖြစ်လို့ ခရီးသွားရတာလဲ၊ မင်းတို့ချင်း (မြို့) တွေဟာ အမြဲတမ်းစည်းကမ်းဖောက်နေတာပဲ" ဟုစစ်သားတဦးက ပြောသည်။

စစ်သားများကသူ့ကို ချုပ်နှောင်ကာ သူ၏ကုန်စည်များကိုလည်း သိမ်းယူလိုက်သည်။ "တခါတလေ အချုပ်ထဲမှာနေတဲ့အခါ ငါတို့စည်းကမ်းတွေကို ဘယ်လိုလိုက်နာရမယ်ဆိုတာ သင်ပေးလိမ့်မယ်" ဟုစစ်သားတဦးက ပြောသည်။

စစ်သားများမှဇင်မ်းထန်ကို သူတို့စစ်စခန်းသို့ သွားရာတလျှောက်တနေ့လုံးလမ်းလျှောက်စေခဲ့သည်။ ညအမှောင်သမ်းလာသောအခါ စစ်သားများမှ ညနေခင်း အပန်းဖြေရန် ပြင်ကြတော့သည်။ သူတို့သည် အရက်ပုလင်းကိုထုတ်၍ သောက်ကြသည်၊ သူတို့မူးလာသောအခါ ဇင်မ်းထန်အားမျိုးမစစ်ဟုခေါ်ကာ စော်ကားကြသည်။ နောက်ဆုံး၌ သူတို့အားလုံးမူး၍ အိပ်ပျော်ကုန် သောအခါ ဇင်မ်းထန်လည်း ထွက်ပြေးလွတ်မြောက်ဖို့ အခွင့်အလန်းပေါ်လာသည်။ သူ့ကိုချည်နှောင်ထားသော လက်မှကြိုးကိုဖြေနိုင်ခဲ့ပြီး တိတ်တိတ်ကလေး ထွက်ပြေးခဲ့သည်။

စစ်တပ်မှ တစ်ချိန်မဟုတ်တစ်ချိန် သူ့အားပြန်လည်တွေ့ရှိမည်ကို စိုးရိမ်သောကြောင့် သူသည်အိန္ဒိယနိုင်ငံသို့ထွက်ပြေးရန် ဆုံးဖြတ်ချက်ချခဲ့သည်။ တညလုံး အဆက်မပြတ် ပြေးလွှားခဲ့ပြီးနောက်၊ နောက်တနေ့ နေ့လည်ခင်းတွင် နယ်စပ်သို့ ရောက်ရှိ ခဲ့သည်။ နယ်စပ်သို့ သူရောက်ရှိသောအခါ ပုံမှန်အတိုင်းသွားလာနေကျ ကုန်သည်အုပ်စုအစားစိတ်ဆိုးမာန်ဆိုးလူတစု၏သွားလာလှုပ်ရှားနေမှုများကိုတွေ့မြင်လိုက်ရသည်။ ဘာတွေဖြစ်ပျက်နေသည်ကိုအမျိုးသမီးတယောက်အား မေးမြန်းစုံစမ်း ကြည့်သောအခါ "လူဝင်မှု ကြီးကြပ်ရေး အရာရှိတွေက နယ်စပ်ကိုပိတ်လိုက်ပြီ၊ ဘယ်သူ တဦးတယောက်ကိုမှ ဝင်ထွက်ခွင့်မပြုတော့ဘူး" ဟုပြောလာသည်။ ဇင်မ်းထန်မှဘာကြောင့် "ဒီလိုပိတ်လိုက်သလဲ" ဟု ဆက်လက်မေးမြန်းရာ အမျိုးသမီးက "သူတို့မှာဘာအကြောင်းပြချက်မှမရှိဘူး၊ ငါတို့ချင်းလူမျိုးတွေကိုမုန်း တာ တခုကလွဲလို့၊ သူတို့ပြောတာက ဒီဒေသမှာ အတိုက်အခံသူပုန်တွေ ရှိနေတယ်လို့ သံသယရှိလို့တဲ့၊ ဒါပေမဲ့အတိုက် အခံသူပုန်တွေက ဒီကိုလာဖို့ဆိုတာ သူတို့ထက်ပါးနပ်သေးတယ်၊ သူတို့ကငါတို့ကို အပြစ်ပေးချင်တာရယ်၊ ငါတို့ ဘဝ တွေကို ပိုမိုကျပ်တည်းစေချင်တာရယ်ပဲရှိတယ်" ဟု ပြောသည်။

ဇင်မ်းထန်သည် သူတနည်းနည်းဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာသွားမှ ဖြစ်မည်ဟု သိလိုက်သည်။ စစ်ဆေးရေးဂိတ်မှဝေးသောတောင်ဘက်ရှိ အနည်းငယ်လှမ်းသောနေရာတွင် လျှို့ဝှက်ထွက်ပေါက်တခု ရှိသည့်အကြောင်းကို သူကြားခဲ့ဖူးသည်။ ထို့ကြောင့် မြန်မြန်ဆန်ဆန် မြင်ကွင်းမှ ထွက်ခွာကာ တရားမဝင် ထွက်ပေါက်ကို တွေ့ပြီးနောက် အိန္ဒိယနိုင်ငံသို့ရောက်ရှိလာခဲ့သည်။ သူသည်ယခုအခါ၌မိဇိုရမ်ပြည်နယ်တွင် နေထိုင်ကာ ယာယီအလုပ်သမားဘဝဖြင့် နေထိုင်လျက်ရှိသည်။

ndburma2.indd 148 26-Dec-09 13:05:25

(၈) တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာပုံစံ

တွေ့ဆုံမေးမြန်းခြင်းသည် အဓိကကျသော အချက်အလက်များကို ရှာဖွေစုဆောင်းနည်းပင် ဖြစ်သည်။ အဓိကအကြောင်းရင်းမှာ အဖြစ်အပျက်တခုနှင့် ပတ်သက်၍လူတို့သည် သတင်းအချက်များကို အများဆုံးရရှိထားသူများဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခြင်းသည် အချက်အလက်ရှာဖွေစုဆောင်းသောလုပ်ငန်းအတွက် အခြေခံကျသည်ဖြစ်ရာ၊ တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အကောင်းဆုံးရရှိထားခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘက်ပေါင်းစုံမှနေ၍ အသေးစိတ်ကျကျ ဖေါ်ထုတ်ရေးတွင် သော့ချက်တခုဖြစ်ပါသည်။ အထက်ဖေါ်ပြပါ ဖြစ်ရပ်မှန်ပုံစံကို အခြေခံထားသောတွေ့ဆုံ မေးမြန်းခြင်း နမူနာပုံစံ (၂)ခုကို အောက်မှာဖေါ်ပြထားပါသည်။ ပထမတွေ့ဆုံမေးမြန်းခြင်းသည် အရည်အသွေးညံ့ဖျင်းသောတွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပြီး၊ ဒုတိယတွေ့ဆုံမေးမြန်းခြင်းသည် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပါသည်။ သာဓကတခုစီ၏ အောက်ခြေတွင် ပိုင်းခြားသုံးသပ်ချက်များကို ဖေါ်ပြထားပါသည်။

၁။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ညံ့)

မေး – နအဖစစ်အစိုးရက ခင်ဗျားရဲ့ လွှပ်လပ်စွာ ခရီးသွားလာခွင့်ကို ချိုးဖောက်ခဲ့တာ ဟုတ်ပါသလား။

ဇင်မ်းထန် – ကျနော်တော့ထင်တာပဲ၊ သူတို့လိုအပ်တာက ရွာတွေကိုစွန့်ခွာသွားလာဖို့အတွက် ခရီးသွားလက်မှတ်ရှိနေဖို့ လိုတယ်၊ ပြီးတော့ အဓိကလမ်းမကြီးပေါ်မှာ စစ်ဆေးရေးဂိတ်တွေလည်း ဖွင့်ထားသေးတယ်၊ ကျနော့်စီးပွားရေးလုပ်ငန်းအတွက် ကျနော်ပုံမှန်သွားလာရတယ်။ ဒါပေမယ့် ဒီလိုအပ်လျက်က ခရီးသွားလာဖို့အတွက် အတော်ကိုခက်ခဲတယ်ဗျာ။

မေး – ခင်ဗျား ခရီးသွားလာတဲ့ကိစ္စကို သူတို့ကြားဝင်နှောက်ယှက်သလား။

ဇင်မ်းထန် – ဟုတ်ကဲ့၊ ကျနော် တွေ့ဖူးတာကတော့ ခရီးသွားလာဖို့ကို မဖြစ်နိုင်သလောက် နီးနီးပါပဲ။

မေး – ဒီလိုအပ်ချက်နဲ့ပတ်သက်လို့ ဥပဒေထုတ်ပြန်ထားခဲ့တာရှိသလား။

ဇင်မ်းထန် – ကျနော်တော့ မသိဘူးဗျ၊ တနေ့မှာ(နအဖ) စစ်အစိုးရက စစ်ဆေးရေးဂိတ်တွေဖွင့်ပြီး ခရီးသွားလက်မှတ် လိုအပ်တယ်လို့ဆိုပြီး စတင်တောင်းတော့တာပါပဲ။

မေး – ဆိုတော့ တရားဥပဒေနည်းလမ်းအရ (နအဖ) စစ်အစိုးရက သူတို့ ဘာလို့ ဒီလိုလိုအပ်ချက်တွေကို ပြဋ္ဌာန်းရတယ်ဆိုတာ မရှင်းပြဘူးပေါ့။

ဇင်မ်းထန် – သူတို့ပြောတဲ့ အကြောင်းပြချက်ကတော့ အတိုက်အခံ တိုင်းရင်းသား သူပုန်တွေရဲ့ လှုပ်ရှားမှုကို ထိန်းချုပ်ဖို့အတွက်လို့ပြောတာပဲ၊ ဒါပေမဲ့ ဒီဒေသမှာ ဒီအုပ်စုတွေ ရှိနေတယ်ဆိုတာ မမြင်ရသလောက်ပါပဲ။

မေး – ခင်ဗျားရဲ့ ဆန္ဒဖော်ထုတ်ခွင့် အခွင့်အရေးကို အစိုးရပိုင်းက တယောက်ယောက်က ကြားဝင်နှောက်ယှက်တာ ကြုံဖူးသလား။

ဇင်မ်းထန် – မြန်မာစစ်တပ်က စစ်သားတွေ ဖမ်းတာကို ကျနော် ခံခဲ့ရပါတယ်။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရခြင်းမှာ အကြောင်းအချက်များစွာရှိပါသည်။

ပထမအချက်– တိုလွန်းသည်။ ချိုးဖောက်မှုတခုဖြစ်ကြောင်း ဖေါ်ပြရန်လိုအပ်သည့် အင်္ဂါရုပ်များအကြောင်းမှတ်တမ်းပြုရန်တည်းဟူသော တွေ့ဆုံမေးမြန်းခြင်း၏ရည်မှန်းချက်ပေါက်မြောက်ခြင်းမရှိချေ။ဖြစ်ပွားပုံကိုအသေးစိတ်ပေါ်လွင်စေရေးအတွက် မေးခွန်းများလုံလောက်ခြင်းမရှိ။ နောက်ဆက်တွဲမေးခွန်းများသည် ဖြစ်ရပ်၏ ရုပ်ပုံကားချပ်ကို အပြည့်အဝဖေါ်ပြရေးတွင် အထူးအရေးကြီးပါသည်။

ndburma2.indd 149 26-Dec-09 13:05:25

ဒုတိယအချက်– ဤမေးခွန်းများသည် အများအားဖြင့် နိမိတ်ပြမေးခွန်းများဖြစ်နေသည်။ ဆိုလိုသည်မှာ မည်သို့ဖြေကြားသင့်ကြောင်း ဇင်မ်းထန်ကို အရိပ်အကဲပြသည့်သဘောဖြစ်နေသည်။ သူက "ဟုတ်ပါသည်" သို့မဟုတ် "မဟုတ်ပါ" ဟုဖြေနေပါက အရေးကြီးသော အသေးစိတ်အချက်အလက်များကို ကျန်သွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ အနေနှင့်လည်း အရေးကြီးသော သတင်းအချက်အလက်များကို လက်လွတ်သွားလိမ့်မည်။ ထို့ပြင်၊ ဇင်မ်းထန် ဘက်ကလည်း သူ့ဟာသူ လွတ်လွတ်လပ်လပ်ပြောပြလိုသည့် သဘောနည်းသွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ ကြားလိုသောအဖြေများကို ပေးလိုသည့် သဘောပိုများသွားနိုင်ပါသည်။

တတိယအချက်– ဤတွေ့ဆုံမေးမြန်းခြင်းသည် တွေ့ဆုံမေးမြန်းသူ မူလကတည်းက သံသယရှိနေသော ချိုးဖောက်မှုကိုသာလျှင် အာရုံစိုက်ထားပြီး၊ အခြားချိုးဖောက်မှုများအတွက် အထောက်အထားရနိုင်သော မေးခွန်းများကိုမေးခြင်း မရှိချေ။ ဤသာဓက ဖြစ်ရပ်ကဲ့သို့သော လွှပ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ကြားဝင်နှောက်ယှက်မှု ဖြစ်ရပ်များသည် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနေသည့်ကြားမှာ ဖြစ်ပွားတတ်ပါသည်။ အသေးစိတ်ကျသော တွေ့ဆုံမေးမြန်းမှုတခုကို လုပ်ခြင်းအားဖြင့် ပိုင်ဆိုင်သောပစ္စည်းများကို အဓမ္မသိမ်းယူမှုကဲ့သို့သော ကျူးလွန်မှုအများအပြားအတွက် အထောက်အထားများလည်း ရနိုင်ဖွယ်ရှိပါသည်။

နောက်ဆုံးအချက်– ဇင်မ်းထန်၏ ဖြစ်ရပ်ကို အတည်ပြုဖေါ်ပြပေးမည့် သတင်းအချက်အလက် တစုံတရာကို ဤ တွေ့ဆုံမေးမြန်းခြင်းမှနေ၍ မရရှိချေ။ ဇင်မ်းထန် ၏သတင်းကို ပံ့ပိုးအတည်ပြုရေးအတွက် သက်သေအထောက်အထားရှိ၊ မရှိ။ သို့မဟုတ် ဆရာဝန်ဆေးစစ်ချက်ကဲ့သို့သော အခြားအထောက်အထားများရနိုင်၊ မရနိုင် သူ့အားမေးကြည့်ခြင်းသည် ကောင်းမွန်သော မှတ်တမ်း ပြုမှုတခု၏ အရေးကြီးသော အစိတ်အပိုင်း ဖြစ်သည်။

၂။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ကောင်း)

မေး – ဇင်မ်းထန်ခင်ဗျား၊ ခင်ဗျားထွက်ပြေးဖို့ ဘာကြောင့်ဆုံးဖြတ်ရသလဲဆိုတာနဲ့ပတ်သက်လို့ မြန်မာနိုင်ငံမှာဖြစ်ပျက်နေပုံတွေကို ပြောပြနိုင်မလား။

ဇင်မ်းထန် – ကျနော် ပြဿနာစတက်တာကတော့ (နအဖ) စစ်အစိုးရက တီးတိန်ပြို့ကနေ အိန္ဒိယနယ်စပ်ကိုသွားတဲ့ အဓိကလမ်းမကြီးမှာ စစ်ဆေးရေးဂိတ်တွေချပြီး အကုန်လုံးခရီးသွားလာခွင့် ခွင့်ပြုချက်လက်မှတ်ရှိမှရမယ် ဆိုပြီး စကတည်းကပဲ့ဗျာ။ စစ်သားတချို့က ကျနော့်ကိုဖမ်းတယ် ဘာလို့လည်းဆိုတော့ ကျနော့်မှာခရီးသွားလာခွင့် ခွင့်ပြုချက်လက်မှတ် မရှိလို့လေ။

မေး – ခရီးသွားလာခွင့် ခွင့်ပြုချက်လက်မှတ်နဲ့ စစ်ဆေးရေးဂိတ်တွေက ခင်ဗျားရဲ့ လုပ်ငန်းကိုင်ငန်းကို ဘယ်လို အနှောက်အယှက် ပေးသလဲဗျ။

ဇင်မ်းထန် – နယ်စပ်ဖြတ်ကျော် ကုန်ရောင်းကုန်ဝယ်လုပ်နေသူ တယောက်အနေနဲ့ ကျနော့်ရွာကနေ နယ်စပ်ကိုခဏခဏ ခရီးသွားလာရပါတယ်၊ ခရီးသွားတိုင်းသွားတိုင်း ကျနော်ခွင့်ပြုချက် တောင်းရပါတယ်။ အဲဒါက အချိန်အတော်ပေးရပြီး ငွေကုန်ကြေးကျလည်းများပါတယ်။ အဓိကလမ်းမကြီးကိုသုံးပြီးသွားတိုင်း စစ်ဆေးရေးဂိတ်တိုင်းကိုလည်း ငွေပေးရပါတယ်။ ကျနော် အဲဒီ အပိုကုန်ကျမှုတွေကို မပေးနိုင်တော့ပါဘူး။

မေး – အဲဒီလိုပေးရတာ ဘယ်လောက်ပေးရပါသလဲ။

ဇင်မ်းထန် – သူတို့အမျိုးမျိုးတောင်းတာပါပဲ၊ခရီးသွားလာခွင့်လက်မှတ်အတွက်အာဏာပိုင်တွေက ၂,၀၀၀ ကျပ်တောင်းပါတယ်၊ ဒါပေမဲ့လို့ သွားလာတဲ့ အချိန်အဆင်ပြေပြေရဖို့ဆိုရင် အာဏာပိုင်တွေကို အပိုငွေ လာဘ်ထိုးရပါတယ်၊ စစ်ဆေးရေးဂိတ်မှာတော့ ကုန်ကျငွေ သတ်သတ်မှတ်မှတ် ထားတာမရှိပါဘူး၊ သို့သော်လည်း လုံခြုံရေးတာဝန်ကျတွေက ဖြတ်သန်းသွားလာခ ဆိုပြီးတောင်းပါတယ်။ ကုန်သည်ပွဲစားတွေဟာ သူများထက်ပိုပြီးပေးရပါတယ်၊ ဘာလို့လည်းဆိုတော့ ကျနော်တို့ဟာ စီးပွားရေးအတွက် သွားလာသူတွေဖြစ်တယ်ဆိုတာ သူတို့သိလို့ပါ။

မေး – အကယ်၍ စစ်ဆေးရေးဂိတ်တွေမှာ အစစ်ခံဖို့ရယ်၊ ခရီးသွားလာခွင့် လက်မှတ်မရှိဘဲ သွားလာတာကို ခွင့်မပြုဘူးဆိုပြီး ဥပဒေပြဋ္ဌာန်းထားခဲ့တယ်လို့ ခင်ဗျားသိသလား။

ndburma2.indd 150 26-Dec-09 13:05:25

ဇင်မ်းထန် – ကျနော်မသိပါဘူး၊ ကျနောထင်တာကတော့ ဒါဟာစစ်တပ်က အမိန့်ထုတ်ထာလို့ ထင်ပါတယ်၊ ကျနောတို့ ဘယ်တုန်းကမှ ဘာအမိန့်မှထုတ်ထားတာ မတွေ့မိခဲ့ပါဘူး၊

မေး – ဘာလို့ခရီးသွားလာခွင့် ခွင့်ပြုချက်လက်မှတ်ရယ် စစ်ဆေးရေးဂိတ်တွေကို ဖွင့်တဲ့ အကြောင်းခင်ဗျားသိသလား

ဇင်မ်းထန် – သူတို့ပေးတဲ့ အကြောင်းပြချက်ကတော့ တိုင်းရင်းသားအတိုက်အခံ သူပုန်တွေရဲ့ လှုပ်ရှားမှုကို ကန့်သတ်ဖို့လို့တော့ ပြောတာပါပဲ၊ ဒါပေမဲ့ ကျနော်တော့ ဒီအဖွဲ့အစည်းတွေကိုတွေ့တာ ရှားရှားပါးပါးပါပဲ။

မေး – ခင်ဗျားစီးပွားရေးကို ဘယ်လိုဆက်လုပ်ခဲ့သလဲ။

ဇင်မ်းထန် – ကျနော်ညဘက်ကျမှ ရွာကထွက်ပြီး အစောင့်မရှိတဲ့ ဂိတ်တွေကိုဖြတ်ပါတယ်၊ ပြီးတော့ နယ်စပ်ကို လမ်းသွယ်လေးတွေကနေသွားပါတယ်။

မေး – ဘယ်တုန်းက စစ်သားတွေက ခင်ဗျားကိုဖမ်းမိလဲ၊ ပြီးတော့ဘာဖြစ်သလဲ။

ဇင်မ်းထန် – ကျနော်လမ်းကျဉ်းလေးမှာ ခရီးသွားနေတုန်း စစ်သားတွေကျနော့်ဆီကို ရောက်လာပါတယ် ပြီးတော့ ခရီးသွားလာခွင့် ခွင့်ပြုချက်လက်မှတ်တောင်းပါတယ်။ သူတို့ကျနော့်ကိုဖမ်းချုပ်ပြီး သူတို့စစ်စခန်းကိုခေါ်သွားပါတယ် ဘာလို့လဲဆိုတော့ ကျနော့်မှာ ခရီးသွားလာခွင့် ခွင့်ပြုချက် လက်မှတ်မရှိလို့ပါ၊ ကံကောင်းထောက်မစွာပဲ ကျနော်လွတ်အောင် ထွက်ပြေးလာနိုင်ခဲ့ပါတယ်၊ ဒီနောက်ပိုင်း ကျနော် အိန္ဒိယနိုင်ငံကို ထွက်လာခဲ့တာပါ။

မေး – ခင်ဗျားခရီးသွားတာကို ဘယ်လိုအကြောင်းပြချက်ပေးပြီး စစ်သားတွေက ပိတ်ပင်ဟန့်တားခဲ့တာလဲ။

ဇင်မ်းထန် – သူတို့ဘာ အကြောင်းပြချက်မှ မပေးခဲ့ပါဘူး၊ ကျနော်တို့ ချင်းတွေက အမြဲတမ်းစည်းကမ်းကို ရှောင်လွှဲဖို့ကြိုးစားတယ်လို့ပဲပြောပါတယ်၊ သူတို့ပြောတာဆိုတာ အရမ်းရိုင်းစိုင်းပါတယ်။

မေး – ခင်ဗျားကိုဖမ်းတာ ဘယ်ကစစ်သားတွေလဲ။

ဇင်မ်းထန် – သူတို့က မြန်မာစစ်တပ်ကစစ်သားတွေပါ၊ ဒါပေမဲ့ ဘယ်တပ်ရင်းကဆိုတာကိုတော့ ကျနော်သေသေချာချာမသိပါဘူး။

မေး – စစ်သားတွေဆီကနေ ခင်ဗျားထွက်ပြေးလာပြီးနောက်ပိုင်း ဘာတွေဆက်ဖြစ်သေးလဲခင်ဗျ။

ဇင်မ်းထန်– နောက်တနေ့မတိုင်ခင်အထိ တညလုံးကျနော်တောက်လျှောက်ပြေးနေတာပါ၊ နောက်ဆုံးမှာ ကျနော်နယ်စပ်ကိုရောက်အောင်လာခဲ့ပေမဲ့လည်း၊ အာဏာပိုင်တွေက နယ်စပ်ကိုပိတ်လိုက်ပါပြီ။ သူတို့ ဘယ်သူတဦးတယောက်ကိုမှ တိုင်းပြည်ထဲကနေ ထွက်ခွင့်မပေးတော့ပါဘူး၊ ကျနော်နေလို့မဖြစ်ဘူးဆိုတာ ကျနော်သိပါတယ် အဲဒါကြောင့် တောလမ်းကနေဖြတ်ပြီး နယ်စပ်ကို ကျော်လာခဲ့တာပါ။

မေး – ခင်ဗျားအခြေအနေလိုမျိုး ကြုံရတဲ့ အခြားတယောက်ယောက် ရှိဦးမလားဗျာ သူနဲ့စကားပြောလို့ကောရမလား။

ဇင်မ်းထန်– ဟုတ်ကဲ့၊ အဲဒီမှာ ကျနော့်ရွာကနေ အမြဲတမ်းနယ်စပ်ကျော်ပြီး ကုန်ရောင်းကုန်ဝယ်လုပ်တဲ့ သူတွေရှိပါတယ်၊ သူတို့ကနေ ခင်ဗျားကို ကျနော်တို့အပေါ်မှာ (နအဖ) စစ်အစိုးရက ဘယ်လို ကန့်သတ်ချုပ်ချယ်ထားတယ်ဆိုတာကို ပြောပြလိမ့်မယ်။ အကယ်၍ ခင်ဗျားသူတို့အထဲက တယောက်ယောက်ကို တွေ့ချင်တယ်ဆိုရင်၊ သူတို့နေတဲ့နေရာကို ကျနော် ခင်ဗျားကို ခေါ်သွားလို့ရပါတယ်။

မေး – အဲဒါကောင်းတာပေါ့ဗျာ၊ ခင်ဗျားထပ်ပြောချင်တာ ဒါမှမဟုတ် ကျနော့်ကို မေးမြန်းချင်တာလေးတွေ များရှိဦးမလားမသိဘူး ခင်ဗျ။

ဇင်မ်းထန် – ကျနော်ထပ်ပြီးပြောစရာ ရှိအုံးမယ်လို့မထင်တော့ပါဘူး။

မေ – ခင်ဗျားအတွေ့အကြုံတွေကို ကျနော့်ကို မျှဝေပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ၊ တကယ်လို့ကျနော် ခင်ဗျားကို ထပ်ပြီးပြောဆိုမေးမြန်းချင်တာလေးတွေရှိမယ်ဆိုရင် ဘယ်လိုဆက်သွယ်ရမလဲခင်ဗျာ။

ndburma2.indd 151 26-Dec-09 13:05:25

ဇင်မ်းထန် – ကျနော်ဒီဆိုင်မှာပဲစျေးရောင်းပြီးနေပါတယ်၊ ဒါကြောင့် အကယ်၍ ခင်ဗျားသိချင်တာ မေးမြန်းချင်တာလေးတွေ ရှိရင် ဒီကိုပဲ လာလို့ ရပါတယ်ဗျာ။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

ဤတွေ့ဆုံမေးမြန်းခြင်းသည် ကောင်းပါသည်ဟု ဆိုရခြင်းမှာ ဇင်မ်းထန် က သူ့ဖြစ်ရပ်ကို ပြောပြသောကြောင့်ဖြစ်ပါသည်။ ပွဲဦးထွက် မေးခွန်းများသည် လမ်းဖွင့်မေးခွန်းများဖြစ်ပြီး၊ နောက်ဆက်တွဲ မေးခွန်းများလည်း ပါဝင်ပါသည်။ ချိုး ဖောက်မှုတခုအဖြစ် သတ်မှတ်ရေးအတွက် အင်္ဂါရုပ်အသီးသီးကို မှတ်တမ်းပြုရာ၌ သူ၏ဖြေကြားချက်များသည် အထောက်အကူဖြစ်စေပါသည်။ သာဓကအားဖြင့်ဖေါ်ပြရလျှင် ဇင်မ်းထန် သည် လွှပ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ချိုး ဖောက်မှုနှင့် ပတ်သက်၍ အောက်ပါ သတင်းအချက်အလက်များကို ပေးပါသည်။

ပထမ– ဇင်မ်းထန်သည် လွှပ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ချိုးဖောက်မှု သတ်မှတ်ရေးအတွက် လိုအပ်သော သတင်းအချက် အလက်များပေးသည်။ သူသည် အာဏာပိုင်များမှ ရွှာပြင်ပသို့ သွားလာခွင့်ရရှိရန်အတွက် ခရီးသွားလာခွင့် ခွင့်ပြုချက် လိုအပ်ကြောင်း ညွှန်းဆိုပြခဲ့သည်။ ဤလက်မှတ်သည် အချိန်နှင့်တပြေးညီမရရှိနိုင်၊ မထုတ်ပေးနိုင်ပေ။ အာဏာပိုင်များမှ စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ထားပြီး ငွေကြေးတောင်းခံမှုပြုနေခြင်းကိုလည်း ပြောပြခဲ့သည်။ ထပ်မံ၍ သူသည် လူဝင်မှုကြီးကြပ်ရေးအရာရှိများမှ အိန္ဒိယနယ်စပ်ဖြတ်ကျော်ဂိတ်ကိုလည်း ပိတ်ဆို့လိုက်ပြီး၊ လူအများတိုင်းပြည်ထဲမှ ထွက်ခွာသွားခွင့်ကို ခွင့်မပြုကြောင်းလည်း ပြောပြခဲ့သည်။ အခြားသော နယ်စပ်ဖြတ်ကျော် ကုန်စည်ကူးသန်းရောင်းဝယ်သူများကို အင်တာဗျူးလျှင် ဤသတင်းအချက်အလက်ကို အတည်ပြုနိုင်မည်ဖြစ်သည်။

ဒုတိယ– ဇင်မ်းထန်သည် သူ၏ခရီးသွားလာခွင့်အခွင့်အရေးကို ကျင့်သုံးခြင်းဟု သတ်မှတ်ရေးအတွက် အသေးစိတ် အချက် အလက်များကို ပေးအပ်ခဲ့သည်။ သူ၏ရွာမှ နယ်စပ်သို့ ခရီးသွားလာခြင်းအားဖြင့်၊ သူသည် သူပိုင်နိုင်ငံတွင်း ခရီးသွားလာနေ ခြင်းသာဖြစ်သည်။ သူ၏သက်သေခံချက်သည် သူ၏ခရီးသွားလာခွင့်အခွင့်အရေးကို ကျင့်သုံးခြင်းဖြစ်သည်ဟု အကြံပြုရာ ရောက်သည်။

တတိယ– ဇင်မ်းထန်သည် သူ့အား ဝင်ရောက်နှောက်ယှက်ခြင်းသည် တရားမဝင်ကြောင်း သတ်မှတ်ရန်အတွက် အသေးစိတ် အချက်အလက်များကိုပေးအပ်ခဲ့သည်။ သူသည် စစ်ဆေးရေးဂိတ်များနှင့် ခရီးသွားလာခွင့် ခွင့်ပြုချက် လက်မှတ်လိုအပ်ခြင်းသည် ဥပဒေပြဋ္ဌာန်းထားမှု ရှိ–မရှိ မသေချာသော်လည်း၊ ဤတားမြစ်ချက်သည် တရားဥပဒေ လမ်းကြောင်းအရ ဖြစ်နိုင်ချေမရှိမှန်းသိသည်။ အတိုက်အခံသူပုန်အဖွဲ့များ၏ လှုပ်ရှားမှုကို ကန့်သတ်ရန်ဆိုသော အကြောင်းပြချက်သည် လိုအပ်ချက်နှင့် တရားဝင်မှုတို့အတွက် စံချိန်စံညွှန်း ပြည့်စုံသည့် အလားအလာမဟုတ်ချေ။ ထို့ကြောင့် ဝင်ရောက်နှောက်ယှက်ခြင်းသည် တရားမဝင်ကြောင်းကို ပေါ်ထွက်လာစေသည်။

နောက်ဆုံးအချက်– ချိုးဖောက်မှုတွင် အစိုးရပိုင်းမှ ပုဂ္ဂိုလ်များပါဝင်ကြောင်းကို ဇင်မ်းထန်က ဖေါ်ပြခဲ့သည်။ ခရီးသွားလာခွင့် ခွင့်ပြုချက်လက်မှတ် မရှိခြင်းကြောင့် သူ့အားမြန်မာစစ်အစိုးရမှ စစ်သားများ ဖမ်းဆီးခြင်းသည် သူ၏လွှပ်လပ်စွာ ခရီးသွားလာခွင့် အခွင့်အရေးကို ဝင်ရောက်နှောက်ယှက်ခြင်း ဖြစ်ကြောင်းပြောပြခဲ့သည်။ ဤအချက်နှင့်ပင်လျှင် အစိုးရ၏ ပါဝင်ပတ်သက်မှုကို ပြသရန် လုံလောက်ပါသည်။

ဤတွေ့ဆုံ မေးမြန်းခြင်းမှနေ၍ လွှပ်လပ်စွာ ခရီးသွားလာခွင့်ကိုချိုးဖောက်ခြင်းနှင့် ဆက်နွယ်နေသည့် ပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်းနှင့် ဥပဒေမဲ့ငွေတောင်းခံခြင်း ကဲ့သို့သော အခြားချိုး ဖောက်မှုများအတွက် အထောက်အထားများရရှိပါသည်။

ဇင်နန်းထန်သည် စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းသွားလာခွင့်ရဖို့နှင့် ခရီးသွားလာခွင့် ခွင့်ပြုချက်လက်မှတ် အချိန်မီရရှိဖို့ရန်အတွက် အာဏာပိုင်များကို လာဘ်ငွေပေးဆောင်ရကြောင်း ကိုပြောပြခဲ့သည်။ စစ်သားများမှသူ၏ အိန္ဒိယသို့ ကုန်ရောင်း ကုန်ဝယ်လုပ်နေသည့် ပစ္စည်းများကို သိမ်းယူခဲ့ကြောင်းကိုလည်းပြောပြခဲ့သည်။ သူ၏ဖြစ်ရပ်ကို ဇင်မ်းထန်၏ သူငယ်ချင်းများကို အင်တာဗျူးလျှင် သက်သေခံနိုင်မည်ဖြစ်သည်။ အခြားသော ချိုးဖောက်မှုများကို သတ်မှတ်ရန်အတွက် နောက်ထပ်မေးခွန်းများ မေးရန်လိုအပ်မည်ဖြစ်သည်။ အင်တာဗျူးသည် ကောင်းမွန် စွာပြီးဆုံးခဲ့ပါသည်၊ အဘယ်ကြောင့်ဆိုသော် ဇင်မ်းထန်သည် နောက်ထပ် အခြားမေးခွန်းများကို ဖြေကြားရန်လည်း အသင့်ရှိပြီး၊ မေးမြန်းသူသည်လည်း သူ့ကိုမည်သို့ ဆက်သွယ်ရမည်ကိုလည်း သိရှိခဲ့ရသောကြောင့် ဖြစ်သည်။

ndburma2.indd 152 26-Dec-09 13:05:25

(၃) နိဂုံးချုပ် ။

ဤအခန်းကို ဖတ်ပြီးလျှင် သင့်အနေနှင့် အောက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်စွမ်းရှိရမည်။

- လွှပ်လပ်စွာခရီးသွားလာခွင့်ကို ဟန့်တားပိတ်ဆို့ခြင်း၏အဂိါရပ်များကို နိုင်ငံတကာဥပဒေနှင့်အညီ မှတ်သားသိရှိလာခြင်း။
- လွှပ်လပ်စွာ ခရီးသွားလာခွင့်ကို ဟန့်တားပိတ်ဆို့မှုအကြောင်း သတင်းအချက်အလက်များကို စုဆောင်းရရှိရေးအတွက် အရေးကြီးသော မေးခွန်းများ ရေးသားပြုစုခြင်း။
- ချိုးဖောက်မှုတရပ် ဖြစ်ပွားခဲ့ခြင်း ရှိ–မရှိ သိရှိရေးအတွက် ထိရောက်သော တွေ့ဆုံမေးမြန်းခြင်းတရပ်ကို ဆောင်ရွက်ခြင်း။

ဤလက်စွဲစာစောင်၏ နောက်လာမည့်အခန်းများက လွှပ်လပ်စွာ ခရီးသွားလာခွင့်ကိုပိတ်ဆို့မှု၏ အထောက်အထားများကို အကဲဖြတ်နည်းအကြောင်း ပို၍အသေးစိတ်ကျကျ ဆွေးနွေးထားပါသည်။

ndburma2.indd 153 26-Dec-09 13:05:25

(1) rkdfy\u;ifhESHt jcm;aom vdrfhqkH&m tlurf;zufIykd @efm;

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လူ့အခွင့်အရေးချိုးဖောက်မှု မြောက်ရန်မှာ ချိုးဖောက်မှု၏ အဓိကအင်္ဂါရပ်များပြည့်မီရန် လိုအပ်ပါသည်။ ဤအင်္ဂါရပ်များသည် တိကျရေရာသော စံချိန်စံညွှန်းများဖြစ်သည်။ သို့တည်းမဟုတ် ဥပဒေနှင့် ဆန့်ကျင်သောလုပ်ရပ်အဖြစ် သတ်မှတ်နိုင်ရေးအတွက်ရှိနေရမည့် ပတ်ဝန်းကျင်အခြေအနေတစုံလိုအပ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အင်္ဂါရပ်များသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တရားဝင်စာချုပ် စာတမ်းပြဋ္ဌာန်းချက်များမှ နေ၍ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုမှန်သမျှကို စတင်မှတ်တမ်းတင်ခြင်းမပြုမီမှာ ချိုးဖောက်မှု ဟူသော အဓိပ္ပါယ်ကိုသတ်မှတ်ရာ၌ လိုအပ်သည့်အင်္ဂါရပ်များအကြောင်း ရှင်းလင်းတိကျစွာ နားလည်ထားသင့်ပါသည်။ ဤအခန်းတွင် မှဒိမ်းပြုကျင့်မှုနှင့် အခြားသောလိင်မှုဆိုင်ရာ အကြမ်းဖက်မှုပုံသဏ္ဌာန်များ ကျူးလွန်ချိုးဖောက်ခြင်းတည်းဟူသော ချိုးဖောက်မှု ပေါ်လွင်စေရေးအတွက် လိုအပ်သော အင်္ဂါရပ်များကြောင်း ရှင်းလင်းဖေါ်ပြထားပါသည်။

(၂)မှဒိမ်းပြုကျင့်မှု၏ အဓိပ္ပါယ်ကို သတ်မှတ်ခြင်း

(က) နိုင်ငံတကာ ဥပဒေအရဆိုလျှင် မှဒိမ်းပြုကျင့်မှု၏ အင်္ဂါရပ်များကား အဘယ်နည်း။

မှဒိမ်းပြုကျင့်မှုကို လူ့အခွင့်အရေး ချိုးဖောက်မှု တခုအနေနှင့် မှတ်တမ်းတင်နိုင်ရန်အတွက် အောက်ဖော်ပြပါအင်္ဂါရပ် (၃) ရပ် ထင်ရှားကြောင်း ဖော်ပြရပါမည်။[၁]

၁။ လိင်မှုသဘော သဘာဝအရ ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်ခံရခြင်း။

၂။ နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိခြင်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်။

မှဒိမ်းမှုနှင့် ပတ်သက်၍ နိုင်ငံတကာဥပဒေများ

မှဒိမ်းမှုကို လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ပုံစံတမျိုးအဖြစ် တားမြစ်ကန့်သတ်ထားပါသည်။ သို့အတွက် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကို တားမြစ်ကန့်သတ်ထားသည့် ဥပဒေကြောင်းကိစ္စများသည် မှဒိမ်းမှုကိုပါတားမြစ်ထားပါသည်။ သို့သော်လည်း အချို့သောဥပဒေများသည် မှဒိမ်းမှုကို တိတိကျကျ အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ၎င်းတို့မှာ –

၁၊ အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်တွင် မှဒိမ်းပြုကျင့်မှုနှင့် ပတ်သက်၍ တညီတညွတ်တည်း အဓိပ္ပါယ်ဖွင့်ဆိုချက် မရှိပါ။ တနည်းဆိုရသော်မှဒိမ်းမှုဟူသည်မှာ လိင်မှုဆိုင်ရာ အကြမ်းဖက်မှု အစုအပေါင်းဟုဆိုရမည် ဖြစ်နေပါသည်။ သို့အတွက်ကြောင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကိုတားမြစ်ထားသည့် အပြည်ပြည်ဆိုင်ရာဥပဒေများက မှဒိမ်းမှုကိုလည်း တားမြစ်ထားကြပါသည်။ သို့သော်လည်း ရုံဝန်ရန်ခါ မှဒိမ်းမှုကို အပြည်ပြည်ဆိုင်ရာ ဥပဒေများတွင် သီးခြားထင်ရှားစွာ အဓိပ္ပါယ်ဖွင့်ဆို ပြဋ္ဌာန်းထားသည်လည်းရှိပါသည်။ ၎င်းတို့မှာ –

- ဂျိနီဗာ ကွန်ဗင်းရှင်း။ ပုဒ်မ –၂၇
- အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးအတွက် ရောမပဋ္ဌာန်းချက်များ။ ပုဒ်မ ၈ (၂)။ Rome Statute of the International Criminal Tribunal, Article 8(2)
- ရဝန်ဒါနိုင်ငံအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ပဋ္ဌာန်းချက်များ။ ပုဒ်မ ၃ (ဆ) နှင့် ၄ (ဇ) Statute of the International Criminal Tribunal foRwanda, Article 3(g) and 4(e)
- ယူဂိုဆလားဗီးယားအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ပဋ္ဌာန်းချက်များ။ ပုဒ်မ ၅ (ဆ)။ Statute of the International Criminal Tribunal for Yugoslavia, Article 5(g)

ဤမှတ်တမ်း ဥပဒေများကို အင်တာနက်စာမျက်နှာတွင် ရယူနိုင်ပါသည်။ see http://www2.ohchr.org/english/law/ (last visited 27 July 2008).

ဤလက်စွဲစာအုပ်အတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုမူ ရဝန်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (International Criminal Tribunal of Rwanda (ICTR) မှ ရယူပါသည်။ အကြောင်းမှာ အကျဉ်းချုပ် အနည်းဆုံးဖော်ပြထားပြီး၊ မှဒိမ်းမှုကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် လိင်ကွဲပြားမှုကို ကြားနေသဖွယ် ရှောင်ကွင်းဖော်ပြထားပါသည်။ (ICTR) ပဋ္ဌာန်းချက်အရ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုအပေါ်တွင် ရုပ်ပိုင်းဆိုင်ရာ ထိုးသွင်းခြင်းကို ထပ်မံဖြည့်စွက်ထားခြင်း ဖြစ်သည်။ ဤမှတ်တမ်းကို ကြည့်ပါ။ See, Prosecutor v. Jean-Paul Akayesu, ICTR Trial Judgment, 2 September ၁၉၉၈၏ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ယူဂိုဆလားဗီးယားဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးပဋ္ဌာန်းချက်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ World Health Organization (WHO). See, Prosecutor v. Furundzija, ICTY Trial Judgment, 10 December ၁၉၉၈ က ပို၍ရှင်းလင်းစွာ အားဖြည့်ဖော်ပြထားပါသည်။ မှဒိမ်းမှုကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် "(၁) (မည်မျှပင် အနည်းငယ်ဟုဆိုစေကာမူ လိင်ပိုင်းဆိုင်ရာထိုးသွင်းခြင်း၊ (က) နှစ်နာရသူ သားကောင်၏ မိန်းမအင်္ဂါ သို့မဟုတ် စအိုပေါက်ကို ကျူးလွန်သူ၏ လိင်တံ သို့မဟုတ် အခြားပစ္စည်းတခုခုဖြင့်ထိုးသွင်းခြင်း၊ သို့မဟုတ် (ခ) နှစ်နာရသူ သားကောင်၏ ပါးစပ်တွင်း သို့ ကျူးလွန်သူ၏ လိင်တံထိုးသွင်းခြင်း၊ (၂) အတင်းအကျပ်ပြု၍၊ သို့မဟုတ် ခြိမ်းခြောက်၊ အင်အားသုံး၍ နှစ်နာရသူ၏ ဆန္ဒကို ဆန့်ကျင်လုပ်ခြင်း ဖြစ်သာည်။" Jewkes R, Garcia-Moren C, Sen P., World Report on Violence and Health: Sexual Violence, World Health Organization, 2002, p. ၁၄၉–၁၈၁ တွင် မှဒိမ်းမှုကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် "ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ အတင်းအကျပ်ပြုပြီး ထိုးသွင်းခြင်းဖြစ်သည်။ (မည်မျှပင် အနည်းငယ်ဖြစ်စေ) အမျိုးသမီးအင်္ဂါနှင့် ခမ်းပေါက်၊ စအိုကို လိင်တံ၊ သို့မဟုတ် ကိုယ်ခန္ဓာ၏ အခြားအစိတ်အပိုင်း၊ အခြား ဝတ္ထုဖြင့်ထိုးသွင်းခြင်း ဖြစ်သည်" ဟု ဆိုသည်။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ (CIL)ကို လက်မှတ်ရေးထိုး အသိအမှတ်ပြုထားခြင်း မရှိပါ။ (CIL) သည် အစိုးရ၏ ယေဘုယျလုပ်ဆောင်ချက်မှလာသည့် ဥပဒေကျင့်ဝတ်များဖြစ်ပြီး၊ အချိန်ရလာသည်နှင့်အမျှ စည်းနှောင်မှုရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြပါသည်။ သို့သော်လည်း နိုင်ငံတခုသည် စဉ်ဆက်မပြတ် ဤဥပဒေကို ငြင်းပယ်လာခဲ့ပါက နိုင်ငံတခုသည် ဤဥပဒေအရ စည်းနှောင်မှုမရှိပါ။

သို့အတွက်ကြောင့် မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးမထားသော်လည်း၊ ဤအပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများနှင့် ဆက်နွယ်မှုရှိနေသည်ဟု ယူဆနိုင်ပါသည်။ (သို့မဟုတ်ပါက ဤဥပဒေအရ စည်းနှောင်းမှု မရှိစေရန် အစဉ်အဆက် ငြင်းပယ်ဖော်ပြမှုမျိုး ပြုလာရမည်ဖြစ်သည်။

ndburma2.indd 154 26-Dec-09 13:05:25

- ဂျီနီဗာ နိုင်ငံတကာ သဘောတူညီချက် ကွန်ဗင်းရှင်း (ပုဒ်မ ၂၇)
- အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ ရောမ ဥပဒေပြဋ္ဌာန်းချက်များ (ပုဒ်မ ၈ (၂))
- ရဝန်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ပုဒ်မ ၃ (ဆ) နှင့် ၄ (ဇ))
- ယူဂိုဆလားဗီးယားဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ပုဒ်မ ၅ (ဆ)) တို့ ဖြစ်သည်။

မုဒိမ်းမှုကို ဓလေ့ထုံးတမ်း ဥပဒေအရလည်း တားမြစ်ထားပါသည်။

(ခ) မည်သည့်အချက်များသည် လိင်မှုသဘော သဘာဝအရ ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်ခံရခြင်း မြောက်သနည်း။

ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်ခံရခြင်းကို လူ၏ ကိုယ်ခန္ဓာအတွင်းသို့ မည်မျှ အနည်းငယ်ပင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်သူက ရုပ်ဝတ္ထု။ သို့မဟုတ် ကိုယ်အင်္ဂါအစိတ်အပိုင်း ထိုးသွင်းခံရခြင်းဖြင့် ဖော်ပြနိုင်ပါသည်။ သာဓကအားဖြင့်– မုဒိမ်းမှု၏ အင်္ဂါရုပ်ဖြစ်သော ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်ခံရခြင်းတွင် လိင်အင်္ဂါအပေါက်များ၊ စအိုဝ၊ ပါးစပ်အတွင်းသို့ ထိုးသွင်းခြင်းများပါဝင်ပါသည်။[၂]

(ဂ) နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိသော အခြေအနေအတွက် သာဓကများကား အဘယ်နည်း။

နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိသော အခြေအနေဆိုသည်မှာ နစ်နာရသူ ကာယကံရှင် အတွက်လွတ်လပ်စွာရွေးချယ်ပိုင်ခွင့် ဆုံးရှုံးနေသောအခြေအနေဖြစ်သည်။[၃] ၎င်းတွင်အောက်ဖော်ပြပါအခြေအနေများပါဝင်သည်။

- ခြိမ်းခြောက်မှု
- အင်အားသုံးခြင်း
- နစ်နာစေမည်ဟု ခြိမ်းခြောက်ခြင်း၊ ဥပမာအားဖြင့်– လိုလားသည့် အကျိုးအမြတ်တခုခု သို့မဟုတ် ဝန်ဆောင်မှုရရှိရန် ငြင်းပယ်ခြင်း၊ သို့မဟုတ် ကိုယ်ခန္ဓာနာကျင်စေမည်ဟု တစုံတဦးကို ခြိမ်းခြောက်ခြင်း။ အခြားသူတဦးကို နာကျင်စေမည်ဟု ခြိမ်းခြောက်ခြင်း။
- ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ မညီညွတ် ထိခိုက်မှုရှိစေခြင်း၊ ဥပမာ– မသန်မစွမ်းသူများ၊ အသက်အကန့်အသတ်၊ သို့မဟုတ် ဆေးဝါး၊ အရက်၊ ဆေးကုသမှု တခုခု၏ သြဇာလွှမ်းမိုးမှု ခံနေရသော အခြေအနေ။

ဝေါဟာရနှင့် ပတ်သက်၍ သတိပြုရန် – မုဒိမ်းပြုကျင့်မှု

မုဒိမ်းပြုကျင့်မှုဟူသော ဝေါဟာရကို များသောအားဖြင့် နားလည်ထားကြသည်မှာ အမျိုးသမီးနှင့် အမျိုးသားအကြား အတင်းအကျပ် လိင်ဆက်ဆံခြင်း (အမျိုးသမီးအင်္ဂါတွင်း ထိုးသွင်းဆက်ဆံခြင်း)ဟု နားလည်ထားကြသည်။ သို့သော်လည်း မုဒိမ်းပြုကျင့်မှုဆိုသည်မှာ အမျိုးသမီးများအတွက်သာ ကန့်သတ်သုံးစွဲခြင်း မဟုတ်ပါ။ ယောကျ်ားများသည်လည်း မုဒိမ်းပြုကျင့်မှု၏ နစ်နာရသူသားကောင်ဖြစ်နိုင်ပါသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ပါးစပ်တွင်းသို့၊ စအိုတွင်းသို့ လိင်ဆက်ဆံခြင်း (ထိုးသွင်းခြင်း)လည်း ပါဝင်ပါသည်။ ထိုထက်ပို၍ဆိုရလျှင် မုဒိမ်းပြုကျင့်မှုဆိုသည်မှာ ယောကျ်ားအင်္ဂါ (လိင်တံ) ဖြင့်သာ မဟုတ်ဘဲရုပ်ဝတ္ထု၊ သို့မဟုတ် ကိုယ်အင်္ဂါ အစိတ်အပိုင်းတခုခုအသုံးပြု၍ ထိုးသွင်းခြင်းလည်းအပါအဝင် ဖြစ်ပါသည်။

(ဃ) အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေ အရဆိုလျှင် မုဒိမ်းပြုကျင့်မှု မြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်မျိုးဖြစ်ရန် လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာအသိအမှတ်ပြု ပိုင်နက်နယ်မြေရှိ လူများနှင့်အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသော အမျိုးသား (နိုင်ငံတော်အဆင့်) အဖွဲ့အစည်း"[၄] ကို

၂၊ Prosecutor v. Furundzija, ICTY Trial Judgment, 10 December 1998; Radhika Coomaraswamy, Special Rapporteur on Violence Against Women အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို စုံစမ်းတင်ပြသူ အရာရှိ၏အစီရင်ခံစာ "ဒုက္ခသည် အမျိုးသမီးများ အပေါ်လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများ၊ ကာကွယ်မှုပေးရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန် လမ်းညွှန်ချက်များ" Sexual Violence Against Refugees: Guidelines on Prevention and Response, 1995; Jewkes R, Garcia-Moren C, Sen P., ကမ္ဘာ့ကျန်းမာရေးအဖွဲ့ "အကြမ်းဖက်မှုနှင့် ကျန်းမာရေးဆိုင်ရာ ကမ္ဘာ့အစီရင်ခံစာ" World Report on Violence and Health: Sexual Violence, World Health Organization, 2002, p. 149-181.

၃၊ နိုင်ထက်စီးနင်းပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒပါရှိခြင်းဆိုသည်မှာ ပြစ်မှုကျူးလွန်သူ၏ အမြင်ဖက်မှ မဟုတ်ဘဲနစ်နာရသူ ကာယကံရှင်ဘက်မှ အမြင်သာဖြစ်သည်။ ကျူးလွန်သူဘက်က နိုင်ထက်စီးနင်းပြုခြင်းမရှိဟု ယူဆနိုင်သော်လည်း၊ နစ်နာရသူ ဘက်ကမူ နိုင်ထက်စီးနင်း အတင်းအကျပ်ပြုသည်ဟု မြင်နိုင်သည်။ ဤအတွက်ကြောင့် နိုင်ထက်စီးနင်းပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိခြင်းဆိုသည်မှာ နစ်နာရသူ ကာယကံရှင်၏ အတွေ့အကြုံ အရသာ ဆုံးဖြတ်ရမည်။

၄၊ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East-West Center Washington, 2007, p. vix, ဤကိစ္စကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (state) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်။

ndburma2.indd 155 26-Dec-09 13:05:25

ရည်ညွှန်း ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အစိုးရ၏လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင်တာဝန်ရှိသည်၊ သို့မဟုတ်ပါဝင် ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ အစိုးရအရာရှိတဦးက မုဒိမ်းမှုတခုကို ကျူးလွန်သည်ဆိုရာ၌အစိုးရလုပ်ဆောင်ချက်အတွက်လိုအပ်သည်များကိုဆောင်ရွက်ခြင်းဖြစ်သည်။[၅]အစိုးရလုပ်ဆောင်ချက်တွင် တရားဝင်အသိအမှတ်ပြုမှုဖြင့်သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသောချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့်ပတ်သက်၍ လုံလောက်စွာ အရေးယူရန်သော်လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်းပါဝင်ပါသည်။[၆] သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ မုဒိမ်းမှုကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေး အရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ပါသည်။

ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏ အစိတ်အပိုင်း တခု မဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာကျင့်သုံးမှု ပြုနေသည် မျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေးအင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ပြုမူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) သည် ပြည်တွင်း ဥပဒေအရသူတို့ လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရမဟုတ်သော အခြားအင်အားစုများ(Non State Actors - NSA)သည် နိုင်ငံတကာဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော်အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန်မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝမှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရက ကျူးလွန်သည်ဖြစ်စေ၊ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) က ကျူးလွန်သည် ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

(၃) လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကို အဓိပ္ပါယ် သတ်မှတ်ခြင်း။

(က) အပြည်ပြည်ဆိုင်ရာ ဥပဒေအရဆိုလျှင် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုတွင် မည်သည့်အင်္ဂါရပ်များ ပါဝင်သနည်း။

လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကို လူ့အခွင့်အရေး ချိုးဖောက်မှုတခုအဖြစ် မှတ်တမ်းပြုမည်ဆိုလျှင် အောက်ဖော်ပြပါ အင်္ဂါရပ် (၃) ခု ပြည့်စုံရန် လိုအပ်ပါသည်။[၇]

၅၊ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံ သတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များ ဖြစ်သည်။

၆၊ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

၇၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကို တားမြစ်ထားသည့် အဓိကကျသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များမှာ အောက်ပါတို့ ဖြစ်ပါသည်။

- ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း (ပုဒ်မ–၁) Charter of the United Nations (Article 1);
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (ပုဒ်မ–၂) Universal Declaration of Human Rights (Article 2);
- အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးအတွက်ရောမပြဋ္ဌာန်းချက်များ။ ပုဒ်မ ၈ (၂) (ခ) နှင့် ၈ (၂) (ဇ)။ The Rome Statute of the International Criminal Court (Article 8(2)(b) and 8(2)(e));
- လူမှုရေးနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (ICCPR) (Article 3 and 9(1)), မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားခြင်း မရှိသေးပါ။
- နှိပ်စက်ညှဉ်းပမ်းမှုနှင့် လူဂုဏ်သိကက္ခာ ညှိုးနွမ်းစေသော ပြုမူမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှု Convention Against Torture and Other Cruel Inhuman and Degrading Treatment or Punishment (CAT)
- ဂျီနီဗာ ကွန်ဗင်းရှင်း သဘောတူညီချက် Geneva Conventions (Common Article 3) စစ်ဥပဒေတခုဖြစ်ပြီး မြန်မာနိုင်ငံက လက်မှတ်ရေးထိုး ထားပါသည်။
- အမျိုးသမီးများကို နည်းပေါင်းစုံနှင့် ခွဲခြားဖိနှိပ်ဆက်ဆံမှု အဆုံးသတ်စေရေး နိုင်ငံတကာ သဘောတူညီချက် The Convention on the Elimination of All Forms of Discrimination against Women (CEDAW) မြန်မာနိုင်ငံက ခွင်းချက်ဖြင့် အသိအမှတ်ပြု လက်မှတ်ရေးထိုးထားပါသည်။ (ပုဒ်မ–၁ ကို အထွေထွေ အကြံပြုချက် –၁၉ တွင် အကျယ်ဖွင့်ဆိုထားပါသည်။
- ကလေးများ အခွင့်အရေးဆိုင်ရာ သဘောတူညီချက်။ ပုဒ်မ– ၆။ The Covenant on the Rights of the Child (Article 6) မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားပါသည်။ နှစ်နာရသူ သားကောင်သည် အသက် ၁၈–နှစ်အောက်ဖြစ်ပါက အသုံးပြုနိုင်သည်။

လိင်မှုဆိုင်ရာ အကြမ်းဖက်မှုမှ ကင်းဝေးစေရန် အခွင့်အရေးများကို ကာကွယ်ပေးထားသည့် အခြားသောဥပဒေ၊ မှတ်တမ်းများမှာ အမျိုးသမီးများကို အကြမ်းဖက်မှု အဆုံးသတ်စေရေးထုတ်ပြန်ကြေညာချက် the Declaration on the Elimination of Violence Against Women နှင့် အရေးပေါ်အခြေအနေများ၊ လက်နက်ကိုင် ပဋိပက္ခများတွင်

ndburma2.indd 156 26-Dec-09 13:05:25

၁။ လိင်မှု သဘောသဘာဝအရ ဆောင်ရွက်မှု [၇]
၂။ နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိခြင်း။
၃။ အစိုးရ၏ လုပ်ဆောင်ချက်။

(ခ) လိင်မှုသဘော သဘာဝအရ ဆောင်ရွက်မှု ဆိုသည်မှာ အဘယ်နည်း။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်၍ လေ့လာတင်ပြသူ အထူးစုံစမ်းရေးအရာရှိ၏ ဖော်ပြချက်အရ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုတွင် "လိင်မှုဆိုင်ရာ ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှု၊ ကြားဝင် နှောင့်ယှက်မှု၊ အသုံးချခေါင်းပုံဖြတ်ခြင်းပုံ သဏ္ဌာန်အားလုံး" ပါဝင်သည်ဟုဆိုပါသည်။[၈] ဤအဓိပ္ပါယ် ဖော်ပြချက်အရဆိုလျှင်၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုတွင်–[၁၀]

- အိမ်တွင်း အကြမ်းဖက်မှု
- လိင် သင်းကွပ်ခြင်း (လိင်အင်္ဂါကို ဖျက်ဆီးခြင်း)။
- အတင်းအဓမ္မ ပြည့်တန်ဆာပြုခြင်း။
- အတင်းအဓမ္မ ကလေးမရနိုင်အောင်ပြုခြင်းများ ပါဝင်ပါသည်။

အမျိုးသမီးများနှင့် ကလေးများကို ကာကွယ်ပေးရေးဆိုင်ရာထုတ်ပြန်ကြေညာချက် the Declaration on the Protection of Women and Children in Emergency and Armed Conflict ၊ ကျွန်ပြုမှုဆိုင်ရာနိုင်ငံတကာ သဘောတူညီချက် the Slavery Convention တို့ ဖြစ်ပါသည်။ ဤမှတ်တမ်းများကို ကြည့်ရှုရယူရန် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး အင်တာနက် စာမျက်နှာကိုကြည့်ပါ။ http://www.ohchr.org/english/law/index.htm (last visited 15 August 2006).

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေကို လိုက်နာရရန် အကြောင်းရှိပါသည်။ လိင်မှုဆိုင်ရာအကြမ်းဖက်မှုများသည် ဂျီနီဗာကွန်ဗင်းရှင်း သဘောတူညီချက်ကို ဆိုးရွားကြီးကျယ်စွာ ချိုးဖောက်ရာရောက်သောကြောင့် တားမြစ်ထားပါသည်။ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများကို ဥပဒေပုဒ်မများနှင့် ဖော်ပြရေးသားထားသည့်သဖွယ် ဂျီနီဗာကွန်ဗင်းရှင်းကို အသိအမှတ်ပြုထားကြပါသည်။ ဤကွန်ဗင်းရှင်း သဘောတူညီချက်ကို မှတ်ချက်ဖော်ပြထားရာ၌ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများကို တားမြစ်ကြောင်းလည်း ဖော်ပြထားပါသည်။ "ရေ့အတိတော ကာလများကတည်းက ကျင့်သုံးလာသော ဓလေ့ထုံးတမ်းများကိုပုဒ်မများ၊ ဥပဒေများအဖြစ်ရေးသားထားသည်" ဟုဖော်ပြထားသည်။ နိုင်ငံတခုသည် ဤထုံးတမ်းများကို အစဉ်အဆက် ငြင်းပယ်ခဲ့မှသာ အချို့သောဓလေ့ထုံးတမ်းဥပဒေများမှ ကင်းလွတ်ခွင့်ရှိကောင်း ရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် အထက်ဖော် ပြပါ အပြည်ပြည်ဆိုင်ရာ ဥပဒေများကို လက်မှတ်ရေးထိုးထားခြင်း မရှိသော်လည်း၊ ကန့်ကွက်ကြောင်း လုံလောက်သည့် အနေအထားအထိဖော်ပြခဲ့ခြင်းမရှိပါ။ လိင်မှုဆိုင်ရာအကြမ်းဖက်မှုကို ဓလေ့ထုံးတမ်းဥပဒေများတွင် အကြိုးမဝင်ကြောင်း ငြင်းဆိုထားခြင်းမရှိပါ။

အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုနှင့် ပတ်သက်၍ တညီတညွတ်တည်း အဓိပ္ပါယ်ဖွင့်ဆိုချက်မရှိပါ။ ဥပမာအားဖြင့်– အမျိုးသမီးများအပေါ် အကြမ်း ဖက်မှု အဆုံးသတ်စေရေး ထုတ်ပြန်ကြေညာချက်ကမူ လိင်မှုဆိုင်ရာအကြမ်းဖက်မှုကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ "လိင်ကွဲပြားမှုအပေါ် အခြေတည်သည့် ရလဒ်ဖြစ်စေသောမည်သည့်ပြုမူမှုမျိုးမဆို ဖြစ်သည်။ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ဓါတ် ပိုင်းဆိုင်ရာဒဏ်ရာအနာတရ ရလဒ်ဖြစ်ဖွယ် အကြောင်းရှိသည်။ အမျိုးသမီးများကို နှစ်နာခံစားရစေသည်။ ထို့အပြင်ဤသို့ ခြိမ်းခြောက်မှုများ၊ အတင်းအကျပ်ပြုမှုများ၊ သို့မဟုတ် အတင်းအကျပ် လွတ်လပ်ခွင့် ဆုံးရှုံးစေခြင်းကို လူတဦးချင်း ဘဝတွင်ဖြစ်စေ၊ လူမှု အဖွဲ့အစည်းဘဝတွင် ဖြစ်စေ ဖြစ်ပေါ်စေပါက ဤသို့လိင်မှုဆိုင်ရာ အကြမ်းဖက်မှုမြောက်သည်" ဟု ဆိုထားသည်။ ၁၉၉၃၊ ဒီဇင်ဘာလ ၂၀ ရက်၊ ကြေညာချက် ပုဒ်မ ၁ ကို ကြည့်ပါ။ See Article 1, 20 December 1993. ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကမူ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ "လိင်မှုဆိုင်ရာ လုပ်ရပ်တခုခုရစေလိုသော လိင်မှုဆောင်ရွက်မှုအားလုံးဖြစ်သည်။ မလိုလားအပ်သောလိင်မှုဆိုင်ရာပြောဆိုမှုများ၊ ကျူးကျော်လက်ရောက်မှုများ၊ သို့မဟုတ် လူကုန်ကူးရန်ကြိုးပမ်းမှု၊ သို့မဟုတ် အတင်းအကျပ်နည်းကိုသုံး၍လူတဦး၏ လိင်သဘော သဘာဝကို ဆန့်ကျင်၍ တိုက်ရိုက်ပြုမူခြင်းဟုဆိုသည်။ ဤသို့ ကျူးလွန်သူသည် နစ်နာရသူ သားကောင်နှင့် မည်သို့ဆွေမျိုးဆက်ဆံရေးပင် ရှိစေကာမူ၊ မည်သည့်အခြေအနေ ရှိစေကာမူ၊ အိမ်–အလုပ်ဟူ၍ နေရာဌာန မခွဲခြားဘဲ ဤသို့ကျူးလွန်လျှင် လိင်မှုဆိုင်ရာအကြမ်းဖက်မှု မြောက်သည်" ဟု ဖော်ပြသည်။
(First World Report on Violence and Health, 2002, p. 149). (CEDAW) အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်ကမူ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုနှင့်ပတ်သက်၍ တိတိကျကျ ဖွင့်ဆိုထားခြင်းမရှိပါ။ အထွေထွေ အကြံပြုချက် အမှတ် –၁၉ တွင်မူ ကော်မီတီက လိင်ကွဲပြားမှု အပေါ် အခြေခံ၍ ဖြစ်သော အကြမ်းဖက်မှုကို အသိအမှတ်ပြုထားပြီး၊ (CEDAW) သဘောတူညီချက်က ခွင့်ပြုထားသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ ခံစားနိုင်စေရန်ကြိုးလေးစွာ တားမြစ်ပိတ်ပင်မှု ဖြစ်စေကြောင်းဖော်ပြသည်။ သို့အတွက်ကြောင့် ကြီးလေးသော ခွဲခြားဆက်ဆံမှု ပုံသဏ္ဌာန်တွင်ပါဝင်သည်ဟုဖော်ပြပါသည်။ လိင်ကွဲပြားမှုအပေါ်အခြေခံသည့် အကြမ်းဖက်မှု အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် မူကော်မီတီက "အမျိုးသမီးတဦးကို ရည်ရွယ်ဆောင်ရွက်သည့် အကြမ်းဖက်မှုဖြစ်ပြီး၊ သူက အမျိုးသမီးဖြစ်သောကြောင့် ဆောင်ရွက်သည်၊ အမျိုးသမီးများအပေါ် မမျှမတသက်ရောက်မှုဖြစ်စေသည်။ ဤအချက်များတွင် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်မှုပိုင်းဆိုင်ရာ ဒဏ်ရာရစေမှုများ၊ နာကျင်ထိခိုက်စေမှုများ၊ ဤသို့ ပြုမည်ဟုခြိမ်းခြောက်မှုများ၊ အတင်းအကျပ်ပြုမှုများ၊ အခြားလွတ်လပ်ခွင့်ကို ဆုံးရှုံးစေသည့်ဖြစ်ရပ်များ စသဖြင့်ပါဝင်သည်"ဟု ဆိုပါသည်။

ဤလက်စွဲစာအုပ်အတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုမူရပဝန်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုခုံရုံး (International Criminal Tribunal of Rwanda (ICTR) မှ ရယူပါသည်။ အကြောင်းမှာ အကျဉ်းချုပ်အနည်းဆုံးဖော်ပြထားပြီး၊ မှဒိမ်းမှုကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် လိင်ကွဲပြားမှုကို ကြားနေသဖွယ် ရှောင်ကွင်းဖော်ပြထားသလို၊ လက်တွေ့ကျ၍ လုံလောက်သော ကျယ်ပြန့်စွာ ခြုံငုံမှု ရှိပါသည်။ See, Prosecutor v. Jean-Paul Akayesu, ICTR Trial Judgment, 2 September 1998.

၈၊ မှတ်ချက်ပြုရန်မှာ လိင်မှုဆိုင်ရာ အကြမ်းဖက်ခြင်းအတွက် အဓိပ္ပါယ်ဖွင့်ဆိုမှုမှာ မှဒိမ်းမှုထက်ပိုမို ကျယ်ပြန့်စွာဖွင့်ဆိုထားပါသည်။ မှဒိမ်းမှုဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာထိုးသွင်းမှု အဖြစ်သာ ကန့်သတ်ထားသော်လည်း၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုတွင် လိင်မှုကိစ္စနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆိုဖြစ်နိုင်ပါသည်။ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုမြောက်စေရန် အတွက် ရုပ်ပိုင်းဆိုင်ရာ ထိုးသွင်းမှုမြောက်ရန် မလိုအပ်ပါ။

၉၊ Radhika Coomaraswamy, အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို စုံစမ်းတင်ပြသူ အရာရှိ၏ အစီရင်ခံစာ "ဒုက္ခသည်အမျိုးသမီးများအပေါ် လိင်မှုဆိုင်ရာအကြမ်းဖက်မှုများ၊ ကာကွယ်မှုပေးရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန် လမ်းညွှန်ချက်များ" Special Rapporteur on Violence Against Women, Sexual Violence Against Refugees: Guidelines on Prevention and Response, 1995. See also, အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်း အဆုံးသတ်စေရေး ထုတ်ပြန်ကြေညာချက် Declaration on the Elimination Against Women, Article 2, 20 December 1993, http://www.ohchr.org/english/law/eliminationvaw.htm, (last visited 23 August 2006); အပြည်ပြည်ဆိုင်ရာ တရားခုံရုံးဆိုင်ရာ ရောမဥပဒေပြဋ္ဌာန်းချက်များ Rome Statute of the International Criminal Court, Article 7 (1)(g), 17 July 1998, http://www.un.org/law/icc/statute/romefra.htm (last visited 23 August 2006); Amnesty International, အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ လက်စွဲစာစောင်။ မှဒိမ်းမှုကို စစ်လက်နက်တခုသဖွယ်အသုံးခဖျန်ကြခြင်း။ Rape as a Tool of War: A Fact Sheet, http://www.amnestyusa.org/women/ (last visited 23 August 2006); Radhika Coomaraswamy, Special Rapporteur on the Violence Against Women Sexual Violence Against Refugees: Guidelines on Prevention and Response, 1995.

၁၀၊ ဤဥပမာများမှာ မဆုံးနိုင်အောင်များစွာရှိပါသည်။ သတိပြုရန်မှာ မည်သို့သော လိင်မှုကိစ္စမျိုးကို မဆို အတင်းအကျပ်သဘောပြခြင်း ဖြစ်စေ၊ လူတဦး၏ဆန္ဒကို ဆန့်ကျင်၍ ပြုသည်ဖြစ်စေ၊ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက် ပါဝင်ပတ်သက်လျှင် အပြည်ပြည်ဆိုင်ရာ ဥပဒေကိုချိုးဖောက်ခြင်း မြောက်နိုင်ပါသည်။

ndburma2.indd 157 26-Dec-09 13:05:25

ဝေါဟာရနှင့် ပတ်သက်၍ သတိပြုရန် – မုဒိမ်းပြုကျင့်မှုနှင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှု

မုဒိမ်းပြုကျင့်မှုနှင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ပုံသဏ္ဌာန် အမျိုးမျိုးတို့၏ အခြေခံအင်္ဂါရုပ်များမှာ အတူတူပင် ဖြစ်ပါ သည်။ သို့သော်လည်း မုဒိမ်းပြုကျင့်မှုတွင် အခြားသက်သေအထောက်အထားများလိုအပ်ပြီး၊ "လိင်မှုသဘော သဘာဝအရ ရှုပ်ပိုင်းဆိုင်ရာ ကျူးကျော်ခံရခြင်း"ဖြစ်ကြောင်း ပြသရန်လိုအပ်ပါသည်။ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုတွင် မူပို၍ ကျယ်ပြန့်သော အဓိပ္ပါယ်ဖွင့်ဆိုချက်ရှိပြီး၊ "လိင်မှုဆိုင်ရာ သဘောသဘာဝရှိသည့် လုပ်ဆောင်ချက်အားလုံး" ကိုရည်ညွှန်း ဖော်ပြနိုင်ပါသည်။

(၄) အရေးကြီးသောမေးခွန်းများမေးခြင်း

မေးခွန်းများမေးခြင်းနှင့်တွေ့ဆုံမေးမြန်းခြင်းတို့သည်လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်းသတင်းအချက်အလက်များ စုဆောင်းရာ၌ အလွန်အရေးကြီးပါသည်။ တွေ့ဆုံမေးမြန်းမှုတရပ်၏ အသုံးဝင်မှုသည် အချက်အလက် ရှာဖွေစုဆောင်းသူ၏ ထိရောက်ပြီး၊ လုံလောက်သော မေးခွန်းများမေးသည့် အတွေ့အကြုံနှင့် စွမ်းရည်ပေါ်မှာ အဓိကအားဖြင့် မူတည်ပါလိမ့်မည်။ အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ ချိုးဖောက်မှု၏ အရေးကြီးသောအင်္ဂါရုပ်များကို သိရှိနားလည်ခြင်းအားဖြင့်၊ နိုင်ငံတကာ ဥပဒေချိုးဖောက်ကြောင်း သတ်မှတ်ရေးအတွက် အရေးကြီးမေးခွန်းများပြုစုရာ၌ အထောက်အကူဖြစ်စေပါသည်။ ချိုးဖောက်မှု အင်္ဂါရုပ်များမှနေ၍ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရရှိရေးတွင် အသုံးဝင်သော ဘောင်စည်းကမ်းသတ်မှတ်ချက်တခု ရရှိနိုင်ပါသည်။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ဆောင်ရန်

- လုံခြုံရေးနှင့် လျှို့ဝှက်ရေးအတွက် ကြပ်ကြပ်ဂရုစိုက်ရန်။
- နောက်ခံအကြောင်းဖြင့် အစချီပြီးလျှင်၊ ပို၍ အရေးကြီးသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆောင်ရွက်ပါ။
- ဂရုတစိုက်နားထောင်ပါ။ ပြောစရာရှိသည်ကို မျက်မြင်သက်သေအား ပြောခွင့်ပေးပါ။
- လူပ်ရှားစိတ်ဖြင့် တုံ့ပြန်မှုများကို သိရှိအောင် ဂရုပြုပါ။
- ရှေ့နောက်မညီညွတ်မှုများကို သိရှိအောင် ဂရုပြုပါ။
- စိတ်ရှည် သည်းခံပါ။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ရှောင်ရန်

- မှတ်ချက်ချခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်း မပြုပါနှင့်။
- နိမိတ်ပြမေးခွန်းများ မေးခြင်းကို ရှောင်ကျဉ်ပါ။
- အခြားသက်သေများကို ဖေါ်ပြခြင်း မပြုပါနှင့်။
- မိမိ လုပ်မပေးနိုင်သော ကတိများကို မပေးပါနှင့်။
- အပေါ်စီးဟန် သို့မဟုတ် စစ်ကြောရေးလုပ်နေသော ဟန်ဖြင့် မေးခွန်းမေးခြင်းများကို ရှောင်ကျဉ်ပါ။
- သတင်းနှင့်ပတ်သက်၍ မိမိ၏သြဇာ မလွှမ်းမိုးမိအောင် ရှောင်ကျဉ်ပါ။

၁။ လိင်မှုသဘော သဘာဝအရ ရှုပ်ပိုင်းဆိုင်ရာ ကျူးကျော်ခံရခြင်းဖြစ်ကြောင်း ထင်ရှားစေခြင်း။[၁၁]

- မည်သို့ ဖြစ်ပွားသနည်း။
- ဤဖြစ်ရပ် မည်သည့်အချိန်က ဖြစ်သနည်း။
- သင် မည်သည့်နေရာတွင် တို့ထိခံရသနည်း။ မည်သည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းကို တို့ထိ ကိုယ်တွယ်ခံရသနည်း။
- သင့်ကို မည်သို့မည်ပုံ ထိတွေ့ကိုင်တွယ်သနည်း။
  ဤသို့ အကြိမ်မည်မျှ ဖြစ်ခဲ့သနည်း။

၁၁မုဒိမ်းမှု ကျူးလွန်ချိုးဖောက်ကြောင်း သက်သေပြရန်အတွက် လိင်မှုသဘော ရုပ်ပိုင်းဆိုင်ရာ ထိုးသွင်းခြင်းရှိကြောင်း ပြသရန်လိုအပ်သည်။ သို့သော် မည်သို့သော လိင်မှုဆိုင်ရာ သဘောပြုမှုမှ ကျူးလွန်လျှင်မဆို လိင်မှုဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခြင်းမြောက်သည်။

ndburma2.indd 158 26-Dec-09 13:05:25

၂။ နိုင်ထက်စီးနင်း ပြုကြောင်း၊ သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိကြောင်း ထင်ရှားအောင် ပြသခြင်း။

- ဤဖြစ်ရပ် မတိုင်မီ / ဖြစ်ပွားနေဆဲနှင့် / နောက်ပိုင်းကာလများတွင် သင်မည်သို့ လုပ်ဆောင်သနည်း။
- ဤဖြစ်ရပ် မည်သည့်နေရာတွင် ဖြစ်ပွားသနည်း။
- သင် ခြိမ်းခြောက်ခံရပါသလား။ မည်သို့နည်း။ မည်သူက ခြိမ်းခြောက်သနည်း။
- ဤကိစ္စ မည်သည့်အတွက်ကြောင့် ဖြစ်ရသည်ဟု သင်ထင်သနည်း။
- ဤဖြစ်ရပ် မည်သို့မည်ပုံ ဖြစ်ပွားသနည်း။
- ဤသတင်းအချက်အလက်ကို သင်မည်သို့ သိရှိသနည်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်ဖြစ်ကြောင်း ထင်ရှားစေခြင်း။

- ဤဖြစ်ရပ်ကို မည်သူကကျူးလွန်သနည်း။ မည်သူက အမိန့်ပေးခဲ့သနည်း။ ဤဖြစ်ရပ်ကို မည်သူတို့သိသနည်း။ ဤ ဖြစ်ရပ်တွင် မည်သူတို့က ကူညီ ဆောင်ရွက်ပေးသနည်း။
- ဤ ဖြစ်ရပ်နှင့်ပတ်သက်၍ သင်တိုင်ကြားခြင်းပြုပါသလား။ အဘယ်ကြောင့် တိုင်ကြားပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်း မပြုပါသနည်း။
- ဤဖြစ်ရပ်မဖြစ်ရအောင် အစိုးရကကြိုတင်ကာကွယ်ပေးပါသလား။ သို့မဟုတ် ၎င်းနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ပေးပါသလား။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

(၅) မှတ်တမ်းပြုခြင်း

နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုအဖြစ် အဓိပ္ပါယ်သတ်မှတ်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များရှာဖွေ စုဆောင်းရာ၌အချိန်နှင့်လုပ်ဆောင်ချက်တို့လိုအပ်ပါသည်။ ချိုးဖောက်မှုတခု၏ အင်္ဂါရုပ်များသည် အစဉ်အဖြင့်အဆင်သင့်ပေါ်လွင်ထင်ရှားနေသည် မဟုတ်ချေ။ အချက်အလက်ရှာဖွေ စုဆောင်းသူတဦးအနေနှင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သော သတင်းအချက်လက်များကို ထုတ်ယူနိုင်စွမ်း ရှိရမည်ဖြစ်သည့်အပြင်၊ စုဆောင်းရရှိထားသော သတင်းအချက် အလက်များမှ နေ၍ ချိုးဖောက်မှု၏ အရေးကြီးအင်္ဂါရုပ်များကိုလည်း နည်းလမ်းတကျ ဖေါ်ထုတ်နိုင်စွမ်း ရှိရမည်ဖြစ်ပါသည်။ ချိုးဖောက်မှု၏ အင်္ဂါရုပ်များကို ဖေါ်ထုတ်မှုပြုရန်အတွက် ဤအခန်းက မြန်မာနိုင်ငံ၏ အခြေအနေအချိန်အခါမှာ ဖြစ်ပွားနေကျ မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှုမျိုးအတွက် အထောက်အထားပါသော ဖြစ်ရပ်မှန်ပုံစံတခုကို ဖေါ်ပြပေးပါမည်။

ဖြစ်ရပ်မှန်ပုံစံပေါ်အခြေခံလျက် ဤအခန်းက တွေ့ဆုံမေးမြန်းမှုနည်းနာနှင့်ပတ်သက်သော အကောင်းနှင့်အဆိုး သာဓကများကို ဖေါ်ပြထားပါသည်။ တွေ့ဆုံမေးမြန်းခြင်းနှင့်ပတ်သက်သော အချက်အလက်များအပြင်၊ ထိရောက်စွာအချက်အလက်ရှာဖွေရေးနှင့်ပတ်သက်သော အကြံပြုချက်များကို နောက်ထပ်သိရှိလိုပါက ဤစာစောင်ပါ "မြန်မာနိုင်ငံလူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကို ကြည့်ပါ။

(က) အခြေအနေ အချိန်အခါကို နားလည်ခြင်း။

လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ဖေါ်ထုတ်ရေးအတွက် အချက်အလက်ရှာဖွေရေးလုပ်ငန်းသို့မဟုတ် တွေ့ဆုံမေးမြန်းခြင်းများမစတင်မီမှာ ချိုးဖောက်မှုများ ဖြစ်ပွားရာနေရာ၏ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ အချိန်အခါကို နားလည်ထားရန် အရေးကြီးပါသည်။ အခြေအနေ အချိန်အခါကို နားလည်ခြင်းအားဖြင့် အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ ထိရောက်သော မေးခွန်းများပြုစုရေးနှင့် လက်ရှိအခြေအနေကို ထိုးထွင်းသိမြင်ရေးတွင် အထောက်အကူရနိုင်ပါသည်။ အတွေ့အကြုံရှိသော အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ပင်လျှင် အချက်အလက်ရှာဖွေစုဆောင်းမှုမပြုမီ၊ နောက်ခံသတင်းအချက်အလက်များကို စီစစ်ကြည့်ရေးတွင် အထောက်အကူရနိုင်ပါသည်။ အောက်မှာဖေါ်ပြထားသည်မှာ မြန်မာနိုင်ငံအတွင်း မုဒိမ်းပြုကျင့်မှုနှင့် လိင်မှုဆိုင်ရာ အခြားသောအကြမ်းဖက်မှုပုံသဏ္ဌာန်များ ဖြစ်ပေါ်နေခြင်းနှင့်ပတ်သက်၍ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ နောက်ခံအကြောင်းအချက် အချို့ဖြစ်ပါသည်။

ndburma2.indd 159 26-Dec-09 13:05:25

မြန်မာနိုင်ငံအတွင်း မုဒိမ်းပြုကျင့်မှုနှင့် လိင်မှုဆိုင်ရာ အခြားသောအကြမ်းဖက်မှု ပုံသဏ္ဌာန်များဆိုင်ရာ သမိုင်းနှင့်နိုင်ငံရေးဆိုင်ရာအခြေအနေ နောက်ခံအကြောင်းအချက်များ

ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်သော စစ်အာဏာသိမ်းအစိုးရက တိုင်းပြည်ကို အုပ်ချုပ်ခဲ့သော(၁၉၆၂)ခုနှစ်က စ၍ အဆက်ဆက်သော စစ်အစိုးရများက ခြိမ်းခြောက်ခြင်းနှင့် အတိုင်းမသိရက်စက်ခြင်း နည်းဗျူဟာဖြင့် တိုင်းပြည်ကို အုပ်စိုးလာခဲ့ကြသည်။ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကဲ့သို့သော ဖြစ်ရပ်မျိုးကို ကာကွယ်ပေးရန်နှင့် လျှော့နည်း ကျဆင်းစေရန် "ဂျီနီဗာ သဘောတူညီချက်ကွန်ဗင်းရှင်း" နှင့် "အမျိုးသမီးများအပေါ် နည်းမျိုးစုံနှင့် ခွဲခြားဆက်ဆံမှုများ ပပျောက်စေရေးအတွက် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (စီဒေါ်) (CEDAW)"ကဲ့သို့သော အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များကို စစ်အစိုးရက လက်မှတ်ရေးထိုးခဲ့သော်လည်း၊ ၎င်းသဘော တူညီချက်များပါလိုက်နာစောင့်ထိန်းရမည့် တာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်နေပါသည်။ ထိုမျှမက စစ်အစိုးရသည် မြန်မာနိုင်ငံတွင်ဖြစ်ပျက်နေသော မုဒိမ်းပြုကျင့်မှုနှင့် အခြားသောလိင်မှုဆိုင်ရာ အကြမ်းဖက်မှုများအတွက် အများအားဖြင့်တာဝန်ရှိနေသူ ဖြစ်ပါသည်။ အကယ်၍ ထောင်ဂဏန်း မဟုတ်လျှင်သော်မှ ရာချီသော မုဒိမ်းမှုများ အပါအဝင် လိင်မှုဆိုင်ရာအကြမ်း ဖက်မှုများကို မြန်မာစစ်အစိုးရ၏ တပ်ဖွဲ့ဝင်များက ကျူးလွန်ခဲ့ကြပြီး၊ ဤ ဖြစ်ရပ်များကို ယခုနှစ်များအတွင်း စုဆောင်းမှတ်တမ်းတင် ဖော်ပြခဲ့ကြပြီး ဖြစ်ပါသည်။[၁၂] ဤသို့ ကျူးလွန်သူများတွင် အဆင့် အသီးသီးရှိ စစ်သားများသာမက၊ အဆင့်မြင့်အရာရှိများပင် ပါဝင်ပတ်သက်နေကြပါသည်။[၁၃]

ဤသို့ လူ့အခွင့်အရေးချိုးဖောက်မှုများသည် တိုင်းရင်းသားလူမျိုးများ နေထိုင်ကြရာ စစ်ပွဲဇုန်များတွင် အဖြစ်များသော်လည်း၊ မုဒိမ်းမှုနှင့် လိင်မှုဆိုင်ရာအကြမ်းဖက်မှု ပုံစံအမျိုးမျိုးကို စစ်တပ်က အပြည့်အဝ ထိန်းချုပ်ထားသည့် ဒေသများ၊ မြို့ပြများတွင်လည်း ဖြစ်ပွားနေသည်ကို တွေ့ရပါသည်။ မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို၊ နေ့–ညမဟူ ဖြစ်ပွားတတ်သည်ကိုတွေ့ရပါသည်။ လူအများသွားလာကြသောဒေသများ၊ ပုဂ္ဂလိကအိမ်ယာများ၊ စစ်စခန်းများ၊ အလုပ်ဌာနများ၊ ပွဲလမ်းသဘင်များကျင်းပစဉ်၊ နေ့စဉ်လုပ်ငန်းဆောင်တာများ ဆောင်ရွက်စဉ်၊ လယ်ကွင်းများအတွင်း အလုပ်ဆင်းစဉ်ကာလများ စသဖြင့်တွင် ဖြစ်ပွားသည်ကိုတွေ့ရပါသည်။[၁၄]

မုဒိမ်းပြုကျင့်မှုနှင့် အခြားသော လိင်မှုဆိုင်ရာ အကြမ်းဖက်မှုပုံစံများကို မြန်မာနိုင်ငံတွင် စစ်တပ်က ကျူးလွန်ချိုးဖောက်နေပြီး၊ ယေဘုယျအားဖြင့် အလွန်အမင်းရက်စက်ကြမ်းကြုတ်မှုများ၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းကဲ့သို့သော အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်အတူပူးတွဲ၍ ဖြစ်တတ်ပါသည်။ ဤသို့ နစ်နာခံစားကြရသူ ကာယကံရှင်များသည် ရိုက်နှက်ခံရခြင်း၊ လည်ပင်းညှစ်ခံရခြင်း၊ ပါးရိုက်ခံရခြင်း၊ ရေနွေးပူဖြင့်လောင်းခံရခြင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်းများ ဖြတ်တောက်ခံရခြင်း စသည့် ရက်စက်မှုများပါ ကြုံတွေ့ခံစားရသည်ကို သတင်း၊ အစီရင်ခံစာများအရ သိရှိရပါသည်။ ဖြစ်ရပ်အများတွင် အုပ်စုဖြင့် မုဒိမ်းပြုကျင့်ခံရသည်ကိုတွေ့ရပါသည်။ နစ်နာရသူ ကာယကံရှင်ကို တယောက်ပြီးတယောက် ဆက်တိုက် မုဒိမ်းပြုကျင့်ကြသည့် အခြေအနေမျိုးဖြစ်သည်။ အချို့သော နစ်နာရသူများကို လိင်မှုကျေးကျွန်တယောက်သဖွယ် အတင်းအကျပ် သိမ်းသွင်းခံရသည့် အခြေအနေမျိုးကိုလည်း မြင်တွေ့ကြရပါသည်။ ဆိုလိုသည်မှာ သူတို့ကို အကြိမ်ကြိမ်ကျူးလွန်စော်ကားခံကြရပြီး၊ ကာလတခုတိုင် ဤအခြေအနေအတိုင်း ခံစားနေကြရခြင်းဖြစ်ပါသည်။[၁၅] ဤသို့ လူ့အခွင့်အရေးကျူးလွန်ချိုးဖောက်မှုမျိုးကို သူတို့၏မိသားစုဝင်များရှေ့မှောက်မှာပင် ကျူးလွန်ကြသည်ကိုလည်း တွေ့ရပါသည်။ ဤမှုခင်းကို အတင်းအဓမ္မ စောင့်ကြည့်စေရန်လည်း ခိုင်းစေလေ့ရှိပါသည်။ ဤသို့ လိင်မှုဆိုင်ရာ အကြမ်းဖက်ခံရသူ နစ်နာရသူများကို နောက်ဆုံးသတ်ပစ်ခြင်း၊ သို့မဟုတ် ကျန်းမာရေးအရ၊ စိတ်ဓါတ် ရေးရာအရ ပြင်းထန်စွာထိခိုက်နာကျဉ်စေသည့် အခြေအနေနှင့် ကျန်ရစ်ရသည်မျိုး ကြုံတွေ့ကြရပါသည်။ အချို့သော နစ်နာရသူများသည် သူတို့ကိုယ်တိုင် တရားမဝင်၊ ဆေးပညာအရ မလျော်ညီသော နည်းများဖြင့် ကိုယ်ဝန်ဖျက်ချရခြင်းမျိုး ဆောင်ရွက်ရသည့် အခြေအနေကို ဆိုက်စေပါသည်။ သို့မဟုတ် သူတို့ကို ကျူးလွန်သွားသူ၏ ကလေးကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ကြရပါသည်။ ဤနစ်နာရသူများသည် သူတို့၏ ရုပ်ရှာကိုယ်၌က အရှက်ရစေခြင်း၊ လူမှုအသိုင်းအဝိုင်းမှ ဖယ်ကျဉ်ခံရခြင်းများလည်း ကြုံတွေ့ရလေ့ရှိပါသည်။[၁၆]

၁၂၊ See, Licence to Rape, Shan Women's Action Network, June 2002; System of Impunity: Nationwide Patterns of Sexual Violence by the Military Regime's Army and Authorities in Burma, Women's League of Burma, September 2004; Catwalk to the Barracks: Conscription of Women for Sexual Slavery and Other Practices of Sexual Violence by Troops of the Burmese Military Regime in Mon Areas, Woman and Child Rights Project, July 2005, Shattering Silence, Karen Women's Organization, April 2004; Hidden Crimes Against Chin Women, Women's League of Chinland, 2006.

၁၃၊ Women in and from Conflict Areas of Burma, Women's League of Burma, June 2000.

၁၄၊ Catwalk to the Barracks: Conscription of Women for Sexual Slavery and Other Practices of Sexual Violence by Troops of the Burmese Military Regime in Mon Areas, Woman and Child Rights Project, July 2005.

၁၅၊ Women in and from Conflict Areas of Burma, Women's League of Burma, June 2000.

၁၆၊ Gathering Strength – Women from Burma on their Rights, Images Asia, January 2002.

ndburma2.indd 160 26-Dec-09 13:05:25

မုဒိမ်းပြုကျင့်မှုနှင့် အခြားသော လိင်မှုဆိုင်ရာ အကြမ်းဖက်မှုပုံစံများကို ကျူးလွန်ချိုးဖောက်နေသူ စစ်တပ်ဖွဲ့ဝင်များက အပြစ် ပေး အရေးယူခံရခြင်း ကင်းလွတ်စွာ ပြုကျင့်နေကြခြင်း ဖြစ်ပါသည်။ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများနှင့် ပတ်သက်၍ မှတ်တမ်းများ အကျယ်အပြန့် စုဆောင်းဖော်ပြကြပြီးဖြစ်သော်လည်း၊ စစ်အစိုးရက ဤအစီရင်ခံစာများပါအတိုင်း စုံစမ်းစစ်ဆေးပေးရန် နှင့် အသိအမှတ်ပြုရန် ငြင်းဆန်နေဆဲ ဖြစ်ပါသည်။ အရေးယူ ဆောင်ရွက်ပေးရမည့်အစား ဤသို့ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများနှင့် ပတ်သက်၍ လျစ်လျူရှုထားခြင်းဖြစ်စေ၊ ပြန်၍လက်စားချေတုံ့ပြန်ခြင်းဖြစ်စေကြုံတွေ့ရပါသည်။ ယေဘုယျဆိုရလျှင် လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်သူများမှာ အရေးယူခံရခြင်းမရှိတတ်ပါ။ ဤအခြေအနေတွင် မုဒိမ်းပြုကျင့်မှုနှင့် အခြားသောလိင်မှုဆိုင်ရာ အကြမ်းဖက်မှုပုံစံများကို တိုင်ကြားလာသူများသည် စစ်အစိုးရက ဒဏ်ငွေချမှတ်ခံရခြင်း၊ ထိန်းသိမ်းချုပ်နှောင်ခံရခြင်း၊ နှိပ်စက်ညှဉ်းပမ်းခံရခြင်း၊ သေဆုံးသည်အထိ သတ်ဖြတ်ခံရခြင်းများ ကြုံတွေ့ရတတ်ပါသည်။[၁၇] ဤသို့ လက်တုံ့ပြန်ခံရမည်ကို ကြောက်ရွံ့စိုးရိမ်သောကြောင့် နစ်နာရသူများသည် နှုတ်ဆိတ်နေရခြင်း၊ အစိုးရအာဏာပိုင်များထံ မတိုင်ကြားဝံ့နေခြင်းများ ရှိနေကြပါသည်။ ထိုမျှမက ဤသို့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို နိုင်ငံတကာမှ စောင့်ကြည့်နေသည့် အဖွဲ့အစည်းများထံ မတိုင်ကြားရန် စစ်အစိုးရက ကျေးရွာလူထုများကို သတိပေးကြိမ်းမောင်းခြင်းများလည်း ရှိတတ်ပါသည်။[၁၈]

(ခ) ဖြစ်တတ်သည့် ပုံစံများ

မြန်မာနိုင်ငံ၏ တည်ဆဲအခြေအနေတွင် ဖြစ်လေ့ရှိသော မုဒိမ်းပြုကျင့်မှုနှင့် လိင်မှုဆိုင်ရာ အခြားသော အကြမ်းဖက်မှု ပုံသဏ္ဌာန်များ အမှုမျိုးအတွက် အချက်အလက်ပုံစံ တခုကို အောက်မှာဥပမာဖော်ပြ ပေးထားပါသည်။ ဤအချက်အလက် ပုံစံသည် ချိုးဖောက်မှုတရပ်၏ အဓိကအင်္ဂါရပ်များကို ဖေါ်ထုတ်ပြရာ၌အသုံးဝင်ဖွယ်ရှိပါသည်။ မုဒိမ်းပြုကျင့်မှုနှင့် လိင်မှုဆိုင်ရာအခြားသော အကြမ်းဖက်မှု ပုံသဏ္ဌာန်များတည်းဟူသော ချိုးဖောက်မှုတရပ်ကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်နိုင်ရေးအတွက် အောက်ပါအချက်များပါရှိရမည်ကို သတိရပါ။

၁။ လိင်မှု သဘောသဘာဝအရ ဆောင်ရွက်မှု[၁၉]

၂။ နိုင်ထက်စီးနင်း ပြုခြင်း သို့မဟုတ် သဘောတူညီချက် ဆန္ဒမပါရှိခြင်း။

၃။ အစိုးရ၏ လုပ်ဆောင်ချက်။

ဖြစ်ရပ်မှန်ပုံစံ– မုဒိမ်းပြုကျင့်မှုနှင့် အခြားသော လိင်မှုဆိုင်ရာ အကြမ်းဖက်မှုပုံစံများ[၂၀]

နော်လောင်းက သူ့ခင်ပွန်းဖြစ်သူနှင့် ကလေးငယ် ၂–ဦးအတွက် ညစာပြင်ဆင်နေဆဲရှိစဉ်၊ သူတို့တံခါးကို ပြင်းထန်စွာ ခေါက်လိုက်သံကို ကြားလိုက်ရသည်။ သူက တံခါးသွားဖွင့်ပေးသည့်အခါ မြန်မာစစ်တပ်မှ အရာရှိတဦးနှင့် စစ်သား (၅) ယောက်ကို တွေ့လိုက်ရသည်။ စစ်တပ်ဗိုလ်ကသူ့ကို တွန်းဖယ်၍ အိမ်အတွင်းသို့ ဝင်လာခဲ့သည်။ သူက နော်လောင်း၏ ယောကျ်ားကို ရှာနေခြင်းဖြစ်သည်။ နော်လောင်းက သူ့ယောကျ်ား ယခုတိုင် လယ်ကွင်းတွင် အလုပ်လုပ်နေဆဲဖြစ်ပြီး၊ သိပ်မကြာမီမှာပင် ညစာစားရန် အိမ်သို့ပြန်ရောက်လာမည်ဟုပြောပြသည်။ စစ်တပ်ဗိုလ်က နော်လောင်းကို ပါးရိုက်လိုက်ပြီး ‘‘ကရင်စစ်တပ်အမာခံရဲ့ မိန်းမလုပ်တဲ့သူက ပြောတာကို ငါက ယုံရမလား’’ ဟုပြောသည်။

စစ်သား ၂–ယောက်ကို အိမ်ကိုရှာရန်အမိန့်ပေးသည်။စစ်သားများကနော်လောင်း၏ကလေးများဆော့ကစားနေကြသည့် နောက်အခန်းတွင်းသို့ ဝင်လာသည်။ စစ်သားများက ကလေးများကို တိတ်တိတ်နေရန်နှင့် မလှုပ်ရန်ပြောသည်။ သူတို့က အိမ်တွင်းဆက်၍ ရှာဖွေနေကြစဉ်တွင် သူ၏သားအငယ်က လှစ်ကနဲပြေး၍ အိမ်နောက်ဖက်တံခါးဆီသို့ပြေးသည်။ ဗိုလ်လုပ်သူကမြင်သွားပြီး ကလေးခေါင်းကို သေနတ်ဖြင့်ပစ်ချလိုက်သည်။ နော်လောင်းက အော်ပြီးကလေးဖြစ်သူထံပြေးသွားမည်ပြုရာ စစ်သား ၂–ဦးက သူ့ကိုဆွဲထားသည်။ သူတို့က သူ့ကိုမြေကြီးပေါ်ဆွဲလဲချလိုက်သည်။ နောက်ထပ်စစ်သားတဦးက နော်လောင်း၏ သမီးငယ်ကိုဆွဲ၍ နောက်ဖက် အခန်းထဲတွင် ပိတ်ထားလိုက်သည်။ နော်လောင်းကို

၁၇၊ Women in and from Conflict Areas of Burma, Women’s League of Burma, June 2000.

၁၈၊ System of Impunity: Nationwide Patterns of Sexual Violence by the Military Regime’s Army and Authorities in Burma, Women’s League of Burma, September 2004.

၁၉၊ မုဒိမ်းမှု ကျူးလွန်ချိုးဖောက်ကြောင်း သက်သေပြရန်အတွက် လိင်မှုသဘော ရုပ်ပိုင်းဆိုင်ရာ ထိုးသွင်းခြင်းရှိကြောင်း ပြသရန် လိုအပ်သည်။ သို့သော် မည်သို့သော လိင်မှုဆိုင်ရာ သဘောပြုမှု ကျူးလွန်လျှင်မဆို လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခြင်း မြောက်သည်။

၂၀၊ ယခု ဖော်ပြထားသည့် စိတ်ကူးဖော်ပြချက် ပုံစံသည် လူအများ၏ အတွေ့အကြုံများကို အခြေခံရေးသားထားခြင်း ဖြစ်ကြောင်း သတိပြုစေလိုပါသည်။ ယခု လက်စွဲစာအုပ်တွင် အသုံးပြုဖော်ပြနိုင်ရန်အတွက်သာ ဖန်တီးရေးသားထားခြင်း ဖြစ်ပါသည်။ လူတဦး၏ ဖြစ်ရပ်၊ အမှန်ဖြစ်ရပ် တခုကို ဖော်ပြရေးသားထားခြင်း မဟုတ်ပါ။

ndburma2.indd 161 26-Dec-09 13:05:25

ဆွဲထားသည့် စစ်သားကစ၍ ကန်ကျောက်ရိုက်နှက်သည်။ သေနတ်ဒင်နှင့်လည်း ထုထောင်းသည်။ သူရိုက်နှက် ခံနေရသည့် အချိန်တွင် သူ့ယောကျ်ားလည်း လယ်ကွင်းထဲက ပြန်လာသည်ကို ကြားရသည်။ သူက စစ်သားများကို မလုပ်ရန် အော်ပြောသည်။

စစ်သား ၂ ယောက်က နော်လောင်း၏ ယောကျ်ားကို ဖမ်းချုပ်ထားလိုက်ကြသည်။ သူတို့က သူ့ယောကျ်ားနောက် ကျောတွင် လက်ကိုကြိုးတုတ်ထားလိုက်ကြသည်။ ထို့နောက် ဗိုလ်လုပ်သူက သူ့ယောကျ်ားကို ကရင်တော်လှန်ရေး တပ်များနှင့် အဆက်အသွယ် ရှိ–မရှိ မေးမြန်းနေသံကို ကြားနေရသည်။ သူတို့၏ တောင်ယာမှနေ၍ သူပုန်များ အတွက် အစားအသောက်များပေးနေသည်ကို သူတို့သိကြောင်း၊ သူတို့ လှုပ်ရှားမှုများကို ကူညီနေကြောင်း စစ်ဗိုလ်က ပြောသည်။ နော်လောင်း၏ ယောကျ်ားက စွပ်စွဲချက်များကို ငြင်းဆိုသည့်အခါ သူ့ကိုလည်းရိုက်နှက်တော့သည်။

နော်လောင်းက စစ်သား ၂–ယောက် ဆွဲလှဲခံထားရသည့် အခြေအနေမှ အော်ဟစ်၍ အကူအညီတောင်းသည်။ သူ့အော်သံကြားရသည့်အခါ စစ်ဗိုလ်ကနော်လောင်းဖက် လှည့်လာပြီး၊ ယောကျ်ားဖြစ်သူကိုပြောသည်။ "ဒီမှာကြည့်၊ တို့က သူပုန်မိန်းမဆိုရင် ဘယ်လိုလုပ်သလဲဆိုတာ" ဟု ပြောသည်။ စစ်ဗိုလ်က နော်လောင်းဆီသို့လာပြီး ပါးနှစ်ဖက်ကို အပြန်ပြန်ရိုက်သည်။ သူက အကျီ၌ချွတ်ရန်ပြောကာ၊ နော်လောင်း၏ အဝတ်များကိုဆွဲချွတ်သည်။ နော်လောင်းက လွတ် မြောက်ရန် ကြိုးစားသော်လည်း မအောင်မြင်ပါ။ စစ်ဗိုလ်က နော်လောင်းကို မုဒိမ်းပြုကျင့်နေသည့်အချိန်တွင် သူ၏ ယောကျ်ားကိုလည်း ကြည့်နေစေရန် အတင်းအကျပ်ခိုင်းသည်။ နော်လောင်းကို စစ်သား ၂–ယောက်က ဖမ်းချုပ်ထား ပေးသည်။ သူမုဒိမ်းပြုကျင့်၍ပြီးသော အခါ နော်လောင်း၏ ယောကျ်ားကို ထရပ်ကားဆီသို့ တင်ခေါ်သွားရန်ရဲဘော်များ ကိုပြောသည်။ အကယ်၍ နော်လောင်းက ယခုဖြစ်ရပ်နှင့် ပတ်သက်၍တိုင်ကြားပါက သူ့ယောကျ်ားကိုသတ်ပစ်မည်ဖြစ် ကြောင်း သတိပေးပြောဆိုသည်။

ထင်းညနေမှစ၍ နော်လောင်း၏ ယောကျ်ားထံမှ မည်သည့်သတင်းစကားမျှ မကြားရတော့ပေ။ သူမယောကျ်ား အတွက်စိုးရိမ်ရသလို၊အခြားရွာသားများထံမှလည်းအထင်မြင်သေးခံရမည်ကိုကြောက်ရွံ့သောကြောင့်နော်လောင်းက ဤအဖြစ်ကို မည်သည့်ရွာသားကိုမျှပြောမပြပေ။ စစ်သားများနောက်တကြိမ်ပြန်လာမည်ကို စိုးရိမ်သောကြောင့် နော် လောင်း နောက်ဆုံး ထိုင်းနိုင်ငံနယ်စပ်သို့ ထွက်ပြေးလာခဲ့ပြီး ယခုအခါ ဒုက္ခသည်စခန်းတွင် သမီးဖြစ်သူနှင့်အတူနေထိုင် နေသည်။ သူက ယခုတိုင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ခံစားနေရဆဲ ဖြစ်ပြီး၊ ထင်းညနေကကြုံရသည့် ကြောက်မက်ဖွယ် အဖြစ်ဆိုးကြောင့် ညညအခါ အိပ်မပျော်နိုင်ဘဲ ရှိနေသည်။

(၈) တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာပုံစံ

တွေ့ဆုံမေးမြန်းခြင်းသည် အဓိကကျသော အချက်အလက်များကို ရှာဖွေစုဆောင်းနည်းပင်ဖြစ်သည်။ အဓိကအကြောင်း ရင်း မှာ အဖြစ်အပျက်တခုနှင့် ပတ်သက်၍ လူတို့သည် သတင်းအချက်များကို အများဆုံးရရှိထားသူများဖြစ်သောကြောင့်ပင် ဖြစ် ပါသည်။ တွေ့ဆုံမေးမြန်းခြင်းသည် အချက်အလက်ရှာဖွေစုဆောင်းသောလုပ်ငန်းအတွက် အခြေခံကျသည်ဖြစ်ရာ၊ တွေ့ဆုံမေး မြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အကောင်းဆုံး ရရှိထားခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘက်ပေါင်းစုံမှနေ၍ အသေးစိတ်ကျကျ ဖေါ်ထုတ်ရေးတွင် သော့ချက်တခုဖြစ်ပါသည်။ အထက်ဖေါ်ပြပါ ဖြစ်ရပ်မှန်ပုံစံကို အခြေခံထားသောတွေ့ဆုံ မေးမြန်းခြင်း နမူနာပုံစံ (၂) ခုကို အောက်မှာ ဖေါ်ပြထားပါသည်။ ပထမ တွေ့ဆုံမေးမြန်းခြင်းသည် အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပြီး၊ ဒုတိယ တွေ့ဆုံမေးမြန်းခြင်းသည် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ် ပါသည်။ သာဓကတခုစီ၏ အောက်ခြေတွင် ပိုင်းခြားသုံးသပ်ချက်များကို ဖေါ်ပြထားပါသည်။

၁။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ညံ့)

မေး – ခင်ဗျား မုဒိမ်းပြုကျင့်ခံရတာ ဟုတ်ပါသလား။

နော်လောင်း – ဟုတ်ပါတယ်။ အဲဒီကိစ္စကို ကျမပြောဖို့ခက်လွန်းပါတယ်။ ကျမသားလည်းအသတ်ခံရပြီး၊ ယောကျ်ားလည်းအဖမ်း ခံရပါတယ်။ အခုထက်တိုင် သူသေသလား၊ ရှင်သလားလည်း မသိပါဘူး။ ကျမသမီးကလည်း အခုထက်ထိတိုင် ဘာဖြစ်နေသလဲဆိုတာ နားမလည်နိုင်ဘူးဖြစ်နေတယ်။ ကျမလည်း သူ့ကို ဘယ်လိုရှင်းပြရမှန်းတောင်မသိတော့ ပါဘူး။

မေး – အဲသည် မုဒိမ်းမှု ဖြစ်တုန်းက ခင်ဗျား အလိုဆန္ဒမပါဘဲ ထိန်းသိမ်းခံရတယ်ဆိုတာ ဟုတ်ပါသလား။

နော်လောင်း – စစ်သား ၂ ယောက်က ကျမကို ဆွဲလှဲချပြီးတော့ ဗိုလ်လုပ်တဲ့သူက ကျမကို မုဒိမ်းကျင့်ပါတယ်။ ကျမ ထွက်ပြေး လို့လည်း မရပါဘူး။

ndburma2.indd 162 26-Dec-09 13:05:25

မေး – ခင်ဗျားကို မုဒိမ်းကျင့်တာ မြန်မာစစ်တပ်ကလူတွေလား။

နော်လောင်း – ဟုတ်ပါတယ်။

မေး – ခင်ဗျားက ကရင်လူမျိုးဖြစ်တဲ့အတွက်ကြောင့် အခုလို မုဒိမ်းကျင့်ခံရတယ်လို့ ထင်ပါသလား။

နော်လောင်း – ဟုတ်ပါတယ်။ အဲသလိုပဲ ထင်ပါတယ်။

မေး – အခုကိစ္စကို တယောက်ယောက်ဆီကို တိုင်ကြားတာရှိသလား။

နော်လောင်း – မရှိပါဘူး။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရခြင်းမှာ အကြောင်းအချက် များစွာရှိပါသည်။

ပထမအချက်– တိုလွန်းသည်။ ချိုးဖေါက်မှုတခုဖြစ်ကြောင်း ဖေါ်ပြရန်လိုအပ်သည့် အဂီါရပ်များအကြောင်းမှတ်တမ်းပြုရန်တည်းဟူသော တွေ့ဆုံမေးမြန်းခြင်း၏ရည်မှန်းချက် ပေါက်မြောက်ခြင်းမရှိချေ။ ဖြစ်ပွားပုံကို အသေးစိတ်ပေါ်လွင်စေရေးအတွက် မေးခွန်းများ လုံလောက်ခြင်းမရှိ။ နောက်ဆက်တွဲမေးခွန်းများသည် ဖြစ်ရပ်၏ ပုံကားချပ်ကိုအပြည့်အဝ ဖေါ်ပြရေးတွင် အထူးအရေးကြီးပါသည်။

ဒုတိယအချက်– ဤမေးခွန်းများသည် အများအားဖြင့် နိမိတ်ပြမေးခွန်းများဖြစ်နေသည်။ ဆိုလိုသည်မှာနော်လောင်း အနေနှင့် မည်သို့ဖြေကြားသင့်ကြောင်း အရိပ်အကဲပြသည့်သဘောဖြစ်နေသည်။ သူက ''ဟုတ်ပါသည်'' သို့မဟုတ် ''မဟုတ်ပါ'' ဟု ဖြေနေပါက အရေးကြီးသော အသေးစိတ်အချက်အလက်များကို ကျန်သွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ အနေနှင့်လည်း အရေးကြီးသော သတင်းအချက်အလက်များကို လက်လွတ်သွားလိမ့်မည်။ ထို့ပြင်၊ နော်လောင်းဘက်ကလည်း သူ့ဟာသူ လွတ်လွတ် လပ်လပ် ပြောပြလိုသည့် သဘောနည်းသွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူကြားလိုသော အဖြေများကို ပေးလိုသည့် သဘောပိုများသွားနိုင်ပါသည်။

တတိယအချက်– ဤတွေ့ဆုံမေးမြန်းခြင်းသည် တွေ့ဆုံမေးမြန်းသူ မူလကတည်းက သံသယရှိနေသော ချိုးဖေါက်မှုကိုသာလျှင် အာရုံစိုက်ထားပြီး၊ အခြား ချိုးဖေါက်မှုများအတွက် အထောက်အထားရနိုင်သော မေးခွန်းများကိုမေးခြင်းမရှိချေ။ ဤသာဓက ဖြစ်ရပ်ကဲ့သို့သော မုဒိမ်းပြုကျင့်မှုနှင့် အခြားသော လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ပုံစံများသည်အခြားသော လူ့အခွင့်အရေး ချိုးဖေါက်မှုများဖြစ်ပွားနေသည့် ကြားမှာ ဖြစ်ပွားတတ်ပါသည်။ အသေးစိတ်ကျသောတွေ့ဆုံမေးမြန်းမှုတခုကို လုပ်ခြင်းအားဖြင့် မုဒိမ်းမှုနှင့် အခြားသောလိင်မှုဆိုင်ရာ ကျူးလွန်မှုကဲ့သို့သော ရာဇဝတ်မှုကျူးလွန်မှုများအတွက် အထောက်အထားများ ရနိုင်ဖွယ်ရှိပါသည်။ သာဓကအားဖြင့်– နော်လောင်း၏သားသတ်ခံရခြင်းနှင့် ယောကျ်ားကို အတင်းအကျပ် ဥပဒေမဲ့ဖမ်းဆီးထားခြင်းတို့ ဖြစ်ပါသည်။

နောက်ဆုံးအချက်– နော်လောင်း၏ ဖြစ်ရပ်ကို အတည်ပြုဖေါ်ပြပေးမည့် သတင်းအချက်အလက်တစုံတရာကို ဤတွေ့ဆုံ မေးမြန်းခြင်းမှ နေ၍ မရရှိချေ။ သူ၏ဖြစ်ရပ်ကို အတည်ပြုပေးမည့်မျက်မြင်သက်သေနှင့် အထောက်အထားများ ရနိုင်၊ မရနိုင် နော်လောင်းကို မေးကြည့်ခြင်းသည် ကောင်းမွန်သောမှတ်တမ်းပြုမှုတခု၏ အရေးကြီးသော အစိတ်အပိုင်း ဖြစ်သည်။

(၂) တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ကောင်း)

မေး – နော်လောင်း။ လွန်ခဲ့တဲ့ ရက်သတ္တပတ် အနည်းငယ်တုန်းက ခင်ဗျားဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ကျနော့်ကိုပြောပြနိုင်မလား။

နော်လောင်း – ဟုတ်ကဲ့။ ဗိုလ်တယောက်နဲ့ စစ်သား ၅ ယောက် ကျမအိမ်ကိုလာပြီး၊ ကျမယောကျ်ားကို လာရှာပါတယ်။ ကျမယောကျ်ား အိမ်မှာမရှိပါဘူး။ သူတို့က အိမ်ကိုရှာဖွေကြပါတယ်။ ကျမသားက ထွက်ပြေးဖို့ကြိုးစားတော့ သူ့ကို သေနတ်နဲ့ပစ်သတ်လို့ သေသွားပါတယ်။ ကျမ ယောကျ်ား အိမ်ပြန်ရောက်လာတော့ သူတို့က ရိုက်နှက်ကြပါတယ်။ ဗိုလ်လုပ်တဲ့သူက ကျမကို မုဒိမ်းကျင့်ပြီးတော့ ကျမယောကျ်ားကိုလည်း ဖမ်းခေါ်သွားကြပါတယ်။ အဲသည်အချိန်ထဲက သူ့အကြောင်း မကြားရတော့ပါဘူး။ ကျမ သမီးကလည်း သူ့အစ်ကိုနဲ့သူ့ အဖေ ဘယ်လိုဖြစ်သွားတယ်ဆိုတာ နားမလည်နိုင်အောင် ဖြစ်နေပါတယ်။ ကျမလည်း သူ့ကို ဘယ်လိုရှင်းပြရမှန်းတောင် မသိတော့ပါဘူး။

မေး – ခင်ဗျားသားနဲ့ ယောကျ်ားဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာ ဖြစ်နိုင်ရင်နောက်ပိုင်းမှာကျနော်သိလိုပါတယ်။ အကယ်၍ ခင်ဗျား ပြောပြချင်တယ်ဆိုရင်ပေါ့။ ဒါပေမယ့် ခင်ဗျားအတွေ့အကြုံကို စပြီးသိလိုပါတယ်။ ခင်ဗျားပြောတာ ခင်ဗျား မုဒိမ်းပြုကျင့်ခံရတယ် ပြောပါတယ်။ ဒီကိစ္စက ပြောဖို့ အင်မတန်ခက်ခဲတဲ့ကိစ္စဆိုတာ ကျနော်သိပါတယ်။ ပြောဖို့

ndburma2.indd 163 26-Dec-09 13:05:25

အချိန်ယူရင်ယူပါ။ ကျနော် တို့ပြောနေတုန်းမှာလည်း ခင်ဗျားရပ်ချင်ရင် ရပ်လိုက်နိုင်ပါတယ်။ အခု မုဒိမ်းမှု ဘယ်လို ဖြစ်ခဲ့တယ်ဆိုတာ ပြောပြနိုင်မလား။

နော်လောင်း – ကျမကို စစ်သား ၂ ယောက်ကလဲ့ချပြီး၊ ဗိုလ်လုပ်တဲ့သူက ကျမယောကျ်ားကို ကရင်တပ် (KNLA) တွေနဲ့ ပတ်သက်နေသလားဆိုတာ စမေးပါတယ်။ ကျမယောကျ်ားက မေးခွန်းကို ကောင်းကောင်း မဖြေတော့၊ ဗိုလ်လုပ်တဲ့သူကသူ့ကို စပြီးရိုက်နှက်ပါတယ်။ ကန်ကျောက်ပါတယ်။ ကျမလည်းအော်ပါတယ်။ ဗိုလ်လုပ်တဲ့သူက ကျမဆီကို ရောက်လာပါတယ်။ သူက ကျမကို ပါးရိုက်ပါတယ်။ ကျမ အဝတ်တွေဆွဲဆုတ်ပြီးတော့ သူ့ဘောင်းဘီကိုလည်း ချွတ်ပါတယ်။ ပြီးတော့ သူ့အင်္ဂါကို ကျမထဲထိုးသွင်းတော့တာပါဘဲ။ ကျမ အင်မတန်နာကျင်ပါတယ်။

မေး – သူက တခုခု ပြောသေးသလား။

နော်လောင်း – သူက ကျမယောကျ်ားကို ပြောပါတယ်။ အခုလိုလုပ်တာဟာ သူပုန် မိန်းမတွေကို သူတို့ လုပ်နေကျလို့ပြောပါတယ်။ နောက် သူက ကျမကို မုဒိမ်းကျင့်ပါတယ်။ နောက်တော့ သူက ကျမကို ကြိမ်းမောင်းပါတယ်။ အခုကိစ္စကို တယောက် ယောက်ကို ပြန်ပြောပြလို့ရှိရင် ကျမယောကျ်ားကို သတ်ပစ်မယ် ပြောပါတယ်။ ကျမလည်း အင်မတန် ကြောက်နေပါတယ်။

မေး – ခင်ဗျား ဘယ်နှစ်ကြိမ် မုဒိမ်းကျင့်ခံရတာလဲ။

နော်လောင်း – တကြိမ်ထဲပါ။ ဗိုလ်လုပ်တဲ့သူက ကျင့်တာပါ။

မေး – ခင်ဗျား စစ်ဗိုလ်ရဲ့နာမည်၊ သူ့တပ်နံပါတ်ကို သိပါသလား။

နော်လောင်း – ကျမ သူ့နာမည်ကို မသိပါဘူး။ သူကတော့ ခမရ (၂၇၃) ကဆိုတာ ကျမသိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ယူနီဖောင်းဝတ်ထားပြီး၊ အဲဒီတပ်က ကျမတို့ရွာနားမှာ စခန်းချပါတယ်။

မေး – တယောက်ယောက်က ခင်ဗျား လိင်အင်္ဂါတွေကို ကိုင်တာတွယ်တာ ရှိသေးသလား။

နော်လောင်း – မရှိပါဘူး။ ဒါပေမယ့် စစ်သားတွေက ကျမကို ပြင်းပြင်ထန်ထန် ရိုက်နှက်ကြပါတယ်။ သူတို့က ကန်တယ်။ ပါးရိုက်တယ်။ သူတို့ သေနတ်ဒင်တွေနဲ့ ရိုက်နှက်ကြပါတယ်။

မေး – ခင်ဗျား ဒဏ်ရာတွေ ဘာတွေရတာ ရှိသေးသလား။

နော်လောင်း– ရိုက်နှက်ခံရတဲ့ ဒဏ်ကြောင့် ကျမတကိုယ်လုံးလည်း ဖူးယောင်နေပါတယ်။ ကျမ မိန်းမကိုယ်ကလည်း သွေးတွေဆင်းနေပါတယ်။ ဗိုက်ကလည်း အင်မတန်နာပါတယ်။

မေး – ပြီးတဲ့အခါမှာ ဆရာဝန်ကို သွားပြသတာရှိပါသလား။

နော်လောင်း – ပြီးတဲ့ ချက်ချင်းမှာတော့ ကျမလည်း တယောက်ယောက်ကို သွားပြောဖို့ဆိုတာ အင်မတန် ကြောက်ရွံ့နေပါတယ်။ ကျမ ထိုင်းနိုင်ငံထဲကို မရောက်မချင်း ဒီကိစ္စကို ဘယ်သူ့ကိုမှ မပြောရဲပါဘူး။ ကျမ ဒီကိုရောက်တဲ့တိုင်အောင်ဗိုက်က အင်မတန် နာကျင်နေပါတယ်။ ဒါကြောင့် ဆရာဝန်ကို သွားပြပါတယ်။ သူပြောတာက ကျမ ကိုယ်ထဲမှာ ဒဏ်ရာရနေတယ်။ ရောဂါပိုး ဝင်နေတယ်လို့ ပြောပါတယ်။ သူက ကျမကို ဆေးပေးပါတယ်။

မေး – အကယ်၍ ခင်ဗျား ဆေးမှတ်တမ်းရချင်လို့ ဆရာဝန်ကို ဆက်သွယ်မယ်ဆိုရင် ဖြစ်နိုင်ပါသလား။

နော်လောင်း – ပြဿနာ မရှိပါဘူး။

မေး – ခင်ဗျား ဒီကိစ္စကို တယောက်ယောက်ဆီ တိုင်ကြားသေးသလား။

နော်လောင်း – ခုနက ပြောသလိုပါပဲ။ မြန်မာပြည်မှာရှိနေတုန်းက ကျမကြောက်လွန်းလို့ ဘယ်သူ့ကိုမှ မပြောရဲပါဘူး။ အကယ်၍ ကျမပြောတာ သိသွားရင် ဗိုလ်လုပ်တဲ့သူက ပြောသလို ကျမယောကျ်ားကို သတ်ပစ်လိုက်မှာ စိုးရိမ်ပါတယ်။ စစ်တပ်နဲ့ ပတ်သက်တဲ့ ပြဿနာတိုင်တဲ့သူတွေလည်း ဖမ်းဆီးခံကြရတာကို ကျမတွေ့ဖူးပါတယ်။

မေး – ခင်ဗျား တခုခုဖြည့်စွက်ပြောချင်တာ ရှိပါသေးသလား။ ဒါမှမဟုတ်ရင်လည်း ကျနော့်ကို တခုခုမေးမြန်းစရာရှိပါသလား။

နော်လောင်း – အခု ဖြစ်ပျက်ခဲ့တာတွေကို ကျမ သိပ်ရှက်နေပါတယ်။ ကျမရွာက လူတွေ အခုလို ဖြစ်ပျက်ခဲ့တာကို နားမလည်ကြမှာပဲ ကျမကြောက်နေပါတယ်။ သူတို့က ကျမကို မကောင်းဘူး၊ ကျမ ကိုယ်၌က ဖြစ်ရတာလို့ စွပ်စွဲကြမှာကိုစိုးရိမ်ပါတယ်။ အဲဒီညနေတုန်းက ဖြစ်ပျက်ခဲ့တာကို အခုတိုင် ကျမ အိပ်မက်ဆိုးတွေ မက်နေတုန်းပါ။ ကျမ မေ့လို့ ပျောက်လို့ရနိုင်မယ် မထင်ပါဘူး။

မေး – ခင်ဗျား အခုအတွေ့အကြုံတွေကို ကျနော့်ကို ပြန်ပြောပြပေးတာကို ကျေးဇူးအများကြီးတင်ပါတယ်။ ပြောရတာ အင်မတန်ခက်ခဲမယ်ဆိုတာ ကျနော်သိပါတယ်။ တကယ်လို့ဖြစ်နိုင်မယ်ဆိုရင်၊ ခင်ဗျားကိစ္စတွေကိုပြောဆိုလို့ရမယ့် မိတ်ဆွေတယောက်၊ ခင်ဗျားစိတ်ခံစားနေရတာတွေကို ကူညီပေးနိုင်မယ့်သူ တယောက်ကို ကျနော်ညွှန်းပေးချင်ပါတယ်။

ndburma2.indd 164 26-Dec-09 13:05:25

နော်လောင်း – ကျမလည်း တွေ့ချင်ပါတယ်။
မေး – တကယ်လို့ ကျနော် နောက်တကြိမ် ထပ်ပြီးစကားပြောဆိုချင်တယ်ဆိုရင် ဘယ်လိုတွေ့နိုင်ပါမလဲ။
နော်လောင်း – ကျမသမီးနဲ့ ကျမကအခု ဒီဒုက္ခသည်စခန်းမှာဘဲ နေထိုင်ပါတယ်။ အချိန်မရွေးလာတွေ့ပြီး၊ ပြောဆိုလို့ရပါတယ်။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

ဤတွေ့ဆုံမေးမြန်းခြင်းသည် ကောင်းပါသည်ဟုဆိုရခြင်းမှာ နော်လောင်းက သူ၏ ဖြစ်ရပ်ကို ပြောပြသောကြောင့် ဖြစ်ပါသည်။ ပွဲဦး ထွက်မေးခွန်းများသည် လမ်းဖွင့်မေးခွန်းများဖြစ်ပြီး၊ နောက်ဆက်တွဲမေးခွန်းများလည်း ပါပါသည်။ သူ၏ ဖြေကြားချက်များသည် ချိုးဖေါက်မှုတခုအဖြစ် သတ်မှတ်ရေးအတွက် အဂၢိရပ်အသီးသီးကို မှတ်တမ်းပြုရာ၌အထောက်အကူဖြစ်စေပါသည်။ သာဓကအားဖြင့်ဖေါ်ပြရလျှင်၊ နော်လောင်းသည် မုဒိမ်းပြုကျင့်ခံရမှုနှင့်ပတ်သက်၍ အောက်ပါသတင်းအချက်အလက်များကို ပေးပါသည်။

ပထမ– နော်လောင်းသည် သူ၏ ကိုယ်ခန္ဓာအတွင်းသို့ ရုပ်ပိုင်းဆိုင်ရာ ထိုးသွင်းခြင်းအဖြစ် သက်သေပြ သတ်မှတ်နိုင်ရေးအတွက် သတင်းအချက်အလက်များပေးသည်။ နော်လောင်းက ပြောပြရာတွင် သူ၏အကျိုများကို ဗိုလ်လုပ်သူက ဆွဲချွတ်ဆုတ်ဖြဲကြောင်းနှင့် သူ့ကိုယ်တွင်းသို့ လိင်တံထိုးသွင်းကြောင်း ပြောပြခဲ့သည်။ သူ၏ ဖြစ်ရပ်ကို သက်သေခံရာ၌ ဆရာဝန်၏ ဆေးမှတ်တမ်းက အထောက်အကူပြုပေးပါလိမ့်မည်။

ဒုတိယ– သဘောတူခွင့်ပြုချက် မပါဘဲ၊ နိုင့်ထက်စီးနင်းကျသော ထိမ်းမြားလက်ထပ်မှု၏ သဘောသဘာဝအဖြစ် ဖေါ်ပြရေးအတွက် အသေးစိတ်အချက်အလက်များကို နော်လောင်းကပေးခဲ့သည်။ နော်လောင်းကို စစ်သား ၂ ဦးက ဆွဲလဲ့ချကြောင်းကို သူကဖော်ပြခဲ့သည်။ သူ၏ယောကျ်ားနှင့်အတူ သူရိုက်နှက်ခံရသည့်အကြောင်းနှင့် သူ၏သားကိုသတ်ဖြစ်ပစ်လိုက်ကြောင်းကို ပြောပြခဲ့သည်။ ဤထွက်ဆိုချက် အပေါ်အခြေခံ၍ တွေ့ရှိရသောအချက်မှာ သဘောတူခွင့်ပြုချက် မပါဘဲ၊ နိုင့်ထက် စီးနင်းကျသောနည်းဖြင့် သူကို ဆက်ဆံခံခဲ့ရခြင်းဟူ၍ ဖြစ်ပါသည်။

နောက်ဆုံးအချက်– မုဒိမ်းပြုကျင့်မှုတွင် အစိုးရပိုင်းမှ ပုဂ္ဂိုလ်များပါဝင်ကြောင်းကို နော်လောင်းက ဖေါ်ပြခဲ့သည်။ သူ့ကို ဗိုလ်လုပ်သူက ပြုကျင့်ကြောင်း နော်လောင်းက အတိအကျ ထောက်ပြနိုင်သည်။ စစ်ဗိုလ်၏ အမည်ကိုမသိသော်လည်း၊ ၎င်းစစ်ဗိုလ် တာဝန်ရှိသည့် တပ်နံပါတ်ကို သူကဖော်ပြနိုင်သည်။ ဤအချက်နှင့်ပင်လျှင် အစိုးရ၏ပါဝင် ပတ်သက်မှုကို ပြသရန် လုံ လောက်ပါသည်။

ဤတွေ့ဆုံမေးမြန်းခြင်းမှနေ၍ မုဒိမ်းပြုကျင့်မှုနှင့် ဆက်နွယ်နေသော အတင်းအကျပ် ဥပဒေမဲ့ဖမ်းဆီးမှုနှင့် သတ်ဖြတ်မှုကဲ့သို့သော အခြားချိုးဖေါက်မှုများအတွက် အထောက်အထားများရရှိပါသည်။ သူ၏ယောကျ်ားမှာ မည်သည့် ပြစ်မှုမျှမရှိဘဲ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ပြောပြသည်။ သူ၏ သားဖြစ်သူမှာလည်း သေနတ်နှင့် ပစ်သတ်ခံရကြောင်း ပြောပြသည်။ သူ၏ သမီးကို မေးမြန်းကြည့်ခြင်းဖြင့် နော်လောင်း၏ ပြောပြချက်များကို အတည်ပြုနိုင်မည်ဖြစ်သည်။ အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းယူရေးအတွက် ထပ်မံမေးမြန်းရန် လိုအပ်ကောင်း၊ လိုအပ်မည်ဖြစ်သည်။ နော်လောင်းက နောက်ထပ် တွေ့ဆုံပြောဆိုရန် သဘောတူညီခြင်းနှင့် မေးမြန်းသူက သူ့ကိုမည်သည့်နေရာတွင် ဆက်သွယ်ရမည်ကို သိရှိလာသောကြောင့် တွေ့ဆုံမေးမြန်းမှု ကောင်းမွန်စွာ အဆုံးသတ်နိုင်ခဲ့ပါသည်။

(၃) နိဂုံးချုပ်

ဤအခန်းကို ဖတ်ပြီးလျှင် သင့်အနေနှင့် အောက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်စွမ်းရှိရမည်။

- မုဒိမ်းပြုကျင့်မှုနှင့် အခြားသော လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ပုံစံအမျိုးမျိုး၏ အဂၢိရပ်များကို နိုင်ငံတကာဥပဒေနှင့် အညီ မှတ်သားသိရှိလာခြင်း။
- မုဒိမ်းပြုကျင့်မှုနှင့် အခြားသော လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ပုံစံအမျိုးမျိုး အကြောင်း သတင်းအချက်အလက်များကို စုဆောင်းရရှိရေးအတွက် အရေးကြီးသော မေးခွန်းများ ရေးသားပြုစုခြင်း။
- ချိုးဖေါက်မှုတရပ် ဖြစ်ပွားခဲ့ခြင်း ရှိ– မရှိ သိရှိရေးအတွက် ထိရောက်သော တွေ့ဆုံမေးမြန်းခြင်းတရပ်ကို ဆောင်ရွက် ခြင်း။

ဤလက်စွဲစာစောင်၏ နောက်လာမည့် အခန်းများက မုဒိမ်းပြုကျင့်မှုနှင့် အခြားသောလိင်မှုဆိုင်ရာ အကြမ်းဖက်မှု ပုံစံအမျိုး မျိုး၏ အထောက်အထားများကို အကဲဖြတ်နည်းအကြောင်း ပို၍အသေးစိတ်ကျကျ ဆွေးနွေးထားပါသည်။

ndburma2.indd 165 26-Dec-09 13:05:25

(1) yk¾dyk&dqk&dCGurk&dzmufcif;

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများအရလူ့အခွင့်အရေးချိုးဖောက်မှုမြောက်ရန်မှာချိုးဖောက်မှု၏အဓိကအင်္ဂါရပ်များပြည့်မီရန် လိုအပ်ပါသည်။ ဤအင်္ဂါရပ်များသည် တိကျရေရာသော စံချိန်စံညွှန်းများဖြစ်သည်။ သို့တည်းမဟုတ် ဥပဒေနှင့်ဆန့်ကျင်သော လုပ်ရပ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ရှိနေရမည့် ပတ်ဝန်းကျင်အခြေအနေတစုံ လိုအပ်ပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ အင်္ဂါရပ်များသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တရားဝင်စာချုပ် စာတမ်းပြဋ္ဌာန်းချက်များမှနေ၍ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုမှန်သမျှကို စတင်မှတ်တမ်းတင်ခြင်း မပြုမီမှာ ချိုးဖောက်မှုဟူသော အဓိပ္ပါယ်ကို သတ်မှတ်ရာ၌ လိုအပ်သည့် အင်္ဂါရပ်များအကြောင်း ရှင်းလင်းတိကျစွာ နားလည်ထားသင့်ပါသည်။ ဤအခန်းတွင် ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်းတည်းဟူသော ချိုးဖောက်မှု ပေါ်လွင်စေရန်အတွက် မရှိမဖြစ် လိုအပ်သော အင်္ဂါရပ်များကြောင်း ရှင်းလင်းဖေါ်ပြထားပါသည်။

(၂) ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း၏ အဓိပ္ပါယ်ကို သတ်မှတ်ခြင်း

(က) နိုင်ငံတကာ ဥပဒေအရဆိုလျှင် ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း၏ အင်္ဂါရပ်များကား အဘယ်နည်း။

ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်းအမှုများကို မှတ်တမ်းတင်ရန်အတွက် အင်္ဂါရပ် (၃) ရပ်နှင့် ပြည့်စုံကြောင်းသက်သေပြသရန် လိုအပ်ပါသည်။[၁]

---

၁ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့် အခွင့်အရေးကို အတိအလင်းဖော်ပြထားသည့် နိုင်ငံတကာ သဘောတူညီချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ ပုဒ်မ –၁၇။ Universal Declaration of Human Rights, Article 17
- လူမှုရေးနှင့်နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ ၂၆ နှင့် ၂၇။ (ICCPR), Articles 26 and 27
- လူမျိုးရေးအရ ခွဲခြားဖိနှိပ်မှုမျိုးစုံ အဆုံးသတ်စေရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ–၅။ Convention on the Elimination of All Forms of Racial Discrimination, Article 5
- အမျိုးသမီးများအပေါ် နည်းပေါင်းစုံနှင့် ခွဲခြားဖိနှိပ်ဆက်ဆံခြင်း အဆုံးသတ်စေရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (CEDAW), Article 16
- ဒုက္ခသည်များ အဆင့်အတန်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ ၁၃ နှင့် ၁၄။ Convention Relating to the Status of Refugees, Articles 13 and 14
- နိုင်ငံမဲ့ပြည်သူများနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ ၁၃။ Convention Relating to the Status of Stateless Persons, Article 13
- ရွှေ့ပြောင်း အလုပ်သမားများအားလုံးနှင့် သူတို့၏ မိသားစုဝင်များကို ကာကွယ်မှုပေးခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ ၁၅။ Convention on the Protection of the Rights of All Migrant Workers and Members of their Families, Article 15

ဒေသဆိုင်ရာသဘောတူညီချက်များကလည်း ပုဂ္ဂလိကပိုင်ဆိုင်မှု ထိပါးနှောင့်ယှက်ခြင်းကို တားမြစ်ကြောင်းဖော်ပြထားကြပါသည်။ ဥပမာ– အမေရိကတိုက်တွင်၊ လူ့အခွင့်အရေးဆိုင်ရာ အမေရိကတိုက်နိုင်ငံများ သဘောတူညီချက် the American Convention on Human Right/ ပုဒ်မ (၂၁)၊ လူသားတို့၏ အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အမေရိ ကန်သဘောတူညီချက် American Declaration on the Rights and Duties of Man / ပုဒ်မ–၂၃၊ ဥရောပနိုင်ငံများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်ပေးမှုဆိုင်ရာ သဘောတူညီချက် the European Convention for Protection of Human Rights and Fundamental Freedoms (Article 1) ၊ ပုဒ်မ–၁၊ အာဖရိကနိုင်ငံများ၏ လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာတန်း၊ the African Charteron Human Rights and Peoples' Rights ၊ ပုဒ်မ–၁၃ နှင့် ၁၄ တို့ ဖြစ်သည်။ အာဆီယံအဖွဲ့တွင် အလားတူ သဘောတူညီချက်ရှိသော်လည်း လက်မှတ်မရေးထိုး ရသေးပါ။

ဥပဒေအရ စည်းနှောင်မှုမရှိသော်လည်း ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ကို ထိပါးနှောင့်ယှက်မှုမှ တားမြစ်ထားသည့် အပြည်ပြည်ဆိုင်ရာ အထောက်အထား၊ မှတ်တမ်းများရှိပါသည်။ ၎င်းတို့မှာ–အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံရေး ဖျက်သိမ်းပစ်ရေး ကြေညာချက် Declaration on the Elimination of Discrimination against Women ၊ ပုဒ်မ (၆)၊ လူမှုရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကြေညာစာတမ်း Declaration on Social Progress and Development ပုဒ်မ (၆)၊ မသန်မစွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း Declaration on the Rights of Disabled Persons ပုဒ်မ (၁၃)၊ နိုင်ငံတခု၏ နိုင်ငံသားမဟုတ်ဘဲ နေထိုင်နေသူများ၏ လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း Declaration on the Human Rights of Individuals Who are not Nationals of the Country in which they Live ပုဒ်မ (၅)၊ နှင့် ကမ္ဘာ့အသိညာဏ်ဆိုင်ရာ ပိုင်ဆိုင်ခွင့်အဖွဲ့အစည်း တည်ထောင်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် Convention Establishing World Intellectual Property Organization နှင့် လူထဦးချင်း၏ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ကာကွယ်မှုပေးခြင်းဆိုင်ရာ ပဲရစ်အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် Paris Convention for the Protection of Industrial Property တို့ ဖြစ်ပါသည်။

ဤမှတ်တမ်းများကို အင်တာနက်စာမျက်နှာတွင် ကြည့်ရှုရယူနိုင်ပါသည်။ see http://www2.ohchr.org/english/law/ (last visited 27 July 2008).

ပုဂ္ဂလိက ပိုင်ဆိုင်မှု အခွင့်အရေးနှင့် ဤအခွင့်အရေးကို ကာကွယ်ပေးရေးကိစ္စများကို ပင်မအပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များတွင် သေချာအဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိ ပါ။ သို့သော်လည်း ယခုဖော်ပြပါ ပိုင်ဆိုင်မှုအခွင့်အရေးကို အဆိုပါသဘောတူညီချက်များက အခြားရှုထောင့် အသီးသီးမှ ဆန်းစစ်ဖော်ပြထားကြပါသည်။ ဥပမာ– ခွဲခြားဆက်ဆံမှုမရှိစေရေးနှင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဖြစ်ပါသည်။ ဒေသဆိုင်ရာ သဘောတူညီချက်များဖြစ်ကြသည့် အမေရိကနိုင်ငံများ လူ့အခွင့်အရေးဆိုင်ရာ အပြည် ပြည်ဆိုင်ရာ သဘောတူညီချက် American Convention on Human Rights နှင့် ဥရောပနိုင်ငံများ၏ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို ကာကွယ်မှုပေးခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ Protocol to the European Convention for the Protection of Human Rights and Fundamental Freedoms တွင် ပုဂ္ဂလိကပိုင်ဆိုင်မှု ကာကွယ်ပေးရေးနှင့် ပတ်သက်၍ ပို၍အားကောင်းသော ဥပဒေကြောင်းဆိုင်ရာဖော်ပြချက်များရှိပါသည်။ ယင်းအတွက်ကြောင့် ယခုလက် စွဲစာအုပ်တွင် ဤဒေသဆိုင်ရာ သဘောတူညီချက်များမှ ဖော်ပြသောအချက်များကို ဒိုတည်ပြုစုထားပါသည်။ ၄င်းအပြင် အမေရိကနိုင်ငံများအကြား လူ့အခွင့်အရေးခုံရုံးများနှင့် ဥရောပ လူ့အခွင့်အရေးခုံရုံးများမှ မှုခင်းအလိုက် ဖြတ်ထုံးဥပဒေများကို ကိုးကားဖော်ပြထားပါသည်။

ndburma2.indd 166 26-Dec-09 13:05:25

၁။ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ထိပါး နှောင့်ယှက်ခြင်း

၂။ တရားမဝင်ပြုမူ

၃။ အစိုးရ၏ ဆောင်ရွက်ချက်တို့ ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေ – ပုဂ္ဂလိကပိုင်ဆိုင်ခွင့်

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း ပုဒ်မ (၁၇)သည် ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို အတိအလင်း အသိအမှတ်ပြုထားသည့် တခုတည်းသော အပြည်ပြည်ဆိုင်ရာပင်မ သဘောတူညီချက်ဖြစ်ပါသည်။ အခြားသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များဖြစ်သည့် လူမျိုးရေးဆိုင်ရာခွဲခြားဖိနှိပ်မှု ပုံစံအားလုံးအဆုံး သတ်စေရေးနိုင်ငံတကာသဘောတူညီချက် Convention on the Elimination of All Forms of Racial Discrimination၊ နှင့် အမျိုးသမီးများကို နည်းပေါင်းစုံနှင့် ခွဲခြားဖိနှိပ်ဆက်ဆံနေခြင်း အဆုံးသတ်စေရေး နိုင်ငံတကာ သဘောတူညီချက် Convention on the Elimination of All Forms of Discrimination against Women စသဖြင့်တို့သည် သက်ဆိုင်ရာရှုထောင့်အသီးသီးမှ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ဆန်းစစ်ထားကြပါသည်။ ဥပမာဖော်ပြရသော်– ခွဲခြားဆက်ဆံမှု မရှိခြင်းပင် ဖြစ်ပါသည်။ ဒေသဆိုင်ရာ သဘောတူညီချက်များဖြစ်သည့် အမေရိကတိုက် နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက် American Convention on Human Rights၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ် ပေးရေးဆိုင်ရာ ဥရောပနိုင်ငံများ သဘောတူညီချက် Protocol to the European Convention for the Protection of Human Rights and Fundamental Freedoms တို့တွင် ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ပိုမိုရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဖော်ပြထားကြပါသည်။

(ခ) မည်သည့်အချက်များသည် ထိပါး၊ နှောင့်ယှက်မှု မြောက်သနည်း။

အစိုးရ၏ မည်သည့်ဌာန၊ အဖွဲ့အစည်းကမဆို ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ထိပါးနှောင့်ယှက်သည့် မည်သည့်လုပ်ဆောင်မှုမျိုး မဆိုပြုလာပါက အပြည်ပြည်ဆိုင်ရာ ဥပဒေချိုးဖောက်ကြောင်း မှတ်တမ်းရယူရန်အတွက် ထိပါးချိုးဖောက်ကြောင်းမြောက်ပါသည်။ ထိပါးနှောင့်ယှက်သည့် အခြေအနေ၊ အတိုင်းအတာသည် အရေးမကြီးပါ။ ပိုင်ဆိုင်မှုကို အသုံးချရာ၌၊ ပျော်ရွှင်မှုခံစားရာ၌ အနည်းငယ်မျှ အနှောင့်ယှက်ဖြစ်ရလျှင်ဖြစ်စေ၊ သို့မဟုတ် လုံးဝနစ်နာဆုံးရှုံးရလျှင်ဖြစ်စေ ချိုးဖောက်မှု အတူတူပင်ဖြစ်ပါသည်။ မည်သို့ ထိပါးနှောင့်ယှက်သည်ဆိုသည့် ပုံသဏ္ဌာန်ကလည်းအရေးမကြီးလှပါ။ ဤသို့ ချိုးဖောက်ပုံများတွင် ကန့်သတ်တားမြစ်သည့် ဥပဒေများ၊ အမိန့်များ၊ ဒီဂရီများ၊ တရားရုံးဆုံးဖြတ်ချက်များ၊ ရုပ်ပိုင်းဆိုင်ရာ လက်တွေ့ပြုမူဆောင်ရွက်မှုများပါဝင်ပါသည်။ [၂]

(ဂ) ပုဂ္ဂလိက ပိုင်ဆိုင်မှု အခွင့်အရေးတွင် မည်သည့်အခွင့်အရေးများ ပါဝင်နေကြသနည်း။

ပုဂ္ဂလိကပိုင်ဆိုင်မှု အခွင့်အရေးတွင် အခွင့်အရေးမျိုးစုံ ပါဝင်နေပါသည်။ ဤအခွင့်အရေးများတွင် ပိုင်ဆိုင်မှုကို ထိန်းချုပ်ခွင့်၊ အသုံးချခွင့်၊ စီမံခန့်ခွဲခွင့်၊ ခံစားခွင့်၊ အကျိုးအမြတ်ထုတ်ယူခွင့်၊ လွှဲပြောင်းခွင့်၊ သို့မဟုတ် ရောင်းချခွင့်၊ သို့မဟုတ် စွန့်ပစ်ခွင့်၊ သို့မဟုတ် အခြားပိုင်ဆိုင်မှုများမှ သီးခြားခွဲခြားထားခွင့် အခွင့်အရေးများပါဝင်ပြီး၊ ဤမျှနှင့် ကန့်သတ်ထားချက်မရှိပါ။ [၃] ထို့အပြင် ပုဂ္ဂလိကပိုင်ဆိုင်မှု အခွင့်အရေးနှင့်ပတ်သက်၍ တညီတညွတ်တည်း အဓိပ္ပါယ်ဖွင့်ဆိုချက်လည်းမရှိပါ။ ပုဂ္ဂလိက ပိုင်ဆိုင်မှုတွင် ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော အရာဝတ္ထုအားလုံးပါဝင်ပါသည်။ ထိတွေ့နိုင်သော၊ မထိတွေ့နိုင်သော အရာအားလုံးပါဝင်သည်။ ဤပစ္စည်းများအပေါ်မှ တန်ဖိုးထုတ်ယူ၍လည်းရသည်။[၄] ဥပမာ ဖော်ပြရလျှင်– လူတဦး၏ ကိုယ်ခန္ဓာ၊ လူတဦး၏ ပုဂ္ဂလိက ပိုင်ဆိုင်မှု၊ မြေ၏ယဉ်ကျေးမှုဆိုင်ရာပိုင်ဆိုင်မှု၊ အသိဉာဏ်ဆိုင်ရာ ပိုင်ဆိုင်မှုတို့ကို ပိုင်ဆိုင်မှုအဖြစ် မှတ်ယူပါသည်။[၅]

၂။ Icelandic Human Rights Center, "Interference Leading to Limitation in the Enjoyment of Property," http://www.humanrights.is/the-human-rights-rpoject/humanrightscasesandmaterials/comparativeanalysis/therighttoproperty/leading/ (last visited 4 November 2008).

၃။ ပိုင်ဆိုင်မှုတခုကို ရယူပိုင်ခွင့်ကိုမူ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့် အခွင့်အရေးအောက်၌ ထည့်သွင်းထားမှု မရှိပါ။ သို့အတွက်ကြောင့် လူတဦးတွင် ပထမ ဦးဆုံး ဥပဒေကြောင်းအရ ပိုင်ဆိုင်မှုတခုခု ရှိနေရမည်ဖြစ်ပြီး၊ ဤပိုင်ဆိုင်မှုအပေါ် အခြေတည်၍ အခြား အခွင့်အရေးများ ပူးတွဲဖြစ်ပေါ်လာခြင်း ဖြစ်သည်။

၄ See, The Case of the Mayagna (Sumo) Awas Tingini Community v. Nicaragua, Judgement, Inter-American Court, Series C, no. 79, 31 August 2001, para. 144. See also, General Recommendation No. 21, Committee on the Elimination of Discrimination against Women.

၅ Francis Cheval, Property Rights as Human Rights, Swiss Human Rights Book, Vol. 1, 2001. Monica Carss-Fisk, Right to Property: A Guide to the Implementation of Article 1 of Protocol No. 1 to the European Convention on Human Rights, Human Rights Handbook, No. 4, 2001. International Convention on Civil and Political Right (Art. 27).

ndburma2.indd 167 26-Dec-09 13:05:25

(ဃ) ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို မည်သည့်အခြေအနေတွင် တရားဝင် ကြားဝင်စွက်ဖက်ခွင့် ရှိသနည်း။

ပုဂ္ဂလိကပိုင်ဆိုင်ခွင့် ဆိုသည်မှာ အကြွင်းမဲ့ အခွင့်အရေး မဟုတ်ပါ။ နိုင်ငံတော် အစိုးရက လူတဦး၏ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ကန့်သတ်မှု ပြုကောင်းပြုနိုင်ပါသည်။ ဥပမာအားဖြင့်– အခြေအနေတခုတွင် အစိုးရက လူတဦး၏ ပိုင်ဆိုင်မှုကို ဆုံးရှုံးစေခြင်း၊ သိမ်းပိုက်လိုက်ခြင်း၊ သို့မဟုတ် ၎င်းပုဂ္ဂိုလ်၏ အသုံးချခွင့်ကို ကန့်သတ်ခြင်း ပြုကောင်း ပြုနိုင်သည်။ သို့သော်လည်း ဤသို့ ကန့်သတ်ခြင်းကို အချို့ကန့်သတ်ထားသည့် အခြေအနေအောက်၌သာ ဆောင်ရွက်ရန် အကျုံးဝင်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်တွင်မူ ပုဂ္ဂလိကပိုင်ဆိုင်ခွင့် ချိုးဖောက်ခြင်းသည် အောက်ဖော်ပြပါ အဂိါရပ် (၃) ခု ပြည့်စုံမှသာ အကျုံးဝင်မှုရှိပါသည်။[၆]

၁။ ဥပဒေအရ ပြဋ္ဌာန်းခြင်း။

၂။ လူအများ အကျိုးစီးပွားအတွက် ဖြစ်ခြင်း။[၇]

၃။ လူအများ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးမှုနှင့် လျော်ညီစွာ ကန့်သတ်မှု ဖြစ်ခြင်း။[၈]

ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို မည်သို့သော ကန့်သတ်မှုမျိုးမဆို အထက်ဖော်ပြပါ အဂိါရပ် ၃– ချက်နှင့် စစ်ဆေးလျှင် တရားဝင်ဖြစ်နေစေရပါမည်။ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ကန့်သတ်ရာ၌ အထက်ဖော်ပြပါ ၃– ချက်နှင့် စစ်ဆေး၍ ကွဲလွဲမှု ရှိနေလျှင်မူ၊ တရားမဝင်နိုင်တော့ပါ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေကို ချိုးဖောက်ထားဖွယ် ရှိနေနိုင်သည်ဟု သတ်မှတ်နိုင်ပါသည်။[၉]

(င)အစိုးရ၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေ အရဆိုလျှင် အတင်းအဓမ္မ လက်ထပ်စေမှု မြောက်စေရန်အတွက် အစိုးရတရပ်ကလုပ်ဆောင်ချက် မျိုးဖြစ်ရန် လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာ အခြေစိုက်ထားပြီး၊ နိုင်ငံတကာ အသိအမှတ်ပြု ပိုင်နက်နယ်မြေရှိ လူများ၊ အရင်းအမြစ်များကိုချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသော အမျိုးသား(နိုင်ငံတော်အဆင့်)အဖွဲ့အစည်း"[၁၀] ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ အစိုးရ၏ လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ အစိုးရအရာရှိ တဦး ဦးက အတင်းအဓမ္မ လက်ထပ်ထိမ်းမြားစေမှုတခုကို ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကိုဆောင်ရွက်ခြင်းဖြစ်သည်။[၁၁] အစိုးရလုပ်ဆောင်ချက်တွင် တရားဝင်အသိအမှတ်ပြုမှုဖြင့်သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့မဟုတ်) ချိုးဖောက်မှုကို တားဆီးရန် သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့်ပတ်သက်၍ လုံလောက်စွာ အရေးယူရန်သော်လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်းပါဝင်ပါသည်။[၁၂] သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့် ချိုးဖောက်မှုတို့ ကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေး အရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။[၁၃]

၆၊ UN International Covenant of Civil and Political Rights, Article 19, 1966

၇၊ အများပြည်သူ အကျိုးစီးပွားဆိုသည်မှာ ကျယ်ပြန့်ပြောသည့် အယူအဆတခုဖြစ်ပြီး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာကဏ္ဍပေါင်းစုံကို ထည့်သွင်း စဉ်းစားမှုရှိပါသည်။ ပုဂ္ဂလိကပိုင်ဆိုင်မှု အခွင့်အရေး ကိစ္စနှင့် ပတ်သက်လျှင်မူ နိုင်ငံတော် (အစိုးရ) သည် အများပြည်သူ အကျိုးစီးပွား အတွက် လူတဦးချင်း၏ ပုဂ္ဂလိကပိုင်ဆိုင်မှုကို ထိပါးစွက်ဖက်ရန် ကျယ်ကျယ်ပြန့်ပြန့် လုပ်ပိုင်ခွင့်ရှိသည်ဟု ယူဆထားကြပါသည်။

၈၊ ကန့်သတ်မှုများသည် လျော်ကန်ညီညွတ်မှု ရှိစေရန်အတွက် ရပ်ရွာ၏အကျိုးစီးပွားနှင့် လူတဦးချင်း၏ ပုဂ္ဂလိကပိုင်ဆိုင်မှုအကြား မျှမျှတတရှိရပါလိမ့်မည်။ ကန့်သတ်မှုများသည် လူတဦးချင်းစီ၏ ပုဂ္ဂလိက ပိုင်ဆိုင်မှုကို အလွန်အကျူးထိပါးမှုရှိစေပါက တဦးချင်းပုဂ္ဂလိက ပိုင်ဆိုင်မှုရှိသူသည် "တဦးထဲနှင့် အလွန်အကျူး ဝန်ထုပ်ဝန်ပိုး" ကို ထမ်းရသည်ဟု မြင်ကြပြီး၊ ကန့်သတ်မှုသည် လျော်ကန်ညီညွတ်မှုရှိသည်ဟုမဆိုနိုင်ပါ။ Sporrong and Lonnroth v. Sweden, European Court of Human Rights, A52, 1982, para. 73.

၉၊ Monica Carss-Fisk, Right to Property: A Guide to the Implementation of Article 1 of Protocol No. 1 to the European Convention on Human Rights, Human Rights Handbook, No. 4, 2001.
Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East-West Center Washington, 2007, p. vix, ဤကိစ္စကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (state) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်။

၁၀၊ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေ စည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံ သတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များ ဖြစ်သည်။

၁၁၊ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏လုပ်ရပ်ကို သက်သေပြရန် မလိုအပ်ပါ။ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

၁၃၊

ndburma2.indd 168 26-Dec-09 13:05:25

ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏ အစိတ်အပိုင်း တခုမဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာကျင့်သုံးမှု ပြုနေသည်မျိုး ရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေး အင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ ပြုမူနေသည့် အခြားအင်အားစုများပါဝင်သည်။ ဤသို့ အစိုးရမဟုတ်သော အခြား အင်အားစုများ (Non State Actors - NSA) သည် ပြည်တွင်း ဥပဒေအရ သူတို့လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံရမည်ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရ မဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA)သည် နိုင်ငံတကာဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော်အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေပြရန်မလိုအပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝ မှတ်တမ်းတင်ထားခြင်း ဖြစ်ရန်အတွက်၊ အစိုးရက ကျူးလွန်သည် ဖြစ်စေ၊ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန် လိုအပ်သည်။

(၃) အရေးကြီးသောမေးခွန်းများ မေးမြန်းခြင်း

မေးခွန်းများမေးခြင်းနှင့်တွေ့ဆုံမေးမြန်းခြင်းတို့သည်လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်းသတင်းအချက်အလက်များ စုဆောင်းရာ၌ အလွန်အရေးကြီးပါသည်။ တွေ့ဆုံမေးမြန်းမှုတရပ်၏ အသုံးဝင်မှုသည် အချက်အလက် ရှာဖွေစုဆောင်းသူ၏ ထိရောက်ပြီး၊ လုံလောက်သော မေးခွန်းများမေးမြန်းနိုင်သည့် အတွေ့အကြုံနှင့် စွမ်းရည်ပေါ်မှာ အဓိကအားဖြင့် မူတည်ပါလိမ့်မည်။ အချက်အလက် ရှာဖွေစုဆောင်းသူအဖို့ ချိုးဖောက်မှု၏ အရေးကြီးသော အင်္ဂါရပ်များကို သိရှိနားလည်ခြင်းအားဖြင့်၊ နိုင်ငံတကာဥပဒေချိုးဖောက်ကြောင်း သတ်မှတ်ရေးအတွက် အရေကြီးမေးခွန်းများပြုစုရာ၌ အထောက်အကူ ဖြစ်စေပါသည်။ ချိုးဖောက်မှုအင်္ဂါရပ်များမှနေ၍ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရရှိရေးတွင် အသုံးဝင်သော မူဘောင်၊ စည်းကမ်းသတ်မှတ်ချက်တခုခု ရရှိနိုင်ပါသည်။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ဆောင်ရန်

- လုံခြုံရေးနှင့် လျှို့ဝှက်ရေးအတွက် အထူးကြပ်မတ် ဂရုစိုက်ရန်။
- နောက်ခံအကြောင်းဖြင့် အစချီပြီးလျှင်၊ ပို၍ အရေးကြီးသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆောင်ရွက်ပါ။
- ဂရုတစိုက်နားထောင်ပါ။ ပြောစရာရှိသည်ကို မျက်မြင်သက်သေအား ပြောခွင့်ပေးပါ။
- လှုပ်ရှားစိတ်ဖြင့် တုံ့ပြန်မှုများကို သိရှိအောင် ဂရုပြုပါ။
- ရှေ့နောက်မညီညွတ်မှုများကို သိရှိအောင် ဂရုပြုပါ။
- စိတ်ရှည် သည်းခံပါ။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ရှောင်ရန်

- မှတ်ချက်ချခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်း မပြုပါနှင့်။
- နိမိတ်ပြမေးခွန်းများ မေးခြင်းကို ရှောင်ကျဉ်ပါ။

ndburma2.indd 169 26-Dec-09 13:05:25

– အခြားသက်သေများကို ဖေါ်ပြခြင်း မပြုပါနှင့်။

– မိမိ မလုပ်ပေးနိုင်သော ကတိများကို မပေးပါနှင့်။

– အပေါ်စီးဟန် သို့မဟုတ် စစ်ကြောရေးလုပ်နေသော ဟန်ဖြင့် မေးခွန်းမေးခြင်းများကို ရှောင်ကျဉ်ပါ။

သတင်းနှင့်ပတ်သက်၍ မိမိ၏သြဇာ မလွှမ်းမိုးမိအောင် ရှောင်ကျဉ်ပါ။

၁။ ထိပါးနှောင့်ယှက်ခြင်း ဖြစ်ကြောင်း ထင်ရှားအောင် ပြသခြင်း

–မည်သူ့ လွတ်လပ်ခွင့်ကို ထိပါးနှောင့်ယှက်ခံရသနည်း။

–မည်သို့ ဖြစ်သနည်း။

–မည်သည့်အချိန်က ထိပါးနှောင့်ယှက်မှု ဖြစ်သနည်း။

–မည်သည့်နေရာတွင် ထိပါးနှောင့်ယှက်မှု ဖြစ်သနည်း။

–မည်သို့မည်ပုံ လွတ်လပ်မှုကို ထိပါးနှောင့်ယှက်မှု ခံရသနည်း။

–ဤသို့ဖြစ်ပျက်သည်ကို သင်မည်ကဲ့သို့ သိရှိသနည်း။

၂။ ပုဂ္ဂလိက ပိုင်ဆိုင်မှု ဖြစ်ကြောင်း ထင်ရှားစေခြင်း။

– ၎င်းသည် မည်သူ့ ပိုင်ဆိုင်မှု ဖြစ်သနည်း။

– မည်သည့် ပိုင်ဆိုင်မှုမျိုး ဖြစ်သနည်း။

– ဤပိုင်ဆိုင်မှုကို မည်သည့်အချိန်က ရရှိခဲ့သနည်း။

– ဤပိုင်ဆိုင်မှု မည်သည့်နေရာ၌ ရှိနေသနည်း။ ယခုအခါ မည်သည့်နေရာတွင် ရှိနေသနည်း။

– ဤပိုင်ဆိုင်မှုသည် မည်မျှ တန်ဖိုးရှိသနည်း။

– ဤသတင်းအချက်အလက်ကို သင်မည်သို့ သိရှိသနည်း။

၃။ ထိပါး နှောင့်ယှက်မှုသည် တရားမဝင်ဖြစ်ကြောင်း ထင်ရှားစေခြင်း

– မည်သူ၏ သြဇာ အမိန့်ပေးမှုအောက်တွင် ယခု ထိပါးနှောက်ယှက်မှုကို ဆောင်ရွက်စည်းကြပ်သနည်း။

– ဤ ထိပါးနှောင့်ယှက်မှုကို ဥပဒေဖြင့် ပြဋ္ဌာန်းပါသလား။ မည်သည့် ဥပဒေဖြစ်သနည်း။

– ဤကန့်သတ်ချက်ကို မည်သည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သနည်း။

– ဤကန့်သတ်ချက်သည် လျော်ကန်ပါသလော။

– ဤသတင်းအချက်အလက်ကို သင်မည်သို့ သိရှိသနည်း။

ndburma2.indd 170 26-Dec-09 13:05:25

၄။ အစိုးရ၏ လုပ်ဆောင်ချက်ဖြစ်ကြောင်း ထင်ရှားစေခြင်း။

- ဤထိပါးမှု ဖြစ်ရပ်ကို မည်သူက ကျူးလွန်သနည်း။ မည်သူက အမိန့်ပေးခဲ့သနည်း။ ဤဖြစ်ရပ်ကို မည်သူတို့ သိသနည်း။ ဤဖြစ်ရပ်တွင် မည်သူတို့က ကူညီ ဆောင်ရွက်ပေးသနည်း။
- ဤ ဖြစ်ရပ်နှင့် ပတ်သက်၍ သင်တိုင်ကြားခြင်းပြုပါသလား။ အဘယ်ကြောင့် တိုင်ကြားပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်း မပြုပါသနည်း။
- ဤဖြစ်ရပ် မဖြစ်ရအောင် အစိုးရက ကြိုတင်ကာကွယ်ပေးပါသလား။ သို့မဟုတ် ၎င်းနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ပေးပါသလား။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

(၅) မှတ်တမ်းပြုခြင်း

နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုအဖြစ် အဓိပ္ပါယ်သတ်မှတ်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ ရှာဖွေစုဆောင်းရာ၌ အချိန်နှင့် လုပ်ဆောင်ချက်တို့ လိုအပ်ပါသည်။ ချိုးဖောက်မှုတခု၏ အင်္ဂါရုပ်များသည် အစဉ်သဖြင့် အရန်သင့်ပေါ်လွင်ထင်ရှားနေသည် မဟုတ်ချေ။ အချက်အလက်ရှာဖွေ စုဆောင်းသူတဦးအနေနှင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သော သတင်းအချက်လက်များကို ထုတ်ယူနိုင်စွမ်း ရှိရမည်ဖြစ်သည့်အပြင်၊ စုဆောင်းရရှိထားသော သတင်းအချက်အလက်များမှ နေ၍ ချိုးဖောက်မှု၏ အရေးကြီးအင်္ဂါရုပ်များကိုလည်း နည်းလမ်းတကျ ဖေါ်ထုတ်နိုင်စွမ်း ရှိရမည်ဖြစ်ပါသည်။ ချိုးဖောက်မှု၏ အင်္ဂါရုပ်များကို ဖေါ်ထုတ်မှုပြုရန်အတွက် ဤအခန်းက မြန်မာနိုင်ငံ၏ အခြေအနေ အချိန်အခါမှာ ဖြစ်ပွားနေကျ ပုဂ္ဂလိကပိုင်ဆိုင်မှု အခွင့်အရေး ချိုးဖောက်မှုမျိုးအတွက် အထောက်အထားပါသော ဖြစ်ရပ်မှန်ပုံစံ တခုကို ဖေါ်ပြပေးပါမည်။

ဖြစ်ရပ်မှန်ပုံစံ ပေါ်အခြေခံလျက် ဤအခန်းက တွေ့ဆုံမေးမြန်းမှုနည်းနာနှင့် ပတ်သက်သော အကောင်းနှင့်အဆိုးသာဓကများကို ဖေါ်ပြထားပါသည်။ တွေ့ဆုံမေးမြန်းခြင်းနှင့်ပတ်သက်သော အချက်အလက်များအပြင်၊ ထိရောက်စွာအချက်အလက် ရှာဖွေရေးနှင့်ပတ်သက်သော အကြံပြုချက်များကို နောက်ထပ် သိရှိလိုပါက ဤစာစောင်ပါ "မြန်မာနိုင်ငံ လူ့အခွင့်အရေး ချိုးဖောက်မှုများ အကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကို ကြည့်ပါ။

(က) အခြေအနေ အချိန်အခါကို နားလည်ခြင်း။

လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ဖေါ်ထုတ်ရေးအတွက် အချက်အလက်ရှာဖွေရေးလုပ်ငန်းသို့မဟုတ် တွေ့ဆုံမေးမြန်းခြင်းများ မစတင်မီမှာ ချိုးဖောက်မှုများ ဖြစ်ပွားရာနေရာ၏ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာအခြေအနေ အချိန်အခါကို နားလည်ထားရန် အရေးကြီးပါသည်။ အခြေအနေ အချိန်အခါကို နားလည်ခြင်းအားဖြင့် အချက်အလက် ရှာဖွေ စုဆောင်းသူအဖို့ ထိရောက်သော မေးခွန်းများပြုစုရေးနှင့် လက်ရှိအခြေအနေကို ထိုးထွင်းသိမြင်ရေးတွင် အထောက်အကူရနိုင်ပါသည်။ အတွေ့အကြုံရှိသော အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ပင်လျှင် အချက်အလက်ရှာဖွေ စုဆောင်းမှုမပြုမီ၊ နောက်ခံသတင်းအချက်အလက်များကို စီစစ်ကြည့်ရေးတွင် အထောက်အကူ ရနိုင်ပါသည်။ အောက်မှာဖေါ်ပြထားသည်မှာ မြန်မာနိုင်ငံအတွင်း အတင်းအဓမ္မ လက်ထပ်စေခြင်းနှင့် ပတ်သက်၍ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ နောက်ခံအကြောင်းအချက် အချို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း ပုဂ္ဂလိကပိုင်ဆိုင်မှု အခွင့်အရေးချိုးဖောက်ခြင်းရာ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ နောက်ခံအကြောင်းအချက်များ

ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်သော စစ်အာဏာသိမ်းအစိုးရက တိုင်းပြည်ကို အုပ်ချုပ်ခဲ့သော (၁၉၆၂) ခုနှစ်ကစ၍ အဆက်ဆက်သော စစ်အစိုးရများက မြိမ်းခြောက်ခြင်းနှင့် အတိုင်းမသိရက်စက်ခြင်း နည်းဗျူဟာဖြင့် တိုင်းပြည်ကို

ndburma2.indd 171 26-Dec-09 13:05:25

အုပ်စိုးလာခဲ့ကြသည်။ အထူးသဖြင့် လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားနေသော နေရာများတွင် စစ်တပ်များတိုးချဲ့နေရာချထားမှုများ အထူးတိုးတက်ဆောင်ရွက်ခဲ့ပြီး၊ မြန်မာနိုင်ငံတွင် ဤအခြေအနေမှနေ၍ ပဂ္ဂလိကပိုင်ဆိုင်မှု အခွင့်အရေး ချိုးဖောက်ခံရခြင်းများလည်း ဆက်၍ ဖြစ်ပေါ်ခဲ့ပါသည်။ အဓမ္မ ပြောင်းရွှေ့နေရာချထားမှုများကြောင့် လူအများမှာ သူတို့၏မြေများ၊ ပဂ္ဂလိက ပိုင်ဆိုင်မှုများ ဆုံးရှုံးကြရပြီး အစိုးရ၏ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများနှင့် စိုက်ပျိုးရေးစီမံချက်များ အကောင်အထည်ဖော်ရန်၊ အဓမ္မငွေကြေး ကောက်ယူမှုများကြောင့်လည်း နစ်နာဆုံးရှုံးကြရပါသည်။[၁၄]

စစ်အစိုးရက အဓမ္မနေရာပြောင်းရွှေ့စေခြင်းကို အမြဲတစေဆိုသလို လုပ်ဆောင်တတ်ပြီး၊ လူထုများကို ဤနည်းဖြင့် ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလေ့ရှိပါသည်။ အထူးသဖြင့် တိုင်းရင်းသား လူမျိုးစုများနေထိုင်ရာ ဒေသများတွင် ဤသို့ အဓမ္မ ပြောင်းရွှေ့စေခြင်းကို ဆောင်ရွက်လေ့ရှိပါသည်။ လက်ရှိခန့်မှန်းချက်များအရ မြန်မာနိုင်ငံတွင် နေထိုင်သူ လူတသန်းကျော်မှာ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ၎င်းတို့၏ နေအိမ်များမှ စွန့်ခွာပြောင်းရွှေ့ခဲ့ကြရပါသည်။[၁၅] ဤသို့ အဓမ္မ ပြောင်းရွှေ့ကြရစဉ်ကာလတွင် ပြည်သူများသည် သူတို့၏ နေအိမ်များ၊ တိရိစ္ဆာန်များ၊ သီးနှံများ၊ ပဂ္ဂလိကပိုင်ပစ္စည်းဥစ္စာများအပါအဝင်၊ မြေနှင့်ပိုင်ဆိုင်မှုပစ္စည်းများ ဆုံးရှုံးကြရပါသည်။ များသောအားဖြင့် စစ်တပ်က သိမ်းယူခြင်း၊ ဖျက်ဆီးပစ်ခြင်းများလည်း ကြုံတွေ့ရတတ်ပါသည်။[၁၆]

မြန်မာပြည်သူများသည် (နအဖ) စစ်အစိုးရနှင့် အခြားသော အဖွဲ့များ၏ ငွေကြေးအခွန်အတုတ်များ ကျယ်ပြန့်စွာ ကောက်ခံနေမှုများကြောင့် သူတို့၏ ပိုင်ဆိုင်ခွင့် အခွင့်အရေးများ ဆုံးရှုံးနေကြရပါသည်။ မြန်မာနိုင်ငံတွင် ဤ သို့အတင်းအကျပ် ငွေကောက်ခံခြင်းကို မပေးမနေရဒဏ်ငွေများပေးဆောင်ရခြင်း၊ အခကြေးငွေများ၊ အလှူငွေ၊ လာဘ်ငွေ၊ အခွန်စသဖြင့် ပုံသဏ္ဌာန်မျိုးစုံနှင့် တွေ့နေရပါသည်။ ထိုမျှမက မြေ၊ အစားအသောက်နှင့် အခြားပစ္စည်းများကို တောင်းခံခြင်းလည်း ရှိပါသေးသည်။ ဤသို့တောင်းခံမှုများမှာ ကျေးလက်ဒေသများနှင့် တိုင်းရင်းသားဒေသ များတွင် သမရိုးကျပုံစံအဖြစ် မြင်တွေ့နေရပါသည်။ အချို့သောကိစ္စရပ်များတွင် ရွာသားများသည် အစိုးရ၏အကြောင်းပြချက်မျိုးစုံနှင့် မပေးမနေရကြေးများကို ပေးကြရပါသည်။ စစ်တပ်စခန်းများ တည်ဆောက်မှုအတွက်လည်းပေးဆောင်ကြရပါသည်။ (နအဖ) စစ်အစိုးရက ကမကထပြုသည့် ပွဲလမ်းသဘင်များ၊ ပေါ်တာကြေး၊ စစ်တပ်မှစစ်ပြေးများထွက်ပြေးသည့်အတွက် ပေးဆောင်ရသည့်ကြေးစသဖြင့် များစွာရှိနေပါသည်။[၁၇] အချို့သောကိစ္စများတွင် မည်သည့်အကြောင်းပြချက်မှမရှိဘဲ ကောက်ခံမှုများလည်းရှိသည်။ ဤသို့ အတင်းအကျပ်ကောက်ခံသည့် ငွေကြေးပမာဏသည် ရာဂဏန်းမှသည် ထောင်ချီ၍ရှိတတ်သည်။ ထို့အပြင် မြန်မာစစ်တပ်ကမကြာခဏဆိုသလို ကျေးရွာလူထုများထံမှ စားနပ်ရိက္ခာများ၊ ကျွဲနွား အိမ်မွေးတိရိစ္ဆာန်များ၊ တန်ဖိုးရှိပစ္စည်းဥစ္စာများကိုလည်း လျော်ကြေးမပေးဘဲ သိမ်းဆည်းတတ်ပါသည်။[၁၈]

ရေရှည်တည်တံ့နိုင်ခြင်းမရှိသော သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲမှုနှင့် အခြေခံအဆောက်အဦတည်ဆောက်ရေး စီမံချက်များကြောင့်လည်း လူထုများ၏ ပဂ္ဂလိက ပိုင်ဆိုင်ခွင့် ချိုးဖောက်ခံရခြင်းလည်း ကြုံတွေ့ရတတ်ပါသည်။ ရေနံနှင့် သဘာဝဓါတ်ငွေ့ ပိုက်လိုင်းတည်ဆောက်ရန်၊ သစ်ထုတ်ရန်၊ သတ္တုမိုင်းတူးဖော်ရန်၊ မြေပိုင်ခွင့်များချပေးရန်၊ ဆည်မြောင်း၊ လမ်းနှင့် အခြား အခြေခံ အဆောက်အဦများ တည်ဆောက်ရန် အတွက် ကျေးရွာလူထုများကို သူတို့၏ နေအိမ်များ၊ မြေများမှ အဓမ္မနှင်ထုတ်ခံကြရပါသည်။[၁၉] မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်း၊ မွန်ဒေသနှင့် ကရင်လူထုဒေသများကို ဖြတ်သန်းသွားသည့် ရတနာ–ရဲတံခွန် သဘာဝဓါတ်ငွေ့ ပိုက်လိုင်းများ ၁၉၉၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အတွင်း တည်ဆောက်မှုကြောင့် မွန်၊ ကရင်၊ ထားဝယ် လူထုများမှာ လျော်ကြေးငွေတစုံတရာမရရှိဘဲ အဓမ္မနှင်ထုတ်ခံခဲ့ကြရပါသည်။ ဤဓါတ်ငွေ့ပိုက်လိုင်းမှာ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ သဘာဝဓါတ်ငွေ့ တင်ပို့ရောင်းချရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံ အနောက်ပိုင်းတွင် ကမ်းလွန်မှ တူးဖော်ထုတ်လုပ်မည့် တည်ဆောက်နေဆဲဖြစ်သော ရှေ့ဓါတ်ငွေ့ပိုက်လိုင်းမှာလည်း ရခိုင်ပြည်နယ်ကိုဖြတ်၍ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်ကိုဖြတ်ကာ တရုတ်နိုင်ငံသို့

၁၄၊ Centre on Housing Rights and Evictions (COHRE), Displacement and Dispossession: Forced Migration and Land Rights – Burma, Country Report, November 2007, p. 56.

၁၅၊ Thailand Burmese Border Consortium, Internally Displaced People and Relocations Sites in Eastern Burma, September 2002, p. 3.

၁၆၊ US Campaign for Burma, "Learn about Burma," http://uscampaignforburma.org/learn-about-burma, (last visited 20 March 2008).

၁၇၊ Human Rights Documentation Unit, "Burma Human Rights Yearbook 2006," National Coalition Government of the Union of Burma, http://www.ncgub.net/BHRY/2006/livelihood.html#farmers, (last visited 3 September 2008).

၁၈၊ Ibid.

၁၉၊ EarthRights International, "Another Yadana: The Shwe Natural Gas Pipeline Project (Burma-Bangladesh-India)," 27 August 2004,

ndburma2.indd 172 26-Dec-09 13:05:26

ခါတ်ငွေ့များကို ပေးပို့လိမ့်ဦးမည် ဖြစ်ပါသည်။ ဤခါတ်ငွေ့ပိုက်လိုင်းကြောင့်လည်း အလားတူဆိုးကျိုးများ ကြုံတွေ့ခံစားကြရဖွယ် ရှိပါသည်။[၂၀] ရွှေနှင့် ကျောက်စိမ်းတွင်း တူးဖော်မှုများကြောင့် ကချင် ပြည်နယ်တွင် လူမှုအသိုင်းအဝိုင်း ရပ်ရွာတခုလုံးမှာ နေရပ်ရင်းများမှ ဖယ်ရှားပေးခဲ့ကြရပါသည်။[၂၁] မြန်မာနိုင်ငံ၏ သံလွင်မြစ်၊ ဇရာဝတီမြစ်နှင့် ချင်းတွင်းမြစ်များပေါ်တွင် တည်ဆောက်ရန်လျာထားသည့် ဆည်တည်ဆောက်ရေး ဇရာမစီမံကိန်းများကြောင့်လည်း မြစ်အကြေဒေသတွင် နေထိုင်သည့် လူသန်းတဝက်ခန့်မှာ ထိခိုက်နစ်နာ ခံစားကြရဖွယ်ရှိနေပါသည်။[၂၂] ကားလမ်းများ၊ ရထားလမ်းများ၊ တံတားများ၊ အခြား အခြေခံအဆောက်အဦများ တည်ဆောက်ရေး စီမံချက်များကြောင့်လည်း လူအများ အိုးအိမ်ရွှေ့ပြောင်းကြရခြင်းနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှု ပစ္စည်းဥစ္စာဆုံးရှုံးခြင်းများ ကြုံတွေ့ကြရပါသည်။[၂၃]

အချို့သော ကိစ္စရပ်များတွင် (နအဖ) စစ်အစိုးရက အမိန့်ပေးခိုင်းစေသော ကြက်ဆူပင် သို့မဟုတ် လက်ဖက်စိုက်ပျိုးရေး စီမံကိန်းများကြောင့် ကျေးရွာလူထုများမှာ သူတို့၏ မြေယာများ၊ တစိုတရာသော်လည်းကောင်းတခုလုံး သော်လည်းကောင်း ဆုံးရှုံးကြရပါသည်။[၂၄] ကျေးရွာလူထုများမှာ ဤစိုက်ပျိုးရေး စီမံကိန်းများအတွက် မျိုးစေ့များ၊ မြေဩဇာများကို ဈေးနှုန်းမြင့်မြင့်ပြီးဝယ်ယူရန် ခိုင်းစေခြင်း၊ (နအဖ) ဌာနဆိုင်ရာများထံမှ သာမန်ဈေးထက် တန်ဖိုးမြင့်မားစွာ သတ်မှတ်ထားသောနှုန်းဖြင့် ဝယ်ယူရခြင်းများလည်း ရှိပါသည်။[၂၅] ထုတ်လုပ်လိုက်သည့် သီးနှံများမှ ကျေးရွာလူထုများအနေနှင့် အကျိုးအမြတ်၊ အမြတ်ငွေမရရှိကြပါ။ (နအဖ) စစ်အစိုးရက နည်းမျိုးစုံဖြင့် ပြန်လည်သိမ်းဆည်းသွား တတ်ပါသည်။

(ခ) ဖြစ်တတ်သည့် ပုံစံများ

မြန်မာနိုင်ငံ၏ တည်ဆဲအခြေအနေတွင် ဖြစ်လေ့ရှိသော ပုဂ္ဂလိက ပိုင်ဆိုင်မှု အခွင့်အရေး ချိုးဖောက်ခံရခြင်းအမှုမျိုးအတွက် အချက်အလက်ပုံစံ တခုကို အောက်မှာ ဥပမာဖော်ပြ ပေးထားပါသည်။ ဤအချက်အလက်ပုံစံသည် ချိုးဖောက်မှုတရပ်၏ အဓိက အင်္ဂါရုပ်များကို ဖေါ်ထုတ်ပြရာ၌ အသုံးဝင်ဖွယ်ရှိပါသည်။ ပုဂ္ဂလိကပိုင်ဆိုင်မှု အခွင့်အရေး ချိုးဖောက်ခံရခြင်းတည်းဟူသော ချိုးဖောက်မှုတရပ်ကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် အညီသတ်မှတ်နိုင်ရေးအတွက် အောက်ပါအချက်များ ပါရှိရမည်ကို သတိရပါ။

၁။ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ထိပါး နှောင့်ယှက်ခြင်း

၂။ တရားမဝင်ပြုမူ

၃။ အစိုးရ၏ ဆောင်ရွက်ချက်တို့ ဖြစ်ပါသည်။

ဖြစ်ရပ်မှန်ပုံစံ– ပုဂ္ဂလိက ပိုင်ဆိုင်ခွင့် ချိုးဖောက်ခံရခြင်း။

လွန်ခဲ့သည့် ၄–လ ခန့်က မြန်မာစစ်တပ်များက လောရယ်နေထိုင်ရာ ကရင်နီပြည်နယ်အတွင်းရှိ ကျေးရွာသို့ ရောက်ရှိလာကြပါသည်။ တပ်ရင်းမှူးက ကျေးရွာအုပ်ချုပ်ရေးကောင်စီ လူကြီးများနှင့် အစည်းအဝေး ခေါ်ယူပါသည်။ ကျေးရွာလူကြီးတဦးဖြစ် သည်နှင့်အညီ လောရယ်က အစည်းအဝေးအတွက် လိုအပ်သည်များကို ပြင်ဆင်ရပါသည်။

၂၀၊ The Shwe Gas Movement, "Human Rights Abuses," 14 November 2006, http://www.shwe.org/issues/militarisation-and-human-rights-abuses, (last visited 20 March 2008).

၂၁၊ Internal Displacement Monitoring Centre, "Myanmar (Burma) - Kachin state: land confiscation leads to displacement," June 2005, http://www.internal-displacement.org/idmc/website/countries.nsf/(httpEnvelopes)/91A5A1C4FDE7CCFF802570B8005AABCD?OpenDocument, (last visited 3 September 2008).

၂၂၊ Salween Watch, "Burma's Salween Dams Threaten Over Half a Million Lives Downstream," 8 May 2007, http://www.salweenwatch.org/, (last visited 20 March 2008).

၂၃၊ Centre on Housing Rights and Evictions (COHRE), Displacement and Dispossession: Forced Migration and Land Rights – Burma, Country Report, November 2007, p. 91.

၂၄၊ Moo Ko Htee, "Mission Impossible: Surviving under the Burmese Regime," Burma Issues, April 2008, http://www.burmaissues.org/En/Newsletter/BINews2008-04-01.html, (last visited 3 September 2008).

၂၅၊ Human Rights Documentation Unit, "Burma Human Rights Yearbook 2006," National Coalition Government of the Union of Burma, http://www.ncgub.net/BHRY/2006/livelihood.html#farmers, (last visited 3 September 2008).

ndburma2.indd 173 26-Dec-09 13:05:26

တပ်ရင်းမှူးက လောရယ်ကို ဝက်များ၊ ကြက်များ၊ ကျေးရွာလူထုထံမှ ဆန်များကို ယခုအစည်းအဝေးအတွက် စုဆောင်းပြင်ဆင်ရန်အမိန့်ပေးပါသည်။ ကျေးရွာလူထုအများစုမှာ သူတို့၏ မိသားစုကိုပင် လောက်ငှအောင် ကျွေးမွေးရန်အခိုင်ခိုင်ဖြစ်နေကြသည်ကို လောရယ်က သိထားပါသည်။ မြန်မာစစ်တပ်၊ တပ်ရင်းမှူး၏ အမိန့်ကို ငြင်းပယ်ပါကဖြစ်လာမည့် ဖမ်းဆီးမှုနှင့် အခြားအကျိုးဆက်များကြောင့် သူကိုခိုင်းထားသည့်အတိုင်း လောရယ်ကဆောင်ရွက်ခဲ့ပါသည်။ ရွာသားများထံမှ လိုအပ်သည်များကို စုဆောင်းပေးခဲ့ပါသည်။ လောရယ်၏ အိမ်သည်ရွာ၏အလယ်တွင် တည်ရှိနေသောကြောင့် သူတို့ရွာသို့ လာလည်သည့်အချိန်တွင် လောရယ်၏အိမ်တွင် စစ်သား ၅–၃ ဦး စခန်း ချနေထိုင် လိမ့်မည်ဟုလည်း တပ်ရင်းမှူးကပြောပါသည်။ လောရယ်အဖို့ ငြင်းပယ်ရန်လည်းမတတ်နိုင်သည့် အားလျော်စွာ စစ်သားများကို လက်ခံထားရပါသည်။

ကျေးရွာကောင်စီ အစည်းအဝေးတွင် တပ်ရင်းမှူးက လောရယ်နှင့် ကျေးရွာကောင်စီမှ အခြားခေါင်းဆောင်များကို ယခုကျေးရွာတွင် စစ်တပ်စခန်းတခုချရန် စီစဉ်ထားကြောင်း၊ သို့အတွက်ကြောင့် မြေကေ ၄၀၀၀ ခန့်ကို သိမ်းယူမည်ဖြစ်ကြောင်း အသိပေးပါသည်။ ဤအမိန့်အရ ကျေးရွာကမြေများကို ပေးကြရမည်ဖြစ်သည်။ စစ်စခန်း ဆောက်လုပ်ရေးအတွက်လည်း ရွာသားများက သူတို့သတ်မှတ်ခွဲတမ်းတာဝန်ကျသည့် သစ်သား၊ အမိုးသက်ကယ်၊ အခြားဆောက်လုပ်ရေး ပစ္စည်းများပံ့ပိုးပေးကြရပါသည်။ ဤအမိန့်အတိုင်း လိုက်နာဆောင်ရွက်စေရေးအတွက်လည်း လောရယ်နှင့် အခြားရွာခေါင်းဆောင်များတွင် တာဝန်ရှိကြောင်း တပ်ရင်းမှူးက သတိပေးပြောကြားထားပါသည်။ အမိန့်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ မည်သူကိုမဆို ဖမ်းဆီးမည်၊ ထောင်ချမည်ဟု အရာရှိကပြောထားသည်။

နောက်အပတ်တွင် လောရယ်နှင့် အခြားကျေးရွာ လူကြီးများက ဤအမိန့်အကြောင်းကို အခြားကျေးရွာလူထုများကို အသိပေးပါသည်။ စစ်စခန်းအတွက် လျာထားသည့် မြေများတွင် စိုက်ပျိုးမြေ အများအပြားပါဝင်ပါသည်။ ဤမြေများကို အမှီပြု၍ ကျေးရွာသားများက သူတို့နေစဉ် ရှင်သန်ရန်နှင့် အသက်မွေးဝမ်းကြောင်း ကိစ္စအတွက် နေထိုင်ကြရပါသည်။ လောရယ်၏ မြေကွက်ကိုလည်း စစ်တပ်က သိမ်းဆည်းသည့်အထဲတွင် ပါဝင်သွားပါသည်။ စစ်တပ်က တောင်းဆိုသည့် ပစ္စည်းများပြည့်မီစေရန်အတွက် ရွာသားများက နေ့မအား–ညမနား လုပ်ပေးကြရပါသည်။ အချို့ရွာသားများကတောင်းသည့်ပစ္စည်းအတိုင်း ပေးနိုင်ရန် မိမိအိမ်ကိုပင်ဖျက်၍ ပေးဆောင်ကြရပါသည်။

ရွာသားများက စစ်တပ်အတွက် လိုအပ်သည့်ပစ္စည်းများကို မအားလောက်အောင် လုပ်ပေးကြရစဉ်၊ စစ်တပ်က ရွာကို မပြတ်ကင်းလှည့်နေပါသည်။ ကင်းလှည့်နေစဉ် ရွာသားများထံမှ အခြားပစ္စည်းများကိုလည်း စစ်သားများက တောင်းဆိုကြပါသည်။ ဆန်နှင့် ကြက်များကို တောင်းယူကြပြန်သည်။ တနေ့တွင် လောရယ်က သူ၏ အိမ်အနီးရှိဝက်တဲတွင် ဝက်များကိုအစာကျွေးနေစဉ်၊ စစ်သား ၃ ဦးက သူ့အနီးသို့ချဉ်းကပ်လာပါသည်။ တဦးက သူ့ကို "အဖိုးကြီး၊ ကျနော့် မိတ်ဆွေတွေ အစာငတ်နေကြတယ်။ ခင်ဗျားဝက်တွေကို စားချင်တယ်" ဟု ပြောပါသည်။ လောရယ်က ကန့်ကွက်ရန် မစဗီမှာပင်၊ စစ်သားတဦးက သေနတ်ထုတ်၍ ဝက်ကိုပစ်သတ်လိုက်ပါသည်။

စစ်သားများက ဝက်သေကို ဆွဲသွားနေကြစဉ်တွင်၊ လောရယ်က ဒေါသထွက်လာပြီး စစ်သားများကို အော်ဟစ်ပြောဆိုပါသည်။ စစ်သားတဦးက လောရယ်ကို ဂုပ်မှကိုင်ဆွဲ၍ပြောပါသည်။ "အဖိုးကြီး။ ခင်ဗျားနေရာမှာ ကောင်းကောင်းနေ၊ မဟုတ်ရင် ခင်ဗျားဘယ်မှာနေရမယ်ဆိုတာ ပြရလိမ့်မယ်"ဟု ပြောပါသည်။ စစ်သားများက လောရယ်ကို ရိုက်နှက်ကြပြီး၊ ဝက်တဲတွင်လောရယ်ကို ကြိုးနှင့်တုတ်၍ထားကြပါသည်။ "ဒီနေရာခင်ဗျားနေရာပဲ အဖိုးကြီး" ဟုပြောသည်။ ထို့နောက် ဆီပေနေသော အဝတ်စုတ်တခုကို မီးရှို့၍ ဝက်တဲအတွင်းသို့ ပစ်သွင်းလိုက်ပါသည်။ လောရယ် အသက်ရှင်လျှက်နှင့် ကံကောင်းထောက်မ၍ မီးမလောင်မီ၊ အိမ်နီးချင်းများက သူ့အော်သံကြား၍ မီးငြိမ်းသတ်ပေးကြပါသည်။ သူက ကျန်နေသေးသည့် ဝက်တကောင်နှင့်အတူ အသက်ရှင်ကျန်ရစ်သော်လည်း၊ သူ၏ ဝက်တဲမှာမူ မီးလောင်ကျွမ်းပျက်စီးသွားပါသည်။ စစ်တပ်နှင့် အခြားနောက်ထပ် ပြဿနာများတက်မည်ကို စိုးရိမ်လာသောကြောင့် လောရယ် ကထိုင်းနိုင်ငံသို့ ထွက်ပြေးလာခဲ့ပါသည်။ ယခုအခါ ဒုက္ခသည်စခန်းတခုတွင် နေထိုင်နေပါသည်။

(ဂ) တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာပုံစံ

တွေ့ဆုံမေးမြန်းခြင်းသည် အဓိကကျသော အချက်အလက်များကို ရှာဖွေစုဆောင်းနည်းပင်ဖြစ်သည်။ အဓိကအကြောင်းရင်းမှာ အဖြစ်အပျက်တခုနှင့် ပတ်သက်၍ လူတို့သည် သတင်းအချက်များကို အများဆုံးရရှိထားသူများဖြစ်သောကြောင့်ပင်

ndburma2.indd 174 26-Dec-09 13:05:26

ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခြင်းသည် အချက်အလက်ရှာဖွေစုဆောင်းသောလုပ်ငန်းအတွက် အခြေခံကျသည်ဖြစ်ရာ၊ တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အကောင်းဆုံး ရရှိထားခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘက်ပေါင်းစုံမှနေ၍ အသေးစိတ်ကျကျ ဖေါ်ထုတ်ရေးတွင် သော့ချက်တခုဖြစ်ပါသည်။ အထက်ဖေါ်ပြပါ ဖြစ်ရပ်မှန်ပုံစံကို အခြေခံထားသောတွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ (၂) ခုကို အောက်မှာဖေါ်ပြထားပါသည်။ ပထမတွေ့ဆုံမေးမြန်းခြင်းသည် အရည်အသွေး ညံ့ဖျင်းသောတွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပြီး၊ ဒုတိယ တွေ့ဆုံမေးမြန်းခြင်းသည် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပါသည်။ သာဓကတခုစီ၏ အောက်ခြေတွင် ပိုင်းခြားသုံးသပ်ချက်များကို ဖေါ်ပြထားပါသည်။

၁။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ညံ့)

မေး – ခင်ဗျား ပိုင်ဆိုင်တာတွေ ဆုံးရှုံးခဲ့ရတယ်ပေါ့။ ဟုတ်ပါသလား။

လောရယ် – ဟုတ်တယ်။ ထင်တာပါပဲ။ သူတို့က ကျနော့်လယ်ကို သိမ်းလိုက်ကြတယ်။ ကျနော့ ဝက်တဲကိုလည်း မီးရှို့လိုက်ကြတယ်။

မေး – စစ်တပ်က ခင်ဗျား ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို အခုလို ချိုးဖောက်မှုတွေ လုပ်လိုက်တာပေါ့။

လောရယ် – ဟုတ်ပါတယ်။

မေ – စစ်တပ်က ခင်ဗျား ပိုင်ဆိုင်မှုပစ္စည်းဥစ္စာတွေကို ထိပါး နှောက်ယှက်ရအောင် ဥပဒေကခွင့်ပြုထားပါသလား။

လောရယ် – ကျနော် မသိပါဘူး။ ကျနော်သိတာကတော့ စစ်တပ်က ဥပဒေပါပဲ။ သူတို့ လိုချင်တာအားလုံး၊ သူတို့ယူတာပဲ။ ကျနော်တို့ တားလို့လည်း မရပါဘူး။

မေး – အခုလို လူတွေရဲ့ပစ္စည်းဥစ္စာတွေ ယူတာဟာ လူအများ အကျိုးစီးပွားကိစ္စအတွက်လို့ ထင်သလား။

လောရယ် – ကျနော် သိသလောက်တော့ မဟုတ်ပါဘူး။ သူတို့က ကျနော့်မြေကို သိမ်းလိုက်ပြီး စစ်စခန်းဆောက်တယ်။ အဲဒီ စစ်စခန်းကနေပြီး တခုမှ ကောင်းတာ ဖြစ်မလာပါဘူး။

မေး – ခင်ဗျားရဲ့ ပုဂ္ဂလိက ပိုင်ဆိုင်မှုအခွင့်အရေးနဲ့ ပတ်သက်လို့ ထိပါးနှောင့်ယှက်သူ အစိုးရဆီက တယောက်ယောက်များ ရှိနိုင်ပါ သလား။

လောရယ် – အဲဒါ လုပ်တာက မြန်မာစစ်တပ် တပ်ရင်းတခုကပါ။

မေး – ခင်ဗျား အချိန်ပေးတာ ကျေးဇူးတင်ပါတယ်။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရခြင်းမှာ အကြောင်းအချက် များစွာ ရှိပါသည်။

ပထမအချက်– တိုလွန်းသည်။ ချိုးဖေါက်မှုတခုဖြစ်ကြောင်း ဖေါ်ပြရန်လိုအပ်သည့် အဂၤါရပ်များကို မှတ်တမ်းပြုနိုင်ရန်တည်းဟူသော တွေ့ဆုံမေးမြန်းခြင်း၏ရည်မှန်းချက် ပေါက်မြောက်ခြင်းမရှိချေ။ ဖြစ်ပွားပုံကို အသေးစိတ် ပေါ်လွင်စေရေးအတွက် မေးခွန်းများလုံလောက်ခြင်းမရှိ။ နောက်ဆက်တွဲမေးခွန်းများသည် ဖြစ်ရပ်တခုလုံးကို အပြည့်အဝဖေါ်ပြရေးတွင် အထူး အရေးကြီးပါသည်။

ဒုတိယအချက်– ဤမေးခွန်းများသည် အများအားဖြင့် နိမိတ်ပြမေးခွန်းများဖြစ်နေသည်။ ဆိုလိုသည်မှာ လောရယ်အနေနှင့် မည်သို့ ဖြေကြားသင့်ကြောင်း အရိပ်အကဲပြသည့်သဘောဖြစ်နေသည်။ သူက ''ဟုတ်ပါသည်'' သို့မဟုတ် ''မဟုတ်ပါ'' ဟု ဖြေ နေပါက အရေးကြီးသော အသေးစိတ်အချက်အလက်များကို ကျန်သွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူအနေနှင့်လည်း အရေးကြီးသော သတင်းအချက်အလက်များကို လက်လွတ်သွားလိမ့်မည်။ ထို့အပြင်၊ လောရယ်

ndburma2.indd 175 26-Dec-09 13:05:26

ဘက်ကလည်း သူ့ဟာသူ လွတ်လွတ် လပ်လပ် ပြောပြလိုသည့် သဘောနည်းသွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ ကြားလိုသော အဖြေများကို ပေးလိုသည့် သဘောပိုများ သွားနိုင်ပါသည်။

တတိယအချက်– ဤတွေ့ဆုံမေးမြန်းခြင်းသည် တွေ့ဆုံမေးမြန်းသူ မူလကတည်းက သံသယရှိနေသော ချိုးဖေါက်မှုကိုသာလျှင် အာရုံစိုက်ထားပြီး၊ အခြားချိုးဖေါက်မှုများအတွက် အထောက်အထားရနိုင်သော မေးခွန်းများကို မေးသွားခြင်းမျိုးမရှိချေ။ ဤသာဓက ဖြစ်ရပ်ကဲ့သို့သော ပုဂ္ဂလိက ပိုင်ဆိုင်မှု ချိုးဖောက်ခံရခြင်းများသည် အခြားသော လူ့အခွင့်အရေးချိုးဖေါက်မှုများဖြစ်ပွားနေသည့်ကြားမှာ ဖြစ်ပွားတတ်ပါသည်။ အသေးစိတ်ကျသော တွေ့ဆုံမေးမြန်းမှုတခုကို လုပ်ခြင်းအားဖြင့် နှိပ်စက်ညှဉ်းပမ်းမှု ကဲ့သို့သော အခြားရာဇဝတ်မှု ကျူးလွန်မှုများအတွက် အထောက်အထားများ ရနိုင်ဖွယ်ရှိပါသည်။

နောက်ဆုံးအချက်– လောရယ်၏ဖြစ်ရပ်ကို အတည်ပြုဖေါ်ပြပေးမည့် သတင်းအချက်အလက် တစုံတရာကို ဤတွေ့ဆုံမေးမြန်းခြင်းမှနေ၍ မရရှိချေ။ လောရယ်၏ ဖြစ်ရပ်ကို အတည်ပြုပေးမည့် မျက်မြင်သက်သေနှင့်အထောက်အထားများရနိုင်၊ မရနိုင်သူ့ကိုမေးကြည့်ခြင်းသည် ကောင်းမွန်သောမှတ်တမ်းပြုမှုတခု၏အရေးကြီးသောအစိတ်အပိုင်းဖြစ်သည်။

(၂) တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ကောင်း)

မေး – လောရယ်ခင်ဗျား။ ခင်ဗျား ဘာကြောင့် မြန်မာနိုင်ငံက ထွက်လာခဲ့ရတယ်ဆိုတာ ပြောပြနိုင်မလား။

လောရယ် – ကျနော်က ဝက်စာကျွေးနေတုန်း စစ်သား ၃–ယောက် ရောက်လာပြီး ကျနော့်ဝက်တကောင်ကို ပစ်သတ်ပါတယ်။ ကျနော့်မိသားစု အသက်ရှင်ဖို့ဆိုလို့ စားသောက်စရာ နည်းနည်းလေးရှိတာကို လာပစ်လို့ ကျနော်လည်းအင်မတန်ဒေါသထွက်ပါတယ်။အထူးသဖြင့်စစ်တပ်က ကျနော့်လယ်ကို သိမ်းသွားပြီးတဲ့နောက်ပိုင်းမှာ လုပ်ကိုင်စားသောက်ဖို့ မရှိတော့သလောက်ပါပဲ။ ကျနော်က စစ်သားတွေကို အော်ပြောပါတယ်။ သူတို့က ကျနော့်ကို ဖမ်းချုပ်ပြီး၊ ဝက်တဲမှာ ကြိုးနဲ့တုတ်ထား ပါတယ်။ အဲဒီနောက်တဲကို မီးနဲ့ တင်ရှို့လိုက်ကြပါတယ်။ အကယ်၍ အိမ်နီး ချင်းတွေသာ မကယ်ကြရင် ကျနော်တော့ သေလောက်ပါပြီ။

မေး – သူတို့က ဘာဖြစ်လို့ ခင်ဗျားဝက်ကို ပစ်သတ်တာလဲ။

လောရယ် – အကြောင်းကတော့ သူတို့လည်း ငတ်နေလို့ပါ။ သူတို့က အဲသလိုပဲ တချိန်လုံး လုပ်နေကြတာပါပဲ။ သူတို့ လိုချင်တာ အားလုံးယူပါတယ်။ စစ်သားတွေက ရွာရိုးကိုးပေါက် လှည့်နေပြီးတော့၊ ရွာသားတွေဆီက သူတို့လိုချင်တာကို တောင်းပါတယ်။ ဆန်၊ ကြက်၊ ဟင်းသီး ဟင်းရွက် အားလုံးတောင်းပါတယ်။ ကျနော်တို့ ရွာသားတွေလည်း ကြောက်ရတာနဲ့ သူတို့ တောင်းသမျှ ပေးရတာပါပဲ။

မေး – အခုလို သူတို့လုပ်နေတာက ရေးထားတဲ့ ဥပဒေ၊ အမိန့်တခုခု ရှိလို့ လုပ်နေတာလား။

လောရယ် – သူတို့က စာနဲ့ ရေးထားစရာ ဘာမှမလိုပါဘူး။ သူတို့ကိုယ်တိုင်က ဥပဒေလို ဖြစ်နေပါတယ်။

မေး – အဲဒီလို လုပ်နေတော့ ရွာသားတွေကို ဘယ်လို ဒုက္ခဖြစ်စေသလဲ။

လောရယ် – သူတို့ လုပ်နေတာနဲ့ ကျနော်တို့လည်း မသေရုံတမယ် စားသောက် နေထိုင်နေကြရပါတယ်။ မိသားစုကို ကျွေးဖို့ တောင် အစားအသောက် နည်းနည်းပဲ ရှိကြပါတယ်။ စစ်တပ်တွေက ကြက်သား၊ ဝက်သားတွေ ယူစားပစ်တော့ ကျနော့် မိသားစုက ထမင်းပဲစားဖို့ ကျန်ပါတယ်။

မေး – အဲသည် စစ်သားတွေက ဘယ်သူတွေလဲ။

လောရယ် – ကျနော် နာမည်တွေတော့ မသိပါဘူး။ ဒါပေမယ့် တပ်ရင်းတရင်းထဲကပါ။ ခမရ–၁၃၄ ကပါ။ သူတို့က ကျနော်တို့ ရွာမှာ စခန်းလာချပါတယ်။ အဲဒါကြောင့်ပဲ ကျနော်တို့ လယ်ကွင်းတွေကို သိမ်းလိုက်တာပါ။

ndburma2.indd 176 26-Dec-09 13:05:26

မေး – သူတို့က ခင်ဗျားတို့လယ်တွေကို ဘယ်လို သိမ်းလိုက်တာလဲ။

လောရယ် – တပ်ရင်းမှူးက အစည်းအဝေးခေါ်ပြီးတော့ပြောတယ်။ သူတို့ တပ်စခန်းဆောက်ဖို့ မြေကော ၄၀၀၀ လိုတယ်လို့ ပြောတယ်။ အကယ်၍ မလိုက်နာဘဲ မပေးဘဲနေရင် ဖမ်းခံရမယ်၊ ထောင်ချခံရမယ်လို့ ပြောပါတယ်။ အဲဒါနဲ့ ကျနော်တို့ မြေ တွေကို ပေးလိုက်ရတာပါပဲ။

မေး – ရေးထားတဲ့ အမိန့်တခုခုများ ရှိပါသလား။

လောရယ် – ရှိကောင်း ရှိပါလိမ့်မယ်။ ကျနော်တော့ မတွေ့ဖူးပါဘူး။ တပ်ရင်းမှူးက အစည်းအဝေးမှာ ကျနော်တို့ကို ပြောလိုက်တာပါပဲ။ သူတို့မှာက ရေးထားတဲ့ အမိန့်တို့ ဘာတို့ မလိုအပ်ပါဘူး။

မေး – အဲဒီ စစ်တပ်စခန်းက ဘာလုပ်ဖို့လဲ။

လောရယ် –အဲဒီစခန်းကတော့စစ်တပ်အကျိုးအတွက်သက်သက်ပါ။အခုကျနော်တို့ရွာမှာစစ်စခန်းတခုရှိနေခြင်းအားဖြင့်ကျနော်တို့ ဘာလုပ်လုပ် စစ်တပ်က စောင့်ကြည့်နိုင်ပါတယ်။ အတိုက်အခံ အုပ်စုတွေကို ကျနော်တို့က ကူညီလို့မရအောင် သူတို့က စောင့်ကြည့်နေနိုင်ပါတယ်။ အရင်တုန်းကတော့ ကျနော်တို့ နည်းနည်းလွတ်လပ်တယ်လို့ ဆိုနိုင်ပါတယ်။ အခုတော့ လွတ်လပ်မှု မရှိသလောက်ပါပဲ။

မေး – ခင်ဗျား လယ်မြေတွေ ဆုံးရတဲ့အတွက် ခင်ဗျားအနေနဲ့ ဘယ်လို ဖြစ်ရသလဲ။

လောရယ် – သဘောကတော့ မိသားစု ဝတ်ဖို့ကိန်းပါပဲ။ ကျနော်တို့အားလုံးက လယ်သမားတွေပါ။ လယ်ဆိုတာက ကျနော်တို့ သက်မွေးဝမ်းကြောင်းလုပ်ငန်းပါ။ ကျနော်တို့မှာ မြေမရှိရင်၊ ကျနော်တို့စားဖို့ သီးနှံတွေလည်း မထုတ်လုပ်နိုင်တော့ပါဘူး။ စစ်တပ်က ကျနော်တို့လယ်တွေကို သိမ်းသွားတဲ့အခါ အခုတော့ မိသားစုတွေ ဘယ်လိုဆက်ပြီး အသက်ရှင်ရမယ်တောင် မသိတော့ဘူး ဖြစ်နေပါတယ်။

မေး – အဲဒီ စစ်တပ် ခင်ဗျားတို့ရွာကို ရောက်လာချိန်ကစလို့ ခင်ဗျားတို့နဲ့ရော အခြားပြဿနာတွေ ရှိပါသလား။

လောရယ် – တပ်ရင်းမှူးက အမိန့်ထုတ်ပြီး စစ်တပ်စခန်းဆောက်ဖို့ ရွာသားတွေ အားလုံးက ဆောက်လုပ်ရေးပစ္စည်းတွေထောက်ပံ့ရမယ်လို့ ဆိုပါတယ်။ အဲဒီ ဆောက်လုပ်ရေးပစ္စည်းတွေပေးဖို့ တချို့သူတွေဆိုရင် အိမ်ဖျက်ပြီးတောင်ပေးကြရပါတယ်။ အဲဒီအမိန့်ကို တာဝန်မကျေမှာစိုးလို့ ကျနော်တို့နေ့မအား၊ ညမနားလုပ်ကြရပါတယ်။ ကျနော်တို့ သက်မွေးဝမ်း ကြောင်းကိစ္စတွေအတွက်တောင် အချိန်မရှိတော့ပါဘူး။

မေး – ခင်ဗျားတို့ အခြေအနေကို သိတဲ့လူတယောက်ယောက်နဲ့ ကျနော် စကားပြောလို့ ရနိုင်ပါမလား။ တခြားသူများ ရှိပါဦးမလား။

လောရယ် – သေချာတာပေါ့။ အခု ကျနော်တို့ရွာက လာတဲ့သူ အများကြီးရှိနေတယ်။ စစ်တပ်က ရောက်လာပြီကတည်းက ပြဿနာတက်ရတဲ့သူတွေချည်းပဲ။ ကျနော့် အိမ်နီးချင်းမိတ်ဆွေ တချို့ကိုမေးချင်ရင်၊ မနက်ဖြန်လာဖို့ ကျနော်စုထားပေးမယ်။

မေး – ဒါဆို သိပ်ကောင်းတာပေါ့။ နောက်ထပ် ခင်ဗျားဖြည့်ပြောချင်တာတွေ၊ ကျနော်မေးဖို့ ကျန်သွားတာတွေ ရှိပါသလား။ ခင်ဗျားကရော ကျနော့်ကို မေးဖို့ ရှိပါသလား။

လောရယ် – ခင်ဗျား အခုလို စိုးရိမ်ပြီးလာမေးတာကိုပဲ ကျေးဇူးတင်ပါတယ်။ ကျနော့်ရွာက အင်မတန်ဆင်းရဲပါတယ်။ ကျနော် တို့မှာ ပိုင်ဆိုင်မှုပစ္စည်းဥစ္စာဆိုလို့ နည်းနည်းပဲရှိပါတယ်။ အဲဒါကိုလည်း အခု စစ်တပ်က အကုန်ယူသွားပါပြီ။ ကျနော်တို့ မြေတွေတောင် သိမ်းယူသွားပါတယ်။ အကယ်၍ ဒီအတိုင်းသာ ဆက်ဖြစ်နေမယ်ဆိုရင်တော့ ကျနော်တို့လည်း ဘယ်လို အသက်ဆက်ရမှန်းတောင် မသိတော့ပါဘူး။

မေး – ခင်ဗျား အတွေ့အကြုံတွေ အခုလို ပြောပြပေးတာ ကျေးဇူးတင်ပါတယ်။ ခုလို ပြန်ပြောရတာ သိပ်ခက်ခဲမယ်ဆိုတာ ကျနော်သိပါတယ်။ အကယ်၍ ဆန္ဒရှိမယ်ဆိုရင်၊ တကယ်လို့ ဖြစ်နိုင်မယ်ဆိုရင်၊ ခင်ဗျားကိစ္စတွေကိုပြောဆိုလို့ ရမယ့် မိတ်ဆွေတယောက်၊ ခင်ဗျားစိတ်ခံစားနေရတာတွေကို ကူညီပေးနိုင်မယ့်သူ တယောက်ကို ကျနော်ညွှန်းပေးချင်ပါတယ်။

လောရယ် – ကျနော်က အခုအချိန်မှာတော့ အိုကေပါ။ ကောင်းပါတယ်။ ခင်ဗျား အခုလိုပြောတာ ကျေးဇူးတင်ပါတယ်။

မေး – တကယ်လို့ ကျနော် နောက်တကြိမ်ထပ်ပြီး စကားပြောဆိုချင်တယ်ဆိုရင် ခင်ဗျားကို ဘယ်လို ဆက်သွယ်နိုင်ပါ မလဲ။

လောရယ် – ကျနော်က အခု ဒီဒုက္ခသည်စခန်းမှာ စာရင်းဝင်ဖို့ စောင့်နေပါတယ်။ ကျနော် တနေရာရာသွားဖို့ အစီအစဉ်လည်း မရှိပါဘူး။ အကယ်၍ အခြားမေးခွန်း ရှိမယ်ဆိုရင် အချိန်မရွေးလာတွေ့ပြီး၊ ပြောဆိုလို့ ရပါတယ်။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

ဤတွေ့ဆုံမေးမြန်းခြင်းသည် ကောင်းပါသည်ဟုဆိုရခြင်းမှာ လောရယ်က သူ၏ ဖြစ်ရပ်ကို ပြောပြသောကြောင့်ဖြစ်ပါသည်။ ပွဲဦး ထွက်မေးခွန်းများသည် လမ်းဖွင့်မေးခွန်းများဖြစ်ပြီး၊ နောက်ဆက်တွဲမေးခွန်းများလည်းပါပါသည်။ သူ၏ ဖြေကြားချက်များသည် ချိုးဖေါက်မှုတခုအဖြစ် သတ်မှတ်ရေးအတွက် အင်္ဂါရပ်အသီးသီးကို မှတ်တမ်းပြုရာ၌အထောက် အကူဖြစ်စေပါသည်။ သာဓက အားဖြင့်ဖေါ်ပြရလျှင်၊ လောရယ်သည် ပုဂ္ဂလိက ပိုင်ဆိုင်ခွင့် ချိုးဖောက်ခြင်းအမှုနှင့် ပတ်သက်၍ အောက်ပါသတင်းအချက်အလက်များကို ပေးပါသည်။

ပထမ– လောရယ်သည် သူ၏ ပုဂ္ဂလိကပိုင်ဆိုင်မှုကို ထိပါးချိုးဖောက်ခံရခြင်းအဖြစ် သတ်မှတ်နိုင်ရေးအတွက် သတင်းအချက်အလက်များပေးခဲ့သည်။ စစ်သားများက သူ၏ဝက်ကို ပစ်သတ်ခြင်းနှင့် သူ၏တဲကို မီးရှို့ပစ်ခြင်းကို ဖော်ပြခဲ့သည်။ စစ်တပ်က သူ၏လယ်မြေကို သိမ်းပိုက်ခဲ့ကြောင်းလည်း ဖော်ပြပြောဆိုခဲ့သည်။ အဓိမိန်းချင်းများနှင့် ထပ်မံမေးမြန်းမှုအရ သူ၏ပြောဆိုချက်များကို ပြန်လည်စစ်ဆေး အတည်ပြုနိုင်လိမ့်မည် ဖြစ်သည်။

ဒုတိယ– ဤသို့ ထိပါးနှောင့်ယှက်မှုသည် တရားမဝင် သဘောသက်ရောက်ကြောင်း ဖေါ်ပြရေးအတွက် လောရယ်က အသေးစိတ်ကျသော အချက်အလက်များကို ပေးခဲ့သည်။ သူ၏ ပိုင်ဆိုင်မှုပစ္စည်းဥစ္စာများကို သိမ်းပိုက်ခြင်းအတွက် တရားဝင် အမိန့်စာရွက်စာတန်းပင် ရှိ–မရှိ သတိမပြုမိကြောင်း လောရယ်က ပြောပြသည်။ ဤအမိန့်များသည် လူအများ၏ ကောင်းကျိုး စီးပွားအတွက် ဆောင်ရွက်သည့်ဟန်မရှိပါ။ ဤအမိန့်များသည် ရွာသားများအဖို့ မမျှ တသော ဆိုးကျိုးနစ်နာမှုများ ကြုံတွေ့ရစေပါသည်။ သူ၏ထွက်ဆိုချက် အပေါ်အခြေခံ၍ တွေ့ရှိရသော အချက်မှာ တရားဝင်မဟုတ်ပါဘဲ စစ်တပ်က ပြုမူခဲ့သည် ဟူ၍ ဖြစ်သည်။

နောက်ဆုံးအချက်– သူ၏ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ကို ထိပါးချိုးဖောက်သည့် အကြောင်းဖော်ပြမှုတွင် လောရယ်က အစိုးရပိုင်းမှ ပုဂ္ဂိုလ်များပါဝင်ကြောင်းကိုဖေါ်ပြခဲ့သည်။ သူကဖော်ပြရာတွင် မြန်မာစစ်တပ် (ခမရ–၁၃၄) မှ တပ်ရင်းမှူးနှင့် စစ်သားများက ကျူးလွန်ခဲ့သည်ဟု ဆိုသည်။ ဤအချက်နှင့်ပင်လျှင် အစိုးရ၏ ပါဝင်ပတ်သက်မှုကို ပြသရန်လုံလောက်ပါသည်။

ဤတွေ့ဆုံမေးမြန်းခြင်းမှနေ၍ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ကို ထိပါးချိုးဖောက်မှုနှင့် ဆက်နွယ်နေသော နှိပ်စက်ညှဉ်းပန်းမှုကဲ့သို့သော အခြားချိုးဖေါက်မှုများအတွက် အထောက်အထားများရ ရှိပါသည်။ သူရိုက်နှက်ခံရကြောင်း၊ တိုင် တွင်းကြိုးနှင့်ချည်တုတ်ခံရကြောင်း၊ သူ့ဝက်ကို ပစ်သတ်ခဲ့သည့် စစ်သားများက သူ့ကို အသက်ရှင်လျက် မီးရှို့သတ်ခံရမည့် အရေး ခံစားခဲ့ရကြောင်း လောရယ်ကဖေါ်ပြခဲ့သည်။ သူ၏ အိမ်မိန်းချင်းများကို တွေ့ဆုံမေးမြန်းခြင်းအားဖြင့်သူ၏ ဖြစ်ရပ်ကိုသက်သေခံရေးအတွက် အထောက်အကူပေးပါလိမ့်မည်။ အခြားသော ချိုးဖောက်ခံရမှုများအတွက် ထပ်မံမေးမြန်းရန်လိုအပ်ပါလိမ့်မည်။ ယခုလောရယ်နှင့်တွေ့ဆုံမေးမြန်းခန်းသည် အောင်မြင်စွာပြီးဆုံးခဲ့ပါသည်။ အကြောင်းမှာနောက် ထပ်မေးခွန်းများကို ဖြေဆိုရန် လောရယ်က သဘောတူညီပြီး၊ မေးမြန်းသူကလည်း သူ့ကိုနောက်နောင် မည်သို့ဆက်သွယ်ရမည်ကို သိရှိခဲ့သောကြောင့် ဖြစ်ပါသည်။

ndburma2.indd 178 26-Dec-09 13:05:26

(၃) နိဂုံးချုပ် ။

ဤအခန်းကို ဖတ်ပြီးလျှင် သင့်အနေနှင့် အောက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်စွမ်းရှိရမည်။

- ပုဂ္ဂလိကပိုင်ဆိုင်မှုအခွင့်အရေး ချိုးဖောက်ခံရခြင်း၏ အဂီါရပ်များကို နိုင်ငံတကာဥပဒေနှင့်အညီမှတ်သားသိရှိ လာခြင်း။
- ပုဂ္ဂလိက ပိုင်ဆိုင်မှုအခွင့်အရေး ချိုးဖောက်ခံရခြင်းအကြောင်း သတင်းအချက်အလက်များကို စုဆောင်းရရှိရေး အတွက် အရေးကြီးသော မေးခွန်းများ ရေးသားပြုစုခြင်း။
- ချိုးဖေါက်မှုတရပ် ဖြစ်ပွားခဲ့ခြင်း ရှိ– မရှိ သိရှိရေးအတွက် ထိရောက်သော တွေ့ဆုံမေးမြန်းခြင်းတရပ်ကို ဆောင်ရွက် ခြင်း။

ဤလက်စွဲစာစောင်၏ နောက်လာမည့် အခန်းများက ပုဂ္ဂလိကပိုင်ဆိုင်မှုအခွင့်အရေး ချိုးဖောက်ခံရခြင်း၏ အထောက် အထား များကို အကဲဖြတ်နည်းအကြောင်း ပို၍ အသေးစိတ်ကျကျ ဆွေးနွေးထားပါသည်။

ndburma2.indd 179 26-Dec-09 13:05:26

v Gwfv yfpGazmfyajym q kdGEdSv Gwfv yfpGpk0;cGdu kdvdyifvm;jrpfcif

(၁) လူ့အခွင့်အရေး ချိုးဖောက်မှုများ

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လူ့အခွင့်အရေးချိုးဖောက်မှု မြောက်ရန်မှာ ချိုးဖောက်မှု၏ အဓိကအင်္ဂါရပ်များပြည့်မီရန် လိုအပ်ပါသည်။ ဤအင်္ဂါရပ်များသည် တိကျရေရာသော စံချိန်စံညွှန်းများဖြစ်သည်။ သို့မဟုတ် ဥပဒေနှင့် ဆန့်ကျင်သောလုပ်ရပ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ရှိနေရမည့်ပတ်ဝန်းကျင်အခြေအနေတစုံလိုအပ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အင်္ဂါရပ်များသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တရားဝင်စာချုပ် စာတမ်းပြဋ္ဌာန်းချက်များမှနေ၍ ပေါ် ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုမှန်သမျှကို စတင်မှတ်တမ်းတင်ခြင်းမပြုမီမှာ ချိုးဖောက်မှုဟူသော အဓိပ္ပါယ်ကို သတ်မှတ်ရာ၌လိုအပ်သည့် အင်္ဂါရပ်များအကြောင်း ရှင်းလင်းတိကျစွာနားလည်ထားသင့်ပါသည်။ ဤအခန်းတွင် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်ကို ပိတ်ပင်တားမြစ်ခြင်းတည်းဟူသော ချိုးဖောက်မှုပေါ်လွင်စေရေး အတွက် လိုအပ်သော အင်္ဂါရပ်များ ဖြစ်ကြောင်း ရှင်းလင်းဖေါ်ပြထားပါသည်။

(၂) လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်ကို ပိတ်ပင်တားမြစ်ခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း

(က) နိုင်ငံတကာ ဥပဒေအရ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်ကို ပိတ်ပင်တားမြစ်ခြင်းကိုမည်သည့် အင်္ဂါရပ်များဖြင့် ပါဝင် သတ်မှတ်ထားသနည်း။

လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်ကို ပိတ်ပင်တားမြစ်ခြင်းကို လူ့အခွင့်အရေးချိုးဖောက်မှုတခုအဖြစ် မှတ်တမ်းတင်နိုင်ရန် အတွက် အောက်ဖေါ်ပြပါ အင်္ဂါရပ် (၃) ရပ် ထင်ရှားကြောင်း သက်သေတင်ပြရပါမည်။[၁]

၁၊ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို ကာကွယ်မှုပေးထားသော အဓိကကျသည့် နိုင်ငံတကာ ဥပဒေများတွင် အောက်ပါတို့ ပါဝင်သည်။

- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ ပုဒ်မ ၁၉။ Universal Declaration of Human Rights, Article 19
- ကုလသမဂ္ဂ နိုင်ငံသားနှင့်နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ ၁၉။ UN International Covenant on Civil and Political Rights (ICCPR), Article 19
- ကုလသမဂ္ဂကလေးများအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ–၁၃။ UN Convention on the Rights of the Child (CRC), Article 13
- ကုလသမဂ္ဂ လူမျိုးရေးအရ နည်းပေါင်းစုံနှင့် ခွဲခြားဖိနှိပ် ဆက်ဆံမှုများကို အဆုံးသတ်စေရေး နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ– ၅ (ဃ) (၈)။ UN International Convention on the Elimination of All Forms of Racial Discrimination (CERD), Article 5(d)(viii)

ဒေသဆိုင်ရာ သဘောတူညီမှုများသည်လည်း လွတ်လပ်စွာဖော်ပြပြောဆိုခွင့် ချိုးဖောက်ထိပါးခြင်းကို ကာကွယ်မှုပေးထားပါသည်။ ဥပမာအားဖြင့်–အမေရိကတိုက်တွင် အမေရိကန်နိုင်ငံများ လူ့အခွင့်အရေးသဘောတူညီချက်၊ ပုဒ်မ–၁၃ American Convention on Human Rights "Pact of San Jose, Costa Rica," (Art. 13) ၊ ဥရောပတိုက်တွင် ဥရောပလူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (ပုဒ်မ–၁၀) European Convention on Human Rights (Art. 10), လွတ်လပ်စွာဖော်ပြပြောဆိုခွင့်ဆိုင်ရာ အခြေခံမူများ ထုတ်ပြန်ကြေညာစာတမ်း။ အမ်စတာဒမ် အကြံပြုချက်များနှင့် ဘီရုက် ထုတ်ပြန်ကြေညာချက် Declaration of Principles of Freedom of Expression, Amsterdam Recommendations and Bishkek Declaration၊ အာဖရိကတိုက်တွင် အာဖရိကတိုက် လူသားနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ ပဋိဉာဉ်စာတမ်း၊ ပုဒ်မ–၉ African Charter on Human and Peoples' Rights (Art. 9) ၊ အာဖရိကတိုက်တွင်း လွတ်လပ်စွာ ဖော်ပြပြောဆိုခြင်းဆိုင်ရာမူများ ထုတ်ပြန်ကြေညာချက် Declaration of Principles on Freedom of Expression in Africa တို့ဖြစ်ပါသည်။ အာဆီယံအဖွဲ့တွင် အလားတူ သဘောတူညီမှုများ ရှိသော်လည်း လက်မှတ်ရေးထိုးရခြင်းမပြုရသေးပါ။

ဥပဒေအရ စည်းနှောင်မှုမရှိသော နိုင်ငံတကာစာချုပ် မှတ်တမ်းများသည်လည်း လွတ်လပ်စွာဖော်ပြ ပြောဆိုခွင့် ချိုးဖောက်ထိပါးခံရခြင်းကို ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ထားကြပါသည်။ ၎င်းတို့မှာ– ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာအကြား နားလည်မှု ပိုမို အားကောင်းလာစေရန်၊ လူမျိုးရေး သီသန့်ပါဒများ၊ အသားအရောင် ခွဲခြားဖိနှိပ်မှုနှင့် စစ်ပွဲအတွက် လှုံ့ဆော်ခြင်းကို ဆန့်ကျင်ရန်နှင့် လူ့အခွင့်အရေးများ မြှင့်တင်နိုင်ရန်အတွက် လူထုသတင်းမီဒီယာများကို ပံ့ပိုးသည့်အခြေခံမူများ ထုတ်ပြန်ကြေညာချက် Declaration on Fundamental Principles concerning the Contribution to the Mass Media to Strengthening Peace and International Understanding, to the Promotion of Human Rights and to Countering Racialism, Apartheid and Incitement to War နှင့် အမျိုးသားလုံခြုံရေး၊ လွတ်လပ်စွာဖော်ပြပြောဆိုခွင့်နှင့် သတင်းများရယူပိုင် ခွင့်ဆိုင်ရာ ကျိုဟန်နစ္စာတ် ကြေညာစာတမ်း Johannesburg Principles on National Security, Freedom of Expression and Access to Information တို့ဖြစ်ပါသည်။

လွတ်လပ်စွာ စုဝေးခွင့်ကို ကာကွယ်မှုပေးထားသော အဓိကကျသည့် နိုင်ငံတကာ ဥပဒေများတွင် အောက်ပါတို့ ပါဝင်သည်။

- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ ပုဒ်မ ၂၀ နှင့် ၂၃။ Universal Declaration of Human Rights, Article 20 and 23
- ကုလသမဂ္ဂ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ ၂၁ နှင့် ၂၂။ UN International Covenant on Civil and Political Rights, Article 21 and 22
- ကုလသမဂ္ဂ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်၊ ပုဒ်မ ၈။ UN International Covenant on Economic, Social and Cultural Rights, Article 8
- ကုလသမဂ္ဂကလေးများအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ–၁၅။ UN International Convention on the Rights of the Child, Article 15
- ကုလသမဂ္ဂ လူမျိုးရေးအရနည်းပေါင်းစုံနှင့် ခွဲခြားဖိနှိပ် ဆက်ဆံမှုများကို အဆုံးသတ်စေရေး နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ– ၅ (ဇ) UN International Convention on the Elimination of All Forms of Racial Discrimination (CERD), Article 5(ix)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို) ကလည်း စုဝေးခွင့်နှင့် ပတ်သက်၍ ကာကွယ်မှုပေးသော သဘောတူညီချက်အများဆုံးဖြတ်ထားရှိပြီး ဖြစ်ပါသည်။ ၎င်းတို့တွင်–

- (အိုင်အယ်လ်အို) သဘောတူညီချက် (၁၁)။ အသင်းအပင်း ဖွဲ့စည်းခြင်းဆိုင်ရာ အခွင့်အရေး ILO Convention No. 11 concerning the Right of Association
- (အိုင်အယ်လ်အို)သဘောတူညီချက် (၈၇)။ အသင်းအပင်း လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် စည်းရုံးလှုပ်ရှားခွင့် ILO Convention No. 87 concerning Freedom of As-

ndburma2.indd 180 26-Dec-09 13:05:26

၁။ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်ကို ကြားဝင်နှောင့်ယှက်ခြင်း

၂။ တရားမဝင် ဆောင်ရွက်မှု

၃။ အစိုးရ၏ ဆောင်ရွက်မှု တို့ ဖြစ်သည်။

(ခ) မည်သည့်အချက်များက ကြားဝင် နှောက်ယှက်မှု မြောက်ပါသနည်း။

လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်အပေါ် ဖိနှိပ်ရန်အလို့ငှာ အစိုးရဌာန၊ အဖွဲ့အစည်းတခုခုက ပြုလုပ်သော မည်သည့် ဆောင်ရွက်မှုမဆို "ကြားဝင်နှောက်ယှက်ခြင်း"အဖြစ် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လူ့အခွင့်အရေးချိုးဖောက်မှုမြောက်စေပါသည်။ "ကြားဝင်နှောက်ယှက်ခြင်း" ၏ပမာဏ အတိုင်းအဆအနဲအများနှင့် သက်ဆိုင်မှုမရှိပါ။ လွတ်လပ်စွာ ဖော်ပြခွင့်နှင့်စုဝေးခွင့် အခွင့်အရေးများကို တနည်းနည်းဖြင့် အနဲအကျဉ်းအနှောက်အယှက် ဖြစ်စေသည်ဖြစ်စေ၊ လုံးလုံးလျားလျား တင်းကျပ်ကန့်သတ်သည်ဆိုသည့် အတိုင်းအတာဖြစ်စေ ကြားဝင်နှောက်ယှက်ခြင်း မြောက်သည်။ "ကြားဝင်နှောက်ယှက်ခြင်း" ပုံစံသည်လည်း အလားတူသက်ဆိုင်မှုမရှိပါ။ ကန့်သတ်ထားသော ဥပဒေများ၊ ဒီဂရီများ၊ အမိန့်များ၊ တရားရုံးဆုံးဖြတ်ချက်များနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များစသဖြင့် အားလုံးပါဝင်သည်။[၂]

(ဂ) လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်တွင် မည်သည့် အခွင့်အရေးများ ပါဝင်သနည်း။

လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို နိုင်ငံတကာ လူအခွင့်အရေး ဥပဒေများတွင် ပြဋ္ဌာန်းထားရာ၌–

- မည်သို့သော အယူအဆ (အိုင်ဒီယာ)များနှင့် သတင်းများကို မဆို
- မည်သည့် နေရာ၊ အခြေအနေမျိုးတွင်မဆို
- မည်သို့သော သတင်းမီဒီယာများမှတဆင့်
- ရှာဖွေ၊ လက်ခံရယူ၊ သတင်းပို့ခွင့် အခွင့်အရေး ရှိရမည်ဟု ဆိုပါသည်။

---

sociation and Protection of the Right to Organize

–(အိုင်အယ်လ်အို) သဘောတူညီချက် (၉၈)။ စုဝေးလှုပ်ရှားခွင့်နှင့် စုပေါင်း၍ ညှိနှိုင်းတောင်းဆိုခွင့်ဆိုင်ရာ အခွင့်အရေးမူများကိုအသုံးချခြင်း ILO Convention No. 98 concerning the Application of the Principles of the Right to Organize and to Bargain Collectively

– (အိုင်အယ်လ်အို) သဘောတူညီချက် (၁၅၁)။ စုစည်းလှုပ်ရှားခွင့်နှင့် အစိုးရဌာနများတွင် အလုပ်နေရာ ခန့်ထားခြင်းဆိုင်ရာ အခြေအနေနှင့် လုပ်ငန်းစဉ်များ ILO Convention No. 151 concerning Protection of the Right to Organize and Procedures for Determining Conditions of Employment in the Public Service

– (အိုင်အယ်လ်အို) ၏ အလုပ်လုပ်ပိုင်ခွင့်ဆိုင်ရာ အခြေခံမူများ ထုတ်ပြန်ကြေညာချက် ILO Declaration on Fundamental Principles and Rights at Work တို့ဖြစ်ပါသည်။

ဒေသဆိုင်ရာ သဘောတူညီချက်များသည်လည်း လွတ်လပ်စွာစုဝေးခွင့်ကို ချိုးဖောက်ထိပါးခြင်းကို ကာကွယ်မှုပေးထားကြပါသည်။ ဥပမာအားဖြင့်– အမေရိကတိုက်တွင် အမေရိကန်နိုင်ငံများ လူ့အခွင့်အရေး သဘောတူညီချက်၊ ပုဒ်မ–၁၅ နှင့် ၁၆ (၁) American Convention on Human Rights "Pact of San Jose, Costa Rica," (Art. 15 and 16(1)) ဥရောပတိုက်တွင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်၊ ပုဒ်မ–၁၁ (၁) နှင့် (၂) Convention for the Protection of Human Rights and Fundamental Freedoms (Art. 11(1) and (2)) ၊ ဥရောပလူမှုရေး ပဋိညာဉ်ကြေညာစာတမ်း၊ ပုဒ်မ ၅ နှင့် ၆ European Social Charter (Art. 5 and 6) ၊ ဥရောပသမဂ္ဂ၏ အခြေခံအခွင့်အရေးများဆိုင်ရာ ပဋိညာဉ်စာတမ်း၊ ပုဒ်မ–11 Charter of Fundamental Rights of the European Union (Art. 12) ၊ အာဖရိကတိုက်တွင် အာဖရိကလူသားနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်ကြေညာစာတမ်း၊ ပုဒ်မ–၁၀ နှင့် ၁၁ African Charter on Human and Peoples' Rights (Art. 10 and 11) ၊ အာဖရိက ကလေးများ အခွင့်အရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ ပဋိညာဉ်စာတမ်း၊ ပုဒ်မ–၈ African Charter on the Rights and Welfare of the Child (Art. 8) တို့ ဖြစ်ပါသည်။ အာဆီယံအဖွဲ့တွင် အလားတူ သဘောတူညီချက်များ ရှိသော်လည်း လက်မှတ်ရေးထိုးခြင်း မပြုရသေးပါ။၏

ဤမှတ်တမ်းများကို အောက်ဖော်ပြပါ အင်တာနက်စာမျက်နှာတွင် ရယူနိုင်ပါသည်။ (၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၂၇ နောက်ဆုံး ကြည့်ရှုချက်အရ) see http://www2.ohchr.org/english/law/

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ (CIL) ကို လက်မှတ်ရေးထိုး အသိအမှတ်ပြုထားခြင်းမရှိပါ။ (CIL) သည် အစိုးရ၏ ယေဘုယျလုပ်ဆောင်ချက်မှ လာသည့် ဥပဒေကျောရိုး တခုဖြစ်ပြီး၊ အချိန်ရလာသည်နှင့်အမျှ စည်းနှောင်မှုရှိသည့် ဥပဒေတခုအဖြစ် လက်ခံလာကြပါသည်။ သို့သော်လည်း နိုင်ငံတခုသည် စဉ်ဆက်မပြတ် ဤဥပဒေကို ငြင်းပယ်လာခဲ့ပါက နိုင်ငံတခုသည် ဤဥပဒေအရ စည်းနှောင်မှု မရှိပါ။

၂။ Leon E. Irish and Karla W. Simon, Freedom of Association: Recent Developments Regarding the "Neglected Right," American Society of International Law Human Rights Interest Group Newsletter, Vol. 9. No. 1 and 2, p.37.

ndburma2.indd 181 26-Dec-09 13:05:26

လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်တွင် အခွင့်အရေးမျိုးစုံ ပါဝင်ပါသည်။ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်တွင် သတင်းများကို ဖော်ပြပေးပို့ခွင့်သာမက၊ သတင်းနှင့် အယူအဆ (အိုင်ဒီယာ)များကို လက်ခံရယူခွင့်၊ ရှာဖွေခွင့်လည်း ပါဝင်ပါသည်။ သာဓကအားဖြင့် ဖော်ပြရလျှင်– နိုင်ငံတော် အစိုးရအနေနှင့် ရှာဖွေရယူနိုင်မည့် ဌာန၊ ပစ္စည်းများ ပံ့ပိုးထောက်ပံ့ပေးရမည့် အပြင်၊ သတင်း၊ မှတ်တမ်းများ တောင်းဆိုလာပါကလည်း တုံ့ပြန်ပေးရန် တာဝန်ရှိပါသည်။[၃] ထိုမျှမက ပါဝင်သည့်အကြောင်းအရာနှင့်ဖော်ပြသည့် မီဒီယံ(ကြားခံ)ကိုလည်း ကာကွယ်မှုမျိုးစုံ လုပ်ဆောင်ပေးရန် တာဝန်ရှိပါသည်။[၄] ဤသို့ ဖော်ပြပြောဆိုမှုများကို နိုင်ငံတကာနယ်နိမိတ်များဖြင့် ပိုင်းခြားကန့်သတ်မှုမရှိစေသင့်ပါ။ ဆိုလိုသည်မှာ နိုင်ငံတော် အစိုးရတခုအနေနှင့် အခြားနိုင်ငံများနှင့် ဆက်သွယ်လက်ခံ၊ ပေးပို့ခွင့်ကို ခွင့်ပြုရမည်ဖြစ်ပါသည်။[၅]

(ဃ) လွတ်လပ်စွာ စုဝေးခွင့်တွင် မည်သည့် အခွင့်အရေးများ ပါဝင်သနည်း။

လွတ်လပ်စွာ စုဝေးခွင့်ကို နိုင်ငံတကာ လူအခွင့်အရေး ဥပဒေများတွင် ပြဋ္ဌာန်းထားရာ၌ အကြောင်းကိစ္စတခုအတွက် အခြားသူများ ပါဝင်စုဝေးခွင့်ပင်ဖြစ်ပါသည်။[၆] လွတ်လပ်စွာ စုဝေးခွင့်တွင် အခွင့်အရေးပေါင်းစုံ ပါဝင်ပါသည်။ သာဓက ဖော်ပြရလျှင်– လွတ်လပ်စွာ စုဝေးခွင့်တွင် စုဝေးခွင့် အခွင့်အရေးကို ကာကွယ်မှု ပေးရုံမျှသာမကဘဲ၊ အဖွဲ့အစည်း၊ အုပ်စုများ ဖွဲ့စည်းခွင့်၊ အဖွဲ့တခု၊ အသင်းအပင်းတခုတွင် အဖွဲ့ဝင်ဖြစ်ရန် လက်ခံခွင့်၊ ငြင်းပယ်ခွင့်များလည်းပါဝင်ပါသည်။ လွတ်လပ်စွာ စုဝေးခွင့်တွင် သက်ဆိုင်ရာအခွင့်အရေးများလည်း ပါဝင်ပါသည်။ အထူးသဖြင့် အလုပ်သမားသမဂ္ဂများတွင် ပါဝင်ဆောင်ရွက်ခွင့်နှင့် စုပေါင်း၍ အပေးအယူပြုရန် တောင်းဆိုခွင့်များလည်း ပါဝင်ပါသည်။[၇]

(င) မည်သည့်အချိန်တွင် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့် အခွင့်အရေးများ အား ကြားဝင်နှောက်ယှက်ခြင်း တရားဝင် သနည်း။

လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့် အခွင့်အရေးများသည် အကန့်အသတ်မရှိ၊ အကြွင်းမဲ့အခွင့်အရေးမဟုတ်ပေ။ ဆိုလိုသည်မှာ နိုင်ငံတော်အစိုးရ တခုသည် ဤအခွင့်အရေးများနှင့်ပတ်သက်၍ ကန့်သတ်တားဆီးမိန့်ထုတ်ပြန်နိုင်သည်။ သို့ရာတွင် ကန့်သတ်ထားသည့် အခြေအနေများအောက်၌သာလျှင် ဤတားမြစ်ချက်များကို ထုတ်ပြန်ခွင့်ရှိသည်။ နိုင်ငံတကာဥပဒေအရ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ လွတ်လပ်စွာစုဝေးခွင့်များကို အောက်ပါအခြေအနေများအောက်၌ ကန့်သတ်တားမြစ်မှသာ ဥပဒေအရ တရားဝင်သည်။[၈]

(၁) ဥပဒေအရ ပြဋ္ဌာန်းသတ်မှတ်ချက် ဖြစ်ရမည်။

(၂) တရားဥပဒေနှင့်လျော်ကန်သော အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့်သော် ဆောင်ရွက်ရမည်။[၉]

– အမျိုးသား လုံခြုံရေးအရ၊ လူအများ၏ လုံခြုံရေးအရ

– ရပ်ရွာတည်ငြိမ်ရေးနှင့် ရာဇဝတ်မှုများကို ကာကွယ်နိုင်ရန်အတွက်

– ကိုယ်ကျင့် စာရိတ္တနှင့် ကျန်းမာရေး ကာကွယ်ရန် လိုအပ်ချက် အရ

၃၊ Central Asian Pocketbook on Freedom of Expression, Article 19, October 2006.

၄၊ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်တွင် တိကျသည့်အမြင်၊ အိုင်ဒီယာများ ပါဝင်ပါသည်။ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ စီးပွား ကုန်သွယ်ရေး၊ အနုပညာဖော်ပြချက်များလည်းပါဝင်သည်။ ထိုမျှမက လူအများအကြား သဘောမတူအငြင်းအခုံ ဖြစ်ပွယ်ရှိသည့်၊ မှားယွင်းသည့်၊ ထိတ်လန့်ဖွယ်ဖြစ်သည့် အကြောင်းချင်းရာများလည်း ပါဝင်နိုင်သည်။ ဖော်ပြမှုဆိုလိုသည်မှာလည်း မည်သည့် မီဒီယံကြားခံအဖြစ် ကန့်သတ်ထားမှုမရှိပေ။ ရေးသားသည့် အသွင်ဖြစ်စေ၊ အသံ၊ ရုပ်မြင် စသည်ဖြင့် နည်းမျိုးစုံဖြင့် ဖော်ပြမှုကို ဆိုလိုသည်။

၅၊ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ဆိုင်ရာ အလယ်ပိုင်း အာရှနိုင်ငံများ လက်စွဲစာအုပ်၊ ၁၉ အောက်တိုဘာလ၊ ၂၀၀၆ ခုနှစ်ထုတ်။ Central Asian Pocketbook on Freedom of Expression, Article 19, October 2006.

၆၊ ကုလသမဂ္ဂ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ ၂၁ နှင့် ၂၂။ UN International Covenant of Civil and Political Rights, Article 21 and 22.

၇၊ See, Universal Declaration of Human Rights (Art. 23(4)), UN International Covenant on Civil and Political Rights (Art. 22(1)), UN International Covenant on Economic, Social and Cultural Rights (Art. 8(1)), Preamble of the Constitution of the International Labor Organization (ILO), ILO Declaration on Fundamental Principles and Rights at Work (para. 2(a)), ILO Conventions No. 87 and 98.

၈၊ UN International Covenant of Civil and Political Rights, Article 19, 1966

၉၊ တရားဥပဒေနှင့် လျော်ကန်သော ရည်ရွယ်ချက်များဆိုသည်မှာ သီးသန့်သဘော ကန့်သတ်မှုရှိပါသည်။ ဆိုလိုသည်မှာ ဤအကြောင်းပြချက်များဖြင့်သာတားမြစ်မှု ဆောင်ရွက်နိုင်ပြီး၊ အလားတူ အကြောင်းပြချက်မျိုးဖြင့် လွှပ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်အခွင့်အရေးများကိုလည်း ကန့်သတ်ကောင်း ကန့်သတ်နိုင်သည်။

ndburma2.indd 182 26-Dec-09 13:05:26

– အခြားသူများ၏ လွှပ်လပ်မှုနှင့် အခွင့်အရေးများကို ကာကွယ်ရန်အတွက်

(၈) တရားဝင်သော အကြောင်းပြချက်တခုခုအတွက် ထုတ်ပြန်လုပ်ဆောင်ခြင်း ဖြစ်ရမည်။[၁၀]

လွှတ်လပ်စွာဖော်ပြပြောဆိုခွင့်၊ လွှတ်လပ်စွာစုဝေးခွင့် အခွင့်အရေးများကို တားဆီးကန့်သတ်မှုများသည် အထက်ဖော်ပြပါ အချက်(၃) ချက် စာသားများမှ တခုခုနှင့် ကိုက်ညီမှသာလျှင် တရားဝင်ဖြစ်မည်။ လွှတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ လွှတ်လပ်စွာစုဝေးခွင့် အခွင့်အရေးများအပေါ် တားဆီး ကန့်သတ်မှုသည် အထက်ပါစာသားများမှ တခုခုနှင့် ကိုက်ညီမှု မရှိလျှင်တရားမဝင်ဘဲ နိုင်ငံတကာ တရားဥပဒေ ပြဋ္ဌာန်းချက်များအပေါ် ဆန့်ကျင်ချိုးဖောက်ရာရောက်စေသည်။

နိုင်ငံတော် အစိုးရတခုအနေနှင့် လွှတ်လပ်စွာဖော်ပြပြောဆိုခွင့်သည် စစ်ပွဲများတိုက်ခိုက်စေရန် ဝါဒဖြန့်ခွင့်ရခြင်းနေခြင်း၊ အမုန်းတရားပွားစေသော မိန့်ခွန်းများဖြစ်လာပါက တရားဝင်ဥပဒေကြောင်းအရ တားမြစ်နိုင်သည်။[၁၁]

(၉) အစိုးရ၏ လုပ်ဆောင်ချက် ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတကာတရားဥပဒေ အရဆိုလျှင် လွှတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကိုပိတ်ပင်ဟန့်တားခြင်း မြောက်စေရန်အတွက် အစိုးရတရပ်က လုပ်ဆောင်ချက်မျိုး ဖြစ်ရန်လိုအပ်ပါသည်။ အစိုးရဆိုသည်မှာ "မြို့တော်မှာအခြေစိုက်ထားပြီး၊ နိုင်ငံတကာအသိအမှတ်ပြုပိုင်နက်နယ်မြေရှိ လူများနှင့် အရင်းအမြစ်များကို ချုပ်ကိုင်ရန်နှင့် စီစဉ်နေရာချထားရန် ကြိုးပမ်းသောအမျိုးသား(နိုင်ငံတော်အဆင့်) အဖွဲ့အစည်း"ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။[၁၂] သို့ဖြစ်ရာ အစိုးရ၏ လုပ်ဆောင်ချက်အရ ဤအဖွဲ့အစည်းသည် ချိုးဖောက်မှုတွင် တာဝန်ရှိသည်၊ သို့မဟုတ် ပါဝင်ပတ်သက်နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင်၊ အစိုးရအရာရှိ တဦးကလွှတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ စုဝေးခွင့်ကို ပိတ်ပင်ဟန့်တားခြင်း ကျူးလွန်သည်ဆိုရာ၌ အစိုးရလုပ်ဆောင်ချက်အတွက် လိုအပ်သည်များကို ဆောင်ရွက်ခြင်းဖြစ်သည်။ အစိုးရ၏ လုပ်ဆောင်ချက်တွင် တရားဝင်အသိအမှတ်ပြုမှုဖြင့် သော်လည်းကောင်း၊ ခွင့်ပြုမှုဖြင့်သော်လည်းကောင်း ဖြစ်ပွားသော ချိုးဖောက်မှု၊ (သို့ မဟုတ်) ချိုးဖောက်မှုကို တားဆီးရန်သော်လည်းကောင်း၊ ချိုးဖောက်မှုနှင့် ပတ်သက်၍ လုံလောက်စွာ အရေးယူရန်သော် လည်းကောင်း အစိုးရ၏ ပျက်ကွက်မှုများလည်း ပါဝင်ပါသည်။[၁၃] သာဓကအားဖြင့် ဖော်ပြရပါလျှင် လွှတ်လပ်စွာ ဖော်ပြပြော ဆိုခွင့်၊ စုဝေးခွင့်ကို ပိတ်ပင် ဟန့်တားခြင်း ကျူးလွန်သော တဦးချင်းပုဂ္ဂိုလ်များကို အပြစ်ပေး အရေးမယူဘဲ လွှတ်ပေးထားလျှင် အစိုးရအနေနှင့် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ရာရောက်ပါသည်။[၁၄]

ကျူးလွန်သူများ (အစိုးရမဟုတ်သော အခြားအင်အားစုများ)

အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors -NSA) ဆိုသည်မှာ တသီးပုဂ္ဂလလူများ၊ အုပ်စုများဖြစ်ပြီး၊ အစိုးရ၏ အစိတ်အပိုင်းတခုမဟုတ်ရပါ။ သို့သော်လည်း အစိုးရတခုကဲ့သို့ အာဏာကျင့်သုံးမှုပြုနေသည်မှုမျိုးရှိတတ်သည်။ ဤသို့သော အင်အားစုများတွင် အရပ်သားများ၏ အစုအဖွဲ့များ၊ တော်လှန်ရေး အင်အားစုများ၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများ၊ ဒေသခံပြည်သူ့စစ်များနှင့် အစိုးရကဲ့သို့ ပြုမူနေသည့် အခြားအင်အားစုများ ပါဝင်သည်။

၁၀၊ "လိုအပ်ချက်အရ" ဆိုသောကန့်သတ်ချက်ဖြစ်ရန်အတွက်၊ ၎င်းသည် တရားဝင်သည့် ရည်ရွယ်ချက်နှင့် ကိုက်ညီရမည်။ အခြားစကားဖြင့်ဆိုရလျှင် အကယ်၍ အခြားသော နည်းအားဖြင့် ၎င်းရည်ရွယ်ချက်အတွက်ကိုပင် ကန့်သတ်ချက်ပြုပါက၊ ပို၍အနှောင့်အယှက်နှင့် ဝင်ရောက်စွက်ဖက်မှု နည်းမည်ဆိုပါက ယခုအဆိုပြုလာသော ကန့်သတ်ချက်သည် "လိုအပ်ချက်အရမဟုတ်" ဟူ၍ ဆိုနိုင်သည်။

၁၁၊ UN International Covenant of Civil and Political Rights, Article 19, 1966. လူ့အခွင့်အရေး ကော်မီတီ၏ အဆိုအရ နိုင်ငံတော်အစိုးရများကို စစ်ပွဲအတွက် လှုံ့ဆော်မှုများနှင့် အမုန်းတရားပွားစေသော မိန့်ခွန်း ပြောဆိုမှုများကို တားမြစ်ရန် ခွင့်ပြုထားရုံမျှမက၊ နိုင်ငံတော်အစိုးရများသည် အထက်ပါ ဖော်ပြပြောဆိုခွင့်ကို ပိတ်ပင်တားမြစ်ရန် လိုအပ်ပါသည်။ Human Rights Committee, General Comment 11, Article 20, 19th Session, 1983.

၁၂၊ Mary Callahan, Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Coexistence. Washington, DC: East-West Center Washington, 2007, p. vix, ဤကိစ္စကို မြန်မာဘာသာဖြင့် ရှင်းပြရာတွင် (state) ဟူသော (နိုင်ငံတော်) သဘောမှာ မြန်မာဝေါဟာရတွင် မရှိပါ။ အစိုးရ (government) သို့မဟုတ် နိုင်ငံ (country) စသဖြင့် အခြေအနေအရ သုံးစွဲပါသည်။

၁၃၊ အစိုးရအရာရှိများဟု ဆိုရာတွင် အစိုးရအာဏာပိုင်မှုအတွင်း လုပ်ဆောင် အကောင်အထည်ဖော်သော အဖွဲ့အစည်းဝင်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်–တရားဥပဒေစည်းကြပ်ရေးဌာနများ၊ ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များ၊ လုပ်ကြံ သတ်ဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များ ဖြစ်သည်။

၁၄၊ မှတ်ချက်ပြုရန်မှာ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများအတွက် အစိုးရ၏လုပ်ရပ်ကို သက်သေပြရန်မလိုအပ်ပါ။ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ် တရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်စေသော ပြစ်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အခန်း–၂ ကို ကြည့်ပါ။

ndburma2.indd 183 26-Dec-09 13:05:26

ဤသို့ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA)သည် ပြည်တွင်း ဥပဒေအရ သူတို့ လုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် တာဝန်ခံရမည် ဖြစ်သည်။ သို့သော်လည်း ၎င်းအစိုးရ မဟုတ်သော အခြားအင်အားစုများ(Non State Actors - NSA)သည် နိုင်ငံတကာဥပဒေအရလည်း တာဝန်ခံရခြင်းမျိုးရှိနိုင်သည်။ နိုင်ငံတော်အစိုးရတရပ်၏ အရေးယူဆောင်ရွက်မှုအရ သူတို့၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို သက်သေပြရန်မလို အပ်သည့် အခြေအနေ၊ သို့မဟုတ် သူတို့ကျူးလွန်သော ပြစ်မှုများသည် လူမျိုးတုန်း သတ်ဖြတ်သုတ်သင်မှု၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို အန္တရာယ်ရှိစေသော ရာဇဝတ်မှုမျိုးအဖြစ် သတ်မှတ်၍ရလာလျှင် နိုင်ငံတကာ ဥပဒေအရ တာဝန်ခံရန် အကြောင်းရှိလာသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည့်အဝမှတ်တမ်းတင်ထားခြင်း ဖြစ်ရန် အတွက်၊ အစိုးရက ကျူးလွန်သည် ဖြစ်စေ၊ အစိုးရမဟုတ်သော အခြားအင်အားစုများ (Non State Actors - NSA) က ကျူးလွန်သည်ဖြစ်စေ မှတ်တမ်းပြုထားရန်လိုအပ်သည်။

(၃) အရေးကြီးသောမေးခွန်းများ မေးခြင်း။

မေးခွန်းများမေးခြင်းနှင့်တွေ့ဆုံမေးမြန်းခြင်းတို့သည်လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်းသတင်းအချက်အလက်များ စုဆောင်းရာ၌ အလွန်အရေးကြီးပါသည်။ တွေ့ဆုံမေးမြန်းမှုတရပ်၏ အသုံးဝင်မှုသည် အချက်အလက်ရှာဖွေစု ဆောင်းသူ၏ ထိရောက်ပြီး၊ လုံလောက်သော မေးခွန်းများမေးသည့် အတွေ့အကြုံနှင့် စွမ်းရည်ပေါ်မှာ အဓိက အားဖြင့် မူတည်ပါလိမ့်မည်။ အချက်အလက် ရှာဖွေစုဆောင်းသူအဖို့ ချိုးဖောက်မှု၏ အရေးကြီးသောအင်္ဂါရပ်များကို သိရှိနားလည်ခြင်းအားဖြင့်၊ နိုင်ငံတကာဥပဒေချိုးဖောက်ကြောင်း သတ်မှတ်ရေးအတွက် အရေးကြီးမေးခွန်းများ ပြုစုရာ၌ အထောက်အကူ ဖြစ်စေပါသည်။ ချိုးဖောက်မှုအင်္ဂါရပ်များမှနေ၍ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရရှိရေးတွင် အသုံးဝင်သော ဘောင်စည်းကမ်းသတ်မှတ်ချက်တခု ရရှိနိုင်ပါသည်။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ဆောင်ရန်

- လုံခြုံရေးနှင့် လျှို့ဝှက်ရေးအတွက် ကြပ်ကြပ်ဂရုစိုက်ရန်။
- နောက်ခံအကြောင်းဖြင့် အစချီပြီးလျှင်၊ ပို၍ အရေးကြီးသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆောင်ရွက်ပါ။
- ဂရုတစိုက်နားထောင်ပါ။ ပြောစရာရှိသည်ကို မျက်မြင်သက်သေအား ပြောခွင့်ပေးပါ။
- လူပ်ရှားစိတ်ဖြင့် တုံ့ပြန်မှုများကို သိရှိအောင် ဂရုပြုပါ။
- ရှေ့နောက်မညီညွတ်မှုများကို သိရှိအောင် ဂရုပြုပါ။
- စိတ်ရှည် သည်းခံပါ။

တွေ့ဆုံမေးမြန်းခြင်းအတွက် အကြံပြုချက်များ– ရှောင်ရန်

- မှတ်ချက်ချခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်း မပြုပါနှင့်။
- နိမိတ်ပြမေးခွန်းများ မေးခြင်းကို ရှောင်ကျဉ်ပါ။
- အခြားသက်သေများကို ဖေါ်ပြခြင်း မပြုပါနှင့်။
- မိမိ လုပ်မပေးနိုင်သော ကတိများကို မပေးပါနှင့်။
- အပေါ်စီးဟန် သို့မဟုတ် စစ်ကြောရေးလုပ်နေသော ဟန်ဖြင့် မေးခွန်းမေးခြင်းများကို ရှောင်ကျဉ်ပါ။
- သတင်းနှင့်ပတ်သက်၍ မိမိ၏သြဇာ မလွှမ်းမိုးမိအောင် ရှောင်ကျဉ်ပါ။

ndburma2.indd 184 26-Dec-09 13:05:26

၁။ ကြားဝင်နှောက်ယှက်မှု အခြေအနေကို သတ်မှတ်ခြင်း။

- မည်သူ၏ လွှပ်လပ်ခွင့်သည် မည်သည့်အရာဖြင့် ကြားဝင်နှောက်ယှက်မှု ခံရသနည်း။
- မည်သို့ ဖြစ်ပျက်ခဲ့သနည်း။
- မည်သည့်အချိန်က ကြားဝင်နှောက်ယှက်မှုကို တွေ့ရှိခဲ့ရသနည်း။
- မည်သည့်နေရာ၌ ကြားဝင်နှောက်ယှက်မှုကို တွေ့ရှိခဲ့ရသနည်း။
- မည်သို့လွှပ်လပ်ခွင့်ကို ကြားဝင်နှောက်ယှက်ခြင်း ခံခဲ့ရသနည်း။
- ဤသို့ဖြစ်ပျက်ခဲ့သည်ကို သင်မည်သို့သိရှိခဲ့သနည်း။

၂။ ဖော်ပြမှု အခြေအနေကို သတ်မှတ်ခြင်း။

- မည်သူက ဆက်သွယ်ဆောင်ရွက်သူလဲ။ မည်သူများက ပရိသတ် ဖြစ်သနည်း။
- မည်သည့် အကြောင်းချင်းရာကို ဆက်သွယ်ဖော်ပြရန် ကြိုးပမ်းသနည်း။
- မည်သည့် ကြားခံ (မီဒီယံ) ဖြင့် ဆက်သွယ် ဖော်ပြရန် ကြိုးပမ်းသနည်း။
- မည်သည့်အချိန်က သတင်းကို ဆက်သွယ်ဖော်ပြရန် ကြိုးပမ်းသနည်း။
- ဖော်ပြမှု မည်သည့်နေရာတွင် ဖြစ်ပေါ်ခဲ့သနည်း။
- ဤသတင်းအချက်အလက်များကို သင်မည်သို့ သိရှိသနည်း။

၃။ စုဝေးမှု အခြေအနေကို သတ်မှတ်ခြင်း။

- ယင်း စုဝေးမှုကို မည်သူက ဦးဆောင်စည်းရုံးသနည်း။ မည်သူများက ပါဝင်ကြသနည်း။
- မည်သည့်အကြောင်းအတွက် စုဝေးကြသနည်း။
- မည်သည့်အချိန်က စုဝေးမှု ဖြစ်ပွားသနည်း။
- မည်သည့်နေရာတွင် စုဝေးမှု ဖြစ်ပွားသနည်း။
- မည်မျှ အရေအတွက် စုဝေးမှုတွင် ပါဝင်သနည်း။
- ဤသတင်းအချက်အလက်များကို သင်မည်သို့ သိရှိသနည်း။

၄။ ကြားဝင်နှောက်ယှက်မှု သည် တရားမဝင်ကြောင်း သတ်မှတ်ခြင်း။

- မည်သည့် အာဏာပိုင် လက်အောက်၌ ကြားဝင်နှောက်ယှက်မှု ဖြစ်ပေါ်စေခဲ့သနည်း။
  ကြားဝင်နှောက်ယှက်မှုသည် ဥပဒေအရ ပြဋ္ဌာန်းထားပါသလား။ မည်သည့် ဥပဒေနည်း။
- မည်သည့်ရည်ရွယ်ချက်ဖြင့် တားဆီးကန့်သတ်မှုကို ဖြစ်စေခဲ့ပါသနည်း။
- တားဆီးကန့်သတ်မှုသည် လိုအပ်သည့် အရာကိစ္စလော။

ndburma2.indd 185 26-Dec-09 13:05:26

- တားဆီးကန့်သတ်မှု၏ ပန်းတိုင်သည် အခြားနည်းလမ်းများဖြင့်ကော ရရှိနိုင်ပါသလား၊ မည်သို့နည်း။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

၄။ အစိုးရ၏ လုပ်ဆောင်ချက်ကို သတ်မှတ်ခြင်း။

- စီစဉ်မှုကို မည်သူက ပြုလုပ်သနည်း။ မည်သူက အမိန့်ပေးအနည်း။ ဤအကြောင်းကို မည်သူတို့သိသနည်း။ ဤအလုပ်စေခိုင်းမှုကို မည်သူတို့က ကူညီဆောင်ရွက်ပေးသနည်း။
- ဤအဖြစ်နှင့် ပတ်သက်၍ တိုင်ကြားခြင်းပြုခဲ့ပါသလား။ အဘယ်ကြောင့် တိုင်ကြားပါသနည်း။ သို့တည်းမဟုတ် အဘယ့်ကြောင့် တိုင်ကြားခြင်း မပြုပါသနည်း။
- ဤဖြစ်ရပ်နှင့်ပတ်သက်၍ အစိုးရမှ မည်သို့ တုန့်ပြန် ၊ ကာကွယ်မှု ပြုခဲ့သနည်း။
- ဤသတင်းအချက်အလက်များကို သင် မည်သည့်နည်းဖြင့် သိရှိသနည်း။

(၄) မှတ်တမ်းပြုခြင်း

နိုင်ငံတကာ ဥပဒေချိုးဖောက်မှုအဖြစ် အဓိပ္ပါယ်သတ်မှတ်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များရှာဖွေစုဆောင်းရာ၌ အချိန်နှင့် လုပ်ဆောင်ချက်တို့လိုအပ်ပါသည်။ ချိုးဖောက်မှုတခု၏ အင်္ဂါရုပ်များသည် အစဉ်အဖြင့်အဆင်သင့်ပေါ်လွင် ထင်ရှားနေသည် မဟုတ်ချေ။ အချက်အလက်ရှာဖွေ စုဆောင်းသူတဦးအနေနှင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်သော သတင်းအချက်လက်များကို ထုတ်ယူနိုင်စွမ်း ရှိရမည်ဖြစ်သည့်အပြင်၊ စုဆောင်းရရှိထားသော သတင်းအချက်အလက်များမှ နေ၍ ချိုးဖောက်မှု၏ အရေးကြီးအင်္ဂါရုပ်များကိုလည်း နည်းလမ်းတကျ ဖော်ထုတ်နိုင်စွမ်း ရှိရမည်ဖြစ်ပါသည်။ ချိုးဖောက်မှု၏ အင်္ဂါရုပ်များကို ဖော်ထုတ်မှုပြုရန်အတွက် ဤအခန်းက မြန်မာနိုင်ငံ၏ အခြေအနေအချိန်အခါမှာ ဖြစ်ပွားနေကျလွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်ကို ပိတ်ပင်ဟန့်တားခြင်းအတွက် အထောက်အထားပါသော ဖြစ်ရပ်မှန်ပုံစံတခုကို ဖော်ပြပေးပါမည်။

ဖြစ်ရပ်မှန်ပုံစံ ပေါ်အခြေခံလျက် ဤအခန်းက တွေ့ဆုံမေးမြန်းမှုနည်းနာနှင့် ပတ်သက်သော အကောင်းနှင့်အဆိုးသာဓကများကို ဖော်ပြထားပါသည်။ တွေ့ဆုံမေးမြန်းခြင်းနှင့်ပတ်သက်သော အချက်အလက်များအပြင်၊ ထိရောက်စွာအချက်အလက် ရှာဖွေရေးနှင့်ပတ်သက်သော အကြံပြုချက်များကို နောက်ထပ်သိရှိလိုပါက ဤစာစောင်ပါ "မြန်မာနိုင်ငံလူ့အခွင့်အရေးချိုးဖောက်မှုများ အကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကို ကြည့်ပါ။

(က) အခြေအနေ အချိန်အခါကို နားလည်ခြင်း

လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ဖော်ထုတ်ရေးအတွက် အချက်အလက်ရှာဖွေရေးလုပ်ငန်း သို့မဟုတ် တွေ့ဆုံမေးမြန်းခြင်းများ မစတင်မီမှာ ချိုးဖောက်မှုများ ဖြစ်ပွားရာနေရာ၏ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာအခြေအနေ အချိန်အခါကို နားလည်ထားရန် အရေးကြီးပါသည်။ အခြေအနေ အချိန်အခါကို နားလည်ခြင်းအားဖြင့် အချက် အလက်ရှာဖွေစုဆောင်းသူအဖို့ ထိရောက်သောမေးခွန်းများပြုစုရေးနှင့် လက်ရှိအခြေအနေကို ထိုးထွင်းသိမြင်ရေးတွင် အထောက်အကူရနိုင်ပါသည်။ အတွေ့အကြုံရှိသော အချက်အလက်ရှာဖွေစုဆောင်းသူအဖို့ပင်လျှင် အချက်အလက်ရှာဖွေ စုဆောင်းမှုမပြုမီ၊ နောက်ခံသတင်းအချက်အလက်များကို စီစစ်ကြည့်ရေးတွင် အထောက်အကူ ရနိုင်ပါသည်။ အောက်မှာဖော်ပြထားသည်မှာ မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်ကို ပိတ်ပင်ဟန့်တားခြင်းနှင့်ပတ်သက်၍ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေး ဆိုင်ရာ အခြေအနေ နောက်ခံအကြောင်းအချက် အချို့ဖြစ်ပါသည်။

ndburma2.indd 186 26-Dec-09 13:05:26

မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာဖော်ပြ ပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်ကို ပိတ်ပင်ဟန့်တားခြင်း၏ သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေ နောက်ခံအကြောင်းအချက်များ

ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော စစ်အာဏာသိမ်းအစိုးရက တိုင်းပြည်ကို အုပ်ချုပ်ခဲ့သော (၁၉၆၂) ခုနှစ်ကစ၍ အဆက်ဆက်သော စစ်အစိုးရများက ခြိမ်းခြောက်ခြင်းနှင့် အတိုင်းမသိရက်စက်ခြင်း နည်းဗျူဟာဖြင့်တိုင်းပြည်ကို အုပ်စိုးလာခဲ့ကြသည်။ အခြားအခြေခံလူ့အခွင့်အရေးများ ပိတ်ပင်ကန့်သတ်ခံရခြင်းနှင့် အတူလွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့် အခွင့်အရေးများလည်း ကြီးစွာကန့်သတ်ခံရပါသည်။ အထူးသဖြင့် ၁၉၈၈ခုနှစ်၊ တနိုင်ငံလုံးအတိုင်းအတာ လူထုအုံကြွမှုကြီး နောက်ပိုင်းတွင် ပို၍ကန့်သတ်ခံလာရပါသည်။[၁၅] နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) စစ်အစိုးရက ၎င်း၏အာဏာ ဆက်လက်တည်မြဲရေးကို အန္တရာယ်ပြုနိုင်သည်ဟု ယူဆသည့် ဖော်ပြပြောဆိုချက်များ၊ လှုပ်ရှားမှုများ၊ စုဝေးမှုများအားလုံးကို တားမြစ်ပိတ်ပင်ခဲ့သည်။[၁၆] ဤသို့ အခြေခံအခွင့်အရေးများကို တားမြစ်နေသည့်အတွက် ဖရီးဒမ်းဟောက်စ် (Freedom House)ခေါ် ကမ္ဘာ့နိုင်ငံများ လွတ်လပ် မှုအတိုင်းအတာကို လေ့လာနေသည့်အဖွဲ့ကြီးက မြန်မာနိုင်ငံကို ကမ္ဘာပေါ်တွင် အဖိနှိပ်ခံနေရဆုံးသော လူမှုအဖွဲ့ အစည်းတခုအဖြစ် သတ်မှတ်ဖော်ပြခဲ့သည်။[၁၇] ၂၀၀၆ ခုနှစ်တွင်၊ သတင်းထောက်များကို ကာကွယ်ပေးရေးကော်မီတီကမြန်မာနိုင်ငံကို ကမ္ဘာပေါ်တွင် ဆင်ဆာ တည်းဖြတ်ပိတ်ဆို့မှု ဒုတိယအများဆုံး နိုင်ငံတခုအဖြစ် သတ်မှတ်ခဲ့သည်။[၁၈] နယ်စည်းမခြား သတင်းထောက်များ အဖွဲ့ကလည်း ၂၀၀၇ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ သတင်းစာ လွတ်လပ်ခွင့် ညွှန်းကိန်းတွင် မြန်မာနိုင်ငံကို နိုင်ငံပေါင်း (၁၆၃) ခုအနက်မှ အဆင့် (၁၆၄) တွင်ထား၍ ဖော်ပြခဲ့သည်။[၁၉]

(နအဖ) စစ်အစိုးရက သတင်းနှင့် မီဒီယာလုပ်ငန်းများကို စနစ်တကျ ထိန်းချုပ်ထားပါသည်။ ပုံနှိပ်နှင့် အသံလွှင့်လုပ်ငန်းအများစုကို အများအားဖြင့် ပြည်သူပိုင်ပြုထားပြီး၊ (နအဖ) စစ်အစိုးရ၏ ဝါဒဖြန့်ချိရေးကိရိယာအဖြစ် အသုံးချနေသည်။ တသီး ပုဂ္ဂလလွတ်လပ်သည့် ပုံနှိပ်လုပ်ငန်းများကို အစိုးရစာပေစိစစ်ရေးနှင့် ပုံနှိပ်ထုတ်ဝေရေးမှတ်ပုံတင်ဌာနက ဆင်ဆာတည်းဖြတ်စိစစ်ပြီးမှ လူအများထံ ဖြန့်ချိခွင့်ပေးသည်။ ဤဌာနကပင် အနုပညာ၊ ရုပ်ရှင်၊ ဂီတ၊ သရုပ်ဆောင် ဖျော်ဖြေမှုများကိုလည်း ဆင်ဆာတည်းဖြတ်စိစစ်မှု ပြုနေသည်။[၂၀] (နအဖ) စစ်အစိုးရကအင်တာနက်မှတဆင့်သတင်းများကို ဖြန့်ချိခြင်း၊ ရယူခြင်းကိစ္စများကိုလည်း စိစစ်ခြင်း၊ ဆင်ဆာတည်းဖြတ်ခြင်း၊ ကန့်သတ်ခြင်းပြုနေပြန်သည်။[၂၁] ဤသို့ဆောင်ရွက်ရာတွင် အင်တာနက် ဝန်ဆောင်မှု ပေးသည့် ရုံးများ၊ ဂြိုဟ်တု ဆက်သွယ်ရေးစနစ်များကို သုံး၍ကန့်သတ်သည်။ဈေးကွက်အတွင်းလက်ကိုင်ဖုန်းများအရေအတွက်ကိုကန့်သတ်ထားခြင်းအားဖြင့်လည်းသတင်းများကို ဖိနှိပ်ထိန်းချုပ်နေပြန်သည်။[၂၂]

လွတ်လပ်စွာ စုဝေးခွင့်ကိုလည်း (နအဖ) စစ်အစိုးရက တင်းကျပ်စွာ ကန့်သတ်ချုပ်ချယ်ထားပါသည်။ စစ်အစိုးရအုပ်ချုပ်ရေးအပေါ် ခြိမ်းခြောက်မှု ဖြစ်စေရန် အလားအလာရှိသည့် အဖွဲ့အစည်းများ၊ လှုပ်ရှားမှုများကိုလည်းပစ်မှတ်ထားကာ ဖိနှိပ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကန့်သတ်ခြင်းများပြုတတ်ပါသည်။ နိုင်ငံရေးပါတီများ၊ ကျောင်းသားအဖွဲ့များ၊ အလုပ်သမားသမဂ္ဂများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ အပစ်ရပ်တိုင်းရင်းသားအဖွဲ့များနှင့် တိုင်းရင်းသားအတိုက်အခံ အင်အားစုများကိုလည်း အန္တရာယ်အဖြစ် ပစ်မှတ်ထားကာ ချေမှုန်းလေ့ရှိပါသည်။ ဤသို့ဆောင်ရွက်နေမှုကြောင့် မြန်မာနိုင်ငံတွင် တရားဝင်နိုင်ငံရေးပါတီအနည်းငယ်မျှသာ ရပ်တည်ခွင့်ရှိပြီး၊ ၎င်းင်းတို့အနက်မှပါတီအနည်းစုသာ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်နိုင်ကြပါသည်။[၂၃] ဆက်လက် လှုပ်ရှားဆောင်ရွက်နေကြသူများကိုလည်း အမြဲတစေ ဆိုသလို (နအဖ) အာဏာပိုင်များက ခြိမ်းခြောက် ဖိနှိပ်ခြင်း၊ နှိပ်ကွပ်ခြင်းခံကြရသည်။ တရားမဝင်

၁၅၊ The Fund for Peace, "Country Alert: Burma," 28 September 2007, http://www.fundforpeace.org/web/index.php?option=com_content&task=view&id=258&Itemid=404 (last visited 2 September 2008).

၁၆၊ Committee to Protect Journalists, "Attacks on the Press in 2005: Burma," 2005, http://www.cpj.org/attacks05/asia05/burma_05.html, (last visited 2 September 2008).

၁၇၊ Piano, Aili and Arch Puddington, eds, "The Worst of the Worst: The World's Most Repressive Societies 2007," Freedom House, 2007, http://www.freedomhouse.org/uploads/special_report/58.pdf (last visited 8 April 2008), p. 5.

၁၈ Committee to Protect Journalists, "10 Most Censored Countries," 2 May 2006, http://www.cpj.org/censored/index.html (last visited 8 April 2008).

၁၉၊ Reporters Without Borders, Annual Worldwide Press Freedom Index 2007, 2007, http://www.rsf.org/article.php3?id_article=24025 (last visited 8 April 2008).

၂၀၊ Human Rights Documentation Unit, Burma Human Rights Yearbook 2006, National Coalition Government of the Union of Burma, 2007, http://www.ncgub.net/BHRY/2006/expression.html#communications (last visited 9 April 2008).

၂၁၊ Ibid.

၂၂၊ Ibid.

၂၃၊ ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ တရားဝင် မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ (၁၀) ခုသာ ကျန်ရှိတော့ပြီး၊ (၃) ပါတီသာ လွတ်လပ်စွာ လှုပ်ရှား နိုင်ပါသည်။

ndburma2.indd 187 26-Dec-09 13:05:26

အဖွဲ့အစည်းများနှင့် ဆက်သွယ်သည်ဟု ယူဆရသူများကိုလည်း ဖမ်းဆီး၊ ထောင်ချခြင်းများပြုတတ်ပါသည်။[၂၄] ထို့အပြင် အရပ်ဖက်ဝန်ထမ်းများ၊ ကျောင်းသားများ၊ တိုင်းရင်းသားများသည် (နအဖ) စစ်အစိုးရ၏ ရုပ်သေး လူမှုအဖွဲ့အစည်း ဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအဖွဲ့(ကြံ့ဖွံ့) သို့ မဝင်မနေရ ဝင်စေရန် ဖိအားပေးခံကြရပါသည်။ ၎င်းအဖွဲ့၏ စုဝေးပွဲများ၊ လှုပ်ရှားမှုများကိုလည်း အတင်းအကျပ် တက်ရောက်ခိုင်းပါသည်။ မတက်ရောက်ပါက ဒဏ်ငွေပေးဆောင်ရခြင်းနှင့် ဖမ်းဆီးခံရနိုင်ခြင်း စသည့် အန္တရာယ်များလည်း ကြုံရနိုင်သည်။[၂၅] အလားတူပင်၊ စစ်အစိုးရကပံ့ပိုးကျောထောက်နောက်ခံပြုထားသည့် စွမ်းအားရှင်အဖွဲ့တွင် ယခင် ရာဇဝတ်သားဟောင်းများ၊ ဆင်းရဲနွမ်းပါးသူများ၊ အလုပ်လက်မဲ့များကို စုဆောင်း၍ နိုင်ငံရေး အတိုက်အခံ အုပ်စုများအပေါ် အကြမ်းဖက် တိုက်ခိုက်စေခြင်းများ လည်း လုပ်ဆောင်လေ့ ရှိပါသည်။

ထို့အပြင် အများအပြားရှိနေသော၊ စာသား မတိမကျ ဝေဝေဝါးဝါး ဖော်ပြထားသော (နအဖ) စစ်အစိုးရ၏ ပြည်တွင်း ဥပဒေ များနှင့် အမိန့်ကြေညာချက်များကြောင့် မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်ကို အကြီးအကျယ် ကန့်သတ်ချုပ်ချယ်မှုများ ဖြစ်နေစေပါသည်။ အောက်တွင် အလားတူဖိနှိပ်ချုပ်ချယ်ထားသော ဥပဒေများကို အကျဉ်းသဘော ဖော်ပြထားပါသည်။[၂၆] ၎င်းတို့မှာ–

အစိုးရ လျှို့ဝှက် အက်ဥပဒေ (၁၉၂၃) ခုနှစ်။ ဤဥပဒေအရ အမျိုးသား လုံခြုံရေး၊ သို့မဟုတ် နိုင်ငံရပ်ခြားနှင့် ဆက်ဆံရေးဆိုင်ရာ စာရွက်စာတမ်းများ၊ သတင်း မှတ်တမ်းများကို ရယူခြင်း၊ လက်ဝယ်ထားရှိခြင်းကို တားမြစ်ထားပါသည်။

အရေးပေါ် စီမံချက် အက်ဥပဒေ (၁၉၅၀) ခုနှစ်။ နိုင်ငံတော်လုံခြုံရေးကို ထိပါးစေမည့် မည်သည့် လုပ်ရပ်မျိုးမဆို၊ သို့မဟုတ် စစ်တပ်ကို အန္တရာယ်ရှိစေမည့် မည်သည့်လုပ်ရပ်မျိုးမဆိုကို တားမြစ်ထားသည်။

မတရား အသင်း အက်ဥပဒေ (၁၉၅၄) ခုနှစ်။ ဤဥပဒေအရ နိုင်ငံတော်အကြီးအကဲကို မည်သို့သော အဖွဲ့အစည်းမျိုးကိုမဆို တရားမဝင် သတ်မှတ် ကြေညာပိုင်ခွင့် ပေးအပ်ထားသည်။[၂၇]

ပုံနှိပ်ထုတ်ဝေသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ (၁၉၆၂) ခုနှစ်။ ဤဥပဒေအရ မည်သို့သော ပုံနှိပ်ထုတ်ဝေမှုမျိုးမဆို အစိုးရ၏ အယူဝါဒ၊ အမျိုးသားလုံခြုံရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို အန္တရာယ်ပြု အနှောက်အယှက်ဖြစ်စေပါက ဖြန့်ချိခြင်းမပြုခင် ဆင်ဆာစိစစ် တည်းဖြတ်ရန် လိုအပ်သည်ဟု ဖော်ပြထားသည်။

ရုပ်ရှင် ဥပဒေ (၁၉၆၂) ခုနှစ်နှင့် ရုပ်မြင်သံကြားနှင့် ဗီဒီယို အက်ဥပဒေ (၁၉၉၆) ခုနှစ်။ ဤဥပဒေအရ ရုပ်ရှင်ဇာတ်ညွှန်းများနှင့် ဖလင်များကို ဆင်ဆာစိစစ် တည်းဖြတ်မည် ဖြစ်သည်။ ရုပ်မြင်သံကြား၊ ဗီဒီယို ရိုက်ကူးနိုင်သည့် ကင်မရာများ၊ စက်များ၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်များကို မှတ်ပုံတင်ထားရှိရမည်ဖြစ်သည်။ ဗီဒီယိုတိပ်များအားလုံးကိုလည်း ဆင်ဆာစိစစ် တည်းဖြတ်မည် ဖြစ်သည်။ ဗီဒီယိုဧရိယာများကို မိတ္တူကူးယူခြင်းနှင့် ဖြန့်ချိခြင်းအတွက်လည်း ခွင့်ပြုချက်လိုင်စင် လိုအပ်သည်။

နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်တားဆီးသည့် ဥပဒေ(၁၉၇၅)ခုနှစ်။ ဤဥပဒေအရ အမျိုးသားလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ကာကွယ်ရန်အတွက် အခြေခံ အခွင့်အရေးများကို ကန့်သတ် ပိတ်ပင်နိုင်ခွင့် ပေးအပ်ထားသည်။ လူတဦးကို တရားခုံရုံးတင်ခြင်းမရှိဘဲ၊ အယူခံခွင့်မရှိဘဲ ၅–နှစ်တိုင်တိုင် ထောင်ချ ထိန်းသိမ်းခွင့် ပေးအပ်ထားသည်။

၂၄၊ Human Rights Watch, “Burma: Civil Rights and Freedoms,” 1997, http://www.hrw.org/reports/1997/burma2/Burma-05.htm#P251_64497, (last visited 2 September 2008).

၂၅၊ The Network for Democracy and Development, “The White Shirts: How the USDA will become the Next Face of Burma’s Dictatorship,” 30 May 2006, http://www.burmacampaign.org.uk/pm/reports.php (last visited 2 September 2008).

၂၆၊ Venkat, Dr. Iyer, “Acts of Oppression: Censorship and the Law in Burma,” Article 19, March 1999, http://www.article19.org/pdfs/publications/burma-acts-of-oppression.pdf (last visited 3 April 2008).

၂၇၊ Human Rights Watch, “Burma: Civil Rights and Freedoms,” 1997, http://www.hrw.org/reports/1997/burma2/Burma-05.htm#P251_64497, (last visited 2 September 2008). Bureau of Democracy, Human Rights, and Labor, “Burma: Country Reports on Human Rights Practices 2007,” US Department of State, 11 March 2008, http://www.state.gov/g/drl/rls/hrrpt/2007/100515.htm (last visited 2 September 2008).

ndburma2.indd 188 26-Dec-09 13:05:26

အမိန့်ကြေညာချက် အမှတ် (၂/၈၈) ။ ဤအမိန့်အရ လူအများအနှောင့်အယှက် ဖြစ်စေရန်အတွက် သို့မဟုတ် ရာဇဝတ်မှု ကျူးလွန်ရန်အတွက် ရည်ရွယ်ချက်ရှိပါက လူ ၅– ဦး၊ ထိုထက်ပို၍ စုဝေးခြင်း၊ စီတန်းလမ်းလျှောက်ခြင်း၊ အုပ်စုဖွဲ့ ခရီတက်ခြင်း ကို တားမြစ်ထားသည်။[၂၀]

အမိန့်ကြေညာချက် အမှတ် (၆/၈၈) ။ အဖွဲ့အစည်းများသည် မှတ်ပုံတင်ရန် လိုအပ်ပြီး၊ လှုပ်ရှားဆောင်ရွက်ရန်အတွက် တရားဝင် ခွင့်ပြုချက်ရယူရန် လိုအပ်သည်။ တရားဝင် မှတ်ပုံတင်ခြင်းကို ငြင်းပယ်ခံရသည့် အဖွဲ့၏ အဖွဲ့ဝင်များသည် ဖမ်းဆီး ခံရခြင်း၊ ထောင်ချခံရနိုင်ခြင်း စသည့် အန္တရာယ်ကြုံတွေ့ရနိုင်သည်။[၂၆]

ကွန်ပြူတာ ပုံဖြိုးမှုနှင့် သိပ္ပံနည်းပညာ ဥပဒေ (၁၉၉၆) ခုနှစ်။ ဤဥပဒေအရ ကွန်ပြူတာ စက်ပစ္စည်းများ၊ ကိရိယာများ၊ ဖက်စ် ပေးပို့လက်ခံစက်များ၊ မိုဒမ်များအားလုံး တရားဝင်ခွင့်ပြုချက် လိုင်စင်ရယူရန်လိုအပ်သည်။

အင်တာနက် ဥပဒေ (၂၀၀၀) ခုနှစ်။ နိုင်ငံတော်၏ အကျိုးစီးပွား၊ မူဝါဒများနှင့် လုံခြုံရေးကိစ္စ ထိခိုက်စေသည့် အကြောင်းချင်းရာများကို အင်တာနက်ပေါ် တင်ပို့ခြင်းကို တားမြစ်ထားသည်။[၃၀]

ဤဥပဒေများကို ချိုးဖောက်မိသည့် အတွက်ကြောင့် ကြီးလေးသော ဒဏ်ငွေဆောင်ရခြင်း၊ နှစ်ရှည်ထောင်ဒဏ်များကျခံရခြင်းများနှင့် သေဒဏ်အပြစ်ပေးခံရခြင်းများပါ ရှိတတ်သည်။ ဤဥပဒေများကို လွဲမှားအသုံးချခြင်းနှင့် မိမိအကျိုးငှာ တလွဲသုံးခြင်း အပြင်၊ မြန်မာနိုင်ငံတွင် ယေဘုယျအားဖြင့် တရားဥပဒေအရ အုပ်ချုပ်ရေး ကင်းမဲ့နေမှုကြောင့် ဤဥပဒေအရ စွပ်စွဲခံကြရသူ များမှာ ခုခံချေပပိုင်ခွင့် မရှိသလောက် အနေအထား ဖြစ်ကြရပြီး နစ်နာနေကြရသည်။

(ခ) ဖြစ်တတ်သည့် ပုံစံများ

မြန်မာနိုင်ငံ၏ တည်ဆဲအခြေအနေတွင် ဖြစ်လေ့ရှိသော လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်ကို ပိတ်ပင်ဟန့်တားခြင်းအတွက် အချက်အလက်ပုံစံ တခုကို အောက်မှာ ဥပမာဖော်ပြ ပေးထားပါသည်။ ဤအချက်အလက်ပုံစံသည် ချိုးဖောက်မှုတရပ်၏ အဓိကအင်္ဂါရပ်များကို ဖေါ်ထုတ်ပြရာ၌ အသုံးဝင်ဖွယ်ရှိပါသည်။ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်ကိုပိတ်ပင်ဟန့်တားခြင်းတည်းဟူသော ချိုးဖောက်မှုတရပ်ကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် အညီသတ်မှတ်နိုင်ရေး အတွက် အောက်ပါ အချက်များပါရှိရမည်ကို သတိရပါ။

၁။ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်ကို ကြားဝင်နှောင့်ယှက်ခြင်း

၂။ တရားမဝင် ဆောင်ရွက်မှု

၃။ အစိုးရ၏ ဆောင်ရွက်မှု တို့ ဖြစ်သည်။

ဖြစ်ရပ်မှန်ပုံစံ– လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ကြားဝင်နှောက်ယှက်မှု[၃၁]

လွန်ခဲ့သည့် (၇) လက၊ တည်ဆောက်ရေး လုပ်ငန်းခွင် တခုတွင် အတင်း အဓမ္မ လုပ်အားခိုင်းစေနေစဉ် (နအဖ) စစ်သားများက ကိုအောင်ခိုင်၏ အစ်ကိုကို ပြင်းထန်စွာရိုက်နှက်ခဲ့ကြပါသည်။ ဤဆောက်လုပ်ရေး စီမံကိန်းမှာ ရခိုင်ပြည်နယ် အနောက်ပိုင်းဒေသတွင် စစ်တပ်အဆောက်အဦးတခု တည်ဆောက်နေခြင်းဖြစ်ပါသည်။ ဤသို့ရိုက်နှက်ခံရသည့် ဒဏ်ကြောင့် သူ၏ ကိုယ်တပိုင်းသေသလို ဖြစ်ခဲ့ရပြီး၊ သူ့မိသားစုပိုင် လယ်ကွင်းတွင် အလုပ်မဆင်းနိုင်အောင် ဖြစ်ခဲ့ရသည်။ သူ၏ အစ်ကို မသန်စွမ်း ဖြစ်သွားခြင်းကြောင့် သူ့အစ်ကို၏ လယ်ကွင်းတွင် အစားထိုးအလုပ်လုပ်

၂၈၊ Human Rights Documentation Unit, Burma Human Rights Yearbook 2006, National Coalition Government of the Union of Burma, 2007, http://www.ncgub.net/BHRY/2006/expression.html#communications (last visited 9 April 2008).

၂၉၊ Ibid.

၃၀၊ Ibid.

၃၁၊ ယခု ဖော်ပြထားသည့် စိတ်ကူးဖော်ပြချက် ပုံစံသည် လူအများ၏ အတွေ့အကြုံများကို အခြေခံရေးသားထားခြင်း ဖြစ်ကြောင်း သတိပြုစေလို ပါသည်။ ယခု လက်စွဲစာအုပ်တွင် အသုံးပြုဖော်ပြနိုင်ရန်အတွက်သာ ဖန်တီး ရေးသားထားခြင်း ဖြစ်ပါသည်။ လူတဦး၏ ဖြစ်ရပ်၊ အမှန်ဖြစ်ရပ် တခု ကို ဖော်ပြရေးသားထားခြင်း မဟုတ်ပါ။

ndburma2.indd 189 26-Dec-09 13:05:26

ကိုင်နိုင်ရန် ကိုအောင်ခိုင်လည်း ကျောင်းမှနား၍ အလုပ်လုပ်ရတော့သည်။ လယ်ကွင်းတွင် အလုပ်လုပ်နေချိန်မှ စ၍ ကိုအောင်ခိုင်ကိုလည်း (နအဖ) စစ်သားများက အဓမ္မလုပ်အားစေခိုင်းရန် (၁၀) ကြိမ်ထက်မနည်း ဆင့်ခေါ် ခံရသေးသည်။

လွန်ခဲ့သည့် (၂) လက၊ လက်ဖက်ရည်ဆိုင် တခုသို့ မိတ်ဆွေတဦးနှင့် သွားထိုင်စဉ် ကိုအောင်ခိုင်က သူ၏ မိသားစုအခြေအနေကို ဆွေးနွေးပြောဆိုမိသည်။ သူ့မိသားစုအပေါ် စစ်တပ်က မတရားပြုခံရသည့် အခြေအနေအပေါ် ဒေါသဖြစ်လာမိသည်။ တနေရာတွင် ပြောဆိုနေရင်း ဒေါသဖြင့် သူ၏ အသံလည်း မြင့်တက်လာသည်။ ''အစိုးရဆိုတာက ဘာမှမဟုတ်ဘူး။ လာဘ်စားနေတဲ့ အာဏာရှူးနေတဲ့ အာဏာရှင်တွေပဲ၊ သူတို့က ငါတို့ဘဝအားလုံးကို မဖျက် ဆီးခင် တခုခုတော့ လုပ်ဖို့လိုနေပြီ'' ဟုပြောမိသည်။ သူ့မိတ်ဆွေက အသံတိုးရန် အကြံပေးသော်လည်း သူကဆက်ပြောနေမိသည်။ ''ငါတို့ အားလုံးက မလွတ်လပ်ဘူး။ ငါတို့အားလုံးက အကျဉ်းသားတွေလို ဖြစ်နေပြီ'' ဟု ဆက်ပြောသည်။

သူက ဤသို့ပြောနေစဉ် စစ်သား ၂-ဦးက လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာကြသည်။ သူ၏ မှတ်ချက်ကိုကြားလိုက်သောကြောင့် ထိုစစ်သားများက ကိုအောင်ခိုင်တို့ စားပွဲသို့ လျှောက်လာကြသည်။ စစ်သားတယောက် က သူ၏ ပါးကိုရိုက်လိုက်သည်။ ''မင်းကအရူးပဲ၊ မင်းပါးစပ်က ရန်သူ့ပါးစပ်လို ဖြစ်နေပြီ၊ မင်းပါးစပ်ကို မင်းမထိန်းချုပ်နိုင်ရင်တော့ တကယ့် အကျဉ်းသား တယောက် ဘယ်လိုဆိုတာ မင်းကို ပြရလိမ့်မယ် ''ဟု ပြောသည်။ အခြားစစ်သားတဦးက ကိုအောင်ခိုင်ကို ကုလားထိုင်ပေါ်မှ ကန်ချလိုက်ပြီး၊ စတင်ရိုက်နှက်တော့သည်။ ဤသို့ ရိုက်နှက်စဉ် သူ၏ လက်လည်း ကျိုးခဲ့ရသည်။

လက်ဖက်ရည်ဆိုင်အတွင်း ဤကိစ္စဖြစ်ပွားပြီးချိန်တွင် ကိုအောင်ခိုင်က မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်နေသည့် အခြေအနေ အပေါ် ပို၍ စိတ်မချမ်းမြေ့ ဒေါသ ဖြစ်လာရသည်။ ဤအတွက်လည်း တခုခု လုပ်ဆောင်ချင်နေသည်။ သူက သူ၏မိတ်ဆွေ (၈) ဦးကို မြို့ထဲရှိ ခေါက်ဆွဲဆိုင်တွင် ဆုံတွေ့ရန် ချိန်းဆိုလိုက်သည်။ သူ၏ မိတ်ဆွေအားလုံးက လည်း အလားတူဒုက္ခခံစားနေရသူ များနှင့် မကျေမချမ်း ဖြစ်နေသူများ ဖြစ်သည်။ သူတို့က စစ်တပ်ကိုဆန့်ကျင် ၍ ဆန္ဒပြကြရန် စဉ်းစားဆုံးဖြတ်ကြသည်။ အဓမ္မလုပ်အား ခိုင်းစေမှုကို လျှော့ချရန်နှင့် လွတ်လပ်ခွင့်ပိုမိုရရှိရေးအတွက် တောင်းဆိုရန် သဘောတူကြသည်။

သူတို့က လေးလေးနက်နက် ဆွေးနွေးနေကြစဉ် အရပ်ဝတ်နှင့် လူ (၂) ဦးက သူတို့၏ စားပွဲသို့ ချဉ်းကပ်လာသည်။ ထိုသူများ က သူတို့ကို လူ (၅) ဦးထက် ပို၍ စုဝေးခြင်းသည် ဥပဒေအရ ဆန့်ကျင်နေကြောင်း ပြောသည်။ ချက်ချင်း လူစုခွဲရန်လည်းပြော သည်။ထိုသူများသည်စစ်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များသို့မဟုတ်အထူးသတင်းတပ်ဖွဲ့ဝင်များ ဖြစ်သည်ဟု သဘောပေါက် လာသည့်အခါ ကိုအောင်ခိုင်နှင့် သူမိတ်ဆွေများလည်းထ၍ ထွက်ခွာလာခဲ့တော့သည်။ ထောက်လှမ်းရေးတဦးက ကိုအောင် ခိုင်၏ ပခုံးပေါ်တွင် သူ၏ လက်ကိုတင်ထားပြီး ကုလားထိုင်တွင် ဆက်ထိုင်နေရန် ပြောသည်။ သူ၏ သူငယ်ချင်းများထွက်ခွာ သွားသည့်အခါ ကိုအောင်ခိုင်၏ အနီးရှိနေသူ ထောက်လှမ်းရေးက သူ၏ ပါးကို ရိုက်လိုက်ပြီး ပြောသည်။ ''ငါတို့က မင်း လုပ်ပုံကိုင်ပုံတွေ ပြောင်းဖို့ သတိပေးချင်တယ်။ အခုမင်းတို့ တရားမဝင် အစည်းအဝေးလုပ်နေကြတာငါတို့ သိထားပြီ။ မင်းကို ဒီအတွက် အပြစ်ပေးရမယ်'' ဟု ပြောသည်။

ဖမ်းဆီးခံရမည်နှင့် အချုပ်အနှောင်ခံရပါက ထောင်အတွင်း နှိပ်စက်ညှဉ်းပမ်းခံရမည်ကို စိုးသောကြောင့်ထောက်လှမ်းရေးများက သူ၏လက်ကို စည်းနှောင်နေသည့်အချိန်တွင် ကိုအောင်ခိုင်က ထိုသူများကို တွန်းလှဲလိုက်သည်။ ထိုသူလည်း ကုလားထိုင် တခုပေါ်ကျပြီး မြေပေါ်ချော်လဲသွားသည်။ အခြားသူတဦးက အလျှင်အမြန်ပြေးလာပြီး ကိုအောင်ခိုင်ကို ဖမ်းဆီးရန်ကြိုးစားသည်။ သို့သော်လည်း မအောင်မြင်ပါ။ ကိုအောင်ခိုင်က သူ၏အိမ် ရောက်သည့် အထိ တချိုးတည်း ပြေးလာခဲ့သည်။ အိမ်သို့ ရောက်သည့်အခါ တခဏအတွင်း ထောက်လှမ်းရေးများက နောက်ယောင်ခံ လိုက်လာမည်ကို သူတွေးမိလာသည်။ သူက ပစ္စည်းများကို အလျှင် အမြတ်ထုပ်ပိုး၍ ရန်ကုန်သို့ထွက်ပြေးလာခဲ့သည်။ နောက်ဆုံး ထိုမှတဆင့် ထိုင်းနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး ထိုင်းနိုင်ငံ အနောက်ပိုင်း ဒေသတခုရှိလယ်ယာတခုတွင် လုပ်သားအဖြစ် လုပ်ကိုင်နေသည်။

ndburma2.indd 190 26-Dec-09 13:05:26

(၇) တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာပုံစံ

တွေ့ဆုံမေးမြန်းခြင်းသည် အဓိကကျသော အချက်အလက်များကို ရှာဖွေစုဆောင်းနည်းပင် ဖြစ်သည်။ အဓိကအကြောင်းရင်းမှာ အဖြစ်အပျက်တခုနှင့် ပတ်သက်၍ လူတို့သည် သတင်းအချက်များကို အများဆုံးရရှိထားသူများဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခြင်းသည် အချက်အလက်ရှာဖွေစုဆောင်းသောလုပ်ငန်းအတွက် အခြေခံကျသည်ဖြစ်ရာ၊ တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အကောင်းဆုံး ရရှိထားခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘက်ပေါင်းစုံမှနေ၍ အသေးစိတ်ကျကျ ဖေါ်ထုတ်ရေးတွင် သော့ချက်တခုဖြစ်ပါသည်။ အထက်ဖေါ်ပြပါ ဖြစ်ရပ်မှန်ပုံစံကို အခြေခံထားသော တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ (၂) ခုကို အောက်မှာဖေါ်ပြထားပါသည်။ ပထမ တွေ့ဆုံမေးမြန်းခြင်းသည် အရည်အသွေးညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပြီး၊ ဒုတိယ တွေ့ဆုံမေးမြန်းခြင်းသည် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်း၏ သာဓကဖြစ်ပါသည်။ သာဓကတခုစီ၏ အောက်ခြေတွင် ပိုင်းခြားသုံးသပ်ချက်များကို ဖေါ်ပြထားပါသည်။

၁။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ညံ့)

မေး – (နအဖ) စစ်အစိုးရက ခင်ဗျားရဲ့ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နဲ့ စုဝေးခွင့်ကို ချိုးဖောက်တယ်၊ ဟုတ်ပါသလား။

ကိုအောင်ခိုင် – ဟုတ်ပါတယ်။ မြန်မာနိုင်ငံမှာ လွတ်လွတ်လပ်လပ် ဘာမှ ပြောလို့မရပါဘူး။ စုဝေးလို့လည်း မရပါဘူး။ ဒုက္ခတွေ့ရပါလိမ့်မယ်။

မေး – ခင်ဗျားက တခြားသူတွေနဲ့ ဆက်သွယ်ဖို့ ကြိုးစားတာကို သူတို့က ကြားဝင်နှောက်ယှက်ခဲ့ပါသလား။

ကိုအောင်ခိုင် – ဟုတ်ပါတယ်။

မေး – ခင်ဗျားရဲ့ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို ကန့်သတ်ထားတဲ့ ဥပဒေတွေ ပြဋ္ဌာန်းထားတာရှိသလား။

ကိုအောင်ခိုင် – ကျနော် မသိပါဘူး။ ကျနော်သိတာက ကျနော်တို့ကို မြန်မာနိုင်ငံမှာ လွတ်လွတ်လပ်လပ် ပြောဆိုခွင့် ပေး မထားဘူးဆိုတာပါပဲ။

မေး – ဆိုတော့ မြန်မာနိုင်ငံမှာ လူတွေရဲ့ ပြောဆိုခွင့်ကို (နအဖ) စစ်အစိုးရက ကန့်သတ်ထားတာအတွက် တရားဥပဒေကြောင်းအရ ရှင်းလင်းဖော်ပြချက်တွေ မရှိဘူးပေါ့။

ကိုအောင်ခိုင် – အဲသည်လို ရှိတာ ကျနော် မသိပါဘူး။ သူတို့ပြောတာက ကျနော့ ပါးစပ်က ရန်သူအသုံးချတဲ့ ပါးစပ်လို ဖြစ်နေပြီလို့ ပြောပါတယ်။ ဘာဆိုလိုတယ်ဆိုတာ ကျနော် မသိပါဘူး။

မေး – ခင်ဗျားရဲ့ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို ကြားဝင်နှောက်ယှက်တာဟာ အစိုးရဌာနက လူတဦးဦး ဟုတ်ပါသလား။

ကိုအောင်ခိုင် – မြန်မာစစ်တပ်က စစ်သား ၂–ဦးက ကျနော့်ကို ရိုက်နှက်ပါတယ်။ အစိုးရကိုဆန့်ကျင်ပြောရင် ဖမ်းဆီးမယ်လို့ ခြိမ်းခြောက်ပါတယ်။

မေး – လူအုပ်စုအလိုက်လည်း တွေ့ဆုံလို့ မရဘူး။ ဟုတ်ပါသလား။

ကိုအောင်ခိုင် – မှန်ပါတယ်။ သူတို့က တရားမဝင်ဘူးလို့ ပြောပါတယ်။

မေး – လွတ်လပ်စွာ စုဝေးခွင့်ကို တားမြစ်ထားတဲ့ ဥပဒေတွေ ပြဋ္ဌာန်းထားတာ ရှိပါသလား။

ကိုအောင်ခိုင် – ရှိပါတယ်။ ကျနော်တို့ကို လူ ၅–ဦးထက်ပိုပြီး စုဝေးခွင့်မပေးပါဘူး။ ဒါပေမယ့် ဒီဥပဒေကိုလည်း အမြဲတန်း အရေးယူဆောင်ရွက် နေတာတော့ မဟုတ်ပါဘူး။

မေး – အဲဒီဥပဒေက တရားဝင် အကြောင်းရည်ရွယ်ချက်အတွက် ပြဋ္ဌာန်းတာလား။

ကိုအောင်ခိုင် – ကျနော် မသိပါဘူး။

ndburma2.indd 191 26-Dec-09 13:05:26

မေး – ခင်ဗျားရဲ့ လွတ်လပ်စွာ စုဝေးခွင့်ကို ကြားဝင်နှောက်ယှက်တာဟာ အစိုးရဌာနက လူတဦးဦး ဟုတ်ပါသလား။

ကိုအောင်ခိုင် – သူတို့က စစ်ထောက်လှမ်းရေးက လူ ၂–ယောက်ပါ။ ကျနော်ကတော့ သူတို့ကို အဲသည်လို ထင်တာပါပဲ။ ဒါပေမယ့် သူတို့က အရပ်ဝတ် ဝတ်ထားပါတယ်။

မေး – ခင်ဗျား အချိန်ပေး ဖြေကြားတာ ကျေးဇူးတင်ပါတယ်။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

အရည်အသွေး ညံ့ဖျင်းသော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရခြင်းမှာ အကြောင်းအချက်များစွာရှိပါသည်။

ပထမအချက်– တိုလွန်းသည်။ ချိုးဖောက်မှုတခုဖြစ်ကြောင်း ဖေါ်ပြရန်လိုအပ်သည့် အဂၤါရပ်များအကြောင်းမှတ်တမ်းပြုရန် တည်းဟူသော တွေ့ဆုံမေးမြန်းခြင်း၏ ရည်မှန်းချက် ပေါက်မြောက်ခြင်းမရှိချေ။ ဖြစ်ပွားပုံကို အသေးစိတ်ပေါ်လွင်စေရေး အတွက် မေးခွန်းများ လုံလောက်ခြင်းမရှိ။ နောက်ဆက်တွဲမေးခွန်းများသည်ဖြစ်ရပ်၏ ရှုပ်ပုံကားချပ်ကို အပြည့်အဝ ဖေါ်ပြရေးတွင် အထူးအရေးကြီးပါသည်။

ဒုတိယအချက်– ဤမေးခွန်းများသည် အများအားဖြင့် နိမိတ်ပြမေးခွန်းများဖြစ်နေသည်။ ဆိုလိုသည်မှာ မည်သို့ဖြေကြားသင့်ကြောင်း ကိုအောင်ခိုင်ကို အရိပ်အကဲပြသည့်သဘောဖြစ်နေသည်။ သူက "ဟုတ်ပါသည်" သို့မဟုတ် "မဟုတ်ပါ" ဟုဖြေနေ ပါက အရေးကြီးသော အသေးစိတ်အချက်အလက်များကို ကျန်သွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ အနေနှင့်လည်း အရေးကြီးသော သတင်းအချက်အလက်များကို လက်လွတ်သွားလိမ့်မည်။ ထို့ပြင် ကိုအောင်ခိုင် ဘက်ကလည်း သူ့ဟာသူ လွတ်လွတ်လပ်လပ် ပြောပြလိုသည့် သဘောနည်းသွားနိုင်ပြီး၊ တွေ့ဆုံမေးမြန်းသူ ကြားလိုသော အဖြေများကို ပေးလိုသည့် သဘောပိုများသွား နိုင်ပါသည်။

တတိယအချက်–ဤတွေ့ဆုံမေးမြန်းခြင်းသည် တွေ့ဆုံမေးမြန်းသူ မူလကတည်းက သံသယရှိနေသော ချိုးဖောက်မှုကိုသာလျှင် အာရုံစိုက်ထားပြီး၊ အခြားချိုးဖောက်မှုများအတွက် အထောက်အထားရနိုင်သော မေးခွန်းများကို မေးခြင်းမရှိချေ။ ဤသာဓက ဖြစ်ရပ်ကဲ့သို့သော လွပ်လပ်စွာဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်ကို ကြားဝင်နှောက်ယှက်မှုဖြစ် ရပ်များသည် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားနေသည့် ကြားမှာ ဖြစ်ပွားတတ်ပါသည်။ အသေးစိတ်ကျသော တွေ့ဆုံမေးမြန်းမှုတခုကို လုပ်ခြင်းအားဖြင့် အဓမ္မလုပ်အားခိုင်းစေခြင်း ကဲ့သို့သော ကျူးလွန်မှုအများအပြားအတွက် အထောက်အထားများလည်း ရနိုင်ဖွယ်ရှိပါသည်။

နောက်ဆုံးအချက်– ကိုအောင်ခိုင်၏ ဖြစ်ရပ်ကို အတည်ပြုဖေါ်ပြပေးမည့် သတင်းအချက်အလက် တစုံတရာကို ဤတွေ့ဆုံ မေးမြန်းခြင်းမှနေ၍ မရရှိချေ။ ကိုအောင်ခိုင်၏ သတင်းကို ပံ့ပိုး အတည်ပြုရေးအတွက်သက်သေအထောက်အထားရှိ၊ မရှိ။ သူ့အားမေးကြည့်ခြင်းသည် ကောင်းမွန်သော မှတ်တမ်းပြုမှုတခု၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။

၂။ တွေ့ဆုံမေးမြန်းခြင်း နမူနာပုံစံ – (ကောင်း)

မေး – ကိုအောင်ခိုင် ခင်ဗျား။ မြန်မာနိုင်ငံမှာ ဘယ်လိုအခြေအနေတွေကြုံခဲ့လို့ အခုလို ထွက်ခွာလာရတယ်ဆိုတာ ပြောပြပါလား။

ကိုအောင်ခိုင် – အစိုးရအကြောင်း ကျနော့် စိတ်ထဲရှိတာပြောမိလို့ အာဏာပိုင်တွေနဲ့ ပြဿနာတက်ရပါတယ်။ ကျနော် ပြင်းပြင်းထန်ထန် ရိုက်နှက်ခံရပြီး၊ နောက်ထပ် တခြားကိစ္စတွေ ဆက်ပြောနေရင် ထောင်ချခံရမယ်လို့လည်း ခြိမ်းခြောက်ပါတယ်။ ထောက်လှမ်းရေးတွေက ကျနော်သူငယ်ချင်းတွေနဲ့ ဆန္ဒပြပွဲတခု စီစဉ်နေတာကိုကြားသွားပြီး၊ ဖမ်းဖို့ လုပ်ပါတယ်။ ကျနော် လွတ်အောင်ထွက်ပြေးလာနိုင်ပြီး အခုထိုင်းနိုင်ငံကို ထွက်လာတာပါ။

မေး – အာဏာပိုင်တွေနဲ့ ပြဿနာစတက်ရတဲ့ ကိစ္စက ပထမပိုင်းမှာ ခင်ဗျားက ဘယ်လိုပြောခဲ့လို့လဲ။

ndburma2.indd 192 26-Dec-09 13:05:26

ကိုအောင်ခိုင် – အမှန်အတိုင်း ပြောမိတာပါ။ ကျနော် ပြောတာက ကျနော်တို့က မြန်မာနိုင်ငံမှာ အကျဉ်းသားလို ဖြစ်နေရတယ်။ ကျနော်တို့အားလုံး ပျက်စီးကိန်းမဆိုက်ခင် တခုခုလုပ်ဖို့လိုအပ်နေပြီလို့ ပြောမိတာပါ။ ကျနော်က အခုလိုဖိနှိပ်ခံနေရတာကို စိတ်ကုန်နေပါပြီ။ ဒေါသလည်း ထွက်မိပါတယ်။ ကျနော်တို့ကို အမြဲတမ်း အခမဲ့လုပ်အားပေးဖို့ ခေါ်နေပါတယ်။ စစ်သားတွေက ကျနော်တို့ကို ရိုက်တဲ့အခါကျတော့ ခွေးတွေလိုပဲ ဆက်ဆံပါတယ်။ ကျနော့်အစ်ကိုက အခု ကိုယ်တခြမ်းလေဖြတ်နေပါတယ်။ အကြောင်းကတော့ သူတို့နှိပ်စက်ထားလို့ပါပဲ။ ကျနော် ပါးစပ်ပိတ်မထားနိုင်တော့ပါဘူး။

မေး – ဒီကိစ္စနဲ့ ပတ်သက်လို့ ခင်ဗျားဘယ်နေရာမှာ ပြောသလဲ။

ကိုအောင်ခိုင် – ကျနော်က ဒီပြဿနာတွေကို သူငယ်ချင်းတယောက်နဲ့ လက်ဖက်ရည်ဆိုင်မှာပြောမိတာပါ။ သူက ကျနော့်ကို အသံနှိမ့်ပြောဖို့ သတိပေးပါသေးတယ်။ ဒါပေမယ့် ကျနော်က သိပ်ဒေါသထွက်နေတယ်။ ကျနော် လိုအပ်တာ ထက်ပိုပြီး အသံကျယ်ကျယ် ပြောမိတယ်။

မေး – ခင်ဗျား ဘယ်လိုဒဏ္ဍတွေ့ရတာလဲ။

ကိုအောင်ခိုင် – စစ်သား ၂–ယောက် လက်ဖက်ရည်ဆိုင်ထဲ ဝင်လာတာကို ကျနော် သတိမထားမိပါဘူး။ သူတို့ ကျနော်ပြောတာ ကြားသွားတဲ့ပုံ ရပါတယ်။ သူတို့က ကျနော်တို့ စားပွဲကို ရောက်လာပြီး ကျနော့်ကို ပါးရိုက်တယ်။ သူတို့က ကျနော့်ပါးစပ်ဟာ ရန်သူအသုံးချပစ္စည်းဖြစ်နေပြီလို့ ပြောပါတယ်။ ထောင်ချမယ်လို့လည်း ခြိမ်းခြောက်ပါတယ်။

မေး – အဲဒါပြီးတဲ့နောက် ဘယ်လို ဖြစ်သလဲ။

ကိုအောင်ခိုင် – သူတို့က ကျနော့်ကို ပြင်းပြင်းထန်ထန် ထိုးကြိတ်ရိုက်နှက်ပါတယ်။ ကျနော့်လက် ကျိုးသွားပြီး တကိုယ်လုံးလည်း ဖူးယောင်သွားပါတယ်။

မေး – ခင်ဗျား ဆရာဝန်ဆီကို သွားပြသလား။

ကိုအောင်ခိုင် – ဟုတ်ကဲ့။ ကျနော့် ဒဏ်ရာကို ဖော်ပြထားတဲ့ ဆေးမှတ်တမ်း လိုအပ်မယ်ဆိုရင် ယူပေးလို့ရပါတယ်။ ခင်ဗျား စိတ်ဝင်စားမယ် ဆိုရင်ပေါ့။

မေး – စိတ်ဝင်စားပါတယ်။ သိပ်ကောင်းတာပေါ့။ ခင်ဗျား ပြောသလို လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို တားမြစ်ထားတဲ့ ဥပဒေတွေများ ရှိသလား။ ခင်ဗျား သိသလား။

ကိုအောင်ခိုင် – ဥပဒေ ရှိတယ်လို့တော့ ကျနော် သေချာမသိပါဘူး။ ကျနော် သိတာကတော့ ကျနော်တို့ကို လွတ်လွတ်လပ်လပ် ပြောရေးဆိုခွင့် မပေးတာပါပဲ။ အထူးသဖြင့် အစိုးရကို ဆန့်ကျင်ပြီး ပြောလို့ မရပါဘူး။

မေး – ခင်ဗျားတို့ ဆွေးနွေးနေကြတဲ့ကိစ္စကို စစ်သားတွေ ဝင်နှောက်ယှက်တာ ဘယ်လိုအကြောင်းပြချက် ပေးပါသလဲ။

ကိုအောင်ခိုင် – သူတို့က ဘာအကြောင်းပြချက်မှ မပေးပါဘူး။ သူတို့က ကျနော့် ပါးစပ်တော့ ရန်သူ့အသုံးချပစ္စည်းဖြစ်နေပြီလို့ ပဲ ပြောပါတယ်။ သူတို့မှာ အကြောင်းရှိတယ်လို့ ကျနော်တော့ မထင်ပါဘူး။ သူတို့က အမှန်တရားကို ပြောတယ် ဆိုရင် အားလုံးကြောက်နေတာပါပဲ။ သူတို့ အာဏာစွန့်ရမှာကို မလိုလားပါဘူး။

မေး – စစ်သားတွေက ဘယ်သူတွေလဲ။

ကိုအောင်ခိုင် – သူတို့ နံမည်တွေတော့ မသိပါဘူး။ သူတို့က ကျနော်ထင်တာတော့ ခြေမြန်တပ်ရင်း (၅၅၂) က ရိုးရိုးရဲဘော်စစ်သားတွေပါ။

မေး – ခင်ဗျားပြောတယ်။ သူငယ်ချင်းတွေနဲ့ ဆန္ဒပြပွဲ တခုစီစဉ် ဆွေးနွေးနေတုန်း ပြဿနာ ထပ်တက်တယ် ဆိုတာလေ။ ဘယ်လို ဖြစ်တာလဲဆိုတာ ပြောပြနိုင်မလား။

ကိုအောင်ခိုင် – ဟုတ်ကဲ့။ ကျနော် စစ်သားတွေ ရိုက်နှက်ခံရပြီးတဲ့နောက်ပိုင်းမှာ ကျနော်တို့ နိုင်ငံအခြေအနေနဲ့ ပတ်သက်လို့ ပိုပြီး ခံစားဒေါသ ဖြစ်လာရပါတယ်။ ကျနော်က ဒါနဲ့သူငယ်ချင်းတွေကို ခေါက်ဆွဲဆိုင်မှာ ချိန်းလိုက်ပါတယ်။ ကျနော်

ndburma2.indd 193 26-Dec-09 13:05:27

တို့က အခြေအနေတွေကို ဆွေးနွေးပါတယ်။ ဒါနဲ့ နောက်တော့ ဆန္ဒပြပွဲတခုလုပ်ဖို့ ဆွေးနွေးပြောဆိုဖြစ်ကြပါတယ်။ အဲဒီအချိန်မှာပဲ ထောက်လှမ်းရေးတွေ ဝင်လာတာပါ။

မေး – အဲဒီ အစည်းအဝေးမှာ ခင်ဗျား မိတ်ဆွေဘယ်နှစ်ယောက်လောက် ပါသလဲ။

ကိုအောင်ခိုင် – ကျနော်ပါရင် ၉–ယောက်ပါ။ ကျနော်နဲ့ မိတ်ဆွေ ၈–ယောက်ပါ။

မေး – ထောက်လှမ်းရေးတွေ ရောက်လာတော့ ဘယ်လို ဆက်ဖြစ်ပါသလဲ။

ကိုအောင်ခိုင် – သူတို့က ကျနော်တို့ အခုလို အစည်းအဝေးလုပ်နေတာ တရားမဝင်ဘူး။ လူစုခွဲကြဆိုပြီးပြောပါတယ်။ ကျနော့်ကိုတော့ နေခဲ့လို့ ပြောပါတယ်။ ကျနော့်သူငယ်ချင်းတွေ ထွက်သွားကြတော့ မင်းကိုအရင်ကလည်း သတိပေးပြီးသားလို့ ပြောပါတယ်။ သူတို့က ဖမ်းဖို့လုပ်ပါတယ်။ ဒါပေမယ့် ကျနော်ထွက်ပြေးလာနိုင်ခဲ့တယ်။

မေး – ခင်ဗျားတို့ အစည်းအဝေးက ဘာဖြစ်လို့ တရားမဝင်ဘူးလို့ ပြောတာလဲ။ သိသလား။

ကိုအောင်ခိုင် – ဘာဖြစ်လို့လဲ ဆိုတော့ မြန်မာနိုင်ငံမှာ လူ ၅–ဦးထက် ပိုပြီး စုရုံးခွင့် မရှိဘူးဆိုတဲ့ ဥပဒေရှိပါတယ်။ ဒါပေမယ့် အမြဲတစေတော့ စည်းကြပ်နေတာ မရှိပါဘူး။

မေး – အဲဒီ ဥပဒေပြဋ္ဌာန်းရခြင်းရဲ့ ရည်ရွယ်ချက်ကို သိပါသလား။

ကိုအောင်ခိုင် – ကျနော်မသိပါဘူး။ ကျနော် ထင်တာတော့ အာဏာရှင်တို့စုဆုံပြီး နိုင်ငံရဲ့ အခြေအနေကို စကားပြောကြမယ်ဆိုရင် ကျနော်တို့စည်းလုံးမိပြီး သူတို့ကို တော်လှန်မှာစိုးလို့ထင်ပါတယ်။ သူတို့က ကျနော်တို့ကို ဖိနှိပ်ပြီး ထားချင်တာပါ။ ဒါမှပဲ ကျနော်တို့ကို တိရိစ္ဆာန်တွေလို ဆက်ပြီး အုပ်ချုပ်နိုင်မှာပါ။

မေး – အဲဒီလူတွေကို ထောက်လှမ်းရေးလို့ ခင်ဗျား ဘယ်လို လုပ်သိသလဲ။

ကိုအောင်ခိုင် – ကျနော် မသေချာပါဘူး။ သူတို့က အရပ်ဝတ်ပဲ ဝတ်ထားပါတယ်။ ဒါပေမယ့် သူတို့က တောက်တောက် ပြောင်ပြောင် ဝတ်စားထားတာပါ။ (နအဖ) စစ်အစိုးရဆီမှာ ထောက်လှမ်းရေး လုပ်နေတဲ့သူတွေက ဒီပုံအတိုင်း ဝတ်စားကြတာပါ။ သူတို့က စစ်ထောက်လှမ်းရေးလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် အထူးသတင်းတပ်ဖွဲ့ကလည်း ဖြစ်နိုင်ပါတယ်။ သူတို့က အဲဒါ အပြင် ကျနော့်အတိတ်က ပြဿနာကိုလည်း သိထားကြပါတယ်။

မေး – ခင်ဗျား ကိစ္စပြဿနာကို သိတဲ့ အခြားသူတဦးဦးနဲ့ ကျနော် စကားပြောချင်တယ်ဆိုရင် ဖြစ်နိုင်မလား။

ကိုအောင်ခိုင် – ရပါတယ်။ ကျနော့်ကိစ္စကို အစအဆုံး သိမြင်လိုက်ရတဲ့ သူတဦးက အခု ဒီမြို့အပြင်ဖက်နားမှာပဲ နေထိုင်နေပါတယ်။ သူက စစ်ထောက်လှမ်းရေးတွေက သူ့နောက်လိုက်လာမှာကို ကြောက်ပြီး၊ ကျနော် ထွက်ပြေးပြီးနောက် တပတ်အကြာလောက်မှာ ထွက်ပြေးလာခဲ့တဲ့သူပါ။ သူက အရင် လက်ဖက်ရည်ဆိုင်တုန်းကလည်းရှိတယ်။ ခေါက်ဆွဲဆိုင်ကိစ္စ ပြဿနာမှာလည်း အတူရှိနေတဲ့သူပါ။ သူ့ကို ဘယ်လိုဆက်သွယ်နိုင်တယ်ဆိုတာ ကျနော် ပြောပြနိုင်ပါတယ်။

မေး – သိပ်ကောင်းတာပဲခင်ဗျာ။ ခင်ဗျား အခြားကိစ္စတခုခု ဖြည့်စွက်ပြောချင်တာများ ရှိပါသေးသလား။ ဒါမှမဟုတ် ကျနော့်ကို မေးချင်တာများ ရှိပါသလား။

ကိုအောင်ခိုင် – ကျနော် မျှော်လင့်တာတော့ တနေ့မှာ ကျနော့်နိုင်ငံမှာ အေးအေးချမ်းချမ်း ပြန်ပြီး နေလို့ရမယ်ထင်ပါတယ်။ ကျနော်က ကျနော့်နိုင်ငံကို မုန်းလို့မဟုတ်ပါဘူး။ ကျနော့်နိုင်ငံကို ချစ်ပါတယ်။ ဒါပေမယ့် အဲဒီမှာအခုတော့ ဆက်နေလို့ မဖြစ်နိုင်ပါဘူး။ လွတ်လပ်ခွင့်တွေ ဘာမျှမရှိပါဘူး။ လူထုတွေအတွက် ငြိမ်းချမ်းရေးဆိုတာမရှိပါဘူး။ စစ်အာဏာပိုင်တွေရဲ့ သနားမှနေလို့ရတဲ့ ဘဝအခြေအနေပါ။ တကယ်လို့ ဒီမိုကရေစီရရင်တော့ အခြေအနေတွေ ကောင်းလာမယ်ထင်ပါတယ်။ အဲဒီအချိန်တော့ ကျနော်ပြန်ပါ့မယ်။

မေး – ခင်ဗျားအတွေ့အကြုံတွေကို ကျနော့်ကို မျှဝေပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ် ခင်ဗျာ။ ခုလို ပြောပြရတာ သိပ်ခက်ခဲမယ်လို့လည်း ကျနော်ယုံကြည်ပါတယ်။ တကယ်လို့ ဆန္ဒရှိမယ်ဆိုရင်ခင်ဗျား အခက်

ndburma2.indd 194 26-Dec-09 13:05:27

အခဲတွေကို ပြောပြနိုင်မယ့်သူ၊ ခင်ဗျားကို ကူညီပေးနိုင်မယ့်သူ တယောက်ယောက်ကို ကျနော်မိတ်ဆက်ပေးချင်ပါတယ်။ သူတို့ ခင်ဗျား စိတ်ထဲရှိတာ ပြောပြနိုင်ပါတယ်။

ကိုအောင်ခိုင် – ကျနော် အခုအချိန်မှာတော့ အဆင်ပြေပါတယ်။ အခုလို ပြောတာကျေးဇူးတင်ပါတယ်။

မေး – တကယ်လို့ ကျနော် ခင်ဗျားကို ထပ်ပြီးပြောဆိုမေးမြန်းချင်တာလေး တွေ့ရှိမယ်ဆိုရင် ဘယ်လိုဆက်သွယ်ရမလဲ ခင်ဗျာ။

ကိုအောင်ခိုင် – ကျနော် အခုလယ်ကွင်းမှာပဲ နေ့တိုင်းအလုပ်လုပ်ပါတယ်၊ ဒါကြောင့် အကယ်၍ ခင်ဗျားသိချင်တာ မေးမြန်းချင်တာလေးတွေ ရှိရင် ဒီကိုပဲလာလို့ရပါတယ်ဗျာ။

ဤတွေ့ဆုံမေးမြန်းခြင်းသည့် အဘယ့်ကြောင့် ကောင်းမွန်သော တွေ့ဆုံမေးမြန်းခြင်းဖြစ်ရပါသနည်း။

ဤတွေ့ဆုံမေးမြန်းခြင်းသည် ကောင်းပါသည်ဟု ဆိုရခြင်းမှာ ကိုအောင်ခိုင် က သူ့ဖြစ်ရပ်ကို ပြောပြသောကြောင့် ဖြစ်ပါသည်။ ပွဲဦးထွက် မေးခွန်းများသည် လမ်းဖွင့်မေးခွန်းများ ဖြစ်ပြီး၊ နောက်ဆက်တွဲ မေးခွန်းများလည်း ပါဝင်ပါသည်။ ချိုးဖောက်မှုတခု အဖြစ် သတ်မှတ်ရေးအတွက် အဂိါရပ်အသီးသီးကို မှတ်တမ်းပြုရာ၌ သူ၏ ဖြေကြားချက်များသည် အထောက်အကူ ဖြစ်စေပါသည်။ သာဓကအားဖြင့်ဖော်ပြရလျှင် ကိုအောင်ခိုင်သည် လွှပ်လပ်စွာဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်ကို ချိုးဖောက်မှုနှင့် ပတ်သက်၍ အောက်ပါသတင်း အချက်အလက်များကို ပေးပါသည်။

ပထမအချက် အနေဖြင့် ကိုအောင်ခိုင်သည် ဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်ကိုချိုးဖောက်မှု သတ်မှတ်ရေးအတွက် လိုအပ်သော သတင်းအချက် အလက်များပေးသည်။ သူ့ကို မြန်မာစစ်သားများက သတိပေးကြောင်းနှင့် အစိုးရဆန့်ကျင်ရေးစကား ပြောဆိုနေသည်ကို ကြားရသည့်အတွက် ရိုက်နှက်ကြောင်းဖော်ပြပြောဆိုခဲ့သည်။ သူကထပ်၍ ဖော်ပြရာတွင်ထောက် လှမ်းရေးများကလည်း သူနှင့်အခြားမိတ်ဆွေများ ခေါက်ဆွဲဆိုင်တွင် အစည်းအဝေးပြုနေသည်ကို တွေ့ရှိရပြီး နောက် ဖမ်းရန်စီစဉ်ခဲ့ကြောင်း၊ ပြောပြသည်။ သူ လက်ကျိုးခဲ့ရသည့် ဆေးမှတ်တမ်းကို ရလျှင် သူ–ပြောပြသည့် သတင်းအချက် အလက်ကို အတည်ပြုနိုင်မည်ဖြစ်သည်။

ဒုတိယအချက် အနေဖြင့် ကိုအောင်ခိုင်သည် သူ၏လွှတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်ကို အသုံးချရန် ကြိုးပမ်းခဲ့ကြောင်း အသေးစိတ် အချက်များကို ပြောပြသည်။ သူက လက်ဖက်ရည်ဆိုင်တွင် အစိုးရကို ဝေဖန်မိသည်ကို ကြားသွားသည့်အတွက် ပြဿနာတက်ရကြောင်း ဖော်ပြသည်။ သူနှင့် မိတ်ဆွေ ၈–ဦး ဆွေးနွေးစုဝေး ပြောဆိုနေကြသည်ကိုလည်း ထောက်လှမ်းရေးများက ကြားဝင်နှောက်ယှက်ကြောင်းပြောပြခဲ့သည်။ ထောက်လှမ်းရေးများက ယခု အစည်းအဝေးသည် တရားမဝင်ဖြစ်ကြောင်းပြောပြီး ကိုအောင်ခိုင်ကို ဖမ်းဆီးရန်ကြိုးစားသည်။ သူ၏ ထွက်ဆိုချက်အရ သူသည် ရပိုင်ခွင့်ရှိသည့် လွှတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်ကို အသုံးချခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။ ကိုအောင်ခိုင်၏ သူငယ်ချင်းနှင့် တွေ့ဆုံ မေးမြန်းခြင်းဖြင့် သူပြောသည့်ကိစ္စများကို အတည်ပြုနိုင်မည်ဖြစ်သည်။

တတိယအချက်အနေဖြင့် ကိုအောင်ခိုင်သည် သူ့အားဝင်ရောက်နှောက်ယှက်ခြင်းသည် တရားမဝင်ကြောင်း သတ်မှတ်ရန် အတွက် အသေးစိတ် အချက်အလက်များကို ပေးအပ်ခဲ့သည်။ သူက တည်ရှိနေသော ဥပဒေသည် လက်ဖက်ရည်ဆိုင် အတွင်း၌ သူပြောဆိုခဲ့သည့် လွှတ်လပ်စွာ ပြောဆိုခွင့်ကို တားမြစ်ပိတ်ပင်ထားခြင်း ရှိ–မရှိ မသေချာသော်လည်း၊ ဤတားမြစ်ချက်သည် တရားဥပဒေလမ်းကြောင်းအရ ဖြစ်နိုင်ချေ မရှိမှန်း သိသာပါသည်။ အလားတူပင် ကိုအောင်ခိုင်က လူ ၅–ဦးထက် ပို၍ စုရုံးခွင့် မရှိကြောင်း ဥပဒေပြဋ္ဌာန်းထားသည်ကို ပြောပြသည်။ သို့သော် ဤဥပဒေ၏ အကြောင်းပြချက်သည် လိုအပ်ချက်နှင့် တရားဝင်မှုတို့ အတွက် စံချိန်စံညွှန်း ပြည့်စုံသည့် အလားအလာ မဟုတ်ချေ။ ထို့ကြောင့် ဝင်ရောက် နှောက်ယှက်ခြင်းသည် တရားမဝင်ကြောင်းကို ပေါ်ထွက်လာစေသည်။

နောက်ဆုံးအချက်အနေဖြင့် ချိုးဖောက်မှုတွင် အစိုးရပိုင်းမှ ပုဂ္ဂိုလ်များပါဝင်ကြောင်းကို ကိုအောင်ခိုင်က ဖော်ပြခဲ့သည်။ သူ လွှတ်လပ်စွာ ပြောဆိုသည်ကို စစ်သား ၂–ဦးက ဝင်ရောက် နှောက်ယှက်ကြောင်း၊ သူက လွှတ်လပ်စွာ လူစု ဝေးပြောဆိုသည် ထောက်လှမ်းရေး ၂–ဦးက ကြားဝင်ဟန့်တားကြောင်း ပြောပြသည်။ ဤအချက်နှင့်ပင်လျှင် အစိုးရ၏ ပါဝင်ပတ်သက်မှုကို ပြသရန် လုံလောက်ပါသည်။

ndburma2.indd 195 26-Dec-09 13:05:27

ဤတွေ့ဆုံ မေးမြန်းခြင်းမှနေ၍ လွှပ်လပ်စွာဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်ကို ချိုးဖောက်ခြင်းနှင့် ဆက်နွယ်နေသည့် အဓမ္မလုပ်အားခိုင်းစေမှု ကဲ့သို့သော အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အထောက်အထားများရရှိပါသည်။ ကိုအောင်ခိုင်က သူနှင့်သူ့အစ်ကိုကို စစ်တပ်အတွက် အကြိမ်ကြိမ် အဓမ္မလုပ်အားပေးရန် ဆင့်ခေါ်ခံရကြောင်း ပြောပြခဲ့သည်။ ကိုအောင် ခိုင်၏ မိတ်ဆွေကို တွေ့ဆုံမေးမြန်းလျှင် သက်သေခံနိုင်မည် ဖြစ်သည်။ အခြားသော ချိုးဖောက်မှုများကို သတ်မှတ်ရန်အတွက် နောက်ထပ် မေးခွန်းများ မေးရန်လိုအပ်မည်ဖြစ်သည်။ အင်တာဗျူးသည် ကောင်းမွန်စွာပြီးဆုံးခဲ့ပါသည်၊ အဘယ်ကြောင့်ဆိုသော် ကိုအောင်ခိုင်က နောက်ထပ် အခြားမေးခွန်းများကို ဖြေကြားရန်လည်း အသင့်ရှိပြီး၊ မေးမြန်းသူကလည်း သူ့ကိုမည်သို့ ဆက်သွယ်ရမည်ကို သိရှိခဲ့ရသောကြောင့် ဖြစ်ပါသည်။

(၅) နိဂုံးချုပ် ။

ဤအခန်းကို ဖတ်ပြီးလျှင် သင့်အနေနှင့် အောက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်စွမ်းရှိရမည်။

- လွှပ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်ကို ဟန့်တားပိတ်ဆို့ခြင်း၏ အဂီါရပ်များကို နိုင်ငံတကာဥပဒေနှင့်အညီ မှတ်သား သိရှိလာခြင်း။
- လွှပ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်ကို ဟန့်တားပိတ်ဆို့မှု အကြောင်း သတင်းအချက်အလက်များကို စုဆောင်းရရှိရေး အတွက် အရေးကြီးသော မေးခွန်းများ ရေးသားပြုစုခြင်း။
- ချိုးဖောက်မှုတရပ်ဖြစ်ပွားခဲ့ခြင်းရှိ–မရှိ သိရှိရေးအတွက် ထိရောက်သော တွေ့ဆုံမေးမြန်းခြင်းတရပ်ကိုဆောင်ရွက်ခြင်း။

ဤလက်စွဲစာစောင်၏ နောက်လာမည့်အခန်းများက လွှပ်လပ်စွာဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်ကို ပိတ်ဆို့မှု၏အထောက်အထားများကို အကဲဖြတ်နည်းအကြောင်း ပို၍ အသေးစိတ်ကျကျ ဆွေးနွေးထားပါသည်။

ndburma2.indd 196 26-Dec-09 13:05:27

t ceÍf(2)

ykdjcm;okdyjcif;
taxmuft xm;rsm;ukd ujzwfjcif;

(၁) အထောက်အထားများကို အစီအစဉ်တကျ စုစည်းခြင်း

လုံလောက်သောအထောက်အထားများကို ရှာဖွေစုဆောင်းပြီးသည်နှင့် ၎င်းတို့ကို အစီအစဉ်တကျ စုစည်းရန်နှင့် နိုင်ငံတကာ ဥပဒေနှင့်ညီစွန်းသော ချိုးဖောက်မှုတခုဖြစ်ကြောင်း ရှင်းလင်းစွာ အကဲဖြတ်ပေးရန် အရေးကြီးပါသည်။ အလားတူလက်ခံချင်ဖွယ်ဖြစ်အောင် တိုက်တွန်းတင်ပြပေးရန်လည်း အရေးကြီးပါသည်။ မှတ်သားထားရမည်မှာ ချိုးဖောက်မှုတခုကို နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့်အညီ သတ်မှတ်ဖေါ်ပြရာ၌ ချိုးဖောက်မှု၏ တင်ပြသောအင်္ဂါရုပ်မှန်သမျှကို ကျေနပ်လောက်အောင် တင်ပြပေးရန် ဖြစ်ပါသည်။ သတင်းအချက်အလက်များကို စတင်၍ ပိုင်းခြားသုံးသပ်ရာ၌ သက်ဆိုင်ရာ ချိုးဖောက်မှု၏ အင်္ဂါရုပ်များကို သတ်မှတ်ထားသည့် စည်းမျဉ်းဘောင် (framework) အဖြစ်အသုံးပြုပြီး အထောက်အထားများကို အစီအစဉ်တကျစုစည်းတင်ပြပါလျှင် ထိရောက်နိုင်ပါသည်။

သာဓကအားဖြင့် ဖော်ပြရလျှင် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်တို့ကို နှောက်ယှက်ခြင်းအဖြစ် သတ်မှတ်ဖော်ပြရာ၌ –

- လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်တို့ကို ထိပါးနှောက်ယှက်ကြောင်း ပြသရန်အတွက် မည်သည့် အထောက်အထားများ ရှိနေပါသနည်း။
- ဤနှောက်ယှက်မှုသည် ဥပဒေနှင့် မညီကြောင်း ပြသရန်အတွက် မည်သည့်အထောက်အထားများ ရှိနေပါသနည်း။
- အစိုးရ၏လုပ်ဆောင်ချက် ပါဝင်ပတ်သက်နေကြောင်းပြသရန်အတွက် မည်သည့်အထောက်အထားများရှိနေပါသနည်း။

သာဓကအားဖြင့် ဖော်ပြရလျှင် မတရား ဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ ကို သတ်မှတ်ဖော်ပြရာ၌ –

- ဖမ်းဆီးခံရခြင်း၊ သို့မဟုတ် ထိန်းသိမ်းချုပ်နှောင်ခံရခြင်းအတွက် မည်သည့် သက်သေအထောက်အထားများ တင်ပြနိုင်သနည်း။
- အတင်းအကျပ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- ယခု လုပ်ဆောင်မှုသည် လူတဦး၏ ပုဂ္ဂလိက လွတ်လပ်မှုကို ချိုးဖောက်ဆုံးရှုံးစေရာ ရောက်ကြောင်း မည်သည့်သက်သေအထောက်အထားများ တင်ပြ နိုင်သနည်း။
- အစိုးရ၏လုပ်ဆောင်ချက် ပါဝင်ပတ်သက်နေကြောင်းပြသရန်အတွက် မည်သည့်အထောက်အထားများရှိနေပါသနည်း။

သာဓကအားဖြင့် ဖော်ပြရလျှင် ကလေးစစ်သားများ သတ်မှတ်ဖော်ပြရာ၌ –

- တပ်သားအဖြစ် စုဆောင်းသိမ်းသွင်းခံရခြင်း၊ ပါဝင်ဆောင်ရွက်ရခြင်းအတွက် မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- နစ်နာရသူ ကာယကံရှင်သည် အသက် ၁၈–နှစ်အောက် ငယ်ရွယ်သူဖြစ်ကြောင်း သက်သေအထောက်အထားများ တင်ပြ နိုင်သနည်း။
- ဤကလေးသည် လက်နက်ကိုင်တပ်ဖွဲ့၏ အဖွဲ့ဝင်၊ လက်နက်ကိုင်အုပ်စု၊ သို့မဟုတ် တိုက်ခိုက်မှုများတွင်ပါဝင်ခဲ့ရကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။

သာဓကအားဖြင့် ဖော်ပြရလျှင် အဓမ္မလုပ်အားစေခိုင်းမှု သတ်မှတ်ဖော်ပြရာ၌ –

- အလုပ်လုပ်ရခြင်း၊ ဝန်ဆောင်မှု ပေးရခြင်းအတွက် မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။

ndburma2.indd 198 26-Dec-09 13:05:27

- အလုပ်၊ သို့မဟုတ်ဝန်ဆောင်မှုကို ဆန္ဒမပါရှိဘဲရယူခြင်းကို မည်သည့်သက်သေ အထောက်အထားများတင်ပြနိုင်သနည်း။
- အလုပ်၊ သို့မဟုတ် ဝန်ဆောင်မှုကို မလုပ်ဆောင်ပါက ပြစ်ဒဏ်ကျခံရစေနိုင်သော အခြေအနေအောက်၌ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မည်သည့်သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- အစိုးရ၏ လုပ်ဆောင်ချက် ပါဝင်ပတ်သက်နေကြောင်း ပြသရန်အတွက် မည်သည့်အထောက်အထားများ ရှိနေပါသနည်း။

သာဓကအားဖြင့် ဖော်ပြရလျှင် အတင်းအဓမ္မလက်ထပ်စေခြင်းကို သတ်မှတ်ဖော်ပြရာ၌ –

- အမှုသည် (လူ) နှစ်ဦးအကြား တရားဝင် ပေါင်းသင်းနေထိုင်ခြင်းဖြစ်ကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- ဤသို့ ပေါင်းသင်းနေထိုင်မှုသည် အနည်းဆုံး လူတစ်ဦး၏ ဆန္ဒမပါရှိဘဲဖြစ်ပွားကြောင်း၊ သို့မဟုတ် အတင်းအကျပ် ဖိအားသက်ရောက်စေသော အခြေအနေ၌ဖြစ်ကြောင်း မည်သည့် သက်သေအထောက်အထားများ တင်ပြနိုင်သနည်း။
- အစိုးရ၏လုပ်ဆောင်ချက် ပါဝင်ပတ်သက်နေကြောင်း ပြသရန်အတွက် မည်သည့်အထောက်အထားများရှိနေပါသနည်း။

သာဓကအားဖြင့် ဖော်ပြရလျှင် လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်းကို သတ်မှတ်ဖော်ပြရာ၌

- လိင်မှုဆိုင်ရာကိစ္စ ဆောင်ရွက်ကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- ဤလုပ်ဆောင်မှုသည် လူတစ်ဦး၏ ဆန္ဒမပါရှိဘဲ ဆောင်ရွက်ကြောင်း၊ သို့မဟုတ် အတင်းအကျပ် ဖိအားသက်ရောက်စေသော အခြေအနေ၌ ဖြစ်ကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- ဤလုပ်ဆောင်မှုသည် ငွေကြေးနှင့် ဖလှယ်ရန်အတွက် သို့မဟုတ် တစ်နည်းနည်းသော ပစ္စည်းပေးဆောင်မှုနှင့် ပေးချေဖလှယ်ကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- အစိုးရ၏လုပ်ဆောင်ချက် ပါဝင်ပတ်သက်နေကြောင်းပြသရန်အတွက် မည်သည့်အထောက်အထားများ ရှိနေပါသနည်း။

သာဓကအားဖြင့် ဖော်ပြရလျှင် အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်းကို သတ်မှတ်ဖော်ပြရာ၌

- ထိုသူ/သူမကို ၎င်း၏မြေပေါ်မှ ဖယ်ရှားနှင်ထုတ်ကြောင်း မည်သည့်သက်သေအထောက်အထားများတင်ပြနိုင်သနည်း။
- ယခု ဆောင်ရွက်မှုသည် အတင်းအကျပ် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း မည်သည့်သက်သေ အထောက်အထားများ တင်ပြ နိုင်သနည်း။
- ထိုသူ /သူမ၏ ဆန္ဒကို ဆန့်ကျင်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း မည်သည့် သက်သေအထောက်အထားများတင်ပြနိုင်သနည်း။
- အစိုးရ၏ လုပ်ဆောင်ချက် ပါဝင်ပတ်သက်နေကြောင်း ပြသရန်အတွက် မည်သည့်အထောက်အထားများရှိနေပါသနည်း။

ndburma2.indd 199 26-Dec-09 13:05:27

သာဓကအားဖြင့် ဖော်ပြရလျှင် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်းကို သတ်မှတ်ဖော်ပြရာ၌

- လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားကြောင်း မည်သည့်သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- ဤပိတ်ပင်ဟန့်တားမှုသည် တရားမဝင်ကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- အစိုးရ၏ လုပ်ဆောင်ချက် ပါဝင်ပတ်သက်နေကြောင်းပြသရန်အတွက် မည်သည့်အထောက်အထားများ ရှိနေပါသနည်း။

သာဓကအားဖြင့် ဖော်ပြရလျှင် လူကုန်ကူးရောင်းဝယ်ခြင်းကို သတ်မှတ်ဖော်ပြရာ၌

- လူတစ်ဦး (လူအများ) ကို ရယူစုဆောင်းကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- ထိုသူများ၏ ဆန္ဒမပါရှိကြောင်း၊ အတင်းအကျပ် ဖိအားပေး၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- ခေါင်းပုံဖြတ် အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ကြောင်း မည်သည့်သက်သေ အထောက်အထားများတင်ပြနိုင်သနည်း။
- အစိုးရ၏ လုပ်ဆောင်ချက် ပါဝင်ပတ်သက်နေကြောင်း ပြသရန်အတွက် မည်သည့်အထောက်အထားများ ရှိနေပါသနည်း။

သာဓကအားဖြင့် ဖော်ပြရလျှင် သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပြစ်ခြင်း ကို သတ်မှတ်ဖော်ပြရာ၌–

သတ်ဖြတ်မှုတခုကို အမှုတည်ဆောက်ရန်–

- လူအသက်ကို ရယူသတ်ဖြတ်ခြင်း ဖြစ်ကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- သတ်ဖြတ်မှုသည် တရားမဝင်ကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- ယခုသတ်ဖြတ်မှုတွင် နိုင်ငံတော် (အစိုးရ) ၏ ပါဝင်ပတ်သက်နေမှု ရှိခဲ့ကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။

လက်စတုန်းဖျောက်ဖျက်မှုကို အမှုတည်ဆောက်ရန်အတွက်–

- ၎င်းသူတစ်ဦးကို ပြန်ပေးဆွဲကြောင်း၊ အဝေးတနေရာသို့ ခေါ်ဆောင်သွားကြောင်း မည်သည့် သက်သေအထောက်အထားများ တင်ပြနိုင်သနည်း။
- ယခု ပျောက်ဆုံးစေမှုသည် ထိုသူ၏ ဆန္ဒမပါရှိဘဲ ဆောင်ရွက်ခြင်းဖြစ်ကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- ယခု ပျောက်ဆုံးစေမှုတွင် နိုင်ငံတော် (အစိုးရ) ၏ ပါဝင်ပတ်သက်မှု ရှိခဲ့ကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- ပျောက်ဆုံးမှုတွင် နိုင်ငံတော် (အစိုးရ) က ငြင်းဆိုကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။

ndburma2.indd 200 26-Dec-09 13:05:27

သာဓကအားဖြင့် ဖော်ပြရလျှင် ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း ကို သတ်မှတ်ဖော်ပြရာ၌

- ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်များကို ချိုးဖောက်နှောက်ယှက်ကြောင်း မည်သည့် သက်သေအထောက်အထားများ တင်ပြနိုင်သနည်း။
- ချိုးဖောက် နှောက်ယှက်မှုသည် တရားမဝင်ကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- အစိုးရ၏လုပ်ဆောင်ချက် ပါဝင်ပတ်သက်နေကြောင်းပြသရန်အတွက် မည်သည့်အထောက်အထားများရှိနေပါ သနည်း။

သာဓကအားဖြင့် ဖော်ပြရလျှင် မုဒိမ်းပြုကျင့်မှုနှင့် အခြားသော လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ပုံသဏ္ဌာန်များကို သတ်မှတ်ဖော်ပြရာ၌

- ရုပ်ပိုင်းဆိုင်ရာအရ ကျူးကျော် ထိုးသွင်းခြင်း၊ သို့မဟုတ် လိင်မှုဆိုင်ရာ သဘောအရ အခြားကိစ္စ တခုခု လုပ်ဆောင်ကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- ယခု ဆောင်ရွက်မှုသည် ဆန္ဒသဘောတူညီမှု မရှိဘဲ ဆောင်ရွက်ကြောင်း၊ သို့မဟုတ် အတင်းအကျပ် ဖိအားသက်ရောက်စေသည့် အခြေအနေအောက်၌ ဆောင်ရွက်ကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။
- အစိုးရ၏လုပ်ဆောင်ချက် ပါဝင်ပတ်သက်နေကြောင်းပြသရန်အတွက် မည်သည့်အထောက်အထားများရှိနေပါသနည်း။

သာဓကအားဖြင့် ဖော်ပြရလျှင် ညှဉ်းပန်း နှိပ်စက်ခြင်းနှင့် အခြားသော မလျော်ကန် ပြုမူခြင်းပုံစံများကို သတ်မှတ်ဖော်ပြရာ၌

- ပြင်းထန်သော၊ သို့မဟုတ် သိသာထင်ရှားသည့် ခံစားရမှု၊ သို့မဟုတ် နာကျင်မှုရှိကြောင်း မည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။[၁]
- ယခု ဆောင်ရွက်ချက်သည် တမင်တကာ ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ကြောင်း မည်သည့် သက်သေအထောက်အထားများ တင်ပြနိုင်သနည်း။
- ယခုဆောင်ရွက်ချက်သည်တားမြစ်ထားသည့်ရည်ရွယ်ချက်တခုအတွက်ဆောင်ရွက်နစ်နာစေခြင်းဖြစ်ကြောင်းမည်သည့် သက်သေ အထောက်အထားများ တင်ပြနိုင်သနည်း။[၂]
- အစိုးရ၏လုပ်ဆောင်ချက် ပါဝင်ပတ်သက်နေကြောင်းပြသရန်အတွက် မည်သည့်အထောက်အထားများရှိနေပါသနည်း။

မရှိမဖြစ် လိုအပ်သော အထောက်အထားများကို ရှာဖွေစုဆောင်းပြီးနောက်တွင် နောက်တိုး အထောက်အထားများကို အသုံးပြုကာ ချိုးဖောက်မှုအကြောင်းကို ပို၍ ပြည့်ပြည့်စုံစုံရှင်းပြ နိုင်ပါသည်။ အထောက်အထားများအပြင် မည်သူ၊ မည်သည့် ချိုးဖောက်မှု၊ မည်သည့်နေရာ၊ မည်သည့်အကြောင်းကြောင့်၊ မည်သည့်အချိန်အခါ၊ မည်သို့မည်ပုံဟူသော မေးခွန်းများကို ပြည့်ပြည့်စုံစုံ ဖြေကြားပေးရန်လည်း အရေးကြီးပါသည်။ သာဓကအားဖြင့် –

- မည်သူ – ကျူးလွန်ခံရသူ (များ)၊ ကျူးလွန်သူ (များ) နှင့်၊ သက်သေ (များ) ကို ဖော်ထုတ်ပြခြင်း။
- မည်သည့် ချိုးဖောက်မှု – ဖြစ်နိုင်ဖွယ်ရှိသော ချိုးဖောက်မှု (များ) နှင့်၊ ချိုးဖောက်မှု (များ) နှင့်စပ်လျဉ်းသော ဖြစ်ရပ်များကို ဖော်ထုတ်ပြခြင်း။
- မည်သည့်နေရာ – အဖြစ်အပျက်ဖြစ်ပွားရာနေရာကို ညွှန်ပြခြင်း။

၁၊ နှိပ်စက်ညှဉ်းပန်းခြင်းကို သက်သေပြရန် ပြင်းထန်စွာ ခံစားရကြောင်း၊ နာကျင်ကြောင်း သက်သေပြရန်လိုအပ်ပါသည်။ အခြားသောပုံစံများဖြင့် မလျော်မကန်ပြုကြောင်းလည်း ပြသရန် သိသာထင်ရှားသည့် နာကျင်မှု၊ ခံစားရမှုရှိကြောင်းသာ ပြသရန် လိုအပ်သည်။

၂၊ ယခုအချက်သည် နှိပ်စက်ညှဉ်းပန်းမှုကို ကျူးလွန် ချိုးဖောက်ဆောင်ရွက်ကြောင်း ပြသရန်သာ လိုအပ်ချက်ဖြစ်သည်။

ndburma2.indd 201 26-Dec-09 13:05:27

– ဖြစ်ပွားရခြင်းအကြောင်းရင်း၊ သို့မဟုတ် ဖြစ်နိုင်ဖွယ်ရာ အကြောင်းရင်း (များ) ကို ဖေါ်ထုတ်ပြခြင်း။

– မည်သည့် အချိန်အခါ – ဖြစ်ပွားရာ အချိန်အခါကို ဖေါ်ထုတ်ပြခြင်း။

– မည်သို့မည်ပုံ – အဖြစ်အပျက်များ ဖြစ်ပွားပုံကို ရှင်းပြခြင်း။

အထက်ဖော်ပြပါ အထောက်အထားများ စုစည်းတင်ပြနည်းကို အသုံးပြခြင်းအားဖြင့် သတင်းအချက်အလက်များကို တိကျ ရှင်းလင်းစွာနှင့် စိတ်ဝင်စားဖွယ်ရာ တင်ပြနိုင်ပါလိမ့်မည်။

(၂) အချက်အလက်များ အင်အားကောင်းစေခြင်း

လူ့အခွင့်အရေး ချိုးဖောက်မှု တခုတလေကို ဇောင်းပေးဖေါ်ပြခြင်းမျိုး မဟုတ်ဘဲ၊ ချိုးဖောက်မှုများ၏ သဘောသဘာဝ သို့မဟုတ်ဖြစ်နေကျပုံစံသဘောကိုဖေါ်ပြနိုင်မည်ဆိုပါက အထောက်အထားများကိုပို၍ အင်အားကောင်းစွာ တင်ပြနိုင်ပါလိမ့်မည်။ ချိုးဖောက်မှုမှန်သမျှသည်အရေးကြီးပြီး၊ နိုင်ငံတကာ၏ အာရုံစိုက်ခြင်းကို ခံရလောက်ပါသည်။ များပြားစွာဖြစ်ပေါ်နေသော၊ ဆက်နွယ်နေသော ချိုးဖောက်မှုများ ဖြစ်ပေါ်နေပါက အရေးယူဆောင်ရွက်ပေးမှုများလည်း ဖြစ်လာစရာအကြောင်း ပို၍ရှိပါသည်။ သာဓကအားဖြင့်– လွတ်လပ်စွာဖော်ပြပြောဆိုခွင့် သို့မဟုတ် လွတ်လပ်စွာစုဝေးခွင့်တို့ကို အစိုးရ၏ နှောက်ယှက်မှုများနှင့် ကြုံတွေ့နေရသော လူမျိုးစုတစုဆီမှ အမှုပေါင်း (၅၀) နှင့်ပတ်သက်၍ ကောက်ချက်ချထားသော အစီရင်ခံစာတစောင်သည် ဖြစ်နေကျပုံစံသဘောကို ဖေါ်ပြခြင်းမရှိသော တသီးတခြားဖြစ်ပွားရာ အမှုများနှင့်စာလျှင် သြဇာရိုက်ခတ်မှု ပို၍ကြီးတတ်ပါသည်။

သို့ဖြစ်ရာ အထောက်အထားများကို အကဲဖြတ်ရာ၌ တသီးတခြားစီဖြစ်ပွားသော အမှုများဖြစ်သလော၊ သို့တည်းမဟုတ် ၎င်းတို့မှာ အလားတူအမှုများ ရှိနေသလောဆိုသည်ကို ဆုံးဖြတ်သတ်မှတ်ရန် အရေးကြီးပါသည်။ သာဓကအားဖြင့် ဖေါ်ပြရလျှင်–

– နိုင်ငံရေးပါတီ တခုတည်း၏ ပါတီဝင်များ၊ လူမျိုးစု တစုတည်းမှ လူများကဲ့သို့သော လူအမျိုးအစားတမျိုးတည်းကိုသာ ပစ်မှတ်ထားနေခြင်း။[၃]

– ဒေသနယ်မြေတခုတည်းတွင် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ သို့မဟုတ် လွတ်လပ်စွာစုဝေးခွင့်တို့ နှောက်ယှက်မှုများကဲ့သို့သော ချိုးဖောက်မှု အမျိုးအစားတမျိုးတည်းကို ကျူးလွန်ခြင်း။

– စစ်တပ်၏ တပ်ဖွဲ့တခုတည်းက လူအုပ်စုတစုစုအပေါ် တသမတ်တည်း ပစ်မှတ်ထားခြင်းကဲ့သို့ (ကျူးလွန်သူ အမျိုးအစားတမျိုးတည်းက) ကျူးလွန်ခြင်း။

– လူ့အခွင့်အရေးချိုးဖောက်ခံရမှုတို့ကို အသိအမှတ်ပြု ဝန်ခံခြင်းမရှိဘဲ၊ အကြိမ်ကြိမ် ငြင်းကွယ်ခြင်း ကဲ့သို့သော တုံ့ပြန်မှုမျိုးကို အစိုးရက တသမတ်တည်း လုပ်ဆောင်နေခြင်း။

ကျူးလွန်မှုများတွင် အစိုးရက ခေါင်းဆောင်ပါဝင်နေခြင်း ရှိ– မရှိဆုံးဖြတ်ရာ၌ ဤဖြစ်နေကျပုံစံများသည်အထောက်အကူပေးနိုင်ပါသည်။ နိုင်ငံတကာ လုပ်ဆောင်ချက်များ ပေါ်ပေါက်လာအောင် ပို၍ခိုင်လုံသော သတင်းအချက်အလက်များပေးရန် အတွက် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖေါ်ပြရာ၌လည်း အထောက်အကူပေးနိုင်ပါသည်။

(၃) နိုင်ငံတကာဥပဒေအရ ကြီးလေးသောရာဇဝတ်မှုများ – လူမျိုးတုံးသတ်ဖြတ်ခြင်းနှင့် လူသားမျိုးနွယ်တရပ်လုံးကို ဆန့်ကျင်ရေးရာဇဝတ်မှုများ။

ပို၍ကြီးလေးသော လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပွားလာနေပါက ကြီးလေးသောချိုးဖောက်မှုများ၏အလားအလာတခု အတိုင်း ဖြစ်ပေါ်နေကြောင်း တွက်ဆဖွယ် ရှိပါသည်။ သာဓကအားဖြင့် ဖေါ်ပြရပါလျှင် နိုင်ငံရေး အတိုက်အခံများနှင့် ပတ်သက်

၃၊ အဖွဲ့အစည်းတခု၏ အဖွဲ့ဝင်များသည် ထိုအဖွဲ့ဝင်ဖြစ်နေခြင်းအတွက် သီးသန့်ပစ်မှတ်ထား ဖိနှိပ်ခံနေရပါက သူတို့ခံစားနေရသော ဘေးဒုက္ခသည် နိုင်ငံတကာဥပဒေအရ ပို၍ကြီးလေးသော ရာဇဝတ်မှုနှင့် ငြိစွန်းနေနိုင်သည်။ အကြောင်းမှာ ယခုကဲ့သို့ ချိုးဖောက်မှုသည် ခွဲခြားဖိနှိပ်သည့်အသွင် ရှိနေသောကြောင့်ဖြစ်သည်။ ခွဲခြားဖိနှိပ်ခြင်းဆိုင်ရာ ပြဿနာများကို ယခုလက်စွဲစာစဉ် နောက်ပိုင်း ထုတ်ဝေမှုများနှင့် အခြားစာစောင်များတွင် ဆက်လက်ဖော်ပြသွားပါမည်။

ndburma2.indd 202 26-Dec-09 13:05:27

၍ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ သို့မဟုတ် လွတ်လပ်စွာ စုရုံးခွင့်တို့ကို နှောက်ယှက်မှုများ စနစ်တကျနှင့် အကျယ်အပြန့်ဖြစ်ပွားနေသော အထောက်အထားများ သို့မဟုတ်၊ "ကရင့်ခုခံရေးလှုပ်ရှားမှုကို ထောက်ခံအားပေးသူများအဖြစ် သံသယဖြစ်ခံရသူများ မကြာခင်မှာ တဦးတလေမျှ ရှိတော့မည်မဟုတ်"ဟူသော တပ်မျူးတစုံတယောက်က ပြောကြားချက် စသည်တို့က ညွှန်ပြနေသည်မှာ ခွဲခြားဖိနှိပ်ဆက်ဆံသည့် သဘောကို ဖော်ပြနေပါသည်။ တနည်း အုပ်စုတစုအပေါ် ပစ်မှတ်ထား၍ ခွဲခြားဖိနှိပ်နေကြောင်း ဖော်ပြနေပါသည်။ သို့ဖြစ်နေပါက လူမျိုးတုံးသတ်ဖြတ်မှု သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို ဆန့်ကျင်ရေးရာဇဝတ်မှုများ ရှိနေနိုင်သည်။ သို့ဖြစ်ရာ ရှေ့ဆက်၍ စုံစမ်းသုတေသနပြုမှုများလည်း လိုအပ်ကောင်း လိုအပ်နေနိုင်ပါသည်။

(က) ရာဇဝတ်မှုများ၏ ပမာဏ အရွယ်အစားကို နားလည်ခြင်း။

ပိုင်းခြားသုံးသပ်ခြင်းအတွက် အကြံပြုချက်။ ။ အကြံဉာဏ်များ တောင်းခံခြင်း။

အတွေ့အကြုံများအရ တွေ့ရှိရသည်မှာ အဖွဲ့အစည်းတခုသည် ခိုင်လုံသည့် သက်သေအထောက်အထားများ မရှိဘဲ လူမျိုးတုံး သတ်ဖြတ်နေခြင်း၊ သို့မဟုတ် လူသားမျိုးနွယ်တရပ်လုံးကို ဆန့်ကျင်ရေး ရာဇဝတ်မှုများ ကျူးလွန်နေသည်ဟု စွပ်စွဲချက်များကို ပြုလာသည့်အခါ ထိုအဖွဲ့အစည်း၏ ဂုဏ်သိက္ခာနှင့် ယုံကြည်အားထားရမှုမှာ ပြဿနာရှိလာနိုင်ပါသည်။ ခက်ခဲသော အမှုတမှုကိုတင်ပြသည့်အခါ၊ နယ်ခြားစည်းမှာ ဖြစ်ပွားနေသော ချိုးဖောက်မှုတမှု (လူမျိုးတုံးသတ်ဖြတ်မှု သို့မဟုတ် လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုများဟူ၍ အဆုံးစွန်ဆုံးဖြတ်စွပ်စွဲရန်လည်း မဖြစ်နိုင်သေးသော ချိုးဖောက်မှု)ကို တင်ပြမည်ဆိုပါက အကြံဉာဏ်များ တောင်းခံရယူသင့်ပါသည်။ ပိုင်းခြားသုံးသပ်မှုကို အထောက်အကူ ဖြစ်စေမည့် အချက်အလက်များရရှိစရာ နေရာများစွာရှိပါသည်။ အကြံဉာဏ် တောင်းခံခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့ဖြင့် မိမိဖြစ်ရပ်ကို ကောင်းစွာတင်ပြနိုင်သည့်အပြင် ကြီးလေးသော မဟာဗျူဟာအမှားများကိုလည်း ရှောင်ရှားနိုင်ပါသည်။

လူမျိုးတုံး သတ်ဖြတ်ခြင်း၊ လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများသည် နိုင်ငံတကာ ဥပဒေ၏ အကြီးလေးဆုံးသော ရာဇဝတ်မှုကြီးများဖြစ်ပါသည်။[၄] ၎င်းအမှုကြီးများသည် အခြေခံ အကျဆုံးသော လူ့အခွင့်အရေးမှုများအပေါ် ကြီးလေးစွာ ချိုးဖောက်ကျူးလွန်ခြင်း ဖြစ်သည်။ ဤသို့ဖြင့် လူမျိုးတုံးသတ်ဖြတ်ခြင်း၊ လူသားမျိုးနွယ်တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ကာကွယ်ပေးရေးသည် တကမ္ဘာလုံးနှင့် သက်ဆိုင်ပေသည်။ သို့ဖြစ်ရာ မူအရဆိုလျှင်၊ နိုင်ငံတော်အစိုးရများသည်လည်းကောင်း၊ တဦးချင်းပုဂ္ဂိုလ်များသည်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေများကို လိုက်နာပါမည်ဟု တရားဝင်သဘောတူညီထားခြင်း မရှိသော်လည်း၊ အလားတူ လူမျိုးတုံးသတ်ဖြတ်ခြင်း၊ လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအတွက် ကျူးလွန်ချိုးဖောက်ပါက တာဝန်ခံရမည်ဖြစ်ပါသည်။[၅] ဤစာစဉ်တွင် ပါရှိသော ဤလက်စွဲစာစောင်နှင့် အခြားသောစာစောင်များက လူမျိုးတုံးသတ်ဖြတ်ခြင်းနှင့် လူသားမျိုးနွယ်တရပ် လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုများ အကြောင်းကို ဆွေးနွေးတင်ပြထားပါသည်။ စစ်ရာဇဝတ်မှုများနှင့်ပတ်သက်၍ အကြောင်းကို ရှေ့လာမည့် စာစဉ်များတွင် ထည့်သွင်းဖော်ပြသွားပါမည် ဖြစ်သည်။

၄၊ မကြာသေးမီကာလတွင် နိုင်ငံတကာမိသားစုက လူမျိုးတုံးသတ်ဖြတ်မှုများကို ကာကွယ်ပေးရန် အရေးကြီးကြောင်း ထပ်လောင်း၍ပြောဆိုဖော်ပြခဲ့ကြသည်။ ဥပမာအားဖြင့်– နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး၏ ဤအမှုများအပေါ် အလေးထားမှု၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က မကြာသေးမီကာလက လူမျိုးတုံးသတ်ဖြတ်မှုများ ကာကွယ်ပေးရေးဆိုင်ရာ အထူးအကြံပေးတဦးကို ခန့်အပ်တာဝန်ပေးလာမှု စသည့်အချက်များ ဖြစ်သည်။ ယခုအခါ ၎င်းအကြံပေးအဖြစ် ဖရန်ဆစ်ဒဲန်း (Francis Deng) က တာဝန်ယူနေပါသည်။ See Office of the Special Adviser on the Prevention of Genocide, http://www.un.org/Depts/dpa/prev_genocide/index.htm (under construction when last visited 27 July 2008) ထိုမျှမက အထွေထွေအတွင်းရေးမှူးချုပ်၏ ခြိမ်းခြောက်မှုများ၊ စိတ်ခေါ်နေသော ပြဿနာများနှင့် ပြုပြင်ပြောင်းလဲရေးကိစ္စ အဆင့်မြင့်ဆွေးနွေးပွဲက အကြံပြုခဲ့ရာတွင် လုံခြုံရေးကောင်စီအနေနှင့် နိုင်ငံတခုအနေနှင့် လူမျိုးတုံးသတ်ဖြတ်မှုများအပေါ် ကာကွယ်တားဆီးရန်၊ သို့မဟုတ် ထိုသို့ပြုရန် အင်အားမရှိသောအခြေအနေတွင် စစ်ရေးအရ ဝင်ရောက်စွက်ဖက်သင့်သည်ဟု အကြံပြုထားခဲ့သည်။ ယခင် ယူဂိုဆလားဗီးယားနိုင်ငံဆိုင်ရာ နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (ICTY)နှင့် ရုဝမ်ဒါဆိုင်ရာနိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICTR) တို့က သူတို့၏ တရားစီရင်မှုများတွင် လူမျိုးတုံးသတ်ဖြတ်မှုများနှင့် လူသားမျိုးနွယ်တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုများကို စီရင်ပြစ်ဒဏ်များချမှတ်ခဲ့ပါသည်။ See generally for the ICTY, www.un.org/icty/ (last visited 27 July 2008) and for the ICTR, www.un.org/ictr/ (last visited 27 July 2008).

၅၊ နိုင်ငံတကာ ဥပဒေအရ ကြီးလေးသော ဖြစ်မှုများ ဖြစ်သည့်အားလျော်စွာ၊ လူမျိုးတုံးသတ်ဖြတ်မှုကို ကမ္ဘာတခုလုံးက ကိုင်တွယ်ဆောင်ရွက်သင့်သည်ဟု ယေဘုယျအားဖြင့် လက်ခံထားကြပါသည်။ ဆိုလိုသည်မှာ ဤလူမျိုးတုံးသတ်ဖြတ်မှုများ ကာကွယ်ပေးရေး သဘောတူညီချက်ကို လက်မှတ်ရေးမထိုးထားသည့် နိုင်ငံတော်အစိုးရများနှင့် တသီးပုဂ္ဂလပုဂ္ဂိုလ်များကိုပင် အရေးယူဆောင်ရွက်နိုင်ပါသည်။ ဤယူဆချက်ကို နိုင်ငံတကာရာဇဝတ်မှုခုံရုံး၊ ၁၉၇၁ ခုနှစ် ဘာစီလိုနာစာတမ်း၊ ကုလအထွေထွေအတွင်းရေးမှူးချုပ်၏ ထုတ်ပြန်ကြေညာချက်အများအပြားတွင် ရည်ညွှန်းဖော်ပြခဲ့ပြီးဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ မြန်မာနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်မှုများကို ကာကွယ်ပေးရေးနှင့် ရာဇဝတ်မှုများကိုအပြစ်ဒဏ်ပေးရေး သဘောတူညီချက်တွင် (ခွင်းချက်ဖြင့်) သဘောတူပါဝင်ထားသည့် အဖွဲ့ဝင်တဦးဖြစ်ပါသည်။

လူသားမျိုးနွယ်တရပ်လုံးအပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများကိုလည်း နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေ၏ အစိတ်အပိုင်းတခုအဖြစ်ထည့်သွင်း သတ်မှတ်ထားသည့် အတွက်ကြောင့် ကမ္ဘာတခုလုံးတွင် အကျုံးဝင်မှု ရှိပါသည်။ See, C. and Hampson, F. et al., "Crimes against Humanity and Uiversal Jurisdiction," in Crimes of War, The Book, http://www.crimesofwar.org/thebook/crimes-against-humanity.html (last visited 27 July 2008).

ndburma2.indd 203 26-Dec-09 13:05:27

လူမျိုးတုံးသတ်ဖြတ်ခြင်း၊ လူသားမျိုးနွယ် တရပ်လုံးအပေါ်ဆန့်ကျင်ရေး ရာဇဝတ်မှုများသည် ကြီးလေးသည့်ပြစ်မှုများဖြစ်ရာ အများအားဖြင့် အားကောင်းသော အထောက်အထားများရရှိပြီးမှသာ နိုင်ငံတကာ၏ အရေးယူဆောင်ရွက်ပေးမှုများ ရှိလာတတ်ပါသည်။ တခါတရံ၌ အားကောင်းသော အထောက်အထားများ ရှိနေပါလျက်နှင့်ပင်၊ ပြစ်မှုကျူးလွန်ခံရ၍ နစ်နာနေရသူများကို ကာကွယ်စောင့်ရှောက်ပေးရန်၊ တာဝန်ရှိသူကျူးလွန်ချိုးဖောက်သူများကို ပြစ်ဒဏ်ခတ်နိုင်ရန်အတွက် နှောင့်နှေးကြန့်ကြာနေတတ်ပါသေးသည်။ အကြောင်းမှာ ဒေသတွင်းနှင့် နိုင်ငံတကာ နိုင်ငံရေးပြဿနာများကြောင့် အရေးယူဆောင်ရွက်လို သော နိုင်ငံရေးစိတ်ဆန္ဒများမရှိဘဲ ဖြစ်နေတတ်ပြီး အရေးယူဆောင်ရွက်မည့် အရေးကိုဟန့်တားထားသည့်နှယ် ရှိနေတတ်ပါသည်။ ထို့အပြင် ဤကဲ့သို့သော ရာဇဝတ်မှုကြီးများ ကျူးလွန်ခံရသည့်အဆင့်သို့ ရောက်သည်အထိ နစ်နာခံစားနေရသောအုပ်စုများက လည်း ဤအထောက်အထားများသည် ကြီးလေးသောကျူးလွန်မှုများအဖြစ် သတ်မှတ်ပေးနိုင်လောက်သောအထောက်အထားများဖြစ်ကြောင်း နားလည်သိရှိခြင်း ရှိချင်မှရှိပေလိမ့်မည်။ လူ့အခွင့်အရေး အဖွဲ့အစည်းများအဖို့ လူမျိုးတုံးသတ်ဖြတ်ခြင်းနှင့် လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုများနှင့် ပတ်သက်သော ဥပဒေအဓိပ္ပါယ်ဖွင့်ဆိုချက်များကို ကောင်းစွာ သိရှိနားလည်ထားရန် အရေးကြီးပါသည်။ သို့မှသာလျှင် နိုင်ငံတကာဥပဒေအရ ဖြစ်နိုင်ဖွယ်ရာရှိသော ရွေးချယ်စရာ နည်းလမ်းများကို သိနားလည်ပြီး၊ အခြေအနေကို ပို၍ကောင်းမွန်စွာ ပိုင်းခြား သုံးသပ်နိုင်မည် ဖြစ်ပါသည်။ လူမျိုးတုံးသတ်ဖြတ်ခြင်းနှင့် လူသားမျိုးနွယ်တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုများ၏ အင်္ဂါရုပ်များကို သိရှိနားလည်ထားခြင်းသည် ဤလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရာ၌ များစွာအထောက်အကူ ဖြစ်စေပါသည်။

(ခ) လူမျိုးတုံးသတ်ဖြတ်ခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း

၁။ လူမျိုးတုံးသတ်ဖြတ်ခြင်းအမှု၏ အင်္ဂါရုပ်များကား အဘယ်နည်း။

ဝေါဟာရနှင့်ပတ်သက်၍သတိပြုရန် – လူမျိုးတုံးသတ်ဖြတ်မှု

လူမျိုးတုံး သတ်ဖြတ်ခြင်းဆိုသည်မှာ လူအမြောက်အများကို သတ်ဖြတ်ခြင်းဟု ယေဘုယျအားဖြင့် နားလည်ထားကြသည်။ သို့ရာတွင် နိုင်ငံတကာ ဥပဒေအရဆိုလျှင် လူမျိုးတုံး သတ်ဖြတ်ခြင်းဆိုသည်မှာ လူအုပ်စု တစုလုံး(လူမျိုးတမျိုး သို့မဟုတ် လူမျိုးစု တစု သို့မဟုတ် အသားအရောင် မတူသော သို့မဟုတ် ဘာသာရေးဆိုင်ရာ အုပ်စု တစုစု) ကိုဖြစ်စေ၊ တစိတ်တပိုင်း ကိုသော်လည်းကောင်း၊ လက်စတုံး ဖျက်ဆီးပစ်ရန် ကြံရွယ်နေခြင်းကို ဆိုလိုပါသည်။ ဥပဒေအဓိပ္ပါယ်ဖွင့်ဆိုချက်အရဆိုလျှင် လူမျိုးတုံးသတ်ဖြတ်ခြင်းအဖြစ် စဉ်းစားမိဖွယ်မရှိသည့် မုဒိမ်းမှုနှင့် အခြားလိင်မှုဆိုင်ရာ ချိုးဖောက်မှုသဏ္ဌာန်ကဲ့သို့သော လူ့အခွင့်အရေး ချိုးဖောက်မှုများသည်လည်း လူမျိုးတုံးသတ်ဖြတ်မှု မြောက်နိုင်ပါသည်။

လူမျိုးတုံး သတ်ဖြတ်ခြင်း အမှုတွင် လူအုပ်စု တစုလုံးကို သော်လည်းကောင်း၊ တစိတ်တပိုင်းကို သော်လည်းကောင်း၊ လက်စတုံး ဖျက်ဆီးပစ်ရန် ရည်ရွယ်သော ပြင်းထန်ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ အကြိုးဝင်ပါသည်။ နိုင်ငံတကာဥပဒေအရ လူအခွင့်အရေး ချိုးဖောက်ကြောင်း အထောက်အထားများဖြင့် လူမျိုးတုံး သတ်ဖြတ်ခြင်းအဖြစ် သတ်မှတ်ရာ၌အောက်ပါ အထောက်အထားများ တင်ပြနိုင်ရန် လိုအပ်ပါသည်။[၆]

(၁) ကျူးလွန်ခံရသူ၊ နစ်နာရသူများသည် လူမျိုးတမျိုး သို့မဟုတ် လူမျိုးစုတစု သို့မဟုတ် အသားအရောင် မတူသော သို့ မဟုတ် ဘာသာရေး ဆိုင်ရာ အုပ်စု တစုစုမှ ဖြစ်နေကြောင်း ထင်ရှားစေခြင်း။[၇]

၆၊ လူမျိုးတုံးသတ်ဖြတ်မှုကို နိုင်ငံတကာ သဘောတူညီချက် အများအပြားတွင် တားမြစ်ထားပါသည်။ ၎င်းတို့တွင်– လူမျိုးတုံးသတ်ဖြတ်မှုများကို ကာကွယ်ပေးရေးနှင့် ရာဇဝတ်မှုများ ကို ပြစ်ဒဏ်ပေးရေး နိုင်ငံတကာသဘောတူညီချက်များ (Genocide Convention) နှင့် နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးအတွက် ရောမဥပဒေ ပြဋ္ဌာန်းချက်များအပြင်၊ နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေများတွင်လည်း ဖော်ပြထားပါသည်။ ဤရာဇဝတ်မှုမျိုးကို စစ်ဖြစ်နေသည့် အချိန်မှာရော၊ ငြိမ်းချမ်းနေသည့် အချိန်မှာပါ တားမြစ်ပိတ်ပင်ထားပါသည်။ နိုင်ငံ အစိုးရများနှင့် လက်နက်ကိုင် အတိုက်အခံ အဖွဲ့အစည်းများကဲ့သို့သော အစိုးရ မဟုတ်သည့် အင်အားစုများပါ ဤအမှုမျိုးကျူးလွန်ပါက လူမျိုးတုံးသတ်ဖြတ်မှုရာဇဝတ်မှု မြောက်ပါသည်။

ဒုဒ္ဒဖ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသည် လူမျိုးတုံး သတ်ဖြတ်မှု နိုင်ငံတကာ သဘောတူညီချက်၏ အဖွဲ့ဝင်ဖြစ်ခဲ့ပြီး၊ နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေအရအကျုံးဝင်ပတ်သက်မှုရှိပါသည်။

နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးက လူမျိုးတုံးသတ်ဖြတ်မှုတွင် ပါဝင်သည့် အသုံးဝင်လှသော အင်္ဂါရုပ်များကို အကျဉ်းချုပ် ဖော်ပြပေးထားပါသည်။ See, Elements of Crimes, Article 6, http://www.icc-cpi.int/library/about/officialjournal/Elements_of_Crimes_120704EN.pdf (last visited 29 July 2008).

၇၊ အချို့သော မှတ်ချက်ပြုသူများက ဓေဒန်ပြောဆိုကြရာ၌ လူမျိုးတုံးသတ်ဖြတ်မှုဟူသည်ကို ပို၍ကျယ်ပြန့်စွာ ဖွင့်ဆိုသင့်သည်ဟုဆိုသည်။ ပြစ်မှုကျူးလွန်သူကို သတ်မှတ်ဖော်ပြသလို၊ အုပ်စုများ၊ အုပ်စုတွင် ပါဝင်နေသည့်အဖွဲ့ဝင်များကိုလည်း ထည့်သွင်းဖော်ပြသင့်သည်ဟုဆိုကြသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်အရ လူမှုရေးအုပ်စုများ၊ နိုင်ငံရေးအုပ်စုများလည်းပါဝင်သည်။ See Frank Chalk and Kurt Jonassohn, The History and Sociology of Genocide: Analysis and Case Studies. New Haven: Yale University Press, 1990.

ndburma2.indd 204 26-Dec-09 13:05:27

(၂) အောက်ပါ ပြစ်မှုတခုခုကို ကျူးလွန်ခြင်း။

- အုပ်စုဝင် လူများကို သတ်ဖြတ်ခြင်း။
- အုပ်စုဝင်များအား ကိုယ်ခန္ဓာအရသော်လည်းကောင်း၊ စိတ်ဓါတ်အရသော်လည်းကောင်း အပြင်းအထန် ထိခိုက်နာကျည်စေခြင်း။
- အုပ်စု၏ အသက်ရှင် နေထိုင်ရေးအခြေအနေများကို တမင် ထိခိုက်ပျက်စီးစေခြင်းအားဖြင့် အုပ်စုတစုလုံးတွင်သော် လည်းကောင်း၊ တစိတ်တပိုင်းမှာ သော်လည်းကောင်း ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုများ ဖြစ်ပွားစေခြင်း။
- အုပ်စုထဲမှာ လူဦးရေ တိုးပွားမှုမဖြစ်အောင် တားဆီးပိတ်ပင်ရန် ရည်ရွယ်သော စီမံချက်များ ချမှတ်လုပ်ဆောင်ခြင်း။
- အုပ်စုတစုမှကလေးများကို အခြားအုပ်စုတစုသို့ အတင်အဓမ္မ ရွှေ့ပြောင်းပေးနေခြင်း။

(၃) ထိုအုပ်စု၏ တစုလုံးကို သော်လည်းကောင်း၊ တစိတ်တပိုင်းကိုသော်လည်းကောင်း၊ လက်စတုံးဖျက်ဆီးပစ်ရန် ရည်ရွယ်ချက်ဖြင့် ဤပြစ်မှုများကို ကျူးလွန်ခဲ့ခြင်း စသည့်အချက်များ ဖြစ်သည်။

၂။ အောက်ပါလူ့အခွင့်အရေးချိုးဖောက်မှုများသည် လူမျိုးတုံးသတ်ဖြတ်မှု မြောက်သည်ဟုဆိုနိုင်ပါသလား။

လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်

လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်တို့ကို နှောက်ယှက်ခြင်းသည် လူမျိုးတုံးသတ်ဖြတ်မှု မြောက်ကြောင်း ပြသရန်မှာ အခက်အခဲရှိနိုင်ပါသည်။ သို့ဖြစ်သည့်တိုင် လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပွားသော နေရာများ၌လွတ်လပ်စွာဖော်ပြပြောဆိုခွင့်နှင့် စုဝေးခွင့်တို့ကို ချိုးဖောက်မှုများသည်လည်း အစဉ်သဖြင့်ဖြစ်ပွားတတ်ပါသည်။

မတရား ဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ

ဖြစ်နိုင်ပါသည်။ မတရား ဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများအတွက် လုံလောက်သော သက်သေအထောက်အထားများသည် လူမျိုးတုံးသတ်ဖြတ်မှု မြောက်ကြောင်းပြသရန် ဖြစ်နိုင်ပါသည်။ လူမျိုးတုံးသတ်ဖြတ်မှုတွင် "(လူအုပ်စု) တခု၏ ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးမှုကို တခုလုံးသော်လည်းကောင်း၊ တစိတ်တပိုင်း အပေါ်သော်လည်းကောင်း ဖြစ်ပေါ်စေရန်ရည်ရွယ်တွက်ချက်၍ ရည်ရွယ်ချက်ရှိရှိဖြင့် နေထိုင်မှုအခြေအနေများအပေါ် ထိခိုက်သက်ရောက်စေခြင်း"လည်း ပါဝင်ပါသည်။ ဤအခြေ အနေအထိ အဆင့်ရောက်အောင် ဖြစ်ပေါ်စေသော အခြေအနေများတွင် အောက်ဖော်ပြပါ အချက်များပါဝင်ပါသည်။

- ကျန်းမာရေးဝန်ဆောင်မှုများကို အနိမ့်ဆုံး တစုံတရာ အခြေအနေထက် နိမ့်ကျစေခြင်း။
- သင့်လျော်သော လူနေမှု အခြေအနေ ရရှိခံစားနိုင်စေရန် ကန့်သတ်ချုပ်ချယ်ထားခြင်း။
- အုပ်စုတခု အသက်ရှင်နေထိုင်မှုအတွက် ရရှိရမည့် အာဟာရကို လျော့နည်းရစေခြင်း။
- အခြေခံ လိုအပ်ချက် လူသုံးကုန်ပစ္စည်းများကို လျော့နည်းစေခြင်း။[၄]

ဤဖော်ပြပါ လုပ်ဆောင်မှုများကို ကျူးလွန်သည့်အခါ၊ လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသော အခြားအချက်များ ပြည့်စုံသည့် အခါ မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများသည် လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပေါ်နေသည်ဟု ဖော်ပြနိုင်သော အချက်များဖြစ်ပါသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် အခြေပြု၍ အပြည်ပြည်ဆိုင်ရာ တရားခုံရုံးများသည် မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများကို လူမျိုးတုံး သတ်ဖြတ်မှု ရာဇဝတ်မှုအဖြစ်ပြသရန် ပြည့်မီကြောင်း သတ်မှတ်ကြပါသည်။[၅]

၄။ See, Prosecutor v. Kayishema and Ruzindana, ICTR Trial Judgement, 21 May 1999, para 115-18; Prosecutor v. Akayesu, ICTR Trial Judgment, 2 September 1998; Rome Statute, Footnote to Article 5(c).

၅။ Ibid

ndburma2.indd 205 26-Dec-09 13:05:27

ကလေးစစ်သားများ

ဖြစ်နိုင်ပါသည်။ ကလေးစစ်သားများ အသုံးချမှုများအတွက် လုံလောက်သော သက်သေ အထောက်အထားများသည် လူမျိုးတုံးသတ်ဖြတ်မှုမြောက်ကြောင်း ပြသရန်ဖြစ်နိုင်ပါသည်။ လူမျိုးတုံးသတ်ဖြတ်မှုတွင် "(လူအုပ်စု)တခု၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာကို အကြီးအကျယ်အန္တရာယ်ဖြစ်စေမှု"၊"(လူအုပ်စု) တခု၏ ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးမှုကို တခုလုံးသော်လည်းကောင်း၊ တစိတ်တပိုင်း အပေါ်သော်လည်းကောင်း ဖြစ်ပေါ်စေရန် ရည်ရွယ်တွက်ချက်၍ ရည်ရွယ်ချက်ရှိရှိဖြင့် နေထိုင်မှုအခြေအနေများအပေါ် ထိခိုက်သက်ရောက်စေခြင်း"အချက်များလည်း ပါဝင်ပါသည်။ ဤဖော်ပြပါ လုပ်ဆောင်မှုများကို ကျူးလွန်သည့်အခါ၊ လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသော အခြားအချက်များ ပြည့်စုံသည့် အခါ ကလေးစစ်သား အသုံးချမှုများသည် လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပေါ်နေသည်ဟု ဖော်ပြနိုင်သော အချက်များဖြစ်ပါသည်။

အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်း

ဖြစ်နိုင်ပါသည်။ အတင်းအဓမ္မ ရွှေ့ပြောင်းစေမှုများအတွက် လုံလောက်သော သက်သေအထောက်အထားများသည် လူမျိုးတုံး သတ်ဖြတ်မှုမြောက်ကြောင်း ပြသရန်ဖြစ်နိုင်ပါသည်။ လူမျိုးတုံးသတ်ဖြတ်မှုတွင် "(လူအုပ်စု) တခု၏ ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးမှုကို ဖြစ်ပေါ်စေရန် ရည်ရွယ်တွက်ချက်၍ ရည်ရွယ်ချက်ရှိရှိဖြင့် နေထိုင်မှု အခြေအနေများအပေါ် ထိခိုက်သက်ရောက်စေခြင်း" အချက်လည်းပါဝင်ပါသည်။ ဤအဆင့် အခြေအနေအထိ ရောက်စေသော အချက်များတွင် အောက်ဖော်ပြပါအချက်များ ပါဝင်သည်။

- သင့်လျော်သော နေထိုင်စရာအိမ်ကို ဆုံးရှုံးစေခြင်း။
- သင့်လျော်သော နေထိုင်မှု အမိုးအကာများကို ရရှိခံစားနိုင်ရန် ကန့်သတ်ချုပ်ချယ်ထားခြင်း။
- အိမ်များမှနေ၍ စနစ်တကျ နှင်ထုတ်ခြင်း။[၁၀]

ဤဖော်ပြပါ လုပ်ဆောင်မှုများကို ကျူးလွန်သည့်အခါ၊ လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသော အခြားအချက်များ ပြည့်စုံသည့်အခါ အတင်းအဓမ္မ ရွှေ့ပြောင်းစေမှုများသည် လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပေါ်နေသည်ဟု ဖော်ပြနိုင်သော အချက်များဖြစ်ပါသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် အခြေပြု၍ အပြည်ပြည်ဆိုင်ရာ တရားရုံးများကလည်း အတင်းအဓမ္မ ရွှေ့ပြောင်းစေခြင်းကို လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသည်ဟု သတ်မှတ်ကြပါသည်။[၁၁]

အဓမ္မလုပ်အားစေခိုင်းမှု

ဖြစ်နိုင်ပါသည်။ အဓမ္မလုပ်အားခိုင်းစေမှုများအတွက် လုံလောက်သော သက်သေအထောက်အထားများသည် လူမျိုးတုံးသတ်ဖြတ်မှုမြောက်ကြောင်း ပြသရန်ဖြစ်နိုင်ပါသည်။ လူမျိုးတုံး သတ်ဖြတ်မှုတွင် "(လူအုပ်စု)တခု၏ ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးမှုကို ဖြစ်ပေါ်စေရန် ရည်ရွယ် တွက်ချက်၍ ရည်ရွယ်ချက်ရှိရှိဖြင့် နေထိုင်မှု အခြေအနေများအပေါ် ထိခိုက်သက်ရောက်စေခြင်း" အချက်လည်း ပါဝင်ပါသည်။ ဤအဆင့် အခြေအနေအထိ ရောက်စေသော အချက်များတွင် အောက်ဖော်ပြပါအချက်များပါဝင်သည်။[၁၂]

ဤလုပ်ဆောင်ကျူးလွန်မှုများကို အဓမ္မလုပ်အားခိုင်းစေခြင်းအားဖြင့် ကျွန်ပြုမှုအဖြစ်ပါဝင်သည်ဟု အဓိပ္ပါယ် ဖွင့်ဆိုကြပါသည်။ ဤဖော်ပြပါ လုပ်ဆောင်မှုများကို ကျူးလွန်သည့်အခါ၊ လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသော အခြားအချက်များပြည့်စုံသည့်အခါ အဓမ္မလုပ်အားခိုင်းစေမှုများသည် လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပေါ်နေသည်ဟု ဖော်ပြနိုင်သော အချက်များဖြစ်ပါသည်။ ဤ အဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် အခြေပြု၍ အပြည်ပြည်ဆိုင်ရာ တရားရုံးများကလည်း အဓမ္မလုပ်အားခိုင်းစေမှုကို လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသည်ဟု သတ်မှတ်ကြပါသည်။[၁၃]

၁၀။ See, Prosecutor v. Kayishema and Ruzindana, ICTR Trial Judgement, 21 May 1999, para 115-18; Prosecutor v. Akayesu, ICTR Trial Judgment, 2 September 1998; Rome Statute, Footnote to Article 5(c).

၁၁။ Ibid.

၁၂။ Rome Statute of the International Criminal Court, Article 6(c) 17 July 1998.

၁၃။ Prosecutor v. Kayishmea and Ruzindana, ICTR Trial Judgement, 21 May 1999, para. 115

ndburma2.indd 206 26-Dec-09 13:05:27

အတင်းအဓမ္မလက်ထပ်စေခြင်း

ဖြစ်နိုင်ပါသည်။ အတင်းအဓမ္မ လက်ထပ်စေမှုများအတွက် လုံလောက်သော သက်သေအထောက်အထားများသည် လူမျိုးတုံးသတ်ဖြတ်မှု မြောက်ကြောင်းပြသရန် ဖြစ်နိုင်ပါသည်။ လူမျိုးတုံး သတ်ဖြတ်မှုတွင် "(လူအုပ်စု) တခု၏ အဖွဲ့ဝင်များအပေါ် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ဖြစ်စေခြင်း"နှင့် "(လူအုပ်စု) တခု၏ ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးမှုကို ဖြစ်ပေါ်စေရန်ရည်ရွယ် တွက်ချက်၍ ရည်ရွယ်ချက်ရှိရှိဖြင့် နေထိုင်မှု အခြေအနေများအပေါ် ထိခိုက်သက်ရောက်စေခြင်း"၊ "လူအုပ်စုတခုအတွင်း ကလေးမွေးဖွားမှုများကို ဟန့်တားရန် ရည်ရွယ်၍ အစီအစဉ်များချမှတ်ခြင်း" စသည့် အချက်များလည်း ပါဝင်ပါသည်။ ဤဖော်ပြပါ လုပ်ဆောင်မှုများကို ကျူးလွန်သည့်အခါ၊ လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသော အခြားအချက်များ ပြည့်စုံသည့်အခါ အတင်းအဓမ္မလက်ထပ်စေခြင်းသည် လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပေါ်နေသည်ဟု ဖော်ပြနိုင်သောအချက်များ ဖြစ်ပါသည်။[၁၂]

လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်း

ဖြစ်နိုင်ပါသည်။ လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မ သွတ်သွင်းခံရမှုများအတွက် လုံလောက်သော သက်သေ အထောက်အထားများသည် လူမျိုးတုံးသတ်ဖြတ်မှုမြောက်ကြောင်း ပြသရန်ဖြစ်နိုင်ပါသည်။ လူမျိုးတုံးသတ်ဖြတ်မှုတွင် "(လူအုပ်စု) တခု၏ အဖွဲ့ဝင်များ အပေါ် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ဖြစ်စေခြင်း"၊ နှင့် "(လူအုပ်စု) တခု၏ ရုပ်ပိုင်းဆိုင်ရာဖျက်ဆီးမှုကို ဖြစ်ပေါ်စေရန် ရည်ရွယ် တွက်ချက်၍ ရည်ရွယ်ချက်ရှိရှိဖြင့် နေထိုင်မှုအခြေအနေများအပေါ် ထိခိုက်သက်ရောက်စေခြင်း"၊ "လူအုပ်စု တခုအတွင်း ကလေးမွေးဖွားမှုများကို ဟန့်တားရန်ရည်ရွယ်၍ အစီအစဉ်များချမှတ်ခြင်း" စသည့် အချက်များလည်း ပါဝင်ပါသည်။ ဤဖော်ပြပါ လုပ်ဆောင်မှုများကို ကျူးလွန်သည့်အခါ၊ လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသော အခြားအချက်များ ပြည့်စုံသည့်အခါ လိင်လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မ သွတ်သွင်းစေခြင်းသည် လူမျိုးတုံးသတ်ဖြတ်မှုဖြစ်ပေါ်နေသည်ဟု ဖော်ပြနိုင်သော အချက်များဖြစ်ပါသည်။

လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်း

ဖြစ်နိုင်ပါသည်။ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်းများအတွက် လုံလောက်သော သက်သေ အထောက်အထားများသည် လူမျိုးတုံးသတ်ဖြတ်မှု မြောက်ကြောင်း ပြသရန်ဖြစ်နိုင်ပါသည်။ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို တနည်းတဖုံဖြင့် ပိတ်ပင်ဟန့်တားပါက "(လူအုပ်စု) တခု၏ ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးမှုကို ဖြစ်ပေါ်စေရန် ရည်ရွယ်တွက်ချက်၍ ရည်ရွယ်ချက်ရှိရှိဖြင့် နေထိုင်မှု အခြေအနေများအပေါ် ထိခိုက်သက်ရောက်စေခြင်း" ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဤဖော်ပြပါ လုပ်ဆောင်မှုများကို ကျူးလွန်သည့်အခါ၊ လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသော အခြားအချက်များ ပြည့်စုံသည့်အခါ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်းသည် လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပေါ်နေသည်ဟု ဖော်ပြနိုင်သော အချက်များဖြစ်ပါသည်။

လူကုန်ကူးရောင်းဝယ်ခြင်း

ဖြစ်နိုင်ပါသည်။ လူကုန်ကူး ရောင်းဝယ်ခြင်းများအတွက် လုံလောက်သော သက်သေအထောက်အထားများသည် လူမျိုးတုံး သတ်ဖြတ်မှု မြောက်ကြောင်းပြသရန်ဖြစ်နိုင်ပါသည်။ လူမျိုးတုံး သတ်ဖြတ်မှုတွင် "(လူအုပ်စု) တခု၏ အဖွဲ့ဝင်များအပေါ်ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ဖြစ်စေခြင်း"နှင့် "(လူအုပ်စု) တခု၏ ရုပ်ပိုင်းဆိုင်ရာဖျက်ဆီးမှုကို ဖြစ်ပေါ်စေရန်ရည်ရွယ် တွက်ချက်၍ ရည်ရွယ်ချက်ရှိရှိဖြင့် နေထိုင်မှု အခြေအနေများအပေါ် ထိခိုက်သက်ရောက်စေခြင်း"၊ "လူအုပ်စုတခုမှ ကလေးများကို အခြားအုပ်စုတခုထံသို့ အတင်းအကျပ်ရွှေ့ပြောင်းခြင်း" စသည့် အချက်များလည်းပါဝင်ပါသည်။ ဤဖော်ပြပါလုပ်ဆောင်မှုများကို ကျူးလွန်သည့်အခါ၊ လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသော အခြားအချက်များ ပြည့်စုံသည့်အခါ လူကုန်ကူးရောင်းဝယ်ခြင်းသည် လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပေါ်နေသည်ဟု ဖော်ပြနိုင်သော အချက်များဖြစ်ပါသည်။

ndburma2.indd 207 26-Dec-09 13:05:27

သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်း

ဖြစ်နိုင်ပါသည်။ သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်းများအတွက် လုံလောက်သော သက်သေ အထောက်အထားများသည် လူမျိုးတုံး သတ်ဖြတ်မှု မြောက်ကြောင်းပြသရန် ဖြစ်နိုင်ပါသည်။ လူမျိုးတုံး သတ်ဖြတ်မှုတွင် "(လူအုပ်စု) တခု၏ အဖွဲ့ဝင်များကို သတ်ဖြတ်ခြင်း"၊ "လူအုပ်စုတခု၏ အဖွဲ့ဝင်များအပေါ် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြီးအကျယ်အန္တရာယ်ဖြစ်စေခြင်း"၊ နှင့် "(လူအုပ်စု) တခု၏ ရုပ်ပိုင်းဆိုင်ရာဖျက်ဆီးမှုကို ဖြစ်ပေါ်စေရန် ရည်ရွယ်တွက်ချက်၍ ရည်ရွယ်ချက်ရှိရှိဖြင့်နေထိုင်မှု အခြေအနေများအပေါ် ထိခိုက်သက်ရောက်စေခြင်း" စသည့် အချက်များလည်း ပါဝင်ပါသည်။ ဤဖော်ပြပါ လုပ်ဆောင်မှုများကို ကျူးလွန်သည့်အခါ၊ လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသော အခြားအချက်များ ပြည့်စုံသည့်အခါ သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်းသည် လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပေါ်နေသည်ဟု ဖော်ပြနိုင်သောအချက်များ ဖြစ်ပါသည်။

ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း

ဖြစ်နိုင်ပါသည်။ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်များကို ချိုးဖောက်ခြင်းများအတွက် လုံလောက်သော သက်သေ အထောက်အထားများသည် လူမျိုးတုံးသတ်ဖြတ်မှု မြောက်ကြောင်းပြသရန် ဖြစ်နိုင်ပါသည်။ လူမျိုးတုံး သတ်ဖြတ်မှုတွင် "(လူအုပ်စု) တခု၏ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးမှုကို ဖြစ်ပေါ်စေရန် ရည်ရွယ်တွက်ချက်၍ ရည်ရွယ်ချက်ရှိရှိဖြင့် နေထိုင်မှုအခြေအနေများအပေါ် ထိခိုက်သက်ရောက်စေခြင်း"လည်း ပါဝင်ပါသည်။ ဤအဆင့် အခြေအနေအထိ ရောက်စေသော အချက်များတွင် အောက်ဖော်ပြပါအချက်များ ပါဝင်သည်။

- သင့်လျော်သော နေထိုင်စရာ အိမ်ကို ဆုံးရှုံးစေခြင်း။
- သင့်လျော်သော နေထိုင်မှု အမိုးအကာများကို ရရှိခံစားနိုင်ရန် ကန့်သတ်ချုပ်ချယ်ထားခြင်း။
- အိမ်များမှနေ၍ စနစ်တကျ နှင်ထုတ်ခြင်း။[၁၄]

ဤဖော်ပြပါ လုပ်ဆောင်မှုများကို ကျူးလွန်သည့်အခါ၊ လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသော အခြားအချက်များပြည့်စုံသည့်အခါ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်များကို ချိုးဖောက်ခြင်းသည် လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပေါ်နေသည်ဟု ဖော်ပြနိုင်သောအချက်များ ဖြစ်ပါသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် အခြေပြု၍ အပြည်ပြည်ဆိုင်ရာ တရားခုံရုံးများကလည်း အတင်းအဓမ္မပြုကျင့်စေခြင်းကို လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသည်ဟု သတ်မှတ်ကြပါသည်။[၁၅]

မုဒိမ်းပြုကျင့်မှုနှင့် အခြားသော လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ပုံသဏ္ဌာန်များ

ဖြစ်နိုင်ပါသည်။ မုဒိမ်းပြုကျင့်မှုနှင့် အခြားသော လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ပုံသဏ္ဌာန်များသည် လူမျိုးတုံး သတ်ဖြတ်မှု မြောက်ကြောင်း ပြသရန်ဖြစ်နိုင်ပါသည်။ လူမျိုးတုံးသတ်ဖြတ်မှုတွင် "(လူအုပ်စု) တခု၏ အဖွဲ့ဝင်များအပေါ် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ဖြစ်စေခြင်း"၊ နှင့် "(လူအုပ်စု) တခု၏ ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးမှုကို ဖြစ်ပေါ်စေရန် ရည်ရွယ်တွက်ချက်၍ ရည်ရွယ်ချက်ရှိရှိဖြင့် နေထိုင်မှု အခြေအနေများအပေါ် ထိခိုက်သက်ရောက်စေခြင်း"၊ "လူအုပ်စုတခုအတွင်း ကလေးမွေးဖွားမှုများကို ဟန့်တားရန်ရည်ရွယ်၍ အစီအစဉ်များချမှတ်ခြင်း" စသည့်အချက်များလည်းပါဝင်ပါသည်။ ဤဖော်ပြပါလုပ်ဆောင်မှုများ ကိုကျူးလွန်သည့်အခါ၊ လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသော အခြားအချက်များ ပြည့်စုံသည့်အခါ မုဒိမ်းပြုကျင့်မှုနှင့် အခြား သောလိင်မှုဆိုင်ရာ အကြမ်းဖက်မှုပုံသဏ္ဌာန်များသည် လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပေါ်နေသည်ဟုဖော်ပြနိုင်သော အချက်များဖြစ်ပါသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် အခြေပြု၍အပြည်ပြည်ဆိုင်ရာ တရားခုံရုံးများကလည်း အတင်းအဓမ္မပြုကျင့်စေခြင်းကို လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသည်ဟု သတ်မှတ်ကြပါသည်။[၁၆]

၁၄၊ See, Prosecutor v. Kayishema and Ruzindana, ICTR Trial Judgement, 21 May 1999, para 115-18; Prosecutor v. Akayesu, ICTR Trial Judgment, 2 September 1998; Rome Statute, Footnote to Article 5(c).

၁၅၊ Ibid.

၁၆၊ Prosecutor v. Jean-Paul Akayesu, ICTR Trial Judgment, 2 September 1998, Kosovo Backgrounder: Sexual Violence as International Crime, Human Rights Watch, 10 May 1999, http://www.hrw.org/backgrounder/eca/kos0510.htm (last visited 23 August 2006).

ndburma2.indd 208 26-Dec-09 13:05:27

ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသော မလျော်ကန် ပြုမူခြင်းပုံစံများ

ဖြစ်နိုင်ပါသည်။ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသော မလျော်ကန် ပြုမူခြင်းပုံစံများသည် လူမျိုးတုံးသတ်ဖြတ်မှုမြောက်ကြောင်းပြသရန် ဖြစ်နိုင်ပါသည်။ လူမျိုးတုံးသတ်ဖြတ်မှုတွင် "(လူအုပ်စု) တခု၏ အဖွဲ့ဝင်များ အပေါ် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ဖြစ်စေခြင်း"နှင့် "(လူအုပ်စု) တခု၏ ရုပ်ပိုင်းဆိုင်ရာဖျက်ဆီးမှုကို ဖြစ်ပေါ်စေရန် ရည်ရွယ်တွက်ချက်၍ ရည်ရွယ်ချက်ရှိရှိဖြင့် နေထိုင်မှု အခြေအနေများအပေါ် ထိခိုက်သက်ရောက်စေခြင်း" စသည့်အချက်များလည်း ပါဝင်ပါသည်။ ဤဖော်ပြပါ လုပ်ဆောင်မှုများကို ကျူးလွန်သည့်အခါ၊ လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေသော အခြားအချက်များ ပြည့်စုံသည့်အခါအပြည် ပြည်ဆိုင်ရာ တရားခုံရုံးများက ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသော မလျော်ကန်ပြုမူခြင်းပုံစံများကို လူမျိုးတုံးသတ်ဖြတ်မှုဖြစ်ပေါ်နေသည်ဟု ဖော်ပြနိုင်သော အချက်များဟု သတ်မှတ်ထားပါသည်။[၁၇]

၃။ လူမျိုးတုံး သတ်ဖြတ်မှု ဖြစ်ပွားကြောင်း သက်သေပြသရန် အတွက် လူသေဆုံးမှု အထောက်အထားများ လိုအပ်ပါသလား။

မလိုအပ်ပါ။ လူမျိုးတုံးသတ်ဖြတ်မှု ဟူသောစကားရပ်သည် လူများကိုအစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းဟု ယေဘုယျအားဖြင့် နားလည်ထားတတ်ကြသည်။ အတိတ်ကာလက နိုင်ငံတကာ ခုံရုံးများသည် လူမျိုးတုံးသတ်ဖြတ်မှုအကြောင်း အစီရင်ခံစာများမှာပါရှိသည့် လူအတော်များများ အမှန်တကယ်သေဆုံးခြင်းများနှင့် ပတ်သက်သော အမှုများကိုသာ အကြီးအကျယ်အာရုံစိုက်ခဲ့ကြသည်။[၁၈] သို့ရာတွင်လူမျိုးတုံးသတ်ဖြတ်မှုတွင် အမှန်တကယ်သေဆုံးကြောင်း အထောက်အထားများလိုအပ်သည်မဟုတ်ချေ။ လူမျိုးတုံးသတ်ဖြတ်မှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အကြိုးဝင်သည်များမှာ အုပ်စုတစု တဖြည်းဖြည်း သေဆုံးပျောက်ကွယ်သွားစေရန်အတွက် ဖန်တီးထားသော အခြေအနေများပင်ဖြစ်သည်။ သေဆုံးသည့်အထိ မဖြစ်သည့်တိုင် ညှဉ်းပမ်းနှိပ်စက်မှု၊ မုဒိမ်းမှုကဲ့သို့သော အမှုများ ကျူးလွန်သော အခြေအနေများသည်ပင်လျှင် လူမျိုးတုံး သတ်ဖြတ်မှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အကြိုးဝင်ပါသည်။[၁၉]

၄။ ကြံရွယ်ချက်ဖြင့် ကျူးလွန်ခြင်းဆိုသည်မှာ မည်သည့်အဓိပ္ပါယ်ကို ဆိုလိုပါသနည်း။

မှတ်တမ်းပြုခြင်း အတွက် အကြိပြုချက် – ကြံရွယ်ချက်ကို သက်သေပြခြင်း။

အုပ်စုတစုစုသည် မိမိတို့ ဒဏ်ခတ်ခံနေရမှန်းသိနေပါလျှင်၊ ကြံရွယ်ချက်ကို ဖေါ်ပြရန်အတွက် တရားဝင်စာရွက်စာတမ်း အထောက်အထား၊ သို့မဟုတ် လုပ်ဆောင်ချက် တစုံတရာကို ၎င်းတို့သိထားခြင်း ရှိ– မရှိ ၎င်းတို့ကို မေးကြည့်ရန် လိုအပ်ပါသည်။ အစိုးရအရာရှိ သို့မဟုတ် စစ်ဗိုလ်တဦးဦး အနေနှင့် ထိုအုပ်စုကို လက်စတုံး ဖျက်ဆီးပစ်မည်ဟု လူသိရှင်ကြား ပြောကြားခဲ့သည်ကို ကြားခဲ့ဖူးပါသလား။ သို့တည်းမဟုတ် ထိုအုပ်စုထဲမှ မည်သူမည်ဝါဟူသော ပုဂ္ဂိုလ်များ၊ အထူးသဖြင့် ခေါင်းဆောင်လူကြီးများကို တသမတ်တည်း ပစ်မှတ်ထား၍ တိုက်ခိုက်ရန်ရှာ နေပါသလားစသည့် အချက်များရှာဖွေရန် လိုအပ်သည်။

"ကြံရွယ်ချက်ဖြင့်"ဆိုသည်မှာ ရည်ရွယ်ချက်ထားရှိပြီး တမင်တကာ လုပ်ဆောင်ခြင်းကို ဆိုလိုပါသည်။ တစုံတယောက်သည် တစုံတရာသော အကျိုးဆက်ကို ရှေ့ရှုလျှက် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်သောအခါ၌ သူ သို့မဟုတ် သူမ၏ အသိရှိသော ရည်ရွယ်ချက်သည် ထိုအကျိုးဆက်ကို ဖြစ်ပွားစေရန် ဖြစ်သည်။ လူမျိုးတုံးသတ်ဖြတ်မှု၏ ဤအင်္ဂါရုပ်ကို သက်သေပြရန်အတွက်ဆိုလျှင် အဆိုပါကျူးလွန်သူမှာ ထိုသို့ပြုခြင်းအတွက် တစုံတရာသော အကြောင်းရှိကြောင်းကို ပြသရပေမည်။ ဆိုလိုသည်မှာ ၎င်းသည် လူမျိုးတမျိုး သို့မဟုတ် လူမျိုးစုတစု သို့မဟုတ် အသားအရောင် မတူသော သို့မဟုတ် ဘာသာရေး ဆိုင်ရာအုပ်စု တစုစု၏ တခုလုံးကိုသော်လည်းကောင်း၊ တစိတ်တပိုင်းကို သော်လည်းကောင်း၊ လက်စတုံး ပျက်စီးသွားစေရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

ဤအင်္ဂါရုပ်ကို သက်သေပြရန်မှာ အထူးခက်ခဲပါသည်။ အကြောင်းမှာ အဆိုပါပြစ်မှုကျူးလွန်သူသည် ကျူးလွန်ရာ၌မည်သည်ကို ရည်ရွယ်ခဲ့ကြောင်း သင့်အနေနှင့် သက်သေပြရန် လိုအပ်သောကြောင့် ဖြစ်ပါသည်။

၁၇၊ Prosecutor v. Jean-Paul Akayesu, ICTR Trial Judgment, 2 September 1998.

၁၈၊ See, Prosecutor v Jelisic, ICTR Trial Judgment, 14 December 1999, para 82; Prosecutor v Akayesu, ICTR Trial Judgment, 2 September 1998.

၁၉၊ လူမျိုးတုံးသတ်ဖြတ်မှုတခု အဖြစ်အထမြောက်ရန် လူအရေအတွက် မည်မျှထိခိုက်နစ်နာရမည်ဟုနိုင်ငံတကာ ရာဇဝတ်မှုခုံရုံးက ထောက်ပြထားရာ၌ အရေအတွက်သည် တဦး၊ ထိုထက်ပို၍လည်း ဖြစ်နိုင်ပါသည်။ လူဦးရေ၏ တစိတ်တပိုင်း၊ သို့မဟုတ် လူဦးရေ တစုံလုံးနီးပါးကို သတ်ဖြတ်သုတ်သင်ရန် သက်သေအထောက်အထားများဖော်ပြရန်ပင် မလိုအပ်ကြောင်း အလေးပေး ဖော်ပြထားပါသည်။ See, Elements of Crimes, http://www.icc-cpi.int/library/about/officialjournal/Elements_of_Crimes_120704EN.pdf (last visited 29 July 2008).

ndburma2.indd 209 26-Dec-09 13:05:27

၅။ လူမျိုးတုံးသတ်ဖြတ်မှုကို သက်သေပြရန် မည်သူ၏ ကြိုရွယ်ချက်က အရာရောက် သက်ဆိုင်ပါသနည်း။

ရာဇဝတ်မှုတခုကို လူမျိုးတုံးသတ်ဖြတ်မှု အဖြစ် သက်သေပြနိုင်ခြင်း ရှိ– မရှိဟု ဆိုရာ၌ ကျူးလွန်သူ၏ ရည်ရွယ်ချက်က အဆုံးအဖြတ်ပေးပါသည်။ ပြဿနာကား မည်သူ၏ ကြိုရွယ်ချက်က အရာရောက်သနည်း ဟူသောပြဿနာပင်ဖြစ်ပါသည်။ ယေဘု ယျအားဖြင့် လူမျိုးတုံးသတ်ဖြတ်မှုကို တိုက်ရိုက်နှင့်လူသိရှင်ကြားစတင်ဆော်သြသူ၊ စီစဉ်ခြင်းသော်လည်းကောင်း၊ အမိန့် ပေးခြင်း သော်လည်းကောင်းပြုသူ (သာဓကအားဖြင့်–ထိပ်တန်း အစိုးရအရာရှိကြီးများ)ရော၊ ဤပြစ်မှုကိုလက်တွေ့အကောင် အထည် ဖော်ပေးရသူ (သာဓကအားဖြင့်–စစ်သားများအပြင်၊ ထိုသူ၏ အိမ်နီးနားချင်း ပုဂ္ဂိုလ်များသည်ပင်လျှင်)တို့ကိုပါ တရားစွဲ ဆိုနိုင်ပါသည်။ စစ်သားများ သို့မဟုတ် အခြားပုဂ္ဂိုလ်များသည် "အမိန့်နာခံ"ရသူများ ဖြစ်နေသည့်တိုင် ၎င်းတို့ကိုပါ တရားစွဲဆို နိုင်ခြင်းပင်ဖြစ်သည်။[၂၀] ပြစ်မှုကျူးလွန်သူအဖြစ် စွပ်စွဲခံရသူများသည် ၎င်းတို့ကိုယ်တိုင်က အုပ်စုတစုကို လက်စတုံးဖျက်ဆီးပစ် ရန် ရည်ရွယ်ချက်မရှိသည် ဖြစ်စေ၊ "သိလျက်နှင့်သော်လည်းကောင်း၊ အဓိကအားဖြင့်သော်လည်းကောင်း" လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်သူများကို ကူညီပေးသည့်အတွက် လူမျိုးတုံးသတ်ဖြတ်မှုမှာ အပြစ်ရှိပါသည်။[၂၁]

၆။ ကျူးလွန်သူ၏ လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ရန် ကြိုရွယ်ချက်ကို သက်သေပြရန်အတွက် တိုက်ရိုက် အထောက်အထားများ လိုအပ်ပါသလား။

ကျူးလွန်သူ၏ ကြိုရွယ်ချက်များကို ဖော်ပြရေးအတွက် အထောက်အထားများ လိုအပ်ပါသည်။ အစိုးရ၏ ကြေညာချက်၊ သို့မဟုတ် စစ်တပ်အမိန့်များ ကဲ့သို့သော တိုက်ရိုက်အထောက်အထားများသည် လူမျိုးတုံးသတ်ဖြတ်မှုကို သက်သေပြရာ၌လွန် စွာ အထောက်အကူပြုပါသည်။[၂၂] သာဓကအားဖြင့်– အုပ်စုတစုနှင့် ပတ်သက်၍ ရိုင်းပျစွာနှိမ်ချပြောဆိုသောစကားများ၊ သို့မ ဟုတ် အုပ်စုကိုဖြစ်စေ၊ အုပ်စု၏ပိုင်ဆိုင်ပစ္စည်းများကိုဖြစ်စေ ကိုယ်ထိလက်ရောက် ပစ်မှတ်ထားခြင်းကဲ့သို့သော စနစ်တကျ ဘက် စုံဆောင်ရွက်နေကြသော ပုံစံတခုမှနေ၍ ကြိုရွယ်ချက်ကိုကောက်ချက်ဆွဲယူနိုင်ပါသည်။[၂၃] ဘာသာရေးအုပ်စုတစုမှလူအများ အပြား၏ ပျက်စီးရာ ပျက်စီးကြောင်း ကြိုရွယ်ချက်ကိုဖော်ပြသည့် တိုက်ရိုက်အထောက်အထား(သာဓကအားဖြင့်–ထိုပုဂ္ဂိုလ်များ မည်သည့် နေ့ရက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ခံစားရမည်ဖြစ်ကြောင်း ဖော်ပြထားသော စာရွက်စာတမ်းများ) သည် အကယ်၍ အားကောင်းသော ပတ်ဝန်းကျင်အခြေအနေ ပြဆိုချက်များ ရှိနေပါက လိုအပ်ချင်မှ လိုအပ်ပါလိမ့်မည်။

ပိုင်းခြားသုံးသပ်ခြင်းအတွက် အကြိုပြုချက် – လူမျိုးတုံး သတ်ဖြတ်မှုနှင့် လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုတို့၏ မတူခြားနားချက် အချို့

- စိတ်ပိုင်းဆိုင်ရာ အကြောင်းအချက် – လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုကို သက်သေပြရာ၌ ကျူးလွန်သူမှာ အုပ်စုတစုစုကိုလက်စတုံး ပျက်စီးသွားစေလိုသော ကြိုရွယ်ချက် ရှိနေကြောင်း သက်သေပြစရာမလို ပါ။ ထိုသူတို့ကျူးလွန်သောရာဇဝတ်မှုများသည် အရပ်သား ပြည်သူတို့အပေါ် အကြီးအကျယ်နှင့် စနစ်တကျတိုက် ခိုက်ခြင်း၏ အစိတ်အပိုင်းဖြစ်သည်ဆိုခြင်းကို ထိုသူတို့ သိရှိနေကြောင်းသာ သက်သေပြရန် လိုအပ်ပါသည်။
- ကျူးလွန်ခံရသူ အမျိုးအစား – လူမျိုးတုံးသတ်ဖြတ်မှုတွင် ကျူးလွန်ခံရသူများသည် လူမျိုးတမျိုး၊ သို့မဟုတ် လူမျိုးစု တစု၊ သို့မဟုတ် အသားအရောင် မတူသော သို့မဟုတ် ဘာသာရေးဆိုင်ရာအုပ်စုတစုစုမှ ဖြစ်ကြောင်း ပြသရန် လိုပါ သည်။ လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုများ၌မူ လူမှုရေး သို့မဟုတ် နိုင်ငံရေးအုပ်စုများကဲ့သို့ သော အခြားအုပ်စုများကိုပါ ထည့်သွင်းနိုင်ပါသည်။

၂၀၊ Prosecutor v. Jean-Paul Akayesu, ICTR Trial Judgment, 2 September 1998; Kosovo Backgrounder: Sexual Violence as International Crime, Human Rights Watch, 10 May 1999, http://www.hrw.org/backgrounder/eca/kos0510.htm (last visited 27 July 2008); Stiglmayer, Alexandra, "Sexual Violence: Systematic Rape," in Crimes of War, The Book,, http://www.crimesofwar.org/thebook/sexual-systematic-rape.html (last visited 27 July 2008).

၂၁၊ Orentlicher, Diane F., "Genocide," in Crimes of War, The Book, http://www.crimesofwar.org/thebook/genocide.html (last visited 1 August 2008).

၂၂၊ See, Elements of Crimes, http://www.icc-cpi.int/library/about/officialjournal/Elements_of_Crimes_120704EN.pdf (last visited 29 July 2008).

၂၃၊ Prosecutor v Akayesu, ICTR Trial Judgment, 2 September 1998, para 523; Prosecutor v Kayishema and Ruzindana, ICTR Trial Judgment, 21 May 1999; Krstic Judgment, ICTY Trial Judgment, August 2001, para 580 (ဗလီများ ဖျက်ဆီးသည့် အထောက်အထား၊ လူအုပ်စုတခု၏ နေအိမ်များကို ဖျက်ဆီးသည့် အထောက်အထားများကို ကြည့်ခြင်းအားဖြင့် ရည်ရွယ် ချက်ကို ခန့်မှန်းနိုင်ပါသည်။)

ndburma2.indd 210 26-Dec-09 13:05:27

– ချိုးဖောက်မှုအမျိုးအစားများ – လူမျိုးတုံး သတ်ဖြတ်မှုနှင့် ဆိုင်သော ကျူးလွန်မှုများနှင့် လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုများသည် အချို့နေရာများ၌ ထပ်တူ ဖြစ်နေတတ်ပါသည်။ သို့ရာတွင် မတူကွဲပြားသည့် ကျူးလွန်မှု အချို့လည်း ရှိပါသည်။

(၈) လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုများကို အဓိပ္ပါယ်သတ်မှတ်ခြင်း

၁။ လူသားဆန့်ကျင်ရေးရာဇဝတ်မှုများ၏ အင်္ဂါရုပ်များကားအဘယ်နည်း။

လူသားဆန့်ကျင်ရေးရာဇဝတ်မှုသည် အရပ်သားပြည်သူတို့အပေါ်အကျယ်အပြန့်၊ သို့မဟုတ် စနစ်တကျတိုက်ခိုက်ခြင်း၏ အစိတ်အပိုင်းအဖြစ် ကျူးလွန်ခြင်း ဖြစ်ရမည်။ လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေးရာဇဝတ်မှုများကို ကျူးလွန်သည်ဟု သတ်မှတ်ရန်အတွက် အောက်ပါ အထောက်အထားများ လိုအပ်ပါသည်။[၄၄]

(၁) အောက်ပါ ပြစ်မှု တခုခုကို ကျူးလွန်ခြင်း။

- သတ်ဖြတ်ခြင်းနှင့် မျိုးဖြုတ်ပစ်ခြင်း (အသက် သေစေလောက်သောအခြေအနေများကို ဖန်တီးခြင်း အပါအဝင် ဖြစ်သည်။)
- လူကို အတင်းအဓမ္မ အစဖျောက်ပစ်ခြင်း။
- ကျွန်ပြုခြင်း(လူရောင်းဝယ်ခြင်း အပါအဝင်)။
- လူအမြောက်အမြားကို တိုင်းပြည်ထဲမှ မောင်းထုတ်ခြင်း၊ သို့မဟုတ် (တိုင်းပြည် နယ်နိမိတ်အတွင်းမှာရော၊ အပြင် အပသို့ပါ ရွှေ့ပြောင်းစေခြင်း) အတင်းအဓမ္မ နေရာရွှေ့ပြောင်းစေခြင်း။
- နိုင်ငံကာဉပဒေကို ချိုးဖောက်သောအားဖြင့် အကျဉ်းချခြင်း၊ သို့မဟုတ် အနေအထိုင် လွတ်လပ်ခွင့်ကို ရုပ်သိမ်းခြင်း။
- ညှဉ်းပမ်း နှိပ်စက်ခြင်း။
- မုဒိမ်းကျင့်ခြင်း၊ လိင် ကျွန်ပြုခြင်း၊ အလိုမတူဘဲ ကိုယ်ဝန်ရစေခြင်း၊ အလိုမတူဘဲ သားကြောဖြတ်ခြင်း။
- နိုင်ငံတကာ ဥပဒေအရ ဒဏ်ခတ်ခြင်းမပြုရဟု တကမ္ဘာလုံးမှာ အသိအမှတ်ပြုထားသည်ကို ဆန့်ကျင်လျက် နိုင်ငံရေးအုပ်စုတစု သို့မဟုတ် အသားအရောင်မတူသော အုပ်စုတစု သို့မဟုတ် လူမျိုးတမျိုး၊ သို့မဟုတ် လူမျိုးစုတစု သို့မဟုတ် ဘာသာရေးဆိုင်ရာ အုပ်စုတစု သို့မဟုတ် လိင်ကွဲပြားသော အုပ်စုတစု သို့မဟုတ် အခြားသောအုပ်စုများအဖြစ် သတ်မှတ်နိုင်လောက်သော အုပ်စုတစုကို ဒဏ်ခတ်ခြင်း။

(၂) ဤသို့ ကျူးလွန်မှုသည် နေရာအနှံ့အပြား၊ သို့မဟုတ် စနစ်တကျ တိုက်ခိုက်ခြင်း အစီအစဉ်၏ တစိတ်တဒေသ လုပ်ရပ်များဖြစ်နေခြင်း။

(၃) အရပ်သားပြည်သူတို့အပေါ် ပစ်မှတ်ထား တိုက်ခိုက်ခြင်း။

(၄) ကျူးလွန်သူ ကိုယ်တိုင်က မိမိတိုက်ခိုက်နေသည့်ကိစ္စအကြောင်းကို သိရှိခြင်း။

၄၄၊ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်ကို နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး၏ ရောမဥပဒေပြဋ္ဌာန်းချက်များ Rome Statute of the International Criminal Court ပုဒ်မ–၇ မှ ရယူပါသည်။ လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုဟူသည်ကို နိုင်ငံတကာဥပဒေ ချိုးဖောက်မှုအဖြစ် ၈၂ရင်ဘာဂ် ခုံရုံး (၁၉၄၅) ခုနှစ် ကတည်းက တရားဝင်သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၄၆ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက နိုင်ငံတကာ ဥပဒေများအရ လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများကို တားမြစ်ကြောင်း အသိအမှတ်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး၏ စီရင်ပိုင်ခွင့်နယ်ပယ်၌ တိုက်ရိုက် ကျရောက်နေခြင်းမရှိပါ။ သို့သော်လည်း လူသားမျိုးနွယ်တရပ်လုံးအပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများကို တားဆီးရန် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေများကို လိုက်နာရန် တာဝန်အရ တာဝန်ရှိနေပါသည်။ See, Rome Statute of the International Criminal Court (1998), Article 7, http://untreaty.un.org/cod/icc/statute/english/rome_statute(e).pdf (last visited 2 August 2008); Amnesty International, The International Criminal Court: Fact Sheet 4 – Prosecuting Crimes Against Humanity, http://web.amnesty.org/library/index/engior400052000 (last visited 27 July 2008); see also, Bassiouni, C. and

ndburma2.indd 211 26-Dec-09 13:05:27

၂။ အောက်ပါလူ့အခွင့်အရေးချိုးဖောက်မှုများသည် လူသားမျိုးနွယ်တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှု မြောက်ပါသလား။

လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ စုဝေးခွင့်တို့ကို နှောက်ယှက်ခြင်း

လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ သို့မဟုတ် စုဝေးခွင့်တို့ကို နှောက်ယှက်ခြင်းသည် လူသားမျိုးနွယ် တရပ်လုံးအပေါ်ဆန့်ကျင်ရေး ရာဇဝတ်မှုမြောက်ကြောင်း ပြသရန်ခက်ပါသည်။ သို့ရာတွင် နိုင်ငံရေး အုပ်စုတစု သို့မဟုတ် အသားအရောင်မတူသော အုပ်စုတစု၊ သို့မဟုတ် လူမျိုးတမျိုး၊ သို့မဟုတ် လူမျိုးစုတစု သို့မဟုတ် ဘာသာရေးဆိုင်ရာအုပ်စုတစု၊ သို့မဟုတ် လိင်ကွဲပြားသောအုပ်စုတစု၊ သို့မဟုတ် အခြားသော အုပ်စုများအဖြစ် သတ်မှတ်နိုင်လောက်သော အုပ်စုတစုကို ဒဏ်ခတ်ခြင်းသည် အခြားသောပြစ်မှုအင်္ဂါရပ်များနှင့် ပေါင်းဆုံသောအခါ၌ ၎င်းပြစ်မှုသည်လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေးရာဇဝတ်မှုမြောက်စေနိုင်ပါသည်။[၂၁]

မတရား ဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ

ဖြစ်နိုင်ပါသည်။ "ထောင်သွင်း အကျဉ်းချမှုများနှင့် ရုပ်ပိုင်းဆိုင်ရာ လွတ်လပ်ခွင့်ကို ပြင်းထန်ဆိုးရွားစွာ ဆုံးရှုံးစေခြင်း" သည် အခြားအခြေအနေများလည်း ပြည့်စုံနေသည့်အခါ၊ လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေးရာဇဝတ်မှုအဖြစ် ရောမအပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ဥပဒေပြဋ္ဌာန်းချက်များက အတိအလင်းပြဋ္ဌာန်းထားပါသည်။[၂၆]

ကလေးစစ်သားများ

ဖြစ်နိုင်ပါသည်။ ရောမ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ဥပဒေပြဋ္ဌာန်းချက်များက "ကျွန်ပြုမှု" ကို "လူတဦးအပေါ် ပိုင်ဆိုင်ခွင့် အခွင့်အရေးနှင့် ဆက်နွယ်နေသမျှသော အာဏာများ အားလုံးသော်လည်းကောင်းကောင်း၊ တခုခုကိုသော်လည်းကောင်း ကျင့်သုံး အသုံးချခြင်း"ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ကလေးစစ်သား အသုံးချခြင်းသည် ကျွန်ပြုခြင်းပုံစံတမျိုးဟု သတ်မှတ်နိုင်ပါသည်။ ကလေးစစ်သား အသုံးချခြင်းကို ခွဲခြားဖိနှိပ်ခြင်း ပုံစံတမျိုးအဖြစ်လည်း သတ်မှတ်နိုင်ပါသည်။ အကြောင်းမှာ အခြေခံအခွင့်အရေးများကို ဆုံးရှုံးစေသည့် အဓိပ္ပါယ်သက်ရောက်သောကြောင့် ဖြစ်ပါသည်။[၂၇] သို့အတွက်ကြောင့် ကလေးစစ်သား အသုံးချခြင်းသည် လူသားမျိုးနွယ် တရပ်လုံးအပေါ် ကျူးလွန်ချိုးဖောက်သည့် ရာဇဝတ်မှုမြောက်နိုင်ပါသည်။

အဓမ္မလုပ်အားစေခိုင်းမှု

ဖြစ်နိုင်ပါသည်။ "အဓမ္မ လုပ်အားခိုင်းစေမှု" သည် အခြားအခြေအနေများလည်း ပြည့်စုံနေသည့်အခါ၊ လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုအဖြစ် ရောမအပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ဥပဒေပြဋ္ဌာန်းချက်များကအတိအလင်း ပြဋ္ဌာန်းထားပါသည်။[၂၈] အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးက အဓမ္မလုပ်အားခိုင်းစေမှုကို လူသားမျိုးနွယ်တရပ်လုံးကို ဆန့်ကျင်ချိုးဖောက်သည့် ရာဇဝတ်မှုအဖြစ် အသိအမှတ် ပြုထားပါသည်။ ဤမှုကို အတည်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုခုံရုံးက ယခင် ယူဂိုဆလားဗီးယားနိုင်ငံမှ ပြစ်မှုကျူးလွန်သူများကို အဓမ္မလုပ်အားခိုင်းစေမှု ပြစ်မှုများကျူးလွန်သည့် အပေါ်တာဝန်ရှိသည့်အတိုင်း ပြစ်ဒဏ်ပေးခဲ့ပါသည်။[၂၉]

၂၅၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမဥပဒေပြဋ္ဌာန်းချက်များ ပုဒ်မ(၇)(၂)(ဆ) အရ "နိုင်ငံတကာ ဥပဒေများကို ဆန့်ကျင်၍ အခြေခံအခွင့်အရေးများကို တမင်တကာ ရည်ရွယ်ချက်ဖြင့်၊ အုပ်စုတစုဟု ခွဲခြားသတ်မှတ်ပြီး၊ သို့မဟုတ် သိမ်းကျုံးစုပေါင်း၍ ပြင်းထန်စွာ ချိုးဖောက်ကန့်သတ်လျှင်"အလားတူ ဆောင်ရွက်ကျူးလွန်မှုမြောက်သည်ဟုဆိုထားသည်။

၂၆၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမဥပဒေပြဋ္ဌာန်းချက်များ ပုဒ်မ (၇) (၁) (ဇ) အရ "အခြားအခြေအနေများ ပြည့်စုံလျှင် ထောင်သွင်းအကျဉ်းချခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာလွတ်လပ်ခွင့်ပို ပြင်းထန်ဆိုးရွားစွာ ဆုံးရှုံးစေလျှင် " လူသားမျိုးနွယ် တရပ်လုံးကို ကျူးလွန်ချိုးဖောက်သည့် ရာဇဝတ်မှု မြောက်သည်ဟု ဆိုထားသည်။

၂၇၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမဥပဒေပြဋ္ဌာန်းချက်များ ပုဒ်မ (၇) (၁) (ဇ) အရ။ ၁၉၉၈ ခုနှစ် ဇူလိုင်လ ၁၇ ရက်။

၂၈၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမဥပဒေပြဋ္ဌာန်းချက်များ ပုဒ်မ (၇) (၁) အရ။ ၁၉၉၈ ခုနှစ် ဇူလိုင်လ ၁၇ ရက်။ "ကျွန်ပြုခြင်း" ကို အခြား ရာဇဝတ်မှု အခြေအနေများပြည့်စုံသည့်အခါ လူသားမျိုးနွယ် တရပ်လုံးကို ဆန့်ကျင်ချိုးဖောက်သော ရာဇဝတ်မှုအဖြစ် အပါအဝင် သတ်မှတ် ထားပါသည်။)

၂၉၊ Prosecutor v. Kunarac, et al., ICTY Trial Judgement, 22 February 2001, para. 542. Prosecutor v. Krnojelac, ICTY Trial Judgement, 15 March 2002, para. 358.

ndburma2.indd 212 26-Dec-09 13:05:27

အတင်းအဓမ္မလက်ထပ်စေခြင်း

ဖြစ်နိုင်ပါသည်။ "အတင်းအဓမ္မ လက်ထပ်စေခြင်း"ကို လူသားမျိုးနွယ် တရပ်လုံးအပေါ်ဆန့်ကျင်ရေး ရာဇဝတ်မှုအဖြစ် ရောမအာပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ဥပဒေပြဋ္ဌာန်းချက်များက အတိအလင်းပြဋ္ဌာန်းမထားသော်လည်း၊ အပြည်ပြည်ဆိုင် ရာ ဓလေ့ထုံးတမ်း ဥပဒေများအရ ၎င်းကိုလူသားမျိုးနွယ် တရပ်လုံးအပေါ်ဆန့်ကျင်ရေး ရာဇဝတ်မှုအဖြစ် သတ်မှတ်ထား ပါသည်။[၃၀] အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု ခုံရုံးများကလည်း အတင်းအဓမ္မ လက်ထပ်စေခြင်းကို လူသားမျိုးနွယ် တရပ်လုံးအပေါ်ဆန့်ကျင်ရေး ရာဇဝတ်မှုအဖြစ် အသိအမှတ်ပြုထားပါသည်။ ဤမှုကို အတည်ပြုသောအားဖြင့် ဆီရာလီယွန်နိုင်ငံရှိ အထူးခုံရုံးက အတင်းအဓမ္မ လက်ထပ်စေမှု ကျူးလွန်သူများကို တာဝန်ရှိသည့်အတိုင်း ပြစ်ဒဏ်ပေးခဲ့ပါသည်။[၃၁]

လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်း

ဖြစ်နိုင်ပါသည်။ "လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မ သွတ်သွင်းခံရခြင်း" ကို အခြားအခြေအနေများ လည်း ပြည့်စုံနေသည့်အခါ၊ လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုအဖြစ် ရောမ အပြည်ပြည်ဆိုင်ရာရာဇဝတ်မှု ခုံရုံး ဥပဒေပြဋ္ဌာန်းချက်များက အတိအလင်း ပြဋ္ဌာန်းထားပါသည်။[၃၂]

အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်း

ဖြစ်နိုင်ပါသည်။ အရပ်သား ပြည်သူများကို "အတင်းအဓမ္မ ရွှေ့ပြောင်းစေခြင်း" ကို လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုအဖြစ် ရောမ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ဥပဒေပြဋ္ဌာန်းချက်များက အဓိပ္ပါယ်ဖွင့်ဆိုထားသကဲ့သို့၊ အချို့ သောသူများကို နှင်ထုတ်ခြင်း၊ အင်အား အသုံးပြုခြင်းအားဖြင့် သူတို့တရားဝင် တည်ရှိနေထိုင်သော ဒေသများမှအတင်းအကျပ် ရွှေ့ပြောင်းခြင်းကိုလည်း အလားတူ ပြဋ္ဌာန်းထားပါသည်။[၃၃]

လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်း

ဖြစ်နိုင်ပါသည်။ လူတဦး၏ "ရုပ်ပိုင်းဆိုင်ရာ လွတ်လပ်ခွင့်ကို ပြင်းထန်ဆိုးရွားစွာ ဆုံးရှုံးစေသည့်အခါ""ပြည်သူလူထု များကို အတင်းအဓမ္မ (နိုင်ငံတခု၏ အမျိုးသားနယ်နိမိတ် ပြင်ပသို့သော်လည်းကောင်း၊ အတွင်း၌သော်လည်းကောင်း) ရွှေ့ပြောင်း စေသည့်အခါ" လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေးရာဇဝတ်မှုအဖြစ် ရောမ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ဥပဒေ ပြဋ္ဌာန်းချက်များက အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ပြည်သူလူထုများကို အတင်းအဓမ္မ ရွှေ့ပြောင်းစေခြင်း ဆိုသည်မှာ အချို့ သောသူများကို နှင်ထုတ်ခြင်း၊ အင်အားအသုံးပြုခြင်းအားဖြင့် သူတို့တရားဝင် တည်ရှိနေထိုင်သောဒေသများမှ အတင်းအကျပ် ရွှေ့ပြောင်းခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။[၃၄]

လူကုန်ကူးရောင်းဝယ်ခြင်း

ဖြစ်နိုင်ပါသည်။ "လူကုန်ကူးရောင်းဝယ်မှု"သည် အခြားအခြေအနေများလည်း ပြည့်စုံနေသည့်အခါ၊ လူသားမျိုးနွယ် တရပ်လုံး အပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုအဖြစ် ရောမ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ဥပဒေပြဋ္ဌာန်းချက်များကအတိအလင်း ပြဋ္ဌာန်းထားပါသည်။[၃၅]

၃၀၊ See, Prosecutor v. Brima, SCSL-2004-16A, Appeals Chamber Judgment, 22 February 2008, recognizing forced marriage as a crime against humanity under customary international law.

၃၁၊ Prosecutor v. Brima, SCSL-2004-16A, Appeals Chamber Judgment, 22 February 2008

၃၂၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမဥပဒေပြဋ္ဌာန်းချက်များ ပုဒ်မ (၇) (၁) (ဆ) အရ။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်။

၃၃၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမဥပဒေပြဋ္ဌာန်းချက်များ ပုဒ်မ (၇) (၁) နှင့် (၂) အရ။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်။

၃၄၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမဥပဒေပြဋ္ဌာန်းချက်များ ပုဒ်မ (၇) (၁) နှင့် (၂) အရ။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်။

၃၅၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမဥပဒေပြဋ္ဌာန်းချက်များ ပုဒ်မ (၇) (၁) (ဂ) အရ။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်။ ပါဝင်ဖော်ပြထားသည်မှာ (ကျွန်ုပြုမှု) ကို လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေးဖောက်သည့် ရာဇဝတ်မှုအဖြစ် အခြားအခြေအနေများလည်း ပြည့်စုံသည့်အခါ သတ်မှတ်ထည့်သွင်းထားပါသည်။ (ပုဒ်မ (၇) (၂) (ဂ) အရ ကျွန်ုပြုမှု တွင် လူကုန်ကူးရောင်းချမှုလည်း ပါဝင်ပါသည်။

ndburma2.indd 213 26-Dec-09 13:05:27

သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်း

ဖြစ်နိုင်ပါသည်။ ''သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်း''သည် အခြားအခြေအနေများလည်း ပြည့်စုံနေသည့်အခါ၊ လူသား မျိုးနွယ်တရပ်လုံး အပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုအဖြစ် ရောမ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ဥပဒေပြဋ္ဌာန်းချက်များက အတိအလင်း ပြဋ္ဌာန်းထားပါသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးများကလည်း သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်းကို လူသားမျိုးနွယ် တရပ်လုံးကို ဆန့်ကျင်ချိုးဖောက်သည့် ရာဇဝတ်မှုဟု အသိအမှတ် ပြုထားပါသည်။ ဤမှုကို အတည်ပြုသောအားဖြင့် ရဝမ်ဒါနိုင်ငံနှင့် ယခင်ယူဂိုဆလားဗီးယားနိုင်ငံများတွင် ဆောင်ရွက်ခဲ့သည့် ခုံရုံးများက သတ်ဖြတ်မှုနှင့်အစဖျောက်ပစ်ခြင်းကို ကျူးလွန်ခဲ့ကြသည့် တာဝန်ရှိသူများကို ပြစ်ဒဏ်ပေးခဲ့ပါသည်။

ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း

''ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း''ကို လူသားမျိုးနွယ်တရပ်လုံးအပေါ် ဆန့်ကျင်ရေးရာဇဝတ်မှုအဖြစ် စွပ်စွဲတင်သွင်းရန်ခက်ခဲပါသည်။ သို့သော်လည်း ဤချိုးဖောက်မှုများသည်''မည်သည့်သတ်မှတ်ဖော်ပြ၍ ရသောနိုင်ငံရေး၊လူမျိုး၊ နိုင်ငံသား၊ တိုင်းရင်းသား၊ ယဉ်ကျေးမှုဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ လိင်ကွဲပြားမှု သို့မဟုတ် အခြားအခြေအနေများအပေါ် အခြေခံသည့် အုပ်စုများအပေါ်ခွဲခြားဖိနှိပ်မှု'' တိုင်အောင် ဖြစ်ပေါ်စေသည့်အခါ၊ အခြားအခြေအနေများလည်း ပြည့်မီသည့်အခါ လူသားမျိုးနွယ်တရပ်လုံးအပေါ် ဆန့်ကျင်ချိုးဖောက်သည့် ရာဇဝတ်မှု မြောက်စေနိုင်ပါသည်။[၃၆]

မုဒိမ်းပြုကျင့်မှုနှင့် အခြားသော လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ပုံသဏ္ဌာန်များ

ဖြစ်နိုင်ပါသည်။ ''မုဒိမ်းပြုကျင့်မှုနှင့် အခြားသော လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ပုံသဏ္ဌာန်များ''ကို လူသားမျိုးနွယ်တရပ်လုံး အပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုအဖြစ် ရောမ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ဥပဒေပြဋ္ဌာန်းချက်များက အတိအလင်း ပြဋ္ဌာန်းထားပါသည်။[၃၇] အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးများကလည်း မုဒိမ်းပြုကျင့်မှုနှင့် အခြားသောလိင်မှုဆိုင်ရာ အကြမ်းဖက်မှု ပုံသဏ္ဌာန်များကို လူသားမျိုးနွယ် တရပ်လုံးကို ဆန့်ကျင်ချိုးဖောက်သည့် ရာဇဝတ်မှုဟု အသိအမှတ်ပြုထားပါသည်။ ဤမှုကို အတည်ပြုသောအားဖြင့် ရဝမ်ဒါနိုင်ငံနှင့် ယခင်ယူဂိုဆလားဗီးယား နိုင်ငံများတွင် ဆောင်ရွက်ခဲ့သည့် ခုံရုံးများက သတ်ဖြတ်မှုနှင့် အစဖျောက်ပစ်ခြင်းကို ကျူးလွန်ခဲ့ကြသည့် တာဝန်ရှိသူများကို ပြစ်ဒဏ်ပေးခဲ့ပါသည်။[၃၈]

ညှဉ်းပန်း နှိပ်စက်ခြင်းနှင့် အခြားသော မလျော်ကန် ပြုမူခြင်းပုံစံများ

ဖြစ်နိုင်ပါသည်။ ''ညှဉ်းပန်း နှိပ်စက်ခြင်းနှင့် အခြားသော မလျော်ကန် ပြုမူခြင်း ပုံစံများ''ကို အခြားသောအခြေအနေများလည်း ပြည့်စုံသည့်အခါ၊ လူသား မျိုးနွယ်တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုအဖြစ် ရောမ အပြည်ပြည်ဆိုင်ရာရာဇဝတ်မှု ခုံရုံး ဥပဒေပြဋ္ဌာန်းချက်များက အတိအလင်းပြဋ္ဌာန်းထားပါသည်။[၃၉] အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု ခုံရုံးများကလည်း ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသောမလျော်ကန်ပြုမူခြင်း ပုံစံများကို လူသားမျိုးနွယ် တရပ်လုံးကို ဆန့်ကျင်ချိုးဖောက်သည့်ရာဇဝတ်မှုဟု အသိအမှတ်ပြုထားပါသည်။ ဤမှုကို အတည်ပြုသောအားဖြင့် ရဝမ်ဒါနိုင်ငံနှင့် ယခင်ယူဂိုဆလားဗီးယား နိုင်ငံများတွင် ဆောင်ရွက်ခဲ့သည့် ခုံရုံးများက သတ်ဖြတ်မှုနှင့် အစဖျောက်ပစ်ခြင်းကို ကျူးလွန်ခဲ့ကြသည့် တာဝန်ရှိသူများကို ပြစ်ဒဏ်ပေးခဲ့ပါ သည်။[၄၀]

၃၆၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမဥပဒေပြဋ္ဌာန်းချက်များ ပုဒ်မ (၇) (၂) (ဆ) အရ ခွဲခြားဖိနှိပ်ခြင်းဟု ဆိုရာ၌ ''အုပ်စုတခု သို့မဟုတ် စုစည်း၍ အုပ်စုအဖြစ် သတ်မှတ်နိုင်သည့် သူများအပေါ် အပြည်ပြည်ဆိုင်ရာဥပဒေကို ဆန့်ကျင်၍ အခြေခံအခွင့်အရေးများကို ရည်ရွယ်ချက်ရှိရှိဖြင့်၊ ပြင်းထန်ဆိုးရွားစွာ ချိုးဖောက်ခြင်း''လည်း အပါအဝင်ဖြစ်သည်။

၃၇၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမဥပဒေပြဋ္ဌာန်းချက်များ ပုဒ်မ (၇) (၁) (ဆ) အရ။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်။ လူသားမျိုးနွယ် တရပ်လုံးအပေါ်ဆန့်ကျင်ချိုးဖောက်သော ရာဇဝတ်မှု လုပ်ရပ်တခုအဖြစ်ဖော်ပြရာ၌ မုဒိမ်းပြုကျင့်မှု၊ လိင်ပိုင်းဆိုင်ရာကျွန်ပြုခြင်း၊ လိင်ဖျော်ဖြေရေး လုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခြင်း၊ အဓမ္မ ကိုယ်ဝန်ဆောင်စေခြင်း၊ အဓမ္မသားကြောဖြတ် သင်းကွပ်ခြင်း၊ သို့မဟုတ် လိင်မှုဆိုင်ရာ အခြားသောအကြမ်းဖက်မှုပုံစံများကို ပြင်းထန်ဆိုးရွားစွာ ကျူးလွန်သည့်အခြေအနေများလည်းပါဝင် ပါ သည်။

၃၈၊ မုဒိမ်းပြုကျင့်မှုနှင့် အခြားသော လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ပုံသဏ္ဌာန်များကို ပထမဦးဆုံး လူသားမျိုးနွယ် တရပ်လုံးကို ဆန့်ကျင်ချိုးဖောက်သည့် ရာဇဝတ်မှုအဖြစ် ယခင်ယူဂိုဆလားဗီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးက စတင် သတ်မှတ်ခဲ့ပါသည်။ အကြောင်းမှာ တရားရုံးကတွေ့ရှိချက်အရ ဘော့စနီးယားဆာဗ် စစ်ရေးခေါင်းဆောင် ၃–ဦးကို မုဒမ်းပြုကျင့်ခြင်း၊ ကျွန်ပြုခြင်း၊ မူစလင်အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် နှိပ်စက်ညှဉ်းပန်းမှုများအတွက် အပြစ်ရှိကြောင်းတွေ့ရှိခဲ့ရသည်။ See Prosecutor v. Kunarac, ICTY Trial Judgment, 12 June 2002.

၃၉၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမဥပဒေပြဋ္ဌာန်းချက်များ ပုဒ်မ (၇) (၁) (စ) အရ။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်။ ''ညှဉ်းပန်းနှိပ်စက်ခြင်း'' နှင့် ''အလားတူ သဘောသဘာဝဖြင့် လူသားမဆန်သော လုပ်ရပ်များကို ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်၍ ကိုယ်ခန္ဓာကိုသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာကိုသော်လည်းကောင်း ပြင်းထန်စွာထိခိုက်နာကျည်စေခြင်း၊ ကိုယ်ကာယနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ပြင်းထန်စွာ ထိခိုက်စေခြင်း''များ ပါဝင်ပါသည်။ ဤကျူးလွန်မှုသည် အခြားသော အခြေအနေများလည်း ပြည့်စုံသည့်အခါ လူသားမျိုးနွယ်တရပ်လုံး အပေါ် ကျူးလွန်ချိုးဖောက်သည့် ရာဇဝတ်မှုမြောက်စေပါသည်။

၄၀၊ Prosecutor v Akayesu, ICTR Trial Judgment, 2 September 1998; Prosecutor v. Kunarac, ICTY Trial Judgment, 12 June 2002; Prosecutor v. Tadic, ICTY, Trial Judgment, 30 July 2002.

ndburma2.indd 214 26-Dec-09 13:05:27

၃။ လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုအဖြစ် သက်သေပြရေးအတွက်နေရာအနှံ့အပြားနှင့် စနစ်တကျတိုက်ခိုက်ခြင်းအဖြစ် မည်သည့်အချက်က ဖေါ်ပြပေးပါသနည်း။

"နေရာအနှံ့အပြား" ဆိုသည်မှာ ယေဘုယျအားဖြင့် လူအမြောက်အမြားအပေါ် ထိခိုက်စေခြင်းဟု ဆိုလိုပါသည်။[၄၁] သို့ရာတွင် လူမျိုးတုံး သတ်ဖြတ်မှုတွင် နေရာအနှံ့ တိုက်ခိုက်သည်ဆိုခြင်း အတွက် တိကျသောအရေအတွက်ကို သတ်မှတ်ထားခြင်း မရှိချေ။

"စနစ်တကျ"ဆိုသည်မှာ တိုက်ခိုက်မှုတခုသည် စီမံကိန်းကြီး တခုလုံး၏ တစိတ်တဒေသဖြစ်ပြီး၊ ပုဂ္ဂလိကဆိုင်ရာ သို့မဟုတ်အများဆိုင်ရာ အရင်းအမြစ်များအပါအဝင် အရင်းအမြစ်များကို တိုက်ခိုက်ခြင်းဖြစ်သည်။[၄၂] သို့ရာတွင် စီမံကိန်းသည် အစိုးရပေါ်လစီ သို့မဟုတ် အဖွဲ့အစည်း ပေါ်လစီ၏ အစိတ်အပိုင်း ဖြစ်ကြောင်းကို သက်သေပြရန်မလိုချေ။ သာဓကအနေနှင့်ဖေါ်ပြရပါလျှင်– အစိုးရ သို့မဟုတ် အခြားအဖွဲ့အစည်းတခုသည် တရားဝင်သတ်မှတ်ထားခြင်းမရှိသောပေါ်လစီ သို့မဟုတ် လုပ်ဆောင်ချက်တခုပေါ်မှာ အခြေခံလျက် အရပ်သားများအပေါ် ချိုးဖောက်မှု တခုကို ကျူးလွန်ပါက "စနစ်တကျ" ကျူးလွန်သည်ဟု သတ်မှတ်ရန် အထောက်အထား လုံလောက်နိုင်ပါသည်။[၄၃]

လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုအဖြစ် သတ်မှတ်ရာ၌ "တိုက်ခိုက်ခြင်း"ဆိုသည်မှာ တိုက်ခိုက်နေစဉ် ကာလအတွင်း လုပ်ရပ်များကိုသာဆိုလိုသည် မကဘဲ၊ တိုက်ပွဲမှာ ပါဝင်ပတ်သက်ခြင်း မရှိခဲ့သော သူများအပေါ်ပြုမူခြင်းကိုပါ ဆိုလိုပါသည်။ သို့ရာတွင် တိုက်ခိုက်မှုတခုသည် နေရာအနှံ့အပြားနှင့် စနစ်တကျတိုက်ခိုက်ခြင်း ဖြစ်ကြောင်း အထောက်အထားရှိရပါမည်။ ထို့အပြင် နေရာအနှံ့အပြား သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှုဆိုသည်မှာ စစ်ရေးအရတိုက်ခိုက်မှုမျှ သာမဟုတ်ဘဲ၊ အုပ်ချုပ်ရေး သို့မဟုတ် ဥပဒေလုပ်ဆောင်ချက်ကဲ့သို့သော တိုက်ခိုက်မှုများကိုပါ ဆိုလိုပါသည်။ သာဓကအားဖြင့် အတင်းအဓမ္မ နေရာရွှေ့ပြောင်းစေခြင်းမျိုး ဖြစ်သည်။[၄၄]

၄။ အရပ်သား ပြည်သူတို့အပေါ် ပစ်မှတ်ထားခြင်းသည် လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှု၏ အစိတ်ပိုင်း ဖြစ်ကြောင်း မည်သို့ သတ်မှတ်မည်နည်း။

ပြည်သူထဲမှာ တိုက်ခိုက်ရေးသမားအနည်းအကျဉ်းမျှရှိနေကောင်းရှိနေသည့်တိုင်၊ ထိုပြည်သူအုပ်စုကို "အရပ်သားများ" အဖြစ်သာယူဆထားပါသည်။ထိုပြည်သူများသည်"အမှန်တကယ် အရပ်သားများ"ဖြစ်ကြောင်းနှင့် အရပ်သားများသည် "မတော်မတရားပြုစရာ အဓိကပစ်မှတ်"ဖြစ်ခဲ့ကြောင်း အထောက်အထားများ ပြသရပါမည်။[၄၅]

၅။ လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှု တမှုနှင့် ပတ်သက်သောတိုက်ခိုက်မှုအကြောင်းကို ကျူးလွန်သူ ကိုယ်တိုင်က သိရှိကြောင်း မည်သို့သက်သေပြမည်နည်း။

တိုက်ခိုက်မှုအကြောင်းကို ကျူးလွန်သူ ကိုယ်တိုင်က "သိရှိ"ကြောင်း ပြသရာ၌ သူ သို့မဟုတ် သူမအနေနှင့် တိုက်ခိုက်မှုနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို သိရှိကြောင်း သက်သေပြစရာမလိုပါ။ ကျူးလွန်သူ အနေနှင့် တမင်ကြံရွယ်လျက် တိုက်ခိုက်မှုမှာ ပါဝင်ကူညီခဲ့ကြောင်း၊သို့မဟုတ် တိုက်ခိုက်မှုလုပ်ရန်ခွင့်ပြုခဲ့ကြောင်းအထောက်အထားများသည်လူသားမျိုးနွယ် တရပ်လုံးအပေါ် ဆန့်ကျင်ရေး ရာဇဝတ်မှုကို "သိရှိ"ကြောင်း လုံလောက်သော အထောက်အထားများပင်ဖြစ်ပါသည်။[၄၆] ဤသို့သိရှိကြောင်း၊ သို့မဟုတ် ကြံရွယ်ကြောင်း ဖေါ်ပြသော ရေရာတိကျသည့် အထောက်အထားများသည်အထောက်အကူပြုပါသည်။ သို့ရာတွင် မရှိမဖြစ် လိုအပ်သည်တော့ မဟုတ်ချေ။

၄၁၊ See, Diego Garcia, A Crime Against Humanity? Public Debate at the House of Commons, 16 November 2004, citing Prosecutor v. Tadic, Trial Judgment, paras 644-648; Prosecutor v Akayesu, ICTR Trial Judgment, 2 September 1998, para 580.

၄၂၊ Ibid.

၄၃၊ See, Human Rights Watch, Targeting the Anuak: Human Rights Violations and Crimes against Humanity in Ethiopia's Gambella Regio, section on Crimes Against Humanity in International Law, citing Prosecutor v. Akayesu, ICTR Trial Judgment, 2 September 1998, para 580, http://hrw.org/reports/2005/ethiopia0305/10.htm#_ftn201 (last visited 28 July 2008).

၄၄၊ Ibid.

၄၅၊ See, Amnesty International, The International Criminal Court: Fact Sheet 4 – Prosecuting Crimes Against Humanity, http://web.amnesty.org/library/index/engior400052000 (last visited 28 July 2008); Bassiouni, C. and Hampson, F. et al., "Crimes against Humanity and Universal Jurisdiction," in Crimes of War, The Book, http://www.crimesofwar.org/thebook/crimes-against-humanity.html (last visited 28 July 2008).

၄၆၊ Prosecutor v. Naletilic and Martinovic, ICTY Trial Judgment, 31 March 2003, para 235, http://www.un.org/icty/cases-e/index-e.htm (last visited 28 July 2008).

၄၇၊ See Elements of Crimes, http://www.icc-cpi.int/library/about/officialjournal/Elements_of_Crimes_120704EN.pdf (last visited 29 July 2008).

ndburma2.indd 215 26-Dec-09 13:05:27

(၄) နိဂုံးချုပ်

ဤအခန်းကို ဖတ်ပြီးလျှင် သင့်အနေနှင့် အောက်ဖော်ပြပါ လုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်စွမ်း ရှိရမည်။

- လူ့အခွင့်အရေး ချိုးဖောက်မှုများကို တိကျရှင်းလင်းစွာနှင့် စိတ်ဝင်စားဖွယ်ရာ တင်ပြနိုင်ရေးအတွက် အထောက်အထားများကို အစီအစဉ်တကျ စုစည်းခြင်း။
- ဖြစ်နေကျပုံစံများနှင့် အလားအလာများကို ဖော်ထုတ်ပြခြင်းအားဖြင့် ချိုးဖောက်မှုနှင့် ပတ်သက်သောအထောက် အထားများကို ပို၍ အားကောင်းစေခြင်း။
- လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ် တရုပ်လုံးအပေါ်ဆန့်ကျင်ရေး ရာဇဝတ်မှုများကဲ့သို့သော နိုင်ငံတကာ ဥပဒေအရ ပို၍ကြီးလေးသော ချိုးဖောက်မှုများ၏ အင်္ဂါရုပ်များကို သိရှိလာခြင်းနှင့် ဖော်ထုတ်သတ်မှတ်နိုင်ခြင်းတို့ ဖြစ်ပါသည်။

ဤစာစောင်၏နောက်လာမည့်အခန်းတွင် အထက်ဖော်ပြပါ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သော တိုက်တွန်းစည်းရုံးတင်ပြမှု မဟာဗျူဟာ အကြောင်းကို ဆွေးနွေးထားပါသည်။

ndburma2.indd 216 26-Dec-09 13:05:27

t ceÍf(3)

t pD&if tWifjyjcif;
t axmuft xm;rsm;udk olÍyKjcif;

(၁) အထောက်အထားများကိုတင်ပြခြင်း

ပြောင်းလဲမှုများ ပြုရန် သို့မဟုတ် ပြန်လည်ကုစားရေး ဆောင်ရွက်ချက်များ ဖြစ်ပေါ်လာစေရန် လူ့အခွင့်အရေးအချက်အလက်များကို တင်ပြခြင်းသည် မည်သည့်လူ့အခွင့်အရေးအဖွဲ့အစည်းအတွက်မဆို အမြင့်ဆုံးရည်မှန်းချက်များ ဖြစ်ပါသည်။ ချိုးဖောက်မှု၊ သို့မဟုတ် ချိုးဖောက်မှု အများအပြားနှင့် ပတ်သက်သော အထောက်အထားများကို စုဆောင်းခြင်း၊ စုစည်းခြင်း၊ ပိုင်း ခြားသုံးသပ်ခြင်းပြုပြီးသည်နှင့် ပရိသတ် သို့မဟုတ် ပရိသတ်များထံ သတင်းအချက်အလက်များကို တင်ပြကာ၊ သတ်မှတ်ထားသော စည်းရုံးတိုက်တွန်းမှု ရည်မှန်းချက်ကို ပြီးမြောက်အောင် ဆောင်ရွက်လေ့ ရှိပါသည်။

လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို လက်ခံရန်နှင့် လိုအပ်သလို တုံ့ပြန်ဆောင်ရွက်ပေးရန် ပရိသတ်ဦးရေအများအပြား ရှိနေတတ်ပါသည်။ လူ့အခွင့်အရေးအုပ်စုတို့ ပစ်မှတ်ထားလေ့ရှိသော ပရိသတ်အမျိုးအစားအချို့မှာ သာဓကအားဖြင့် –

- ဒေသအလိုက်လူမှုအသိုင်းအဝိုင်းများ (သာဓကအားဖြင့်၊ ကရင် လူမှုအဖွဲ့အစည်းများ၊ ဒုက္ခသည်အသိုင်းအဝိုင်းများ)။
- ဒေသတွင်းနှင့် နိုင်ငံတကာ အဲန်ဂျီအိုများ (သာဓကအားဖြင့်၊ Asian Human Rights Commission/ Amnasty International/ Human Rights Watch) ။
- အစိုးရအရာရှိများ၊ သို့မဟုတ် အစိုးရအေဂျင်စီအဖွဲ့များ(သာဓကအားဖြင့် (နအဖ)စစ်အစိုးရ၊ ထိုင်းနိုင်ငံအစိုးရ၊ အမေရိကန်ပြည်ထောင်စုသမ္မတ)။
- နိုင်ငံတကာ အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ (သာဓကအားဖြင့်– ဥရောပနိုင်ငံသားများ၊ အမေရိကန်နိုင်ငံသားများ၊ စကင်ဒီးနေးဗီးယန်း နိုင်ငံသားများ)။
- ကုလသမဂ္ဂ၏ အရာရှိများနှင့် အဖွဲ့အစည်းများ(သာဓကအားဖြင့်၊ ညှဉ်းပမ်းနှိပ်စက်မှုဆိုင်ရာ အထူးသံအရာရှိ၊ အလုပ်အဖွဲများ၊ လူ့အခွင့်အရေး ကောင်စီ)။

ပရိသတ် အသီးသီးသည် သတင်းအချက်များကို ကြည့်မြင်ပုံ၊ စိတ်ဝင်စားပုံနှင့် အသုံးပြုပုံချင်း တူကြသည် မဟုတ်ချေ။ သို့ ဖြစ်ရာ သတင်းအချက်အလက်များကို အထိရောက်ဆုံး တင်ပြနိုင်ခြင်း ရှိ– မရှိဆိုသည်မှာ လက်ခံမည့် ပရိသတ်အပေါ်မှာသာ တည်မှီပေသည်။ ဤသို့သော အကြောင်းကြောင့် အထောက်အထားများကို မည်သို့တင်ပြမည်ဟု မဆုံးဖြတ်မီမှာကြိုတင်၍ ပစ်မှတ်ထားရမည့် ပရိသတ်ကို ဆုံးဖြတ်သတ်မှတ်ခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်လျှင် ကုလသမဂ္ဂသည် အထူးအရေးကြီးသော ပရိသတ်ဖြစ်သည်။ လူ့အခွင့်အရေးအဖွဲ့များသည် ပြဿနာများကို ကုလသမဂ္ဂသို့ တင်ပြခြင်းအားဖြင့် ချိုးဖောက်မှုများကို နိုင်ငံတကာမြင်သာအောင် ဆောင်ရွက်နိုင်ပါသည်။ ထိုမှတဖန် ပစ်မှတ်ထားသော အစိုးရများအပေါ် ဖိအားများ တိုးပွားလာစေပါသည်။ လွတ်လပ်စွာဖော်ပြပြောဆိုခွင့်၊ လွတ်လပ်စွာစုဝေးခွင့်တို့ကို ချိုးဖောက်မှုနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ပေးနိုင်စွမ်းရှိသော ကုလသမဂ္ဂ၏အဖွဲ့အစည်းများ အများအပြားရှိသည်ဖြစ်ရာ ဤအခန်းက ကုလသမဂ္ဂအခြေခံသော အစီရင်ခံတင်ပြခြင်း အကြောင်းကိုအလေးတင်း ဖော်ပြထားပါသည်။ အခြားပရိသတ်များအကြောင်း သတင်းအချက်အလက်များနှင့် ကုလသမဂ္ဂ၏ အရေးယူဆောင်ရက်ရေး လုပ်ထုံးလုပ်နည်းများ အကြောင်း အသေးစိတ်အချက်များကို နောက်ထပ် သိရှိလိုပါက ဤစာစောင်ပါ "မြန်မာနိုင်ငံလူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကို ကြည့်ပါ။

(၂) ကုလသမဂ္ဂ၏ အခန်းကဏ္ဍ

ကုလသမဂ္ဂသို့ အစီရင်ခံတင်ပြခြင်းအတွက် အကြိုပြုချက် – ကုလသမဂ္ဂနှင့် ဆက်သွယ်ခြင်း၏ အကျိုးကျေးဇူးများ

အခါခပ်သိမ်း၌ ကုလသမဂ္ဂ၏ အရာရှိများနှင့် အေဂျင်စီများ၏ အကြံပြုချက်များကို အစိုးရများက အလွယ်လျစ်လျူရှုထားကြသည်။ သို့ရာတွင် ကုလသမဂ္ဂသည် နိုင်ငံတကာ အသိုင်းအဝိုင်းသို့ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ အစီရင်ခံတင်ပြရေးအတွက် ခိုင်ခန့်သော လုပ်ထုံးလုပ်နည်းတရပ် ပေးထားပါသည်။ တိုင်းပြည်တပြည်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ အကြိမ်ကြိမ် ထုတ်ပြန်သော အစီရင်ခံစာများသည် ချိုးဖောက်မှုများကို တားဆီးပေးအောင်လည်း ထိုတိုင်းပြည်အစိုးရအပေါ် ဖိအားဖြစ်စေနိုင်ပါသည်။

ndburma2.indd 218 26-Dec-09 13:05:28

နိုင်ငံအတွင်း သွားလာလှုပ်ရှားမှုများနှင့်ပတ်သက်၍ စစ်အစိုးရက ချုပ်ချယ် ကန့်သတ်ထားမှုများကြောင့် မြန်မာနိုင်ငံမှာ ကုလသမဂ္ဂ၏ လုပ်ဆောင်ချက်များသည် အကြီးအကျယ် ဘောင်ခတ် ခံနေရပါသည်။ စစ်အစိုးရသည် နိုင်ငံတကာ အဲန်ဂျီအိုများ အပေါ်မှာရော၊ ကုလသမဂ္ဂဝန်ထမ်းများအပေါ်မှာပါ တင်းကျပ်သော ပြည်ဝင်ခွင့် ဗီဇာစည်းမျဉ်းစည်းကမ်းများ ချမှတ်ထားသည့်အပြင်၊ ပြည်ဝင်ခွင့်ရထားသူများ အပေါ်မှာလည်း ပြည်တွင်းသွားလာခွင့်နှင့်ပတ်သက်၍ ကန့်သတ်ချုပ်ချယ်ထားသည်။ မြန်မာနိုင်ငံအတွင်းမှာ လှုပ်ရှားဆောင်ရွက်နေကြသော ကုလသမဂ္ဂ အေဂျင်စီများသည် အနည်းအကျဉ်းမျှသာရှိပြီး၊ ထိုသို့လှုပ်ရှားဆောင်ရွက်နေကြသူများသည်လည်း အကြီးအကျယ် ကန့်သတ်ချုပ်ချယ် ခံနေကြရသည်။ သို့ရာတွင် ကုလသမဂ္ဂသည် မြန်မာနိုင်ငံကို ဆက်လက်စောင့်ကြည့်နေဆဲဖြစ်ပြီး၊ မြန်မာနိုင်ငံမှာ ဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း သတင်းအချက်အလက်များကိုလည်း ယေဘုယျအားဖြင့် လက်ခံအသိအမှတ်ပြုထားပါသည်။

အဲန်ဂျီအိုများနှင့် လူ့အခွင့်အရေးအဖွဲ့များ အနေနှင့် ကုလသမဂ္ဂသို့ သတင်းအချက်အလက်များ တင်ပြနိုင်သော အဓိကနည်းလမ်း (၂) ရပ်ရှိပါသည်။[၁]

(၁) ကုလသမဂ္ဂ လူ့အခွင့်အရေး သဘောတူစာချုပ်များကို အခြေခံသော စောင့်ကြည့်ရေးအဖွဲ့များသို့ တင်ပြခြင်း။

(၂) ကုသသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အထူးအစီအစဉ်များ (special procedures) သို့တင်ပြခြင်း ဖြစ်သည်။

ကုလသမဂ္ဂ၏ စောင့်ကြည့်ရေးအဖွဲ့များနှင့် မတူသောအချက်မှာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ လုပ်ထုံးလုပ်နည်းများဆိုင်ရာ လုပ်ငန်းများသည် အုပ်စုများနှင့် တဦးချင်းပုဂ္ဂိုလ်များအဖို့ တဦးချင်းဆိုင်ရာ တိုင်တန်းချက်များတင်ပြရာ၌၊ သို့မဟုတ် ဆက်သွယ်မှုများပြုရာ၌ နိုင်ငံတကာ စာချုပ်များကို သဘောတူ လက်မှတ်ရေးထိုးထားစရာ မလိုအပ်ခြင်းပင် ဖြစ်ပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှု တိုင်တန်းချက်များကို အမှုအလိုက် ခန့်ထားသော အထူးသံအရာရှိများနှင့် အထူးကိုယ်စားလှယ်များအပြင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ လေ့လာတင်ပြနေသူ အထူးသံအရာရှိထံသို့လည်း တင်ပြနိုင်ပါသည်။[၂] ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာစနစ်နှင့် ပတ်သက်၍နောက်ထပ် သတင်းအချက်အလက်များသိလိုပါက၊ ဤစာစောင်ပါ "မြန်မာနိုင်ငံ လူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်း မှတ်တမ်းပြုခြင်း" ခေါင်းစဉ်၏ အကြောင်းအရာကို ကြည့်ပါ။

အောက်တွင် ဖော်ပြထားသည်မှာ အရေးပါသည့် ကုလသမဂ္ဂ၏အေဂျင်စီဌာနများနှင့် လူပုဂ္ဂိုလ်များအကြောင်းအကျဉ်းဖော်ပြချက်ဖြစ်ပါသည်။ ဤအဖွဲ့နှင့် ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှု ကိစ္စများအပေါ် ကိုင်တွယ်ဆောင်ရွက်နေကြသူများ ဖြစ်ပါသည်။

(က) ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ စုံစမ်းလေ့လာရေး အထူးသံအရာရှိ[၃]

၁။ အထူးသံအရာရှိ၏ အခန်းကဏ္ဍသည် အဘယ်သို့ ရှိသနည်း။

အထူးသံတမန်သည် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံတင်ပြ ခြင်း၊ အရပ်သားအစိုးရထံ အာဏာလွှဲပြောင်းပေးရေးဖြစ်စဉ်၏ တိုးတက်မှုများ ရရှိပြီးနောက်တွင် တရားမျှတသော အခြေခံဥပဒေရေးဆွဲရေး၊ ပုဂ္ဂိုလ်ရေးလွတ်လပ်မှုကို ကန့်သတ်ချုပ်ချယ်မှုများ အဆုံးသတ်စေရေး၊ မြန်မာနိုင်ငံမှာလူ့အခွင့်အရေးပြန် လည်ရရှိရေးတို့အတွက် တာဝန်ရှိပေသည်။[၄] အစိုးရများအပါအဝင် သတင်းပေးသူ အမျိုးမျိုးတို့ထံမှရရှိသော သတင်းအချက်အလက်များကို အခြေခံလျက်၊ အထူးသံအရာရှိသည် လူ့အခွင့်ရေးကောင်စီနှင့် အထွေထွေညီလာခံသို့ အကြံပြုချက်များနှင့်တကွနှစ်ပတ်လည် အစီရင်ခံစာများ တင်သွင်းရသည်။[၅]

၁။အဓိကကျသည့် နိုင်ငံတကာ လူ့အခွင့်အရေးသဘောတူညီချက် (၉) ခုတွင် မြန်မာနိုင်ငံက ယခု လက်စွဲစာစဉ်များ ရေးသားနေသည့် အချိန် တွင် သဘောတူညီချက် (၂) ခုကို (ဖျင်းချက်ဖြင့်) လက်မှတ်ရေးထိုးထားပါသည်။ အမျိုးသမီးများအပေါ် နည်းပေါင်းစုံနှင့် ခွဲခြား ဖိနှိပ်ဆက်ဆံမှုများ အဆုံးသတ်စေရေး နိုင်ငံတကာ သဘောတူညီချက် (CEDAW) နှင့် ကလေးများ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် (CRC) တို့ ဖြစ်သည်။ သို့အတွက်ကြောင့် သဘောတူညီချက် အခြေခံသော စောင့်ကြည့်ရေးဌာနများသို့ အဲန်ဂျီအိုများ၊ လူ့အခွင့်အရေး အဖွဲ့များက သတင်းအချက်အလက်များ ပေးပို့နိုင်သည်မှာ ဤစာချုပ်များနှင့် သက်ဆိုင်သော ကော်မီတီ (၂) ခုသာ ရှိသည်။

၂။ အကြောင်းအရာအလိုက် ကုလသမဂ္ဂ လူ့အခွင့်အရေးစုံမမ်း အစီရင်ခံသူ အထူးသံအရာရှိများ၊ ကုလအတွေထွေအတွင်းရေးမှူးချုပ်၏ အထူး သံကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ အလုပ်အဖွဲ့များ စာရင်းအပြည့်အစုံကို အွန်လိုင်းရှိ အောက်ပါအင်တာနက် စာမျက်နှာတွင်ရရှိနိုင်ပါသည်။ http://www2.ohchr.org/english/bodies/chr/special/themes.htm (last visited 5 October 2008).

၃။၂၀၀၈ ခုနှစ်၊ မေလတိုင်အောင် မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေများကို စုံစမ်းလေ့လာတင်ပြရေးအတွက် တာဝန်ယူထားသူ ကုလအထူးသံအရာရှိမှာ သောမတ်စ်အိုဟေးကွင်တာနာ (Thomas Ojea Quintana) ဖြစ်ပါသည်။

၄။ Office of the High Commissioner for Human Rights. "Situation of human rights in Myanmar," Commission on Human Rights Resolution 1992/58, 3 March 1992, http://www.unhchr.ch/Huridocda/Huridoca.nsf/(Symbol)/E.CN.4.RES.1992.58.En?Opendocument (last visited 1 August 2008).

ndburma2.indd 219 26-Dec-09 13:05:28

၂။ အထူးသံ အရာရှိ ထံသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးနိုင်ပါသနည်း။

အထူး သံအရာရှိသည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ မှန်သမျှနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို အဲန်ဂျီအိုများ၊ အစိုးရများ၊ ကုလသမဂ္ဂ၏ အခြားအေဂျင်စီဌာနများနှင့် စောင့်ကြည့်ရေးအဖွဲ့များ၊ တဦးချင်း ပုဂ္ဂိုလ်များထံမှရရှိပါသည်။ ယုံကြည်စိတ်ချရလောက်သော အကြောင်းအရာများမရှိပါက အထူးသံအရာရှိသည် စွပ်စွဲချက်များကို မြန်မာအစိုးရထံသို့ သတင်းအချက်အလက်များ ဆက်လက်စုံစမ်းပေးရန် မေတ္တာရပ်ခံချက်နှင့်တကွ ပေးပို့ပါသည်။[၆]

၃။ အထူးသံအရာရှိသည် မည်သည့် ချိုးဖောက်မှု သတင်း အချက်မျိုးများကို စဉ်းစားသုံးသပ်ပါသနည်း။

အထူးသံအရာရှိသည် မြန်မာနိုင်ငံမှာ ဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖောက်မှုမှန်သမျှနှင့် သက်ဆိုင်သော အထောက်အထားများကို စဉ်းစား သုံးသပ်ပါသည်။

အထူးသံ အရာရှိသို့ သတင်းအချက်အလက်များပေးပို့ခြင်း

အထူးသံအရာရှိထံသို့ စာအားဖြင့်ရေးသားတင်ပြနိုင်ပြီး၊ အနည်းဆုံးအားဖြင့် အောက်ပါချိုးဖောက်မှုများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ ထည့်သွင်းပေးရန်။

- ဖြစ်ရပ်– ဖြစ်ပွားရာ နေ့ရက်နှင့် နေရာ၊ ဖြစ်ပွားပုံ၊ တည်ဆဲဥပဒေ၊ လုပ်ဆောင်ပုံ၊ သို့မဟုတ် မူဝါဒပေါ်လစီတို့က ချိုးဖောက်မှုကို အားပေးနေပုံ။
- ချိုးဖောက်ခံရသူ – ခံရသူဦးရေ။ ခံရသူများ၏ အမည်၊ အသက်၊ လိင်၊ အလုပ်အကိုင်၊ ခံရသူများ၏ နေရပ်လိပ်စာများ၊ သို့မဟုတ် မွေးဖွားရာ ဇာတိများ။
- ကျူးလွန်သူများ– ကျူးလွန်သူဟု စွပ်စွဲခံရသူများနှင့် ပတ်သက်သော သတင်းအချက်အလက်များ၊ အဘယ်ကြောင့် သံသယရှိကြောင်းပါ အပါအဝင်ဖြစ်သည်။ အကယ်၍ထင်းသည် အစိုးရအရာရှိဖြစ်ပါက အစိုးရအနေနှင့် ကာကွယ်ပေးရန်သော်လည်းကောင်း၊ စုံစမ်းစစ်ဆေးပေးရန်သော်လည်းကောင်း၊ ပြစ်ဒဏ်ပေးရန်သော်လည်းကောင်း၊ လျော်ကြေးရစေရန်သော်လည်းကောင်း အဘယ့်ကြောင့် ကြိုးစားပေးသင့်သလောက် ကြိုးစားပေးခြင်းမရှိကြောင်း သတင်းအချက်အလက်များ ထည့်သွင်းပေးပါ။
- ချိုးဖောက်မှု – ချိုးဖောက်ခံရသော အခွင့်အရေးများကို ဖေါ်ထုတ်ပြလျက်၊ ဖြစ်နိုင်လျှင် နိုင်ငံတကာဥပဒေပြဋ္ဌာန်းချက် အသစ်များကို ရည်ညွှန်းဖေါ်ပြပါ။ ထို့အပြင်၊ ချိုးဖောက်မှုကိုလည်း အသေးစိတ်ရှင်းပြပါ။
- အရေးပေါ် တိုင်ကြားချက်များ အတွက်ဆိုလျှင်၊ အထက်ပါ အချက်အလက်များအပြင် ဖြစ်ပွားအံ့ဆဲဆဲ ကျူးလွန်မှုများ အတွက်ကြောက်ရွံ့ ထိတ်လန့်နေရကြောင်းကိုပါ ထည့်သွင်းရေးသားပါ။

လိပ်စာ

တဦးချင်းဆက်သွယ်မှုများကို အောက်ပါလိပ်စာအတိုင်း အီး–မေးလ်ဖြင့်ဖြစ်စေ၊ ချောစာဖြင့်ဖြစ်စေ၊ ဖက်စ်ပို့စက်ဖြင့် ဖြစ်စေအောက်ပါ လိပ်စာသို့ပေးပို့နိုင်ပါသည်။

Secial Procedures Division, c/o Office of the High Commissioner for Human Rights, OHCHR-UNOG, 8-14 Avenue de Paix, 1211, Geneva 10, Switzerland; Fax + 41 22 917 9006;

Email: SPDInfo@ohchr.org or urgent-action@ohchr.org. စာအိတ်ပေါ်၌လည်းကောင်း၊ အီး–မေးလ်၏ အကြောင်းအရာမျဉ်းပေါ်၌လည်းကောင်း၊ ဖက်စ်စက်ဖြင့် ဆက်သွယ်ရာ၌လည်းကောင်း သက်ဆိုင်ရာအထူးသံ အရာရှိကို တိတိကျကျဖေါ်ပြပါ။

[၆] Office of the High Commissioner for Human Rights. "Situation of human rights in Myanmar," Commission on Human Rights Resolution 1992/58, 3 March 1992, http://www.unhchr.ch/Huridocda/Huridoca.nsf/(Symbol)/E.CN.4.RES.1992.58.En?Opendocument (last visited 1 August 2008).

ndburma2.indd 220 26-Dec-09 13:05:28

v Gwfv ypfGazmfyajym q kdGEdSHv Gwfv ypfGpk0;cGH

(ခ) လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်တို့ကို မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ ကုလသမဂ္ဂ အထူးသံ အရာရှိ[၇]

၁။ အထူးသံအရာရှိ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

အထူးသံအရာရှိသည် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်တို့ကို ထိပါးနှောက်ယှက်ခြင်း အကြောင်းအစီရင်ခံစာတို့နှင့် ပတ်သက်၍ စုံစမ်းလေ့လာရန်နှင့် အရေးယူဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ အစိုးရများအပါအဝင် သတင်းပေးသူ အမျိုးမျိုးတို့ထံမှ ရရှိသောသတင်းအချက်အလက်များကို အခြေခံလျက် အထူးသံအရာရှိသည် အထွေထွေအကြံပြု တင်ပြချက်များကို ရေးသားပြီး၊ လူ့အခွင့်အရေးကောင်စီသို့ နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းသည်။[၀]

၂။ အထူးသံ အရာရှိထံသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်ပါသနည်း။

အထူးသံ အရာရှိသည် သတင်းအချက်အလက်များကို အဲန်ဂျီအိုများ၊ အစိုးရများ၊ ကုလသမဂ္ဂ၏ အခြားအေဂျင်စီဌာနများနှင့် စောင့်ကြည့်ရေးအဖွဲ့များ၊ တဦးချင်းပုဂ္ဂိုလ်များထံမှ ရရှိပါသည်။ ယုံကြည်စိတ်ချရလောက်သော အကြောင်း အရာများမရှိပါက အထူးသံအရာရှိသည် စွပ်စွဲချက်များကို သက်ဆိုင်ရာအစိုးရထံသို့ သတင်းအချက်အလက်များ ဆက်လက်စုံစမ်းပေးရန် မေတ္တာရပ်ခံချက်နှင့် တကွပေးပို့ပါသည်။[၉] လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်ဆိုင်ရာ အထူးသံအရာရှိသည် တိုင်တန်းစာများတင်ရာ၌ တဦးချင်းပုဂ္ဂိုလ်များအား အထောက်အကူ ဖြစ်စေရန်အတွက် မေးခွန်းပုံစံများ ထုတ်ပေးထားပါသည်။ ဤမေးခွန်းစဉ် မိတ္တူကို နောက်ဆက်တွဲ စာမျက်နှာတွင် ထည့်သွင်း ဖော်ပြထားသည့်အပြင်၊ အောက်ပါအတိုင်း အင်တာနက်တွင် ထုတ်ယူနိုင်ပါသည်။ http://www.unhchr.ch/html/menu2/7/b/expressin/complaints.htm.

၃။ အထူးသံ အရာရှိသည် မည်သည့် သတင်းအချက်များကို စဉ်းစားသုံးသပ်ပါသနည်း။

အထူးသံအရာရှိသည် အောက်ပါတို့နှင့် စပ်လျဉ်းသော ချိုးဖောက်မှုများ၊ ပြဿနာများအတွက် အထောက်အထားများကို စဉ်းစားသုံးသပ်ပါသည်။

- လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို ကျင့်သုံးခြင်း၊ သို့မဟုတ် မြှင့်တင်ခြင်းပြုရန်ကြိုးစားနေသူ တဦးအား ထိန်းသိမ်းချုပ်နှောင်ခြင်း၊ သို့မဟုတ်ခွဲခြားဆက်ဆံခြင်း၊ သို့မဟုတ် ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် အကြမ်းဖက်ခြင်း၊ သို့မဟုတ်ဖိနှိပ်မလျော်ကန်ပြုခြင်း။
- အတိုက်ခံ နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုများနှင့် အလုပ်သမားသမဂ္ဂများ၏ လှုပ်ရှားမှုများ။
- သတင်းမီဒီယာကို ဆန့်ကျင်သောလုပ်ရပ်များ၊ သို့မဟုတ် ၎င်းတို့၏လွတ်လပ်စွာ လှုပ်ရှားလုပ်ဆောင်နေမှုကို နှောက်ယှက်ခြင်းများ။
- ထုတ်ဝေသူများနှင့် အခြားသတင်းမီဒီယာများတွင် ဆောင်ရွက်လုပ်ကိုင်နေသူများ၏ လှုပ်ရှားမှုများ။
- လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ လှုပ်ရှားမှုများ။
- လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်ကို နှောက်ယှက်ခြင်းနှင့် စပ်လျဉ်း၍ အမျိုးသမီးများ၏ လူ့အခွင့်အရေး ပြဿနာများ။
- ဗဟုဖြိုးခွင့်များ တိုးတက်ရရှိစေရေးအတွက် အစိုးရများတင်ပြသောစီမံချက်များ၊ လုပ်ငန်းသစ်များနှင့်ပတ်သက်၍ နယ်မြေအဆင့်၊ ဒေသအဆင့်၊ တိုင်းပြည်အဆင့်ဆိုင်ရာ သတင်းအချက်အလက်များ ရရှိရေးတွင်တွေ့ရသောအခက်အခဲများ။ ထို့အပြင် ဆုံးဖြတ်ချက်များ ချမှတ်ရေးတွင် တွေ့ရသော အကြောင်းကိစ္စများနှင့် အခက်အခဲများ။

၇၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လတိုင်အောင် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်တို့ကို မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကုလသမဂ္ဂအထူးသံ အရာရှိအဖြစ် ဖရန့်ခ် ဝီလီယံလာ ရူး (Frank William La Rue) က တာဝန်ယူနေပါသည်။

၈၊ Special Rapporteur on the Promotion and Protection of the Right to Freedom of Opinion and Expression - Introduction, Office of the High Commissioner for Human Rights, http://www.unhchr.ch/html/menu2/7/b/expression/index.html (last visited 22 October 2008).

၉၊ Ibid. အထူးသံအရာရှိက သတင်းအချက်အလက်များကို လူ့အခွင့်အရေးကောင်စီထံ နှစ်စဉ်တင်သွင်းသည့် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြကောင်း ဖော်ပြနိုင်သည်။

ndburma2.indd 221 26-Dec-09 13:05:29

၄။ အထူးသံအရာရှိနှင့် တွေ့ဆုံဆွေးနွေးရန် အပူတပြင်း လိုအပ်ပါက မည်သို့လုပ်ဆောင်မည်နည်း။

လူပုဂ္ဂိုလ်တဦးတယောက်၏ ဂုဏ်သိက္ခာနှင့် ပတ်သက်၍လည်းကောင်း၊ အသက်အန္တရာယ်နှင့်ပတ်သက်၍လည်းကောင်း၊ ဖြစ်ပေါ်အံ့ဆဲဆဲခြိမ်းခြောက်မှု တခုခုရှိနေပါက သက်ဆိုင်ရာအစိုးရသို့ အရေးပေါ်မေတ္တာရပ်ခံပေးပါရန် အထူးသံအရာရှိထံ တိုင်ကြားနိုင်ပါသည်။ အထူးသံအရာရှိက အန္တရာယ်ရှိနေသူ ပုဂ္ဂိုလ်(ပုဂ္ဂိုလ်များ)ကို ကာကွယ်စောင့်ရှောက်ပေးရေးအတွက် အစိုးရကို မေတ္တာရပ်ခံပေးပါလိမ့်မည်။[၁၀]

(ဂ) သဘောတူစာချုပ်များနှင့် အကြီးပြုချက်များကျင့်သုံးရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာအလုပ်သမား အဖွဲ့ချုပ် (ILO) ကျွမ်းကျင်သူ ပညာရှင်များ ကော်မိတီ။

၁။ ကော်မိတီဝင်များသည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သနည်း။ ကော်မိတီသည်မည်သည့်အချိန်များတွင် အစည်းအဝေး ကျင်းပပါသနည်း။

လွတ်လပ်စွာ စည်းရုံးဖွဲ့စည်းခွင့် ဘာသာရပ်နှင့် ပတ်သက်၍ သီးခြားလွတ်လပ်သော ကျွမ်းကျင်သူ ပညာရှင် (၂၀) ဖြင့် ကျွမ်းကျင်သူ ပညာရှင်များ ကော်မိတီကို ဖွဲ့စည်းထားပါသည်။ ကော်မိတီသည် နှစ်စဉ် အစည်းအဝေးကျင်းပပါသည်။

၂။ ကော်မိတီ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

ကော်မိတီသည် (ILO) ၏ လွတ်လပ်စွာ စည်းရုံးဖွဲ့စည်းခွင့်ဆိုင်ရာ သဘောတူစာချုပ် အမှတ် (၈၇) နှင့် (၉၈) တို့ကို အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အစိုးရများလိုက်နာဆောင်ရွက်ရေး အတွက် စောင့်ကြည့်ပါသည်။ ကော်မိတီသည် အလုပ်သမားနှင့် အလုပ်ရှင်တို့၏ ထင်မြင်သုံးသပ်ချက်များကိုလည်းကောင်း၊ အစိုးရများ၏ အစီရင်ခံစာများကိုလည်းကောင်း ရယူလက်ခံခြင်းနှင့် စီစစ်သုံးသပ်ခြင်းပြုပါသည်။[၁၁] ကော်မိတီသည် (ILO) ၏ စံချိန်စံညွှန်းများ ကျင့်သုံးရေးဆိုင်ရာ ကွန်ဖရင့်ကော်မိတီသို့ နှစ်စဉ်အစီရင်ခံစာများ တင်သွင်းပါသည်။ ဤနှစ်စဉ် ကျင်းပသည့် ကွန်ဖရင့်ကော်မိတီတွင် အစိုးရကိုယ်စားလှယ်များနှင့် အလုပ်သမားအဖွဲ့အစည်း၊ အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားပါသည်။[၁၂]

၃။ ကော်မိတီသို့ မည်သူတို့က သတင်းအချက်အလက်များပေးအပ်နိုင်သနည်း။

ကော်မိတီသည် အစိုးရများထံမှ (ILO) သဘောတူစာချုပ် အမှတ် (၈၇) နှင့် (၉၈)ပါ ပြဋ္ဌာန်းချက်များ အကောင် အထည်ဖော်ခြင်း ဖြစ်စဉ်နှင့် ပတ်သက်သော ပုံမှန်အစီရင်ခံစာများကို လက်ခံရယူပါသည်။ ဤသဘောတူစာချုပ်များတွင် သဘော တူ လက်မှတ်ရေးထိုးထားသော အစိုးရများသာလျှင် ကော်မိတီသို့ အစီရင်ခံစာတင်သွင်းရန် တာဝန်ရှိပါသည်။[၁၃] ကော်မိတီ သည် အလုပ်သမား အဖွဲ့အစည်းနှင့် အလုပ်ရှင် အဖွဲ့အစည်းများထံမှ သတင်း အချက်အလက်များကိုလည်း လက်ခံရယူပါ သည်။ ကော်မိတီသို့ သတင်းအချက်အလက်များ ပေးပို့လိုပါက အဖွဲ့အစည်းများ အနေနှင့် (ILO) ၏ နိုင်ငံတကာ အလုပ်စံချိန် စံညွှန်း များနှင့် လူ့အခွင့်အရေးဌာနသို့ ဆက်သွယ်နိုင်ပါသည်။[၁၄]

၁၀၊ Ibid. အထူးသံအရာရှိက အသက်မဆုံးရှုံးရလေအောင် ကာကွယ်ပေးရန် ရည်ရွယ်ပါသည်။ သို့အတွက်ကြောင့် ပြည်တွင်း၌ အခြားကုစားနိုင်သော နည်းလမ်းများရှိနေနိုင်သေးသော်လည်း၊ ပုံမှန် မေတ္တာရပ်ခံချက်များ ပြုလုပ်ပေးလေ့ ရှိပါသည်။

၁၁၊(အိုင်အယ်လ်အို)၏သဘောတူညီချက်အမှတ်(၈၇)နှင့်(၉၈)တို့နှင့်ပတ်သက်သော နိုင်ငံအစိုးရများ၏အစီရင်ခံစာကို သုံးသပ်စိစစ်ရုံမျှသာမက(ဤသဘောတူညီချက်များသည် လွတ်လပ်စွာ စည်းရုံးဖွဲ့စည်းခွင့်နှင့် သက်ဆိုင်သည်) ကျွမ်းကျင်သူပညာရှင်များ ကော်မိတီသည် ဤသဘောတူညီချက်များကို လက်မှတ်ရေးထိုးထားခြင်း မရှိသည့် နိုင်ငံများမှ အစီရင်ခံစာများကိုလည်း သူတို့အနေနှင့် ဤသဘောတူညီ ချက်များကို သဘောတူ လက်မှတ်ရေးထိုးလာစေရေးအတွက် မည်သည့် တည်ဆဲဥပဒေများ၊ လုပ်ဆောင်ကျင့်သုံးနေမှုများက အခက်အခဲဖြစ်နေရကြောင်း စိစစ်သုံးသပ်ပါသည်။ See, Freedom of Association and the Right to Collective Bargaining, Clean Clothes Campaign, September 2005.

၁၂၊ Freedom of Association and the Right to Collective Bargaining, Clean Clothes Campaign, September 2005.

၁၃၊ မြန်မာနိုင်ငံသည် (အိုင်အယ်လ်အို) ၏ သဘောတူညီချက် အမှတ် (၈၇) ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတခု ဖြစ်သည်။

၁၄၊ Tajgman, David and Karen Curtis, Freedom of Association: A User's Guide, ILO, 2000.

ndburma2.indd 222 26-Dec-09 13:05:29

(ဃ) (ILO) ၏ လွတ်လပ်စွာ စည်းရုံးဖွဲ့စည်းခွင့်ဆိုင်ရာ ကော်မိတီ

၁။ ကော်မိတီဝင်များသည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သနည်း။ ကော်မိတီသည် မည်သည့်အချိန်များတွင် အစည်းအဝေးကျင်းပပါသနည်း။

လွတ်လပ်စွာ စည်းရုံးဖွဲ့စည်းခွင့်ဆိုင်ရာ ကော်မိတီကို (ILO) အုပ်ချုပ်ရေးအဖွဲ့ထဲမှ ထုတ်နှုတ်ထားသော အဖွဲ့ဝင် (၁၀) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ကော်မိတီသည် နှစ်စဉ် (၃) ကြိမ် အစည်းအဝေးကျင်းပပါသည်။ မတ်လ၊ ဇွန်လ နှင့် နိုဝင်ဘာလတို့တွင် ကျင်းပသည်။

၂။ ကော်မိတီ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

ကော်မိတီသည် (ILO)၏ လွတ်လပ်စွာ စည်းရုံးဖွဲ့စည်းခွင့်ဆိုင်ရာ သဘောတူစာချုပ် အမှတ် (၈၇) နှင့် (၉၈) တို့ကို အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီ အစိုးရများ ဆောင်ရွက်ရေးအတွက် စောင့်ကြည့်ပါသည်။ ကော်မိတီသည် လွတ်လပ်စွာ စည်းရုံးဖွဲ့စည်းခွင့်ကို ဖောက်ဖျက်ခြင်းကြောင့် ပေါ်ပေါက်လာသော တိုင်တန်းချက်များနှင့် ပတ်သက်၍ အကြံပြုတင်ပြချက်များကို လက်ခံရယူခြင်း၊ အကြံပြုတင်ပြချက်များ ပေးခြင်း ပြုပါသည်။ ကော်မိတီသည် သက်ဆိုင်ရာ အစိုးရနှင့် (ILO) အုပ်ချုပ်ရေးအဖွဲ့သို့ မိမိ၏ နိဂုံးချုပ် သုံးသပ်ချက်များနှင့် အကြံပြုတင်ပြချက်များကို တင်ပြပါသည်။[၁၅]

၃။ ကော်မိတီသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်သနည်း။

ကော်မိတီသည် လွတ်လပ်စွာ စည်းရုံးဖွဲ့စည်းခွင့် ချိုးဖောက်မှုများနှင့် ပတ်သက်၍ အစိုးရများ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများမှလာသော တိုင်တန်းချက်များကို လက်ခံရယူပါသည်။[၁၆] ကော်မိတီသည် (ILO)၏ လွတ်လပ်စွာ စည်းရုံးဖွဲ့စည်းခွင့်ဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သော အစိုးရများနှင့်သာမက၊ လက်မှတ်ရေးထိုးခြင်းမရှိသေးသော အစိုးရများနှင့်ပါ သက်ဆိုင်သော တိုင်တန်းချက်များကို လက်ခံ၊ စဉ်းစားသုံးသပ်ပါသည်။[၁၇] ကော်မိတီသို့တိုင်တန်းချက်ပေးပို့ရာ၌ အဖွဲ့အစည်းများအနေနှင့် စာအားဖြင့် ရေးသားထားသော တိုင်တန်းချက်များကို ပေးပို့ရပါမည်။ [၁၈]

၄။ အပူတပြင်း အရေးပေါ် လုပ်ဆောင်ရန် ရှိပါက မည်သို့လုပ်မည်နည်း။

ကော်မိတီသည် လူ့အသက်အန္တရာယ်၊ သို့မဟုတ် ပုဂ္ဂိုလ်ရေး လွတ်လပ်မှုနှင့်ပတ်သက်၍သော်လည်းကောင်း၊ အလုပ်သမား လှုပ်ရှားမှုတခုလုံး၏ လွတ်လပ်စွာလှုပ်ရှားခွင့်ကို ထိခိုက်စေသော အခြေအနေသစ်များနှင့် ပတ်သက်၍ သော်လည်းကောင်း၊ ပေါ်ပေါက်လာသော အကြောင်းကိစ္စများ၊ ဆက်လက်ဖြစ်ပွားနေသော အရေးပေါ်အခြေအနေထဲမှနေ၍ ပေါ်ပေါက်လာသော အကြောင်းကိစ္စများနှင့် အဖွဲ့အစည်းတခုဖျက်သိမ်းခံရမည့် အခြေအနေနှင့်ပတ်သက်သော အကြောင်းကိစ္စများရှိလျှင် အပူတပြင်း အရေးပေါ် လုပ်ဆောင်ချက်များ ဆောင်ရွက်ပေးပါသည်။[၁၉] အပူတပြင်း အရေးပေါ်ဆောင်ရွက်စရာရှိသော လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ပြီး၊ အကြံပြုတင်ပြချက်များကို (ILO) အုပ်ချုပ်ရေးအဖွဲ့သို့ ချက်ချင်းပေးပို့ပါသည်။[၂၀]

၁၅၊ အကယ်၍နိုင်ငံတခုသည် သက်ဆိုင်ရာသဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတခုဖြစ်ပါက၊ ကော်မိတီက နိဂုံးချုပ် သုံးသပ်ချက်များနှင့် အကြံပြုချက်များကို (အိုင်အယ်လ်အို)၏ သဘောတူညီချက်များနှင့် အကြံပြုချက်များကို အသုံးချအကောင် အထည်ဖော်ရေးဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ ကော်မိတီသို့လည်းပေးပို့လိမ့်မည် ဖြစ်ပါသည်။

၁၆၊ အဖွဲ့အစည်းတခုဟု ဆိုရာ၌ (၁) ၎င်းကိစ္စကို တိုက်ရိုက်သက်ဆိုင်သည့် နိုင်ငံအဆင့်အဖွဲ့အစည်းများ (၂) အိုင်အယ်လ်အိုအဖွဲ့နှင့် အကြံပေး အဖြစ် အဆင့်အတန်းရရှိထားသည့် အပြည်ပြည်ဆိုင်ရာ အလုပ်ရှင်များ၊ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်းများ၊ သို့ မဟုတ် (၃) အပြည်ပြည်ဆိုင်ရာ အခြားအလုပ်ရှင်– အလုပ်သမားအဖွဲ့အစည်းများ (တိုင်ကြားမှုသည် သူတို့နှင့်တိုက်ရိုက် သက်ဆိုင်မှုရှိသည်ဆိုပါက) စသည်တို့ ဖြစ်ပါသည်။ Solidarity Center, Justice for All: A Guide to Workers Rights in the Global Economy, AFL-CIO, http://www.solidaritycenter.org/files/JFA_Appendices.pdf (last visited 19 October 2008).

၁၇၊ မြန်မာနိုင်ငံသည် (အိုင်အယ်လ်အို) ၏ သဘောတူညီချက် အမှတ် (၈၇) ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတခု ဖြစ်သည်။

၁၈၊ Tajgman, David and Karen Curtis, Freedom of Association: A User's Guide, ILO, 2000.

၁၉၊ Committee on Freedom of Association Procedures, ILO, para. 55.

၂၀၊ ( ) အချိန်အထိ ( ) က ကော်မိတီ၏ ဥကက္ကဋ္ဌအဖြစ် ဆောင်ရွက်နေပါသည်။

ndburma2.indd 223 26-Dec-09 13:05:29

(ဇ) ကုလသမဂ္ဂ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ ကော်မိတီ

၁။ ကော်မိတီဝင်များသည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သနည်း။ ကော်မိတီသည် မည်သည့်အချိန်များတွင် အစည်းအဝေး ကျင်းပပါသနည်း။

လူ့အခွင့်အရေးဘာသာရပ်နှင့် ပတ်သက်၍ သီးခြားလွတ်လပ်သော ကျွမ်းကျင်သူပညာရှင်(၁၈)ဦးဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ ကော်မိတီကို ဖွဲ့စည်းထားပါသည်။[၂၁] ကော်မတီဝင် တဦးသည် (၄) နှစ် သက်တမ်းကာလဖြင့် တာဝန်ထမ်းဆောင်ကြရသည်။ ကော်မိတီသည် နှစ်စဉ် အစည်းအဝေး (၂) ကြိမ် ကျင်းပပါသည်။ မေလနှင့်နိုဝင်ဘာ–ဒီဇင်ဘာလတွင် ဖြစ်သည်။ အစည်းအဝေး တကြိမ်ထိုင်လျှင် သီတင်းပါတ် (၃) ပါတ် ကြာသည်။[၂၂]

၂။ ကော်မိတီ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

ကော်မတီသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်ရေးများဆိုင်ရာ သဘောတူစာချုပ်ကို အကောင်အထည် ဖော်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အစိုးရများဆောင်ရွက်နေမှုအတွက် စောင့်ကြည့်ပါသည်။ ကော်မိတီသည် အစိုးရများ၏ အစီရင်ခံစာများကို လက်ခံရယူခြင်း၊ စီစစ်သုံးသပ်ခြင်းပြုပြီးနောက် အကြံပြုတင်ပြချက်များ ပေးပါသည်။[၂၃]

၃။ ကော်မိတီသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်သနည်း။

ကော်မိတီသည် အစိုးရများထံမှ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ခြင်း ဖြစ်စဉ်နှင့် ပတ်သက်သော ပုံမှန်အစီရင်ခံစာများကို လက်ခံရယူပါသည်။ ဤသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော အစိုးရများသာလျှင် ကော်မိတီသို့ အစီရင်ခံစာ တင်သွင်းရန်တာဝန်ရှိပါသည်။[၂၄] ကော်မိတီသည် အစည်းအဝေး ပထမနေ့တွင်လူ့အခွင့်အရေး အဖွဲ့အစည်းများမှ ပေးပို့လာသောသတင်းအချက် အလက်များကို ရယူလက်ခံသည့်အပြင်၊ နှုတ်အားဖြင့် ထွက်ဆိုတင်ပြချက်များကိုလည်း ကြားနာပါသည်။ ကော်မတီသို့ သတင်းအချက်အလက်များပေးပို့ရာ၌ ကော်မတီအစည်းအဝေးမတိုင်မီ လပေါင်းအတော်ကြာကြိုတင်၍ ကော်မိတီ၏ အတွင်းရေးမှူးထံသို့ ရေးသားပေးပို့ထားရပါမည်။[၂၅]

၄။ ကော်မိတီသို့ တဦးချင်း တိုင်တန်းမှုများကို ကြားနာခြင်း ရှိပါသလား။

လောလောဆယ်၌ ကော်မိတီသည် တဦးချင်း တိုင်တန်းချက်များကို ရယူလက်ခံနိုင်ခြင်း မရှိသေးချေ။ သို့ရာတွင် ပြင်ဆင်ချက်မူကြမ်းတစောင်ကို ကော်မိတီက စဉ်းစားသုံးသပ်လျက်ရှိပါသည်။ ဤပြင်ဆင်ချက်အရဆိုလျှင် ကော်မိတီသည် သဘောတူစာချုပ် ချိုးဖောက်မှုနှင့် ပတ်သက်သော တဦးချင်းတိုင်တန်းချက်များကိုလည်း နောင်တချိန်ချိန်၌ လက်ခံစဉ်းစားနိုင်မည်ဖြစ်ပါသည်။[၂၆]

၂၁၊ Tajgman, David and Karen Curtis, Freedom of Association: A User's Guide, ILO, 2000.

၂၂၊ Committee on Economic, Social, and Cultural Rights, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/bodies/cescr/ (last visited 28 July 2008).

၂၃၊ Ibid.

၂၄၊ မြန်မာနိုင်ငံသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတခု မဟုတ်ပါ။

၂၅၊ Committee on Economic, Social, and Cultural Rights, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/bodies/cescr/ (last visited 28 July 2008).

၂၆၊ Ibid.

ndburma2.indd 224 26-Dec-09 13:05:29

rw&m; zrf;qJDIrm;ESHhxdf,odk'fcsyfaEdSifIrm;

(ခ) အတင်းအကျပ် ထိန်းသိမ်းချုပ်နှောင်မှုဆိုင်ရာ ကုလသမဂ္ဂ အလုပ်အဖွဲ့ (UN Working Group on Arbitrary Detention)

၁။ ကော်မိတီဝင်များသည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သနည်း။ ကော်မိတီသည် မည်သည့်အချိန်များတွင် အစည်းအဝေးကျင်းပ ပါသနည်း။

အလုပ်အဖွဲ့ဆိုသည်မှာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင် (၅) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ အဖွဲ့ဝင် တဦးချင်းစီက (၃) နှစ် သက်တမ်း တာဝန် ထမ်းဆောင်ရပါသည်။ ဤအလုပ်အဖွဲ့သည် တနှစ်လျှင် (၃) ကြိမ် တွေ့ဆုံစည်းဝေးကြပါသည်။

၂။ အလုပ်အဖွဲ့၏ အခန်းကဏ္ဍ တာဝန်မှာ အဘယ်နည်း။

အလုပ်အဖွဲ့သည် ထိန်းသိမ်းချုပ်နှောင်မှု အခြေအနေများကို စောင့်ကြည့်လေ့လာ၍ အပြည်ပြည်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များနှင့် မညီသည့် အတင်းအကျပ် လုပ်ဆောင်သည်ဟု ယူဆသော ဖြစ်ရပ်များကို စုံစမ်းစစ်ဆေးပါသည်။ အလုပ်အဖွဲ့သည် လူတဦးချင်းထံမှ တိုင်ကြားမှုများကိုလည်း လက်ခံရယူပြီး၊ အတင်းအကျပ် ထိန်းသိမ်းခံနေရသည့် အခြေအနေများအပေါ် ၎င်းတို့၏အမြင်ကိုလည်း ထုတ်ပြန်ပါသည်။ ဤအမြင်များအပေါ်အခြေခံ၍ အလုပ်အဖွဲ့သည် သက်ဆိုင်ရာနိုင်ငံများကို အကြံပြုချက်များပေးပို့ပါသည်။[၂၇] နိုင်ငံတခု၏ ထူးခြားချက် အခြေအနေများကို အပြည့်အစုံနားလည် သိရှိနိုင်ရန်နှင့် ထို နိုင်ငံမှ ဆောင်ရွက်နေကြသူများ၊ အရပ်ဖက် လူထုအဖွဲ့အစည်းများနှင့် တိုက်ရိုက်တွေ့ဆုံ ဆွေးနွေးနိုင်ရန် အလုပ်အဖွဲ့က ကွင်းဆင်းလေ့လာရေး ခရီးစဉ်များလည်း ဆောင်ရွက်ကြသည်။[၂၈] အလုပ်အဖွဲ့သည် လူ့အခွင့်အရေးကောင်စီသို့ နှစ်စဉ်အစီရင်ခံစာများလည်းတင်သွင်းသည်။ အလုပ်အဖွဲ့သည် အတင်းအကျပ် ထိန်းသိမ်းချုပ်နှောင်မှုများကို ကာကွယ်မှုပေးနိုင်ရေးအတွက် ယေဘုယျစုံနှုန်း သတ်မှတ်ချက်များကိုလည်း တပြေးညီဖြစ်စေရန် ပြုစုတင်ပြသည်။ ဤစံနှုန်းတင်ပြချက်များကို အိမ်အကျယ်ချုပ်ခြင်း၊ အလုပ်ကြမ်းစခန်းသို့ပို့ဆောင်ခြင်း စသည့်ခေါင်းစဉ်များတွင် လိုက်နာဆောင်ရွက်စေရန် ''ဆွေးနွေးခြင်း''နည်းဖြင့် ဆက်သွယ်ဆောင်ရွက်ကြသည်။[၂၉]

၃။ မည်သူများက အလုပ်အဖွဲ့သို့ သတင်းအချက်အလက်များ ပေးပို့နိုင်သနည်း။

အလုပ်အဖွဲ့သည် မတရား အတင်းအကျပ်ဖမ်းဆီး၊ ထိန်းသိမ်းချုပ်နှောင်ခံရသူ ကာယကံရှင်များ၊ မိသားစုဝင်များ၊ ကိုယ်စား လှယ်များထံမှ သတင်းအချက်အလက်များကို လက်ခံရယူ၍ စဉ်းစားမှုပြုပါသည်။ လူ့အခွင့်အရေး အဖွဲ့အစည်းများကလည်း နစ်နာရသူ ကာယကံရှင်များနှင့် သူတို့၏ မိသားစုကိုယ်စား အလုပ်အဖွဲ့ထံသို့ သတင်းပေးပို့နိုင်ပါသည်။ သို့သော်လည်း ထို လူ့အခွင့်အရေး အဖွဲ့အစည်းများသည် သူတို့ကိုယ်စားပြုသူများထံမှ ခွင့်ပြုချက် ရရှိကြောင်းနှင့် ဤအမှု၏ ရလဒ်များကို ဆက်သွယ်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဖော်ပြရန် လိုအပ်ပါသည်။ နိုင်ငံများ၊ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် အခြားစိတ်ဝင်စားသည့် အဖွဲ့များက သတင်း အချက်အလက်များကို အလုပ်အဖွဲ့ထံ ပေးပို့နိုင်ပါသည်။[၃၀]

၄။ အကယ်၍ အရေးပေါ် ဆောင်ရွက်ပေးရန် လိုအပ်ပါက မည်သို့ ဆောင်ရွက်မည်နည်း။

အကယ်၍ မတရားအတင်းအကျပ် ချုပ်နှောင်ထိန်းသိမ်းထားခြင်းသည် လူတဦး၏ အသက်အန္တရာယ် စိုးရိမ်ဖွယ်ရှိနေပါက သို့မဟုတ် အခြေအနေသည် အရေးပေါ် ဆောင်ရွက်ပေးရန် လိုအပ်နေပါက အလုပ်အဖွဲ့သည် အရေးပေါ်လုပ်ဆောင်မှုများ ဆောင်ရွက်မည် ဖြစ်သည်။ အရေးပေါ် အမှုများကို သက်ဆိုင်ရာနိုင်ငံ၏ ကုလသမဂ္ဂရှိ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ထံသို့

၂၇၊ အလုပ်အဖွဲ့သည် မည်သည့်နိုင်ငံမှမဆို လူတဦးချင်း၏ တိုင်ကြားချက်များကိုလည်း လက်ခံရယူနိုင်ပါသည်။ အကယ်၍သက်ဆိုင်ရာနိုင်ငံက သက်ဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်များကို လက်မှတ်ရေးထိုး မထားသည့်တိုင် တိုင်ကြားချက်များ လက်ခံနိုင်သည်။ သို့သော်လည်း အလုပ်အဖွဲ့က ထိန်းသိမ်းထားမှု အခြေအနေမှတခြင်း ရှိ–မရှိကို စစ်ဆေးအကဲဖြတ်ရန်၊ သို့မဟုတ်အမှုစစ်ဆေးနေစဉ်ကာလတွင် သက်သေအချက်အလက်များအပေါ် မျှတမှု ရှိ–မရှိ အကဲဖြတ်စစ်ဆေးရန် ဆက်သွယ်ဆောင်ရွက်မည် မဟုတ်ပါ။

၂၈၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလတိုင်အောင် မြန်မာအစိုးရက မတရား ထိန်းသိမ်းချုပ်နှောင်ထားမှု စစ်ဆေးခြင်းဆိုင်ရာ အလုပ်အဖွဲ့ကို ကွင်းဆင်းလေ့လာစေရန်အတွက် ဗီတ်ကြားခြင်း မရှိသေးပါ။

၂၉၊ Fact Sheet No. 26: The Working Group on Arbitrary Detention, Office of the High Commissioner for Human Rights, http://www.ohchr.org/english/about/publications/sheets.htm (last visited 30 August 2006).

၃၀၊ Ibid

ထက်စာလျှင် ၎င်းနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးထံသို့ တိုက်ရိုက်အကြောင်းကြားမည်ဖြစ်ပြီး၊ ဤသည်မှာ ပုံမှန်ဆောင်ရွက်နေကျကိစ္စလည်း ဖြစ်ပါသည်။ အန္တရာယ်ကျရောက်နေသည့် ထိုသူ၏ အခွင့်အရေးများအတွက် ကာကွယ်ပေးရန် လိုအပ်သည့် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ပေးရန် အလုပ်အဖွဲ့က နိုင်ငံအစိုးရထံသို့ တောင်းဆိုပါသည်။[၃၁]

အလုပ်အဖွဲ့အကြောင်းနှင့် လုပ်ငန်း လုပ်ဆောင်ပုံ အဆင့်ဆင့်နှင့် ပတ်သက်၍ အကျဉ်းဖော်ပြချက်[၃၂]

မတရား အတင်းအကျပ် ထိန်းသိမ်းချုပ်နှောင်ခံရခြင်း အမှုတခုနှင့်ပတ်သက်၍ သတင်းအချက်အလက် ရရှိသည့် အခါ အလုပ်အဖွဲ့သည် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ပါသည်။

၁။ ဆက်လက် ချုပ်နှောင်ထားခြင်းသည် ထိန်းသိမ်းခံထားရသူ၏ အသက်အန္တရာယ် ရှိစေနိုင်ပါက၊ သို့မဟုတ် ထိန်းသိမ်းချုပ်နှောင်မှုတွင် အလားတူအခြေအနေမျိုးရှိသည်ဟု ယုံကြည်ရပါက အလုပ်အဖွဲ့သည် ထိုနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးထံ အရေးပေါ်မေတ္တာရပ်ခံစာကို ပေးပို့ပါသည်။

၂။ အရေးပေါ် အခြေအနေမဟုတ်သော ဆက်သွယ်မှုကို သက်ဆိုင်ရာနိုင်ငံသို့ ဆက်လက်ပေးပို့ပါသည်။ သတင်းအချက် အလက်များရရှိရာ ရင်းမြစ်များအား လုံးကို လျှို့ဝှက်အဖြစ် ထိန်းသိမ်းထားပေးပါသည်။ နိုင်ငံအစိုးရတခုသည် စွပ်စွဲချက်များ၊ အချက်မှန်များ၊ အသုံးချသည့် ဥပဒေများကို ဖြေဆိုမှတ်ချက်ပေးရန် ရက်ပေါင်း (၉၀) အချိန်ရပါသည်။ ဤအမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုရလဒ်များ၊ ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ဖော်ပြနိုင်သည်။ နိုင်ငံ အစိုးရတခုအနေနှင့် အလုပ်အဖွဲ့ထံ တုံ့ပြန် ဖြေကြားရန် ခွင့်ပြုရက် နောက်ထပ်ရက် (၆၀) ထပ်မံတောင်းခံနိုင်ပါသည်။

၃။ အကယ်၍ နိုင်ငံတော်အစိုးရက ပြန်ကြားလာပါက အလုပ်အဖွဲ့သည် ဤဖြေကြားချက်ကို တင်ပြလာသည့် ထိုသူထံသို့ သော်လည်းကောင်း၊ အဖွဲ့အစည်းထံသို့သော်လည်းကောင်း ပြန်လည်ပေးပို့ပြီး နောက်ဆုံးမှတ်ချက် တောင်းခံပါသည်။ အကယ်၍ အစိုးရက ပြန်လည်ဖြေကြားရန် ပျက်ကွက်ပါက ရရှိသည့် သတင်းအချက်အလက်များအပေါ် အခြေခံပြီး အလုပ်အဖွဲ့က သုံးသပ်ထင်မြင်ချက်ကို ဖော်ပြကောင်း ဖော်ပြနိုင်ပါသည်။

၄။ အကယ်၍ အလုပ်အဖွဲ့က ယခုထိန်းသိမ်းထားမှုသည် မတရားအတင်းအကျပ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆုံးဖြတ်ချက်ချရန် သတင်းအချက်အလက်များ ထပ်မံလိုအပ်ကြောင်းတွေ့ရှိပါက အလုပ်အဖွဲ့ကအမှုကို ဆက်လက်ဖွင့်ထားပြီး၊ အခြားသတင်းအချက်အလက်များ ရရှိလာသည်အထိ ထားရှိနိုင်သည်။ အကယ်၍ လုံလောက်သည့်သတင်းများ မရရှိပါက အလုပ်အဖွဲ့က ဤအမှုကို ဖွင့်၍ကိုင်တွယ်မည်–မကိုင်တွယ်မည်ကို ဆုံးဖြတ်နိုင်သည်။

၅။ သတင်းအချက်အလက်များ ရရှိသည့်အခါ အလုပ်အဖွဲ့သည် ယခု ထိန်းသိမ်းထားမှုသည် မတရားအတင်းအကျပ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆုံးဖြတ်၍ ထင်မြင်ချက်ကို ဖော်ပြနိုင်သည်။

(က) အကယ်၍ ထိန်းသိမ်းထားမှုသည် မတရားအတင်းအကျပ် ထိန်းသိမ်းထားကြောင်း မတွေ့ရှိရပါက ဤအမှုကို ပိတ်ပစ် နိုင်သည်။

(ခ) အကယ်၍ ထိန်းသိမ်းထားမှုသည် မတရားအတင်းအကျပ် ထိန်းသိမ်းထားကြောင်း တွေ့ရှိပါက၊ အလုပ်အဖွဲ့သည် ၎င်းနိုင်ငံအစိုးရထံ အကြံပြုချက် ပေးပို့နိုင်သည်။

(ဂ) အလုပ်အဖွဲ့နှင့် ဆက်သွယ်မှုရပြီးနောက် ထိုပုဂ္ဂိုလ်ကို လွှတ်ပေးပါက ဤအမှုကို ပိတ်ပစ်နိုင်သည်။ မည်သို့ဖြစ်စေ မှတ်ချက်ကို ထည့်သွင်းဆုံးဖြတ်ရန် လိုအပ်သည်။

၃၁၊ နိုင်ငံတော် အစိုးရတခုထံသို့ ဤသို့ ဆက်သွယ်မှုများတွင် အလုပ်အဖွဲ့သည် ယခုတောင်းဆိုချက်သည် လူသားချင်းစာနာထောက်ထားမှုအပေါ် အခြေခံ၍ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြမေတ္တာရပ်ခံပါသည်။ မတရား အတင်းအကျပ် ဖမ်းဆီးထိန်းသိမ်းမှုနှင့် ပတ်သက်၍ အကဲဖြတ်မှု ပြုလုပ်လိမ့်မည် မဟုတ်ပေ။ Fact Sheet No. 26: The Working Group on Arbitrary Detention, Office of the High Commissioner for Human Rights, http://www.ohchr.org/english/about/publications/sheets.htm (last visited 30 August 2006).

၃၂၊ ယခု ဇယားနှင့် နောက်ထပ် ဇယားဖော်ပြချက်များကို အလုပ်အဖွဲ့၏ ပြန်လည်ပြင်ဆင်ရေးသားထားသည့် လုပ်ငန်း လုပ်ဆောင်ပုံမှ စုစည်းဖော်ပြ ထားခြင်း ဖြစ်ပါသည်။

ndburma2.indd 226 26-Dec-09 13:05:29

(ဃ) ရရှိသော သတင်းအချက်အလက်က မလုံလောက်ဘဲရှိနေပါက အလုပ်အဖွဲ့သည် လိုအပ်သော သတင်းအချက်အလက်ကို ဆက်လက်တောင်းဆိုနိုင်သည်။ သို့မဟုတ် ဤအခြေခံအပေါ်တွင်အမှုကို ပိတ်ပစ်နိုင်သည်။

၆။ အလုပ်အဖွဲ့မှတင်ပြသော ထင်မြင်သုံးသပ်ချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ နိုင်ငံအစိုးရများထံသို့ ပေးပို့ပြီး၊ ၃ ပတ်အကြာတွင် ဆက်သွယ်လာသူထံသို့ ပြန်လည်ပေးပို့ပါသည်။ အလုပ်အဖွဲ့သည် ၎င်း၏ နှစ်ပတ်လည်အစီရင်ခံစာတွင် လူ့အခွင့်အရေးကောင်စီသို့လည်း ထင်မြင်ချက်များကို ဆက်လက်ပေးပို့ပါသည်။

၇။ နိုင်ငံအစိုးရများသည် အလုပ်အဖွဲ့သို့ သတင်းအချက်အလက်များပေးပို့ရန် တာဝန်ရှိပြီး၊ အကြံပြုချက်များအပေါ် လိုက်နာလုပ်ဆောင်ရန် တာဝန်ရှိပါသည်။ အလားတူ အကြံပြုချက်များကို လိုက်နာအကောင်အထည်ဖော်ရာ၌ ကြုံတွေ့ရသော အခက်အခဲများကိုလည်း သတင်းပေးပို့ရန်တာဝန်ရှိသည်။

nSyrf;Eyfpuf\cif;ESHt jcm;aom ravmufuefyr\cif;ykH;

B. UN Special Rapporteur on Torture and Other Cruel, Inhuman or Degrading Treatment or Punishment[၃၀]

(ခ) ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသော မလျော်ကန် ပြုမူခြင်း ပုံစံများ ဆိုင်ရာ ကုလသမဂ္ဂ အထူးသံအရာရှိ[၃၁]

၁။ အထူးသံအရာရှိ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

အထူးသံ အရာရှိသည် ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသော မလျော်ကန် ပြုမူခြင်း ပုံစံများ အကြောင်း အစီရင်ခံစာတို့နှင့် ပတ်သက်၍ စုံစမ်းလေ့လာရန်နှင့် အရေးယူဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ အစိုးရများအပါအဝင် သတင်းပေးသူ အမျိုးမျိုးတို့ထံမှ ရရှိသောသတင်းအချက်အလက်များကို အခြေခံလျက် အထူးသံ အရာရှိသည် အထွေထွေအကြံပြု တင်ပြချက်များကို ရေးသားပြီး၊ လူ့အခွင့်အရေးကောင်စီသို့ နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းသည်။[၃၂]

၂။ အထူးသံ အရာရှိထံသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်ပါသနည်း။

အထူးသံ အရာရှိသည် သတင်းအချက်အလက်များကို အဲန်ဂျီအိုများ၊ အစိုးရများ၊ ကုလသမဂ္ဂ၏ အခြားအေဂျင်စီဌာနများနှင့် စောင့်ကြည့်ရေး အဖွဲ့များ၊ တဦးချင်းပုဂ္ဂိုလ်များထံမှ ရရှိပါသည်။ ယုံကြည်စိတ်ချရလောက်သော အကြောင်းအရာများမရှိပါက အထူးသံအရာရှိသည် စွပ်စွဲချက်များကို သက်ဆိုင်ရာ အစိုးရထံသို့ သတင်းအချက်အလက်များ ဆက်လက် စုံစမ်းပေးရန် မေတ္တာရပ်ခံချက်နှင့်တကွ ပေးပို့ပါသည်။[၃၃]

လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်ဆိုင်ရာ အထူးသံအရာရှိသည် တိုင်တန်းစာများတင်ရာ၌ တဦးချင်း ပုဂ္ဂိုလ်များအား အထောက်အကူဖြစ်စေရန်အတွက် မေးခွန်းပုံစံများ ထုတ်ပေးထားပါသည်။ ဤမေးခွန်းစဉ်မိတ္တူကိုနောက်ဆက်တွဲ စာမျက်နှာတွင် ထည့်သွင်း ဖော်ပြထားသည့်အပြင်၊ အောက်ပါအတိုင်း အင်တာနက်တွင် ထုတ်ယူနိုင်ပါသည်။

http://www.ohchr.org/english/issues/torture/rapporteur/model.htm.

၃၀၊ ၂၀၀၆ ခုနှစ်၊ မတ်လတိုင်အောင် မန်းဖရက် နိုဝက် Manfred Nowak က ညှဉ်းပမ်းနှိပ်စက်မှုဆိုင်ရာ စုံစမ်းတင်ပြရေး ကုလသမဂ္ဂ အထူးသံကိုယ်စားလှယ်အဖြစ် တာဝန်ယူဆောင်ရွက်နေပါသည်။

၃၁၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လတိုင်အောင် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့် နှင့် လွတ်လပ်စွာ စုဝေးခွင့်တို့ကို မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကုလသမဂ္ဂ အထူးသံအရာ ရှိအဖြစ် ဖရန့်ခ် ဝီလီယံ လာ ရူး (Frank William La Rue) က တာဝန်ယူနေပါသည်။

၃၂၊ Special Rapporteur on Torture and Other Cruel, Inhuman or Degrading Treatment or Punishment, Office of the High Commissioner for Human Rights, http://www.ohchr.org/english/issues/torture/rapporteur/ (last visited 12 March 2007)

၃၃၊ Special Rapporteur on Torture and Other Cruel, Inhuman or Degrading Treatment or Punishment, Office of the High Commissioner for Human Rights, http://www.ohchr.org/english/issues/torture/rapporteur/ (last visited 12 March 2007). The Special Rapporteur may also include information in the annual report to the Commission on Human Rights.

ndburma2.indd 227 26-Dec-09 13:05:29

၃။ အထူးသဲ့ အရာရှိသည် မည်သည့် သတင်းအချက်များကို စဉ်းစားသုံးသပ်ပါသနည်း။

အထူးသံအရာရှိသည်အောက်ပါတို့နှင့်စပ်လျဉ်းသောချို့ဖောက်မှုများ၊ပြဿနာများအတွက်အထောက်အထားများကို စဉ်းစားသုံးသပ်ပါသည်။[၄၇]

- ရုပ်ပိုင်းဆိုင်ရာ အရ နာကျဉ်စေရန် ပြစ်ဒဏ်ပေးခြင်း[၄၈]
- နိုင်ငံတကာ ဥပဒေစံနှုန်းများနှင့် ဆန့်ကျင်သည့် ပြစ်ဒဏ်ပေးမှုများ
- တဦးတည်း အကျဉ်းချထားသည့် နေရာတွင် အခြားမည်သူနှင့်မျှ ဆက်သွယ်ခွင့်မပြုဘဲ ရေရှည်ချုပ်နှောင်ထားမှု
- ထိန်းသိမ်းချုပ်နှောင်ထားရာတွင် "ညှဉ်းပမ်းနှိပ်စက်ရာ ရောက်စေသော "အခြေအနေများ
- ဆေးဝါးကုသပေးရန် ငြင်းဆန်ခြင်းနှင့် အာဟာရ လုံလောက်စွာ မပေးခြင်း
- ညှဉ်းပမ်းနှိပ်စက်ခံရရန်နှင့် အခြားသော မလျော်ကန်ပြုမူမှုများခံရရန် အန္တရာယ်ရှိနေသည့် နိုင်ငံတခုထံသို့ ပြန်လည်နှင့်ထုတ် ပို့ဆောင်ခြင်း
- ဥပဒေစည်းကြပ်ရေး အရာရှိများက အင်အားအလွန်အကျွံ အသုံးပြုခြင်းနှင့် အသုံးပြုမည်ဟု ခြိမ်းခြောက်ခြင်း

၄။ အထူးသံအရာရှိနှင့် တွေ့ဆုံဆွေးနွေးရန် အပူတပြင်း လိုအပ်ပါက မည်သို့လုပ်ဆောင်မည်နည်း။

လူပုဂ္ဂိုလ်တဦးတယောက်၏ ဂုဏ်သိက္ခာနှင့်ပတ်သက်၍လည်းကောင်း၊ အသက်အန္တရာယ်နှင့်ပတ်သက်၍လည်းကောင်း၊ ဖြစ်ပေါ်ခဲ့ဆဲဆဲ ခြိမ်းခြောက်မှု တခုခုရှိနေပါက သက်ဆိုင်ရာအစိုးရသို့ အရေးပေါ် မေတ္တာရပ်ခံပေးပါရန် အထူးသံအရာရှိထံ တိုင်ကြားနိုင်ပါသည်။ အထူးသံအရာရှိက အန္တရာယ်ရှိနေသူ ပုဂ္ဂိုလ် (ပုဂ္ဂိုလ်များ)ကို ကာကွယ်စောင့်ရှောက်ပေးရေးအတွက် အစိုးရကို မေတ္တာရပ်ခံပေးပါလိမ့်မည်။[၄၉]

C. UN Committee against Torture

(၈) ညှဉ်းပမ်း နှိပ်စက်မှုများ ဆန့်ကျင်ရေးဆိုင်ရာ ကုလသမဂ္ဂ ကော်မီတီ

၁။ ကော်မီတီဝင်များသည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သနည်း။ ကော်မီတီသည် မည်သည့်အချိန်များတွင် အစည်းအဝေးကျင်းပပါသနည်း။

ညှဉ်းပမ်း နှိပ်စက်မှုများ ဆန့်ကျင်ရေးဆိုင်ရာ ကုလသမဂ္ဂကော်မီတီကို ညှဉ်းပမ်းနှိပ်စက်မှုနှင့် အခြားသောမလျော်ကန်ပြုမူမှုများဆိုင်ရာ ကိစ္စနယ်ပယ်တွင် ကျွမ်းကျင်သူ လွတ်လပ်သော ပညာရှင် အဖွဲ့ဝင် (၁၀) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ အဖွဲ့ဝင်တဦးချင်းစီသည် (၄) နှစ် သက်တမ်း ထမ်းဆောင်ပါသည်။ ကော်မီတီသည် တနှစ်လျှင် (၂)ကြိမ်တွေ့ဆုံပြီး၊ ဆွေးနွေးမှုသည် မေလတွင် (၃) ပတ်နှင့် နိုဝင်ဘာလတွင် (၂)ပတ် ကြာမြင့်ပါသည်။[၅၀]

၂။ ကော်မီတီ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

ကော်မီတီက ညှဉ်းပမ်းနှိပ်စက်မှုများ ဆန့်ကျင်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်ကို မည်သို့အကောင်အထည်ဖော်ဆောင်ရွက်သည်ကို စောင့်ကြည့်လေ့လာပြီး နိုင်ငံအစိုးရများက နိုင်ငံတကာ စံချိန်စံနှုန်းများအတိုင်း လိုက်နာခြင်းရှိ–မရှိစောင့်ကြည့်လေ့လာပါသည်။ ကော်မီတီက နိုင်ငံအစိုးရများထံမှ အစီရင်ခံစာများ လက်ခံ၍ သုံးသပ်စစ်ဆေးပါသည်။ အကြံပြုချက်များ ပြန်လည်ပေးပို့ပါသည်။ ကော်မီတီက နိုင်ငံ အစိုးရများနှင့် အထွေထွေညီလာခံသို့ နှစ်ပတ်လည် အစီရင်ခံစာများ ပြန်လည်တင်သွင်းပါသည်။[၅၁]

ndburma2.indd 228 26-Dec-09 13:05:29

၃။ ကော်မီတီသို့ မည်သူတို့က သတင်း အချက်အလက်များ ပေးအပ်နိုင်သနည်း။

ကော်မီတီက နိုင်ငံများအနေနှင့် ညှဉ်းပမ်းနှိပ်စက်မှုများ ဆန့်ကျင်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များကို မည်သို့ အကောင်အထည်ဖော် ဆောင်ရွက်သည်၊ တိုးတက်မှု ရှိသည်ကို ပုံမှန်အစီရင်ခံစာများ လက်ခံရယူပါသည်။ ဤ သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံများကသာ ကော်မီတီထံသို့ အစီရင်ခံစာများတင်သွင်းရန် တာဝန်ရှိပါသည်။[၄၂] ကော်မီတီက လူ့အခွင့်အရေးအဖွဲ့အစည်းများက တင်သွင်းလာသည့် သတင်းများကိုလည်း လက်ခံရယူပါသည်။ အဖွဲ့အစည်းများသည် ကော်မီတီ အစည်းအဝေး မတိုင်မီလများ အနည်းငယ်အလိုဌ် ကော်မီတီ၏ အတွင်းရေးမှူးအဖွဲ့ထံ လိပ်မူ၍ ရေးသားတင်ပြရန် လိုအပ်ပါသည်။[၄၃]

၄။ ကော်မီတီသို့ တဦးချင်း တိုင်တန်းမှုများကို ကြားနာခြင်း ရှိပါသလား။

မှန်ပါသည်။ ညှဉ်းပမ်းနှိပ်စက်မှုများ ဆန့်ကျင်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၏ ပုဒ်မ (၂၂) အရကော်မီတီက တသီးပုဂ္ဂလ လူတဦးချင်းထံမှသော်လည်းကောင်း၊ အဖွဲ့များထံမှလည်းကောင်း သတင်းများရယူလက်ခံနိုင်ပါသည်။[၄၄] သို့သော်လည်း တင်ပြချက်များသည် လက်မှတ်ရေးထိုး သဘောတူညီထားသည့် နိုင်ငံအစိုးရများနှင့် ပတ်သက်၍ ဖော်ပြချက်များသာ ဖြစ်ရပါမည်။[၄၅] မြန်မာနိုင်ငံသည် ညှဉ်းပမ်းနှိပ်စက်မှုများ ဆန့်ကျင်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်ကို လက်မှတ်ရေးထိုး သဘောတူညီထားခြင်းမရှိသေးပါ။ သို့အတွက်ကြောင့် ဤသို့တင်ပြတိုင်းကြားနိုင်သည့် လုပ်ငန်းစဉ်သည် ဤသဘောတူညီချက်အရ တဦးချင်း မြန်မာနိုင်ငံသားများအတွက် မဖြစ်နိုင်သေးပါ။

uav;ppfbm;rsm;

B. UN Special Representative on Children and Armed Conflict [၄၆]

(ခ) ကုလသမဂ္ဂ ကလေးများနှင့် လက်နက်ကိုင် ပဋိပက္ခများဆိုင်ရာ အထူးသံကိုယ်စားလှယ်

၁။ အထူးသံအရာရှိ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

အထူးသံ အရာရှိသည် သက်ဆိုင်ရာ ကုလသမဂ္ဂ အဖွဲ့အစည်း၊ ဌာနများ၊ အစိုးရများ၊ အခြားသြဇာရှိသည့် အဖွဲ့များကို စစ်ပွဲလက်နက်ကိုင် ပဋိပက္ခများအတွင်း ကလေးများကို ကာကွယ်မှုပေးရေးအတွက် စည်းရုံးတိုက်တွန်းရန် တာဝန်ရှိသည်။ ဤ သတင်းအချက်အလက်များအပေါ် အခြေခံ၍ အထူးသံကိုယ်စားလှယ်သည် လက်နက်ကိုင် ပဋိပက္ခများအတွင်း ကလေးများကို ကာကွယ်ပေးရေးနှင့် ပတ်သက်၍ အသိအမြင်တိုးတက်လာစေရန် ဆက်ဆံတိုက်တွန်း ဆောင်ရွက်ပါသည်။[၄၇]

၄၂။ မြန်မာနိုင်ငံသည် ညှဉ်းပမ်းနှိပ်စက်မှုများ ဆန့်ကျင်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့် နိုင်ငံတခု မဟုတ်ပါ။

၄၃၊ See, Committee against Torture, Office of the High Commissioner for Human Rights, http://www.ohchr.org/english/bodies/cat/index.htm (last visited 12 March 2007).

၄၄၊ ညှဉ်းပမ်းနှိပ်စက်မှုများ ဆန့်ကျင်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် ပုဒ်မ (၂၂)၊ ၁၀ ဒီဇင်ဘာလ ၁၉၈၄။ သဘောတူညီချက် ပုဒ်မ (၂၁) တွင် နိုင်ငံတခုနှင့်တခုအကြား တိုင်ကြားမှုများကိုလည်း ကော်မီတီကလက်ခံပါသည်။ ဆိုလိုသည်မှာ အဖွဲ့ဝင်နိုင်ငံတခုက အခြားအဖွဲ့ဝင် နိုင်ငံတခုကို ဆန့်ကျင်တိုင်ကြားခြင်းဖြစ်သည်။ သို့သော်လည်းနိုင်ငံအချင်းချင်းအကြား တိုင်ကြားရန်ဆိုသည်မှာ နှစ်နိုင်ငံစလုံးက ညှဉ်းပမ်းနှိပ်စက်မှုများ ဆန့်ကျင်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်အပေါ် လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများ ဖြစ်ရန်လိုအပ်သည်။ See Convention against Torture, Article 21, 10 December 1984.

၄၅၊ ထိုမျှမက၊ တိုင်ကြားမှုများအပေါ်၌ကော်မီတီ၏ လက်ခံစဉ်းစားနိုင်သည့် အရည်အချင်းပြည့်ဝမှုအပေါ် သက်ဆိုင်ရာနိုင်ငံအစိုးရတခုက လက်ခံအသိအမှတ်ပြုရန်လည်း လိုအပ် သည်။

၄၆၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလအထိ လက်နက်ကိုင် ပဋိပကၡများနှင့် ကလေးများအရေးဆိုင်ရာ ကုလ အထူးသံကိုယ်စားလှယ်မှာ ရာဟီးကာ ကုမမ္မရာ ဆွာမီ Radhika Coomaraswamy ဖြစ်ပါသည်။

၄၇၊ Office of the Special Representative for Children and Armed Conflict, http://www.un.org/children/conflict/english/home6.html (last visited 28 October 2006).

ndburma2.indd 229 26-Dec-09 13:05:29

၂။ အထူးသံ အရာရှိထံသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်ပါသနည်း။

အထူးသံအရာရှိသည် လက်နက်ကိုင် ပဋိပက္ခများအတွင်း ကလေးများအရေးနှင့် ပတ်သက်၍ အဓိကရှိအိုများ၊ အစိုးရများ၊ အခြား ကုလသမဂ္ဂအဖွဲ့အစည်း အေဂျင်စီများနှင့် စောင့်ကြည့်လေ့လာနေသည့် အဖွဲ့အစည်းများထံမှ လက်ခံရယူသည်။[၄၀]

၃။ အထူးသံ အရာရှိသည် မည်သည့် သတင်းအချက်များကို စဉ်းစားသုံးသပ်ပါသနည်း။

အထူးသံအရာရှိသည် အောက်ပါတို့နှင့် စပ်လျဉ်းသော ချိုးဖောက်မှုများ၊ ပြဿနာများအတွက် အထောက်အထားများကို စဉ်းစားသုံးသပ်ပါသည်။[၄၁]

- ကလေးများကို သတ်ဖြတ်ခြင်းနှင့် ရုပ်ဆင်းအဂိါ ပျက်ယွင်းစေခြင်း
- ကလေးများကို စစ်သားလုပ်ရန် သိမ်းသွင်းစုဆောင်းခြင်း
- ကလေးများကို မုဒိမ်းပြုကျင့်ခြင်းနှင့် အခြား မလျော်ကန်သော လိင်မှုဆိုင်ရာ ကျူးလွန်ဖောက်ဖျက်မှုများ ပြုခြင်း။
- ကလေးများကို ပြန်ပေးဆွဲခြင်း
- ကျောင်းများ၊ ဆေးရုံများကို တိုက်ခိုက်ခြင်း
- ကလေးများကို လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့ပေးရန် ငြင်းဆန်နေခြင်း

၄။ အထူးသံအရာရှိနှင့် တွေ့ဆုံဆွေးနွေးရန် အပူတပြင်း လိုအပ်ပါက မည်သို့လုပ်ဆောင်မည်နည်း။

လူပုဂ္ဂိုလ်တဦးတယောက်၏ ဂုဏ်သိက္ခာနှင့်ပတ်သက်၍လည်းကောင်း၊ အသက်အန္တရာယ်နှင့် ပတ်သက်၍လည်းကောင်း၊ ဖြစ်ပေါ်ဒဏ်ခံဆဲဆဲခြိမ်းခြောက်မှုတခုခုရှိနေပါက သက်ဆိုင်ရာအစိုးရသို့ အရေးပေါ်မေတ္တာရပ်ခံပေးပါရန်အထူးသံအရာရှိထံ တိုင်ကြားနိုင်ပါသည်။ အထူးသံအရာရှိက အန္တရာယ်ရှိနေသူပုဂ္ဂိုလ် (ပုဂ္ဂိုလ်များ)ကို ကာကွယ်စောင့်ရှောက်ပေးရေးအတွက် အစိုးရကို မေတ္တာရပ်ခံပေးပါလိမ့်မည်။[၄၂]

C. UN Committee on the Rights of the Child

(၈) ကလေးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကော်မီတီ

၁။ ကော်မီတီဝင်များသည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သနည်း။ ကော်မီတီသည် မည်သည့်အချိန်များတွင် အစည်းအဝေး ကျင်းပပါသနည်း။

ကလေးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကော်မီတီကို လူ့အခွင့်အရေး ကျွမ်းကျင်သူ လွတ်လပ်သောပညာရှင် အဖွဲ့ဝင် (၁၈) ဦးဖြင့် ဖွဲ့စည်းထားပါသည်။[၄၃] အဖွဲ့ဝင် တဦးချင်းစီသည် (၄)နှစ် သက်တမ်းထမ်းဆောင်ပါသည်။ ကော်မီတီသည် တနှစ်လျှင် (၃) ကြိမ် ဂျီနီဗာတွင် တွေ့ဆုံပြီး၊ ဆွေးနွေးမှုသည် (၄) ပတ် ကြာမြင့်ပါသည်။[၄၄]

၄၀၊ Office of the Special Representative of the Secretary-General for Children and Armed Conflict. "Working with Partners," http://www.un.org/children/conflict/english/workingwithpartners.html (last visited 16 November 2008).

၄၁၊ See, Special Rapporteur on Torture and Other Cruel, Inhuman or Degrading Treatment or Punishment, Office of the High Commissioner for Human Rights, http://www.ohchr.org/english/issues/torture/rapporteur/(last visited 12 March 2007).

၄၂၊ Ibid. အထူးသံအရာရှိက အသက်မဆုံးရှုံးရလေအောင် ကာကွယ်ပေးရန်ရည်ရွယ်ပါသည်။ သို့အတွက်ကြောင့် ပြည်တွင်းမှ အခြားကုစားနိုင်သောနည်းလမ်းများရှိနေနိုင်သေးသော်လည်း၊ ပုံမှန် မေတ္တာရပ်ခံချက်များ ပြုလုပ်ပေးလေ့ ရှိပါသည်။

၄၃၊ ၂၀၀၇ ခုနှစ်၊ မတ်လမှစ၍ ယန်ဟီး လီး Yanghee Lee က ကော်မီတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်နေပါသည်။

၄၄၊ Fact Sheet No. 10: The Rights of the Child, Office of the High Commissioner for Human Rights, http://www.ohchr.org/english/about/publications/sheets.htm (last visited 28 October 2006); Office of the High Commissioner for Human Rights, Committee on the Rights of the Child, http://www.ohchr.org/english/bodies/crc/index.htm (last visited 28 October 2006).

ndburma2.indd 230 26-Dec-09 13:05:29

၂။ ကော်မိတီ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

ကော်မိတီက ကလေးများ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်နှင့် ရွေးချယ်လိုက်နာခွင့်ရှိသည့် ဥပဒေမူကြမ်း (၂)ခုဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးများ၏အရေးနှင့် ကလေးများကိုရောင်းချခြင်း၊ ကလေးများကို ပြည့်တန်ဆာပြုခြင်း၊ ကလေးများကိုအပြာညစ်ညမ်း ဓာတ်ပုံရိုက်ယူခြင်းဆိုင်ရာကိစ္စများအပေါ် သဘောတူ ညီချက်များကို မည်သို့ အကောင်အထည်ဖော် ဆောင်ရွက်သည်ကို စောင့်ကြည့်လေ့လာပါသည်။ ကော်မိတီက နိုင်ငံအစိုးရများထံမှ အစီရင်ခံစာများ လက်ခံ၍ သုံးသပ်စစ်ဆေးပါသည်။ အကြံပြုချက်များ ပြန်လည်ပေးပို့ပါသည်။ ကော်မိတီက နိုင်ငံအစိုးရများနှင့် အထွေထွေညီလာခံသို့ နှစ်ပတ်လည်အစီရင်ခံစာများ ပြန်လည်တင်သွင်းပါသည်။

၃။ ကော်မိတီသို့ မည်သူတို့က သတင်း အချက်အလက်များ ပေးအပ်နိုင်သနည်း။

ကော်မိတီက နိုင်ငံများအနေနှင့် ကလေးများ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်နှင့် ရွေးချယ်လိုက်နာခွင့်ရှိသည့် ဥပဒေမူကြမ်း (၂)ခုကို မည်သို့ အကောင်အထည်ဖော် ဆောင်ရွက်သည်၊ တိုးတက်မှုရှိသည်ကို ပုံမှန်အစီရင်ခံစာများ လက်ခံရယူပါသည်။ ဤ သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံများကသာ ကော်မိတီထံသို့ အစီရင်ခံစာများ တင်သွင်းရန် တာဝန်ရှိပါသည်။[၅၃] ကော်မိတီက လူ့အခွင့်အရေးအဖွဲ့အစည်းများက တင်သွင်းလာသည့် သတင်းများကိုလည်း လက်ခံရယူပါသည်။ ကော်မိတီသို့ သတင်းအချက်အလက်များတင်သွင်းရန် အဖွဲ့အစည်းများသည် ကော်မိတီအစည်းအဝေး မတိုင်မီလများ အနည်းငယ်အလိုဌ် ကော်မိတီ၏အတွင်းရေးမှူးအဖွဲ့ထံ လိပ်မူ၍ရေးသားတင်ပြရန် လိုအပ်ပါသည်။[၅၄] ကော်မိတီက အစည်းအဝေးမကျင်းပမီ အကြိုကာလများတွင် လူ့အခွင့်အရေးအဖွဲ့အစည်းများက နှုတ်အားဖြင့်သက်သေထွက်ဆိုချက်တင်သွင်းလာသည့်အပေါ်လည်း လက်ခံပါသည်။[၅၅]

၄။ ကော်မိတီသို့ တဦးချင်း တိုင်တန်းမှုများကို ကြားနာခြင်း ရှိပါသလား။

မရှိပါ။ ကော်မိတီက တဦးချင်း တိုင်ကြားမှုများကို လက်ခံရန်၊ လိုက်လံစဉ်းစားရန် လိုပ်ငန်းစဉ် မရှိပါ။

D. UN Working Group of the Security Council on Children and Armed Conflict

(ဃ) လက်နက်ကိုင် ပဋိပက္ခများနှင့် ကလေးများအရေး ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အလုပ်အဖွဲ့

၁။ အလုပ်အဖွဲ့ဝင်များသည် မည်သည့်ပုဂ္ဂိုလ်များ ဖြစ်သနည်း။ ကော်မိတီသည် မည်သည့်အချိန်များတွင် အစည်းအဝေး ကျင်းပပါသနည်း။

အလုပ်အဖွဲ့ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အဖွဲ့ဝင် (၁၅) ဦးဖြင့် ဖွဲ့စည်းပါသည်။ / အလုပ်အဖွဲ့သည် အချိန်ပုံမှန် သတ်မှတ်၍ တွေ့ဆုံခြင်းမရှိပါ။[၅၆]

၅၃၊ မြန်မာနိုင်ငံသည် ကလေးများ အခွင့်အရေးစာချုပ် (CRC) ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတခု ဖြစ်ပါသည်။ သို့အတွက်ကြောင့် ပုံမှန် အစီရင်ခံစာများ တင်သွင်းရန် တာဝန်ရှိသည်။ သို့သော်လည်း မြန်မာနိုင်ငံက အခြားရွေးချယ်ခွင့် ရှိသည့် စာချုပ်မူကြမ်း (၂)ခုကို လက်မှတ် ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံမဟုတ်ပါ။ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ အထိ မြန်မာနိုင်ငံက ကနဦး အစီရင်ခံစာနှင့် ဒုတိယအစီရင်ခံစာကို တင်သွင်းခဲ့ပြီး ဖြစ်သည်။ ဤအစီရင်ခံစာများကို အောက်ပါ လင့်ခ်တွင် သွားရောက်ကြည့်ရှုနိုင်သည်။ Report Status by Country, UN Treaty Database, http://www.unhchr.ch/TBS/doc.nsf/NewhvVAllSPRByCountry?OpenView&Start=117&Count=15&Expand=119.2#119.2 (last visited 24 November 2007)

၅၄၊ လူ့အခွင့်အရေး အဖွဲ့အစည်းများကလည်း ကလေးများ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ အဲန်ဂျီအို အဖွဲ့ထံသို့ သတင်း အချက်အလက်များ ပေးပို့နိုင်သည်။ ၎င်းမှတဆင့် ကော်မိတီသို့ ဆက်လက်ပေးပို့မည် ဖြစ်သည်။ အဲန်ဂျီအို အဖွဲ့နှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အောက်ဖော်ပြပါ လင့်ခ်တွင် လေ့လာကြည့်ရှုနိုင်သည်။ For more information, visit the NGO Group for the Convention on the Rights of the Child at: http://www.crin.org/NGOGroupforCRC.

၅၅၊ Fact Sheet No. 10: The Rights of the Child, Office of the High Commissioner for Human Rights, http://www.ohchr.org/english/about/publications/sheets.htm (last visited 28 October 2006).

၅၆၊ See, Working Group on Children and Armed Conflict, Office of the Special Representative of the Secretary-General for Children and Armed Conflict, http://www.un.org/children/conflict/english/workinggrouponca103.html (last visited 24 November 2007).

ndburma2.indd 231 26-Dec-09 13:05:29

၂။ အလုပ်အဖွဲ့၏ အခန်းကဏ္ဍသည် အဘယ်နည်း။

အလုပ်အဖွဲ့သည် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ကလေးများ၏ အခြေအနေနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်များ၊ တိုးတက်မှုများအပေါ် ပြန်လည်သုံးသပ်မှုပြုပါသည်။ အလုပ်အဖွဲ့က နိုင်ငံတခုချင်း အလိုက် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ ကလေးများ၏အရေး အစီရင်ခံစာများကို စောင့်ကြည့်လေ့လာ၍ ကလေးများ၏ အထွေထွေအခြေအနေ၊ အထူးဖြစ်ပေါ်လာနေသော ပြဿနာများကိုလည်း စောင့်ကြည့်လေ့လာမှုပြုပါသည်။ ဤသတင်း အချက်အလက်များအပေါ် မူတည်၍ အလုပ်အဖွဲ့သည် လုံခြုံရေးကောင်စီသို့ ကလေးများကို ကာကွယ်မှုပေးရေး ပိုမို တိုးတက်လာစေရေးအတွက် အကြံပြုချက်များပေးခြင်း ပြုပါသည်။[၅၇]

၃။ အလုပ်အဖွဲ့သို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်သနည်း။

အလုပ်အဖွဲ့သည် နိုင်ငံတခုခုနှင့်ပတ်သက်၍ အစီရင်ခံစာများကို စဉ်းစားပါသည်။ ကုလအထွေထွေ အတွင်းရေးမှူးချုပ်ထံမှ နေ၍ အထွေထွေ သတင်းအချက်အလက်များ လက်ခံရယူပါသည်။

t "r|vlykft m;apckdkfrl

B. UN Special Rapporteur on Contemporary Forms of Slavery [၅၈]

(ခ) ခေတ်သစ် ကျွန်ပြုမှုပုံစံများနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ အထူးသံကိုယ်စားလှယ်

၁။ အထူးသံအရာရှိ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

အထူးသံ အရာရှိသည် အဓမ္မလုပ်အားခိုင်းစေမှုအပါအဝင်၊ ခေတ်သစ် ကျွန်ပြုမှုပုံစံများအကြောင်း အစီရင်ခံစာတို့နှင့် ပတ်သက်၍ စုံစမ်းလေ့လာရန်နှင့် အရေးယူဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ အစိုးရများအပါအဝင် သတင်းပေးသူ အမျိုးမျိုးတို့ထံမှ ရရှိသောသတင်းအချက်အလက်များကို အခြေခံလျက် အထူးသံအရာရှိသည် အထွေထွေအကြံပြု တင်ပြချက်များကို ရေးသားပြီး၊ လူ့အခွင့်အရေးကောင်စီသို့ နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းသည်။[၅၉]

၂။ အထူးသံ အရာရှိထံသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်ပါသနည်း။

အထူးသံ အရာရှိသည် သတင်းအချက်အလက်များကို အဲန်ဂျီအိုများ၊ အစိုးရများ၊ ကုလသမဂ္ဂ၏ အခြား အေဂျင်စီဌာနများနှင့် စောင့်ကြည့်ရေး အဖွဲ့များ၊ တဦးချင်းပုဂ္ဂိုလ်များထံမှ ရရှိပါသည်။ ယုံကြည်စိတ်ချရလောက်သော အကြောင်း အရာများမရှိပါက အထူးသံအရာရှိသည် စွပ်စွဲချက်များကို သက်ဆိုင်ရာ အစိုးရထံသို့ သတင်းအချက်အလက်များ ဆက်လက် စုံစမ်းပေးရန် မေတ္တာရပ်ခံချက်နှင့် တကွ ပေးပို့ပါသည်။[၆၀]

၅၇၊ Ibid.

၅၈၊ ၂၀၀၈ ခုနှစ်၊ မေလတွင် ဂူနာရာ ရှာဟီးနီယန်း Gulnara Shahinian က ခေတ်သစ် ကျွန်ပြုမှု ပုံစံများဆိုင်ရာ ကုလသမဂ္ဂ အထူးသံအရာရှိအဖြစ် တာဝန်ယူ ဆောင်ရွက်နေပါသည်။

Special Rapporteur on Contemporary Forms of Slavery - Introduction, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/issues/slavery/rapporteur/index.htm (last visited 29 October 2008).

၅၉၊ Ibid. အထူး အစီရင်ခံသူ သံကိုယ်စားလှယ်သည် သတင်းအချက်အလက်များကို လူ့အခွင့်အရေးကောင်စီသို့ တင်ပြမည့် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနိုင်ပါသည်။

ndburma2.indd 232 26-Dec-09 13:05:29

၃။ အထူးသဲ့ အရာရှိသည် မည်သည့် သတင်းအချက်များကို စဉ်းစားသုံးသပ်ပါသနည်း။

အထူးသံအရာရှိသည် ကျွန်ပြုမှုနှင့် ပတ်သက်၍ အောက်ပါတို့နှင့် စပ်လျဉ်းသော ချိုးဖောက်မှုများ၊ ပြဿနာများအတွက် အထောက်အထားများ ကို စဉ်းစားသုံးသပ်ပါသည်။[၆၀]

- အဓမ္မ လုပ်အားခိုင်းစေခြင်း
- လူကုန်ကူးရောင်းချခြင်း
- ကလေး လုပ်အားခိုင်းစေခြင်း
- အမျိုးသမီးများနှင့် ကလေးများကို ရောင်းချခြင်း
- အဓမ္မ လက်ထပ်ထိမ်းမြားစေခြင်း
- အမျိုးသမီးများ၏ လိင်အင်္ဂါကို ဖြတ်တောက် ဖျက်ဆီးခြင်း
- အသားအရောင် ခွဲခြားဆက်ဆံမှု ကျင့်သုံးခြင်း
- ကျွန်ပြုမှုနှင့် အလားတူ အခြားအခြေအနေများ ကျင့်သုံးနေခြင်း

၄။ အထူးသံအရာရှိနှင့် တွေ့ဆုံဆွေးနွေးရန် အပူတပြင်း လိုအပ်ပါက မည်သို့လုပ်ဆောင်မည်နည်း။

လူပုဂ္ဂိုလ်တဦးတယောက်၏ ဂုဏ်သိက္ခာနှင့်ပတ်သက်၍လည်းကောင်း၊ အသက်အန္တရာယ်နှင့်ပတ်သက်၍လည်းကောင်း ၊ ဖြစ်ပေါ်အံ့ဆဲဆဲ ခြိမ်းခြောက်မှု တခုခုရှိနေပါက သက်ဆိုင်ရာ အစိုးရသို့ အရေးပေါ် မေတ္တာရပ်ခံပေးပါရန် အထူးသံအရာရှိထံ တိုင်ကြားနိုင်ပါသည်။ အထူးသံအရာရှိက အန္တရာယ်ရှိနေသူ ပုဂ္ဂိုလ် (ပုဂ္ဂိုလ်များ) ကို ကာကွယ်စောင့်ရှောက်ပေးရေး အတွက် အစိုးရကို မေတ္တာရပ်ခံပေးပါလိမ့်မည်။[၆၂]

C. UN Working Group on Contemporary Forms of Slavery

(၈) ခေတ်သစ် ကျွန်ပြုမှု ပုံစံများဆိုင်ရာ ကုလသမဂ္ဂ၏ အလုပ်အဖွဲ့

၁။ အလုပ်အဖွဲ့ဝင်များသည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သနည်း။ ကော်မီတီသည် မည်သည့်အချိန်များတွင် အစည်းအဝေး ကျင်းပပါသနည်း။

အလုပ်အဖွဲ့ဝင်များကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အဖွဲ့ဝင် (၅) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ဤအလုပ်အဖွဲ့သည် တနှစ်လျှင် တကြိမ်တွေ့ဆုံပါသည်။[၆၃]

၆၀၊ Office of the High Commissioner for Human Rights, Fact Sheet No. 14:Contemporary Forms of Slavery, June 1991, http://www.unhchr.ch/html/menu6/2/fs14.htm (last visited 29 October 2008). Special Rapporteur on Contemporary Forms of Slavery - Introduction, Office of the High Commissioner for Human Rights,http://www2.ohchr.org/english/issues/slavery/rapporteur/index.htm (last visited 29 October 2008).

၆၂၊ Ibid. အထူးသံအရာရှိက အသက်မဆုံးရှုံးရလေအောင် ကာကွယ်ပေးရန်ရည်ရွယ်ပါသည်။ သို့အတွက်ကြောင့် ပြည်တွင်းမှ အခြားကုစားနိုင်သော နည်းလမ်းများ ရှိနေနိုင်သေးသော်လည်း၊ ပုံမှန် မေတ္တာရပ်ခံချက်များ ပြုလုပ်ပေးလေ့ ရှိပါသည်။

၆၃၊ Office of the High Commissioner for Human Rights, Fact Sheet No. 14:Contemporary Forms of Slavery, June 1991, http://www.unhchr.ch/html/menu6/2/fs14.htm (last visited 29 October 2008).

ndburma2.indd 233 26-Dec-09 13:05:29

၂။ ကော်မိတီ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

အလုပ်အဖွဲ့ဝင်များသည် ကျွန်ပြုမှုဆန့်ကျင်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များကို အသုံးချမှုနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာရန်၊ ကမ္ဘာ၏ နေရာအသီးသီးတွင် ဖြစ်ပေါ်နေသည့် အခြေအနေများကိုသုံးသပ်ရန် တာဝန်ရှိပါသည်။ အလုပ်အဖွဲ့သည် နှစ်စဉ်ကျွန်ပြုမှုဆိုင်ရာပြဿနာကို သဘောတရားအရလည်း လေ့လာစူးစမ်းမှုပြုပါသည်။ အလုပ်အဖွဲ့သည် ဤပြဿနာနှင့်ပတ်သက်၍ နိုင်ငံအလိုက်နှင့် နိုင်ငံတကာလုံးဆိုင်ရာ ဆောင်ရွက်လှုပ်ရှားမှုများအတွက်လည်းလေ့လာ၍အဆိုပြုချက်များပေးပို့လေ့ရှိပါသည်။ အလုပ်အဖွဲ့သည် လူ့အခွင့်အရေးကောင်စီထံသို့လည်း နှစ်စဉ်အစီရင်ခံစာများ တင်သွင်းပါသည်။[၆၄]

၃။ ကော်မိတီသို့ မည်သူတို့က သတင်း အချက်အလက်များ ပေးအပ်နိုင်သနည်း။

အလုပ်အဖွဲ့သည် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အစိုးရများထံမှ သတင်းအချက်အလက်များ လက်ခံရယူပါသည်။ အလုပ်အဖွဲ့သည် နှစ်စဉ် အစည်းအဝေးကျင်းပနေသည့် အချိန်တွင် လူ့အခွင့်အရေး အဖွဲ့အစည်းများထံမှ သတင်းအချက်အလက်များနှင့် သက်သေထွက်ဆိုချက်များကိုလည်း လက်ခံရယူပါသည်။ အလုပ်အဖွဲ့ထံသို့ သတင်းအချက်အလက်များပေးပို့နိုင်ရန် အသင်းအဖွဲ့များက အလုပ်အဖွဲ့၏ အတွင်းရေးမှူးအဖွဲ့ထံ လိပ်မူ၍ ကော်မိတီ အစည်းအဝေး မတိုင်မီလများ အနည်းငယ်အလိုပ်၌ ပေးပို့ထားနိုင်ပါသည်။[၆၅]

D. International Labour Organization (ILO) Liaison Officer for Myanmar [၆၆]

(ဃ) အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ် (အိုင်အယ်လ်အို) ၏ မြန်မာနိုင်ငံဆိုင်ရာ ဆက်သွယ်ရေး အရာရှိ

၁။ ဆက်သွယ်ရေးအရာရှိ အခန်းကဏ္ဍ တာဝန်က မည်သို့ရှိသနည်း။

ဆက်သွယ်ရေးအရာရှိသည် မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားခိုင်းစေမှု ချက်ချင်းနှင့် ထိရောက်စွာ နိဂုံးချုပ်သွားစေနိုင်ရေးအတွက် သေချာဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ ဤလုပ်ငန်းများတွင် အဓမ္မ လုပ်အားခိုင်းစေမှုနှင့် ပတ်သက်၍ သတင်းအစီရင်ခံစာများကို စုံစမ်းစစ်ဆေးခြင်းနှင့် တုံ့ပြန် ဆောင်ရွက်ပေးခြင်းလည်း ပါဝင်ပါသည်။ ဆက်သွယ်ရေး အရာရှိက အိုင်အယ်လ်အို အလုပ်အမှုဆောင် ဒါရိုက်တာထံသို့ အခြေခံမူများနှင့် အလုပ်လုပ်ခွင့် အခွင့်အရေးများနှင့် ပတ်သက်၍ အစီရင်ခံတင်ပြရပါသည်။[၆၇]

၂။ ဆက်သွယ်ရေး အရာရှိထံသို့ မည်သူများက သတင်းပေးပို့နိုင်သနည်း။

ဆက်သွယ်ရေးအရာရှိသည် အဲန်ဂျီအို့များ၊အစိုးရများ၊အခြားကုလသမဂ္ဂအေဂျင်စီများနှင့်စောင့်ကြည့်လေ့လာနေသည့် အဖွဲ့အစည်းများ၊ တသီးပုဂ္ဂလ ပြည်သူများထံမှလည်း ဆက်သွယ်၍ သတင်းရယူပါသည်။[၆၈] ယုံကြည်ရမှုမရှိသော၊ သက်ဆိုင်မှု

၆၄၊ Ibid. Working Group on Contemporary Forms of Slavery, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/issues/slavery/group.htm (last visited 29 October 2008).

၆၅၊ Working Group on Contemporary Forms of Slavery, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/issues/slavery/group.htm (last visited 29 October 2008).

၆၆၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလမှစ၍ စတိဖ် မာရှယ် Steve Marshall သည် အိုင်အယ်လ်အိုအဖွဲ့၏ မြန်မာပြည်ဆိုင်ရာ ဆက်သွယ်ရေး အရာရှိအဖြစ် တာဝန်ယူ ဆောင်ရွက်နေပါသည်။

၆၇၊ မြန်မာနိုင်ငံရှိ အိုင်အယ်လ်အို့ရုံး၏ လုပ်ငန်းဆောင်ရွက်မှုများကို အောက်ဖော်ပြပါ လင့်ခ်တွင် ကြည့်ရှုနိုင်ပါသည်။
http://www.ilo.org/public/english/region/asro/yangon/ (last visited 29 October 2008).

၆၈၊မြန်မာနိုင်ငံတွင်နေထိုင်သည့်အဓမ္မလုပ်အားခိုင်းစေခံရသူများ၏တိုင်ကြားချက်များကိုလက်ခံနိုင်ရန် အိုင်အယ်လ်အိုရုံးတခုကိုဖွင့်လှစ်ထားပါသည်။ ဤလုပ်ငန်းစဉ်တွင် တိုင်ကြားသူ၊ နစ်နာရသူများကို လက်တုံ့ပြန်ခံရမည့်အရေးမှ ကာကွယ်စောင့်ရှောက်မှုပေးရေး ပါဝင်သော်လည်း၊ လက်တုံ့ပြန်ခံရမည့်အရေး ဆက်လက်ကြောက်ရွံ့နေရသူများသည် အဓမ္မလုပ်အားခိုင်းစေမှု တိုင်ကြားချက်များကို မြန်မာနိုင်ငံပြင်ပရှိ မည်သည့်ကုလသမဂ္ဂရုံးသို့မဆို တိုင်ကြားပေးပို့နိုင်သည်။ ၎င်းတိုင်ကြားချက်များကို နောက်ပိုင်းတွင် အိုင်အယ်လ်အို ဆက်သွယ်ရေး အရာရှိထံသို့ ပြန်လည်ပေးပို့မည်ဖြစ်သည်။

ndburma2.indd 234 26-Dec-09 13:05:29

မရှိသော ပြဿနာများ ပေါ်ပေါက်လာပါက ဆက်သွယ်ရေးအရာရှိသည် ဤစွပ်စွဲချက်များကို မြန်မာအစိုးရထံသို့ ယေဘုယျအားဖြင့် ပေးပို့ပြီး၊ နောက်ထပ် သတင်းအချက်အလက်များ သိရှိရစေရန်နှင့် အရေးယူဆောင်ရွက်ပေးနိုင်ရန် ပေးပို့ပါသည်။[၆၉]

E. ILO Committee of Experts on the Application of Conventions and Recommendations

(c) အိုင်အယ်လ်အို၏ နိုင်ငံတကာ သဘောတူညီချက်များနှင့် အကြံပြုချက်များကို အသုံးချမှုနှင့် ပတ်သက်သော ကျွမ်းကျင်သူများ၏ ကော်မီတီ

၁။ ကော်မီတီဝင်များသည် မည်သည့်ပုဂ္ဂိုလ်များ ဖြစ်သနည်း။ ကော်မီတီသည် မည်သည့်အချိန်များတွင် အစည်းအဝေးကျင်းပပါသနည်း။

ကော်မီတီကို လွတ်လပ်သည့် ကျွမ်းကျင်သူ ပညာရှင် (၂၀) ဦး ဖြင့် ဖွဲ့စည်းထားပါသည်။ ဤကော်မီတီသည် နှစ်စဉ်တွေ့ဆုံပါသည်။

၂။ ကော်မီတီ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

ကော်မီတီသည် အိုင်အယ်လ်အို၏ နိုင်ငံတကာ သဘောတူညီချက်များကို မည်သို့အကောင်အထည် ဖော်နေကြသည်ကို စောင့်ကြည့်လေ့လာပြီး၊ နိုင်ငံအစိုးရများက နိုင်ငံတကာကျင့်ထုံး စံနှုန်းများအတိုင်း လိုက်နာမှု ရှိ–မရှိ သေချာစေရန် ဆောင်ရွက်ပါသည်။ ကော်မီတီသည် အလုပ်သမားများနှင့် အလုပ်ရှင်များ အဖွဲ့အစည်းများထံမှ မှတ်ချက်များ၊ အစိုးရများ၏ အစီရင်ခံစာများကိုလည်း ပြန်လည် သုံးသပ်ပါသည်။ ကော်မီတီက စံနှုန်းများ အသုံးချရေးဆိုင်ရာ အိုင်အယ်လ်အို၏ ညီလာခံ (ကွန်ဖရင့်) ကော်မီတီသို့လည်း နှစ်စဉ် အစီရင်ခံစာ တင်သွင်းပါသည်။ ဤ ညီလာခံကော်မီတီတွင် အစိုးရကိုယ်စားလှယ်များ၊ အလုပ်သမား၊ အလုပ်ရှင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားပါသည်။[၇၀]

၃။ ကော်မီတီသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်သနည်း။

ကော်မီတီသည် နိုင်ငံအစိုးရများထံမှ အိုင်အယ်လ်အို သဘောတူညီချက်များတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်နေမှု၊ တိုးတက်မှုနှင့်ပတ်သက်၍ အချိန်နှင့်အမျှ အစီရင်ခံချက်များကို လက်ခံရယူပါသည်။ အိုင်အယ် လ်အို သဘောတူညီချက်များကို လက်မှတ်ရေးထိုးသဘောတူညီထားသည့် အစိုးရများကသာ ကော်မီတီထံသို့အစီရင်ခံစာတင်သွင်းရန် တာဝန်ရှိပါသည်။[၇၀] ကော်မီတီသည် အလုပ်သမား၊ အလုပ်ရှင် အဖွဲ့အစည်းများထံမှလည်း သတင်းအချက်အလက်များရရှိပါသည်။ ကော်မီတီသို့ သတင်းအချက်အလက်များတင်ပြလိုပါက အဖွဲ့အစည်းများသည် အိုင်အယ်လ်အို၏ အပြည်ပြည်ဆိုင်ရာလုပ်သားစံနှုန်းများနှင့် လူ့အခွင့်အရေးဌာန International Labour Standards and Human Rights Department of the ILO ထံသို့ ဆက်သွယ်ပေးပို့နိုင်သည်။[၇၂]

၆၉၊ မြန်မာနိုင်ငံရှိ အိုင်အယ်လ်အို၏ လုပ်ငန်းဆောင်ရွက်မှုများကို အောက်ဖော်ပြပါ လင့်ခ်တွင် ကြည့်ရှုနိုင်ပါသည်။ http://www.ilo.org/public/english/region/asro/yangon/ (last visited 29 October 2008).

၇၀၊ Rules of the Game: A Brief Introduction to International Labour Standards, ILO, 2005.

၇၁၊ မြန်မာနိုင်ငံသည် အိုင်အယ်လ်အို အဓမ္မ လုပ်အားခိုင်းစေမှု ဆိုင်ရာ သဘောတူညီချက်၊ အမှတ် (၂၉) ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင် နိုင်ငံတခု ဖြစ်ပါသည်။

၇၂၊ Rules of the Game: A Brief Introduction to International Labour Standards, ILO, 2005.

ndburma2.indd 235 26-Dec-09 13:05:29

t wifţt "r| v uf*ky&p|cif

B. UN Special Rapporteur on Violence against Women, its Causes, and Consequences

(ခ) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ ဖြစ်ပွားစေသော အကြောင်းအရင်းများနှင့် အကျိုးဆက်များဆိုင်ရာ ကုလသမဂ္ဂ အထူးသံကိုယ်စားလှယ်

၁။ အထူးသံအရာရှိ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

အထူးသံ အရာရှိသည် မုဒိမ်းပြုကျင့်မှုနှင့် အခြားသောလိင်မှုဆိုင်ရာ မလျော်ကန် ပြုမူမှုများအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ အကြောင်း အစီရင်ခံစာတို့နှင့် ပတ်သက်၍ စုံစမ်းလေ့လာရန် တာဝန်ရှိပါသည်။ အစိုးရများ အပါအဝင် သတင်းပေးသူ အမျိုးမျိုးတို့ထံမှ ရရှိသောသတင်းအချက်အလက်များကိုအခြေခံလျက် အထူးသံအရာရှိသည် အထွေထွေ အကြံပြုတင်ပြချက်များကို ရေးသားပြီး၊ လူ့အခွင့်အရေးကောင်စီသို့ နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းသည်။[၇၄]

၂။ အထူးသံ အရာရှိထံသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်ပါသနည်း။

အထူးသံအရာရှိသည် သတင်းအချက်အလက်များကို အဲန်ဂျီအိုများ၊ အစိုးရများ၊ ကုလသမဂ္ဂ၏ အခြား အေဂျင်စီဌာနများနှင့် စောင့်ကြည့်ရေးအဖွဲ့များ၊ တဦးချင်းပုဂ္ဂိုလ်များထံမှ ရရှိပါသည်။ ယုံကြည်စိတ်ချရလောက်သော အကြောင်းအရာများ မရှိပါက အထူးသံအရာရှိသည် စွပ်စွဲချက်များကို သက်ဆိုင်ရာ အစိုးရထံသို့ သတင်းအချက်အလက်များ ဆက်လက် စုံစမ်းပေးရန် မေတ္တာရပ်ခံချက်နှင့်တကွ ပေးပို့ပါသည်။[၇၅] အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ ဖြစ်ပွားစေသော အကြောင်းအရင်းများနှင့် အကျိုးဆက်များဆိုင်ရာ ကုလသမဂ္ဂ အထူးသံကိုယ်စားလှယ်၏ရုံး (The Office of the Special Rapporteur on Violence against Women, its Causes, and Consequences)က စံပြုထားသည့် မေးခွန်းလွှာများပြုစုဖြန့်ဝေပေးပြီး လူတဦးချင်းစီကို တိုင်ကြားမှုပေးပို့နိုင်ရန် ပံ့ပိုးကူညီပေးပါသည်။ ဤမေးခွန်းလွှာများကို နောက်ဆက်တွဲတွင်ရရှိနိုင်ပါသည်။ အောက်ဖော်ပြပါ အင်တာနက်လင့်ခ်တွင်လည်း ရယူနိုင်သည်။ http://www.ohchr.org/english/issues/women/rapporteur/complaints.htm.

၄။ အထူးသံအရာရှိနှင့် တွေ့ဆုံဆွေးနွေးရန် အပူတပြင်း လိုအပ်ပါက မည်သို့လုပ်ဆောင်မည်နည်း။

လူပုဂ္ဂိုလ်တဦးတယောက်၏ ဂုဏ်သိက္ခာနှင့် ပတ်သက်၍လည်းကောင်း၊ အသက်အန္တရာယ်နှင့် ပတ်သက်၍လည်းကောင်း၊ ဖြစ်ပေါ်အံ့ဆဲဆဲ ခြိမ်းခြောက်မှု တခုခုရှိနေပါက သက်ဆိုင်ရာအစိုးရသို့ အရေးပေါ် မေတ္တာရပ်ခံပေးပါရန် အထူးသံအရာရှိထံ တိုင်ကြားနိုင်ပါသည်။ အထူးသံအရာရှိက အန္တရာယ် ရှိနေသူ ပုဂ္ဂိုလ် (ပုဂ္ဂိုလ်များ)ကို ကာကွယ်စောင့်ရှောက်ပေးရေးအတွက် အစိုးရကို မေတ္တာရပ်ခံပေးပါလိမ့်မည်။[၇၆]

C. UN Committee on the Elimination of Discrimination against Women

(ဂ) အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ် ဆက်ဆံမှုများ အဆုံးသတ်ရေး ကုလသမဂ္ဂ ကော်မိတီ

၁။ ကော်မိတီဝင်များသည် မည်သည့်ပုဂ္ဂိုလ်များ ဖြစ်သနည်း။ ကော်မိတီသည် မည်သည့်အချိန်များတွင် အစည်းအဝေးကျင်းပပါသနည်း။

၇၃၊ Special Rapporteur on Violence Against Women, its Causes, and Consequences- Introduction, Office of the High Commissioner for Human Rights, http://ww.ohchr.org/english/issues/women/rapporteur (last visited 3August 2006).

၇၄၊ Ibid. အထူးစုံစမ်းလေ့လာတင်ပြသူ သံအရာရှိသည် သတင်းအချက်အလက်များကို နှစ်စဉ် လူ့အခွင့်အရေး ကောင်စီသို့ တင်ပြသည့် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနိုင်ပါသည်။

၇၅၊ Ibid. အထူးသံအရာရှိက အသက်မဆုံးရှုံးရလေအောင် ကာကွယ်ပေးရန် ရည်ရွယ်ပါသည်။ သို့အတွက်ကြောင့် ပြည်တွင်း၌ အခြားကုစားနိုင်သော နည်းလမ်းများရှိနေနိုင်သေးသော်လည်း၊ ပုံမှန် မေတ္တာရပ်ခံချက်များ ပြုလုပ်ပေးလေ့ ရှိပါသည်။

ndburma2.indd 236 26-Dec-09 13:05:29

အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ် ဆက်ဆံမှုများ အဆုံးသတ်ရေး ကုလသမဂ္ဂ ကော်မီတီတွင် လွတ်လပ်သော အမျိုးသမီး ရေးရာကိစ္စ၌ ကျွမ်းကျင်သူပညာရှင် (၂၃) ဦးဖြင့် ဖွဲ့စည်းထားပါသည်။[၆] ကော်မီတီဝင်တိုင်းသည် (၄) နှစ် သက်တမ်းထမ်းဆောင် ရပါသည်။ ကော်မီတီသည် တနှစ်လျှင် (၂) ကြိမ်တွေ့ဆုံပါသည်။[၇]

၂။ ကော်မီတီ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

ကော်မီတီသည် အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်ဆက်ဆံမှုများ အဆုံးသတ်ရေး နိုင်ငံတကာ သဘောတူညီချက် (စီဒေါ) စာချုပ်ကိုနိုင်ငံများက အကောင်အထည်ဖော်ပုံနှင့် နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များအတိုင်း လိုက်နာမှု ရှိ–မရှိကို စောင့်ကြည့် လေ့လာပါသည်။ ကော်မီတီသည် နိုင်ငံအစိုးရများထံမှ အစီရင်ခံစာများကို လက်ခံရယူ၍ သုံးသပ်ပါသည်။ အကြံပြုချက်များ ပြန်လည်ပေးပါသည်။ ကော်မီတီသည် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကောင်စီသို့ အမျိုးသမီးများ၏ အဆင့်အတန်း ဆိုင်ရာ ကော်မရှင် (Commission on the Status of Women) မှတဆင့် အစီရင်ခံစာ တင်သွင်းပါသည်။[၈]

၃။ ကော်မီတီသို့ မည်သူတို့က သတင်း အချက်အလက်များ ပေးအပ်နိုင်သနည်း။

ကော်မီတီသည် နိုင်ငံ အစိုးရများထံမှ (စီဒေါ) သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နေမှု တိုးတက်မှု အချိန်ပိုင်းအလိုက် အစီရင်ခံစာများကို လက်ခံရယူပါသည်။ (စီဒေါ) သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင် နိုင်ငံများသာ ကော်မီတီထံသို့ အစီရင်ခံစာ တင်သွင်းရန် တာဝန်ရှိပါသည်။[၉] ကော်မီတီသည် လူ့အခွင့်အရေးအဖွဲ့အစည်း များထံမှလည်း သတင်းအချက်အလက်များရယူပါသည်။ သတင်းအချက်အလက်များကို ကော်မီတီထံသို့ တင်ပြရန်အတွက် အဖွဲ့ အစည်းများသည် ကော်မီတီ၏ အတွင်းရေးမှူးအဖွဲ့ထံသို့ လိပ်မူရေးသားပေးပို့ရန်လိုအပ်ပြီး၊ ကော်မီတီ အစည်းအဝေး မကျင်းပမီ လအနည်းငယ်အလိုဌ် တင်သွင်းရန်လိုအပ်ပါသည်။ ကော်မီတီသည် လူ့အခွင့်အရေးအဖွဲ့အစည်းများထံမှ နှုတ်အားဖြင့် သက် သေခံချက်များကိုလည်း လက်ခံပြီး၊ အလုပ်အဖွဲ့၏ ဆက်ရှင်အစည်းအဝေး မတိုင်မီ ပထမရက်နှင့် ပုံမှန် ဆက်ရှင် အစည်း အဝေး ဒုတိယရက်တွင် ကြားနာမှု ပြုပါသည်။ ကော်မီတီအဖွဲ့ဝင်များနှင့် တရားဝင်မဟုတ်သည့် စည်းဝေးတွေ့ဆုံမှုများလည်း ပြုနိုင်ပြီး၊ အတွင်းရေးမှူးအဖွဲ့သို့ ဆက်သွယ်ရန် လိုအပ်ပါသည်။[၁၀]

၄။ ကော်မီတီသို့ တဦးချင်း တိုင်တန်းမှုများကို ကြားနာခြင်း ရှိပါသလား။

တိုင်ကြားနိုင်ပါသည်။ (စီဒေါ) သဘောတူညီချက်၊ မူကြမ်း (Optional Protocol) ပုဒ်မ (၂) အရကော်မီတီသည် လူ–တဦး ချင်းထံမှသော်လည်းကောင်း၊ အဖွဲ့အစည်းများထံမှသော်လည်းကောင်း ဆက်သွယ် သတင်းရယူမှုများ ပြုနိုင်ပါသည်။ သို့ သော်လည်း တင်ပြချက်များသည် (စီဒေါ) သဘောတူညီချက်၏ မူကြမ်း ပြဋ္ဌာန်းချက်များ (Optional Protocol)ကို သဘောတူ ညီ လက်မှတ်ရေးထိုးထားသည့် နိုင်ငံများအတွက်သာဖြစ်နိုင်ပါသည်။[၁၁] မြန်မာနိုင်ငံသည် မူကြမ်းသဘောတူညီ ချက်များကို သ ဘောတူညီ လက်မှတ်ရေးထိုးထားခြင်းမရှိသေးပါ၊ သို့အတွက်ကြောင့် မြန်မာနိုင်ငံမှ လူတဦးချင်းသည် (စီဒေါ) သဘောတူညီချက် အရ တင်ပြတိုင်ကြားရန် ဆောင်ရွက်၍ မဖြစ်နိုင်သေးပါ။

၆၊ ၂၀၀၈ ခုနှစ်၊ မတ်လမှစ၍ ဒုဗရပ်ကာ ဆိုင်မွန်နိုဗစ် Dubravka Šimonović သည် ကော်မီတီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်နေပါသည်။

၇၊ See, CEDAW, Article 21, 18 December 1979; Fact Sheet No. 22 - Discrimination Against Women: The Convention and the Committee, Office of the High Commissioner for Human Rights, http://www.ohchr.org/english/about/publications/docs/fs22.htm (last visited 23 August 2006).

၈၊ See, CEDAW, Article 21, 18 December 1979; Fact Sheet No. 22 - Discrimination Against Women: The Convention and the Committee, Office of the High Commissioner for Human Rights, http://www.ohchr.org/english/about/publications/docs/fs22.htm (last visited 23 August 2006).

၉၊ မြန်မာနိုင်ငံသည် စီဒေါ CEDAW နိုင်ငံတကာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတခုဖြစ်ပြီး၊ အခိုန်နှင့်အမျှ အစီရင်ခံစာများတင်သွင်းရန် တာဝန် ရှိပါသည်။ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလတိုင်အောင် မြန်မာနိုင်ငံက ကနဦးအစီရင်ခံစာနှင့် ဒုတိယ၊ တတိယအစီရင်ခံစာများတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ ဤနေရာတွင် ဖတ်ရှုနိုင်ပါ သည်။ To view these reports, visit, Country Reports, Division for the Advancement of Women, http://www.un.org/womenwatch/daw/cedaw/reports.htm#m (last visited 20 November 2007).

၁၀၊ Fact Sheet No. 22 - Discrimination Against Women: The Convention and the Committee, Office of the High Commissioner for Human Rights, http://www.ohchr.org/english/about/publications/docs/fs22.htm (last visited 23 August 2006).

၁၁၊ Optional Protocol to CEDAW, Article 2, 22 December 2000.

၁၂၊ Ibid.

ndburma2.indd 237 26-Dec-09 13:05:29

Commission on the Status of Women (CSW)

(ဃ) အမျိုးသမီးများ၏ အဆင့်အတန်းနှင့် ပတ်သက်သော ကော်မရှင်

၁။ ကော်မရှင် အဖွဲ့ဝင်များသည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သနည်း။ ကော်မီတီသည် ည်သည့်အချိန်များတွင် အစည်းအဝေးကျင်းပပါသနည်း။

ကော်မရှင်ကို အဖွဲ့ဝင် (၄၅) ဦးဖြင့် ဖွဲ့စည်းထားပြီး၊ စီးပွားရေးနှင့် လူမှုရေးကောင်စီမှ ရွေးချယ်တင်မြှောက်ခြင်း ပြုပါသည်။[၈၂] ကော်မရှင်၏အဖွဲ့ဝင် တဦးချင်းသည် ၄–နှစ် သက်တမ်း တာဝန်ထမ်းဆောင်ရပါသည်။ ကော်မရှင်အစည်းအဝေးကို ဖေဖော်ဝါရီနှင့် မတ်လများတွင် တနှစ်လျှင် တကြိမ်တွေ့ဆုံပါသည်။[၈၃]

၂။ ကော်မရှင်၏ အခန်းကဏ္ဍသည် အဘယ်နည်း။

ကော်မရှင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များကို စောင့်ကြည့် လေ့လာမှု ပြုပါသည်။ ကော်မရှင်က အမျိုးသမီး ပြဿနာများနှင့် ပတ်သက်၍ အကြံပြုချက်များ ရေးသားပြီး၊ စိုးရိမ်ဖွယ်ကိစ္စများအတွက်လည်းတုံ့ပြန်၍ စတင်ဆောင်ရွက်မှုများပြုသည်။ ကော်မရှင်က စီးပွားရေးနှင့် လူမှုရေးကောင်စီသို့ အစီရင်ခံစာ တင်သွင်းသည်။[၈၄]

၃။ ကော်မရှင်သို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်သနည်း။

ကော်မရှင်က အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်ဆက်ဆံမှုများ အဆုံးသတ်စေရေး ကော်မီတီ၏ အစီရင်ခံစာကို လက်ခံရယူ၍ သုံးသပ်မှုပြုပါသည်။ ကော်မရှင်က အခြားသတင်းများကိုလည်း လက်ခံရယူပြီး၊ လူ့အခွင့်အရေး အဖွဲ့အစည်းများက နှုတ်အားဖြင့် သက်သေထွက်ဆိုချက်များကိုလည်း ကြားနာပါသည်။ လူ့အခွင့်အရေးအဖွဲ့အစည်းများက ကော်မရှင်၏ မျက်နှာစုံညီ အစည်းအဝေးများနှင့် အထူးအစည်းအဝေး၊ အခမ်းအနားများတွင် ပါဝင်တက်ရောက်နိုင်ကြပါသည်။ ကော်မရှင်၏ လုပ်ငန်းဆောင်တာများတွင် ပါဝင်တက်ရောက်နိုင်ရန်နှင့် သတင်းအချက်အလက်များ တင်သွင်းနိုင်ရန် စီးပွားရေးနှင့် လူမှုရေးကောင်စီက အသိအမှတ်ပြုချက်ရယူရန် လိုအပ်ပါသည်။[၈၅]

ကော်မရှင်က သတင်းအချက်အလက်များ တင်ပြပေးပို့လိုသည့်၊ ကော်မရှင်က ဆောင်ရွက်သည့် လုပ်ငန်းလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်လိုကြသည့်၊ အဖွဲ့အစည်းများအတွက် အပြည့်အစုံ လမ်းညွှန်ချက်များကိုလည်း ဖော်ပြပေးထားပါသည်။[၈၆]

၄။ ကော်မရှင်သို့ တဦးချင်း တိုင်တန်းမှုများကို ကြားနာခြင်း ရှိပါသလား။

တိုင်ကြားနိုင်ပါသည်။ ကော်မရှင်က လူတဦးချင်းထံမှသော်လည်းကောင်း၊ အဖွဲ့အစည်းများထံမှသော်လည်းကောင်း သတင်း အချက်အလက်များနှင့် တိုင်ကြားမှုများ လက်ခံရယူပါသည်။ သို့သော်လည်း ကော်မရှင်က လူ့အခွင့်အရေးချိုးဖောက်သူများကို တိုက်ရိုက် အရေးယူဆောင်ရွက်မှု မပြုပါ။ သူတို့က သတင်းအချက်အလက်များကို ယုံကြည်ကိုးစားရသည်ဟု ယူဆလျှင်၊ ဖြစ်ပေါ်နေသည့် အနေအထား၊ အလားအလာ၊ ခွဲခြားဖိနှိပ် ဆက်ဆံနေပုံများကို သုံးသပ်၍ မူဝါဒရေးရာအရ အကြံပြုချက်များ ပြုလုပ်ပါသည်။[၈၇]

၈၃၊ ၂၀၀၈ ခုနှစ်တွင် အိုလီဗီယာ ဘဲလီ Olivier Belle သည် ကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်နေပါသည်။

၈၄၊ See, CEDAW, Article 21, 18 December 1979; Fact Sheet No. 22 - Discrimination Against Women: The Convention and the Committee, Office of the High Commissioner for Human Rights, http://www.ohchr.org/english/about/publications/docs/fs22.htm (last visited 23 August 2006).

၈၅၊ Ibid.

၈၆၊ စီးပွားရေးနှင့် လူမှုရေးကောင်စီက အသိအမှတ်ပြုမှု ရယူနိုင်ရန်သတင်းအချက်အလက်များကို ဤနေရာတွင် ရယူနိုင်ပါသည်။ Visit How to Obtain Consultative Status with ECOSOC, Economic and Social Council, NGO Section, http://www.un.org/esa/coordination/ngo/ (last visited 20 November 2007)

၈၇၊ ကော်မရှင်တွင် သတင်း အချက်အလက်များ တင်ပြနိုင်ရန်နှင့် ကော်မရှင်က စီစဉ်ကျင်းပသည့် လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ကော်မရှင်၏ အဲန်ဂျီအိုများ ပါဝင်ဆောင်ရွက်မှု ကဏ္ဍကို ကြည့်ရှုစေလိုပါသည်။ Visit NGO Participation in CSW Sessions, Commission on the Status of Women, Division for the Advancement of Women, http://www.un.org/womenwatch/daw/csw/csw51/NGO.html#not_received (last visited 20 November2007)

ndburma2.indd 238 26-Dec-09 13:05:29

vdkzmfajza&; vkyfeftwGFokdt wift "r|owfoGtc&tif

B. UN Special Rapporteur on the Sale of Children, Child Prostitution, and Child Pornography[၈၈]

(ခ) ကလေးများ ရောင်းချမှု၊ ကလေးများကို ပြည့်တန်ဆာအဖြစ် ခိုင်းစေမှုနှင့် ကလေးများညစ်ညမ်း ဓာတ်ပုံ ဗီဒီယို ရိုက်ယူမှု ဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်း တင်ပြရေး သံအရာရှိ

၁။ အထူးသံအရာရှိ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

အထူးသံအရာရှိသည် ကလေးများကို အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်းအပါအဝင် ကလေးများကို အခြေပြု၍ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန်၊ အစီရင်ခံတင်ပြရန် တာဝန်ရှိပါသည်။ အစိုးရများအပါအဝင် သတင်းပေးသူ အမျိုးမျိုးတို့ထံမှ ရရှိသောသတင်းအချက်အလက်များကို အခြေခံလျက် အထူးသံအရာရှိသည် အထွေထွေ အကြံပြုတင်ပြချက်များကို ရေးသားပြီး၊ လူ့အခွင့်အရေးကောင်စီသို့ နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းသည်။[၈၉]

၂။ အထူးသံ အရာရှိထံသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်ပါသနည်း။

အထူးသံ အရာရှိသည် သတင်းအချက်အလက်များကို အဲန်ဂျီအိုများ၊ အစိုးရများ၊ ကုလသမဂ္ဂ၏အခြား အေဂျင်စီဌာနများနှင့် စောင့်ကြည့်ရေးအဖွဲ့များ၊ တဦးချင်းပုဂ္ဂိုလ်များထံမှ ရရှိပါသည်။ ယုံကြည်စိတ်ချရလောက်သော အကြောင်းအရာများမရှိပါက အထူးသံအရာရှိသည် စွပ်စွဲချက်များကို သက်ဆိုင်ရာ အစိုးရထံသို့ သတင်းအချက်အလက်များ ဆက်လက်စုံစမ်းပေးရန် မေတ္တာရပ်ခံချက်နှင့်တကွ ပေးပို့ပါသည်။[၉၀] ကလေးများကို ရောင်းချခြင်း၊ ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း၊ ညစ်ညမ်းဓာတ်ပုံ ဗီဒီယို ရိုက်ကူးခြင်းဆိုင်ရာ အထူးသံအရာရှိ၏ရုံးသည် တင်ပြလိုသည့် တသီးပုဂ္ဂလ တိုင်ကြားသူများအတွက် မေးခွန်းလွှာပုံစံများပြုစုထားပါသည်။ ဤမေးခွန်းလွှာကို နောက်ဆက်တွဲတွင် ဖော်ပြပေးထားပြီး၊ အွန်လိုင်းတွင်လည်း အောက်ဖော်ပြပါ လင့်ခ်တွင် ရယူနိုင်ပါသည်။ http://www2.ohchr.org/english/issues/children/rapporteur/model.htm.

၃။ အထူးသံ အရာရှိသည် မည်သည့် သတင်းအချက်များကို စဉ်းစားသုံးသပ်ပါသနည်း။

အထူးသံ အရာရှိသည် အောက်ဖော်ပြပါ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် သက်သေအထောက်အထားများကို ရယူပါသည်။

- ကလေးများကို ရောင်းချမှု
- ပြည့်တန်ဆာလုပ်ငန်းတွင် ကလေးများကို အသုံးချမှု
- ညစ်ညမ်း ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးရာတွင် ကလေးများကို အသုံးချမှု
- ကလေးများကို အထက်ဖော်ပြပါ ရည်ရွယ်ချက်များအတွက် လူကုန်ကူးရောင်းဝယ်မှု
- ကလေးများကို လူကုန်ကူးရောင်းချမှု ပြစ်မှုများနှင့် ဆက်စပ်၍ လိင်မှုပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် ချိုးဖောက်မှုများ

အထူးသံအရာရှိသည် အထက်ဖော်ပြပါ လူ့အခွင့်အရေး ချိုးဖောက်မှုကို ခံစားနစ်နာရဖွယ် အန္တရာယ်ရှိနေသည့် အခြေအနေများကို ဖော်ပြရန် သက်သေ အထောက်များကိုလည်း ရယူစုဆောင်းပါသည်။[၉၁]

၈၈၊ ၂၀၀၈ ခုနှစ်၊ မေလအထိ ကလေးများကို ရောင်းချခြင်း၊ ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း၊ ညစ်ညမ်းဓာတ်ပုံ ရိုက်ကူးခြင်းဆိုင်ရာ စုံစမ်းရေး အထူး သံအရာရှိအဖြစ် နာဂျတ်အမ်ဂျစ်မာလား Najat M'jid Maalla က တာဝန်ယူဆောင်ရွက်နေပါသည်။

၈၉၊ ကလေးများကို ရောင်းချခြင်း၊ ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း၊ ညစ်ညမ်းဓာတ်ပုံ ရိုက်ကူးခြင်းဆိုင်ရာ စုံစမ်းရေး အထူးသံအရာရှိ၏ နောက်ခံအချက်အလက်များနှင့် လုပ်ပိုင်ခွင့်များကို လေ့လာရန်။ Office of the High Commissioner for Human Rights, http://www2.ohchr.org/english/issues/children/rapporteur/index.htm (last visited 1 August 2008).

၉၀၊ Ibid.

၉၁၊ Ibid.

၄။ အထူးသံအရာရှိနှင့် တွေ့ဆုံဆွေးနွေးရန် အပူတပြင်း လိုအပ်ပါက မည်သို့လုပ်ဆောင်မည်နည်း။

လူပုဂ္ဂိုလ်တဦးတယောက်၏ ဂုဏ်သိက္ခာနှင့် ပတ်သက်၍လည်းကောင်း၊ အသက်အန္တရာယ်နှင့် ပတ်သက်၍လည်းကောင်း၊ ဖြစ်ပေါ်အံ့ဆဲဆဲခြိမ်းခြောက်မှု တခုခုရှိနေပါက သက်ဆိုင်ရာ အစိုးရသို့ အရေးပေါ်မေတ္တာရပ်ခံပေးပါရန် အထူးသံအရာရှိထံတိုင်ကြားနိုင်ပါသည်။ အထူးသံအရာရှိက အန္တရာယ်ရှိနေသူ ပုဂ္ဂိုလ် (ပုဂ္ဂိုလ်များ)ကို ကာကွယ်စောင့်ရှောက်ပေးရေး အတွက် အစိုးရကို မေတ္တာရပ်ခံပေးပါလိမ့်မည်။[၉၂]

C. UN Special Rapporteur on Violence against Women, its Causes, and Consequences[၉၃]

(၈) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ ၎င်း၏အကြောင်းအရင်းများနှင့် နောက်ဆက်တွဲ အကျိုးဆက်များ စုံစမ်းတင်ပြရေး ကုလသမဂ္ဂ အထူးသံ အရာရှိ

၁။ အထူးသံ အရာရှိ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။

အထူးသံအရာရှိသည် မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်မှုဆိုင်ရာ မလျော်ကန်ပြုမူခြင်းပုံစံများ အပါအဝင်၊ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုများ အကြောင်း အစီရင်ခံစာတို့နှင့်ပတ်သက်၍ စုံစမ်းလေ့လာရန်နှင့် အရေးယူဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ အစိုးရများ အပါအဝင် သတင်းပေးသူ အမျိုးမျိုးတို့ထံမှ ရရှိသောသတင်းအချက်အလက်များကို အခြေခံလျက် အထူးသံအရာရှိသည် အထွေထွေအကြိုပြု တင်ပြချက်များကို ရေးသားပြီး၊ လူ့အခွင့်အရေးကောင်စီသို့ နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းသည်။[၉၄]

၂။ အထူးသံ အရာရှိထံသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်ပါသနည်း။

အထူးသံ အရာရှိသည် သတင်းအချက်အလက်များကို အဲန်ဂျီအိုများ၊ အစိုးရများ၊ ကုလသမဂ္ဂ၏ အခြား အေဂျင်စီဌာနများနှင့် စောင့်ကြည့်ရေး အဖွဲ့များ၊ တဦးချင်းပုဂ္ဂိုလ်များထံမှ ရရှိပါသည်။ ယုံကြည်စိတ်ချရလောက်သော အကြောင်းအရာများ မရှိပါက အထူးသံအရာရှိသည် စွပ်စွဲချက်များကို သက်ဆိုင်ရာ အစိုးရထံသို့ သတင်းအချက်အလက်များ ဆက်လက်စုံစမ်းပေးရန် မေတ္တာရပ်ခံချက်နှင့်တကွ ပေးပို့ပါသည်။[၉၅] အထူးသံအရာရှိ၏ ရုံးသည် တင်ပြလိုသည့် တသီးပုဂ္ဂလ တိုင်ကြားသူများအတွက် မေးခွန်းလွှာပုံစံများ ပြုစုထားပါသည်။ ဤမေးခွန်းလွှာကို နောက်ဆက်တွဲတွင် ဖော်ပြပေးထားပြီး၊ အွန်လိုင်းတွင်လည်းဖော်ပြပါလင့်ခ်တွင် ရယူနိုင်ပါသည်။ http://www.ohchr.org/english/issues/women/rapporteur/complaints.htm.

၃။ အထူးသံအရာရှိနှင့် တွေ့ဆုံဆွေးနွေးရန် အပူတပြင်း လိုအပ်ပါက မည်သို့လုပ်ဆောင်မည်နည်း။

လူပုဂ္ဂိုလ်တဦးတယောက်၏ ဂုဏ်သိက္ခာနှင့် ပတ်သက်၍လည်းကောင်း၊ အသက်အန္တရာယ်နှင့် ပတ်သက်၍လည်းကောင်း၊ ဖြစ်ပေါ်အံ့ဆဲဆဲခြိမ်းခြောက်မှုတခုခုရှိနေပါကသက်ဆိုင်ရာအစိုးရသို့အရေးပေါ်မေတ္တာရပ်ခံပေးပါရန်အထူးသံအရာရှိထံတိုင် ကြားနိုင်ပါသည်။ အထူးသံအရာရှိက အန္တရာယ်ရှိနေသူ ပုဂ္ဂိုလ် (ပုဂ္ဂိုလ်များ) ကို ကာကွယ်စောင့်ရှောက်ပေးရေး အတွက် အစိုးရကို မေတ္တာရပ်ခံပေးပါလိမ့်မည်။[၉၆]

၉၂၊ Ibid. အထူးသံအရာရှိက အသက်မဆုံးရှုံးရလေအောင် ကာကွယ်ပေးရန်ရည်ရွယ်ပါသည်။ သို့အတွက်ကြောင့် ပြည်တွင်းရှိ အခြားကုစားနိုင်သောနည်းလမ်းများရှိနေနိုင်သေးသော်လည်း၊ ပုံမှန် မေတ္တာရပ်ခံချက်များ ပြုလုပ်ပေးလေ့ရှိပါသည်။

၉၃၊ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လအထိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ၊ အကြောင်းရင်းများနှင့် နောက်ဆက်တွဲအကျိုးဆက်များ စုံစမ်းရေးကုလအထူးသံအရာရှိမှာ ဒေါက်တာ ယာကင် အာတုက် Dr. Yakin Erturk ဖြစ်ပါသည်။

၉၄၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ၊ အကြောင်းရင်းများနှင့် နောက်ဆက်တွဲ အကျိုးဆက်များ စုံစမ်းရေး ကုလ အထူးသံအရာရှိ အကြောင်းကို ဤနေရာတွင်လေ့လာနိုင်သည်။ Office of the High Commissioner for Human Rights, http://ww.ohchr.org/english/issues/women/rapporteur (last visited 3 August 2006).

၉၅၊ Ibid. အထူးသံအရာရှိ၏ နှစ်စဉ် အစီရင်ခံစာတွင် လူ့အခွင့်အရေးကောင်စီမှ အချက်အလက် သတင်းများလည်း ထည့်သွင်းပေးပို့နိုင်သည်။

၉၆၊ Ibid. အထူးသံအရာရှိသည် အသက်အန္တရာယ် မဆုံးရှုံးရလေအောင် ရည်ရွယ်သောအားဖြင့် ပြည်တွင်း၌ ကုစားဖြေရှင်းနိုင်သော နည်းလမ်း များ ရှိနေသေးသော်လည်း ယေဘုယျအားဖြင့် မေတ္တာရပ်ခံချက် ပေးပို့လေ့ ရှိပါသည်။

ndburma2.indd 240 26-Dec-09 13:05:29

D. UN Committee on the Elimination of Discrimination against Women

(ဃ) အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်ဆက်ဆံမှုများ အဆုံးသတ်စေရေး ကုလသမဂ္ဂ ကော်မီတီ

၁။ ကော်မီတီဝင်များသည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သနည်း။ ကော်မီတီသည် မည်သည့်အချိန်များတွင် အစည်းအဝေး ကျင်းပပါသနည်း။

အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်ဆက်ဆံမှုများ အဆုံးသတ်ရေးကုလသမဂ္ဂကော်မီတီတွင် လွတ်လပ်သော အမျိုးသမီးရေးရာကိစ္စ၌ ကျွမ်းကျင်သူပညာရှင် (၂၃) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ကော်မီတီဝင်တိုင်းသည် (၄) နှစ် သက်တမ်း ထမ်းဆောင်ရပါသည်။ ကော်မီတီသည် တနှစ်လျှင် (၂) ပတ်ကြာ တွေ့ဆုံပါသည်။[၉၇]

၂။ ကော်မီတီ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

ကော်မီတီသည် အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ် ဆက်ဆံမှုများအဆုံးသတ်ရေး နိုင်ငံတကာ သဘောတူညီချက် (စီဒေါ်) စာချုပ်ကို နိုင်ငံများက အကောင်အထည်ဖော်ပုံနှင့် နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များအတိုင်း လိုက်နာမှု ရှိ–မရှိကို စောင့်ကြည့်လေ့လာပါသည်။ ကော်မီတီသည် နိုင်ငံ အစိုးရများထံမှ အစီရင်ခံစာများကို လက်ခံရယူ၍ သုံးသပ်ပါသည်။ အကြံပြုချက်များ ပြန်လည်ပေးပါသည်။ ကော်မီတီသည် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကောင်စီသို့ အမျိုးသမီးများ၏ အဆင့်အတန်းဆိုင်ရာ ကော်မရှင် (Commission on the Status of Women) မှတဆင့် အစီရင်ခံစာတင်သွင်းပါသည်။[၉၈]

၃။ ကော်မီတီသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်သနည်း။

ကော်မီတီသည် နိုင်ငံ အစိုးရများထံမှ (စီဒေါ်) သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နေမှု တိုးတက်မှု အချိန်ပိုင်းအလိုက် အစီရင်ခံစာများကို လက်ခံရယူပါသည်။ (စီဒေါ်) သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင် နိုင်ငံများသာ ကော်မီတီထံသို့ အစီရင်ခံစာ တင်သွင်းရန် တာဝန်ရှိပါသည်။[၉၉] ကော်မီတီသည် လူ့အခွင့်အရေးအဖွဲ့အစည်းများထံမှလည်း သတင်းအချက်အလက်များရယူပါသည်။ သတင်းအချက်အလက်များကို ကော်မီတီထံသို့ တင်ပြရန်အတွက် အဖွဲ့အစည်းများသည် ကော်မီတီ၏ အတွင်းရေးမှူးအဖွဲ့ထံသို့ လိပ်မူရေးသားပေးပို့ရန် လိုအပ်ပြီး၊ ကော်မီတီအစည်းအဝေး မကျင်းပမီ လအနည်းငယ်အလို၌ တင်သွင်းရန်လိုအပ်ပါသည်။ ကော်မီတီသည် လူ့အခွင့်အရေးအဖွဲ့အစည်းများထံမှ နှုတ်အားဖြင့်သက်သေခံချက်များကိုလည်းလက်ခံပြီး၊ အလုပ်အဖွဲ့၏ ဆက်ရှင်အစည်းအဝေးမတိုင်မီ ပထမရက်နှင့် ပုံမှန်ဆက်ရှင် အစည်းအဝေး ဒုတိယရက်တွင် ကြားနာမှုပြုပါသည်။ ကော်မီတီအဖွဲ့ဝင်များနှင့် တရားဝင်မဟုတ်သည့် စည်းဝေးတွေ့ဆုံမှုများလည်းပြုနိုင်ပြီး၊ အတွင်းရေးမှူးအဖွဲ့သို့ ဆက်သွယ်ရန် လိုအပ်ပါသည်။[၁၀၀]

၄။ ကော်မီတီသို့ တဦးချင်း တိုင်တန်းမှုများကို ကြားနာခြင်း ရှိပါသလား။

တိုင်ကြားနိုင်ပါသည်။ (စီဒေါ်) သဘောတူညီချက်၊ မူကြမ်း (Optional Protocol) ပုဒ်မ (၂) အရ ကော်မီတီသည် လူတဦးချင်းထံမှသော်လည်းကောင်း၊ အဖွဲ့အစည်းများထံမှသော်လည်းကောင်း ဆက်သွယ်သတင်းရယူမှုများ ပြုနိုင်ပါသည်။[၁၀၁] သို့သော်

၉၇၊ ကော်မီတီ၏အစည်းအဝေး အချိန်ကာလ တိုးချဲ့ရန် အဆိုပြုတင်ပြချက်များကို တင်ပြထားပြီး၊ ယခုအခါကုလသမဂ္ဂ အထွေထွေညီလာခံက လက်ခံစဉ်းစားလျက်ရှိသည်။ ဤအဆိုပြုချက်မှာ ယခုအချိန်တိုင်အောင် သက်ဝင်ခြင်း မရှိသေးပါ။ See, Meeting of States parties to the Convention on the Elimination of All Forms of Discrimination against Women, 14th Meeting, 23 June 2006, http://www.un.org/womenwatch/daw/cedaw/statesmeeting/fourteenth.htm (last visited 14 August 2006).

၉၈၊ See, CEDAW, Article 21, 18 December 1979; Fact Sheet No. 22- Discrimination Against Women: The Convention and the Committee, Office of the High Commissioner for Human Rights, http://www.ohchr.org/english/about/publications/docs/fs22.htm (last visited 23 August 2006).

၉၉၊ မြန်မာနိုင်ငံသည် စီဒေါ် CEDAW နိုင်ငံတကာသဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတခုဖြစ်ပြီး၊ အချိန်နှင့်အမျှ အစီရင်ခံစာများ တင်သွင်းရန် တာဝန်ရှိပါသည်။ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလတိုင်အောင် မြန်မာနိုင်ငံက ကနဦးအစီရင်ခံစာနှင့် ဒုတိယ၊ တတိယအစီရင်ခံစာများ တင်သွင်းခဲ့ပြီးဖြစ်ပါသည်။ ဤနေရာတွင်ဖတ်ရှုနိုင် ပါသည်။ To view these reports, visit, Country Reports, Division for the Advancement of Women, http://www.un.org/womenwatch/daw/cedaw/reports.htm#m (last visited 20 November 2007).

၁၀၀၊ Fact Sheet No. 22 - Discrimination Against Women: The Convention and the Committee, Office of the High Commissioner for Human Rights, http://www.ohchr.org/english/about/publications/docs/fs22.htm (last visited 23 August 2006).

၁၀၁၊ Optional Protocol to CEDAW, Article 2, 22 December 2000.

ndburma2.indd 241 26-Dec-09 13:05:29

လည်း တင်ပြချက်များသည် (စီဒေါ) သဘောတူညီချက်၏ မူကြမ်း ပြဋ္ဌာန်းချက်များ (Optional Protocol) ကိုသဘောတူညီ လက်မှတ်ရေးထိုးထားသည့် နိုင်ငံများအတွက်သာ ဖြစ်နိုင်ပါသည်။[၁၀၂] မြန်မာနိုင်ငံသည် မူကြမ်းသဘောတူညီချက်များကို သဘောတူညီ လက်မှတ်ရေးထိုးထားခြင်း မရှိသေးပါ၊ သို့အတွက်ကြောင့် မြန်မာနိုင်ငံမှ လူတဦးချင်းသည် (စီဒေါ) သဘောတူညီချက်အရ တင်ပြတိုင်ကြားရန် ဆောင်ရွက်၍ မဖြစ်နိုင်သေးပါ။

E. Commission on the Status of Women (CSW)

(၄) အမျိုးသမီးများ၏ အဆင့်အတန်းနှင့် ပတ်သက်သောကော်မရှင်

၁။ ကော်မရှင်အဖွဲ့ဝင်များသည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သနည်း။ ကော်မိတီသည် မည်သည့်အချိန်များတွင်အစည်းအဝေး ကျင်းပပါသနည်း။

ကော်မရှင်ကို အဖွဲ့ဝင် (၄၅) ဦးဖြင့် ဖွဲ့စည်းထားပြီး၊ စီးပွားရေးနှင့် လူမှုရေးကောင်စီမှ ရွေးချယ်တင်မြှောက်ခြင်းပြုပါသည်။[၁၀၃] ကော်မရှင်၏ အဖွဲ့ဝင် တဦးချင်းသည် ၄–နှစ် သက်တမ်း တာဝန်ထမ်းဆောင်ရပါသည်။ ကော်မရှင် အစည်းအဝေးကို ဖေဖော်ဝါရီနှင့် မတ်လများတွင် တနှစ်လျှင် တကြိမ် တွေ့ဆုံပါသည်။[၁၀၄]

၂။ ကော်မရှင်၏ အခန်းကဏ္ဍသည် အဘယ်နည်း။

ကော်မရှင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များကို စောင့်ကြည့်လေ့လာမှုပြုပါသည်။ ကော်မရှင်က အမျိုးသမီးပြဿနာများနှင့် ပတ်သက်၍ အကြံပြုချက်များရေးသားပြီး၊ စိုးရိမ်ဖွယ်ကိစ္စများအတွက်လည်း တုံ့ပြန်၍ စတင်ဆောင်ရွက်မှုများပြုသည်။ ကော်မရှင်က စီးပွားရေးနှင့် လူမှုရေးကောင်စီသို့ အစီရင်ခံစာ တင်သွင်းသည်။[၁၀၅]

၃။ ကော်မရှင်သို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်သနည်း။

ကော်မရှင်က အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်ဆက်ဆံမှုများ အဆုံးသတ်စေရေး ကော်မိတီ၏ အစီရင်ခံစာကို လက်ခံရယူ၍ သုံးသပ်မှုပြုပါသည်။ ကော်မရှင်က အခြားသတင်းများကိုလည်း လက်ခံရယူပြီး၊ လူ့အခွင့်အရေး အဖွဲ့အစည်းများက နှုတ်အားဖြင့် သက်သေထွက်ဆိုချက်များကိုလည်း ကြားနာပါသည်။ လူ့အခွင့်အရေး အဖွဲ့အစည်းများက ကော်မရှင်၏ မျက်နှာစုံညီအစည်းအဝေးများနှင့် အထူးအစည်းအဝေး၊ အခမ်းအနားများတွင် ပါဝင်တက်ရောက်နိုင်ကြပါသည်။ ကော်မရှင်၏လုပ်ငန်းဆောင်တာများတွင် ပါဝင်တက်ရောက်နိုင်ရန်နှင့် သတင်းအချက်အလက်များ တင်သွင်းနိုင်ရန် စီးပွားရေးနှင့် လူမှုရေးကောင်စီက အသိအမှတ်ပြုချက် ရယူရန် လိုအပ်ပါသည်။[၁၀၆]

ကော်မရှင်က သတင်းအချက်အလက်များ တင်ပြပေးပို့လိုသည့်၊ ကော်မရှင်က ဆောင်ရွက်သည့် လုပ်ငန်းလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်လိုကြသည့်၊ အဖွဲ့အစည်းများအတွက် အပြည့်အစုံ လမ်းညွှန်ချက်များကိုလည်း ဖော်ပြပေးထားပါသည်။[၁၀၇]

၁၀၂၊ Ibid.

၁၀၃၊ ၂၀၀၈ ခုနှစ်တွင် အိုလီဗီယာ ဘဲလီ Olivier Belle သည် ကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်နေပါသည်။

၁၀၄၊ See, CEDAW, Article 21, 18 December 1979; Fact Sheet No. 22 - Discrimination Against Women: The Convention and the Committee, Office of the High Commissioner for Human Rights, http://www.ohchr.org/english/about/publications/docs/fs22.htm (last visited 23 August 2006).

၁၀၅၊ Ibid.

၁၀၆၊ စီးပွားရေးနှင့် လူမှုရေးကောင်စီက အသိအမှတ်ပြုမှု ရယူနိုင်ရန်သတင်းအချက်အလက်များကို ဤနေရာတွင် ရယူနိုင်ပါသည်။ Visit How to Obtain Consultative Status with ECOSOC, Economic and Social Council, NGO Section, http://www.un.org/esa/coordination/ngo/ (last visited 20 November 2007)

၁၀၇၊ ကော်မရှင်တွင် သတင်း အချက်အလက်များ တင်ပြနိုင်ရန်နှင့် ကော်မရှင်က စီစဉ်ကျင်းပသည့် လူပ်ရှားမှုများ တွင် ပါဝင်ဆောင်ရွက်နိုင်ရန် ကော်မရှင်၏ အဲန်ဂျီအိုများ ပါဝင်ဆောင်ရွက်မှု ကဏ္ဍကို ကြည့်ရှုစေလိုပါသည်။ Visit NGO Participation in CSW Sessions, Commission on the Status of Women, Division for the Advancement of Women, http://www.un.org/womenwatch/daw/csw/csw51/NGO.html#not_received (last visited 20 November2007)

ndburma2.indd 242 26-Dec-09 13:05:30

၄။ ကော်မရှင်သို့ တဦးချင်း တိုင်တန်းမှုများကို ကြားနာခြင်း ရှိပါသလား။

တိုင်ကြားနိုင်ပါသည်။ ကော်မရှင်က လူတဦးချင်းထံမှသော်လည်းကောင်း၊ အဖွဲ့အစည်းများထံမှ သော်လည်းကောင်း သတင်းအချက်အလက်များနှင့်တိုင်ကြားမှုများလက်ခံရယူပါသည်။သို့သော်လည်းကော်မရှင်ကလူ့အခွင့်အရေးချိုးဖောက်သူများကို တိုက်ရိုက်အရေးယူဆောင်ရွက်မှု မပြုပါ။ သူတို့က သတင်းအချက်အလက်များကို ယုံကြည် ကိုးစားရသည်ဟု ယူဆလျှင်၊ ဖြစ်ပေါ်နေသည့် အနေအထား၊ အလားအလာ၊ ခွဲခြားဖိနှိပ် ဆက်ဆံနေပုံများကို သုံးသပ်၍ မူဝါဒရေးရာအရ အကြံပြုချက်များ ပြုလုပ်ပါသည်။[၁၀၈]

t wif; t "r| a&&Dymif;c&Hcif;

B. UN Representative of the Secretary General on the Human Rights of Internally Displaced Persons[၁၀၉]

(ခ) ပြည်တွင်း၌ ရွှေ့ပြောင်းထွက်ပြေးနေကြရသည့် ဒုက္ခသည်များ၏ အခွင့်အရေးများအတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ ကိုယ်စားလှယ်

၁။ ကိုယ်စားလှယ် အရာရှိ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။

ကိုယ်စားလှယ် အရာရှိသည် ကုလသမဂ္ဂ ဌာန၊ အေဂျင်စီများ၊ အစိုးရများ၊ အခြား ဩဇာရှိသည့် အဖွဲ့အစည်းများကို ပြည်တွင်း၌ ထွက်ပြေးနေကြရသည့် ဒုက္ခသည်များ၏ အခွင့်အရေးများနှင့် ပတ်သက်၍ အသိအမှတ်ပြုရန်၊ ကာကွယ်မှုပေးရန် တိုက်တွန်း စည်းရုံးမှု ပြုပါသည်။ အခြားသော သတင်းရင်းမြစ်များမှ ရရှိသည့် သတင်းများကို အခြေခံ၍ ကိုယ်စားလှယ် အရာရှိသည် လူ့အခွင့်အရေးကောင်စီနှင့် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ နှစ်စဉ် အစီရင်ခံစာတွင် အထွေထွေ အကြံပြုချက်များ ရေးသားတင်သွင်းပါသည်။[၁၁၀]

၂။ ကိုယ်စားလှယ် အရာရှိထံသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်ပါသနည်း။

အထူးသံ အရာရှိသည် သတင်းအချက်အလက်များကို အဲန်ဂျီအိုများ၊ အစိုးရများ၊ ကုလသမဂ္ဂ၏ အခြား အေဂျင်စီဌာနများနှင့် စောင့်ကြည့်ရေး အဖွဲ့များ၊ တဦးချင်းပုဂ္ဂိုလ်များထံမှ ရရှိပါသည်။ ဤသတင်း အချက်အလက်များကို အခြေခံ၍ ကိုယ်စားလှယ် အရာရှိသည် ပြည်တွင်း ဒုက္ခသည်များ၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှု တိုးမြှင့် ကျင့်သုံးစေရန် အသိပညာပေး၊ စည်းရုံးမှုများ ပြုပါသည်။ ကိုယ်စားလှယ် အရာရှိသည် ဒုက္ခသည် အသိုက်အဝန်းများနှင့် တွေ့ဆုံ၍ သူတို့၏ အမြင်များ သိရှိလေ့လာနိုင်ရန်၊ သူတို့ရရှိနိုင်သည့် အရင်းအမြစ်များ သိရှိလာစေရန် အကြံပေးမှုများလည်း ဆောင်ရွက်ပါသည်။ ထိုသူများ၏ စိုးရိမ်ပူပန်မှုများကိုလည်း နိုင်ငံတကာ မိသားစုထံသို့ ပြန်လည် ဖော်ပြပေးပါသည်။[၁၁၁]

၁၀၈၊ Fact Sheet No. 22 – Discrimination Against Women: The Convention and the Committee, Office of the High Commissioner for Human Rights, http://www.ohchr.org/english/about/publications/docs/fs22.htm (last visited23 August 2006). See also, Women's Rights the Responsibility of All: Basic Information Kit No. 2, Commissionon the Status of Women, 10 November 1997.

၁၀၉၊ ၂၀၀၄ ခုနှစ်တိုင်အောင် ဝေါလ်တာ ကာလင်း Walter Kälin က ကုလသမဂ္ဂ ပြည်တွင်းဒုက္ခသည်များ၏ လူ့အခွင့်အရေးဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ်အဖြစ် တာဝန်ယူ ဆောင်ရွက်နေသည်။

၁၁၀၊ Representative of the Secretary-General on the Human Rights of Internally Displaced Persons, Office of the High Commissioner for Human Rights, http://www.ohchr.org/english/issues/idp/ (last visited 20 November 2007)

၁၁၁၊ Ibid

ndburma2.indd 243 26-Dec-09 13:05:30

C. UN Special Rapporteur on Adequate Housing[၁၁၂]

(ဂ) လုံလောက်သော အိုးအိမ်ရရှိရေးဆိုင်ရာ စုံစမ်းတင်ပြရေး အထူးသံအရာရှိ

၁။ အထူးသံ အရာရှိ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။

အထူးသံ အရာရှိသည် အစိုးရများ အပါအဝင် သတင်းပေးသူ အမျိုးမျိုးတို့ထံမှ ရရှိသောသတင်းအချက်အလက်များကို အခြေခံလျက် အိမ်ယာအခွင့်အရေး ချိုးဖောက်ခြင်း အစီရင်ခံစာတို့နှင့် ပတ်သက်၍ စုံစမ်းလေ့လာရန်နှင့် အရေးယူဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ အထူးသံ အရာရှိသည် အထွေထွေ အကြံပြု တင်ပြ ချက်များကို ရေးသားပြီး၊ လူ့အခွင့်အရေးကောင်စီသို့ နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းသည်။[၁၁၃]

၂။ မည်သူများက အထူးသံအရာရှိ သတင်း အချက်အလက်များ ပေးပို့နိုင်သနည်း။

အထူးသံ အရာရှိသည် သတင်းအချက်အလက်များကို အဲန်ဂျီအိုများ၊ အစိုးရများ၊ ကုလသမဂ္ဂ၏ အခြားအေဂျင်စီဌာနများနှင့် စောင့်ကြည့်ရေးအဖွဲ့များ၊ တဦးချင်းပုဂ္ဂိုလ်များထံမှရရှိပါသည်။ ယုံကြည်စိတ်ချရလောက်သော အကြောင်းအရာများ မရှိပါက အထူးသံအရာရှိသည် စွပ်စွဲချက်များကို သက်ဆိုင်ရာ အစိုးရထံသို့ သတင်းအချက်အလက်များ ဆက်လက် စုံစမ်းပေးရန် မေတ္တာရပ်ခံချက်နှင့် တကွ ပေးပို့ပါသည်။[၁၁၄]

D. UN Committee on Economic, Social, and Cultural Rights

(ဃ) ကုလသမဂ္ဂ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ ကော်မီတီ

၁။ ကော်မီတီဝင်များသည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သနည်း။ ကော်မီတီသည် မည်သည့်အချိန်များတွင် အစည်းအဝေးကျင်းပပါသနည်း။

လူ့အခွင့်အရေးဘာသာရပ်နှင့် ပတ်သက်၍ သီးခြားလွတ်လပ်သော ကျွမ်းကျင်သူပညာရှင် (၁၈) ဦးဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ ကော်မီတီကို ဖွဲ့စည်းထားပါသည်။[၁၁၅] ကော်မီတီဝင်တဦးသည်(၄) နှစ်သက်တမ်းကာလဖြင့် တာဝန်ထမ်းဆောင်ကြရသည်။ ကော်မီတီသည် နှစ်စဉ် အစည်းအဝေး (၂) ကြိမ် ကျင်းပပါသည်။ မေလနှင့် နိုဝင်ဘာ–ဒီဇင်ဘာလတွင် ဖြစ်သည်။ အစည်းအဝေး တကြိမ်ထိုင်လျှင် သီတင်းပါတ် (၃) ပတ် ကြာသည်။[၁၁၆]

၂။ ကော်မီတီ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

ကော်မီတီသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်ရေးများဆိုင်ရာ သဘောတူစာချုပ်ကို အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အစိုးရများဆောင်ရွက်နေမှုအတွက် စောင့်ကြည့်ပါသည်။ ကော်မီတီသည် အစိုးရများ၏ အစီရင်ခံစာများကို လက်ခံရယူခြင်း၊ စီစစ်သုံးသပ်ခြင်းပြုပြီးနောက် အကြံပြုတင်ပြချက်များပေးပါသည်။[၁၁၇]

၁၁၂၊ ၂၀၀၈ ခုနှစ်တိုင်အောင် ရေကွယ် ရိုလ်နစ်က Raquel Rolnik က လုံလောက်သော အိုးအိမ်ရရှိမှုဆိုင်ရာ စုံစမ်းတင်ပြသူ အထူးသံကိုယ်စားလှယ် အဖြစ်တာဝန်ယူဆောင်ရွက်နေသည်။

၁၁၃၊ UN Special Rapporteur on Housing, Office of the High Commissioner for Human Rights, http://www.ohchr.org/english/issues/housing/index.htm (last visited 20 November 2007).

၁၁၄၊ Ibid.အထူးသံအရာရှိက သတင်းအချက်အလက်များကို လူ့အခွင့်အရေးကောင်စီသို့တင်သွင်းသည့် နှစ်ပတ်လည်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြကောင်းဖော်ပြနိုင်သည်။

၁၁၅၊ Tajgman, David and Karen Curtis, Freedom of Association: A User's Guide, ILO, 2000.

၁၁၆၊ Committee on Economic, Social, and Cultural Rights, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/bodies/cescr/ (last visited 28 July 2008).

၁၁၇၊ Ibid.

ndburma2.indd 244 26-Dec-09 13:05:30

၃။ ကော်မီတီသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်သနည်း။

ကော်မီတီသည် အစိုးရများထံမှ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်ရေးများဆိုင်ရာသဘောတူစာချုပ်ပါပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ခြင်းဖြစ်စဉ်နှင့် ပတ်သက်သော ပုံမှန်အစီရင်ခံစာများကိုလက်ခံရယူပါသည်။ ဤသဘောတူ စာချုပ်တွင် လက်မှတ်ရေးထိုးထားသော အစိုးရများသာလျှင် ကော်မီတီသို့ အစီရင်ခံစာတင်သွင်းရန်တာဝန်ရှိပါသည်။[၁၁၈] ကော်မီတီသည် အစည်းအဝေး ပထမနေ့တွင်လူ့အခွင့်အရေး အဖွဲ့အစည်းများမှပေးပို့လာသော သတင်းအချက်အလက်များကို ရယူလက်ခံသည့်အပြင်၊ နှုတ်အားဖြင့်ထွက်ဆို တင်ပြချက်များကိုလည်း ကြားနာပါသည်။ ကော်မီတီသို့ သတင်းအချက်အလက်များပေးပို့ရာ၌ ကော်မီတီအစည်းအဝေးမတိုင်မီ လပေါင်းအတော်ကြာကြိုတင်၍ ကော်မီတီ၏ အတွင်းရေးမှူးထံသို့ ရေးသားပေးပို့ထားရပါမည်။[၁၁၉]

၄။ ကော်မီတီသို့ တဦးချင်း တိုင်တန်းမှုများကို ကြားနာခြင်း ရှိပါသလား။

လောလောဆယ်၌ ကော်မီတီသည် တဦးချင်း တိုင်တန်းချက်များကို ရယူလက်ခံနိုင်ခြင်း မရှိသေးချေ။ သို့ရာတွင် ပြင်ဆင်ချက် မူကြမ်းတစောင်ကို ကော်မီတီက စဉ်းစားသုံးသပ်လျက် ရှိပါသည်။ ဤပြင်ဆင်ချက်အရဆိုလျှင် ကော်မီတီသည်သဘောတူစာချုပ် ချိုးဖောက်မှုနှင့် ပတ်သက်သော တဦးချင်း တိုင်တန်းချက်များကိုလည်း နောင်တချိန်ချိန်၌ လက်ခံစဉ်းစားနိုင်မည်ဖြစ်ပါသည်။[၁၂၀]

v Gwfv yfpGvyf&SonGvmcGuawmfvif[ewYm;jcif

B. UN Special Rapporteur on the Human Rights of Migrants[၁၂၁]

(ခ) ရွှေ့ပြောင်းအခြေချသူများ၏ လူ့အခွင့်အရေးနှင့် ပတ်သက်၍ စုံစမ်းတင်ပြသူ ကုလသမဂ္ဂ အထူးသံအရာရှိ

၁။ အထူးသံအရာရှိ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

အထူးသံအရာရှိသည် ရွှေ့ပြောင်းအခြေချသူများနှင့် ၎င်းတို့၏မိသားစုဝင်များ လူ့အခွင့်အရေး ချိုးဖောက်ခြင်း အစီရင်ခံစာတို့နှင့်ပတ်သက်၍ စုံစမ်းလေ့လာရန်နှင့် အရေးယူ ဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။[၁၂၂] အထူးသံအရာရှိသည် အစိုးရများအပါအဝင် သတင်းပေးသူ အမျိုးမျိုးတို့ထံမှ ရရှိသောသတင်းအချက်အလက်များကိုအခြေခံလျက် အထွေထွေအကြံပြုတင်ပြချက်များကို ရေးသားပြီး၊ လူ့အခွင့်အရေး ကောင်စီသို့ နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းသည်။[၁၂၃]

၂။ အထူးသံ အရာရှိထံသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်ပါသနည်း။

အထူးသံ အရာရှိသည် သတင်းအချက်အလက်များကို အဲန်ဂျီအိုများ၊ အစိုးရများ၊ ကုလသမဂ္ဂ၏ အခြားအေဂျင်စီဌာနများနှင့် စောင့်ကြည့်ရေး အဖွဲ့များ၊ တဦးချင်းပုဂ္ဂိုလ်များထံမှရရှိပါသည်။ ယုံကြည်စိတ်ချရလောက်သော အကြောင်းအရာများမရှိပါက အထူးသံအရာရှိသည် စွပ်စွဲချက်များကို သက်ဆိုင်ရာ အစိုးရထံသို့ သတင်းအချက်အလက်များ ဆက်လက် စုံစမ်းပေးရန် မေတ္တာရပ်ခံချက်နှင့်တကွ ပေးပို့ပါသည်။[၁၂၄] အထူးသံ အရာရှိ၏ ရုံးက ရွှေ့ပြောင်းအခြေချသူများ၏ လူ့အခွင့်အရေးနှင့် ပတ်သက်

၁၁၈၊ မြန်မာနိုင်ငံသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတခု မဟုတ်ပါ။

၁၁၉၊ Committee on Economic, Social, and Cultural Rights, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/bodies/cescr/ (last visited 28 July 2008).

၁၂၀၊ Ibid.

၁၂၁၊ ၂၀၀၅ ခုနှစ်၊ ဩဂုတ်လအထိ ဂျော့– အေ–ဘတ်စတာမန်တေး Jorge A. Bustamante က ရွှေ့ပြောင်း အခြေချသူများ၏ လူ့အခွင့်အရေးဆိုင်ရာ ကုလ အထူး သံအရာရှိအဖြစ် တာဝန်ယူနေသည်။

၁၂၂၊ ရွှေ့ပြောင်းအခြေချသူများ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးသံအရာရှိက လူ့အခွင့်အရေးချိုးဖောက်မှုသတင်းများကို မည်သည့်နိုင်ငံမှမဆို လက်ခံရယူ၍ စဉ်းစားဆုံးဖြတ်ပါသည်။ ဤနိုင်ငံက ရွှေ့ပြောင်းအခြေချလုပ်သားများနှင့် ၎င်းတို့မိသားစုဝင်များ၏ အခွင့်အရေးများကို ကာကွယ်ပေးရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည်ဖြစ်စေ– မရေးထိုးထားသည်ဖြစ်စေ သတင်းလက်ခံရယူပါသည်။ အထူးသံအရာရှိက အရေးယူဆောင်ရွက်မှုမပြုခင် ပြည်တွင်း၌ ဖြေရှင်းလုပ်ဆောင်ရန် နည်းလမ်းများ ကုန်ဆုံးသည်အထိ စောင့်ဆိုင်းနေရန် မလိုအပ်ပါ။

၁၂၃၊ Special Rapporteur on the Human Rights of Migrants - Introduction, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/issues/migration/rapporteur/ (last visited 22 October 2008).

၁၂၄၊ Ibid. အထူး သံအရာရှိက နှစ်စဉ် လူ့အခွင့်အရေးကောင်စီသို့ တင်ပြသည့် အစီရင်ခံစာတွင် ဤသတင်းအချက်အလက်များကို ထည့်သွင်း ဖော်ပြကောင်း ဖော်ပြနိုင်သည်။

ndburma2.indd 245 26-Dec-09 13:05:30

၍ တသီးပုဂ္ဂလ လူတဦးချင်းထံမှ တင်ပြတိုင်ကြားနိုင်ရန် ပံ့ပိုးကူညီမှုအဖြစ် မေးခွန်းလွှာပုံစံများကိုလည်း ပြုစုထားပါသည်။ မေးခွန်းလွှာကို နောက်ဆက်တွဲတွင် ဖော်ပြထားပြီး၊ အောက်ဖော်ပြပါ အွန်လိုင်းလင့်ခ်တွင်လည်း ရယူနိုင်ပါသည်။ http://www2.ohchr.org/english/issues/docs/mmig-quest.doc.

၃။ အထူးသံ အရာရှိသည် မည်သည့် သတင်းအချက်များကို စဉ်းစားသုံးသပ်ပါသနည်း။

အထူးသံအရာရှိသည် အောက်ဖော်ပြပါ လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် သက်သေများကို စုဆောင်းစဉ်းစားပါသည်။[၁၂၁]

- ရွှေ့ပြောင်းအခြေချသူများ၏ လူ့အခွင့်အရေး ချိုးဖောက်ခံရမှု စွပ်စွဲချက်များနှင့် ပတ်သက်၍ တဦးချင်း အမှုများဆိုင်ရာ သတင်းအချက်အလက်များ
- ရွှေ့ပြောင်းအခြေချသူများ၏ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ နိုင်ငံတခု၏ ယေဘုယျ အခြေအနေ သတင်းများ

၄။ အထူးသံအရာရှိနှင့် တွေ့ဆုံဆွေးနွေးရန် အပူတပြင်း လိုအပ်ပါက မည်သို့လုပ်ဆောင်မည်နည်း။

လူပုဂ္ဂိုလ်တဦးတယောက်၏ ဂုဏ်သိက္ခာနှင့် ပတ်သက်၍လည်းကောင်း၊ အသက်အန္တရာယ်နှင့်ပတ်သက်၍လည်းကောင်း၊ ဖြစ်ပေါ်အံ့ဆဲဆဲ ခြိမ်းခြောက်မှု တခုခုရှိနေပါက သက်ဆိုင်ရာ အစိုးရသို့ အရေးပေါ် မေတ္တာရပ်ခံပေးပါရန် အထူးသံအရာရှိထံတိုင်ကြားနိုင်ပါသည်။ အထူးသံအရာရှိက အန္တရာယ်ရှိနေသူပုဂ္ဂိုလ် (ပုဂ္ဂိုလ်များ)ကို ကာကွယ်စောင့်ရှောက်ပေးရေး အတွက် အစိုးရကို မေတ္တာရပ်ခံပေးပါလိမ့်မည်။[၁၂၆]

C. UN Representative of the Secretary General on the Human Rights of Internally Displaced Persons[၁၂၇]

(၈) ပြည်တွင်းရှိ ရွှေ့ပြောင်းထွက်ပြေးနေကြရသည့် ဒုက္ခသည်များ၏ အခွင့်အရေးများအတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ ကိုယ်စားလှယ်

၁။ ကိုယ်စားလှယ် အရာရှိ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။

ကိုယ်စားလှယ် အရာရှိသည် ကုလသမဂ္ဂဌာန၊ အေဂျင်စီများ၊ အစိုးရများ၊ အခြားသြဇာရှိသည့် အဖွဲ့အစည်းများကို ပြည်တွင်းရှိ ထွက်ပြေးနေကြရသည့် ဒုက္ခသည်များ၏ အခွင့်အရေးများနှင့် ပတ်သက်၍ အသိအမှတ်ပြုရန်၊ ကာကွယ်မှုပေးရန် တိုက်တွန်းစည်းရုံးမှု ပြုပါသည်။ အခြားသော သတင်းရင်းမြစ်များမှရရှိသည့် သတင်းများကိုအခြေခံ၍ ကိုယ်စားလှယ်အရာရှိသည် လူ့အခွင့်အရေးကောင်စီနှင့် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ နှစ်စဉ်အစီရင်ခံစာတွင် အထွေထွေအကြံပြုချက်များ ရေးသားတင်သွင်းပါသည်။[၁၂၈]

၁၂၅၊ Special Rapporteur on the Human Rights of Migrants - Communications, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/issues/migration/rapporteur/complaints.htm (last visited 22 October 2008).

၁၂၆၊ Ibid၏ အထူးသံအရာရှိက အသက်မဆုံးရှုံးရလေအောင် ကာကွယ်ပေးရန် ရည်ရွယ်ပါသည်။ သို့အတွက်ကြောင့် ပြည်တွင်း၌ အခြားကုစားနိုင်သော နည်းလမ်းများ ရှိနေနိုင်သေးသော်လည်း၊ ပုံမှန်မေတ္တာရပ်ခံချက်များ ပြုလုပ်ပေးလေ့ရှိပါသည်။

၁၂၇၊ ၂၀၀၄ ခုနှစ်၊ မေလတိုင်အောင် ဝေါလ်တာကာလင်း Walter Kälin က ပြည်တွင်းဒုက္ခသည်များ၏ လူ့အခွင့်အရေးဆိုင်ရာ ကုလအထွေထွေအတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ်အဖြစ် တာဝန်ယူဆောင်ရွက်နေသည်။

၁၂၈၊ Representative of the Secretary-General on the Human Rights of Internally Displaced Persons, Office of the High Commissioner for Human Rights, http://www.ohchr.org/english/issues/idp/ (last visited 20 November 2007)

ndburma2.indd 246 26-Dec-09 13:05:30

၂။ ကိုယ်စားလှယ် အရာရှိထံသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်ပါသနည်း။

အထူးသံ အရာရှိသည် သတင်းအချက်အလက်များကို အဲန်ဂျီအိုများ၊ အစိုးရများ၊ ကုလသမဂ္ဂ၏ အခြားအေဂျင်စီဌာနများနှင့် စောင့်ကြည့်ရေးအဖွဲ့များ၊ တဦးချင်းပုဂ္ဂိုလ်များထံမှရရှိပါသည်။ ဤသတင်းအချက်အလက်များကိုအခြေခံ၍ ကိုယ်စားလှယ်အရာရှိသည် ပြည်တွင်းဒုက္ခသည်များ၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှု တိုးမြှင့်ကျင့်သုံးစေရန် အသိပညာပေး၊ စည်းရုံးမှုများ ပြုပါသည်။ ကိုယ်စားလှယ်အရာရှိသည် ဒုက္ခသည် အသိုက်အဝန်းများနှင့်တွေ့ဆုံ၍ သူတို့၏အမြင်များ သိရှိလေ့လာနိုင်ရန်၊ သူတို့ ရရှိနိုင်သည့် အရင်းအမြစ်များ သိရှိလာစေရန် အကြံပေးမှုများလည်း ဆောင်ရွက်ပါသည်။ ထိုသူများ၏ စိုးရိမ်ပူပန်မှုများကိုလည်း နိုင်ငံတကာ မိသားစုထံသို့ ပြန်လည် ဖော်ပြပေးပါသည်။[၁၂၉]

D. UN Committee on Migrant Workers

(ဃ) ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ ကုလသမဂ္ဂ၏ ကော်မိတီ

၁။ ကော်မိတီဝင်များသည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သနည်း။ ကော်မိတီသည် မည်သည့်အချိန်များတွင် အစည်းအဝေး ကျင်းပပါသနည်း။

ရွှေ့ပြောင်း အခြေချလူထုများအရေးနှင့် ပတ်သက်၍ ကျွမ်းကျင်သူ သီးခြားလွတ်လပ်သော ကျွမ်းကျင်သူပညာရှင် (၁၀) ဦးဖြင့် ဤကော်မိတီကို ဖွဲ့စည်းထားပါသည်။ ကော်မိတီဝင် တဦးသည် (၄) နှစ် သက်တမ်းကာလဖြင့် တာဝန်ထမ်းဆောင်ကြရသည်။ ကော်မိတီသည် နှစ်စဉ် အစည်းအဝေး (၁) ကြိမ် ကျင်းပပါသည်။

၂။ ကော်မိတီ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

ကော်မိတီသည်ရွှေ့ပြောင်းလုပ်သားအားလုံးနှင့်ဝင်းတို့မိသားစုဝင်များ၏အခွင့်အရေးများကိုကာကွယ်မှုပေးရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် စာချုပ်ကို အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီ အစိုးရများ ဆောင်ရွက်နေမှုအတွက် စောင့်ကြည့်ပါသည်။ ကော်မိတီသည် အစိုးရများ၏ အစီရင်ခံစာများကို လက်ခံရယူခြင်း၊ စိစစ် သုံးသပ်ခြင်း ပြုပြီးနောက် အကြံပြုတင်ပြချက်များပေးပါသည်။ ကော်မိတီက နှစ်စဉ်အစီရင်ခံစာတင်သွင်းပြီး သက်ဆိုင်ရာ နိုင်ငံအစိုးရများနှင့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းပါသည်။[၁၃၀]

၃။ ကော်မိတီသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်သနည်း။

ကော်မိတီသည်အစိုးရများထံမှ ရွှေ့ပြောင်းလုပ်သား အားလုံးနှင့် ၎င်းတို့မိသားစုဝင်များ၏ အခွင့်အရေးများကို ကာကွယ်မှုပေးရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်စာချုပ်ပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ခြင်းဖြစ်စဉ်နှင့် ပတ်သက်သော ပုံမှန်အစီရင်ခံစာများကို လက်ခံရယူပါသည်။ ဤသဘောတူ စာချုပ်တွင် လက်မှတ်ရေးထိုးထားသော အစိုးရများသာလျှင်ကော်မိတီသို့ အစီရင်ခံစာတင်သွင်းရန် တာဝန်ရှိပါသည်။[၁၃၁] ကော်မိတီသည် လူ့အခွင့်အရေးအဖွဲ့ အစည်းများမှ ပေးပို့လာသော သတင်းအချက်အလက်များကိုလည်း ရယူလက်ခံပါသည်။ ကော်မိတီသို့ သတင်းအချက်အလက်များပေးပို့ရာ၌ ကော်မိတီ အစည်းအဝေးမတိုင်မီ လပေါင်းအတော်ကြာ ကြိုတင်၍ ကော်မိတီ၏ အတွင်းရေးမှူးထံသို့ ရေးသားပေးပို့ထားရပါမည်။[၁၃၂]

၁၂၉၊ Ibid

၁၃၀၊ Committee on Migrant Workers, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/bodies/cmw/index.htm (last visited 22 October 2008).

၁၃၁၊ မြန်မာနိုင်ငံသည် ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့မိသားစုဝင်များ အခွင့်အရေးကာကွယ်ပေးရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတခု မဟုတ်ပါ။

၁၃၂၊ Committee on Migrant Workers, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/bodies/cmw/index.htm (last visited 22 October 2008).

ndburma2.indd 247 26-Dec-09 13:05:30

၄။ ကော်မီတီသို့ တဦးချင်း တိုင်တန်းမှုများကို ကြားနာခြင်း ရှိပါသလား။

ရွှေ့ပြောင်းလုပ်သားအားလုံးနှင့် ၎င်းတို့မိသားစုဝင်များ၏ အခွင့်အရေးများကို ကာကွယ်မှုပေးရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် ပုဒ်မ (၇၇) အရ ကော်မီတီမှသော်လည်းကောင်း၊ အုပ်စုများထံမှသော်လည်းကောင်း တိုင်တန်းချက်၊ သတင်းအချက်အလက်များကို ရယူလက်ခံပါသည်။[၁၃၃]

သို့ရာတွင် သဘောတူညီ လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင် နိုင်ငံ (၁၀) ခုက လိုအပ်သော ထုတ်ပြန်ကြေညာမှုများ ပြုပြီးသည့်အခါမှသာ လက်တွေ့ဆောင်ရွက်၍ ရမည် ဖြစ်ပါသည်။ ဤစာချုပ်ကို သဘောတူညီလက်မှတ်ရေးထိုးထားသည့် နိုင်ငံများအတွက်သာ တိုင်ကြားချက်များ အကျုံးဝင်ပါသည်။ မြန်မာနိုင်ငံက စာချုပ်ကို သဘောတူညီ လက်မှတ်ရေးထိုးခြင်း မရှိသေးပါ။ သို့အတွက်ကြောင့် မြန်မာနိုင်ငံမှ ပြည်သူတဦးချင်းအနေနှင့် ဤသဘောတူညီချက်အရ တင်ပြတိုင်ကြားခြင်း မပြုနိုင်ပါ။

E. UN Committee on Economic, Social, and Cultural Rights

(၈) ကုလသမဂ္ဂ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ ကော်မီတီ

၁။ ကော်မီတီဝင်များသည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သနည်း။ ကော်မီတီသည် မည်သည့်အချိန်များတွင် အစည်းအဝေးကျင်းပပါသနည်း။

လူ့အခွင့်အရေးဘာသာရပ်နှင့် ပတ်သက်၍ သီးခြားလွှတ်လပ်သော ကျွမ်းကျင်သူပညာရှင် (၁၈) ဦးဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ ကော်မီတီကို ဖွဲ့စည်းထားပါသည်။[၁၃၄] ကော်မီတီဝင် တဦးသည် (၄) နှစ် သက်–တမ်း ကာလဖြင့် တာဝန်ထမ်းဆောင်ကြရသည်။ ကော်မီတီသည် နှစ်စဉ် အစည်းအဝေး (၂) ကြိမ် ကျင်းပပါသည်။ မေလ နှင့် နိုဝင်ဘာ– ဒီဇင်ဘာလတွင် ဖြစ်သည်။ အစည်းအဝေး တကြိမ်ထိုင်လျှင် သီတင်းပါတ် (၃) ပါတ် ကြာသည်။[၁၃၅]

၂။ ကော်မီတီ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

ကော်မီတီသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်ရေးများဆိုင်ရာသဘောတူစာချုပ်ကို အကောင်အ ထည် ဖော်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အစိုးရများ ဆောင်ရွက်နေမှုအတွက် စောင့်ကြည့်ပါသည်။ ကော်မတီသည် အစိုးရများ၏ အစီရင်ခံစာများကို လက်ခံရယူခြင်း၊ စီစစ်သုံးသပ်ခြင်း ပြုပြီးနောက် အကြံပြုတင်ပြချက်များ ပေးပါသည်။[၁၃၆]

၃။ ကော်မီတီသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်သနည်း။

ကော်မီတီသည် အစိုးရများထံမှ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်ရေးများဆိုင်ရာ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များ အကောင်အထည် ဖော်ခြင်း ဖြစ်စဉ်နှင့် ပတ်သက်သော ပုံမှန်အစီရင်ခံစာများကို လက်ခံရယူပါသည်။ ဤ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော အစိုးရများသာလျှင် ကော်မီတီသို့ အစီရင်ခံစာ တင်သွင်းရန် တာဝန်ရှိပါသည်။[၁၃၇] ကော်မီတီသည် အစည်းအဝေး ပထမနေ့တွင်လူ့အခွင့်အရေး အဖွဲ့အစည်းများမှ ပေးပို့လာသော သတင်းအချက်အလက်များကို

၁၃၃၊ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ (၇၄) အရ ကော်မီတီသည် နိုင်ငံတခုနှင့် တခုအကြား တင်ပြတိုင်ကြားလာသည့် အမှုအခင်းများကို လက်ခံရန် အာဏာ ရှိပါသည်။ ဆိုလိုသည်မှာ အဖွဲ့ဝင် နိုင်ငံတခုက အခြားနိုင်ငံတခုအပေါ် စွပ်စွဲတိုင်ကြားခြင်း ဖြစ်သည်။ ဤသို့ နိုင်ငံတခုက နိုင်ငံ တခုအပေါ် တိုင်ကြားရန် ဆိုသည်မှာ နှစ်နိုင်ငံစလုံးက သဘောတူညီချက်ကို လက်မှတ်ရေးထိုး အဖွဲ့ဝင် ဖြစ်နေရန် လိုအပ်သည်။ Ibid.

၁၃၄၊ Tajgman, David and Karen Curtis, Freedom of Association: A User's Guide, ILO, 2000.

၁၃၅၊ Committee on Economic, Social, and Cultural Rights, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/bodies/cescr/ (last visited 28 July 2008).

၁၃၆၊ Ibid.

၁၃၇၊ မြန်မာနိုင်ငံသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတခု မဟုတ်ပါ။

ndburma2.indd 248 26-Dec-09 13:05:30

ရယူလက်ခံသည့် အပြင်၊ နူတ်အားဖြင့် ထွက်ဆို တင်ပြချက်များကိုလည်း ကြားနာပါသည်။ ကော်မီတီသို့ သတင်းအချက်အလက်များပေးပို့ရာ၌ ကော်မီတီ အစည်းအဝေးမတိုင်မီ လပေါင်းအတော်ကြာ ကြိုတင်၍ ကော်မီတီ၏ အတွင်းရေးမှူးထံသို့ ရေးသားပေးပို့ထားရပါမည်။[၁၃၈]

၄။ ကော်မီတီသို့ တဦးချင်း တိုင်တန်းမှုများကို ကြားနာခြင်း ရှိပါသလား။

လောလောဆယ်၌ ကော်မီတီသည် တဦးချင်း တိုင်တန်းချက်များကို ရယူလက်ခံနိုင်ခြင်း မရှိသေးချေ။ သို့ရာတွင် ပြင်ဆင်ချက်မူကြမ်းတစောင်ကို ကော်မီတီက စဉ်းစားသုံးသပ်လျက် ရှိပါသည်။ ဤပြင်ဆင်ချက်အရဆိုလျှင် ကော်မီတီသည်သဘော–တူ စာချုပ် ချိုးဖောက်မှုနှင့် ပတ်သက်သော တဦးချင်းတိုင်တန်းချက်များကိုလည်း နောင်တချိန်ချိန်၌ လက်ခံစဉ်းစားနိုင်မည်ဖြစ်ပါသည်။[၁၃၉]

vlukdu|a&mif0,fcif

B. UN Special Rapporteur on Trafficking in Persons, especially in Women and Children[140]

(ခ) လူကုန်ကူး ရောင်းဝယ်ခြင်း (အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများကို ရောင်းချခြင်း) ဆိုင်ရာ ကုလသမဂ္ဂ စုံစမ်းတင်ပြရေး အထူးသံ အရာရှိ

၁။ အထူးသံအရာရှိ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

အထူးသံအရာရှိသည် လူကုန်ကူးရောင်းချခြင်း အစီရင်ခံစာတို့နှင့်ပတ်သက်၍ စုံစမ်းလေ့လာရန်နှင့် အရေးယူဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ အထူးသံအရာရှိသည် အစိုးရများအပါအဝင် သတင်းပေးသူ အမျိုးမျိုးတို့ထံမှ ရရှိသောသတင်းအချက်အလက်များကို အခြေခံလျက် အထွေထွေအကြံပြု တင်ပြချက်များကိုရေးသားပြီး၊ လူ့အခွင့်အရေးကောင်စီသို့ နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းသည်။[၁၄၁]

၂။ အထူးသံ အရာရှိထံသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်ပါသနည်း။

အထူးသံ အရာရှိသည် သတင်းအချက်အလက်များကို အဲန်ဂျီအိုများ၊ အစိုးရများ၊ ကုလသမဂ္ဂ၏ အခြားအေဂျင်စီဌာနများနှင့် စောင့်ကြည့်ရေး အဖွဲ့များ၊ တဦးချင်းပုဂ္ဂိုလ်များထံမှ ရရှိပါသည်။ ယုံကြည်စိတ်ချရလောက်သော အကြောင်းအရာများမရှိပါက အထူးသံအရာရှိသည် စွပ်စွဲချက်များကို သက်ဆိုင်ရာ အစိုးရထံသို့ သတင်းအချက်အလက်များဆက်လက် စုံစမ်းပေးရန် မေတ္တာရပ်ခံချက်နှင့်တကွ ပေးပို့ပါသည်။[၁၄၂] အထူးသံအရာရှိ၏ရုံးက လူကုန်ကူးရောင်းချခံရသူများ၏ လူ့အခွင့်အရေးနှင့်ပတ်သက်၍ တသီးပုဂ္ဂလ လူတဦးချင်းထံမှ တင်ပြတိုင်ကြားနိုင်ရန် ပံ့ပိုးကူညီမှုအဖြစ် မေးခွန်းလွှာ ပုံစံများကိုလည်း ပြုစုထားပါသည်။ မေးခွန်းလွှာကို နောက်ဆက်တွဲတွင် ဖော်ပြထားပြီး၊ အောက်ဖော်ပြပါ အွန်လိုင်း လင့်ခ်တွင်လည်း ရယူနိုင်ပါသည်။

http://www2.ohchr.org/english/issues/trafficking/questionnaire.htm.

၁၃၈၊ Committee on Economic, Social, and Cultural Rights, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/bodies/cescr/ (last visited 28 July 2008).

၁၃၉၊ Ibid.

၁၄၀၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လတိုင်အောင် ယျိုင်းဂိုဇီ အယ်လီဇီလို Joy Ngozi Ezeilo က လူကုန်ကူးရောင်းဝယ်မှုနှင့် ပတ်သက်၍ စုံစမ်းတင်ပြသူ ကုလအထူးသံအရာရှိ ဖြစ်သည်။

၁၄၁၊ Special Rapporteur on Trafficking in Persons - Introduction, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/issues/trafficking/index.htm (last visited 1 August 2008).

၁၄၂၊ Ibid. အထူး သံအရာရှိက လူ့အခွင့်အရေးကောက်စီထံ ဤသတင်းအချက်အလက်များကို နှစ်စဉ် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြကောင်း ဖော်ပြနိုင်သည်။

၃။ အထူးသံအရာရှိနှင့် တွေ့ဆုံဆွေးနွေးရန် အပူတပြင်း လိုအပ်ပါက မည်သို့လုပ်ဆောင်မည်နည်း။

လူပုဂ္ဂိုလ်တဦးတယောက်၏ ဂုဏ်သိက္ခာနှင့် ပတ်သက်၍လည်းကောင်း၊ အသက်အန္တရာယ်နှင့်ပတ်သက်၍ လည်းကောင်း၊ ဖြစ်ပေါ်အံ့ဆဲဆဲ ခြိမ်းခြောက်မှု တခုခုရှိနေပါက သက်ဆိုင်ရာအစိုးရသို့ အရေးပေါ်မေတ္တာရပ်ခံပေးပါရန် အထူးသံအရာရှိထံ တိုင်ကြားနိုင်ပါသည်။ အထူးသံအရာရှိက အန္တရာယ်ရှိနေသူ ပုဂ္ဂိုလ် (ပုဂ္ဂိုလ်များ) ကို ကာကွယ်စောင့်ရှောက်ပေးရေးအတွက် အစိုးရကို မေတ္တာရပ်ခံပေးပါလိမ့်မည်။[၁၄၃]

C. UN Special Rapporteur on the Sale of Children, Child Prostitution, and Child Pornography[၁၄၄]

(ခ) ကလေးများ ရောင်းချမှု၊ ကလေးများကို ပြည့်တန်ဆာအဖြစ် ခိုင်းစေမှုနှင့် ကလေးများညစ်ညမ်း ဓာတ်ပုံ ဗီဒီယို ရိုက်ယူမှု ဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်း တင်ပြရေး သံအရာရှိ

၁။ အထူးသံအရာရှိ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

အထူးသံ အရာရှိသည် ကလေးများကို အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း ပါအဝင် ကလေးများကို အခြေပြု၍ လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန်၊ အစီရင်ခံတင်ပြရန်တာဝန်ရှိပါသည်။ အစိုးရများအပါအဝင်သတင်းပေးသူ အမျိုးမျိုးတို့ထံမှ ရရှိသောသတင်းအချက်အလက်များကိုအခြေခံလျက် အထူးသံအရာရှိသည် အထွေထွေ အကြံပြု တင်ပြချက်များကိုရေးသားပြီး၊ လူ့အခွင့်အရေးကောင်စီသို့ နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းသည်။[၁၄၅]

၂။ အထူးသံ အရာရှိထံသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်ပါသနည်း။

အထူးသံအရာရှိသည် သတင်းအချက်အလက်များကို အဲန်ဂျီအိုများ၊ အစိုးရများ၊ ကုလသမဂ္ဂ၏ အခြား အေဂျင်စီဌာနများနှင့် စောင့်ကြည့်ရေး အဖွဲ့များ၊ တဦးချင်းပုဂ္ဂိုလ်များထံမှ ရရှိပါသည်။ ယုံကြည်စိတ်ချရလောက်သော အကြောင်း ရာများမရှိပါက အထူးသံအရာရှိသည် စွပ်စွဲချက်များကို သက်ဆိုင်ရာ အစိုးရထံသို့ သတင်းအချက်အလက်များ ဆက်လက် စုံစမ်းပေးရန် မေတ္တာရပ်ခံချက်နှင့်တကွ ပေးပို့ပါသည်။[၁၄၆] ကလေးများကို ရောင်းချခြင်း၊ ပြည့်တန်ဆာအဖြစ်ခိုင်းစေခြင်း၊ ညစ်ညမ်းဓာတ်ပုံ ဗီဒီယိုရိုက်ကူးခြင်းဆိုင်ရာ အထူးသံအရာရှိ၏ရုံးသည် တင်ပြလိုသည့် တသီးပုဂ္ဂလ တိုင်ကြားသူများအတွက် မေးခွန်းလွှာပုံစံများ ပြုစုထားပါသည်။ ဤမေးခွန်းလွှာကို နောက်ဆက်တွဲတွင် ဖော်ပြပေးထားပြီး၊ အွန်လိုင်းတွင်လည်း အောက်ဖော်ပြပါ လင့်ခ်တွင် ရယူနိုင်ပါသည်။ http://www2.ohchr.org/english/issues/children/rapporteur/model.htm.

၃။ အထူးသံ အရာရှိသည် မည်သည့် သတင်းအချက်များကို စဉ်းစားသုံးသပ်ပါသနည်း။

အထူးသံ အရာရှိသည် အောက်ဖော်ပြပါ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် သက်သေအထောက်အထားများကို ရယူပါသည်။

- ကလေးများကို ရောင်းချမှု
- ပြည့်တန်ဆာလုပ်ငန်းတွင် ကလေးများကို အသုံးချမှု

၁၄၃၊ Ibid. အထူးသံအရာရှိက အသက်မဆုံးရှုံးရလေအောင် ကာကွယ်ပေးရန် ရည်ရွယ်ပါသည်။ သို့အတွက်ကြောင့် ပြည်တွင်း၌ အခြားကုစားနိုင်သော နည်းလမ်းများရှိနေနိုင်သေးသော်လည်း၊ ပုံမှန် မေတ္တာရပ်ခံချက်များ ပြုလုပ်ပေးလေ့ ရှိပါသည်။

၁၄၄၊ ၂၀၀၈ ခုနှစ်၊ မေလတိုင်အောင် နာဂျတ် အမ်–ဂျစ် မာလား Najat M'jid Maalla က ကလေးများ ရောင်းချခြင်း၊ ကလေးများကို ပြည့်တန်ဆာအဖြစ်ခိုင်းစေခြင်း၊ ကလေးများကို ညစ်ညမ်းဓာတ်ပုံ ဗီဒီယိုရိုက်ယူခြင်း ကိစ္စများ စုံစမ်းတင်ပြရန် ကုလအထူး သံအရာရှိအဖြစ် တာဝန်ယူဆောင်ရွက်နေသည်။

၁၄၅၊ ကလေးများကို ရောင်းချခြင်း၊ ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း၊ ညစ်ညမ်းဓာတ်ပုံ ရိုက်ကူးခြင်းဆိုင်ရာ စုံစမ်းရေး အထူး သံအရာရှိ၏ နောက်ခံ အချက်အလက်များနှင့် လုပ်ပိုင်ခွင့်များကို လေ့လာရန်။ Office of the High Commissioner for Human Rights, http://www2.ohchr.org/english/issues/children/rapporteur/index.htm (last visited 1 August 2008).

၁၄၆၊ Ibid.

ndburma2.indd 250 26-Dec-09 13:05:30

- ညစ်ညမ်း ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးရာတွင် ကလေးများကို အသုံးချမှု
- ကလေးများကို အထက်ဖော်ပြပါ ရည်ရွယ်ချက်များအတွက် လူကုန်ကူးရောင်းဝယ်မှု
- ကလေးများကို လူကုန်ကူးရောင်းချမှု ပြစ်မှုများနှင့် ဆက်စပ်၍ လိင်မှုပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် ချိုးဖောက်မှုများ

အထူးသံ အရာရှိသည် အထက်ဖော်ပြပါ လူ့အခွင့်အရေးချိုးဖောက်မှုကို ခံစားနစ်နာရဖွယ် အန္တရာယ်ရှိနေသည့် အခြေအနေများကိုဖော်ပြရန် သက်သေအထောက်များကိုလည်း ရယူစုဆောင်းပါသည်။[၁၄၇]

၄။ အထူးသံအရာရှိနှင့် တွေ့ဆုံဆွေးနွေးရန် အပူတပြင်း လိုအပ်ပါက မည်သို့လုပ်ဆောင်မည်နည်း။

လူပုဂ္ဂိုလ်တဦးတယောက်၏ ဂုဏ်သိက္ခာနှင့် ပတ်သက်၍လည်းကောင်း၊ အသက်အန္တရာယ်နှင့်ပတ်သက်၍ လည်းကောင်း ဖြစ်ပေါ်အံ့ဆဲဆဲ ခြိမ်းခြောက်မှု တခုခုရှိနေပါက သက်ဆိုင်ရာအစိုးရသို့ အရေးပေါ်မေတ္တာရပ်ခံပေးပါရန် အထူးသံအရာရှိထံတိုင်ကြားနိုင်ပါသည်။ အထူးသံအရာရှိက အန္တရာယ်ရှိနေသူ ပုဂ္ဂိုလ် (ပုဂ္ဂိုလ်များ)ကို ကာကွယ်စောင့်ရှောက်ပေးရေး အတွက် အစိုးရကို မေတ္တာရပ်ခံပေးပါလိမ့်မည်။[၁၄၈]

o wjzwjcifESHt pazmuifypfcif

B. UN Special Rapporteur on Extrajudicial, Summary, or Arbitrary Executions[၁၄၉]

(ခ) တရားမဝင်အကျဉ်းရုံး သတ်ဖြတ်ခြင်း၊ သို့မဟုတ် အတင်းအကျပ် ကွပ်မျက်ခြင်းဆိုင်ရာ စုံစမ်းတင်ပြရေး ကုလသမဂ္ဂအထူးသံအရာရှိ

၁။ အထူးသံအရာရှိ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

အထူးသံအရာရှိသည် တရားမဝင် အကျဉ်းရုံးသတ်ဖြတ်ခြင်း၊ သို့မဟုတ် အတင်းအကျပ် ကွပ်မျက်ခြင်းများကို စုံစမ်းရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန်၊ အစီရင်ခံတင်ပြရန် တာဝန်ရှိပါသည်။[၁၅၀] အစိုးရများအပါအဝင် သတင်းပေးသူ အမျိုးမျိုးတို့ထံမှ ရရှိသော သတင်းအချက်အလက်များကို အခြေခံလျက် အထူးသံအရာရှိသည် အထွေထွေအကြံပြုတင်ပြချက်များကို ရေးသားပြီး၊ လူ့အခွင့်အရေးကောင်စီသို့ နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းသည်။[၁၅၁]

၂။ အထူးသံ အရာရှိထံသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်ပါသနည်း။

အထူးသံအရာရှိသည် သတင်းအချက်အလက်များကို အဲန်ဂျီအိုများ၊ အစိုးရများ၊ ကုလသမဂ္ဂ၏ အခြားအေဂျင်စီဌာနများနှင့် စောင့်ကြည့်ရေးအဖွဲ့များ၊ တဦးချင်းပုဂ္ဂိုလ်များထံမှ ရရှိပါသည်။ ယုံကြည်စိတ်ချရလောက်သော အကြောင်းအရာများမရှိပါက အထူးသံအရာရှိသည် စွပ်စွဲချက်များကို သက်ဆိုင်ရာအစိုးရထံသို့ သတင်းအချက်အလက်များ ဆက်လက်စုံစမ်းပေးရန်

၁၄၇၊ Ibid.

၁၄၈၊ Ibid. အထူးသံအရာရှိက အသက်မဆုံးရှုံးရလေအောင် ကာကွယ်ပေးရန်ရည်ရွယ်ပါသည်။ သို့အတွက်ကြောင့် ပြည်တွင်း၌ အခြားကုစားနိုင်သော နည်းလမ်းများ ရှိနေနိုင်သေးသော်လည်း၊ ပုံမှန်မေတ္တာရပ်ခံချက်များ ပြုလုပ်ပေးလေ့ရှိပါသည်။

၁၄၉၊ ၂၀၀၄ ခုနှစ်မှစ၍ ဗီလစ် အယ်လ်စတန် Philip Alston က တရားမဝင် အကျဉ်းရုံးသတ်ဖြတ်ခြင်း၊ သို့မဟုတ် အတင်းအကျပ် ကွပ်မျက်ခြင်းများ စုံစမ်းတင်ပြရေးဆိုင်ရာ ကုလသမဂ္ဂအထူးသံကိုယ်စားလှယ် အဖြစ် တာဝန်ယူ ဆောင်ရွက်နေသည်။

၁၅၀၊ အထူးသံအရာရှိ၏ လုပ်ပိုင်ခွင့်တွင် အထူးသဖြင့်အမျိုးသမီးများ၊ ကလေးများနှင့် လူနည်းစုများနှင့် ဆန္ဒပြသူများကဲ့သို့သော ငြိမ်းချမ်းစွာဆောင်ရွက်လှုပ်ရှားနေသူများကို သတ်ဖြတ်ကွပ်မျက်သည့်အပေါ် အာရုံထားလေ့လာရန် ကိစ္စလည်းပါဝင်သည်။ ဤ အရာရှိသည်တရားမဝင်၊ အတင်းအကျပ်နှင့် အကျဉ်းရုံးကွပ်မျက်မှုများကို စုံစမ်းဖော်ထုတ်ရေးနှင့် ထိရောက်စွာ ကာကွယ်ပေးရေး မူဝါဒများကို လိုက်နာစေရန် စောင့်ကြည့် ကြီးကြပ်ရသည့် လုပ်ငန်း၏အကြီးအကဲလည်း ဖြစ်သည်။ See Report of the Special Rapporteur on Extrajudicial, Summary or Arbitrary Executions, Philip Alston: Civil and Political Rights, Including the Questions of Disappearances and Summary Executions; E.CN.4/2005/7, 22 December 2004, http://www.ohchr.org/english/issues/executions/annual.htm (last visited 1 November 2005).

၁၅၁၊ See Fact Sheet No 11 (Rev. 1), Extrajudicial, Summary or Arbitrary Executions, Office of the High Commissioner for Human Rights http://www.unhchr.ch/html/menu6/2/fs11.htm (last visited 1 November 2005).

ndburma2.indd 251 26-Dec-09 13:05:30

မေတ္တာရပ်ခံချက်နှင့်တကွ ပေးပို့ပါသည်။[၁၅] တရားမဝင် အကျဉ်းရုံးသတ်ဖြတ်ခြင်း၊ သို့မဟုတ် အတင်းအကျပ်ကွပ်မျက်ခြင်းများ ဆိုင်ရာ အထူးသံကိုယ်စားလှယ်ရုံးက တဦးချင်းတင်ပြတိုင်ကြားနိုင်ရေးကို ကူညီပံ့ပေးသည့်အနေနှင့် မေးခွန်းလွှာပုံစံများ ထားရှိပါ သည်။ ဤမေးခွန်းလွှာကို နောက်ဆက်တွဲတွင် ဖော်ပြထားပြီး အောက်ဖော်ပြပါ အွန်လိုင်း လင့်ခ် တွင်လည်းရယူနိုင်သည်။ http://www.ohchr.org/english/issues/executions/model.htm.

၃။ အထူးသံ အရာရှိသည် မည်သည့် သတင်းအချက်များကို စဉ်းစားသုံးသပ်ပါသနည်း။

အထူးသံ အရာရှိသည် အောက်ဖော်ပြပါ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် သက်သေအထောက်အထားများကို ရယူ သုံးသပ်ပါသည်။[၁၆]

- **သေဒဏ် အပြစ်ပေးခြင်း။** တရားစီရင်မှုတွင် မမျှတမှုများ ရှိနေသည့်အခါ၊ အကျဉ်းသားက အသက်မပြည့်သေးသူ ကလေး ဖြစ်သည့်အခါ၊ စိတ်ပိုင်းဆိုင်ရာ မဖွံ့ဖြိုးသည့်သူ သို့မဟုတ် ရူးသွပ်နေသူ ဖြစ်သည့်အခါ၊ ကိုယ်ဝန်ဆောင်မိခင် သို့မဟုတ် မကြာသေးမီကမှ မိခင်ဖြစ်လာသူ ဖြစ်နေသည့်အခါ
- **သေစေမည်ဟု ခြိမ်းခြောက်ခြင်း။** အစိုးရအရာရှိများက အမှန်တကယ်ကွပ်မျက်မည်ဟု ကြောက်ရွံ့စိုးရိမ်ဖွယ်ရာအခြေအနေ ရှိသည့်အခါ၊
- **ထိန်းသိမ်းထားစဉ်တွင် သေဆုံးခြင်း။** နှိပ်စက်ညှဉ်းပမ်းရင်း သေဆုံးခြင်း၊ သေဆုံးစေနိုင်လောက်သော အခြေအနေများနှင့် လျစ်လျူပြုထားမှုများ
- **အင်အားသုံး၍ သေဆုံးခြင်း။** အစိုးရက အလွန်အကျွံအင်အားသုံး၍ သေဆုံးရခြင်း။
- **အစိုးရက ဦးဆောင်တိုက်ခိုက်၍ သေဆုံးရခြင်း။** အစိုးရလုံခြုံရေးတပ်ဖွဲ့များ၊ သို့မဟုတ် အစိုးရက ကျောထောက်နောက်ခံ ပေးထားသည့် အုပ်စုများကြောင့် သေဆုံးရခြင်း။
- **လက်နက်ကိုင် ပဋိပက္ခအတွင်းတွင်အသက်ရှင်သန်ပိုင်ခွင့် ဆုံးရှုံးစေအောင် ချိုးဖောက်ခံရခြင်း။** ခွဲခြားဆင်ခြင်မှု မရှိဘဲလက်နက်ကြီးအမြောက်ပစ်ခတ်ခြင်းကြောင့် သေဆုံးရခြင်းများ အပါအဝင်ဖြစ်သည်။
- **လူတဦးကို နိုင်ငံတခုသို့ နှင်ထုတ်ခြင်း၊ သို့မဟုတ် ထိုသူ၏ အသက်အန္တရာယ် ရှိနေစေသည့်နေရာသို့ နှင်ထုတ်ခြင်း။**
- **လူမျိုးတုန်း သုတ်သင်သတ်ဖြတ်ခြင်း။**
- **စုံစမ်းစစ်ဆေးရန် ပျက်ကွက်ခြင်း။** လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန်ပျက်ကွက်ခြင်းနှင့် ပြစ်မှု ကျူးလွန်သူ များကို အပြစ်ပေး အရေးယူမှု မရှိခြင်း။
- **လျော်ကြေးပေးရန် ပျက်ကွက်ခြင်း။** အစိုးရကနစ်နာရသူ ကာယကံရှင်များနှင့် မိသားစုများကို လျော်ကြေးပေးရန် ပျက်ကွက် ခြင်း။

၄။ အထူးသံအရာရှိနှင့် တွေ့ဆုံဆွေးနွေးရန် အပူတပြင်း လိုအပ်ပါက မည်သို့လုပ်ဆောင်မည်နည်း။

လူပုဂ္ဂိုလ်တဦးတယောက်၏ ဂုဏ်သိက္ခာနှင့် ပတ်သက်၍လည်းကောင်း၊ အသက်အန္တရာယ်နှင့်ပတ်သက်၍ လည်း ကောင်း၊ဖြစ်ပေါ်ဒဏ်ခံဆဲဆဲခြိမ်းခြောက်မှုတခုခုရှိနေပါက သက်ဆိုင်ရာအစိုးရသို့ အရေးပေါ်မေတ္တာရပ်ခံပေးပါရန်အထူးသံအရာရှိ ထံ တိုင်ကြားနိုင်ပါသည်။ အထူးသံအရာရှိက အန္တရာယ်ရှိနေသူ ပုဂ္ဂိုလ် (ပုဂ္ဂိုလ်များ) ကို ကာကွယ်စောင့်ရှောက်ပေးရေးအတွက် အစိုးရကိုမေတ္တာရပ်ခံပေးပါလိမ့်မည်။[၁၇]

၁၅။ See, Special Rapporteur on Extrajudicial, Summary or Arbitrary Executions – Mandate, Office of the High Commissioner for Human Rights, http://www.unhchr.ch/html/menu2/7/b/execut/exe_mand.htm#violations (last visited 1 November 2005). The Special Rapporteur may also include information in the annual report to theHuman Rights Council.

၁၆။ See, Special Rapporteur on Extrajudicial, Summary or Arbitrary Executions – Mandate, Office of the High Commissioner for Human Rights, http://www.unhchr.ch/html/menu2/7/b/execut/exe_mand.htm#violations (lastvisited 1 November 2005).

၁၇။ Ibid. အထူးသံအရာရှိက အသက်မဆုံးရှုံးရလေအောင် ကာကွယ်ပေးရန်ရည်ရွယ်ပါသည်။ သို့အတွက်ကြောင့် ပြည်တွင်းဌ အခြားကုစားနိုင်သော နည်းလမ်းများရှိနေနိုင်သေးသော်လည်း၊ ပုံမှန် မေတ္တာရပ်ခံချက်များ ပြုလုပ်ပေးလေ့ ရှိပါသည်။

ndburma2.indd 252 26-Dec-09 13:05:30

C. UN Working Group on Enforced or Involuntary Disappearances

(၈) အလိုဆန္ဒမပါဘဲ လူပျောက်ဆုံးမှုများ၊ သို့မဟုတ် အဓမ္မအစဖျောက်ပစ်မှုများဆိုင်ရာ ကုလသမဂ္ဂအလုပ်အဖွဲ့

၁။ အလုပ်အဖွဲ့ဝင်များသည် မည်သည့်ပုဂ္ဂိုလ်များ ဖြစ်သနည်း။ ကော်မီတီသည် မည်သည့်အချိန်များတွင် အစည်းအဝေးကျင်းပပါသနည်း။

အလုပ်အဖွဲ့ကို သီးခြားလွတ်လပ်သည့် ကျွမ်းကျင်သူ ပညာရှင် (၅) ဦးနှင့် ဖွဲ့စည်းထားပါသည်။[၁၅၅] အလုပ်အဖွဲ့သည် တနှစ် လျှင် (၃) ကြိမ် တွေ့ဆုံပါသည်။[၁၅၆]

၂။ အလုပ်အဖွဲ့၏ အခန်းကဏ္ဍသည် အဘယ်နည်း။

အလုပ်အဖွဲ့သည် လူပျောက်ဆုံးမှုများနှင့် ပတ်သက်၍ စောင့်ကြည့်ခြင်းနှင့် စုံစမ်း စစ်ဆေးခြင်း ပြုပါသည်။ အလုပ်အဖွဲ့က လူတဦးချင်းထံမှ တိုင်ကြားမှုများကိုလည်း လက်ခံရယူပါသည်။ တိုင်ကြားမှုများအပေါ် အခြေခံ၍ အလုပ်အဖွဲ့က သက်ဆိုင်ရာ အစိုးရများကို ပျောက်ဆုံးမှုနှင့် ပတ်သက်၍ အသိပေးပြီး၊ စုံစမ်းစစ်ဆေးပေးရန် လိုအပ်ကြောင်း အသိပေးမည်ဖြစ်သည်။[၁၅၇] သက်ဆိုင်ရာ နိုင်ငံတခုတွင် ဖြစ်ပေါ်နေသည့် အခြေအနေကို အပြည့်အဝ နားလည်စေနိုင်ရေးအတွက် အလုပ်အဖွဲ့က အစိုးရခေါင်းဆောင်များ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် ကွင်းဆင်း စစ်ဆေးမှုများတွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။[၁၅၈] အလုပ်အဖွဲ့သည် လူ့အခွင့်အရေးကောင်စီသို့ နှစ်စဉ် အစီရင်ခံစာ တင်သွင်းပါသည်။[၁၅၉]

၃။ အလုပ်အဖွဲ့သို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်သနည်း။

အလုပ်အဖွဲ့သည် ပျောက်ဆုံးနေသူများနှင့် ပတ်သက်၍ ထိုသူ၏ မိသားစုဝင်များ၊ မိတ်ဆွေများနှင့် ဆက်သွယ်၍ သတင်းအချက်အလက် ရယူပါသည်။ လူ့အခွင့်အရေး အဖွဲ့အစည်းများထံမှလည်း ပျောက်ဆုံးသူ မိသားစုဝင်များ၏ကိုယ်စား သတင်းအချက်အလက်များ ပေးပို့နိုင်သည်။ သို့သော်လည်း အမှုသည်များကို ကိုယ်စားပြုရန် ခွင့်ပြုချက်ရှိကြောင်း၊ ဆက်သွယ်မှုရလဒ်များကို ပြန်လည် အသိပေးမည်ဖြစ်ကြောင်း ပြသရန် လိုအပ်ပါသည်။ နိုင်ငံ အစိုးရများ၊ လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ အခြားစိတ်ပါဝင်စားသူ အဖွဲ့အစည်း ဌာနများကလည်း အလုပ်အဖွဲ့ထံသို့ သတင်းများ တင်ပြနိုင်ပါသည်။[၁၆၀]

၄။ အကယ်၍ အရေးပေါ် ဆောင်ရွက်ပေးရန် လိုအပ်ပါက မည်သို့ ဆောင်ရွက်မည်နည်း။

အကယ်၍ပျောက်ဆုံးနေခြင်းသည် လူတဦး၏ အသက်အန္တရာယ်စိုးရိမ်ဖွယ်ရှိနေပါက သို့မဟုတ် အခြေအနေသည် အရေးပေါ်ဆောင်ရွက်ပေးရန် လိုအပ်နေပါက အလုပ်အဖွဲ့သည် အရေးပေါ်လုပ်ဆောင်မှုများ ဆောင်ရွက်မည်ဖြစ်သည်။ အရေးပေါ်အမှုများကို သက်ဆိုင်ရာနိုင်ငံ၏ ကုလသမဂ္ဂရှိ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ထံသို့ ထက်စာလျှင် ၎င်းနိုင်ငံ၏နိုင်ငံ ခြားရေးဝန်ကြီးထံသို့ တိုက်ရိုက်အကြောင်းကြားမည်ဖြစ်ပြီး၊ ဤသည်မှာ ပုံမှန်ဆောင်ရွက်နေကျ ကိစ္စလည်းဖြစ်ပါသည်။ အန္တရာယ်ကျရောက်နေသည့် ထိုသူ၏ အခွင့်အရေးများအတွက် ကာကွယ်ပေးရန် လိုအပ်သည့် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ပေးရန် အလုပ်အဖွဲ့က နိုင်ငံအစိုးရထံသို့ တောင်းဆိုပါသည်။[၁၆၁]

၁၅၅၊ ၂၀၀၄ ခုနှစ်မှစ၍ ဆန်တီယေဂို ကော်စီးရာ Santiago Corcuera က အလုပ်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသည်။

၁၅၆၊ Working Group on Enforced or Involuntary Disappearances, Office of the High Commissioner for Human Rights, http://www.ohchr.org/english/issues/disappear/index.htm (last visited 24 November 2007).

၁၅၇၊ ၎င်းအလုပ်အဖွဲ့က သေချာရှင်းလင်းခြင်းမရှိသေးသည့် လူပျောက်ဆုံးမှု အရေအတွက်များကို တနှစ်တခါ အစိုးရများထံပေးပို့လေ့ရှိပြီး၊ အစိုးရများက အရေးပေါ်ဖြေရှင်းပေးခြင်းမရှိသည့် အမှုများကို တနှစ်လျှင်နှစ်ခါ အစိုးရများထံပေးပို့သည်။ အလုပ်အဖွဲ့က လူတဦးချင်းထံမှ လည်း တိုင်ကြားမှုများကို လက်ခံရယူနိုင်သည်။ ထိုနိုင်ငံက သက်ဆိုင်ရာနိုင်ငံတကာသဘောတူညီချက်များကို သဘောတူညီ လက်မှတ်ရေးထိုးသည်ဖြစ်စေ၊ မရေးထိုးသည်ဖြစ်စေ တိုင်ကြားပါကလက်ခံသည်။ သို့သော် ပျောက်ဆုံးနေသည့်သူမည်သည့်နေရာရောက်ရှိနေကြောင်း သိရှိရသည်အထိ၊ အကယ်၍ ထိုသူသေဆုံးသည်ကို တွေ့ရှိရသည်အထိ အလုပ်အဖွဲ့ကဆက်လက်၍ ပါဝင်ပတ်သက်ဆောင်ရွက်နေခြင်း မပြုပါ။

၁၅၈၊ ကွင်းဆင်း လေ့လာစုံစမ်းမှုများကို သက်ဆိုင်ရာနိုင်ငံများ၏ အစိုးရများကဖိတ်ကြားသည့်အခါ ဆောင်ရွက်သည်။ အလားတူ ကွင်းဆင်းလေ့လာမှုများကို လက်ခံဖိတ်ကြားရန် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အခြေအနေများ စုံစမ်းတင်ပြသူ ၁၅၅ကုလအထူးသံအရာရှိ၊ ကုလအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံကိုယ်စားလှယ်၊ ကုလသမဂ္ဂ ကိုယ်စားလှယ်များနှင့် အခြားဌာနအေဂျင်စီများက တိုက်တွန်းခဲ့ကြသော်လည်း မြန်မာနိုင်ငံကငြင်းပယ်ခဲ့သည်။ မိမိဆန္ဒအလျောက် မြန်မာစစ်အစိုးရက အဓမ္မအစပျောက်စေခြင်း၊ ဆန္ဒမပါဘဲ လူပျောက်ဆုံးမှုများဆိုင်ရာ အလုပ်အဖွဲ့ကို ကွင်းဆင်းလေ့လာရေးခရီးအတွက် ဖိတ်ကြားရန် ဖြစ်နိုင်ခြေ အလားအလာမရှိပါ။

၁၅၉၊ See Fact Sheet No. 6 (Rev. 2) Enforced or Involuntary Disappearances, Officer of the High Commissioner for Human Rights, http://www.unhchr.ch/html/menu6/2/fs6.htm; http://www.ohchr.org/english/issues/disappear/members.htm (last visited 1 November 2005).

၁၆၀၊ Ibid.

၁၆၁၊ For a case to be included in the urgent action procedure, it must have occurred within the three months preceding receipt of the report by the Working Group. Where there have been allegations of intimidation, persecution or reprisal against relatives or other individuals involved in investigating the disappearance, the Chairman may also use the urgent action procedure to notify the government that immediate action is necessary to protect the fundamental rights of these people. See Fact Sheet No. 6 (Rev. 2) Enforced or Involuntary Disappearances, Officer of the High Commissioner for Human Rights, http://www.unhchr.ch/html/menu6/2/fs6.htm; http://www.ohchr.org/english/issues/disappear/members.htm (last visited 1 November 2005).

ndburma2.indd 253 26-Dec-09 13:05:30

သတ်ဖြတ်ခြင်းနှင့် အစဖျောက်ပစ်ခြင်းဆိုင်ရာ အလုပ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ် အကျဉ်းချုပ်[၁၆၂]

၁။ အကယ်၍ လူပျောက်ဆုံးမှုသည် အစီရင်ခံစာရရှိချိန်မှ ၃–လတာ ကာလအတွင်း ဖြစ်ပွားပါက အလုပ်အဖွဲ့က သက်ဆိုင်ရာ အစိုးရ၏ နိုင်ငံခြားရေးဝန်ကြီးထံသို့ အရေးပေါ်မေတ္တာရပ်ခံချက် ပေးပို့မည်။

၂။ အကယ်၍ လူပျောက်ဆုံးမှုသည် အစီရင်ခံစာရရှိချိန်မှ ၃–လတာကျော်၍ ဖြစ်ပွားခဲ့ပါက ဤအမှုကို အစိုးရ၏ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ် သံအရာရှိထံ ပေးပို့မည် ဖြစ်သည်။

၃။ အကယ်၍ အစိုးရက ပြန်ကြားပါက အလုပ်အဖွဲ့သည် ပြန်ကြားချက်ကို အဖွဲ့အစည်းမှတဆင့် သက်ဆိုင်ရာ မိသားစုဝင်များထံ ပေးပို့မည် ဖြစ်သည်။

၄။ အကယ်၍ မိသားစုဝင်များက ပြန်ကြားချက်နှင့် ပတ်သက်၍ ကျေနပ်ပါက အမှုကိုဆက်လက်ဆောင်ရွက်ရန် မရှိတော့ပါ။ "ဖြေရှင်းပြီး" ဟု သတ်မှတ်သည်။

၅။ အကယ်၍ မိသားစုဝင်များတွင် ပြန်ကြားချက်အပေါ် တုံ့ပြန်ရန် ခိုင်လုံသော အကြောင်းပြချက်များရှိပါက အဖွဲ့အစည်း များက အလုပ်အဖွဲ့ထံသို့ အစိုးရထံမှ ဖြေရှင်းချက် ရရှိသည့် နေ့မှစ၍ (၆) လအတွင်း အကြောင်းကြား နိုင်သည်။

၆။ အကယ်၍ အလုပ်အဖွဲ့သည် ယခု တုံ့ပြန်ချက်သည် ကျိုးကြောင်းဆီလျော် ခိုင်လုံသည်ဟု ဆုံးဖြတ်ပါက၊ ၎င်းက အဖွဲ့အစည်း၏ မှတ်ချက်ကို အစိုးရထံသို့ ပေးပို့ပြီး ထပ်မံ၍ သတင်းအချက်အလက်များ ပေးရန် တောင်းခံနိုင်သည်။

၇။ အကယ်၍ တုံ့ပြန်ချက်သည် မခိုင်လုံဟု အလုပ်အဖွဲ့က ဆုံးဖြတ်ပါက ဤအမှုကို "ဖြေရှင်းပြီး" ဟု သတ်မှတ်နိုင် သည်။

တုံ့ပြန်ချက်ကို အလုပ်အဖွဲ့ထံသို့ အစိုးရထံမှ ဖြေရှင်းချက် ရရှိသည့် နေ့မှစ၍ (၆) လအတွင်း တင်ပြရမည်။ (အဖွဲ့အစည်းက (အစိုးရ၏ ပြန်ကြားစာကို) အလုပ်အဖွဲ့ထံမှတဆင့် ပြန်ကြားစာ လက်ခံရရှိသည့် နေ့စွဲမှ ၆–လ မဟုတ်ပါ။) သို့မှသာ အမှုကို ပိတ်ပစ်လိုက်ခြင်းမှ ရှောင်လွှဲနိုင်မည် ဖြစ်သည်။

yk*¾dl ykdqkdCGukd\zmufcif;

B. UN Special Rapporteur on Adequate Housing[၁၆၃]

(ခ) လုံလောက်သော အိုးအိမ်ရရှိရေးဆိုင်ရာ စုံစမ်းတင်ပြရေး အထူးသံအရာရှိ

၁။ အထူးသံ အရာရှိ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။

အထူးသံ အရာရှိသည် အစိုးရများ အပါအဝင် သတင်းပေးသူ အမျိုးမျိုးတို့ထံမှ ရရှိသောသတင်းအချက်အလက်များကို အခြေခံလျက် အိမ်ယာအခွင့်အရေး ချိုးဖောက်ခြင်း အစီရင်ခံစာတို့နှင့် ပတ်သက်၍ စုံစမ်းလေ့လာရန်နှင့် အရေးယူဆောင်ရွက် ပေးရန် တာဝန်ရှိပါသည်။ အထူးသံအရာရှိသည် အထွေထွေ အကြံပြုတင်ပြချက်များကို ရေးသားပြီး၊ လူ့အခွင့်အရေးကောင်စီသို့ နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းသည်။[၁၆၄]

၁၆၂။ The information in this table and the next table on contacting the Working Group was compiled from Fact Sheet No. 6 (Rev. 2) Enforced or Involuntary Disappearances, Officer of the High Commissioner for Human Rights, http://www.unhchr.ch/html/menu6/2/fs6.htm; http://www.ohchr.org/english/issues/disappear/members.htm (last visited Nov 1, 2005) and Frontline Defenders, Working Group on Enforced or Involuntary Disappearances, http://www.frontlinedefenders.org/manual/en/wgid_m.htm (last visited Nov. 30, 2005)

၁၆၃။ ၂၀၀၈ ခုနှစ်တွင် ရာကွယ် ရှိုလ်နစ်ခ် Raquel Rolnik က လုံလောက်သော အိုးအိမ်ရရှိရေးဆိုင်ရာ စုံစမ်းတင်ပြသူ အထူးသံအရာရှိအဖြစ် ဆောင်ရွက်နေပါသည်။

၁၆၄။ UN Special Rapporteur on Housing, Office of the High Commissioner for Human Rights, http://www.ohchr.org/english/issues/housing/index.htm (last visited 20 November 2007).

ndburma2.indd 254 26-Dec-09 13:05:30

၂။ မည်သူများက အထူးသံအရာရှိ သတင်း အချက်အလက်များ ပေးပို့နိုင်သနည်း။

အထူးသံ အရာရှိသည် သတင်းအချက်အလက်များကို အဲန်ဂျီအိုများ၊ အစိုးရများ၊ ကုလသမဂ္ဂ၏ အခြား အေဂျင်စီဌာန များနှင့် စောင့်ကြည့်ရေးအဖွဲ့များ၊ တဦးချင်းပုဂ္ဂိုလ်များထံမှ ရရှိပါသည်။ ယုံကြည်စိတ်ချရလောက်သော အကြောင်းအရာများ မရှိပါက အထူးသံအရာရှိသည် စွပ်စွဲချက်များကို သက်ဆိုင်ရာအစိုးရထံသို့ သတင်းအချက်အလက်များ ဆက်လက်စုံစမ်းပေးရန် မေတ္တာရပ်ခံချက်နှင့်တကွ ပေးပို့ပါသည်။[၁၆၅]

(၈) ကုလသမဂ္ဂ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာကော်မိတီ

၁။ ကော်မိတီဝင်များသည် မည်သည့်ပုဂ္ဂိုလ်များ ဖြစ်သနည်း။ ကော်မိတီသည် မည်သည့်အချိန်များတွင် အစည်းအဝေး ကျင်းပပါသနည်း။

လူ့အခွင့်အရေးဘာသာရပ်နှင့်ပတ်သက်၍ သီးခြားလွတ်လပ်သော ကျွမ်းကျင်သူပညာရှင် (၁၈) ဦးဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ ကော်မိတီကို ဖွဲ့စည်းထားပါသည်။[၁၆၆] ကော်မိတီဝင် တဦးသည် (၄)နှစ် သက်တမ်း ကာလဖြင့် တာဝန်ထမ်းဆောင်ကြရသည်။ ကော်မိတီသည် နှစ်စဉ် အစည်းအဝေး (၂) ကြိမ် ကျင်းပပါသည်။ မေလနှင့် နိုဝင်ဘာ– ဒီဇင်ဘာလတွင် ဖြစ်သည်။ အစည်းအဝေး တကြိမ်ထိုင်လျှင် ၁သီတင်းပါတ် (၃) ပါတ် ကြာသည်။[၁၆၇]

၂။ ကော်မိတီ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

ကော်မိတီသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်ရေးများဆိုင်ရာ သဘောတူစာချုပ်ကို အကောင်အထည် ဖော်ခြင်း နှင့်ပတ်သက်၍ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီ အစိုးရများ ဆောင်ရွက်နေမှု အတွက် စောင့်ကြည့်ပါသည်။ ကော်မိတီသည် အစိုးရများ၏ အစီရင်ခံစာများကို လက်ခံရယူခြင်း၊ စီစစ်သုံးသပ်ခြင်း ပြုပြီးနောက် အကြံပြုတင်ပြချက်များ ပေးပါသည်။[၁၆၈]

၃။ ကော်မိတီသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်သနည်း။

ကော်မိတီသည် အစိုးရများထံမှ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်ရေးများဆိုင်ရာ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက် များ အကောင်အထည် ဖော်ခြင်း ဖြစ်စဉ်နှင့် ပတ်သက်သော ပုံမှန်အစီရင်ခံစာများကို လက်ခံရယူပါသည်။ ဤ သဘောတူစာချုပ် တွင် လက်မှတ်ရေးထိုးထားသောအစိုးရများသာလျှင် ကော်မိတီသို့ အစီရင်ခံစာတင်သွင်းရန်တာဝန်ရှိပါသည်။[၁၆၉] ကော်မိတီသည် အစည်းအဝေး ပထမနေ့တွင်လူ့အခွင့်အရေး အဖွဲ့အစည်းများမှ ပေးပို့လာသော သတင်းအချက်အလက်များကိုရယူလက်ခံ သည့် အပြင်၊ နှုတ်အားဖြင့်ထွက်ဆိုတင်ပြချက်များကိုလည်း ကြားနာပါသည်။ ကော်မိတီသို့ သတင်းအချက်အလက်များပေးပို့ရာ၌ ကော်မိတီအစည်းအဝေးမတိုင်မီ လပေါင်းအတော်ကြာကြိုတင်၍ ကော်မိတီ၏အတွင်းရေးမှူးထံသို့ရေးသားပေးပို့ထားရပါ မည်။[၁၇၀]

၄။ ကော်မိတီသို့ တဦးချင်း တိုင်တန်းမှုများကို ကြားနာခြင်း ရှိပါသလား။

လောလောဆယ်၌ ကော်မိတီသည် တဦးချင်း တိုင်တန်းချက်များကို ရယူလက်ခံနိုင်ခြင်း မရှိသေးချေ။ သို့ရာတွင်ပြင်ဆင် ချက် မူကြမ်းတစောင်ကို ကော်မိတီက စဉ်းစားသုံးသပ်လျက် ရှိပါသည်။ ဤပြင်ဆင်ချက်အရဆိုလျှင် ကော်မိတီသည်သဘော တူစာချုပ် ချိုးဖောက်မှုနှင့်ပတ်သက်သော တဦးချင်း တိုင်တန်းချက်များကိုလည်း နောင်တချိန်ချိန်၌ လက်ခံစဉ်းစားနိုင်မည် ဖြစ်ပါ သည်။[၁၇၁]

၁၆၅၊ Ibid. အထူးသံအရာရှိက လူ့အခွင့်အရေးကောင်စီသို့ နှစ်စဉ်တင်သွင်းသည့် အစီရင်ခံစာတွင် ဤသတင်း အချက်အလက်များကို ထည့်သွင်း တင်ပြကောင်း တင်ပြနိုင်သည်။

၁၆၆၊ Tajgman, David and Karen Curtis, Freedom of Association: A User's Guide, ILO, 2000.

၁၆၇၊ Committee on Economic, Social, and Cultural Rights, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/bodies/cescr/ (last visited 28 July 2008).

၁၆၈၊ Ibid.

၁၆၉၊ မြန်မာနိုင်ငံသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတခု မဟုတ်ပါ။

၁၇၀၊ Committee on Economic, Social, and Cultural Rights, Office of the High Commissioner for Human Rights, http://www2.ohchr.org/english/bodies/cescr/ (last visited 28 July 2008).

၁၇၁၊ Ibid.

ndburma2.indd 255 26-Dec-09 13:05:30

rkdfy/u;ifhESHtjcm;aom vdrfhqkd&m tlurfzufly/kd@mefrm;

(c) B. UN Special Rapporteur on Violence against Women, Its Causes, and Consequences[172]

(ခ) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ ၎င်း၏အကြောင်းအရင်းများနှင့် နောက်ဆက်တွဲ အကျိုးဆက်များ စုံစမ်းတင်ပြရေး ကုလသမဂ္ဂ အထူးသံအရာရှိ

၁။ အထူးသံ အရာရှိ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။

အထူးသံ အရာရှိသည် မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်မှုဆိုင်ရာ မလျော်ကန်ပြုမူခြင်း ပုံစံများအပါအဝင်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအကြောင်း အစီရင်ခံစာတို့နှင့် ပတ်သက်၍ စုံစမ်းလေ့လာရန်နှင့် အရေးယူဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ အစိုးရများအပါအဝင် သတင်းပေးသူ အမျိုးမျိုးတို့ထံမှ ရရှိသောသတင်းအချက်အလက်များကို အခြေခံလျက် အထူးသံအရာရှိသည် အထွေထွေ အကြံပြုတင်ပြချက်များကိုရေးသားပြီး၊ လူ့အခွင့်အရေးကောင်စီသို့ နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းသည်။[၁၇၃]

၂။ အထူးသံ အရာရှိထံသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်ပါသနည်း။

အထူးသံ အရာရှိသည် သတင်းအချက်အလက်များကို အဲန်ဂျီအို များ၊ အစိုးရများ၊ ကုလသမဂ္ဂ၏ အခြား အေဂျင်စီဌာနများနှင့် စောင့်ကြည့်ရေးအဖွဲ့များ၊ တဦးချင်းပုဂ္ဂိုလ်များထံမှ ရရှိပါသည်။ ယုံကြည်စိတ်ချရလောက်သော အကြောင်းအရာများမရှိပါက အထူးသံအရာရှိသည် စွပ်စွဲချက်များကို သက်ဆိုင်ရာ အစိုးရထံသို့ သတင်းအချက်အလက်များ ဆက်လက် စုံစမ်းပေးရန် မေတ္တာရပ်ခံချက်နှင့်တကွ ပေးပို့ပါသည်။[၁၇၄] အထူးသံအရာရှိ၏ရုံးသည် တင်ပြလိုသည့် တသီးပုဂ္ဂလ တိုင်ကြားသူများအတွက် မေးခွန်းလွှာပုံစံများ ပြုစုထားပါသည်။ ဤမေးခွန်းလွှာကို နောက်ဆက်တွဲတွင် ဖော်ပြပေးထားပြီး၊ အွန်လိုင်းတွင်လည်း ဖော်ပြပါလင့်ခ်တွင် ရယူနိုင်ပါသည်။ http://www.ohchr.org/english/issues/women/rapporteur/complaints.htm.

၃။ အထူးသံအရာရှိနှင့် တွေ့ဆုံဆွေးနွေးရန် အပူတပြင်း လိုအပ်ပါက မည်သို့လုပ်ဆောင်မည်နည်း။

လူပုဂ္ဂိုလ်တဦးတယောက်၏ ဂုဏ်သိက္ခာနှင့် ပတ်သက်၍လည်းကောင်း၊ အသက်အန္တရာယ်နှင့်ပတ်သက်၍ လည်းကောင်း၊ဖြစ်ပေါ်အံ့ဆဲဆဲခြိမ်းခြောက်မှုတခုခုရှိနေပါက သက်ဆိုင်ရာအစိုးရသို့ အရေးပေါ်မေတ္တာရပ်ခံပေးပါရန် အထူးသံအရာရှိထံ တိုင်ကြားနိုင်ပါသည်။ အထူးသံအရာရှိက အန္တရာယ်ရှိနေသူ ပုဂ္ဂိုလ် (ပုဂ္ဂိုလ်များ)ကို ကာကွယ်စောင့်ရှောက်ပေးရေး အတွက် အစိုးရကို မေတ္တာရပ်ခံပေးပါလိမ့်မည်။[၁၇၅]

C. UN Committee on the Elimination of Discrimination against Women

(ဂ) အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်ဆက်ဆံမှုများ အဆုံးသတ်စေရေး ကုလသမဂ္ဂကော်မိတီ

၁။ ကော်မိတီဝင်များသည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သနည်း။ ကော်မိတီသည် မည်သည့်အချိန်များတွင် အစည်းအဝေးကျင်းပပါသနည်း။

အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ် ဆက်ဆံမှုများ အဆုံးသတ်ရေး ကုလသမဂ္ဂ ကော်မိတီတွင် လွတ်လပ်သော အမျိုးသမီး ရေးရာကိစ္စ၌ ကျွမ်းကျင်သူပညာရှင် (၂၃) ဦးဖြင့် ဖွဲ့စည်းထားပါသည်။[၁၇၆] ကော်မိတီဝင်တိုင်းသည် (၄) နှစ် သက်တမ်း ထမ်းဆောင်ရပါသည်။ ကော်မိတီသည် တနှစ်လျှင် (၂) ပတ်ကြာ တွေ့ဆုံပါသည်။[၁၇၇]

၁၇၂၊ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လတိုင်အောင် ဒေါက်တာ ယာကင် အာတုက် Dr. Yakin Erturk က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ၊ အကြောင်းရင်းများနှင့် အကျိုးဆက်များ ဆိုင်ရာ စုံစမ်းတင်ပြသူ ကုလအထူး သံအရာရှိ တာဝန်ယူထားသည်။

၁၇၃၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ၊ အကြောင်းရင်းများနှင့် နောက်ဆက်တွဲ အကျိုးဆက်များ စုံစမ်းရေး ကုလအထူးသံအရာရှိအကြောင်းကို ဤနေရာတွင် လေ့လာနိုင်သည်။ Office of the High Commissioner for Human Rights, http://ww.ohchr.org/english/issues/women/rapporteur (last visited 3 August 2006).

၁၇၄၊ Ibid. အထူးသံအရာရှိ၏ နှစ်စဉ် အစီရင်ခံစာတွင် လူ့အခွင့်အရေးကောင်စီမှ အချက်အလက် သတင်းများလည်း ထည့်သွင်းပေးပို့နိုင်သည်။

၁၇၅၊ Ibid. အထူးသံအရာရှိသည် အသက်အန္တရာယ် မဆုံးရှုံးရလေအောင် ရည်ရွယ်သောအားဖြင့် ပြည်တွင်း၌ ကုစားဖြေရှင်းနိုင်သော နည်းလမ်းများရှိနေသေးသော်လည်း ယေဘုယျအားဖြင့် မေတ္တာရပ်ခံချက် ပေးပို့လေ့ရှိပါသည်။

၁၇၆၊ ၂၀၀၈ ခုနှစ်၊ မတ်လတိုင်အောင် ဒူဗရပ်ကာ ဆိုင်မွန်နိုဗစ် Dubravka Šimonović က ကော်မိတီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသည်။

၁၇၇၊ ကော်မိတီ၏ အစည်းအဝေး အချိန်ကာလ တိုးမြှင့်ရန် အဆိုပြုတင်ပြချက်များကိုတင်ပြထားပြီး၊ ယခုအခါ ကုလသမဂ္ဂအထွေထွေညီလာခံက လက်ခံစဉ်းစားလျက်ရှိသည်။ ဤအဆိုပြုချက်မှာ ယခုအချိန်တိုင်အောင်သက်ဝင်ခြင်းမရှိသေးပါ။ See, Meeting of States parties to the Convention on the Elimination of All Forms of Discrimination against Women, 14th Meeting, 23 June 2006, http://www.un.org/womenwatch/daw/cedaw/statesmeeting/fourteenth.htm (last visited 14 August 2006).

ndburma2.indd 256 26-Dec-09 13:05:30

၂။ ကော်မိတီ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

ကော်မိတီသည် အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်ဆက်ဆံမှုများ အဆုံးသတ်ရေး နိုင်ငံတကာ သဘောတူညီချက် (စီဒေါ်) စာချုပ်ကို နိုင်ငံများက အကောင်အထည်ဖော်ပုံနှင့် နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များအတိုင်း လိုက်နာမှု ရှိ–မရှိကို စောင့်ကြည့်လေ့လာပါသည်။ ကော်မိတီသည် နိုင်ငံ အစိုးရများထံမှ အစီရင်ခံစာများကို လက်ခံရယူ၍ သုံးသပ်ပါသည်။ အကြံပြုချက်များ ပြန်လည်ပေးပါသည်။ ကော်မိတီသည် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကောင်စီသို့ အမျိုးသမီးများ၏ အဆင့်အတန်းဆိုင်ရာ ကော်မရှင် (Commission on the Status of Women) မှတဆင့် အစီရင်ခံစာ တင်သွင်းပါသည်။[၁၇၈]

၃။ ကော်မိတီသို့ မည်သူတို့က သတင်းအချက်အလက်များ ပေးပို့နိုင်သနည်း။

